www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး


16 AUG 2014

# နက္ခတ္တာရောင်ခြည်

နက္ခတ္တာရောင်ခြည်
နက္ခတ္တာရောင်ခြည်






လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်



ရဟန္တာ(၅၀၀)တောင်စောင်းရှိ ဘုံးငါးတော်အောင်မင်းခေါင် ...
တစ်ပန်းက ကိုးနဝင်းစေတီတော် အောင်ဗေယျ အောင်သုခ
အောင်မြတ်သိဒ္ဓိစေတီတော်ပြစ်သည့် ထိုစေတီတွင် ...
☞ စာ-၁၂၉


စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
မွေ့ဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင်
(ဗေဒနိကာယကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)
* ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဗိသုကာပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်
ပါရမီ

နာယကကြီး
ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒု-ဘ-ဗ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကေလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်



ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၄၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကလား ဖြန့်ချိရေး
မိလုံနှာစာပေ (တောင်ကြီး)
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၄၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
ဖ- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေး
မင်္ဂလာ စီးပွားရေးကြော်ငြာလုပ်ငန်း



၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
အမှတ် ၃၃၉
အုပ်ရေ
၁၀၀၀
ဖ-၀၁ ၂၄၂၂၈၄




F.1R. October, 2014.

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မီးသွေးတုံးဟုခေါ်တဲ့ အနီးတစ်ရှုခြမ်းရှိ ငွေရောင်အံတော်များ ထင်ထင်ရှားရှား ပွင့်ထွန်းနေသည်ကို ... ☛ စာ-၁၄

ရင်ပြင်တော်က ထိုးထွက်နေသော ကျောက်စွန်းတစ်ခုကို မြင်ရသည် ရှင်သန်ကြီးထွားနေသော ကျောက်ရှင်ဖြစ်သည်ဟု ဆိုကြ... ☛ စာ-၁၃




## ရွှေအုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အနန္တသုခတိုင်းရင်းဆေးခန်း ဆရာမ ဒေါ်ကလျာစိုး (တဆ-၀၃၆၁၉)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော လေဖြတ်ရောဂါ ကာကွယ်စောင့်ရှောက်နည်းများ

[မြောင်းမြ မောင်ယဉ်တင့်] ၁၆၉

## ပညာပေးရောင်ခြည်

တရုတ်ကြီးထုံးပညာ(၉၄) [ဟူကျင်းဖီ] ၁၅၀

သင်္ကေတများ၏ ဘာသာစကား (၃၉) [ဟူကျင်းဖီ] ၁၅၂

လူတိုင်းအတွက် တရုတ်မိုးရာ အိမ်မက်ရှင်းတမ်း (၈၅) [ထက်မင်းကျော်စွာ] ၁၆၄

## လက္ခဏာရောင်ခြည်

အလုပြင်ဆိုင်လုပ်ငန်းနဲ့ အကျိုးပေးနိုင်သူ

[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၈၆

အိမ်ထောင်ရေး ကံကောင်းပါ့မလား

[ဦးသော်ခင်-ဟာသီတ] ၁၅၂

လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၈၈

သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၂၀၀

ပြည်ပမှာ အခြေချ နေထိုင်ရမည့် သင်္ကေတ ၂၁၇

## ခရီးသွားရောင်ခြည်

ကောလင်းနယ်မှ ကျောက်လှေကြီးနှင့် ဖုံးဖွယ် ရေဆန် အင်းလေးကန်(၁) [ငြိမ်းသော်တာ] ၁၇

ပျော်ဘွယ်မြို့မှ ပန်းစုံကျောင်းတိုက်နှင့် ရွှေစေတီကုန်းတော်သို့(၁) [စံထွန်းသာ] ၂၅

မြတ်စွာဘုရား၏ သွားတော်ဓာတ်(၃၃)ဆူမှ ကျိုက္ကဒူး

[အောင်ဇ-LL.B] ၁၂[illegible]

ရတနာမဥ္ဇူ ရှာပုံတော်[ဆုတောင်းပြည့် ပဒုမ္မာရုပ်ပွား တော်နှင့် ရေနံချောင်းမြို့ ရတနာမဥ္ဇူဘုရား ထူးခြားအံ့ဖွယ်များ]

[နေအောင်လင်း-စလေ] ၁၆၁

## အထူးဆောင်းပါးရောင်ခြည်

ကျိုက်ကေလာသဆံတော်ရှင်ဘုရားနှင့် ထူးခြားနိမိတ်ပြသည့် ပန်းရထား(၁) [ကိုစိုးဆန်း] ၉

သီလတန်ခိုးဖြင့် အများအကျိုး သာသနာ့အကျိုး သယ်ပိုးခဲ့သည့်ဆရာကြီးဦးဘိုးတောင်း၏ ဓမ္မဝိညာဉ်ကျင့်စဉ်(၁)

[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၃၃

ပန်းမက်ရွာရှိ နောင်ယောင်းရေထွက် လူဝင်စားငါးတန်ကြီး

[နိုင်မင်းညို] ၄၃

စေတော်ဝင် သာသနာ့မြေမှ နေရာထူးများနှင့် ဆရာတော်ကြီး၏ ဩဝါဒများ(၄) [နယ်လှည့်သုတေသီ] [illegible]

ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့ယောင်းဆီသို့(၄)

[အောင်ဇ-LL.B] [illegible]

သိဒ္ဓိဝင် ပိတုန်းအဆောင်လေးဖြစ်စေဖို့ ပိတုန်း ပဒိုင်းမုန် ဖူးကြစို့(၂) [ခင်ခင်ဝင်း-[illegible]] [illegible]

နဂါး[illegible]ရောင်ခြည်မ[illegible]

www.burmeseclassic.com

## ❦ ကိုယ်ရေးရာဇဝင်ကဏ္ဍ ❦


လူခြောက်ကလေးများအကြောင်း တစေ့တစောင်း [စလင်း ဦးကျော်] ၂၄၁

ဘုမ္မိရတ်ဘဝမှ လာခဲ့သူ [ခရီးသည် သုတေသီ] ၂၆၂

ဆီမှော်အောင်သူတစ်ယောက်အကြောင်း [အေးချမ်းအောင်–ရမည်းသင်း] ၂၅၇

အံပွားနှင့် ကြိုဂံလကွဏာ [ကေရာဇ်] ၂၈၁

စစ္စနားစေတီအနီးမှ မီးလုံးကြီးများ [သံသရာခရီးသည်တစ်ဦး] ၃၀၁


## ✻ ကျန်းမာရေးကဏ္ဍ ✻


ပွင့်(၃)ပွင့် အစီအစဉ် [ဦးကိုဦး] ၂၂

သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတိ(ယော)၏ ပုတီးမပါ ဗုဒ္ဓဂုဏ်တော်ပွားများနည်း [ဦးခင်မောင်သန်း–အ.မ.က၊ ပခန်းတန်း] ၁၄၈

ဂုဏ်ရည်ထူးခြား ယင်းတလဲရဟန်းတစ်ပါးနှင့် နဝင်းကျေပုတီးစိပ်နည်း [အံ့ကြွယ်] ၁၇၇

ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ၏ မိတ်ဖက်ကျင့်စဉ် [အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၉၃

မဟာဂန္ဓာရီပိဇ္ဇာပဋ္ဌာန်း သိဒ္ဓိလမ်း [ဂန္ဓိရလုလင်–ရွှေကျင်] ၂၀၁


## ● အစီအရင်ရေးကဏ္ဍ ●


ဓာတ်ဆက်ယတြာ ဦးစွာပြုပါ [နတ်မောက် ကောင်းမွန်မြင့်] ၁၅

လာဘ်ရှင် ရှင်သီဝလိအကျော် စီရင်ထုလုပ် ကိုးကွယ် ပူဇော်နည်း [ဦးခင်မောင်သန်း–အ.မ.က၊ ပခန်းတန်း] ၇၇

အိမ်ညှပ်ခြင်းအတွက် အခက်မတွေ့စေဖို့ [မြပဒုမ္မာ] ၉၅

သရဏဂုံ ရတနာဒီပ ပူဇော်နည်း [မြန်မာထွန်း] ၁၅၈

နေရာပြောင်းရွှေ့ချင်ပါသလား ဤနည်းဖြင့် စီရင်ပါ [အငြိမ်းစားတစ်ဦး] ၁၉၇

ပု ဒိ အာ ဂုဏ်တော်နှင့် ပတ်သက်၍ [မောင်အေးကြူ–စီးပွားရေး] ၂၃၀


## ❐ . အထွေထွေရေးကဏ္ဍ ❐



ဗွက်ချော်ဆေးဒန်း ဖြည့်စွက်ချက် [ဦးသုမန–မစိုးရိမ်] ၇၉

မ,သိကြ,လျှင် တွေး,ဆ,ဦး အဂ္ဂိရတ်လမ်းစဉ် [အောင်သန့်–ပုသိမ်ကြီး] ၂၀၄

ဒန်ကြေးရည် မျက်တောင်တစ်ချက်ခတ်ချိန် သုဝဏ္ဏရွှေ [ဦးမင်းဇင်–ရွှေနဝင်း] ၂၁၈


သိဒ္ဓိပြာ စီရင်နည်း [မောင်ဖြူ–အငြိမ်းစားကျောင်းဆရာ] ၂၄၀

ရွှေဖြစ်လိုလျှင် ဓာတ်သန့်စင်မှ [ကြည်စိုး–မနော်မယိဒ္ဓိ၊ ရေမြေ] ၂၄၇

ငကြယ်ဇွာတောင့်ထိန်း၍ ဂုဒ်ပြုးသော သီလကို သစ္စာဆိုကာ ဆိုင်ရာရောဂါဝေဒနာများ သက်သာပျောက်ကင်းပါစေဟု အဓိဋ္ဌာန်ပြု၊ လေ့ကျင့်ပေးခြင်းဖြစ်သည်... ☛ စာ–၃၃

စီးစိုင်းထောင် ရွှေအင်းခုံစေတီရင်ပြင်ပေါ်မှ နဂါးပေါက်ပါသည် ဓင်းတက်ကျောက်ဖျာဖြစ်သည်... ☛ စာ–၁၀၀





www.burmeseclassic.com

www.burmeseclassic.com




အင်းလေးရေပြင်ကျယ်ကြီး၌
ထင်ထင်ရှားရှား ပွင့်ဖြိုင်ခဲ့ရသော
ကျွဲစေတီတော်ကြီး၏ အရိပ်သဏ္ဌာန်ကို... ➡ ဖ-၁၁၃

ဤနဂါးမယ်တော်များထဲတွင်
ရေနှင့်စပ်လျဉ်းသောကိစ္စများ၊ မြစ်ချောင်း၊
ပင်လယ်ဆိုင်ရာကိစ္စအတွက်... ➡ ဖ-၉၁





✱ ဂါထာမန္တန်ရောင်ခြည် ✱

အောင်ကြပါစေ အောင်ပါစေ [ကသာ သင်းမွှေး] ၁၄၂
ငွေကြေး အကျပ်အတည်းနှင့် ကျန်းမာရေးအတွက်
အခက်တွေ့ခဲ့သော် [မောင်ဗဟိန်း-အင်းတော်] ၁၈၅
ယာတွေ သီးနှံအထွက်ကောင်းတဲ့ တောင်သူ
လယ်သမားကြီးရဲ့ လက်တွေ့အဆောင်ကောင်း
ဂါထာတော် [ကောင်းမြင့်မြတ်စိန်] ၂၂၂

✱ ဆေးနည်းပါရောင်ခြည် ✱

သစ်ခေါင်းပျားနှင့် ဖနောင့်ကျိုးပေါင်း
[မောင်နေသွေး-ဝက်လက်] ၇၁
ထိခိုက်ဒဏ်ရာများ သွေးအမြန်တိတ်စေသည့် စတိနည်း
[ကိုစနေ] ၁၅၉
ဆီးချိုအတွက် ဆေးတစ်ခွက် [မြဒင်-ဖင်းကျိုက်] ၁၇၅
အပူလောင်နာ အမာရွတ်ပျောက်ဖို့ ဆေးတစ်လက်
[မင်းလွင်မောင်-မန်းချောင်း] ၂၆၁

◆ ဆေးဗေဒရောင်ခြည် ◆

ငွေးတောက်ကုန်း ဆရာတော် မိန့်ကြားသည့်
လေနာပျောက်ဆေးနည်း [ထွေးမောင်] ၈၇
ဆီးချိုရောဂါ သက်သာပျောက်ကင်းချမ်းသာစေသော
ဆေးနည်းကောင်းလေးတစ်ခု [အေးအေး-ဓနိကုန်း] ၁၂၆
ရုက္ခမူ အစာဖျက်ဆေး [ဘုမ္မဝတီကိုကိုလေး] ၂၆၄

✱ ဝတ္ထုတိုရောင်ခြည် ✱

ရွှေခက်ဂမုန်းနှင့် ကိုရင်ကြီး၏အလှူမ်း
[မျိုးတင့်-ညောင်လေးပင်] ၂၇၀

▲ စီးပွားရှာအင်းရောင်ခြည် ▲

နှယ်ခွေရှားအလွန် လမ်းတွေ့နှင့် ထူးဆန်းသော အိပ်မက်
[ညွန့်ဝင်း-နတ်တလင်း] ၂၈၅

✛ ထူးခြားသတင်းရောင်ခြည် ✛

ကျောက်စိမ်းဂမုန်းပင် ကတော့ထိုးသော်နှင့် စီရင်လိုသော်
[မြတ်လွှမ်းနောင်-ကသာမြို့] ၁၃၃

✂ ဗဟုသုတရောင်ခြည် ✂

ပိတုန်းသုံးကောင် ဆောင်ထားခြင်း
[မောင်နိုး-ကျောက်မဲ] ၇၀
အိမ်ခြံဝိုင်းနှင့် ပတ်သက်၍ သိထားသင့်စရာ
[အေးချမ်းအောင်-ရမည်းသင်း] ၂၀၅

✝ ထူးခြားပစ္စည်းရောင်ခြည် ✝

မုတ္တမမြို့ဟောင်း တမ္ဘာလုံးကျောင်းမှ
ထူးခြားပစ္စည်းများ [ခွန်စိုင်းဝမ်း] ၄၄
ရေနဂါးနှင့် ပတ်သက်သမျှ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဓေမွှေ့] ၅၄
ဂမ္ဘီရနှစ်ထပ်ဝါးအမြုတေ [မိုး-သရက်] ၆၁




www.burmeseclassic.com

www.burmeseclassic.com

## * ကုထုံးရောင်ခြည် *

အစွမ်းထက် ဆားပေါင်းရည် [ဗိုလ်မင်း-မင်းလှ] ၁၉၁
အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု
[ပေါင်မှစပြီး ခြေဖဝါးအထိ ထုံကျဉ်ကိုက်ခဲပြီး
လမ်းမလျှောက်နိုင်သော်]
[ဆရာဦးလှညီမ်း-အကြောပညာရှင်၊ တံတားဦး၊ အင်းဝ] ၂၁၃

## ✻ အမျိုးသမီးအလှရောင်ခြည် ✻

ကြက်သားရင့်ရင့်ကို အမြန်ဆုံးနူးအောင် ချက်ကြစို့
[မောင်ညီစု-ဝန်းသို] ၁၆၇

## ○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် တွေးဖူးရှင်ဆရာတော်ကြီးများ
[အိမ်မဲမြို့၊ လယ်ပေါ်ရပ်ကွက် မဟာဗောဓိမြိုင်ကျောင်း
ဆရာတော် ဦးသုမင်္ဂအား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၁၀၃
ထုတ္တန့်သိမ်ပုထိုးတော်မှ ရွှေခေတ်ရိုင်းမိုးရာ
ဝတ်ဆင်ထုံးဖွဲ့မှု ဗီဇိုင်းလက်ရာများ (၅)
[ပန်းချီ ထူးလှ-ရွှေပေါင်းသုတေသန] ၁၅၅
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်-ဥပဓေဘွဲ့] ၂၀၉
ဥပါဒါန်ကြောင့် ဥပဒ်မရောက်စေလိုပါ
'[အလောင်းထမ်း မွေးကောင်းပါသည်]
[မြင့်မောင်ဇော်-ရွှေဘို] ၂၂၉

## ○ ဖြစ်ချင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည် ○

ဆီးချိုရောဂါအတွက် မင်းကွတ်သီးဆေးတစ်လက်
[မင်းမင်းဇော်(ခ)ဗိုးဇော်] ၁၁၉

## ✻ တိရစ္ဆာန်ရောင်ခြည် ✻

ကြက်ခွားများ ကျပင် အစာတောက်လျှင် ဆေးနည်း
[ကိုသက်ရှည်] ၂၀၈
ကြက်ခွားများ ပန်းပေါက်ခြင်းအတွက်
ကြက်ဆူဆီနှင့် ဝက်ဆူဆီ [နတ်မောက်မျိုးနော်] ၂၆၉

## ⊡ ကြည့်ရှုခြင်းရောင်ခြည် ⊡

လက်ညှိုးတော်မှ ရေထွက်သည့် ဘတ္တချမ်းသာကြီး
ရုပ်ပွားတော်(၃) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၅၇
အရိပ်မထင် လွယ်မင်းစင်(၂) [နိုင်မင်းညို] ၁၁၃



ပုဂံခေတ်က မာတ်ရုံးအောင်ခဲ့သည့်
ရှင်အဓွဂေါ်ဓာ ပြန်ဝင်စားသည်ဆိုသော ဦးပဏ္ဍိတသ
တရားကျင့်သွားခဲ့သော ကျောက်ဖျာကြီးဖြစ်သည်...
➡ စာ-၁၄၇

ကျောက်စိမ်းကမှန်းပင်ကို
ကတော့ထိုးခဲ့တယ်၊
လာဘ်လာဘ အင်မတန်ကောင်းတယ်...
➡ စာ-၁၃၃





www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ တောချုံများ ရှင်းလင်းရာ ကျောက်လှေကြီးကို တွေ့ရသဖြင့် ဓါကျောင်း၊ ကလေးထိုးကာ တောင် နေထိုင်အားထုတ်ပြန်သည်... စာ-၁၃၉

[illegible] ... စာ-၁၂၄



[illegible] ... စာ-၄၁




## ✻ အောင်မြေရောင်ခြည် ✻

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၂၀)
[ဒေါ်အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၆၅

မော်လမြိုင်မြို့ တောင်ပိုင်းဒေသမှ နေရာထူးတစ်ခု
[အရှင်မွေဗိစ္စာ မဟာအရိယဝံသဆရာတော်၏ အောင်မြေ]
[မင်းကုသ္မိ-ဂျမ္ဗူရတောင်တန်း] ၁၂၉

## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဓာတ်ကြီးငါးပါး
ဖိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၇၆

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ထီအတွက်
ရွှေချယ်ပါ ဥ်ဂဏန်း [ဆရာရဲထက်-သုတေသီ] ၂၉၂

## ✣ စိုက်ပျိုးရေးရောင်ခြည် ✣

သစ်ပင်နှင့် အလင်းရောင် [ကိုမောင်ကျော်လှိုင်-မအူပင်] ၁၁၀

အပင်များ သန့်စွမ်းဖို့ ပုလဲကို ပွားသုံးစို့
[တင်ညိုခေအး-နဂါးမြို့တော်] ၂၀၇

## ✻ အင်းဗေဒရောင်ခြည် ✻

လာဘသိဒ္ဓိအစီအရင် [ပေါ်လွင်ဦး-ရေး] ၂၂၄

ဈေးခေါ် စမအစီအရင် [လနေ-ပမ္မဝတီ] ၁၅၃

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

တောင်မော်သာသနာ့ရိပ်သာ ဆရာတော်
ဦးဝိသုဒ္ဓါစာရအား ဂါရဝပြု ပူဇော်ခြင်း(၂)
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၄၉

မြောက်ဦးမြို့မှ မပုပ်မသိုး မပုပ်မပွသည့်
ဘဒ္ဒန္တလာဘ၏ အလောင်းတော်(၂)
[စောထွီးသျှင်-မြောက်ဦး] ၈၁

မြိုင်မြို့နယ်၊ တွမ်းတောရွာ မင်္ဂလာသီရိကျောင်းမှ
ဗောဓိတစ်ထောင် သာသနာ့မြေနှင့် ဗောဓိတစ်ထောင်
ဆရာတော်ကြီး ဦးနာရဒ၏ ဘဝပုံရိပ်များ(၄) ၁၀၅

အောင်နန်းရိပ်သာဆရာတော်ကြီး
[ဒေါ်သုမနဝိဝိတ္တ-B.Sc,H.G.P,Dip.Ed] ၂၂၅

## ✣ ထူးခြားဆန်းကြယ်ရောင်ခြည် ✣

ဦးခေါင်းတော်တွင် ငွေရောင်ဆံတော်များ ပွင့်ထွန်းလာသော
ဆံတော်ပွင့် ရုပ်ပွားတော် [ဦးငွေသန်း-စာရင်းစစ်] ၁၄

ပယောဇ္ဇဆန်သော မီးလုံးကြီးနှင့် ဖြစ်ရပ်ဆန်း
[ဟာသ်ာတ သန်းလှိုင်ကျော်-ရွှေပန်းတိုင်] ၂၇၉

ထူးခြားဆန်းကြယ်သည့် ပရလောကမှ အာဂန္တုပဋ္ဌင်း
[တနိုင်း] ၂၆၅




www.burmeseclassic.com

www.burmeseclassic.com


* အမေးအဖြေရောင်ခြည် *

ဝက်တာဥအကြောင်း သိသမျှ ဖြေကြားပါမည်
[ဓာတ်ပုံမောင်မောင်အေး] ၁၆၈

✂ နေ့စဉ်သုံးဗေဒလမ်းညွှန်ရောင်ခြည် ✂

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း
ငွေကြေးလာဘ်လာဘ သွက်လက်စေဖို့
[ထက်မင်းကျော်စွာ] ၅၅

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းစီ] ၂၀၂

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၁၅

✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧

ကိုဖြူရောင်နှင့် အင်္ဂဝိဇ္ဇာပညာ [အောင်လှသန်း-မင်းဘူး] ၁၈၄

မဟာဘုတ်သက်ရောက် ကိန်းညီတွက်နည်းဟောနည်း
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၈၉

◆ ကျန်းမာရေး ဗဟုသုတရောင်ခြည် ◆

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူဂျင်းစီ] ၂၃၂

★ ဝိဇ္ဇာဓရရောင်ခြည် ★

ရှင်မထီး (သို့) ရှင်အဇ္ဇဂေါဏ ဆရာတော်၏
ကွင်းဆက်တစ်ခု [လွယ်ကောင်းအောင်] ၁၄၅

လူထူးလူဆန်းဂျာအေးနှင့် ကြုံဖူးမှ ယုံခဲ့ကြသူများ(၁)
[မြောင်းမြမြင့်လှိုင်] ၂၃၃

● ပရလောကရောင်ခြည် ●

ကျေးဖူးရှင် ပရလောကသား [အင်ကြင်းပန်း] ၂၅၃

ပရလောကရဲ့ ရောင်ပြန်မေတ္တာ
[နတ်မောက် လှမြင့်သစ်] ၂၇၀

တောလေလား ပရလေလား [မြစ်ဟိန်း-ပုသိမ်] ၂၇၈

အမျှတောင်းသော ပရလောကသား
[ညီလေးငယ်-လယ်တော်] ၂၈၉

ဆည်တော်လေးတော စမ်းချောင်းတွင် ပုဆိုးမပါဘဲ
ရေချိုးခဲ့သောကြောင့် ဒဏ်ခတ်ခံရသောသားအဖနှစ်ဦး
[ချို-အမရပူရ] ၂၉၃

သစ်ပင်ကြီးလျှင် သတိယှဉ်
[ဆရာသန်းဆောင်-နဘဲကန်] ၂၉၅

ထူးဆန်းသော လက်ဝါးပိုင်ရှင်နှင့် တွေ့ဆုံခဲ့ရသူ
[ဘက်ထရီမောင်သောင်း-ဟင်္သာတ] ၂၉၇

ပြောမယုံ ကြုံမှသိ [ညိုဝေမြိုင်-ပွင့်ဖြူ] ၂၉၉



ဒီလို
ဂမ္ဘီရ
အဆောင်
ပစ္စည်းတွေကို
ရရင်
ဘယ်လို
သိမ်းဆည်းရမယ်
ဆိုတာ...
စာ-၆၁



ဒါ
ဆေးနဲ့
စီရင်
ဖော်စပ်
ထားတဲ့
ပိတုန်း
အဆောင်ပါ၊
ပရလောကသား
တွေ
အန္တရာယ်ပြုရင်...
စာ-၁၃၇



မြန်မာလို
"ရေနဂါး"
ခေါ်သော
သတ္တဝါကို
ထိုင်းတို့က
"မာနန်း"ဟု
ခေါ်တယ်။
အပြုအနက်
ဆိုပြီး...
စာ-၆၄








www.burmeseclassic.com

# ကျိုက်ကေလာသ ဆံတော်ရှင်ဘုရား

နှင့် ထူးခြားစွာ နိမိတ်ပြသည့် ဝန်းရံထား (၁)

ကိုစိုးသန်း

ကျိုက်ကေလာသ ဆံတော်ရှင်စေတီတော်မြတ်သည် ရေးမြို့နယ်၊ လမိုင်းမြို့လယ်တွင် တင့်တယ်စွာ စံပယ်တော်မူသည့် စေတီကြီးတစ်ဆူဖြစ်သည်။

## စေတီသမိုင်း


စေတီတော် ပွင့်ထွန်းလာခြင်း၏ သမိုင်းဖြစ်စဉ်တော်ကား...

သက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဥက္ကလာပရွှေပြည်တော်၏ တောင်ဘက် ပေါက္ခရဝတီမြို့နေ တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင် နှစ်ဦးသည် အဇ္ဈတ္တနဂရပြည်သို့ ကုန်သွယ်သွားကြရာ လမ်းတွင် အတိတ်ဘဝက ဆွေမျိုးတော်စပ်ဖူးသော နတ်တစ်ပါးက ခရီးလမ်းလွှဲပြောင်း ညွှန်ပြသဖြင့် မြတ်စွာဘုရားအား ဖူးတွေ့ကြရသည်။

ကုန်သည်ညီနောင်က ကြွက်ကျစ်မုန့် ပျားမုန့်ဆုပ်များ ကပ်လှူရာ ဘုရားရှင် ဘုဉ်းပေးသုံးဆောင်ပြီးနောက် ပူဇော်ရန် ဆံတော်ရှစ်ဆူ ပေးသနားတော်မူသည်။

ထိုအချိန်တွင် ယခု လမိုင်းမြို့အနီး ဂင်္ဂါမြစ်နံဘေးတွင် သီတင်းသုံးနေသည့် **မုနိပါလရသေ့**သည် မိမိ၏ ဈာန်အဘိညာဉ်တန်ခိုးဖြင့် ဘုရားရှင်ထံ ရောက်ရှိနေချိန်ဖြစ်သည်။

ဘုရားရှင်အား ကိုးကွယ်ပူဇော်ရာကို တောင်းပန်လျှင် ဘုရားရှင်က ဆံတော်မြတ်ရှစ်ဆူ ပေးသနား၏။ ထိုဆံတော်များကို အလောင်းတော် အာဇာနည်မြင်းဘဝ၊ ပုတ်သင်ညိုဘဝတို့တွင် ကျင်လည်ခဲ့ဖူးသော ပျဉ်းကတိုးတောင်ထိပ်တွင် စေတီတည်ဌာပနာပြုလျက် ကိုးကွယ်ကြရန် ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။



ကျိုက်ကေလာသစေတီတော်





www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ကေလာသစေတီ မြောက်ဘက်အဝင်မုခ်

မုနိပါလရသေ့သည် ဆံတော်များ ပင့်ဆောင်လာပြီးနောက် လမိုင်းမြို့ ရေဆိပ်တွင် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက် ဗုဒ္ဓဟူးနေ့မှ စတင်ကာ (၈)လ ကြာအောင် ပူဇော်ထားပြီးနောက် ပြာသိုလပြည့်နေ့တွင် ပျဉ်းကတိုး တောင်၏ အရှေ့မြောက်ထောင့်အရပ်သို့ ရွှေ့ပြောင်းပင့်ဆောင်ကာ ပျဉ်းကတိုးတောင်ထိပ်တွင် ဒါယကာ နိုင်ထောလဲ့+မိကွန် ဇနီးမောင်နှံမှ မ,တည်၍ စေတီတော်ကြီး တည်ဆောက်ခဲ့သည်။

၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဌာပနာတိုက် ပြီးစီး၍ ဆံတော်များကို ရွှေအင်တုံအတွင်း ထည့်သွင်း၍ ဌာပနာပြု ပူဇော်ခဲ့ကြသည်။ စေတီဉာဏ်တော်အမြင့် (၇)တောင်ရှိသည်။

သာသနာသက္ကရာဇ် ၇၉၅ ခုနှစ်သို့ ရောက်သောအခါ သုဝဏ္ဏဘုမ္မိပြည့်ရှင် ဓမ္မပါလမင်းသည် နှစ်ရှည်ကြာ၍ ပျက်ယွင်းနေသော ကျိုက်ကေလာသ စေတီကို ဉာဏ်တော် (၂၇)အမြင့်သို့ တိုးမြှင့်မွမ်းမံပူဇော်ခဲ့သည်။

သာသနာ ၁၂၉၈ ခုနှစ် ရောက်သောအခါ ဟံသာဝတီပြည့်ရှင် မနုရာဇာမင်းက စေတီဉာဏ်တော် အမြင့်(၄၂)တောင်သို့ လည်းကောင်း...

သာသနာနှစ် ၁၃၆၅ ခုနှစ်တွင် တက္ကသိုလ်ပြည့်ရှင် ကွန်ခမင် မင်းကြီးက ဉာဏ်တော်အမြင့် (၅၇)တောင်သို့ လည်းကောင်း...

တိုးမြှင့် မွမ်းမံပူဇော်ခဲ့ကြသည်။

ကောဇာ ၁၂၃၃ ခုနှစ်တွင် ထိုစေတီ ပျက်ယွင်းနေသည်ကို လမိုင်းမြို့တွင် သီတင်းသုံးသော ဆရာတော် အရှင်ဉာဏရံသီက ဦးဆောင်၍ မူလ ဉာဏ်တော် (၅၇)တောင်အတိုင်း ပြန်လည် တည်ဆောက်ပူဇော်ခဲ့သည်။

၁၂၄၅ ခုနှစ်သို့ ရောက်သောအခါ ရေးမြို့ မရမ်းကျောင်းဆရာတော် ဦးဉတ္တမ ဦးဆောင်၍ ဉာဏ်တော်အမြင့် (၈၀)တောင်သို့ တိုးမြှင့်မွမ်းမံခဲ့ပြီးနောက် အနီးချုပ်စပ်မှ ဆရာတော်၊ သံဃာတော်များ၊ တပည့်ဒါယကာများက အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။


သို့နှင့် ယခု အခြေအနေအတိုင်း ဖူးမြော်နိုင်ကြသည်ဟု ဂေါပကအဖွဲ့မှ မွန်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေသော ကျိုက်ကေလာသ ဆံတော်ရှင် စေတီသမိုင်းစာအုပ်တွင် ဖော်ပြထားလေသည်။

## ရွှေတော်မှောက်ထံသို့


မွန်ပြည်နယ်၏ တောင်ဘက်အစွန်ဆုံးမြို့ ဖြစ်သော ရေးမြို့မှ အနောက်

www.burmeseclassic.com

www.burmeseclassic.com



◆ ဆုတောင်းပြည့် ရုပ်ပွားတော်ကြီး



◆ ဘုရားသမိုင်းကျောက်စာ

မြောက်ယွန်းယွန်း (၁၈)မိုင်ခန့်အကွာ ရေး–မော်လမြိုင် ကားလမ်းပေါ်ရှိ မော့ကနင်ကျေးရွာမှ အနောက်ဘက် တစ်မိုင်ခန့် ခရီးဆက်ခြင်းဖြင့် **လမိုင်းကျေးရွာ(ယခု မြို့နယ်ခွဲအဖြစ် တိုးမြှင့်သတ်မှတ်ထားပြီး ဖြစ်သည်။)**သို့ ရောက်ရှိသည်။

ကျိုက်ကေလာသ ဆံတော်ရှင်စေတီမှာ ရှေးက လမိုင်းမြို့အနီး ပျဉ်းကတိုးတောင်ထက်တွင် စံပယ်တော်မူသော်လည်း ယခုအခါ လမိုင်းမြို့လယ် အဓိကရစေတီကြီး ဖြစ်နေလေပြီ။

စေတီတော်ကြီးသို့ ခြင်္သေ့နှစ်ကောင်ရံသော မြောက်ဘက်စောင်းတန်းလှေကားမှ တက်ရောက်ရသည်။

စောင်းတန်းမုခ်လေးခု ရှိသော်လည်း မြောက်ဘက်မုခ်တွင် ခြင်္သေ့နှစ်ကောင်နှင့် အနောက်ဘက်မုခ်တွင် မြင်းနှစ်ကောင်ရံလျက် ကျန်မုခ်များတွင် မုခ်ဦးရုပ်လုံးများ မရှိပါ။

အနောက်ဘက်မုခ် မြင်းနှစ်ကောင်မှာ အလောင်းတော် အာဇာနည်မြင်း ဘ၀ ကျင်လည်ခဲ့သော နေရာဖြစ်၍ ရည်မှန်းပူဇော်ထားခြင်း ဖြစ်သည်ဟု သိရသည်။

ကုန်းတော်သို့ ရောက်သောအခါ တာဝန်ခံလူကြီး ဦးစံသိန်းက သိလိုသမျှ ကူညီ ပြောဆိုညွှန်ပြပေးသည်။ ဘုရားသမိုင်းစာအုပ်ကိုလည်း သူ့ထံတွင် ဝယ်ယူရရှိလေသည်။

စေတီတော် စောင့်ရှောက် ထိန်းသိမ်းရန် အဖွဲ့များခွဲ၍ သုံးလတစ်ဖွဲ့ အလှည့်ကျ တာဝန်ယူကြသည်ဟု သိရသည်။

စေတီရင်ပြင်တွင် အာရုံခံတန်ဆောင်း လေးဖက်လေးတန် ဆောက်လုပ်ထားကာ အတွင်း၌ ရုပ်ပွားတော်များ အစီအရီ ပူဇော်ထားသည်။ မြောက်ဘက်အာရုံခံအတွင်း ဝင်ရောက်ကြည့်သောအခါ အလယ်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူနှင့် ခံရံဖတ်လည်တွင် ရုပ်ပွားတော်များ စီတန်း



www.burmeseclassic.com

www.burmeseclassic.com

စံပယ်တော် မူကြသည့်မှာ တန်ဆောင်းအပြည့် ဖြစ်သည်။

လူတစ်ကိုယ် သွားနိုင်သော် လမ်းကလေးသာ ချန်လုပ်ထား၍ ကျိုက်မရော ဆုတောင်းပြည့်စေတီ ဂန္ဓကုဋိ တန်ဆောင်းနှင့် ဖွဲ့စည်းပူဇော်ပုံ ဆင်တူလေသည်။

ရုပ်ပွားတော် သွန်းလုပ်သည့် လက်ရာမှာလည်း ကျိုက်မရော ဘုရားကဲ့သို့ ရှေးမွန် ဗိသုကာလက်ရာ ဖြစ်သည်ကို တွေ့ရသည်။



◆ မြောက်ဘက်အာရုံခံတွင်း ရုပ်ပွားတော်များ

◆ ထူးခြားသော လက်ရာဖြင့် လျောင်းတော်မူ



## ကျိုက်ကေလာသ ဆုတောင်းပြည့် ရုပ်ပွားတော်

မြောက်ဘက် အာရုံခံ တန်ဆောင်း အတွင်း စံပယ်တော် မူသည့် ရုပ်ပွားတော်ကြီးကို ဆုတောင်းပြည့် ရုပ်ပွားတော်ကြီးဟု ခေါ်ဝေါ်ကြသည်။ လောကီ လောကုတ္တရာ မျက်နှာစာ အသွယ်သွယ်တွင်အဓိဋ္ဌာန်ပြု ဆုပန်ခြင်းများ ပြည့်ဝကြသည်ဆို၏။

ဘုရားရှင်၏ ဆံတော်မြတ်များကို ဌာပနာပြု ပူဇော်ရန် စေတီတည်စဉ်က သိကြားမင်းကိုယ်တိုင် စိန်တူးရှင်းကိုင်၍ နတ်ဒေဝတာများစွာက ကူညီပေးကြသည်။

**သိကြားမင်းသည် ဘုရားရှင် သီတင်းသုံး စံပယ်တော်မူရာ မရှိမ အသေသို့ ရည်မှန်၍ မြောက်အရပ်သို့ တူရူပြုကာ ဌာပနာတိုက် အဆောင် (၈၀)နက်အခေါင် တူးဆောက်ခဲ့သည် ဆိုပါ။**

ဘုရားရှင် သက်တော်(၈၀)နှင့် ကိုက်ညီနေသဖြင့် နှောင်းခေတ်လူတို့က မြောက်အရပ်သို့ မျက်နှာလှည့်သော တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး တစ်ဆူကို ဆံတော်မြတ်များကိုယ်စား ဘုရားရှင်၏ ကိုယ်စားအဖြစ် သွန်းလုပ် ပူဇော်ခဲ့ကြသည်။

သို့ဖြစ်လေရာ ဤရုပ်ပွားတော်ထံ တောင်းပန် လျှောက်ထားသော ဆုတောင်းဆန္ဒများ ပြည့်ဝကြသည်ဟု ယုံကြည်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်ရှင်

## ဘုရားသမိုင်းကျောက်စာ

မြောက်ဘက် အာရုံတန်ဆောင်း အတွင်း ဝတ်ပြုကန်တော့ပြီးနောက် စေတီရင်ပြင် လက်ယာရစ် တစ်ပတ် လှည့်ပတ်ကြည့်ရှုရာ စေတီအရှေ့ မြောက်ထောင့် တန်ဆောင်းအတွင်း **ဘုရားသမိုင်း ကျောက်စာတိုင်ကို** တွေ့ရသည်။ **မွန်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာကမ္ပည်းဖြစ်သည်။**

## ကျောက်ရှင်

အရှေ့ဘက် အာရုံခံတန်ဆောင်း အတွင်း လျောင်းတော်မူရုပ်ပွားတော် တစ်ဆူ ဖူးတွေ့ရကာ မှီအုံးပေါ် ယာ တံတောင်ဆစ် ထောက်လျက် သက်သောင့်သက်သာ စံပယ်တော်မူဟန်ဖြစ်သည်။

ကိုယ်လုံးတော် ခါးအထက်ပိုင်းကို ထောင်လိုက်မတ်မတ် အနေအထားဖြင့် သီတင်းသုံးတော်မူသည်။ ဤပုံဟန် လျောင်းတော်မူရုပ်ပွားတော်များကို ထားဝယ်ဒေသတွင် အတွေ့အမြင် များသည်။

ရေးမြို့သည် ထားဝယ်အဆက် အသွယ်ဖြစ်သော မာယာဒေဝီ မင်းသမီးက **'အစိန္တာဓေယျပူရ'**ဟု အမည်ပေး၍ စတင် တည်ထောင်ခဲ့သည်ဟု ရေးမြို့သမိုင်းတွင် ဖော်ပြထားသည်။ ရေးမြို့ခံ လူများသည်လည်း မွန်နှင့်ထားဝယ် ဝေါဟာရများ ရောနှော သုံးစွဲလေ့ ရှိကြသည်။

'မင်းကိုလူတွေက ရယ်(စား)ကြလိမ့်မယ်၊
ဖွားရှင်မ ဆန်ခံထွက်လာတယ်၊
မင်းနောင်မယ် ဘယ်လိုခေါ်သလဲ'

စသည့် စကားများ လေ့လာကြည့်ကာ သိသာနိုင်ပါသည်။

ထို့ကြောင့် ရေးမြို့နယ်အတွင်းရှိ လမိုင်းကေလာသစေတီ ကုန်းတော်မှ ဤလျောင်းတော်မူ ရုပ်ပွားတော်သည် ထားဝယ်ဝလေ့ နှယ်သည်ဟု ယူဆဖွယ် ရှိလေသည်။

အရှေ့အာရုံခံအနီးတွင် ကြွေပြားခင်း၊ ရင်ပြင်တော်က တိုးထွက်နေသော ကျောက်ခွန်းတစ်ခုကို မြင်ရသည်။ **ရှင်သန်ကြီးထွားနေသော ကျောက်ရှင်ဖြစ်သည်ဆို၏။**

ထို့ကြောင့် စေတီတော်တွင် ကောင်းမှုပြုပြီးနောက် ဤကျောက်ရှင်အနီးမှ ဘုရားရှင်အား ရည်မှန်းကန်တော့လျက် အနာဂတ်ရေးရာ သာယာစေရေး အကြံအစည် မျှော်လင့်ချက် ဆန္ဒများ အောင်မြင်ပြည့်ဝရေးတို့အတွက် အထူးပြု ဆုပန်လေ့ရှိကြောင်း သိရပေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ကိုစိုးဆန်း**



www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းတော်တွင် ငွေရောင်ဆံတော်များ ပွင့်ထွန်းလာသော

# ငွေသံတော်ပွင့် ရုပ်ပွားတော်မြတ်

မောင်မြွယ်ဘိုသန်း

တမူးမြို့ပေါ်တွင်သာမက တစ်နယ်လုံးကပါ နေ့စဉ် ကြိတ်ကြိတ်တိုး လာရောက် ဖူးမြော်ကြသည်မှာ (၃)ရက်ရှိသွားပါပြီ။ ထူးဆန်းအံ့ဩဖွယ်၊ ကြည်ညိုဖွယ်ကောင်းလှသော ကျောက်စိမ်းဆင်းတုတော်မှာ ငွေရောင်ဆံတော်များ ပွင့်ထွန်းလာခြင်း ဖြစ်ရပ်ပါ။ ကြုံတောင့်ကြုံခဲပါပဲ။


**တမူးမြို့ စော်ဘွားရပ်ကွက် အမှတ်(၁၁/က)တွင် နေထိုင်ကြသော ကိုရာကျော်၊ မဖြူဖြူသွယ်တို့ ပင့်ဆောင် ကိုးကွယ်ထားသော ကျောက်စိမ်းဆင်းတုတော်မှ ယခုကဲ့သို့ ငွေရောင်ဆံတော်များ ပွင့်ထွန်းလာခြင်းဖြစ်ပါသည်။**

၂၀၁၄ ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့ နံနက်ပိုင်းတွင် စာရေးသူသည် မြို့မ သာသနာ့ရိပ်သာ ကျောင်းတိုက်၏ ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းမောင်နှင့်အတူ ငွေရောင်ဆံတော်များ ပွင့်သော ကျောက်စိမ်းရုပ်တုတော်မြတ် ကိန်းဝပ်စံပယ်ရာ စော်ဘွားအင်း ရပ်ကွက်ရှိ ကိုရာကျော်နှင့် မဖြူဖြူသွယ်တို့နေအိမ်သို့ ရောက်ရှိသွားပါသည်။

စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ကားတို့ဖြင့် လာရောက် ဖူးမြော်နေကြသူများမှာလည်း ကြိတ်ကြိတ်တိုးလျက် ရှိပါသည်။ ဝင်လာမစဲ တသဲသဲပါပဲ။

လာရောက် ဖူးမြော်လာကြသော ဘုရားဖူးပရိသတ်များကို အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးနေကြသော မြို့မ သာသနာ့ရိပ်သာကျောင်းတိုက်၏ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်တာဝန်ရှိသူများကိုလည်း တွေ့ရပါသည်။

ဆင်းတုတော်ကို အနီးကပ် ဖူးကြည့်ရာ ငွေရောင်ဆံတော်များ ထင်ထင်ရှားရှား ပွင့်ထွန်းနေသည်ကို ဖူးတွေ့ရပါ



● ငွေသံတော်ပွင့် ရုပ်ပွားတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆံတော်များထိပ်တွင် ဓာတ်တော်များသဖွယ် အဝိုင်းဖြူကလေးများ သဏ္ဌာန် ဖူးတွေ့ရပါသည်။ ရုပ်ပွားတော် အရွယ်အစားမှာ (၅)လက်မခန့် ရှိပါသည်။

အိမ်ရှင် မဖြူဖြူသွယ်က ဤရုပ်ပွားတော်ကို ဖာနည်ဦးနိဗ္ဗာန်ကုန်စုံဆိုင်မှ လွန်ခဲ့သည့် (၅)နှစ်ခန့်က ပင့်ဆောင်ကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဤရုပ်ပွားတော်မြတ်ကို ပင့်ဆောင် ကိုးကွယ်ပြီးနောက်ပိုင်း အစစအရာရာ အဆင်ပြေလာကြောင်း...

**ဆံတော်မပွင့်မီ တစ်ပတ်လောက်က နံနက်(၂)နာရီခန့် အိပ်ရာမှထသည့်အချိန်တွင် ရုပ်ပွားတော်ကိုးကွယ်ရာ ပလ္လင်ထက်မှ အလင်းရောင်များ ထိန်ထိန်ထနေသည်ကို ဖူးတွေ့ရကြောင်း...**

**ဤသို့ဖြင့် တစ်ပတ်ခန့်ကြာသည်အထိ သတိမပြုဘဲ နေခဲ့ရာက ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း(၄)ရက်(၁-၆-၂၀၁၄)နေ့တွင် ဘုရားစင်အား သန့်ရှင်းစဉ် ရုပ်ပွားတော်၏ ဦးထိပ်တော်တွင် ငွေရောင်ဆံတော်များ ပွင့်နေသည်ကို ဖူးတွေ့ရကြောင်း...**

ဤသို့ ဖူးတွေ့ရသည်ကို ပတ်ဝန်းကျင်လူများကို အသိမပေးဘဲ မိသားစုအနေနှင့် စောင့်ကြည့်ကြည်ညိုနေကြောင်း၊ နယုန်လဆန်း (၁၀)ရက်(၇-၆-၂၀၁၄) စနေနေ့ကျမှ အသိပေးခဲ့ကြောင်း၊ ဤသို့ အသိပေးခဲ့သည့်အတွက် နေ့စဉ်နှင့်အမျှ လာရောက်ဖူးမြော် ကြည်ညိုလှူဒါန်းကြသည်မှာ ကြိတ်ကြိတ်တိုးလျက်ရှိကြောင်း ပြောပြပါသည်။

နေ့စဉ်နှင့်အမျှ လာရောက် ဖူးမြော်ကြည်ညိုသူများ များပြားလွန်းသည့်အတွက် အိမ်ရှေ့တွင် မဏ္ဍပ်ဆောက်၍ ယာယီကျောင်းဆောင်ဖြင့် အပူဇော်ခံထားသည်ကို တွေ့ရပါသည်။

၁၂-၆-၂၀၁၄နေ့တွင် ကျောင်းတိုက် (၅)တိုက်မှ သံဃာတော် (၉)ပါးကို ပင့်ဖိတ်၍ အနေကဇာတင်ကာ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံမည် ဖြစ်ပါသည်။

ထို့နောက် ငွေဆံတော်ပွင့် ရုပ်ပွားတော်မြတ်ကို တမူးမြို့၊ မြို့မသာသနာ့ရိပ်သာကျောင်းတိုက်သို့ ပို့ဆောင်လှူဒါန်းမည် ဖြစ်ပါသည်။

နေအိမ်တွင် နေ့စဉ် လှူဒါန်းရရှိသမျှသော အလှူငွေများကို ရုပ်ပွားတော်မြတ်အတွက် မြို့မ သာသနာ့ရိပ်သာကျောင်းတိုက် ဂေါပကအဖွဲ့မှတစ်ဆင့် လှူဒါန်းသွားမည် ဖြစ်ပါသည်။

မြို့မ သာသနာ့ရိပ်သာကျောင်းတိုက် ဂေါပကအဖွဲ့က အလှူငွေများကို စနစ်တကျ လက်ခံစာရင်းပြုစုလျက် ရှိနေသည်ကို တွေ့ရပါသည်။

ဤသို့ တမူးမြို့ ဇော်တွားရပ်ကွက်မှ ပရိဘောဂလုပ်ငန်းဖြင့် ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြသူ ကိုရာကျော်၊ မဖြူဖြူသွယ်တို့နေအိမ်တွင် ကိုးကွယ်ထားသော ကျောက်စိမ်း ရုပ်ပွားတော်မှ ထူးဆန်းစွာ ငွေရောင် ဆံတော်များ ပွင့်ထွန်းလာခြင်းမှာ **အတိတ်ကောင်း၊ နိမိတ်ကောင်း အဖြစ် ခံယူပြောဆိုနေကြပါသည်။** တစ်သက်မှ တစ်ခါသာ ဖူးတွေ့ရသည်မှာလည်း ဝမ်းမြောက်ပီတိ ကြည်နူးမိပါတော့သည်။

**မောင်နွယ်သန်း**

# ဓာတ်ဆက်ယတြာ

ဦးစွာဖြူစုံ

ကျွန်ုပ်၏အဘိုး ဦးမင်းသန့်၊ ဦးမင်းခန့်တို့သည် ရှေးမြန်မာဆေးဆရာ၊ ဗေဒင်ဆရာများ ဖြစ်ပါသည်။ ရှာနီးချုပ်စပ် ရွာပေါင်း နှစ်ဆယ် အစိတ်သည် အဘိုးတို့၏ ဆေးဝါးဗေဒင်နှင့် ကင်းခဲ့သူ ရှားပါသည်။

အဘိုးတို့သည် လူနာရှင်က လာပင့်၍ ချက်ချင်းလိုက်နိုင်လျှင် လိုက်သွားပါသည်။ ချက်ချင်းလိုက်သည်ဖြစ်စေ၊ မလိုက်နိုင်လျှင်ဖြစ်စေ အောက်ပါ ယတြာအလှူကို ဦးစွာပြုရန် အမြဲနိုင်းတတ်ပါသည်။

ထိုယတြာမှာ **ဓာတ်ဆက်ယတြာ** ဟု နောင်သောအခါမှ ကျွန်ုပ် သိခွင့်ရခဲ့ပါသည်။

ထိုသို့ ဓာတ်ဆက်ယတြာ ပြုနိုင်းရသည့်အကြောင်း အဘိုးတို့ကို မေးမြန်းကြည့်သောအခါ...

'ဒီလိုလေ ငါ့မြေး၊ လူတိုင်းဟာ ဓာတ်ကြီးလေးပါး ကလာပ်စည်း အသွေးအသားနဲ့ ဖွဲ့စည်းထားတဲ့ လူ့ခန္ဓာလေး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ မြေဓာတ်၊ မီးဓာတ်၊ ရေဓာတ်၊ လေဓာတ် တစ်ခုခုပျက်လို့ ချို့ယွင်းလို့ မကျန်းမမာ ဖြစ်ရတာ မဟုတ်လား။



'ဒီတော့ မြေဓာတ်အတွက် လမ်းချိုင့်တွေ မြေဖို့လှူခိုင်းတယ်။ တတ်နိုင်ရင် ဘုရားမြေ ကျောင်းမြေအတွက် အခွင့်သာရင် ဝယ်လှူပေါ့။

မီးဓာတ်အတွက် ဘုရားမှာ ဆီမီး အလင်းတိုင် လှူပစ်စေ လှူပေါ့။ တတ်နိုင်တော့လဲ မီးစက်လှူပေါ့။

ရေဓာတ်အတွက် ရေချမ်း ရေအိုး ဝယ်လှူ တတ်နိုင်တော့လဲ ရေတွင်း ရေကန် လှူပေါ့ကွာ။

လေဓာတ်အတွက် ယပ်တောင် လှူခိုင်းတယ်၊ တတ်နိုင်တော့လဲ ပန်ကာတို့ လေအေးပေးစက်တို့ လှူပေါ့ကွာ'

ဟု ရှင်းပြခဲ့ပါသည်။

'အဲဒီလို ဓာတ်တွေ အားကောင်းအောင် အလှူယတြာပြုပြီး ဆေးစား ဆေးလိမ်း ဆေးရှူတော့ အမြန်ကျန်းမာပြီပေါ့'

ဟု ဆိုပါသည်။

အဘိုးတို့၏ အယူအဆ ဓာတ်ဆက်ယတြာကို ကျွန်ုပ် လွန်စွာ သဘောကျနှစ်ခြိုက်မိပါသည်။ သဘာဝယုတ္တိလည်း ကျသည်။ ကုသိုလ်လည်းရ ကျန်းမာရ ဖြစ်သည်။

သို့အတွက် တိုက်ဆိုင်သူများ၊ လိုသူများအတွက် မိမိအတွက်သော် လည်းကောင်း၊ သူတစ်ပါးအတွက်သော် လည်းကောင်း မကျန်းမာသူများကို ဓာတ်ဆက်ယတြာပြုရန် အကြံပြု ရေးသားတင်ပြအပ်ပါသည်။

**နတ်မောက် ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
ဝ၃ဝ၆ Y ဝ၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုးအမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြွတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ကျပ်ခြင်းတို့ဟာ သီတန္ဓဥဏှ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာစားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။


ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ဓရော(ဂ)လမ်း၊ (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၈၆[illegible]၂၈။

မြောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်လှေကြီးရှိ သရက်ပင်စု

ဖြေးသော်တာ

# ကောလင်းနယ်မှ ကျောက်လှေကြီး

## နှင့် အံ့ဖွယ် ရေဆန် အင်းဆေးကန် (၁)

ကျောက်လှေကြီးသည် ကောလင်းမြို့နယ်၊ အင်ပင်သာကျေးရွာအုပ်စု၊ ကာသစ်ကုန်းရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာ လယ်ကွက်အတွင်း တည်ရှိသည်။

### နောက်ခံဖြစ်စဉ်

တကောင်းပြည်ကြီး၌ အဘိရာဇာမင်းမှစ၍ (၃၃)ယောက်မြောက် ဘိန္နကရာဇာ မင်းတိုင်အောင် မင်းပြုစိုးစံပြီးနောက် ဂန္ဓာလရာဇ်တိုင်း စိန့်ပြည်မှ တရုတ်တရက်တို့ နှောင့်ယှက်သဖြင့် သင်္ကဿရဋ္ဌအမည်ရှိ တကောင်းပြည်ကြီး ပျက်စီးလေသည်။

ဘိန္နကရာဇာမင်းကြီးသည် နောက်ပါတို့နှင့် **"မလည်ချောင်း"** အရပ်သို့ ဝင်၍နေရာမှ ယင်းအရပ်တွင် ကံတော်ကုန်လေရာ သားမြေးဗိုလ်ပါတို့ အစုစု ကွဲ၍ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့ကြလေသည်။



◆ ဝေဠုဝန်ကျောင်းဆောင်




www.burmeseclassic.com

www.burmeseclassic.com



◆ ရသေ့ကြီးဦးတောင်သိန်း

◆ လှေဦးပိုင်းနှင့် အင်းအပြင်



ထိုအခါ မင်းသားတစ်ပါးသည် ရောဝတီမြစ်အနောက်ဘက်ရှိ အင်းမတော်ကြီးကို လှေဖြင့်ကူးကာ ခမောက်တောင်ဆီသို့ ရေကြောင်းခရီးနှင်ရာ မိုးသက်မုန်တိုင်း တိုက်ခတ်သဖြင့် လှေတိမ်းမှောက်ကာ အင်းကြီးကြမ်းပြင်သို့ စုန်းစုန်းမြုပ်ခဲ့သည်ဆို၏။

အင်းမတော်ကြီးသည် ကာလကြာရှည်၍ ကောလာသောအခါ ကုန်းမြင့်ကွင်းပြင်များ ပေါ်လာ၍ လူတို့ ကောက်ပဲသီးနှံ စိုက်ပျိုးကြသော လယ်ယာများ ဖြစ်လာကြလေသည်။

ထိုအခါ အင်းကြမ်းပြင်တွင် ကျောက်ဖြစ်နေသော လှေကြီးကို မှောက်လျက် အနေအထားဖြင့် မြင်တွေ့ရကာ မြေပေါ် အလျား(၅၄)လံနှင့် အနံ (၁၇)လံရှိသည်ဟု ဆိုလေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၅၀)ခန့်ကာလတွင် အဆိုပါ ကျောက်လှေကြီးအား ရေပတ်လည် ဝန်းရံလျက် တွေ့မြင်ရသော်လည်း ယခုအခါ အရှေ့တောင်နှင့် တောင်ဘက်တို့တွင် ကုန်းမြေနှင့် ထိစပ်လျက် အင်းရေများ လျော့နည်း ခန်းခြောက်လုနီး ရှိသည်

◆ ကျောက်လှေကြီးနှင့် ဦးပိုင်း(အနောက်အရပ်)အင်းအပြင်



www.burmeseclassic.com

www.burmeseclassic.com

ဟု သိရပေသည်။


## ကျောက်လှေဆီသို့

ကောလင်းမြို့ အရှေ့တောင်ထောင့် ကျွန်းလှမြို့သို့ ဦးတည်သော မြေနီခင်း ကျောက်လမ်းအတိုင်း ငါးမိုင်ခန့် သွားသောအခါ ညောင်ဝန်းရွာအနီးသို့ ရောက်၏။ ညောင်ဝန်းရွာတွင် ဘိုးတော်ဗဒုံမင်းကောင်းမှု ရွှေဂူကြီး စေတီဟောင်းတစ်ဆူရှိရာ မကြာမတင် ကာလကပင် အသစ်မွမ်းမံ တည်ဆောက်ပြီးကြောင်း သိရသည်။

ထိုညောင်ဝန်းရွာအနီးမှ အရှေ့ဘက် မြေလမ်းခွဲအတိုင်း နှစ်မိုင်ခန့် ခရီးဆက်လျှင် ကသစ်ကုန်းရွာနှင့် ကျောက်လှေကြီးကို လှမ်းမြင်ရလေသည်။


ကသစ်ကုန်းရွာထိပ် ကွင်းပြင်မှ မြောက်ဘက်တွင် မြင်နေရသော သရက်ပင်အစုဆီသို့ တစ်ဖာလုံခရီးမျှ လျှောက်လာပြီးနောက် ပြောင်းခင်း၊ ချဉ်ပေါင်ခင်းများအား ကျော်ဖြတ်လိုက်သောအခါ ဆောက်လက်စ ကျောင်းတစ်ဆောင်သို့ ရောက်လေသည်။

**"ဝေဠုဝန်ကျောင်း"**ဟု ခေါ်တွင်



လှေနံသားအရာ

မီးဖိုသဏ္ဌာန် လက်လျှိုရှိသော နဂါးခေါင်း




ကျောက်လှေကြီးနှင့် ဦးပိုင်း(အနောက်အရပ်)အင်းအကျဉ်း





www.burmeseclassic.com

www.burmeseclassic.com







ကြောင်း သိရသည်။ ခေါင်းရင်းခန်း ဘုရားဆောင်အနီး၌ သာသနာပြု ရသေ့ဦးအောင်သိန်းကို တွေ့ရသည်။

## ဝိဇ္ဇာရသေ့ ဦးအောင်သိန်း

**"ဝိဇ္ဇာရသေ့"** ဟူ၍ ဒေါက်ချာတွင် ကမ္ပည်းတင်ထားသော ဦးအောင် သိန်းက...

'ဝိဇ္ဇာဆိုရဲ့ ဇော်ဂျီတပယ်သီလို့ ဆိုလိုတာ မဟုတ်ပါဘူး။ တရားတော်ရဲ့ ငြိမ်းအေးတဲ့ အရသာကို ဝိဇ္ဇာဆိုတဲ့ အသိနဲ့ ခံစားနိုင် အောင် ကြိုးစားနေတဲ့ ရသေ့ပါဗျာ'

ဟု အစချီကာ သူ့ဘဝဖြစ်စဉ်အချို့ ကို ပြောပြသည်။

လမ်းစဉ်ပါတီခေတ်တွင် အင်ပင် သာ ကျေးရွာအုပ်စုကောင်စီဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့၍ အသက်(၅၀) ကျော်သောအခါ ရသေ့ဝတ်ဖြင့် တရား အသိကို ကြိုးစားရှာဖွေခဲ့၏။


ခမောက်တောင်သာသနာပြု ရသေ့ ဦးစီ၏ တပည့်တစ်ဦးဖြစ်သော ဦးစံ အေးနှင့် လက်တွဲကာ ကသစ်ကုန်းရွာ အနီးရှိ **"တောင်သုံးလုံး"** တောင်ထိပ် တွင် (၁၈)တောင်ပြည့် စေတီတစ်ဆူ တည်ဆောက်ပူဇော်ခဲ့သည်။ ၁၃၆၈ ခုနှစ်တွင် ကမ္ဗဋ္ဌာန်းဆောက်တည်နေ စဉ်...

'လှေနဲ့တူတဲ့ ကျောက်တစ်လုံးကုန်းတော် မှာ သာသနာပြုပါ'


ဟူသော (ကုန္ဒာသက္ကဘိုးတော်ဟု ယူဆရသူ၏) အသံကို ကြားရသည်။

ကုန်းတော် တည်နေရာ မသိရ သဖြင့် မသွားရောက်ဖြစ်ခဲ့ပါ။ ထို့ နောက် တကောင်းဓာတ်ယူရန် ရောက်နိုင်း သဖြင့် တကောင်းမြို့သို့ သွားကာ

www.burmeseclassic.com



ရေဆန်ထွက်သည့် တွင်းအဝ(အနီးကပ်)



အရှေ့ဘက်သိမ်မှ ရေထွက်ပေါက်

တရားအားထုတ်ရသည်။ ထိုစဉ်က အခြေအနေကို သားဖြစ်သူ ကိုညြက ဤသို့ ပြောပြသည်။

'အဲဒီအချိန်မှာ သံဃာတော်တွေ စုစည်းပြီး မေတ္တာသုတ် ရွတ်ဖတ်နေလို့ လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်။ ကျွန်တော်တို့က စိုးရိမ်ပြီး သတိပေးကြတဲ့အခါ...

"သာသနာပြုရာမှာ ကဲ့ရဲ့တာ၊ နှောင့်ယှက်တာတွေ ကြုံရရင် စိတ်ရှည်သည်းခံပြီး ဥက္ကိရိနဲ့ ကြိုးစားရတယ်။ ငါ့အတွက် မပူပင်ကြနဲ့"

လို့ ပြောပါတယ်'

တကောင်းမှ ပြန်လာပြီးနောက် ဤနေရာတွင် တောချုံများ ရှင်းလင်းရာ ကျောက်လှေကြီးကို တွေ့ရသဖြင့် တဲကျောင်းကလေးထိုးကာ စတင်နေထိုင် အားထုတ်ဖြစ်သည်။

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ကျောက်လှေ၏ မှောက်လျက်အနေအထား ဦးပိုင်း၌ ကိုးတောင်ပြည့်စေတီတည်ရန် သံဃာတော်(၉)ပါး ပင့်ဖိတ်ပြီး မြေသန့်စင်ကာ အုတ်မြစ်ချသည်။

ပြာသိုလပြည့်နေ့တွင် ထီးတော်တင်လှူပြီးစီးသည်။ ရန်ပြေမာန်ပြေစေတီဟု ဘွဲ့မည်တွင်သည်။

ရွှေလ ဆက်ဖတ်ပါရန်

ငြိမ်းသော်တာ

www.burmeseclassic.com



◆ ရန်ပြေမာန်ပြေ ကမ္ဘာလုံးစေတီတော်



◆ ဆယ်တင်ကြီးရုပ်ရှင်တော်မြတ်

# ပွင့်(၃)ပွင့် အဓိဋ္ဌာန်

ဦးကြိုး

**"လာဘော အ, လာဘော"** ဟုဘုရားဟောက ရှိပြီးဖြစ်၍ တစ်ခါတစ်ရံများ၌ လာဘ်ဆိတ်သည့် အဖြစ်ကို ကျွန်ုပ်အပါ အဝင်လူသားအားလုံး နီးပါး ကြုံဖူးကြမည် ထင်ပါသည်။

ကျွန်ုပ်သည် ထိုထိုသော ကာလများ၌ အာစရိယဝါဒအတိုင်း ပွင့်(၃)ပွင့် အဓိဋ္ဌာန်ကို ဆောက်တည်မြဲ ဖြစ်ပါသည်။

သစ်ပင် တစ်ပင်နှင့် နှိုင်းလျှင် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုပေမယ့် ပြုစုပျိုးထောင်ပေးမှု ကင်းမဲ့ခဲ့လျှင် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတာ မဖြစ်နိုင်တော့ပါ။

ထို့အတူပင် ကျွန်ုပ်တို့သည်လည်း အားကိုးအားထားအဖြစ် ပွင့်(၃)ပွင့် အဓိဋ္ဌာန်ကို အားထုတ်ကြမြဲ ဖြစ်ပါသည်။

ပွင့်(၃)ပွင့် အဓိဋ္ဌာန်သည် ကံပွင့်၊ ဉာဏ်ပွင့်၊ စန်းပွင့်စေမည့် နည်းစဉ်ထူး တစ်ခုဖြစ်ပါသည်။ အားထုတ်ရမည့် နေရာသည့်...

- ❖ ရန်ပြေစေတီတော်
- ❖ ဗောဓိပင်
- ❖ ကြီးဘွဲ့ပည့်ရှိစေတီတော်

၌ ဖြစ်သည်။ ပထမဦးဆုံး အားထုတ်ရမည့်နေရာမှာ ပရိဘောဂစေတီဖြစ်သော ဗောဓိပင်၌ အားထုတ်ရသည်။

ဘုရားရှင်သည် ဗောဓိပင်၌ ပွင့်တော်မူခဲ့သည်။ သစ္စာလေးပါးကို သိခဲ့သည်။ ထို့ကြောင့် ဗောဓိပင်၌ ဉာဏ်ပွင့်အဓိဋ္ဌာန် ဆောင်ရွက်ရသည်။

ဘုရားရှင်သည် ဗုဒ္ဓဟူးနေ့၌ ပွင့်တော်မူသဖြင့် ထိုအဓိဋ္ဌာန်ကို ဗုဒ္ဓဟူးနေ့ နံနက်(၆)နာရီမှ စတင်ပြီး အားထုတ်ရသည်။ နေ့ချင်းပြီးအဓိဋ္ဌာန်ဖြစ်သည်။

- ❖ ဗောဓိပင်၏ မြောက်အရပ်မှာ အားထုတ်ရမည်။
- ❖ နေ့သားအလိုက် မွှေးနံ့သင်းပန်းများ လှူရမည်။

**(အခြား လှူဖွယ်ရာများသည် သင်တို့၏ သဒ္ဓါဆန္ဒအတိုင်း ဖြစ်သည်။ ညောင်ရေသွန်းလောင်းလေ့ရှိသော ဗောဓိပင်၊ ပြိုဟ်ရှစ်ခွင်ရှိသော ဗောဓိပင်များ၌ အားထုတ်နိုင်လျှင် ပိုကောင်းသည်။)**

ဉာဏ်ပွင့်အဓိဋ္ဌာန်

ပုဗ္ဗေါလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

မဇ္ဈေလောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။

သံဃောလောကေ သမုပ္ပန္နော၊ ပုညခေတ္တံ သဗ္ဗပါဏိနံ။

တေသန သစ္စဝဇ္ဇေန၊ ဟောတု မေ သုခံမုနံ။

*[၁–ခေါက်]*

အနက်

**လောကေ**–လောက၌၊ **ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **သဗ္ဗပါဏိနံ**–လုံးစုံများစွာ သတ္တဝါတို့၏၊ **ဟိတာယ**–အစီးအပွားအလို့ငှာ၊ **သမုပ္ပန္နော**–ပွင့်ထွန်း ပေါ်ပေါက်တော်မူလာပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com

**လောကေ**–လောက၌၊ **ဓမ္မော**–မဂ်ဖိုလ်နိဗ္ဗာန် ကျင့်ရန်ညွှန်ဘိ ပရိယတ္တိတရားတော်မြတ်သည်၊ **သဗ္ဗပါထိန်**–လုံးစုံများစွာ သတ္တဝါတို့၏၊ **သုခါယ**–ချမ်းသာခြင်းငှာ၊ **သမုပ္ပန္နော**–ပွင့်ထွန်းပေါ်ပေါက်တော် မူလာပါပေ၏။

**လောကေ**–လောက၌၊ **အနုတ္တရံ**–အတုမရှိ သာလွန်မြင့်မြတ်သော၊ **ပုညခေတ္တံ**၊ ကုသိုလ်ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော၊ **သံဃော**၊ အရိယာရှစ်ဖော် သံဃာတော်သည်၊ **သမုပ္ပန္နော**–ပွင့်ထွန်း ပေါ်ပေါက်တော်မူလာပါပေ၏။ **ဧတေနသစ္စဝဇ္ဇေန**– ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **သုခဝမုန်**– တိုးတက်ကြီးပွားချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

ဦးစွာ ရှိခိုးပြီးလျှင် အောက်ဖော်ပြပါဂါထာဖြင့် ပုတီး(၅)ပတ်စိပ်ပြီး လိုရာဆိုတောင်းရသည်။

> အတီတံသေ ဗုဒ္ဓသ ဘဂဝတော
> အပ္ပဋိဟတံ ဉာဏံ။ ***(ပုတီးတစ်လုံးချ)***
> အနာဂတံသေ ဗုဒ္ဓသ ဘဂဝတော
> အပ္ပဋိဟတံ ဉာဏံ။ ***(ပုတီးတစ်လုံးချ)***
> ပစ္စုပ္ပန္နံသေ ဗုဒ္ဓသ ဘဂဝတော
> အပ္ပဋိဟတံ ဉာဏံ။ ***(ပုတီးတစ်လုံးချ)***

အနက်

**ဘဂဝတော**– ဘုန်းတော်ရှိသော၊ **ဗုဒ္ဓသ**– မြတ်စွာဘုရားအား၊ **အတီတံသေ**– အတိတ်အဖို့၌၊ **အပ္ပဋိဟတံ**– အပိတ်အပင် အဆီးအတားမရှိသော၊ **ဉာဏံ**– ဉာဏ်တော်သည်၊ **ဟောတိ**– ဖြစ်၏။

**အနာဂတံသေ**– အနာဂတ်အဖို့၌၊ **ပစ္စုပ္ပန္နံသေ**–ပစ္စုပ္ပန်အဖို့၌။

(ကျန်အနက် အထက်ကအတိုင်း။)

### ကံပွင့်အဓိဋ္ဌာန်

ရန်ပြေစေတီတော်၏ တောင်ဘက်အရပ်၌ အားထုတ်ရမည်။ နေ့သားအလိုက် အညွှန့်ပန်းများ လှူရမည်။ ဦးစွာ...

> ပထဝီ ဗလသုန္ဒရီ သဗ္ဗညု ဗောဓိ မဏ္ဍလေ။
> အ,သခ်ေယျံ မာရသေနံ ဇယော ဇယတု
> မင်္ဂလံ။

အနက်

**ပထဝီဗလသုန္ဒရီ**– မြေထုမခြားကြီးမားလွန်မင်း ကောင်းမြတ်သောသည်းခံခြင်း ရှိထသော။ **ဗောဓိမဏ္ဍလေ**၊ သဗ္ဗညုတဉာဏ် ကြည်ရာမှန်၍ မြေကြန်မိပတိ တုမရှိ ကြွဲနိုင်ဗောဓိမဏ္ဍိုင်၌။ **အသင်္ချေယျံ**၊ သင်္ချာဖွဲ့ယှက် ရေတွက်မရ များပြားလှသော။ **မာရသေနံ**၊ ဗိုလ်ပါရဲမက် လက်နက်စုံကျင်း တိုက်ဖျက်ခြင်းငှာ ချဉ်းကပ်လာသော မာရ်နတ်စစ်သည်တော်အပေါင်းကို။ **သဗ္ဗညူ**၊ တရားဉသသုံအလုံးစုံကို အကုန်သိတတ် ဘုရားရှင်တော်မြတ်သည်။ **ဇယော ယထာ**၊ ပါရမီရှိန်အဟုန်ကြောင့် မြေဝသုန် ရိုက်ဟည်းလျက် အောင်ခြင်းကြီး အောင်တော်မူသကဲ့သို့။ **တထာ**၊ ထို့အတူ။ **မေ**၊ ငါ့အား။ **မင်္ဂလံ**၊ အောင်ခြင်းမင်္ဂလာသည်။ **ဇယတု**၊ အောင်ပါစေသတည်း။

**နေ့သားအလိုက် လှူရမည့် အညွှန့်ပျားများ**

| | | | | |
|---|---|---|---|---|
| တနင်္ဂနွေ | → | ကံ့ကော်ညွှန့် | → | (၁၅)ညွှန့် |
| တနင်္လာ | → | စွယ်တော်ညွှန့် | → | (၈)ညွှန့် |
| အင်္ဂါ | → | ရွက်လှ | → | (၁၇)ညွှန့် |
| ဗုဒ္ဓဟူး | → | ပျဉ်းမညွှန့် | → | (၁၉)ညွှန့် |
| ကြာသပတေး | → | သီးညွှန့် သင်ညွှန့် | → | (၂၁)ညွှန့် |
| သောကြာ | → | ထန်း ထိမ် | → | (၁၀)ညွှန့် |
| စနေ | → | အုန်းညွှန့် | → | (၆)ညွှန့် |

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွေ့စရိယ(မဟာဝဏ္ဏိဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

ဂါထာဖြင့် (၁)ခေါက် ရှိခိုးပါ။ ထို့နောက်...

> ဗုဒ္ဓေါ ***(ပုတီးတစ်လုံးချ)***
> ကို (၄)ပတ် စိပ်ရမည်။

### စန်းပွင့်အဓိဋ္ဌာန်

ထိုအဓိဋ္ဌာန်ကို ''ကြီး''ဘွဲ့တော်ရှိသော စေတီတော်၏ အရှေ့အရပ်၌ အားထုတ်ရမည်။ နံသင့် အညွှန့်ပန်း လှူရမည်။ ဦးစွာ...

**ပဋ္ဌာန်းဒေသနာ ပါဠိတော်အကျဉ်းကို** (၁)ခေါက်ပူဇော်ရှိခိုးရမည်။ ပြီးလျှင်...

"အရဟံ"

ဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ကာ လိုရာဆုတောင်းရသည်။

ဘုရားရှင်၏ ကံတော်,ဉာဏ်တော်,တန်ခိုးတော် စသည့် ဂုဏ်ကျေးဇူးတော်မြတ်များကို ထူးမြတ်စွာ ပူဇော်ဂါရဝပြုကာ တစ်နေ့တာနေ့ခြင်းမို့ သင်သည်လည်း ကံပွင့်,ဉာဏ်ပွင့်,စန်းပွင့်ကာ စိတ်ချမ်းသာမှုများ ရရှိလာပါလိမ့်မည်။

* * *

***အရင်ဦး၍ ထူးပါစေ။***

ဦးကိုဦး



www.burmeseclassic.com

www.burmeseclassic.com




# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"တိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါတဲ့ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိင်ခေါင်းရောဂါ၊ လေဝန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အတူပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါတဲ့ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) တုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေဝန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိင်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဉ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

စံလွန်းသာ

ပျော်ဘွယ်မြို့မှ ဝန်းစုံကျောင်းတိုက်နှင့်

# ရွှေစေတီကျွန်းတော်သို့ (၁)

ရွှေစေတီမိတ်ဆက်

၂၀၀၃ခုနှစ်၊ အောက်တိုဘာလခန့်က ပျော်ဘွယ်မြို့သို့ စာပေလေ့လာရေးခရီး ရောက်ဖြစ်ခဲ့ရာ မြို့ခံကလောင်ရှင်များ၊ ဓာတ်ပုံဆရာများကလည်း စိတ်ပါလက်ပါ ကူညီပေးကြသဖြင့် အဆင်ပြေစွာ လေ့လာ ရေးသားနိုင်ခဲ့သည်။


ထိုစဉ်ကာလ ပျော်ဘွယ်–တောင်ကြီးကားလမ်းနံဘေး ချောင်းရိုးကလေးတစ်ခုအနီးရှိ တဲကျောင်းကလေးတွင် ခေတ္တအပန်းဖြေ ရေသောက်စဉ် တောရကျောင်းနေ ဦးပဉ္ဇင်းအရှင်ဣန္ဒကနှင့် စကားစမြည် ပြောဆိုဖြစ်ခဲ့သည်။

သူ၏မိဘများမှာ ပျော်ဘွယ်မြို့လယ်တွင် ထည်ဝါသော တိုက်အိမ်ကြီးနှင့် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသည်။

ဦးဣန္ဒက,က ထိုသို့သော အခြေအနေမှ မိမိပိုင်ဆိုင်ခွင့်အားလုံး စွန့်လွှတ်၍ တောထွက်၊ ရဟန်းပြုဖြစ်ခဲ့ပုံကို ပြောပြ၏။

လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်လောက်က ဦးပဉ္ဇင်း လူ့ဘဝ၊ အသက်(၃၀)ကျော်လူပျိုကြီးပေါ့။ ရတနာသုံးပါး ကြည်ညိုလေးစားရကောင်းမှန်းလဲ မသိခဲ့ဘူး။ အရောင်းအဝယ်ကလဲ ကောင်းတော့ မိုးလင်းမိုးချုပ် မအားရဘူး။

တစ်ကြိမ်မှာ အပြင်းဖျားတာ အစ်ပတ်လောက် ဆေးကုလိုက်ရ



▲ ရွှေစေတီတော်

တယ်။ ငှက်ဖျားတဲ့။ နေကောင်းလာလို့ နာလန်ထအချိန်မှာ အညောင်းပြေ လမ်းလျှောက်ရင်း မြင်းဘက်ရပ်က ရွှေစေတီဘက် ရောက်သွားတယ်။

ကုန်းတော်မှာ ဦးပဉ္ဇင်းတစ်ပါး တရားထိုင်နေတာ မြင်ရလို့ စေတီကို ကန်တော့ပြီး ပတ်ဝန်းကျင်ကို ငေးနေမိတယ်။

ကျုန်းမာစဉ်တုန်းက နို့စွဲမှုဝ ငွေကြီးနဲ့ပဲ နပန်းလုံးနေခဲ့တာ။ ဒီလို မအားချမ်း

www.burmeseclassic.com

တဲ့အရသာဟာ အထူးအဆန်း ဖြစ်နေတယ်။ ခဏကြာတော့ ဦးပဥ္စင်းက မေတ္တာပို့ အမျှဝေပြီး ထ,လာတယ်။ **"ဒကာ ပုတီးမစိပ်ချင်ဘူးလား"**တဲ့။

'စိပ်ချင်ပါတယ်၊ ဘာကို စိပ်ရမှာလဲ ဘုရား'

'အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး၊ ဒါမှမဟုတ် ဘုရားဂုဏ်တော် ကိုးပါးကို စိတ်ထဲက ရွတ်ပြီး စိပ်ပေါ့'

'ဂုဏ်တော် (၉)ပါးလုံးဆိုတော့ အကြာကြီးထိုင်ရမှာပဲ'

'တစ်ပါးတည်း စိပ်ချင်ရင်လဲ စိပ်ပေါ့။ အရေးကြီးတာက သမာဓိမြဲဖို့ တခြား ဘာအတွေးမှ မဝင်စေဖို့တဲ့။ ဥပမာ"အရဟံ"လို့ စိတ်ထဲက ဆိုပြီး ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားလို့ အဓိပ္ပာယ်ကိုပါမှတ်။ ပုတီးတစ်လုံးချရုံပါပဲ'

ဒီလိုနဲ့ မနက်တိုင်း ရွှေစေတီမှာ ပုတီးသွားစိပ်ဖြစ်တယ်။ ဆယ်ရက်လောက်ကြတော့ ကျန်းမာရေးလဲ ကောင်းသွားပြီ။ ပုတီးစိပ်လို့ သမာဓိတည်ငြိမ်လာရင် ကိုယ်ခန္ဓာက ပေါ့ပါးပြီး လေထဲလွင့်နေသလို အပေါ်ကို တရိပ်ရိပ်မြင့်တက်နေသလို ခံစားရတယ်။

ထူးခြားတာက အဲဒီလိုအချိန်မှာ နံဘေးက အကြောင်းတစ်ခုခုကြောင့် မျက်လုံးဖွင့်မိရင် အိပ်မက်ထဲမှာ ဖောက်ထိုးကျတဲ့ ထိတ်လန့်မှုမျိုး မခံစားရဘူး။

တစ်လပြည့်တော့ ရွှေစေတီကြီးရဲ့ အထဲမှာ တင်ပျဉ်ခွေ ရွှေဆင်းတုကလေး ဉာဏ်တော်အမြင့် တစ်မိုက်လောက် ရှိမယ်။ အဲဒါကို မြင်ယောင်နေမိတယ်။

အဲဒီနားက ဆရာတော်က ဟုတ်တယ်၊ ရွှေစေတီထဲမှာ ရွှေဆင်းတု ဌာပနာထားတယ်တဲ့။ ဆက်ကြိုးစားဖို့



◆ ပန်းစုံကျောင်းတိုက်

အားပေးတယ်။ တတ်နိုင်ရင် ရဟန်း ဘောင်ဝင်ပါလားတဲ့။

**ဆွမ်းခုတင်ငါးပါးကား...**

***

| | | |
|---|---|---|
| ၁။ **ပိဏ္ဍပါတ်ခုတင်** | = | ခံယူရရှိသောဆွမ်းထက် ပိုသောလာဘ်ကို ပယ်ခြင်း၊ |
| ၂။ **သပဒါနစာရိကခုတင်** | = | အိမ်စဉ်မပြတ် ဆွမ်းခံကြွခြင်း၊ |
| ၃။ **ဧကာသနိက်ခုတင်** | = | တစ်နေရာတည်း၌ ထိုင်၍စားခြင်း၊ |
| ၄။ **ပတ္တပိုက်ခုတင်** | = | တစ်ခုတည်းသောခွက်(သပိတ်)ရှိ ဆွမ်းကို သုံးခြင်း၊ |
| ၅။ **ခလုပစ္ဆာဘတ္တိကခုတင်** | = | ကုန်ပြီဟု ကိုယ်နှုတ်ဖြင့် မြွက်ပြီးနောက် စားသောဆွမ်းကို ပယ်ခြင်း။ |

ကျုပ်လဲ နေ့စဉ် ပုံသေကားကျ စျေးသည်ဘဝကို ငြီးငွေ့လာလို့ အိမ်မှာ ခွင့်တောင်းပြီး ရဟန်းဝတ်ခဲ့တာ (၁၀) ဝါကျော်ပါပြီ။

ဦးကုန္တကသည် မိဘသားချင်းများ ဝယ်ယူလှူဒါန်းသော ကျောင်းမြေ ကွက်ငယ်တွင် တဲကျောင်းကလေးဖြင့် ဆွမ်းခုတင်ငါးပါးကို ဆောက်တည် အားထုတ်တော်မူလျက်ရှိသည်။

လူနေအိမ်ခြေကျေးရွာနှင့် ကုလလေးတာငါးရာ(ပေ ၃၀၀၀)ကျော် ကွာဝေးသဖြင့် တောရအင်္ဂါလည်းမြောက်၍ အရညကင်ခုတင်တစ်ပါးအပါအဝင် ခုတင်(၆)ပါးရလေသည်။

တို့ ဖြစ်လေသည်။

***(ကျော်အောင်စံထား ဆရာတော်ကြီး၏ "ဓုတင်ဓုတင်ကျမ်း"မှ ထုတ်နုတ်ပါသည်။)***


ဤသို့ဖြင့် ဦးကုန္တက၏ ခင်ပွန်းကြီး တစ်ပါး (ခင်ပွန်းကြီးဆယ်ပါးအနက် တရားဓမ္မ ဟောပြည့်နှ်ပြပေးသည့် ဆရာ)ဖြစ်သော ရွှေစေတီ ပန်းစုံကျောင်း တိုက် ဆရာတော်အရှင် အာသဘအား သွားရောက် ဖူးတွေ့ဖြစ်ခဲ့သည်။

ဆရာတော် ဦးအာသဘသည် အကျင့်စရဏ အားကောင်းလှသည် (ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ကျင့်ကြံမှု အားကောင်းသည်)ဟု ကျော်ကြား



www.burmeseclassic.com

www.burmeseclassic.com

◆ ပန်းစုံကျောင်း၊ ဆရာတော်ဦးအာသာ
ဘိသေကဂုဏ်ရှင်ရုပ်ပွားတော် ◆

သည်နှင့်အညီ ကျွန်ုပ်၏ ပါရမီကျင့်စဉ် လမ်းမှ ပုစ္ဆာအချို့ကို သမထအာရုံဖြင့် ကူညီ ဖြေရှင်းပေးတော်မူခဲ့လေသည်။

## ပန်းစုံကျောင်းတော်သို့ နိဒါန်း

ယခု ၂၀၁၄ ခုနှစ်တွင် ပျော်ဘွယ်မြို့သို့ ထပ်မံရောက်ရှိသောအခါ ဦးကြူနွှက သည် ဘဝနတ်ထံ ပျံလွန်ပြီဖြစ်ကြောင်း ကြားရလေသည်။

ပျော်ဘွယ်မြို့ရောက်ခိုက် သွားလာ စားသောက်၊ နေထိုင်မှုမှအစ လိုလေ သေးမရှိအောင် ကူညီပေးကြသည့် ကိုကျော်ဇော(မမြမြစိုး) အကာယ်ဒမီ မာတ်ပုံကဲ့သို့ ပစ္စည်းပေးကမ်းဖူးသော ခင်ပွန်း အချို့လည်း ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဟု သိရ၏။

**[ခင်ပွန်းကြီးဆယ်ပါး မပြစ်မှား စကောင်းဟူသော ဩဝါဒစာအုပ်ငယ်ကို ၂၀၀၄ ခုနှစ်တွင် နက္ခတ္တရောင်ခြည်နှင့် ပါရမီမဂ္ဂဇင်း စာတည်းချုပ် ဦးကျော်မိုးသိန်းက မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် ထောက်ခံ၊ အားပြုထားသည့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း ဉာဏ၊ ကာယလုပ်သား အားလုံးသို့ တစ်အုပ်ကျစီ ဒါနပြုခဲ့သဖြင့် ဖတ်မှတ် မှီငြမ်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။]**

ဤသို့လျှင် မမြဲသောအနိစ္စသဘောကို ဆင်ခြင်ခွင့်ရပြီးလေမှ ပန်းစုံကျောင်းသို့ ရောက်ခဲ့ရလေသည်။

## ခင်ပွန်းကြီးဆယ်ပါးနှင့် ပန်းစုံကျောင်း

ပန်းစုံကျောင်းတိုက် လေ့လာ ကြည့်ညိုမှုတွင် နိဒါန်းပူဇာအနေဖြင့် ခင်ပွန်းကြီးဆယ်ပါး ကျေးဇူးများ ကြောင်း တင်ပြရခြင်းကား...

**"ပန်းစုံ"**ဟူသော ပညတ်က **"ပန်း"** ဟူသော **ပန်း"**အတွင်း မိတ်ဆွေသော ကြောင့် ဖြစ်၏။ အတွင်းမိတ်ဖြိုဖျက်တွဲ

www.burmeseclassic.com



မင်းတော်ဘုရား

များ၏ ဂြိုဟ်သက်များ ပေါင်းကြည့်ပါက...

***

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ဦးသာ** | = | တနင်္ဂနွေ + သောကြာ | = | ၆ | + | ၂၁ | = | ၂၇ |
| **စိန်ပန်း** | = | အင်္ဂါ + ကြာသပတေး | = | ၈ | + | ၁၉ | = | ၂၇ |
| **ဒါန်းလှ** | = | စနေ + ဗုဒ္ဓဟူး | = | ၁၀ | + | ၁၇ | = | ၂၇ |
| **ကိုရှာ** | = | တနင်္လာ + ရာဟု | = | ၁၅ | + | ၁၂ | = | ၂၇ |

နဝင်းကိုက်သည်ကို တွေ့ရ၏။ သောမနဝင်းဖြစ်၏။ အကြောင်းကား သောမဂြိုဟ်များဖြစ်ကြသော တနင်္လာ၊ **ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ** ဂြိုဟ်သက်များ ပေါင်းခြင်း **၁၅+ ၁၇+ ၁၉+၂၁=၇၂** ရ၏။ ၂-၇၊ ၇-၂သည် သောမနဝင်း ဖြစ်လေသည်။

လောက၏ အပွားအစီးကို ဖြစ်စေသော အတွင်းမိတ်ဖြစ်၏။ ထို့ကြောင့် ပင် တစ်မိသားနှင့် တစ်မိသား ပေါင်းစည်းရသော အိမ်ထောင်ဖက် ရွေးချယ်ရာတွင် အထူးပြု သုံးစွဲကြကာ အိမ်ထောင်မိတ်ဟုလည်း ဆိုကြခြင်းဖြစ်၏။

ခင်ပွန်းကြီးဆယ်ပါး ကျေးဇူးမှာ လောက၏ အပွားအစီးကို ပေးစွမ်းနိုင်သည့်အပြင် လောကုတ္တရာ အကျိုးကိုပါ ဆောင်ကျဉ်းပေးနိုင်သောကြောင့် နိဒါန်းအဦးအစပြု၍ ဖော်ပြရပါသည်။

## ပန်းစုံကျောင်း ဖြစ်စဉ်တော်

ပန်းစုံကျောင်းသို့ရောက်၍ ဆရာတော် ဦးအာသဘအား ဖူးမြော်ရာ ဆယ်နှစ်ကျော်ကြာပြီ ဖြစ်သော်လည်း ကောင်း မှတ်မိဟန်ဖြင့် မိန့်ကြားသည်။

'အေးဗျာ...ဟိုတုန်းက အကြောင်း မသင့်လို့ မပြောဖြစ်ဘူး။ ပန်းစုံကျောင်းဆိုတာ စစ်မဖြစ်မီ အင်္ဂလိပ်အစိုးရလက်ထက်ပဲထင်ပါရဲ့။ အချိန်အတိအကျတော့ မသိဘူး။ မြန်မာမှု ပန်းပုလက်ရာ အမြောက်အမွန်း ကနုတ်ပန်းတွေနဲ့ တန်ဆင်ထားလို့ ပန်းစုံကျောင်းလို့ ခေါ်ခဲ့ကြတယ်။ အဲဒီကျောင်းမှာ ဆရာတော်ဦးနန္ဒ ကျောင်းထိုင်ခဲ့ပြီး ကာလရှည်ကြာတော့ ပြိုပျက်ခဲ့တယ်။

ဒုတိယဆရာတော် ဦးဣန္ဒက လက်ထက် ၁၂၈၂ ခုနှစ်မှာ အခုမြင်ရတဲ့ အုတ်ကျောင်းကို မြို့မရပ်နေ ဦးဘိုး၊ ဒေါ်တင် မိသားစု လှူဒါန်းတယ်။

၁၂၉၂ ခုနှစ်မှာ ဦးဣန္ဒက မျက်စိကွယ်လို့ ဦးဇောတိကကို တတိယမြောက်ဆရာတော်အဖြစ် လွှဲအပ်ခဲ့တယ်။ ၁၃၄၂ ခုနှစ်မှာ ဦးဇောတိက ပျံတော်မူလို့ ကျုပ်(ဦးအာသဘ)က စတုတ္ထဆရာတော်အဖြစ် တာဝန်ယူပါတယ်'




www.burmeseclassic.com

www.burmeseclassic.com



ဝိန္ဓမုဒြာရုပ်ပွားတော်



ဝိတက္ကမုဒြာ ရုပ်ပွားတော်

## ရှေးရုပ်ပွားတော်များ

ဦးအာသဘက ဆရာတော်အဆက်ဆက် ကိုးကွယ်ခဲ့ကြသည့် ရုပ်ပွားတော်များကို ညွှန်ပြပေးသည်။

ဘုရားခန်းအလယ်တွင် မကိုဋ်မှ စလွယ် ဆင်မင်းဝတ်ဘုရားတစ်ဆူ စံပယ်တော်မူသည်။ ကျောက်ဖြူသားတင်ပျဉ်ခွေ ရုပ်ပွားတော်ဖြစ်သည်။

လက်ယာဘက်တွင် **ဘိသဏ္ဍဂုရုရုပ်ပွားတော်ကို** ဖူးမြင်ရသည်။လက်ယာလက်ကိုလှန်၍ လက်ညှိုးနှင့်လက်မကြား၌ ဗီဇသစ်စေ့ (ဖန်ခါးသီး)ကို ပေးတော့မည်ဟန် ကိုင်ထားသည်။

လက်ဝဲဘက်လက်တွင် ဝါတြသပိတ် ပါရှိသည်။ ဝရဒမုဒြာဆုပေးဟန်ရုပ်ပွားတော်ဖြစ်ကာ အတတ်ပညာ လက်ဆင့်ကမ်း သင်ယူသူတို့ အထူးပြု ပူဇော်လေ့ရှိကြသည်။

ဆရာ့ထက် တော်၍ တိုင်ပေါ် အလံစိုက်သကဲ့သို့ ပညာအရာ ထူးချွန်ကျော်ကြားစေရန် သားစဉ်မြေးဆက် မပျောက်မပျက် လက်ဆင့်ကမ်းပေးနိုင်ရန် ရည်ရွယ်လေသည်။

အထူးသဖြင့် ဆေးဝါးကုသမှု အတတ်ပညာနှင့်ပတ်သက်၍ ကိုးကွယ်တတ်ကြသဖြင့် ဆေးဘုရား သို့မဟုတ် ဘေသဇ္ဇဂုရုဟုလည်း ခေါ်ဝေါ်တတ်ကြသည်။

ရှမ်းပြည်နယ် မြေလတ်ဒေသ၊ ပင်းတယ ရွှေဥမင်လိုဏ်ဂူတွင်း၌ ဤသို့ ဘိသဏ္ဍဂုရုရုပ်ပွားတော်တစ်ဆူ၏ စမ္ပခဏ်တွင် **"ဤဘုရားကို ဖူးမြော်ကြသူတိုင်း မိမိကဲ့သို့ ရောဂါဝေဒနာများ သက်သာပျောက်ကင်းပါစေ"** ဟု ကမ္ပည်းထိုးကာ ဒါယကာမှာ အီတာလျံလူမျိုးတစ်ဦး ဖြစ်လေသည်။

ထိုမှ လက်ယာဘက်တွင် လက်ဟန်မုဒြာ ထူးခြားသော ရုပ်ပွားတစ်ဆူ ကိန်းဝပ်တော်မူသည်။ လက်နှစ်ဖက်ကို ရင်ဝယ်အပ်လျက် လက်ဝဲဘက်လက်တော်မှာ လက်ခလယ်နှင့် လက်မ ထိထားဟန်နှင့် ကျန်လက်ချောင်းများ အပေါ်သို့ ထောင်ထားဟန်ရှိ၏။ **ဝိတက္ကမုဒြာရုပ်ပွားတော်** ဖြစ်ကာ အင်းဝခေတ်လက်ရာ ရောင်လျှံချွန်နှင့် ဖြစ်သည်။

ကြံစည်ဆွေးနွေးဟန်ဖြစ်၍ ဤရုပ်ပွားဆင်းတုကို ထုလုပ်ကိုးကွယ်သူသည် အကြံအစည် အောင်မြင်ခြင်း၊ ထိုးထွင်းသိမြင်ခြင်း၊ မိဟ်ကူးဉာဏ်



www.burmeseclassic.com

www.burmeseclassic.com





▲ အရှေ့အာရုံခံတွင်း ရုပ်ပွားတော်များ

◆ ဘုရားရှင်တာဝတိံသာမှ ဆင်းကြွဟန်

ဆန်းသစ်ပွင့်လင်းခြင်း၊ အဘိဓမ္မာ သဘာဝတရားကို ဟုတ်တိုင်းမှန်စွာ ပေါက်မြောက်သိမြင်ခြင်း၊ ဗဟုသုတ ကြွယ်ဝခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်း၊ ဈာန်သမာဓိ အဘိညာဉ်ရရှိခြင်း၊ တီထွင်အောင်မြင်ခြင်းစသည့် အကျိုးထူးများ ရရှိနိုင်ကြသည်ဟု ယုံကြည်ကြသည်။

**ဤရုပ်ပွားတော် ကိန်းဝပ်တော်မူသော မြို့ရွာဒေသ အိမ်ထောင်တို့တွင် ပညာရှိ သူတော်စင်များ ပေါ်ပေါက်ထွန်းကားတတ်သည်ဟု ပရိယာသိပ္ပံကျမ်းများ၌ ပြဆို၏။**

သပိတ်ပိုက်ထားသော မတ်ရပ်တော်တစ်ဆူမှာလည်း အတန်ပင် ရှေးကျသောလက်ရာဖြစ်၍ **ပတ္တမှာဏ္ဍမုဒြာဟန်တော်**ဖြစ်သည်။ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူဟန် ရုပ်ပွားတော် ဖြစ်သည်။

ဤမုဒြာဟန် ရုပ်ပွားတော်အား ကိုးကွယ်သူသည် စားသောက်ဖွယ် ပေါကြွယ်ခြင်း၊ စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝခြင်း၊ ဆုတောင်းပြည့်ဝခြင်း၊ အင်အားကြီးမားခြင်း၊ တန်ခိုး အာနုဘော်ထက်မြက်ခြင်း၊ အလိုဆန္ဒ ပြည့်လွယ်ခြင်း၊ မကောင်းသော ဂြိုဟ်အစီးအနင်းတို့မှ လွတ်ငြိမ်းချမ်းသာခြင်း စသည့် အကျိုးထူးများ ရရှိနိုင်သည်ဆို၏။

တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူမှာမူ လက်မထိပ်ဖျားနှင့် လက်ညှိုးကို ထိကာ ဖန်ခါးသီးကို ကိုင်ထားပြီး အခြား လက်ချောင်းများ ထောင်လျက် အပြင်ဘက်(ဖူးမြော်သူဘက်)သို့ လှည့်ထား၏။ **စိန္တမုဒြာဟန်တော်** ဖြစ်သည်။ တရားသဘော ရှင်းလင်းဟောပြသည့် သဘောဆောင်သည်။

ဤ မုဒြာဟန်နှင့် ရုပ်ပွားတော်အား ကိုးကွယ်သူသည် အကြံအစည်ကောင်းများ ထွက်ပေါ်ခြင်း၊ သမထပေါက်မြောက်ခြင်း၊ သိဒ္ဓိပြီးစီးခြင်း၊ တရားထူးရရှိခြင်း၊ ပညာထူးရရှိခြင်း၊ လျို့ဝှက်နက်နဲသောအတတ်များ တတ်ကျွမ်းခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း အကျိုးထူးများ ခံစားရနိုင်ကြသည်ဆို၏။

## ရွှေစေတီ

ပန်းစုံကျောင်းတွင်းရှိ ရုပ်ပွားတော်အချို့ကို ဖူးမြော်ပြီးသောအခါ ဆရာတော်ကြီးဦးအာသဘက ရွှေစေတီသမိုင်းနှင့်ပတ်သက်၍ ပြောပြသည်။ ၂၀၀၀ ပြည့်နှစ်ခန့်က ဖြစ်သည်။

ဦးအာသဘသည် နေ့စဉ် ပြုနေကျအတိုင်း ရွှေစေတီကုန်းတော်၌ တံမြက်လှည်း ဝတ်ပြုနေခိုက် အသက်(၃၅)နှစ်ခန့်ရှိသော အမျိုးသားတစ်ဦးလာရောက် ဝတ်ဖြည့် ကန်တော့ပြီးနောက် **"အခုမှ တွေ့ရတော့တယ် ဦးပဥ္စင်းရယ်"**ဟု ဆိုကာ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

အတန်ကြာမှ **"နောက် သုံး,လေးရက်နေရင် ရွှေစေတီသမိုင်း လာပို့ပေးပါမယ်ဘုရား"**ဆို၍ ပြန်သွားလေသည်။

ထို့နောက် ရက်အနည်းငယ်မျှအကြာတွင် ပန်းစုံကျောင်းသို့ ရောက်လာကာ ဗလာစာအုပ်တစ်အုပ်ပေးသည်။ **"(၇)ရက်ကြာလျှင် တပည့်တော် ပြန်ယူပါမယ်၊ ကူးထားလိုက်ပါ ဘုရား"**ဟု လျှောက်ထားသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**စံထွန်းသာ**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

''ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီ့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဖနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေ့ါပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေ့ါပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေ့ါနော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'


မင်ရင်း-မြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုန္ဒာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၄၁




www.burmeseclassic.com

www.burmeseclassic.com

သီလတန်ခိုးဖြင့် အများအကျိုး၊ သာသနာအကျိုး သယ်ပိုးခဲ့သည့်

# ဆရာကြီး ဦးဘိုးကောင်း

ဇေါ် မွေ့ဝိညာဉ်ကျင့်စဉ် (၁)

ဘုန်းကျော်စွာ (မြိုင်တက္ကသိုလ်)

ပွင့်ဖြူမြို့နယ်ဝန်းကျင် စာပေခရီးအတွက် စီစဉ်ရာတွင် စာတည်းချုပ်က စာရေးဆရာ "ဖိုးကုန်း အေးမော်" ရေးသည့် **"ဖိုးကုန်းမြို့မှ ရှပ်ခေတ်ပြုပြင်ကုသရေး မြန်မာ့အကြောပြင်ပညာရှင် ဆရာဦးအေးထွန်းနှင့် တွေ့ဆုံခြင်း"** ဆောင်းပါး မိတ္တူတစ်စောင်ပေးကာ ဆောင်းပါးတွင် ပါဝင်သော **"ဓမ္မဝိညာဉ်ကုထုံး"**နှင့် ပတ်သက်၍ လေ့လာခဲ့ပါရန် တာဝန်ပေးသည်။ တွေ့ဆုံသင့်သူအချို့ကိုလည်း အကြံပြု လမ်းညွှန်ပေးခဲ့လေသည်။

အဆိုပါဆောင်းပါးတွင် ဆရာဦးအေးထွန်းသည် "လေးဖက်နာ" ရောဂါခံစားရစဉ်က **ဆရာဦးလှသောင် (မလွန်စခန်း၊ အထက်မင်းလှမြို့နယ်)** က ပျောက်ကင်းအောင် ကုသပေးခဲ့သဖြင့် အကြောပြင်ပညာကို လေးစားပြီး ကိုယ်တိုင် ဆည်းပူးသင်ယူခဲ့သည်။


ထို့နောက် မျက်စိဆိုင်ရာအာရုံကြောလေဖြတ်ခြင်းဝေဒနာ ခံစားရပြန်သဖြင့် ဆရာဦးလှသောင်၏ ဆက်သွယ်ပေးချက်အရ...

**ဆရာဦးသန်းမောင် *(ရေပုတ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်)***

**ဓမ္မဝိဇ္ဇာ ဆရာကြီးဦးမြစံ *(ပေတောကျောင်းကုန်းရွာ၊ ပွင့်ဖြူမြို့နယ်)***

တို့ထံတွင် ကုသမှုခံယူ၍ အမြစ်ပြတ် ပျောက်ကင်းခဲ့သည်။


ထိုမှ ဆက်လက်၍ ပညာဆည်းပူးကာ ပွင့်ဖြူမြို့နယ်၊ ညောင်ပင်စောက်



ဆရာကြီးဦးဘိုးကောင်း

**ရွာရှိ ပထမ ဓမ္မဝိဇ္ဇာဆရာကြီးဦးဘိုးကောင်း၏ အိမ်တော်ဝင်းအတွင်းရှိ စင်တော်မဂ်လာတွင်... "ဝေနေယျသတ္တဝါအပေါင်းကို ကယ်တင်လျက် ကုသိုလ်လည်းရ ဝမ်းလည်းဝအောင် ဆောင်ရွက်ပါမည်"**

www.burmeseclassic.com



ဆရာကြီးဦးဘိုးကောင်း၏ နေအိမ်

ဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့သည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ်မှ စတင်ကာ ဝေဒနာရှင်များကို ကယ်တင်ကုသပေးခဲ့ကြောင်း ဖော်ပြထားလေသည်။

## တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သူများ

ဤသို့ဖြစ် ပွင့်ဖြူမြို့နယ်၊ ပေတောကျောင်းကုန်းရွာနေ ဆရာကြီး ဦးမြစ်စံ၏ ချွေးမဒေါ်ဖြူဥ၊ ညောင်ပင်စောက်ကျေးရွာနေ ပထမဆရာကြီး ဦးဘိုးကောင်း၏သမီးငယ် ဒေါ်ပြုံးကြည်၊ ရေပုတ်ကျေးရွာနေ ဆရာဦးသန်းမောင်၊ ရန်ကုန်–စမ်းချောင်း စက်သုံးဆီအရောင်းဆိုင်အနီးနှင့် ပဲခူးဥသာမြို့သစ်တို့တွင် ကုသခန်းဖွင့်ထားသော ဆရာမဒေါ်စီစီတို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့လေသည်။

## ပေတောကျောင်းကုန်းရွာတွင်

ပွင့်ဖြူမြို့မြောက်ဘက် သုံးမိုင်ခန့်အကွာ "ရှောက်တော"ကျေးရွာမှ အနောက်ယွန်းယွန်း၊ (၆)မိုင်ခန့်တွင် ပေတောကျောင်းကုန်းရွာရှိ ဆရာကြီး ဦးမြစ်စံ၏နေအိမ်သို့ ရောက်သောအခါ ချွေးမတော်သူ ဒေါ်ဖြူဥက သူသိသမျှ ပြောပြသည်။

ဆရာကြီးဦးမြစ်စံမှာ (၃–၃–၂၀၀၅) ရက် ကြာသပတေးနေ့တွင် ကွယ်လွန်ခဲ့၍ ကွယ်လွန်ချိန်၌ အသက်(၈၅)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ဆရာကြီးဦးမြစ်စံသည် ငယ်စဉ်က လူပေလူရွှတ်ဖြစ်သော်လည်း ဒေါ်စိန်မယ်နှင့် အိမ်ထောင်ကျပြီးနောက်ပိုင်းတွင် ဆရာကြီးဦးဘိုးကောင်းထံ တပည့်ခံယူကာ ဆည်းပူးကျင့်ကြံခဲ့ရာ ပညာသင်ဖက်(၆၀)ဦးခန့်အနက် တစ်ဦးတည်းသော ဆရာ့အမွေခံ **ဒုတိယ ဓမ္မဝိဇ္ဇာဆရာကြီး** ဖြစ်လာခဲ့သည်ဆို၏။

ပထမ ဓမ္မဝိဇ္ဇာ ဆရာကြီးဦးဘိုးကောင်းမှာမူ မိမိနှင့် ဆရာကြီးဦးမြစ်စံ၏သားဖြစ်သူ ဦးအောင်ထွန်းတို့ အိမ်ထောင်ပြုသောအချိန် (၁၃၄၃)ခုနှစ်မတိုင်မီကပင် ကွယ်လွန်ခဲ့သဖြင့် မတွေ့မမြင်ဘူးကြောင်း ပြောပြသည်။

ဆရာကြီးဦးမြစ်စံရှိစဉ်ကာလ ဆရာကြီး၏ ဩဝါဒခံယူရန် လာရောက်ကြသည့် တပည့်များနေ့စဉ် မပြတ်ရှိကာ သကြံန်ရက်များတွင် ရပ်ဝေးမှ တပည့်များက ကားကြီးကားငယ်များဖြင့် စုဝေးရောက်ရှိလာလေ့ ရှိကြသည်။

**ဆရာကြီး၏ ဆုံးမဩဝါဒစကားများ နာကြားခံယူကြပြီးနောက် ပထမဆရာကြီး ဦးဘိုးကောင်း၏ ဂူဗိမာန်သို့ သွားရောက်ဂါရဝပြုခြင်း၊ ဦးဘိုးကောင်း၏ နေအိမ်ရှိ စင်တော်မော်ကလာတွင် ဓာတ်ပုံရိုက်ကူးခြင်း စသည် ဆောင်ရွက်ကြကြောင်း ပြောပြသည်။**

ဆရာကြီးဦးမြစ်စံ၏ သားသမီးများမှာ မိရိုးဖလာ တောင်သူလုပ်ငန်းကိုသာ ဖောက်ချလုပ်ကိုင်၍ ကိုယ်ကျင့်သီလများကို စောင့်ထိန်းကြသော်လည်း

www.burmeseclassic.com



ဆရာကြီးဦးဘိုးကောင်းနှင့် ဇနီး ဒေါ်အေးတင်

ဝေဒနာကာယ ကာယ်မခြင်း၊ ပညာအဲမွေကို ဆက်ခံခြင်းမရှိကြဟု ဆိုလေသည်။

"**မွေ့ဗိဿာဦး**"ကျင့်စဉ်နှင့် ပတ်သက်၍ မိမိသည်လည်း မသိရှိ၊ မလေ့လာမိပါဟု ပြောကြား၏။ အိမ်ခန်းအတွင်း၌ ဆရာကြီးဦးမြစံ၏ ဓာတ်ပုံအချို့နှင့် ဆရာကြီးဦးဘိုးကောင်း၏ ဩဝါဒစာသားများ ချိတ်ဆွဲထားသည်ကို တွေ့ရသဖြင့် မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

မျက်တွေ့လက်တွေ့ ငြိမ်းချမ်းရေး

- အာသဝေါ ဘယ်မှာနေ အာရုံဆိုးမှာနေ
- အာသဝေါ ဘယ်မှာရှုပ် ခန္ဓာငါးပါးမှာရှုပ်
- အာသဝေါ ဘယ်လိုမွေ့ ပြုချင်၊ မခံချင် ချစ်မုန်းခြင်းနဲ့မွေ့
- အာသဝေါ ဘယ်လိုသတ် ဗိဿနာ အာရုံ ကောင်းနဲ့သတ်
- အာသဝေါ ဘယ်လိုနေ နှလုံးရှုထဲမှာ မပေါ်တော့ပေ
- အာသဝေါ ကုန်လို့ အမြင်မှန် မင်္ဂဖိုလ်လမ်း အမှန်
- ဖိုလ်ထွက်လို့ မဖျိုမ မျက်တွေ့လက်တွေ့ ငြိမ်းအေး၏

**ရွှေဘိုဆရာကြီး**

***(ညောင်ပင်စောက်ရွာ)***

ဆရာကြီးဦးဘိုးကောင်းမှာ ရှောက်တောရွာ၏မြောက်ဘက် တစ်မိုင်အကွာခန့်တွင် ရှိသော "**ရွှေဘိုရွာ**" **ဇာတိ**ဖြစ်၍ ရွှေဘိုဆရာကြီးဟု တွင်ခြင်းဖြစ်သည်။ **(ရွှေဘိုရွာတွင် စေတီကြီးတစ်ဆူ ကိန်းဝပ်တော်မူသည်။ မန်းစက်တော်ရာ ပါဒစေတီမှ ပွဲထွက်လာသော ပါဒစေတီ အပိုင်းအစငယ်ကို အခြားသော သရီရဓာတ်တော်များနှင့်အတူ ဌာပနာပြုကာ ပြန်လည်မွမ်းမံ တည်ဆောက်ထားသဖြင့် ရွှေဘိုစေတီ ဟူသော မူလဘွဲ့မည်အပြင် "တတိယ မုန်းစက်တော်ရာစေတီ"ဟုလည်း ဘွဲ့မည်တွင်၏။**


**ရေလည်ရွာကျောင်း ဆရာတော်ကြီး ဦးပညာသီလ ဦးစီးတည်ဆောက်ခဲ့ခြင်းဖြစ်၏။ လွန်ခဲ့သော(၆)နှစ်က စာတည်းချုပ်က တာဝန်ပေးသဖြင့် ယင်းစေတီအား သွားရောက် ပူဇော်ကာ ဘုရားဖူးလမ်းညွှန် ဆောင်းပါး ရေးသား ဖြစ်ခဲ့ဖူးပါသည်။)**

ဆရာကြီးဦးမြစံနှင့် ပတ်သက်၍ ထူးခြားစွာ သိရသည်မှာ စာပေလုံးဝ တတ်ကျွမ်းခြင်း မရှိသော်လည်း သီလာနုသသတိကမ္မဋ္ဌာန်း ပေါက်မြောက်ပြီးသောအခါတွင် ဆရာတော်များ မေးမြန်းသမျှ ဘဝင်ကျအောင် ဖြေကြားနိုင်ခဲ့သည်ဟု ဆိုလေသည်။




www.burmeseclassic.com

www.burmeseclassic.com




◆ ဦးတိုးကောင်းကျင့်ကြံအားထုတ်ခဲ့ရာ တဲကလေး

◆ ဦးတိုးကောင်း၏ ရုပ်ခန်းတွဲချုပ်



www.burmeseclassic.com

www.burmeseclassic.com





◀ ဦးဘိုးကောင်း၏သမီးငယ် ဒေါ်မြနု်ကြည်

◀ ဆရာကြီးဦးဘိုးကောင်း၏ ပြဇာ

## ဓမ္မဝိဇ္ဇာကျင့်စဉ်

ပေတောကျောင်းကုန်းရွာ၏ အရှေ့မြောက်ယွန်းယွန်း (၂)မိုင်ခန့်အကွာ ရေပုတ်ကျေးရွာတွင် ဝေဒနာရှင်များအား ကယ်မပေးနေသည့် **ဆရာဦးသန်းမောင်(ဂူဒွန်စ်)၊** ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ကုသခန်း ဖွင့်လှစ်ထားသော **ဆရာမဒေါ်စီစီ၊** ဆရာကြီးဦးဘိုးကောင်း၏ သမီးထွေး ဒေါ်ပြန်ကြည်နှင့် မြေးအချို့ထံမှ လေ့လာသိရှိရသမျှ စုပေါင်းကာ ဓမ္မဝိဇ္ဇာကျင့်စဉ်နှင့် ပတ်သက်၍ ယေဘုယျအားဖြင့် ဤသို့ သိရ၏။

**ဝိဇ္ဇာ**= သိခြင်းဖြစ်၍ ဓမ္မကိုသိခြင်း၊ တရားထူးသိမြင် ပေါက်မြောက်အောင် ကျင့်ကြံခြင်း ဖြစ်သည်။ ဤသို့ ကျင့်ကြံရာ၌ သမထကမ္မဋ္ဌာန်း(၄၀)အနက်၊ အနုဿတိကမ္မဋ္ဌာန်း(၁၀)ပါးတွင် ပါဝင်သော **"သီလာနုဿတိ"** ကမ္မဋ္ဌာန်းကို အဓိက အားပြုလေသည်။

စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးသော သီလဂုဏ်ကို စွဲမြဲစွာအောက်မေ့ရခြင်း ဖြစ်သည်။ ဤသို့ မပြတ်သော သတိဖြင့် အစဉ်အမြဲ စွဲမြဲစွာအောက်မေ့ခြင်းဖြင့် တရားကိုသိသူ ဓမ္မဝိဇ္ဇာအဖြစ် ရောက်ရှိရသည်။

သီလာနုဿတိ ကမ္မဋ္ဌာန်းအတွက် အောက်ပါ အခြေခံကျင့်ဝတ်(၁၇)ချက်ဖြင့် ကျင့်သုံးကြသည်ကို တွေ့ရ၏။

၁။ မသတ်ခြင်း၊
၂။ မခိုးခြင်း၊
၃။ (အိမ်ရာ) မကျူးကျော်ခြင်း (ကာမေသုမိစ္ဆာစာရကံ)၊
၄။ မလိမ်ခြင်း၊
၅။ မူးယစ်သေစာ မသောက်စားခြင်း၊
၆။ ရှက်အောင် မလုပ်ခြင်း၊
၇။ ကြောက်အောင် မလုပ်ခြင်း၊
၈။ နာအောင်မလုပ်ခြင်း(ကာယကံညှဉ်းပန်း နှိပ်စက်ခြင်း)၊
၉။ သေအောင်မလုပ်ခြင်း (ပါဏာတိပါတကံ

www.burmeseclassic.com

မကျူးလွန်သော်လည်း ဗိဗိယောဂ မကောင်းသော သေကျေးမှုကိစ္စရခြင်း။)

၁၀။ ကိုယ်ဖြင့် ရိုသေခြင်း (ကိုယ်၊ နှုတ်အမူအရာဖြင့် အလေးအမြတ်ရှိခြင်း)

၁၁။ ကိုယ်ဖြင့် ကိုင်းရှိုင်းခြင်း (ကိုယ်နှုတ်အမူအရာဖြင့် လေးစားမှုကို ပြသခြင်း)။

၁၂။ စိတ်ဖြင့် ရိုသေခြင်း(စိတ်အားဖြင့် လေးစားခြင်း)။

၁၃။ စိတ်ဖြင့် ကိုင်းရှိုင်းခြင်း (စိတ်အားဖြင့် လေးစားမှုကို ပြသခြင်း)

၁၄။ ကိုယ်ပြအနိုင်မယူခြင်း(မိမိ၏ ငွေဂုဏ်၊ ရာထူးဂုဏ်၊ ဆွေမျိုးဂုဏ်စသည်တို့ကို အကြောင်းပြု၍ အနိုင်မယူခြင်း)၊

၁၅။ အနိုင်မပြောခြင်း (သူတစ်ပါး နာသာခံခက်ဖြစ်အောင် အနိုင်အထက်မပြောခြင်း)။

၁၆။ အနိုင်မဟောခြင်း (ရှေ့ဖြစ်နောက်ဖြစ် မှန်းဆခြင်း လူအများနှင့် ပြောဆိုခြင်းတို့၌ အနိုင်အထက်မပြောခြင်း)

၁၇။ အနိုင်မပြုခြင်း(မနိုင်၍ သည်းခံရခြင်းမဟုတ်သော ခွန့်တရားထားခြင်း)

ဤကျင့်ဝတ်များကို ဆရာက တားမြစ်ထားခြင်း မဟုတ်ဘဲ ဆရာဖြစ်သူက သူကျင့်ကြံပုံကို ကြုံတွေ့ရသော ဖြစ်စဉ်များနှင့် ပြန်လည် ပြောပြခြင်းသာဖြစ်ကာ တပည့်၊ ပညာယူသူက အတုယူစောင့်ထိန်းရခြင်းဖြစ်သည်။

ဂိုဏ်းဂဏအစွဲမရှိ။ ကိုးကွယ်ယုံကြည်မှု ဘာသာတရားအရလည်း တားမြစ်ခြင်း မရှိပါ။ မည်သည့်အယူအဆ၊ ဘာသာဝင်ဖြစ်စေ လိုက်နာကျင့်ကြံနိုင်သည်။

မိမိ၏စိတ်ကို ပိုင်နိုင်၍ ထိန်းသိမ်းသော သီလကျင့်ဝတ်မပေါက်၊ မကျိုး၊ မကြား မပြောက် ဟူသော အခြေအနေကို မိမိကိုယ်တိုင်သာ သိရှိ လိုက်နာရသည်။

ဆရာဖြစ်သူက ကျင့်ဝတ်ဖောက်ဖျက်သောကြောင့် သတိပေးခြင်း၊



ဦးဘိုးသောင်း အထိမ်းအမှတ်ကျောက်တိုင်


ဆုံးမခြင်းပြုလေ့ မရှိ။ မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်သည်။

ဒေါ်စိုးစီက သူ (၂၇၊၂၈)နှစ်အရွယ်တွင် တူမဖြစ်သူ ပိုလီယိုရောဂါကို ဆရာဦးလှသောင်ထံ ပြသကုသခဲ့ရာ ပျောက်ကင်းခဲ့သဖြင့် အထူးစိတ်ဝင်စားကာ စတင် ဆည်းပူးစဉ်က ဘာသာခြားကချင်တိုင်းရင်းသူတစ်ဦး ဖြစ်သည်။

ဆရာဦးလှသောင်မှတစ်ဆင့် ဆရာကြီးဦးမြစံနှင့် တွေ့ဆုံကာ ဩဝါဒခံယူကျင့်ကြံခဲ့ရာ (၅)နှစ်ခန့်အကြာ ၁၉၉၀ ပြည့်နှစ်(အသက်၃၂နှစ်)တွင်မှ စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးသော သီလကျင့်ဝတ်ကို စွဲမြဲစွာ အောက်မေ့နိုင်ကာ ဝေဒနာရှင်များကို စတင်ကယ်မပေးခဲ့သည်။

ယင်းနောက်တွင် ဗုဒ္ဓဘာသာဝင်အဖြစ် မိမိစိတ်သန္တာန်အတွင်းမှ စွဲနှစ်စွာ ယုံကြည်သက်ဝင်ခဲ့သည်ဟု ပြောပြသည်။

www.burmeseclassic.com



◆ ကျောက်တိုင်အခြေမှ ကမ္ပည်း

## ဝေဒနာကုသခြင်း

ဝေဒနာကုသရာ၌ အကြောပညာ၊ ဆေးပညာတို့ဖြင့် ကုသပေးခြင်း မဟုတ်ပါ။ စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးသော သီလကို သစ္စာဆိုကာ ဆိုင်ရာ ဝေဒနာများ သက်သာပျောက်ကင်းပါစေဟု အဓိဋ္ဌာန်ပြု မေတ္တာပို့သပေးခြင်းဖြစ်သည်။

ဤတွင် ပထမဓမ္မဝိဇ္ဇာဆရာကြီး ဦးဘိုးကောင်း၏ဖြစ်စဉ်မှ စတင် ရှင်းပြပါမည်။

ဆရာကြီး ဦးဘိုးကောင်းသည် အိမ်ထောင် သုံးဆက်ရှိခဲ့သည်။ ပထမ အိမ်ထောင်ကား ဒေါ်မယ်ဆံဖြစ်သည်။ မိဘများက လူကြီးချင်းပြောဆို လက်ဆက်ပေးခဲ့သော်လည်း ချစ်ခင်ကြင်နာစွာ ပေါင်းသင်းခဲ့သည်။

သို့သော် ထိုဇနီးသည် အိမ်တွင်းမှု လုပ် သိမ်းထုပ်သေချာခြင်း မရှိခဲ့ချေ။ ဥစ္စာဓနများကို မိမိ၏ မိဘဆွေမျိုးများအား ခိုးဝှက်၍ ပေးကမ်းလေ့ရှိသည်။ ပြောဆိုဆုံးမ၍ မရသည့်အတိုင်း ကွာရှင်းခဲ့သည်။

ဒုတိယအိမ်ထောင်မှာ ဒေါ်မွေးအေး ဖြစ်သည်။ ဦးဘိုးကောင်းနှင့် အကျင့်စရိုက် စပ်အပ်ပေါင်းစည်း၍ ရသည်။ သီလကို စင်ကြယ်အောင် ထိန်းနိုင်သည်။ သို့သော် သေကွဲ ကွဲခဲ့ပြန်သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)**

### စာရှုသူများသို့ ပန်ကြားလွှာ . . .

ကျွန်တော်၏ နယ်လှည့်အယ်ဒီတာအား တာဝန်ပေး၍ လေ့လာ စုဆောင်းမိသမျှမှာ ဤမျှသာ ဖြစ်ပါသည်။ မြန်မာပြည်အရပ်ရပ်မှ ဓမ္မဝိဇ္ဇာဆရာကြီး ဦးဘိုးကောင်း၏ တပည့်များမှ ကွက်လပ်ဖြစ်နေသော ကွင်းဆက်များအား တတ်နိုင်သမျှ ဖော်ထုတ်တင်ပြပေး၍ မှတ်တမ်းတင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းမှူး
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဖောင်းပါး

•••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမလိုတဲ့ ••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက် နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ ထိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ သွေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထို၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်တပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကျွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှုးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆက်နွှယ်ရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဦးနှောက်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ–ဝ၂၉၁၇) ဖုန်း–ဝ၉–၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**


**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉ဝ၆၃ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆန်များ

ဥက္ကာမိုးဝင်း

မုတ္တမမြို့တောင်

# ကမ္ဘာလုံးကျောင်းမှ

## ထူးခြားဝစ္စည်းများ

ပခုက္ကူ-မော်လမြိုင် အဝေးပြေး ယာဉ်ပေါ်တွင် ကြုံဆုံရသည့် ခရီးဖော် ဆရာတော်ဦးဝဏ္ဏိတက သူ သီတင်း သုံးတော်မူသည့် မုတ္တမ၊ ဝါရီရှရပ်ကွက် ကမ္ဘာလုံးကျောင်းသို့ အခွင့်သင့်က လာရောက်ပါရန် ဖိတ်မန္တက ပြုတော်မူ သဖြင့် **မုတ္တမတောင်ထက်မှ ရုပ် ကလာပ်တော် မပုပ်ပျက်သည့် အောင်သိဒ္ဓိဆရာတော်အား ပူဖော်**



အကြီးချဲ့မြင်ရသည့် ကျောက်ဆန်စေ့များ





www.burmeseclassic.com


www.burmeseclassic.com



မိကျောင်းစွယ်



မျောက်သလပွ ဦးခေါင်းခွံ



တွေ့ထားသည့်ဟန် နောက်ဆုံးမှ ငါးဥကိုကို ပြက်နေပုံ

ပြီး အပြန်တွင် ကျောင်းသို့ ဝင်ရောက်ခဲ့သည်။

ဆရာတော်က ထူးခြားသော ပစ္စည်းအချို့ကို ထုတ်ပြပေးသဖြင့် မှတ်တမ်းပြုဖြစ်သည်။

## ကျောက်ဆန်

သဘာဝဆန် အရွယ်အစားအတိုင်းဖြစ်သော်လည်း ငစိန်၊ ငြှိမ့်မထ၊ ပေါ်ဆန်းမွှေး စသည့် ဆန်အမျိုးအစားကွဲသကဲ့သို့ ပုံစံအမျိုးမျိုး ပါဝင်နေသည်ကို တွေ့ရသည်။ အရောင်ကား အနက်ရောင်ဖြစ်သည်။

နှစ်ကာလ ကြာရှည်စွာ သိမ်းထားပါက ဆန်များ အောက်သကဲ့သို့ မွ၍ဆန်လုံး ပျက်နေသည်ကို တွေ့ရသည်။ ဆန်တစ်စေ့ကို ကြိတ်ဝါးကြည့်ရာ ကျောက်ခဲအပွကို ဝါးရသကဲ့သို့ ရှိ၏။ အနံ့အသက် မရှိပါ။

ကျောက်ဆန်ကို ရေပုပ်နှင့် ချက်ပါက စား၍ရသော ထမင်းသဖွယ် ဖြစ်လာသည်။ အာဟာရသိဒ္ဓိမြောက်သည်ဆို၏။

ရေပုပ်ကို ဖင်းကျိုက်တောင် မြောက်ဘက်ရှိ မင်းတစ်ရာ့တစ်ပါးတောင်တွင် တွေ့ရှိနိုင်သည်။ ထိုရေတွင် ယင်ကောင် ဏလောင်းလောင်းနေသည်ဆို၏။


ကျောက်ဆန်ကို အမှုန့်ပြုကာ ပျားရည်နှင့်တေ၍ ဆန်ထမင်း ရေခန်းချက်ရာ၌ ရော၍ ချက်ပါက ခရမ်းရောင်ထမင်းများ ဖြစ်လာ၏။ ထိုထမင်းကို စားလျှင် အချိန်အတိုင်းအတာ တစ်ခု





www.burmeseclassic.com

www.burmeseclassic.com



◆ တောဆိတ်ချို

အထိ မဆာလောင် . အစာမစားဘဲ နေနိုင်သည်ဟု မိန့်ကြားသည်။ ဆန်နို့ဆီဘူး(၄)ဘူးစာအတွက် ကျောက်ဆန်အမှုန့် ကော်ဖီဇွန်းတစ်ဇွန်းမျှ သုံးရသည်။

'ကျိုက္ကရောမြို့နယ် သီဟိုဠ်စမ်းတောရ ဦးပဥ္စင်းကလေး ဦးကဥ္စာ ပြောဖူးတယ် ဘုရား။ ကျောက်ဆန်တော့ မဟုတ်ဘူး။ နန္ဒင်းနက်ကို ထမင်းချက်ရမှာ ရောချက်ရင် ခရမ်းရောင်ထမင်းတွေ ဖြစ်သွားတယ်။

အဲဒါကို ဘုဥ်းပေးပြီးနောက် ဆာလောင်မှု မရှိတော့ဘူးတဲ့။ ရက်တွေ ကြာလာတော့ ဒါယိကာမတွေက ဦးပဥ္စင်း ဘာမှ မစားဘူး။ ကြာရင် ပျံတော်မူလိမ့်မယ်ဆိုပြီး ငိုငိုရယ်ရယ်နဲ့ အတင်းအဓမ္မ စားခိုင်းလို့ ဆွမ်းဖြူနည်းနည်း ဘုဥ်းပေးမိတာ မနေနိုင်အောင် ဆာလောင်ပြီး နာရီဝက်တစ်ကြိမ် ဘုဥ်းပေးရတော့တယ်လို့ လွန်ခဲ့တဲ့ (၁၅)နှစ်လောက် ပြောခဲ့ပါတယ်'

'ကျောက်ဆန်ထမင်းကတော့ ဒီလို မဖြစ်ဘူး။ မစားဘဲ နေနိုင်တယ်။ မဖြစ်မနေ တစ်ခုခုစားရရင်လဲ စားလို့ ဝင်တယ်။ မုန့်ပဲသရေစာ စားသလိုပါပဲ။ မူလအာနိသင် မပျောက်ပါဘူး။ ဘုန်းကြီးကိုယ်တိုင် ဘုဥ်းပေးပြီးပါပြီ'

ကျောက်ဆန်ကို မုတ္တမ တောင်ရိုး ကျိုက္ကလွန်ပွန်းစေတီ ကုန်းတော်အနီး တစ်ပိုက်တွင် တွေ့ရှိနိုင်သည်။ တစ်ရက် ကြို့တင်၍ တောင်ပိုင်နတ်မင်းနှင့် အစောင့်အရှောက် ပုဂ္ဂိုလ်များအား မေတ္တာပို့ အမျှပေးဝေကာ အိပ်မက် နိမိတ် တောင်းခံရသည်။

အိပ်မက်တွင် သူတို့ ညွှန်ပြသော နေရာသို့ သွားရောက် ရှာဖွေရရှိနိုင်သည်။ မြေကြီးပေါ်တွင် တစ်စေ့ချင်း ကောက်ယူ စုစည်းရသည်။ မြေအောက်သို့ တူးဆွကြည့်သော်လည်း ကျောက်ဆန်ကို မတွေ့ရဟု ဆိုသည်။

**အတာသင်္ကြန်ကာလပြီး၍ နှစ်ထမ်း တစ်ရက်နေ့ ရောက်သောအခါ ကျောက်ဆန်ကို သပိတ်ထဲတွင် ထည့်၍ နံနက်အချိန် ဘုရားရှင်အား ရည်စူး ဆက်ကပ်ခြင်းဖြင့် ထိုနှစ်တစ်နှစ်တာ အတွက် စားနပ်ရိက္ခာ ပွလုံလောက်စေ သည်ဟု သိရသည်။**

## မိကျောင်းစွယ်

မိကျောင်းစွယ်သည် မိကျောင်း သည်းခြေကဲ့သို့ ဆေးဖက်ဝင်သည်။ မိကျောင်းတစ်ကောင်လုံးတွင် အစွယ်၊ သည်းခြေနှင့် သားရေကိုသာ ဆေးသုံး လေ့ရှိသည်။

မိကျောင်းစွယ်ကို မျက်စိနာ၊ တိမ်စွဲ နာများ၊ ဦးခေါင်းယည်းခဲများ၊ ကိုယ်ခန္ဓာ အတွင်းပူလောင်ခြင်း၊ အဆိပ်အမျိုးမျိုး သင့်ခြင်း၊ ကျောက်၊ ဝက်သက်နာတို့ ချမ်းသာစေကြောင်း အရှင်နာဂသေန၏ ပုံပြ သားငါးကျေးငှက် ဆေးအဘိဓာန် ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း စာမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



◆ နှင်းမြွေရွက်

◆ နှင်းမြွေဥ





www.burmeseclassic.com

www.burmeseclassic.com



◆ အရိုးဆက်အရွက်

(၁၆၅)တွင် ပြဆို၏။ စာမျက်နှာ(၁၆၇)တွင်လည်း…

'မီကျောင်းသားရေကို ဖိနပ်ပြုလုပ်၍ စီးခြင်းဖြင့် မျက်စိရောဂါ သက်သာပျောက်ကင်းစေ၏။ လိပ်ခေါင်းရောဂါတွင် မီကျောင်းသားရေအခြောက်ကို ရေနှင့် သွေး၍ သုတ်လိမ်းပေးခြင်းဖြင့် လိပ်ခေါင်းတွန့်ရုံ၍ ပျောက်ကင်းချမ်းသာ၏'

ဟု ဖော်ပြထားသည်။

## မျောက်ဥက္ကောင်း(ဦးခေါင်းခွံ)

မျောက်လေမွေ ဦးခေါင်းခွံဖြစ်သည်။ ယင်းသည် ရှဉ့်အရွယ်သာရှိသည့် သေးငယ်သော မျောက်တစ်မျိုးဖြစ်သည်။ ဆေးဖက် အာနိသင်အနေဖြင့် အခြား မျောက်မျိုးများထက် ပိုမိုထက်မြက်၏။

မျောက်ဦးခေါင်းခွံကို ဒူးရင်းစေ့နှင့်တွဲ၍ ဆန်ဆေးရည်နှင့် သွေးလိမ်းသော်မိန်းမများ အဖောရောဂါမှ လွတ်ကင်း၏။ သူငယ်နာပျောက် ဆေးများတွင်လည်း သုံးသည်ဟု **သားငါးကျေးငှက်အဘိဓာန် ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း စာမျက်နှာ(၁၇၃)၌** ဖော်ပြထား၏။

တွေ့ရသော ဦးခေါင်းခွံမှာ နောက်စေ့ဘက်၌ သွေးထားဟန်ဖြင့် ငါးပုံတစ်ပုံခန့် ပေါင်မုန့်ထက်ခြမ်း လိုးထားသကဲ့သို့ တိတိရိရိ ရှိနေသည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က အိပ်မက်ထဲမှာ ရှဉ့်အရွယ် မျောက်ကလေးတစ်ကောင်၊ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးရဲ့ ပခုံးပေါ်ခုန်လိုက်၊ ခေါင်းပေါ်တက်လိုက်နဲ့ ခုန်ပေါက်ဆော့ကစားနေတာ တွေ့ရတယ်။ (၁၀)နှစ်အကြာမှာ ဒီခေါင်းခွံကို အလှူခံရတယ်'

ဟု ဆရာတော်က မိန့်ကြား၏။

## တောဆိတ်ချို

တောဆိတ်အမချိုဖြစ်သည်။ သွေးလေခဲသောအနာ၊ ဒဏ်ရာ၊ ပါးနာ၊ သလိပ်ပွားသောအနာ၊ စမြင်းဒေါသခံသောအနာ၊ အရိုးကျိုးခြင်းတို့ကို အကျိုးပြု၏။

အရိုးကျိုးရာတွင် ယင်းကို သွေး၍ လိမ်းပေးလျှင် အလွန် လျင်မြန်စွာပြန်ဆက်စေသည်။ **သူငယ်နာကုပ်ကျိုးရောဂါ**ကို တောဆိတ်ချိုကို ဆန်ဆေးရည်နှင့် သွေး၍ ရင်ဘတ်မှ အထက်သို့ မျက်နှာတိုင်အောင် လိမ်းပွတ်ဆွဲတင်ပါ။

သူငယ်၏ ဦးခေါင်းနောက်စေ့မှ စ၍ ကျောဘက်သို့လည်း သပ်ချပေးပါ။ သူငယ်နာကုပ်ကျိုးရောဂါ ပျောက်သည်။

မုတ္တာရောဂါ

တောဆိတ်ချိုကို ဆန်ဆေးရည်နှင့် သွေးလိမ်းပါ။ ပို၍ အစွမ်းထက်လိုလျှင် **စိန်ဖြူ၊ စိန်နီ၊ ဒုတ္တာ၊ မြင်းသီလာ၊ ဆေးခန်းနှင့် နှင်းပန်းဖြူ၊ နှင်းပန်းဥ၊**

www.burmeseclassic.com



မြစ်ပျံ့ဂမုန်းရွက်များ

**စစ်တုံမြစ်၊ ရွှေကောင်း။ ပိတ်ချင်း။ တောဆိတ်ချိုး** (၁၆)ပါး အမှုန့် အမှုန့် ပြု သံပရာရည်နှင့် ကြိတ်။ ကလေး လူကြီး မှတ္တဖြစ်ရာတွင် လိမ်းပေးပါ။ လူကြီးဖြစ်လျှင် စုတ်ဖြင့်လည်း ထိုးပါ။ **(သားငါးကျေးငှက် အဘိဓာန် ဆဋ္ဌမတွဲ၊ ပထမပိုင်း၊ စာမျက်နှာ ၁၂၇-၁၂၈)**

## မြစ်ပြန်ဂမုန်း

မြစ်ပြန်ဂမုန်းဟုလည်း ရေးသားသုံးစွဲသည်။(အမြစ်မကြီး) ဥမှ အမြစ်ဖွာကလေးများ အထက်သို့ အပြန်ညွှန်ကာ ထွက်၏။

အမြစ်တို့၏ သဘာဝ မြေအောက်သို့ ညွှန်မြဲဖြစ်သော်လည်း ထိုဂမုန်းအမြစ်က အထက်သို့ ညွှန်နေသဖြင့် **မြစ်ပြန် (ပြောင်းပြန်ရှိသောအမြစ်)** သို့မဟုတ် **မြစ်ပျံ့(ကောင်းကင်သို့ ပျံ့နေဟန်အမြစ်)**ဟု ခေါ်ဆိုခြင်းဖြစ်သည်။

အရွက်သည် နနွင်းရွက်နှင့် တူ၍ အမြစ်ဥကို ဖော်ကြည့်မှသာ ထင်ရှား၏။

တန်ပြန်ကောင်းလှသည်။ နေအိမ်ဂေဟာတွင် မြေသန့်ဖြင့် စိုက်ပျိုးကာ အိမ်မျက်နှာစာ အနည်းငယ်မြင့်ရာ၌ ထားပေးရသည်။

သူတစ်ပါး မကောင်းမကြံစည်နိုင်၊ မသန့်သောမြေ၊ မသန့်သော အစီအရင်၊ အတိုက်အခိုက်၊ လက်ဝဲဆိုင်ရာ ပညာရပ်များကို ဖျောက်ဖျက်ပေးနိုင်စွမ်း ရှိသည်။

### တန်ပြန်ဆေး

တောရှောက်ဆူး၊ မောက်ဒွိတောဆူးနှင့် မြစ်ပျံ့ဂမုန်းဥ ဆတူရောကာ အမှုန့်ပြု၊ ဝိဇ္ဇာခရေနယဆိုင်ရာ ဝေဒနာများနှင့် ရတနာသုံးပါးနှင့် ဆန့်ကျင်သော မိစ္ဆာပညာရပ်များအတွက် တန်ပြန်မျက်စဉ်းအဖြစ် သုံးနိုင်သည်။

ဆေးမှုန့်ကို ရေသန့်တွင် ဖျော်၍ အနည်ကျစေပြီးနောက် ရေကြည်ကို မျက်စဉ်းခတ်ရသည်။ ရောဂါဝေဒနာတစ်စုံတစ်ရာ ခံစားရစေရန် စိတ်နှလုံး ညှိုးချုံးစေရန် ပြုမူထားသည့် ကာယကံရှင်ကိုယ်တိုင် သူ ပြုသမျှဒဏ် သူသာလျှင် ခံစားရစေ၏။

### မြေသြဘာ

မြစ်ပျံ့ဂမုန်းဥကို အဆောင်ပြုပါက လမ်းခရီး မြေ၊ ကင်း စသည့် အဆိပ်ရှိ သတ္တဝါများ ရှောင်ရှားကြသည်ဟု မုံရွာ မဟာလယ်တီတိုက်မှ အရှင်သီလာစာရက မိန့်ကြားတော်မူခဲ့သည်။


ကောင်းစွာ ခြောက်သွေ့စေ၍ ဂျုန်ရုပ် ထုကာ ဆောင်နိုင်လျှင် ပို၍အစွမ်းထက်စေသည်ဟု သိရသည်။

## နနွင်းဖြူ

အရွက်တွင် အဖြူရောင်အနားပတ်လည် ပါရှိသည်။ အမြစ်ဥမှာ ဖြူ၍

www.burmeseclassic.com

www.burmeseclassic.com



မြစ်ပုံနှာမှုန်ညွှာမြစ်

နွှင်းနံ့ရ၏။ နေအိမ်တွင် မြေသန့်ဖြင့် စိုက်ပျိုးထားခြင်းဖြင့် သူခိုးဓားပြနှင့် မကောင်းကြံသူများ ဘေးမှ ကင်းဝေးစေသည်။ ဦးဝဏ္ဏတကက ဤသို့ မိန့်၏။

'ဘုန်းကြီးရဲ့ ဒကာ ဦးခင်မောင်တဲ့ နွှင်းဖြူမျိုးယူပြီး အိမ်မှာ စိုက်ထားတယ်။ လအတော်ကြာတော့ သူတို့နဲ့ စီးပွားပြိုင်ဘက် သူငယ်ချင်းက အကြောင်းစုံ ပြောပြပြီး ဝန်ချတောင်းနေတယ်။

သူလဲ ခင်မင်သိကျွမ်းရာ လောကီ ပညာတတ်ဆရာတွေနဲ့ ပေါင်းပြီး ဦးခင်မောင်ရဲ့အိမ်ကို မကောင်းတဲ့ အကြံနဲ့ တိတ်ဆိတ်တဲ့ ညအချိန်မှာ နိုးဝင်တယ်။

ခြံဝရောက်တော့ ပိတ်ဖြူဝတ် အဘိုးအို တစ်ယောက် ထွက်လာပြီး လူလေး သူရားမကြိုက် နတ်မကြိုက်တဲ့ အလုပ်ကို မလုပ်ပါနဲ့ကွယ်လို့ ပြောပါတယ်။ ခြံထဲဝင်လို့ မရဘဲ ပြန်ခဲ့ရတယ်။

နောက်တော့ ပြန်စဉ်းစားပြီး မှားမှန်း သိရတယ်။ ဒါကြောင့် ဝန်ချတောင်းပန်ပါတယ်တဲ့၊ အခုဆိုရင် သူတို့နှစ်ယောက် ပူပေါင်းပြီး အလုပ် လုပ်ဖြစ်တော့ ပိုပြီး တော့တောင် အဆင်ပြေ စီးပွားတက်လာကြတယ်'

## အရိုးဆက်ရွက်

အပင်မှာ ပျိုးထားခါစဖြစ်၍ မှတ်တမ်းမပြုနိုင်ခဲ့ပါ။ အရွက်မှာ ကြာရွက်နှင့်ဆင်တူသည်။ အမွေးနုများ မရှိပါ။ ရွက်ညှာမှ အကြောများ ဖြာထွက်သည်။

အရိုးကြေ အသားကြေ ဝေဒနာများအတွက် ထုထောင်းကာ အုံပေးခြင်းဖြင့် အရိုး၊ အသားကို တစ်စပ်တည်းဖြစ်စေသည်။ သံဖြူဇရပ်မြို့နယ်၌ တွေ့ရှိရသော ''ရသေ့အံ''ကျောက်အမှုန့်ပြု၍ ဖြူးပေးပါက ပို၍ အစွမ်းထက်ကြောင်း ယင်းဒေသမှ တိုင်းရင်းဆေးဆရာများက ပြောပြကြသည်။

အသားတုံးတစ်တုံးကို နုပ်နုပ်စဉ်းပြီးနောက် ထိုအရွက်ဖြင့် ထုပ်ပိုးထားလျှင် (၂၄)နာရီအကြာတွင် မူလအသားတုံးအတိုင်း ပြန်ဖြစ်သွားသည်ဟု အဆိုရှိလေသည်။ **(ကမ္ဘာလုံးကျော်ဆရာတော် ဦးဝဏ္ဏတက ဓာတ်ပုံဖော်ပြခြင်း မပြုပါရန် မေတ္တာရပ်ခံသဖြင့် ထိုအရှင်၏ ဓာတ်ပုံကို မဖော်ပြနိုင်ခဲ့ပါ။)**

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)

‘ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ’

‘အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ’

‘ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ’

‘ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ’

‘ဆေးတွေ မသုံးစွဲဘူးလား’

‘သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ’

‘ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ “အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ”ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ’

‘ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ’

‘ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျှင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွှတ်မျှတစေပါတယ်’

‘ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ’

‘မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့’

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့…

ဆရာမြင့်
စကြာမင်း တိုင်းရင်းဆေးတိုက်
အမှတ် (၈/၆၆၆)၊ သုဓမ္မာလမ်းမကြီး သွန္တာမှတ်တိုင်အနီး၊
(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း [illegible]

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

တောင်မော်သာသနာ့ရိပ်သာ

# ဆရာတော် ဦးဝိသုဒ္ဓါစာရ

အား ဂါရဝပြု ပူဇော်ခြင်း (၂)

စံလွှမ်းသာ

## ထင်ရှားမှု အဆက်

လောကဓံ အဆိုးတရားနှင့် ရင်ဆိုင်နေရသူများအား မတုန်မလှုပ်ခြင်း၊ သောကကင်းခြင်း၊ ဘေးရန်ကင်းခြင်း ဟူသော မင်္ဂလာများ ရရှိစေရန် သရုပ်မှုထားခြင်းဖြစ်သည်။

တင်ပျဉ်ခွေ ရုပ်ဖွားတော်ကြီး၏ ကုသိုလ်ရှင်က ၂၀၁၁ ခုနှစ်၊ ဆရာတော် ဦးဝိသုဒ္ဓါစရ၏ မွေးနေ့ပူဇာ မင်္ဂလာတွင် ရေစက်ချလှူဒါန်းရာ **"မိမိသည် ကျန်းမာရေး အခြေအနေ အလွန် ဆိုးရွားနေသည့် ကာလများ၌ ဗုဒ္ဓဂယာမှ အဘယမုဒြာ ရုပ်ပွားတော် ပုံစံတူ ဤရုပ်ပွားတော်အား တောင်မော်သာသနာ့ ရိပ်သာ ဒေဝပဗ္ဗတတောင်ထက် အဝေးမှ ဖူးမြင်သာသော ဤနေရာ၌ တည်ထားကောင်းမှုပြုခဲ့ရာ ခံစားနေရသော ဝေဒနာများ သက်သာပျောက်ကင်း၍ ကျန်းမာရွှင်လန်းစွာ ရေစက်ချနိုင်ခဲ့ကြောင်း"** ပြောပြခဲ့သည်ဆို၏။

ဤရုပ်ပွားတော်များအား ကျန်းမာရေး အပါအဝင် ဒုက္ခဘေးဘယာ အပေါင်း ဝေးကွာစေရေး ဆုတောင်း ကုသိုလ်ပြုပါက မုချပင် ပြည့်ဝကြရသည်ဟု သိရသည်။

## တောင်ထိပ်စေတီများ

တောင်ထိပ်သို့ ရောက်သောအခါ တောင်ထိပ် လက်ဝဲဘက်တွင် မဟာဗောဓိစေတီတော်ကြီးကို ဖူးမြင်ရလျက် ဤစေတီအား ဆရာတော် ဦးဝိသုဒ္ဓါစာရ ဦးဆောင်မ,တည်၍ ခုနှစ်ရက်သားသမီးကောင်းမှုဖြင့် ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက်နေ့တွင် ထီးတော်တင်လှူ ပြီးစီးကြောင်း ကမ္ပည်းထိုးထားသည်။ ဉာဏ်တော်အမြင့် (၉၀)ပေ ရှိလေသည်။

စေတီလိုဏ်အတွင်း၌ ဘူမိဖဿမုဒြာတင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး တစ်ဆူ စံပယ်တော်မူသည်။ လိုဏ်နံရံပတ်လည်တွင် ဘုရားလောင်းသတို့သား ဖွားတော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောခန်း၊ ပရိနိဗ္ဗာန်ပြုခန်း စသည်ဖြင့် ဖွား၊ ဖြစ်၊ ဟော၊ စံ သံဝေဇနိယ လေးဌာန ပန်းတော့ရုပ်လုံးများဖြင့် [illegible]



တောင်မော်သာသနာ့ရိပ်သာဆရာတော် အရှင်ဝိသုဒ္ဓါစာရ(၁၂၈၀-၁၃၅၅)



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်မော် ရွာမကျောင်းနှင့် သာသနာ့ရိပ်သာ လက်ရှိဆရာတော် ဦးကောသရ



◆ ဆင်(၂၁)စီး ဘီလူးဂူရုပ်ပွားတော်

ပူဇော်ထားလေသည်။

ကုန်းတော်၏ အရှေ့ဘက် ကုန်းစောင်းတွင် တည်လက်စ မဟာကမ္ဘာအေးစေတီလုပ်ငန်းခွင်ကို တွေ့ရသည်။ ဉာဏ်တော်အမြင့် (၁၀၈)တောင်ရှိမည်ဟု သိရသည်။

ထိုစေတီအနီးတွင် တောင်တက် (မြေသား)ကားလမ်းရှိကာ မော်တော်ယာဉ်ဖြင့်လည်း တက်ရောက်ဖူးမြော်နိုင်သည် ဆိုလေသည်။

ထို့နောက် တောင်ပေါ်မှ ပြန်ဆင်းကာ ကျောင်းဝင်းအတွင်း ရောက်သောအခါ ဆရာတော် ဦးကောသရအား ဖူးတွေ့လျှောက်ထားရာ ပြည့်စုံစွာ ကူညီပေးတော်မူသည်။

## ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ရိပ်သာ စတင် တည်ထောင်သည့် ဆရာတော် ဦးဝိသုဒ္ဓါစာရလောင်းလျာ မောင်သာရင်ကို မုံရွာခရိုင်၊ ကန့်ဘလူမြို့နယ်၊ ပိတောက်ပင်ရွာနေ ဦးဖိုးခ၊ ဒေါ်ကျွေးမယ်တို့မှ ၁၂၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွား၍ သားသမီး (၇)ဦးအနက် အထွေးဆုံးဖြစ်သည်။

(၅)နှစ်သားအရွယ်တွင် ရွာဦးကျောင်းဆရာတော် ဦးနန္ဒဝံသထံ ရှင်သာမဏေပြုကာ စာသင်သည်။ (၉)နှစ်သားအရွယ်တွင် ကောလင်းမြို့နယ်၊ တောင်မော် ရွာမကျောင်းမှ အဘိုးတော်သည့် ဆရာတော် ဦးနန္ဒထံ ရောက်ရှိကာ လောကီ၊ လောကုတ္တရာ စာပေများ သင်ယူသည်။

အသက်(၁၆)နှစ်သား အရွယ်တွင် ဝန်းသိုမြို့ ခန္တီးစာသင်တိုက် ဒုတိယဆရာတော် ဦးသုဇနထံမှ စာပေဆက်လက်သင်ယူသည်။

၁၂၉၉ ခုနှစ်၊ နယုန်တန်ခူးလဆန်း (၈)ရက်နေ့တွင် တောင်မော်ရွာမကျောင်း ခဏ္ဍသိမ်၌ ဒုတိယ တောင်မော်ဆရာတော် ဦးကုလောကကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေထည်ပစ္စည်းများနှင့် ဘုဉ်းပေးစဉ်

ဆရာတော်၏ အိပ်ရာခုတင်



ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ အရှင်ဝိသုဒ္ဓါစာရ ဘွဲ့မည်တွင်သည်။

၁၃၀၁ ခုနှစ်၊ ရဟန်း(၁)ဝါအရတွင် ခန္တီးစာသင်တိုက်မှ ချပ်သင်းမြို့ ပဏ္ဍိမာရုံကျောင်းသို့ ပြောင်းကာ ဆရာတော် ဦးဉာဏိန္ဒထံမှ စာဝါဆက်၍ သင်ယူသည်။ ၁၃၀၄ ခုနှစ်တွင် ခန္တီးစာသင်တိုက်သို့ ပြန်လည်ရောက်ရှိပြီး စစ်ဘေးရှောင်ရစဉ်ကာလ ဆရာတော် ဦးသုဇနနှင့်အတူ လိုက်ပါ၍ ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းများ သင်ယူသည်။

ဆရာတော် ဦးသုဇန၏ ဩဝါဒအရ တောင်မော်ဆရာတော် ဦးနန္ဒထံမှ သင်ယူတတ်မြောက်ခဲ့သော အင်းအိုင်လက်ဖွဲ့ ဗေဒင် ဓာတ်ရိုက်ဓာတ်ဆင်နှင့် လောကီပညာအားလုံးကို အသုံးမပြုတော့ဘဲ စွန့်လွှတ်ခဲ့သည်။

(ဆရာတော်လောင်းလျာ သာမဏေဘဝ အသက်(၉)နှစ်အရွယ်တွင် ခြေခေါက်လဲရာမှ အနာရောင်ကိုင်း၊ ကာ ကုစ၍ မပျောက်နိုင်သဖြင့် အဘိုးတော်သူ တောင်မော်ဆရာတော် ဦးနန္ဒထံ ရောက်ခဲ့သည်။


ဦးနန္ဒက ဆေးလိမ်းကုသပေးရာ အနာမှပြည်များနှင့်အတူသံမှုန်များ၊ ဆံချည်ထွေးများထွက်ကျလာသည်။

သို့ဖြစ်လေရာ အဘိုးဖြစ်သူက ကိုယ်လုံကိုယ်ခံ လောကီပညာများကို သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ ကိုယ်တိုင် သင်ယူတတ်မြောက်ခဲ့သော်လည်း အသုံးပြုခြင်းမရှိဘဲ ခန္တီးဆရာတော်က ဝိနည်းသိက္ခာနှင့်



www.burmeseclassic.com

www.burmeseclassic.com





◆ အသုံးအဆောင်အချို့

ခမည်းတော်၊ မယ်တော်များ ◆

အညီ ကျင့်ကြံနေထိုင်ရန် ဆုံးမသဖြင့် လုံးဝ စွန့်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သိရလေသည်။)

၁၃၁၁ ခုနှစ်တွင် ဦးတိလောက ပျံလွန်တော်မူသဖြင့် တတိယမြောက် တောင်မော် ရွာမကျောင်းဆရာတော် ဖြစ်လာသည်။

၁၃၂၀ ခုနှစ်တွင် ရန်ကုန် ခြောက်ထပ်ကြီးစာသင်တိုက်၌ ပရိယတ္တိစာပေသင်ယူ၍ မဟာစည်သာသနာ့ရိပ်သာ၊ ဗဟန်းမြို့နယ်ရှိ မိုးညှင်းဝိပဿနာရိပ်သာတို့တွင် ဝိပဿနာကမ္မဋ္ဌာန်းများ နည်းခံအားထုတ်ခဲ့သည်။

◆ ကလေးအရွယ်(၂)ရုပ်



လေးနှစ်အကြာတွင် တောင်မော်သို့ ပြန်လာကာ စာဝါ ပို့ချ တရားပြတော်မူသည်။

၁၃၄၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် တောင်မော်ရွာ အရှေ့တောင်ထောင့်ရှိ ဒေဝပဗ္ဗတ(နတ်တောင်) တောင်ခြေတွင် ဝါးကျောင်းဖြင့် တောရဆောက်တည်သည်။ ဆရာဖြစ်သူ ခန္တီးဆရာတော်ကဲ့သို့ပင် တောထွက်ချိန်မှ စတင်ကာ ရာသက်ပန် သက်သတ်လွတ် ဘုဉ်းပေးသည်။

ထို့နောက် တပည့် ဒါယကာများက ကျောင်းကန်ဘုရားများ တည်ဆောက်လှူဒါန်းကြသဖြင့် မဟာဝိသုဒ္ဓါရာမရိပ်သာနှင့် သာသနာ့မြေကြီး ထွန်းပေါ်ခဲ့သည်။

- ✦ ၁၃၆၀ ပြည့်နှစ်တွင် မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်၊
- ✦ ၁၃၆၈ ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်များ ရရှိခဲ့သည်။
- ✦ ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလတွင်

www.burmeseclassic.com



ဆရာတော် သီတင်းသုံးခဲ့ရာ သိမ်ကျောင်းတော်

ဗုဒ္ဓဂယာသို့ ဘုရားဖူး ကြွတော်မူသည်။

✦ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆုတ်(၁၁)ရက် (၁၂း၄၀)နာရီတွင် တစ်ဘဝခန္ဓာ စွန့်လွှတ်တော်မူသည်။

နယုန်လကွယ်နေ့ (၇-၇-၂၀၁၃) ည (၇း၄၅)နာရီတွင် တေဇောစျာပန သဘင် ကျင်းပ ပူဇော်သည်။

ကြွင်းကျန်ရစ်သော အရိုးတော်ဓာတ်နှင့် ပြဒါးဓာတ်များကို ဆရာတော် ဩဝါဒအတိုင်း မြေအောက် (၅)ပေ အနက်တွင် (၉)လက်မ အုတ်ရိုးဖြင့်ထား၍ အထက်၌ စေတီတည်ဆောက်နေသည်ကို တွေ့မြင်ခဲ့ရပေသည်။

## ထူးခြားမှုအချို့

★ ဆရာတော်၏ မွေးနေ့ပူဇာပွဲတော်ကို နှစ်စဉ် တော်သလင်းလဆန်း (၁၄)ရက်နေ့၌ ကျင်းပရာ ရဟန်းရှင်လူပရိသတ်တို့ တောင်လုံးပြည့်မျှ လာရောက်ကြသည်။ ပွဲတော်များပြီးသွားသောအခါ မိုးကြီးရွာချ၍ တောင်တစ်ခုလုံး သန့်ရှင်းပေးသကဲ့သို့ရှိ၏။

★ ဤနေရာဒေသသည် မြွေအလွန်ပေါများသော ဒေသဖြစ်သော်လည်း ဆရာတော်ကြီး ကြွရောက် သာသနာပြုပြီးနောက်တွင် မြွေဘေးအန္တရာယ် ကြုံတွေ့ရမှု မရှိခဲ့ချေ။

★ စေတီပုထိုး တည်ရာတွင် ဆင်များလည်း ပါဝင်ကူသိုလ်ပြုကြသည်။ (အနီးဝန်းကျင်ရှိ သစ်ထုတ်လုပ်ငန်းနှင့် သီးခြား ဆင်ပိုင်များက လာရောက် လုပ်အားပေးကူညီကြခြင်း ဖြစ်သည်။)

★ သာသနာ့ရိပ်သာ တည်နေရာသည် လမ်းပန်းဆက်သွယ်ရေး လွယ်ကူသည့် နေရာမဟုတ်ပေ။

အနောက်ဘက် (၁၀)မိုင်အကွာတွင် ကောလင်းမြို့၊ မြောက်ယွန်းယွန်း (၉)မိုင်ခန့်အကွာတွင် ဝန်းသိုမြို့တို့ ရှိသော်လည်း ပုံမှန် ပြေးဆွဲသော ယာဉ်များ မရှိ။ ခြေကျင်ခရီး အတန်ပင်လှမ်းသော်လည်း ပုံဟန်အမျိုးမျိုး ဉာဏ်တော် အသွယ်သွယ်ရှိသော စေတီပုထိုး ကျောင်းကန်ဇရပ်များ သပ္ပါယ်စည်ကားစွာ ပေါ်ထွန်း၍ နေ့စဉ် လာရောက်ဖူးမြော်ကြည်ညိုသူ မပြတ်တွေ့ရတတ်သည်။

★ ရိပ်သာ မတည်မီကာလ ကျောက်တုံးကျောက်ဆောင် ချုံနွယ် ထူပြောသည့် နတ်တောင်ပေါ်တွင် အညိုရောင်ဝတ် သီလရှင်တစ်ဦးရှိသည်။

တောင်ပေါ်သို့ အမျိုးသား၊ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ အနက်ရောင်ဝတ်ဆင်ထားသူများ တက်ရောက်သည်ကို မနှစ်သက်။ အနှောင့်အယှက်ပေးလေ့ ရှိသည်။

တောင်ပေါ်၌ အပေါ့စွန့်မိပါက လိင်အင်္ဂါ ရောင်ကိုင်းလာ၍ တောင်းပန်ပသမှ ပျောက်ကင်းသက်သာသည်။

သာသနာ့ရိပ်သာ တည်ဆောက်ပြီးသောအခါ ထိုသီလရှင်ကို မတွေ့ရတော့ဟု ဆရာတော်ကိုယ်တိုင် မိန့်တော်မူခဲ့သည်ဆို၏။

★ ဆရာတော် ပျံလွန်တော်မူသည့်အချိန်တွင် ကောလင်းမြို့နယ်တစ်ခုလုံး အုံ့မှိုင်းကာ မိုးသည်းမည်းစွာ ရွာသွန်းသော်လည်း သာသနာ့ရိပ်သာ ပရိဝုဏ်တွင် မိုးမရွာ ရာသီဥတု သာယာခဲ့သည်။

★ (၇-၇-၂၀၁၃)နေ့ ည(၇း၄၅)နာရီတွင် ရုပ်ကလာပ်တော်အား မီးပူဇော်ရန် ပန်းရထားဖြင့် စတင် ပင့်ဆောင်ရာ နယုန်လကွယ်ညပင် ဖြစ်သော်လည်း ကောင်းကင်မှ လပြည့်ဝန်းပေါ်ထွက်သည့်ပမာ လင်းရှင်းလျက်ရှိသည်။

★ မီးပူဇော်ရာတွင် ဝန်းကျင်မှ လေပြေများ တိုက်ခတ်လျက် ရှိသော်လည်း လောင်တိုက်ဝန်းကျင်တွင် လေငြိမ်လျက်ရှိသည်။

★ မီးလောင်ကျွမ်းရာတွင် ရောင်စုံများပေါ်ထွက်၍ ပုလဲပမာ သွားတော်ဓာတ်၊ ပြဒါးလုံးပမာ မျက်လုံးတော်ဓာတ်နှင့် ပြဒါးဓာတ်များ ကြွင်းကျန်ရစ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ် ဖခင်သည် မော်လမြိုင်နှင့် ဘီလူးကျွန်းကြား ပင်လယ်ဝတွင် ဒေသအခေါ် **"ကား"** ဟူသော ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းသော တံငါအလုပ်ကို လုပ်ကိုင်ခဲ့ပါသည်။

နေ့စဉ် ငါးမျိုးစုံပိဿာ(၂၀)ခန့်မှ ပိဿာ(၆၀)၊ (၇၀)ခန့်အထိ ရတတ်သည်။ ငါးသေး၊ ငါးမွှားများမှာ ရောင်းတမ်းမဝင်သဖြင့် ကြက်စာ၊ ဘဲစာ အဖြစ် အလကား ပေးပစ်သည်။

ထိုငါးသေးငါးမွှားတွင် ရေနဂါးဆိုသော သတ္တဝါငယ်လေးများလည်း တစ်ခါတစ်ရံ တွေ့ရှိတတ်သည်။ အရွယ်အစားမှာ တစ်လက်မခန့်သာ ရှိသည်။


ထို ရေနဂါးငယ်လေးများကိုတော့ ကျွန်ုပ်၏အဘွားက သူ့များကို မပေးဘဲ ကြပ်ခိုးစပ်မှာ တင်၍ဖြစ်စေ၊ နေပူပြ အခြောက်လှန်း၍ ဖြစ်စေ အခြောက်ပြုလုပ်ကာ သိမ်းဆည်းထားပါသည်။

ရေနဂါးခြောက်များကို ဆုံတွင် ထည့်ထောင်း၍ အမှုန့်ပြုလုပ်ကာ ကောက်ညှင်းပေါင်းနှင့် ဖြစ်စေ၊ ထမင်းနှင့်ဖြစ်စေ ရောနယ်၍ လက်ဆုပ် တစ်ဆုပ်,နှစ်ဆုပ်စီ ကျွန်ုပ်အပါအဝင် မြေး,မြစ်များ၊ ကလေးများကို မကြာမကြာ ကျွေးမွေးလေ့ရှိပါသည်။

'ဘာမှတ်လဲ ဒီ အားရှိတယ်။ အပ်ပန်းခံနိုင်တယ်။ ရောဂါတွေ မဖြစ်ဘူး။ အကုန်စားလွှင့်မပစ်နဲ့'

စသည်ဖြင့် အဘွားက ဗျစ်တောက်ဗျစ်တောက်လည်း ပြောပါသည်။

အနံ့မွှေးပြီး အရသာမှာ ပုစွန်ခြောက်မှုန့်ထက် ပိုကောင်းသဖြင့် ကျွန်ုပ်တို့ကလေးများ ကြိုက်ကြပါသည်။ လွှင့်မပစ်သည့်အပြင် "ထပ်ပေးပါဦး အဘွား" ပင် ပြန်တောင်းရသေးသည်။



▲ "ရေနဂါး" ထိုင်းစကားဖြင့် မာနန်း

# ရေနဂါး

## နှင့် ပတ်သက်သမျှ

သရောကြီးဦးအောင်မြိုင်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခု ၂၀၁၄ ခုနှစ် အစောပိုင်းတွင် ထိုင်းနိုင်ငံ ပင်လယ်ကမ်းခြေမြို့၌ သွားရောက်နေထိုင်သော မြန်မာနိုင်ငံသား အမျိုးသားတစ်ဦး ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်းသို့ လာရောက် တွေ့ဆုံပြီး သူ အရောင်းအဝယ်လုပ်သော "မာနန်း"များ အဝယ်ကောင်း၊ အရောင်းသွက် အမြတ်အစွန်းများများ ရဖို့ ယတြာအစီအရင် လုပ်ပါသည်။

သူ ယူလာခဲ့သော **"မာနန်း" အခြောက်များ** ကျွန်ုပ်ကို နမူနာပြရာ ကျွန်ုပ် ငယ်စဉ်က တွေ့ဖူးသော **ရေနဂါးအခြောက်များ** ဖြစ်နေသည်။

သို့သော် သူ့ရေနဂါးများက အရွယ်အစား ကြီးမားကြသည်။ အငယ်ဆုံးမှာ (၃)လက်မကျော်ပြီး အကြီးဆုံးမှာ(၁) ပေမက ရှိသည်။ မြန်မာလို "ရေနဂါး" ခေါ်သော သတ္တဝါကို ထိုင်းစကားဖြင့်

www.burmeseclassic.com

**"မာနန်း"**ဟု ခေါ်ကြောင်း ပြောပြသည်။

"ဒီမာနန်းအခြောက်တွေကို ပင်လယ်ရေနက်ပိုင်း ငါးဖမ်းထွက်တဲ့ ငါးဖမ်းသင်္ဘောတွေက တစ်ဆင့်ဝယ်ပြီး ပြန်ရောင်းရတယ်။ ပြည်ပကို ပြန်ရောင်းတဲ့သူတွေ လာဝယ်တယ်။

တစ်ကီလိုကို အနည်းဆုံး ထိုင်းဘတ်ငွေ (၇၀)ကနေ ဈေးအမြင့်ဆုံး ထိုင်းဘတ်ငွေ (၅၀၀)လောက်အထိ ရှိတယ်။

အကောင်အရွယ်သေးရင် ဈေးနည်းပြီး အရွယ်ကြီးရင် ဈေးမြင့်တယ်။ မာနန်းက အဖြူနဲ့အနက်ဆိုပြီး (၂)မျိုးတွေ့ရတယ်။

အနက်မျိုးက ဈေးပိုရတယ်။ ဒီမာနန်းအခြောက်တွေကို တချို့နိုင်ငံက မိတ်ကပ်လုပ်တယ်၊ တချို့က အားဆေးဖော်တယ်လို့ သိရတယ်။

အထူးသဖြင့် အမေရိကန်က ဝယ်လက်ကြီးတယ်။ အာကာသယာဉ်နဲ့ အာကာသကိုသွားတဲ့ အာကာသယာဉ်မှူးတွေအတွက် ဒီမာနန်းနဲ့ဖော်တဲ့ ဆေးတစ်လုံးစားရင် တစ်ပတ်၊ ဆယ်ရက် အစာမစားဘဲ နေနိုင်ကြောင်း သိရတယ်။ ဒီဆေးလုံးတွေပဲ အာကာသထဲ ယူသွားတယ်လို့ ပြောတယ်ဗျ"

ထိုသူက မာနန်း လာဝယ်သူအချို့ကို မေးမြန်းစုံစမ်းရာမှ သိရှိရသော ဗဟုသုတ ဖြစ်ပါသည်။


ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ပင်လယ်ငါးဖမ်း လုပ်ငန်းများရှိရာ ရေနဂါးခေါ်သော သတ္တဝါများလည်း ဖမ်းဆီးရမိကြမည်သာ ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်တို့ဆီမှာ ရေနဂါးကို စားသောက်ခြင်း မရှိပါ။ ထို့ကြောင့် ရေနဂါးများ ဖမ်းဆီးရမိမှု များပြားသူများအနေဖြင့် တန်ဖိုးရှိကြောင်း သိနိုင်ရန် ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ခြင်းဖြစ်ပါသည်။

**ဆရာကြီးဦးအောင်မြိုင်**
**(ဥပဓေတွဲ)**
**လက္ခဏာဗေဒင်ပညာသုတေသီ**


၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း

# ငွေကြေး လာဘ်လာဘ



ရွှင်လန်းစေဖို့

ဤလတွင် ငွေကြေးလာဘ်လာဘများ ရွှင်လန်းသွက်လက်စွာ ဝင်ရောက်နိုင်စေရေးအတွက် ဒါနပြု လှူဒါန်းရ မည့်အစီအစဉ်ကို အောက်တွင်ကြည့်ပါ။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၆ | အနောက်မြောက် | အဘိုးအို(ဖခင်အရွယ်အမျိုးသား) | တနင်္ဂနွေနေ့ |
| နွား ကျား | ၃ | အရှေ့ | သက်လတ်ပိုင်းအမျိုးသမီး | ကြာသပတေးနေ့ |
| ယုန် | ၈ | အရှေ့မြောက် | သက်ငယ်ပိုင်းအမျိုးသား | စနေနေ့ |
| နဂါး မြွေ | ၉ | တောင် | သက်ကြီးပိုင်းအမျိုးသမီး | အင်္ဂါနေ့ |
| မြင်း | ၄ | အရှေ့တောင် | သက်လတ်ပိုင်းအမျိုးသား | ကြာသပတေးနေ့ |
| ဆိတ် မျောက် | ၇ | အနောက် | သက်ငယ်ပိုင်းအမျိုးသမီး | သောကြာနေ့ |
| ကြက် | ၂ | အနောက်တောင် | အဘွားအို(မိခင်အရွယ်အမျိုးသမီး) | တနင်္လာနေ့ |
| ခွေး ဝက် | ၁ | မြောက် | သက်ကြီးပိုင်း အမျိုးသား | ဗုဒ္ဓဟူးနေ့ |

ဂျုံဖြင့် ပြုလုပ်ထားသော စားဖွယ်တစ်မျိုးမျိုးကို မိမိတို့မွေးနှစ်အရ ရွေးချယ်လှူဒါန်းရန် ဖြစ်သည်။

**ဥပမာ။ ။** မြင်းနှစ်တွင် မွေးဖွားသူသည် ပလာတာ (၄)ချပ်ကို မိမိနေအိမ်မှ အရှေ့တောင်ထောင့်အရပ်ရှိ သက်လတ်ပိုင်း အမျိုးသားတစ်ဦးအား ကြာသပတေးနေ့တွင် လှူဒါန်းလျက် နတ်ဒေဝတာများထံ တိုင်တည် ဆုတောင်းပါ။

အောက်တိုဘာလအတွင်း ရရန်ရှိသော ငွေကြေးလာဘ်လာဘများ လွယ်ကူချောမောစွာ ဝင်နိုင်၊ ရရှိနိုင်ကြပါလိမ့်မည်။

*လာဘ်လာဘ ရွှင်လန်းကြပါစေ။*

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com


တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင်၇/၂၀၀၈၊ တဆဆထလ(တိုး)-၁၃၁၂




အဆီကျအကြောပြေဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅၂/၃၅၆၊ မဇာဗီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၅

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)


www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြီးစေတီနှင့် နောက်ခံ နဂါးသီးစေတီ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

လက်ညှိုးတော်မှ ရေထွက်သည့်

# ဘုရား ချမ်းသာကြီးရုပ်ပွားတော် (၃)

ယခင်လမှ အဆက်



ထီးတော်အတွင်းမှ ပျားအုံ

ထိုကြောင့် လက်ညှိုးမှ ရေထွက်သော ဤရုပ်ပွားတော်အား ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြု၍ [illegible] အဆင်ပြေရေး၊ တိုင်းပြည်ငြိမ်းချမ်းရေး၊ အရပ်တစ်ပါးတွင် သွားရောက်၍ စီးပွား ရှာဖွေမှု အောင်မြင်ရေး၊ လိုရာဆန္ဒ ရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်ရေးတို့ အတွက်ပြု ဆုပန်လျှင် ဆုပြည့်ကြသည်ဟု သိရပေသည်။


## ဝန်းကျင်တစ်ခို ကြည်ညိုရသမျှ

လိုဏ်အတွင်းမှ ထွက်၍ စေတီဝန်းကျင် လှည့်လည်ကြည်ညိုရာ စေတီတော်မှာ ကုလားကျောင်းခံ၍ ပစ္စယံ ငါးဆင့် တင်ပြီးနောက် ခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ စျေးတော်ရာတန်ဆောင်းတွင်း ရုပ်ပွားတော်များ

◆ စျေးတော်ရာတန်ဆောင်း



◆ ဝိဇ္ဇာတန်ဆောင်း



မှောက်စေတီ ပေါက်ထားသည်။

ပစ္စယံအဆင့်ဆင့်နှင့် ဖောင်းရစ်တော်များအထိ ရှစ်မြှောင့်သဏ္ဌာန်ဖြစ်သည်။ ရှမ်းပြည်နယ်ဒေသများ၌ တွေ့မြင်ရသော ဂြိုဟ်ပြေနံပြေစေတီပုံစံတော်ဖြစ်သည်။

အာရုံခံတန်ဆောင်းရှေ့တွင် ခြင်္သေ့ကြီးနှစ်ကောင် ရံထားသည်။ ယင်းခြင်္သေ့များနှင့် အနီးရှိ တံခွန်တိုင်တို့ကို ၁၂၉၁ ခုနှစ်တွင် အရံတံတိုင်း အပြင်အရှေ့ဘက်ကပ်လျှပ်၌ ဘတ္တမြို့သူကြီး ဦးဘိုမင်း မိသားစုကပင် လှူဒါန်းခဲ့ခြင်းဖြစ်သည်ဆို၏။

စေတီဝင်းမှာ အရံတံတိုင်းအပြင်ဘက်၌ အတန်ပင် ကျယ်ဝန်းစွာ မြင်ရသဖြင့် စူးစမ်းကြည့်ရာ ၁၂၈၇ ခုနှစ် ဦးမွန်း+ဒေါ်လှမင်း မိသားစုက (၃)ကေ၊ ၁၃၂၇ ခုနှစ်တွင် ဦးညိုပု+ဒေါ်သန်း မိသားစု(၃)ကေ စသည်ဖြင့် စေတီတော်အား လှူဒါန်းခဲ့ကြသည်ဟု သိရသည်။

ဒေါ်ဌေးဌေးဝင်းက စေတီအနီးသို့ ခေါ်ဆောင်ညွှန်ပြသဖြင့် ထီးတော်အတွင်းဘက်၌ စွဲနေသည့် ပျားအုံကြီးကို တွေ့ရသည်။

ဤစေတီတော်တွင် မကြာခဏ ပျားစွဲလေ့ရှိကာ ပျားစွဲသော နှစ်များတွင် ဘုရားဖူးများ စည်ကားစွာ လာရောက်ဖူးမြော်တတ်သည်။ အထူးသဖြင့် ရပ်ဝေးဘုရားဖူး ပရိသတ်က ပိုများသည်ဟု သိရသည်။


ချမ်းသာကြီးစေတီတော်မှ ရောင်ခြည်တော် ကွန့်မြူးသည်ကို ဖူးမြော်ရတတ်သည်။ ၁၃၀၈ ခုနှစ်၊ ဝါခေါင်လမှ စ၍ ၁၃၀၉ ခုနှစ်၊ ကဆုန်လအထိ (၁၀)လကြာမြင့်အောင် ရောင်ခြည်တော် ကွန့်မြူးတော်မူသဖြင့် ပရိသတ်အထူးစည်ကားခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ခြေတော်ရာ ပါဒစေတီ

၁၃၀၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ဗုဒ္ဓပူဇနိယပွဲတော်အပြင် ထိုနှစ် တပေါင်းလတွင်လည်း ပူဇနိယ ပွဲတော် တစ်ကြိမ်တိုး၍ ကျင်းပခဲ့ရသည်ဆို၏။

ထို့နောက်ပိုင်းတွင်လည်း ဖူးမြော်ကြရသော်လည်း မှတ်တမ်း အတိအကျ မထားမိကြဟု ပြောပြကြလေသည်။

မြောက်ဘက် တန်ဆောင်းအတွင်း၌ တင်ပျဉ်ခွေ ရုပ်ပွားတော်များနှင့် ခြေတော်ရာ ပါဒစေတီတစ်ဆူ ပူဇော်ထားသည်။

၁၃၂၆ ခုနှစ်တွင် ပျော်ဘွယ်မြို့မှ ဒေါ်ငွေစိန်မိသားစု၏ မ,တည်ငွေဖြင့် အမျှားစုပေါင်း လှူဒါန်းထားကြောင်းသိရသည်။ ခြေတော်ရာမှာ တောင်ခွင်သာသနာပိုင် အသိအမှတ်ပြု စက်တော်ရာလက္ခဏာမှ ဖြစ်သည်ကို တွေ့ရပေသည်။

တောင်ဘက် တန်ဆောင်းငယ်၌မူ တင်ပျဉ်ခွေ ရုပ်ပွားတော်ငါးဆူနှင့် အတူ ကျောက်စာတစ်ချပ် တွေ့ရသည်။

၁၂၈၈ ခုနှစ်တွင် ဘတ္တသူကြီး ဦးဘိုးမင်းက စေတီတော် ဉာဏ်တော်တိုးမြှင့်ရန် ရည်ရွယ်၍ မိမိတို့ပိုင် "ကျွဲမ"ဟူသော မြင်းကို ရန်ကုန်မြင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်စေရာ အနိုင်ရသဖြင့် ဤစေတီကြီးကို ဉာဏ်တော်တိုးမြှင့် တည်ထားခဲ့ကြောင်း ကမ္ပည်းထိုးထားလေသည်။

တောင်ဘက်အစွန်တွင်ကား ဝိဇ္ဇာတန်ဆောင်းနှင့် ဗောဓိညောင်ပင်ကြီး ရှိသည်။ ဝိဇ္ဇာတန်ဆောင်းတွင် **အဘဘိုးဘိုးအောင်နှင့် အဘအောင်မင်းခေါင် ရုပ်တုများ** ဖူးတွေ့ရသည်။

ဗောဓိညောင်ပင်ကြီးကား ၁၂၄၁ ခုနှစ်တွင် စိုက်ပျိုးပူဇော်ခဲ့ကြောင်းသိရသည်။ ဘတ္တသရက်ပင် ရွာဦးကျောင်းမှ ဦးရာဇိန္ဒနှင့် ဦးသုန္ဒရတို့သည် ရတနာပုံနေပြည်တော်တွင် စာဝါသင်ယူပြီး၍ ရွာကျောင်းသို့ ပြန်ကြွလာစဉ် မင်းတုန်းမင်း မဖွဲ့မဒေဝီမှ ပင့်လာသော ဗောဓိပင်ငယ် နှစ်ပင်ကို ကပ်လှူလိုက်သဖြင့် စိုက်ပျိုးထားခြင်းဖြစ်သည်။

နှစ်ပင်စိုက်ပျိုးခဲ့ရာ တစ်ပင်မှာ ၁၃၂၄ ခုနှစ်က လက်ပန်ချောင်း ရေတိုက်စားရာ၌ လဲပြိုသေဆုံးခဲ့သည်ဆို၏။


## နဂါးထီးဘုရား

ထို့နောက် စောင်းတန်းရှိ ပုဒ္ဓဝင်ပန်းချီကားများကို လေ့လာပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



◆ ထီးတော်အစား

ပါးပျဉ်းကုပ်မိုးမှုဖော်ဟန်

စေတီတော်၏ အရှေ့တောင်ထောင့်သို့ ရောက်သောအခါ **ပုံစံထူးခြားသော နဂါးထီးနှင့် စေတီတစ်ဆူ**ကို တွေ့ရသည်။

စေတီထီးတော်အစား နဂါးတစ်ကောင် ရစ်ခွေတက်ကာ ပါးပျဉ်းနှင့် အုပ်မိုးထားသည့် စေတီဖြစ်သည်။

နောက်ခံဖြစ်စဉ်ကို မပြောနိုင်ကြပါ။ နှစ်တစ်ရာကျော် မတိုင်မီကပင် တည်ရှိပြီးဖြစ်သည်ဆို၏။ ဦးငြိမ်းမောင်၏ ချမ်းသာကြီး ဘုရားသမိုင်းတွင်လည်း မပါရှိပေ။

ဤကဲ့သို့ နဂါးထီးစေတီကို စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့ ဗန်းမော်ကျောင်း အနီးတွင် တစ်ဆူ၊ ရမည်းသင်းမြို့ မင်းနန်သူ ဘုရားဝင်းတွင် တစ်ဆူ ဖူးတွေ့ခဲ့ရသည်။

ယင်းနှစ်ဆူစလုံးသည် မင်းနန်သူခေါ် အနန္တသူရိယအမတ်ကောင်းမှု စေတီများ ဖြစ်ကြသည်။ နရပတိစည်သူမင်း လက်ထက်တွင် ပေါင်လောင်ရှင်ကဿပမထေရ်၏ ဦးဆောင်မှုဖြင့် ဘုရားတည်၊ ကျောင်းဆောက် သာသနာပြုခဲ့သော အမတ်ဖြစ်သည်။

ထို့ကြောင့် ဘတ္တချမ်းသာကြီး ဘုရား သို့မဟုတ် ရှာဦးကျောင်းမှ သိမ်နှင့် စေတီတို့မှာ မင်းနန်သူနှင့် ဆက်နွယ်နိုင်သည်ဟု ယူဆဖွယ် ရှိလေသည်။

## နိဂုံးပူဇာ

ဘတ္တချမ်းသာကြီး ရုပ်ပွားတော်သည် ဘွဲ့ပညတ်အရလည်း ချမ်းသာမှု အစုစုကို ပေးစွမ်းနိုင်သည့်အပြင်...


လက်ညှိုးတော်မှ ရေထွက်သည့် ထူးခြားဖြစ်စဉ်အရ အလိုရှိရာ တောင့်တရာကို ရစေပိုင်ဆိုင်စေသည့် နိမိတ်ကောင်းဆောင် ရုပ်ပွားတော် ဖြစ်လေရာ ရမည်းသင်း ပျော်ဘွယ် ဒေသသို့ ရောက်ပါလျှင် ကြည်ညို ဖူးမြော်သင့်သော ရုပ်ပွားတော် ဖြစ်လေသည်။

**ဘုန်းကျော်စွာ**
**(မြိုင်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



◆ နှစ်ထပ်ဝါးအမြုတေအရိုက်ကောင်

ဂမ္ဘီရ

# နှစ်ထပ်ဝါး အမြုတေ

ဖိုး (သရက်)

စာရေးသူအတော်များများက ဝါးအမြုတေအကြောင်းကို ရေးသားခဲ့ဖူးပေပြီ။ သို့ရာတွင် ယခု စာရေးသူ ရေးသားမည့် နှစ်ထပ်ဝါးပူးအမြုတေမျိုးကိုတော့ မတွေ့ခဲ့မိပေ။

ထို့ကြောင့် စာဖတ်သူများ ထပ်မံ၍ ဗဟုသုတရရှိကြစေရန် ရည်ရွယ်လျက် နှစ်ထပ်ဝါးပူးအမြုတေ အကြောင်းကို ရေးသားတင်ပြလိုက်ခြင်းဖြစ်ပေသည်။

(၁၃-၂-၂၀၁၄)ရက်နေ့ ညနေ(၅) နာရီခန့်တွင် ကျွန်တော်၏မိတ်ဆွေ ဂမ္ဘီရဆရာကိုဝင်းမြင့်ဆီ ရောက်ရှိသွားခဲ့ပါသည်။ ယင်း၏ အိမ်ရှေ့အရောက်တွင်...

'ဗျို့ ဆရာကိုဝင်းမြင့်...ဗျို့ ဆရာကိုဝင်းမြင့်'

ဟု အော်၍ခေါ်သော်လည်း တံခါးက ပွင့်မလာပေ။ တံခါးက သော့ခတ်ထားခြင်းမဟုတ်ဘဲ စေ့ရုံစေ့ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဆရာကိုဝင်းမြင့် အပြင်သွားတာတော့ မဖြစ်နိုင်ပေ၊ အထဲမှာပဲ ရှိနေမည်ဟု ကျွန်တော် တွက်ဆလိုက်ပါသည်။

ထို့ကြောင့် စေ့ရုံစေ့ထားသော တံခါးကို တွန်းဖွင့်ဝင်လိုက်ပါသည်။ ထိုအခါ သီချင်းဖွင့်၍ အငြိမ့်သား ထိုင်ကြည့်နေသော ဆရာကိုဝင်းမြင့်ကို ဘွားခနဲ တွေ့လိုက်ရပါသည်။

'ဟာ...ဆရာကိုဝင်းမြင့် ခေါ်မကြားအော်မကြားနဲ့ဗျာ၊ ဘာတွေများ ဒီလောက် ကြည့်နေတာလဲ'

'ဟော ဆရာကိုမိုးပါလား။ လာဗျာ ဒီမှာ ကျွန်တော် Rဇာနည်ရဲ့သီချင်းခွေ ဖွင့်ကြည့်နေလို့ ခင်ဗျားခေါ်တာ မကြားလိုက်ဘူးဗျ'

'ဪ...ဟုတ်ပါပြီဗျာ၊ ဒါနဲ့ ဆရာကိုဝင်းမြင့် အောက်စက်တွေ၊ အပေါ်စက်တွေနဲ့ ဘယ်လိုလဲ ဆရာထောနေတယ်မဟုတ်လား'

'ဟား...ဟား ဟုတ်ပ၊ ဆရာကိုမိုးရေ ခုတလောမှာ ကျွန်တော်ရဲ့ ကံဇာတာတွေ တက်ပြီးရင်းတက်၊ ကောင်းပြီးရင် ကောင်းနေတာဗျ ဟဲ...ဟဲ'

'ဒါဆို ဘယ်လိုအကြောင်းကြောင့် ကံဇာတာတွေ တက်နေတာလဲ ဆရာရယ်၊ ရှင်းပြပါဦး'

'ဟဲ...ဟဲ ဒီလိုဗျ၊ ဆရာကိုမိုး ဒါ ဘာလေးလဲသိလား'

'အင်း...သိတယ်လေ၊ အဲဒါ ဝါးအမြုတေ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဝါးအမြုတေဆိုတာတော့ မှန်တာပေ့ါ၊ ဘာထူးသေးလဲ၊ သေချာထပ်ကြည့်ဗျာ'

'အင်း... ဒီဝါးအမြုတေလေးက တခြား ဝါးအမြုတေတွေလို မဟုတ်ဘဲ နှစ်ထပ်ဖြစ်နေတယ်ဗျ'

'ဟုတ်တာပေ့ါဗျ၊ ဒါက နှစ်ထပ်ဝါးအမြုတေလေ။ ခုရက်ပိုင်း ကျွန်တော့်ဆီ ဒီနှစ်ထပ်ဝါးအမြုတေလေး ရောက်ပြီးကတည်းက ကံကောင်းပြီးရင်း ကံကောင်းနေတာဗျို့။

ဒါကြောင့် ဒီတစ်ခါ ဆရာကိုမိုးကို ကျွန်တော်က လက်ဖက်ရည်တိုက်ပါ့မယ်။ ခါတိုင်းဆို ဆရာကိုမိုးကပဲ ကျွန်တော့်ကို တိုက်နေရတာ'

'သာဓုပါဗျာ... သာဓုပါ။ ဪ... နေဦးဗျ၊ ဒီနှစ်ထပ်ဝါး အမြုတေလေးကို ဆောင်းပါးရေးဖို့ ဓာတ်ပုံရိုက်ရအောင် ဆရာကိုဝင်းမြင့် ကိုင်ထားပေးဦးဗျာ'

'ဪ...အင်းပါ...အင်းပါ'

နှစ်ထပ်ဝါးအမြုတေလေးကို ဆရာကိုဝင်းမြင့်အား ကိုင်ထားခိုင်းကာ ကျွန်တော် ဓာတ်ပုံရိုက်ယူလိုက်ပါသည်။

'ဒါနဲ့ ဆရာကိုဝင်းမြင့် ဒီနှစ်ထပ်

www.burmeseclassic.com

ဝါးအမြှုတေလေးကို ဘယ်က ရခဲ့တာလဲ'

'ကျွန်တော် ဖီးကုန်း၊ နတ်တလင်းဘက် ကို သွားရင်းနဲ့ **မြစိမ်းတောင်က** ရလာခဲ့တာဗျ'

'ဪ...ဒါကြောင့် ဆရာကိုဝင်းမြင့်ကြီး လာဘ်တွေရွှင်ပြီး ကံတွေကောင်းနေတာကိုး။ ဒါနဲ့ ဆရာကိုဝင်းမြင့် ဒီလို ဂမ္ဘီရအဆောင်ပစ္စည်းလေးတွေ ရရင် ဘယ်လို သိဒ္ဓိတင်ပြီး ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာ စာဖတ်ပရိသတ်တွေ သိအောင် ပြောပြပေးပါဦး'

'ဟုတ်ကဲ့ ဆရာမိုး၊ ဝါးအမြှုတေဖြစ်ဖြစ်၊ တခြား မည်သည့်ဂမ္ဘီရပစ္စည်းမဆို အစီအရင်ပြုလုပ်တော့မယ် ဆိုရင်...'

ဟု အစချီကာ ဆရာကိုဝင်းမြင့်မှ အစီအရင်ပြုလုပ်ပုံကို ကျွန်တော့်အား ပြောပြပါသည်။ ဆရာကိုဝင်းမြင့် ပြောပြသည့် အစီအရင်ပြုလုပ်ပုံမှာ...

**ပထမဦးစွာ...**

ဗုဒ္ဓဘုရားရှင်အား သစ်သီး၊ ပန်း၊ ရေချမ်း၊ နံ့သာတိုင်(အမွှေးတိုင်)၊ အလင်းတိုင် (ဖယောင်းတိုင်)တို့ဖြင့် လှူဒါန်း ပူဇော်ပါ။

**ပြီးလျှင်...**

ရတနာသုံးပါးနှင့် အနန္တငါးပါးကို ရှိခိုးကန်တော့ပါ။ ထိုကဲ့သို့ ရှိခိုးကန်တော့ပြီးပါက ငါးပါးသီလကို ခံယူစောင့်ထိန်းပါ။

**ပြီးလျှင်...**

အဆောင်အဖြစ် အသုံးပြုလိုသော ဂမ္ဘီရပစ္စည်းသည် ရေဆေး၍ရသော ပစ္စည်းဖြစ်က ရေသန့်သန့်ဖြင့် စင်ကြယ်အောင် ဆေးကြောပါ။

ရေဆေး၍ မရက အဝတ်သန့်သန့်ဖြင့် စင်ကြယ်အောင် ပွတ်တိုက်ပါ။



နှင်းဆီပန်းအမြဲတော

သတိပြုရန်မှာ ဂမ္ဘီရပစ္စည်းများကို သန့်ရှင်းစင်ကြယ်သည့် ပစ္စည်းများဖြင့်သာ စီမံဆောင်ရွက်ရပါမည်။

**ပြီးလျှင်...**

စတီးလင်ပန်း(သို့မဟုတ်) စတီးပန်းကန်ဖြင့် ထည့်၍ ဘုရားကျောင်းဆောင်ပေါ်၌ တင်ထားပါ။

ထိုကဲ့သို့ ပြုလုပ်ပြီးပါက...

'ဥုံ ဣဟွတ် ဣဟွတ် သဗ္ဗရေထာ ဣဟွတ်'

ဟူသော အနှိုးဂါထာဖြင့် (၇)ခုပ် ရွတ်ဖတ်၍ နှိုးပါ။

ပြီးလျှင်...

'ဥုံ တန တန မဟာတန တနကြီးတနယ် ထောင်သောင်းသွားဟာ'

ဟူသော **တနချေ(သနချေ)ဂါထာ**ဖြင့် (၇)ခုပ်ရွတ်ဖတ်၍ တနချေ(သနချေ)ပေးပါ။

ပြီးလျှင်...

'ဥုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိပေါင်း ထောင်သောင်း တက်ဆရာတက် ထက်ဆရာထက်'

ဟု (၇)ခုပ် ရွတ်ဖတ်၍ **သိဒ္ဓိတင်**ပေးပါ။

ပြီးလျှင် အလိုရှိတိုင်းဖြစ်စေသော မန္တန်ဖြစ်သည့်...

'ဥုံ ဧေယျသမ္ပတ္တိ မဟာဧေယျသမ္ပတ္တိ ဧေယျာဧေယျန္တိ လာဘန္တိ သွားဟာဟ သဗ္ဗ သွားဟာဟ'

ဟု (၃၇)ခုပ် ရွတ်ဖတ်၍ ထပ်မံပြီး သိဒ္ဓိတင်ပေးပါ။

ထိုကဲ့သို့ အဆင့်ဆင့် ပြုလုပ်ပြီးပါက မိမိတို့ ပြုလုပ်ခဲ့ပြီးသမျှသော လှူဒါန်းသည့် ဒါန၊ စောင့်ထိန်းသည့် သီလ၊ ကျင့်ကြံအားထုတ်ခဲ့သမျှ စရဏ၊ ပွားများအားထုတ်ခဲ့သမျှ ဘာဝနာကုသိုလ်၊ ထို ကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂတို့ကို...

ရှေးရှေးဘဝ၊ ယခုဘဝ တော်စပ်ကြကုန်သော အမိအဖ၊ ဆရာသမား၊ အဘိုးအဘွားတို့အား လည်းကောင်း၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့အားလည်းကောင်း၊ မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်များအားလုံးတို့နှင့် (၃၁)ဘုံသား အားလုံးတို့ကို ကုသိုလ်အမျှပေးဝေရပါမည်။

အထက်ပါ အဆင့်များအတိုင်း ပြုလုပ်ပြီးပါက မိမိတို့၏ ဂမ္ဘီရပစ္စည်းလေးများကို မိမိတို့နှင့် သင့်တော်ရာ နေရာများတွင် ထားရှိခြင်းဖြင့် ငွေဝင်လာဘ်ရွှင်၍ စီးပွားဥစ္စာများ တိုးတက်စေသည်ဟု ဆရာကိုဝင်းမြင့်က ပြောပြသည်။

**မိုး(သရေ)**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလျှဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၆၁၂YR ဝဝ၆ရဝ၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမှသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ ကောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ… အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း"လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သင်္ဘောမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)



www.burmeseclassic.com

www.burmeseclassic.com

# စေတီကိုးဆောင်တော်ဝင်ဒွင် သမိုင်းဝင်စေတီများ

၏ အောင်မြင်နှင့် ရှိခိုးပူဇော်ဂါထာတော်များ ( ၂၀ )

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

## ရတနာဂီရိ လုံးတော်ကြီးစေတီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

***[၃-ကြိမ် ရွတ်ဆိုပါ။]***

ရတနာမြတ်ဂီရိ ဣတိ၊
ပသိဒ္ဓံ ထူပ မုတ္တမံ။
သမ္ဗုဒ္ဓေ ပသန္နော ဟုတွာ၊
ဝန္ဒာမိ သိရသာအဟံ။

ခက်ခဲသော ပါဠိအသံထွက်

**ဣတိ** = ဣတိ
**ပသိဒ္ဓံ** = ပသိတ်ဓံ
**မုတ္တမံ** = မုတ်တမံ
**သမ္ဗုဒ္ဓေ** = သမ်ဗုတ်ဓေ
**ပသန္နော** = ပသန်နော
**ဟုတွာ** = ဟုတ်တဝါ
**ဝန္ဒာမိ** = ဝန်ဒါမိ

မြန်မာပြန်

**ရတနာမြတ်ဂီရိဣတိ၊** ရတနာဂီရိ လုံးတော်ကြီး စေတီတော်ဟူ၍။

**ပသိဒ္ဓံ၊** အလွန်တရာ ကျော်စော ထင်ရှားသော။

**ထူပ မုတ္တမံ၊** စေတီတော်မြတ်ကြီး ကို။

**အဟံ၊** "......"ဟု နာမသမုတ် အကျွန်ုပ်သည်။

**[မှတ်ချက် ။ ။ "......"နေရာတွင် ရွတ်ဆိုကန်တော့သူ၏အမည် ထည့် ပါ။]**

**သမ္ဗုဒ္ဓေ၊** သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့ကို။


**ပသန္နော၊** သဒ္ဓါရွှန်းစို လွန်ကြည်ညို သောစိတ်ရှိသည်။

**ဟုတွာ၊** ဖြစ်ပါသောကြောင့်။

**သိရသာ၊** ဦးခေါင်းရတနာ မြတ်အင်္ဂါနှင့်။

**အာဒရံ၊** ရိုသေလှစွာ။

**ဝန္ဒာမိ၊** ရှိခိုးကော်ရော် ဖူးမြော်




ရတနာဂီရိလုံးတော်ကြီးစေတီအား
အနီးကပ်မှုမြင်ရသော ရိုကျိုးလှသည့် ရိုးရာပုံပန်း



www.burmeseclassic.com

www.burmeseclassic.com



ရတနာဂီရိလုံးတော်ကြီးစေတီ၏ အဘတော်ဖြစ်သော အနန္တသူရိယ အမတ်ကြီး၏ ကုသိုလ်တော် မိတ်ပေါက်ကြီးစေတီအား ရင်ပြင်ထက်မှ မှုမြင်ရပုံ

ကန်တော့ပါ၏ ဘုရား။

**ဘုရားတည်နှစ်**

သက္ကရာဇ် ၈၁၀ ပြည့်နှစ်။

**ဘုရားဒါယကာ**

အမတ်ကြီး အနန္တသူရိယနှင့် သိန္ဓုစော်ဘွားသမီးတော်။

**တည်နေရာ**

စစ်ကိုင်းမြို့ မင်းစံရပ် ရတနာဂီရိ တောင်ကုန်း။

**ပွဲတော်ရက်**

နှစ်စဉ် ဝါဆိုလဆန်း (၇)ရက်၊ (၈)ရက်။

**အောင်မြေနေရာ**

စေတီတော်၏ အရှေ့ဘက် အာရုံခံ အတွင်း။

**အစောင့်အရှောက်**

သိုက်နန်းရှင်မယ်တော်ကြီး စောနန်းထွေး။

**ထူးခြားချက်**

ရတနာဂီရိလုံးတော်ကြီး စေတီတော်မှာ စစ်ကိုင်းမြို့၏ "သမိုင်းဝင် ရတနာကိုးဆူ"စာရင်းဝင် အလွန်ထင်ရှားသော "ရတနာတစ်ဆူ" ဖြစ်လေသည်။

**သမိုင်းဝင်ရတနာကိုးဆူမှာ...**

၁။ ရတနာထွင့်ခေါင်စေတီ၊
၂။ ရတနာစံဦးစေတီ၊
၃။ ရတနာမုနိစေတီ၊
၄။ ရတနာစံကျော်စေတီ၊
၅။ ရတနာဂီရိလုံးတော်ကြီးစေတီ၊
၆။ ရတနာမဥ္ဇူစေတီ၊
၇။ ရတနာပင်စည်စေတီ၊
၈။ ရတနာမြစည်းခုံစေတီ၊
၉။ ရတနာပုံစေတီ

ဟူ၍ ဖြစ်လေသည်။

"**ရတနာထွင့်ခေါင်**" ခြောက်ရောင်မြူးတယ်
"**ရတနာစံဦး**" နှိုင်းလို့မမြော်
"**ရတနာမုနိ**" လွန်ထင်ပေါ်သည့်
"**ရတနာစံကျော်**" ကိုးဂုဏ်ထူး
"**ရတနာဂီရိ**" ဖာလ်မပြုဂုဏ်
"**ရတနာမဥ္ဇူ**" သုံးဘုံမကိုင်မှုဖူး
"**ရတနာပင်စည်**" ထွန်းလှုံ့စုံတယ်
"**ရတနာမြစည်းခုံ**" ဘဝင်ကြူး
"**ရတနာပုံ**" ငါးမာန်ခူးလို့
မှောင်မြူးမလူး ထွန်းလျှံကြည်
ရတနာကိုးဆူ စိန္တေယျ
စစ်ကိုင်းဌာန ဓာတ်ပေါင်းမွေတော် စည်။

ဟူ၍ ဤနယ်တေးထပ်ဖြင့် ဂုဏ်ယူ ရေးသားခဲ့လေ၏။


ရတနာဂီရိ လုံးတော်ကြီးစေတီ တော်၏ ခြေတော်ရင်းတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com





▲ ရတနာဂီရိလုံးတော်ကြီးစေတီ၏
ထီးတော်လောင်းမှာ အထက်မှ ဖူးစေတီ


◀ ရတနာဂီရိလုံးတော်ကြီးစေတီမုခ်ဦး

**ရတနာဂီရိသိမ်တော်ကြီး** ကိုလည်း မဟာဝိဟာရ ကျောင်းတော်ကြီးနှင့် အတူ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ရတနာဂီရိသိမ်တော်ကြီးမှာ စစ်ကိုင်းမြို့၏ **သမိုင်းဝင် သိမ်တော်-၃၀ စာရင်းတွင်** ပါဝင်ခဲ့သော သိမ်တော်ကြီး ဖြစ်လေသည်။

ယခုအခါ **ရွှေဟောင်းသိမ်တော်ကြီးနှင့်** မဟာဝိဟာရ ကျောင်းတော်


▼ သမိုင်းဝင်သိမ်တော်ကြီး-၃၀ အသိအမှတ်ပြုခံသော ရတနာဂီရိသိမ်တော်ကြီး





www.burmeseclassic.com

www.burmeseclassic.com



◆ ရတနာဂီရိလုံးတော်ကြီးစေတီ၏ ဆောင်းမြမြင်သော အာရုံခံတွင်းမှ ရုပ်ပွားတော်များကို ဖူးမြင်ရပုံ

◆ ရတနာဂီရိလုံးတော်ကြီးစေတီ၏ ကျောက်စာတိုက်ငယ်



◆ ရတနာဂီရိလုံးတော်ကြီးစေတီတော်၏ အစောင့်အရှောက် မယ်တော်ကြီး တောနန်းဆွေ






◆ ရတနာဂီရိလုံးတော်ကြီးစေတီတော် ၏ ဗုဒ္ဓသမြောက်ကျောက်စာ

◆ အစောင့်အရှောက်မယ်တော်ကြီး၏ နန်းဆောင်





www.burmeseclassic.com

www.burmeseclassic.com

**ကြီးမှာ** လုံးဝ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ယနေ့အချိန်တွင် ဓမ္မရောင်ခြည် ကျောင်းတိုက်နှင့် သိမ်တော်အသစ်ကြီးဖြင့် ထွန်းပလာခဲ့ပြီ ဖြစ်လေ၏။

သိမ်တော်ကြီး၏ ပုံဟန်မှာ အလယ်ဗဟိုတွင် မဏ္ဍပ်ကြီးခံ၍ ကုလားကျောင်းပုံ အဆောင်တော်၏ အထက်တွင် ပုဂံခေတ် စေတီ ပုံဟန်ဖြင့် တည်ဆောက်ထားလေ၏။

**ရတနာဂီရိ လုံးတော်ကြီး စေတီတော်၏ ပုံဟန်မှာ** ဘုရင်မင်းမြတ် တည်ထားကိုးကွယ်သော စေတီတော် မဟုတ်သောကြောင့် တစ်မူထူးခြားသော ပုံစံတော် ဖြစ်လေသည်။

အနန္တသူရိယအမတ်ကြီးနှင့် သိန္နီ စော်ဘွားတို့၏ သမီးတော်မှ တည်ထား ကိုးကွယ်သောကြောင့် ရှေးရှမ်းရိုးရာ ပုံဟန်အတိုင်း အဆင်အယင်မပါ ရှင်းလင်းစွာ တည်ထားလေ၏။

ဖိနပ်တော် ထောင့်များတွင် အခြားစေတီတော်များကဲ့သို့ ခြသေ့ရုပ်ကြီးများ ပြုလုပ်ထားခြင်း မရှိပါ။

ပစ္စယံများ၌လည်း ကြာပန်းခိုင်အိုးများ၊ မနုသီဟရုပ်တုများနှင့် အရံစေတီတော်များ လုံးဝ မပါရှိဘဲ စင်းလုံးချော တည်ဆောက်ထားလေ၏။

စေတီတော်ကြီး၏ ခေါင်းလောင်းမှောက်ကို ပစ္စယံ(၃)ဆင့်၏ အထက်ဝယ် ခါးပန်းစည်း တစ်ခုတည်းဖြင့်သာ ပတ်ရံထား၍ ရှင်းလင်းစွာ ဖူးမြင်နိုင်လေသည်။

ခေါင်းလောင်းမှောက်၏ အထက်



← ရတနာဂီရိလုံးတော်ကြီးစေတီတော်၏ ပြည်လုံးအေးချမ်းသာယာ နောင်တော်ကြီးစေတီ

တွင် (၄)ထောင့် ရေကန်တည် ပြုလုပ်၍ စေတီတော်ငယ်တစ်ဆူ ထပ်ဆင့်တည်ထားလေရာ ရွှေဗိန်းအပြည့်ဖြင့် ကြည်ညိုဖွယ် တည်ရှိလေ၏။

ရတနာဂီရိလုံးတော်ကြီး စေတီတော်၏ အနောက်ဘက်အခြေတွင် ရွှေရောင်ဝင်းပနေသော ကိုးတောင်ပြည့်စေတီတစ်ဆူ တည်ရှိလေသည်

ထိုစေတီတော်မှာ **"ပြည်လုံးအေးချမ်းသာယာ နောင်တော်ကြီး စေတီ"**တော်ဖြစ်လေရာ "ရတနာဂီရိ လုံးတော်ကြီးစေတီတော်၏ ခေါင်းလောင်းမှောက်အထက်၌ တည်ရှိသော အထွတ်တင် စေတီတော်ငယ်၏ ကိုယ်ပွားတော် ဖြစ်လေ၏။

ပြည်လုံးအေးချမ်းသာယာ နောင်တော်ကြီး စေတီတော်၏ မြောက်ဘက်တွင် ရတနာဂီရိသိမ်တော်ကြီးကို ပုဂံခေတ်ပုံဟန်ဖြင့် ကြည်ညိုဖွယ် တည်ရှိလေသည်။

ဘုရားသမိုင်း ကျောက်စာတိုက်မှာ ရင်ပြင်တော်၏တောင်ဘက်အနောက်ထောင့်အနီးတွင် တည်ရှိလေရာ သေးငယ်သောကြောင့် မထင်မရှား တည်ရှိလေ၏။

အစောင့်အရှောက် ဖြစ်သော မယ်တော်ကြီး စောနန်းထွေး၏ နတ်ကွန်းကြီးမှာ ရင်ပြင်တော်၏ စနေထောင့်တွင် တည်ရှိလေရာ အခြွေအရံ မပါသော မယ်တော်ကြီးထံပါး၌ ရိုးရာရှမ်း အစားအစာများဖြင့် ဆက်သပူဇော်၍ မေတ္တာပို့ခြင်း၊ ဆုပန်ခြင်းများ ပြုလုပ်နိုင်ကြလေသည်။

ပွဲတော်ရက်များတွင် မန်းရွှေမြို့မှ နာမည်ကြီး ဇာတ်သဘင်များဖြင့် နှစ်စဉ် ပါဝင်ကပြဧည့်ခံသော အစဉ်အလာရှိလေရာ ရပ်ဝေးရပ်နီးများမှ ပွဲတော်လာ မိတ်ဆွေ အပေါင်းအသင်းများအား မုန့်ပဲသရေစာများဖြင့် ဧည့်ခံကြလေသည်။

ပွဲဈေးတန်းကြီးမှာ ထုံးဖို၊ မင်းစံ၊ ရွှေဒုံးနှင့် ရေဝန်း စသော ရပ်ကွက်များ၏ ဆုံရာ လမ်းမတန်း ဖြစ်သောကြောင့် အထူးစည်ကားသော ဘုရားပွဲတော်ကြီး ဖြစ်လေသည်။


ရတနာကိုးဆူစာရင်းဝင် သမိုင်းတွင်သော ရတနာဂီရိလုံးတော်ကြီး စေတီတော်သည်ကား ဂန္ဓာရီခရီးတစ်ထောက် ဝင်ရောက်သင့်သည့် ဒါန၊ သီလ၊သမာဓိ အထူးပြုသော အောင်မြေနေရာထူး ဖြစ်လေသည်။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com



▲ မြန်မာပြည်တွင် တွေ့ရှိသော ပိတုန်းရုပ်များ

# ပိတုန်းသုံးကောင် အောင်ထားမြွှင်း

မောင်ငြိမ်း (ကျောက်မဲ)

ပုံတွင်ပြထားသည်မှာ ပိတုန်းသုံးကောင်ပုံ ဖြစ်ပါသည်။ ကြီးစဉ်ငယ်လိုက် အလျားမှာ (၁.၂",၁",.၉") ဖြစ်ပါသည်။

ဖတ်ခဲ့ဖူးသော စာများအရ ဓားပြရန်မှ ကင်းဝေးစေရေးအတွက် ကက်ကင်းဓာတ်ဆင်ထားသော အရုပ်များဟု ဆိုချင်ပါသည်။

**"ပန်းတောင်း"**မြို့က**"ပိတောက်"** နှင့်လုပ်ထားသော**"လှည်းပုံတောင်း"**ကို **"ပိတုန်း"**ရုပ်ထုပြီး ထိုအရုပ်ထဲသို့ **"ပြဒါး"**ထည့်ကာ **"ပဒိုင်း"**သားဖြင့် ပိတ်ထားခြင်းဖြစ်မည်ဟု ယူဆမိပါသည်။

သုံးကောင်တွဲထားခြင်းဖြင့် မိသားစုပုံဖြစ်ပေမည်။ ပိတုန်းတစ်ကောင်ထက် မိသားစုပုံက ပို၍ အစွမ်းထက်သည်ဟု ဆိုကြပါသည်။ ဤကား အများသိရှိပြီး

သား ဗဟုသုတကို တင်ပြခြင်း ဖြစ်ပါသည်။

သိထားသည့် အချက်အလက်များနှင့် ထိုပိတုန်းရုပ်ကိုက်ညီမှု ရှိ၊ မရှိကို ကျွန်ုပ်အနေနှင့် မစစ်ဆေးဖြစ်ပါ။ စစ်ဆေးလိုက်လျှင် ထိုအရုပ်၏ အနေအထား ပုံပျက်ပန်းပျက် ဖြစ်သွားနိုင်ပေသည်။

ကျွန်ုပ်တင်ပြလိုသည်မှာ ထိုအရုပ်၏ စွမ်းအင်မဟုတ်ဘဲ ထိုအရုပ် ရရှိလာပုံသာ ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း (၁၅)နှစ်ကျော်ခန့်က ကိုမြင့်အောင်သည် ခရီး မကြာခဏထွက်သူ ဖြစ်ပါသည်။ ယခုတော့ မထွက်နိုင်တော့ပါ။ တစ်နေ့ မန္တလေးမြို့ ဝိတိုရိယတည်းခိုခန်းတွင် တည်းခိုပြီး ပြန်ခါနီး ပါလာသောပစ္စည်းများ မကျန်ရစ်စေရန် တည်းခိုသည့် အခန်းကို သတိဖြင့် စစ်ဆေးလိုက်ပါသည်။

ငယ်စဉ်ကတည်းက အလေ့ထပ် စစ်ဆေးတတ်သောအကျင့် ပါနေသူဖြစ်ပါသည်။ ထိုအခါ ဝင်ထွက်ရာ



www.burmeseclassic.com

www.burmeseclassic.com

တံခါးပေါက်၌ ချိတ်ဆွဲထားသော ဤပိတုန်းရုပ်ကလေးများကို တွေ့မြင်လိုက်ရခြင်း ဖြစ်ပါသည်။

အခါတိုင်း သတိမမူသောကြောင့်လား မသိပါ။ မတွေ့မြင်ရဘဲ ယခုပြန်ခါနီး သေသေချာချာ စစ်ဆေးမှသာ တွေ့မြင်ရခြင်း ဖြစ်ပါသည်။ ပိုင်ရှင်မည်သူဖြစ်ကြောင်း စုံစမ်းရန် အချိန်မရှိပါ။

ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် တွေ့လာသော ဤအရုပ်များကို အမှတ်တရ သိမ်းဆည်းထားချင်သောကြောင့်သာ ချိတ်ဆွဲထားရာက ဖြုတ်ကာ ယူဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုအရုပ်များ ရရှိပြီးနောက် မိမိဘဝတွင် မည်သည့် ထူးခြားပြောင်းလဲမှုမှ မရှိခဲ့ပါ။ ရှေးအစဉ်ဆက်က ယခုတိုင်ရှိဆဲ ဖြစ်သော ဤ ဂမ္ဘီရဆန်သည့် အရုပ်မှာ အသိမ်းလွန်သွားသောကြောင့် သေတ္တာတစ်ခုအတွင်း နှစ်ပေါင်းများစွာကြာအောင် မေ့မေ့ပျောက်ပျောက်ရှိရာမှ ယခု၂၀၁၄ ခု၊ ဧပြီလအတွင်း (သင်္ကြန်ကာလ)ပစ္စည်းများ ရှင်းလင်းစဉ် ပြန်လည် တွေ့ရှိရခြင်း ဖြစ်ပါသည်။

ဤပစ္စည်းမှာ ဆိုထားခဲ့ကြသည့် ပန်းတောင်းမြို့မှ လှည်းပုံတောင်း ဟုတ်မဟုတ်၊ ပိတောက်သား ဟုတ်မဟုတ် အထဲမှာ ပြဒါးရှိ၊မရှိ ပဒိုင်းသားနှင့် ပိတ်၊မပိတ်မှာ (မစစ်ဆေးဖြစ်သည့်အတွက်) မသေချာလှပါ။

သို့သော် ဤပိတုန်းရုပ်ဆိုလျှင် ဖော်ပြပါ အချက်များနှင့် အလုံးစုံမဟုတ်တောင် အနည်းဆုံး တစ်ချက်၊နှစ်ချက်တော့ ကိုက်ညီလေ့ ရှိပါသည်။

ထိုပိတုန်းရုပ်ကလေး၏ စွမ်းပကားကို လက်တွေ့ သိမြင်ထားသူများက ယင်းတို့၏ အတွေ့အကြုံကို ဖော်ပြပေးကြပါမည်ဆိုပါက လက်ရှိပိုင်ဆိုင်နေသူများအား ပိုင်ဆိုင်ထားခြင်းအပေါ် ယုံကြည်မှု ပိုမိုလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ခေတ်သည် သိပ္ပံခေတ် မဟုတ်ပါလားခင်ဗျာ...

**မောင်နိုး** *(ကျောက်မဲ)*

သစ်ခေါင်းပျားနှင့်

# ပနောင့်ကျိုးပေါင်း

**"အနာရှိလျှင် ဆေးရှိရမည်" အနာသိလျှင် ဆေးသိရမည်"** ဟူသော စကားပုံဆိုရိုးအရ **အရိုးတိုးရောဂါ** ဟု ခေါ်သော ဖနောင့်တွင် အရိုးအတက်ထွက်ခြင်း ကျိုးပေါင်းရောဂါအတွက် ဆေးနည်းတစ်လက် တင်ပြလိုပါသည်။

ထိုကျိုးပေါင်းတက်သော အရိုးတိုးရောဂါမှာ ဖနောင့်တွင်လည်းကောင်း၊ ဒူးဆစ်အဆက်တွင် လည်းကောင်း၊ လက်ကောက်ဝတ်တွင် လည်းကောင်း၊ လက်ချောင်းများတွင် လည်းကောင်း၊ လည်ပင်းကုပ်ရိုးတွင် လည်းကောင်း ဖြစ်ပေါ်သည်ကို တွေ့ရတတ်ပါသည်။

မည်သည့်နေရာတွင်ဖြစ်သည် ဖြစ်စေ သစ်ခေါင်းပျားရည်စစ်စစ် ရရှိရန်သာ လိုအပ်ပါသည်။

ယင်း သစ်ခေါင်းပျားရည်ကို ငွေနှင့်တစ်ငွေခန့်ယူ၍ ဖနောင့်တွင်ဖြစ်လျှင် ဖနောင့်၊ ဒူးဆစ်အဆက်၌ဖြစ်လျှင် ဒူးဆစ် စသဖြင့် ရောဂါဖြစ်သော နေရာပေါ်တွင် လိမ်း၍ လက်မဖြင့် နှိပ်နယ်ပေးပါ။

ပျားရည်ကုန်၍ စေးကပ်ခြောက်သွားသည် အထိ နှိပ်နယ်၍ ပွတ်ပေးပါ။ လက်မဖြင့် တွန်း၍ မရအောင် စေးကပ်လာသောအခါ ရေနွေးအနည်းငယ် စိုရုံမျှ ဆွတ်၍ ပွတ်နယ် လိမ်းကျံပေးပါ။ ပျားရည် ပျောက်သွားသည်အထိ ပွတ်ပေးပါ။ နာရီဝက်ခန့် အချိန်ကြာပါမည်။

ထိုကဲ့သို့ နေ့စဉ် **နံနက် ညနေ အချိန်မှန်မှန် ပြုလုပ်ပေးပါ ရက်သတ္တနှစ်ပတ်ခန့်ကြာလျှင်** သက်သာ





ပျောက်ကင်းကြောင်း အကြောပြင်ဆရာတစ်ဦး၏ လက်တွေ့အတွေ့ အကြုံကို တစ်ဆင့် ဝေငှပေးလိုက်ရပါသည်။

**ဆေးနည်းပြောပြသော အကြောပြင်ဆရာ ဦးသာဋ္ဌေးအား ကျေးဇူးတင်လျက်...**

**မောင်နေသွေး** *(ဝက်လက်)*



www.burmeseclassic.com

www.burmeseclassic.com


ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ
ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အကြောပြေဆေး

TMR 011801(1215)





TMR 011809(1215)



TMR 011825(1215)



TMR 011826(1215)

ကျန်းမာပါစေ


www.burmeseclassic.com

www.burmeseclassic.com

နိုးမြင်သိ

မန်းခက်ဗွာရှိ နောင်ယောင်း ရေထွက်

# ရှုဝင်ဖွယ်ငါးကန်ကြီး (၃)

**ယခင်လမှ အဆက်**

အဘိုးကြည်၏ ပြောပြမှုအရ အဘိုးကြည်တို့ငယ်စဉ် ကလေးဘဝတွင် ထိုငါးကြီးများမှာ တစ်နှစ်လျှင် သုံးကြိမ်ခန့် ထွက်ပေါ်ခဲ့ကြောင်း၊ ယခု တစ်နှစ်လျှင် တော်သလင်းလဆန်းတွင်သာ တစ်ခါ ပေါ်ထွက်တတ်ကြောင်းကို ပြောပြပါသည်။

ထိုငါးကြီးများကို ရှေးဘိုးဘွားလက်ထက်တော်ကတည်းက **ငါးရံ့သိုင်းငါးကြီးများ**ဟု ခေါ်ခဲ့ကြောင်းကို ရှင်းပြပါသည်။

**ငါးရံ့သိုင်းငါးဟု ခေါ်ဆိုရခြင်း**မှာ အဘိုးကြည်တို့ ငယ်စဉ်ကာလတွင် တံတားငယ်များ ယာယီထိုးပြီး ဖမ်းမိသော ငါးရံ့ကြီးများကို အောက်မှ ကူးဖြတ်စေလျှင် ဘယ်တော့မှ မဖြတ်ပါဘဲ ကြီး သို့မဟုတ် တံတားပေါ်မှသာ ဒေါ်သတကြီးနှင့် သိုင်းကစား၍ စိတ်မာန်ကြီး ကျော်ဖြတ်သည်ကို တွေ့ခဲ့ရကြောင်း ပြောပြပါသည်။


ရှေးအဘိုးအဘွားတို့၏ ပြောဆိုချက်အရ လူဝင်စားထားလို့ ဒီလောက်သိတတ်တာ မစားကောင်းဘူးဟု ဆိုဆုံးမခဲ့၍ အဘိုးကြည်တို့ ငယ်ငယ်က မစားရဲခဲ့ကြောင်းကို အထောက်အထားတစ်ခုအဖြစ် သိခဲ့ရပါသည်။

ကလေးပီပီ အမျိုးမျိုး ဆော့ကစားခဲ့ကြခြင်းကြောင့် လူငယ်လူရွယ်များ သိုင်းကစားသကဲ့သို့ပင် အထင်အရှားဖြစ်ခြင်းကြောင့် ငါးရံ့သိုင်းငါးဟု စတင်ခေါ်ဆိုခဲ့ကြသည်ဟု ပြောပြပါသည်။ အကောင်အရွယ်အစားမှာ (၁)ပိဿာကျော်ခန့်ရှိသည်ဟု သိရပါသည်။ ဘိုးပြည့်(ခေါ်) ကီးမင်းထိန်၏ ပြောပြချက်နှင့် အတန်ပင် နီးစပ်နေကြောင်း စာရေးသူကျွန်တော် သတိထားခဲ့မိပါ



◆ ဂူအတွင်းရှိ အသေသတ်တာများ

◆ ကဆုန်နှင့် နယုန်လတွင်သာ ပွင့်လေ့ရှိသည့် မှိုတည့်ပေါက်ရာ





www.burmeseclassic.com

www.burmeseclassic.com



▲ ကန် အရှေ့ဘက်တောင်ကြောမှ သစ်ကြီးတောကြီးများ

▼ သစ်ကြီးတောကြီးများ



နန်းဟူးရှိ ရေထွက်တို့မှ တစ်ကြိမ်တည်း၊ တစ်ခါတည်း (၂)မိုင်၊ (၃)မိုင်ခန့်အကွာမှ ဖုန်းခနဲ...ဖုန်းခနဲ ကြားရအောင်ပင် ရေထွက်မှ ရေလုံးကြီးများ အော်မြည်ပြီး ထွက်လာသည်မှာလည်း နှစ်စဉ် တစ်ကြိမ်ဖြစ်မြဲဟု ဆိုသည်။

**ပလောင်နန်းဟူးရေထွက်မှ** ရေလုံးကြီးနှင့် ပါလာသော ငါးများမှာ ငပျောက်မ ငါးခေါင်းတိုများသာ ဖြစ်ပြီး **မည်သူမှ မစားလိုကြ၊ မစားဝံ့ကြဟု ဆိုပါသည်။**

နောက်ထပ်တစ်ခု တိုက်ဆိုင်သည်မှာ ကန်အနောက်ဘက်ရှိ ကမ်းစပ်ပတ်ပတ်လည်တွင် ကညွတ်များ၊ ကနဖော့၊ ပိန်းရွက်၊ ပိန်းဥများ မျောက်ဥများကို ဟင်းသီးဟင်းရွက် ရှားပါးချိန် သွားရောက်ခူးဆွတ် စားသောက်ပါက တစ်ရွာလုံးအတွက် အမြဲလုံလောက်အောင် ထွက်ရှိနေသည်ကို စာရေးသူကျွန်တော် အံ့အားတသင့် ကြားလိုက်ရပါသည်။

ဒီနေရာမှာလည်း ဘပြည့်ပြောပြခဲ့သော ဇာတ်လမ်းနှင့် လာရောက်တိုက်ဆိုင်နေသည်ကို ထပ်မံ တွေ့လိုက်ရပါသည်။

အဘိုးဦးကြည်၏ စီမံပေးချက်အရ လမ်းပြအဖြစ် လိုက်ပါပေးမည့် ဦးကူကူး ကျွန်တော်တို့နှင့် လိုက်လာပေးပါသည်။ ရွာ၏မြောက်ဘက်အတိုင်း ထွက်လာကြရာ တစ်မိုင်ခွဲခန့် လျှောက်ကြပြီးနောက် လမ်းချိုးတစ်ခုတွင် အနောက်ဘက် နိမ့်ဆင်းသွားသည့် လမ်းဟောင်းတစ်ခုအတိုင်း တစ်မိုင်ခန့် ဆက်သွားရပါသည်။

သိပ်မကြာခင်အတွင်း နောင်ယောင်းကန်ကြီး၏ အဆုံးဘက်တွင် အဘဦးစံပဆိုသည့် ကျွဲအုပ်ပိုင်ရှင်တစ်ဦးနှင့် တွေ့ဆုံရပါသည်။ အဘဦးစံပကလည်း ငါးရံ့သိုင်းငါးများ အကြောင်းကို ထပ်မံ အတည်ပြုပြောခဲ့ပါသည်။

အဘဦးစံပ၏ နောက်ထပ် ပြောပြချက်ထဲမှ တန်ဖိုးမဖြတ်နိုင်အောင် ရလိုက်သည့်အချက်မှာ ကျွန်တော်တို့ ထိုင်နေသည့်နေရာမှ ရေထွက်ရှိရာ အနောက်ဘက် တောင်ကြောတစ်ခုကို လက်ညှိုးထိုးပြပြီး ထိုတောင်ကို ရှမ်းလိုလွယ်မွန်းတောင်ဟု ခေါ်ကြောင်း၊ အဓိပ္ပာယ်မှာ တောင်ဝိုင်းတောင်ဟု ခေါ်ကြောင်းကို ကြက်သီးထဖွယ် ကြားလိုက်ရပါသည်။

[ ၈ ]

နောက်ထပ်နာမည်တစ်ခုမှာ ရွာတောင်(ခေါ်)စောတောင်ဟုလည်း ခေါ်

www.burmeseclassic.com


ကြောင်းကို သိလိုက်ရပြန်ပါသည်။ ပိုမို အားတက်သွားရသည်မှာ ထိုတောင်ဝိုင်းတောင်ပေါ်တွင် ဥဏ္ဏာတော် အတောင်(၂၀)ခန့်ရှိ ရှေးဟောင်း ဘုရားစေတီတစ်ဆူ တည်ရှိနေကြောင်းကိုပါ ဝမ်းမြောက်ဖွယ် သိလိုက်ရပြန်ပါသည်။

အဘိုးဖိုးပြည့် ပြောပြခဲ့သော ဇာတ်လမ်းထဲမှ မြေးဖြစ်သူ မိုးကြီးလေကြီး တိုက်ခိုက်စဉ် ဒဏ်ရာများဖြင့် အဘွားဖြစ်သူကို ထမ်းခေါ်သွားသော တောင်ဝိုင်းတောင်ဆိုသည်မှာ မှန်ခဲ့ပြီ ဖြစ်ပါသည်။ ငရှာတောင်(ခေါ်) ငစာတောင်ဟု အဘယ်ကြောင့် ခေါ်မည်ကြောင်းကို ထပ်မံ မေးလိုက်မိပါသည်။

ရှေးလူကြီးသူမများ ပြောပြခဲ့သည်မှာ ထိုတောင်ဝိုင်းတောင်ပေါ်သို့ တစ်နေ့တွင် လူထွားကြီးများ ရောက်လာပြီး ဘွားစာနှင့် သူ့မြေး ငတိန်ကို သတင်းရ၍ လာရောက် ရှာဖွေကြကြောင်း၊ သူတို့အရပ်မှ ထိုမြေးအဘွားထွက်သွားသည်မှာ နှစ်ပေါင်း ရာချီရှိပြီးဖြစ်ကြောင်း၊ အဘွားဖြစ်သူ ဒေါ်စာမှာ ကွယ်လွန်ပြီးဖြစ်ကြောင်းကို သူတို့သိပြီးဖြစ်ပါကြောင်းနှင့် ကျန်ရစ်သူ မြေးဖြစ်သော မင်းတိန်(ခေါ်) ငတိန်ကို လာရောက်ခေါ်ဆောင်ခိုင်းသဖြင့် ယခုလိုလိုက်လာရကြောင်းတို့ကို ကြားခဲ့ရသည်ဟု ပြောပြပါသည်။


နောက်ထပ် ထပ်မံ သိရှိရသော အကြောင်းတစ်ခုမှာ နောင်ယောင်းကန်ကြီး၏ အပေါ်ဘက် တောင်ဝိုင်းတောင်တွင် မွှန်းတည့်ပေါက်ဟုခေါ်သည့် အပေါက်ငယ်တစ်ခုရှိပြီး ထိုအပေါက်ငယ်မှာ ကဆုန်လတွင် တစ်ကြိမ်နှင့် နယုန်လတွင် တစ်ကြိမ် သူ့အလိုလို ပွင့်ပေးပြီး...

နောင်ယောင်း ရေတွက်ပေါက်နှင့်



◆ မယ်တော်ကြီးနတ်စင်

◆ နောင်ယောင်းရေတွက် အပေါ်ဘက် ကျောက်ဆောင်ပေါ်မှ မြင်ရသည့် ရေတွက်အဝ



ရပ်စောက်(နဂါးမြို့တော်) အနောက်ဘက် ကိုးမြို့ရှင်နတ်နန်းကြီးရှိသည့် အင်းခေါင်ရေတွက်သို့ သွားရာ ရေစီးကြောင်းနှစ်ခုကို ကွဲပြားစွာ ခွဲခြားထားကြောင်းကို တွေ့ရသည်ဟု ဆိုပါသည်။


**အင်းခေါင်ရေတွက်ဒီကြောင်းပေါ်သို့ လိမ္မော်သီးတစ်လုံးကို အမှတ်အသားပြု ထည့်လိုက်သော် နေ့မွန်းလွဲမတိုင်ခင် ထို အမှတ်အသားပြုထားသည့် လိမ္မော်သီးမှာ အင်းခေါင်ရေတွက်ပေါက်မှ ထွက်လာကြောင်းကို စမ်းသပ်ထည့်ဖူးသူ လမ်းပြ ကိုကျော ကိုယ်တိုင် ပြောပြပါသည်။**

ထိုမွှန်းတည့်ပေါက်မှာ ကဆုန်လနှင့် နယုန်လနှစ်ကြိမ်သာ ပွင့်ပေးပြီး ကျန်လများတွင် မည်သူမှ ဖွင့်မရအောင် သူ့အလိုလို ပိတ်သွားသည်ဟု သိရပါသည်။

[၄]

ရေထွက်နားရောက်တော့ ဖြတ်လမ်းဖြစ်သည့် ကျောက်ဆောင်များ ထူထပ်သည့် ရေထွက်ဂူအပေါ်ဘက်မှ ကျွန်တော်တို့ ဖြတ်ဆင်းလိုက်ကြပါ

www.burmeseclassic.com



အပြန်လမ်းရှိ သစ်ခွမျိုးစုံ



အပြန်လမ်း အရှေ့ဘက်တောင်ကြောပေါ်ရှိ သစ်ခွပင်များ

သည်။

ဂူဝ၏ မြောက်ဘက် ဆယ်ကိုက်ခန့် အကွာတွင် အရှေ့ဘက်သို့ လှည့်လျက် ရှိသည့် အဘိုးဦးကြည် စောင့်ထိန်း ထားသည့် မယ်တော်ကြီးနတ်နန်းကို မြင်ကြရမည်ဖြစ်သည်။ ရေထွက်ဂူမှာ အလျားထောင်လိုက်ဖြစ်ပြီး အဝမှာ (၁၂)ပေခန့် ကျယ်ပါသည်။ **အောက်ခြေ ကြမ်းပြင်မှာ သဲဖြူများ ဖြစ်ပါသည်။**

စာရေးသူ ကျွန်တော်နှင့် အဖော်အဖြစ်လိုက်ပါလာသူ သုန္ဒိုင်းစံတို့ ပါလာသည့် ကင်မရာလေးဖြင့် မှတ်တမ်းဓာတ်ပုံရိုက်ယူပြီး ပြန်ကြည့်စဉ်မှာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာပုံအဖြစ် မြင်တွေ့လိုက်ရပါသည်။

နဂါးတစ်ကောင် အမောက်ထောင်ပြနေသယောင် သို့မဟုတ် နဂါးကိုယ်ထည်ပေါ်မှ အကြေးခွံများကို မြင်တွေ့ရသကဲ့သို့ ဖြစ်နေပါသည်။ မကျေနပ်သဖြင့် ထပ်မံရိုက်ပြီး ပြန်ကြည့်တိုင်း ထိုကဲ့သို့ပင် ဖြစ်နေပါသည်။

တောင်ဝိုင်းတောင်ပေါ်အထိ တက်ရောက် မှတ်တမ်းယူမည့် အစီအစဉ်ကို ဖျက်လိုက်ပါသည်။ စာရေးသူကိုယ်တိုင် ကျောခြမ်းလာပါသည်။ အမှန်ဝန်ခံရလျှင် ကြောက်လာပါသည်။ နေမစောင်းခင် ထိုနောင်ယောင်း ရေထွက် ဇေယျာဖုန်ထဲမှ အမြန်ပင် ပြန်ထွက်လာခဲ့ပြီး ရွာထဲသို့ ပြန်ဝင်ကာ အဘိုးဦးကြည်ထံ ဝင်ရောက်ကန်တော့ နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါတော့သည်။

ထိုကဲ့သို့ လျှို့ဝှက်ဆန်းကြယ်လှပြီး ဂမ္ဘီရဆန်ဆန်များဖြင့် ရှုပ်ထွေးလွန်းလှသော ဗန်းမက်ကျေးရွာအနီးရှိ နောင်ယောင်း ရေထွက်အကြောင်းကို တွေးတော ခံစားကြည့်နိုင်ရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအတွက် ရေးသား မျှဝေပေးလိုက်ပါသည်။

**မှတ်ချက်**

**၁။ လူဝင်စားငါးများ အကြောင်း အပိုင်း(၁)ကို ပြောပြဖူးခဲ့သော ဘိုးပြည့်(ခေါ်) ကီးမင်းထိန်၏ နားပေါက်ကို သေချာမကြည့်ခဲ့မိသည်ကို နောင်တရမိပါသည်။ အကယ်၍ နားပေါက်ကို ကြည့်ခဲ့မိပါက လက်မဝက်ခန့်ရှိ ကျောက်စိမ်းရောင် နားကပ်တပ်ထားခဲ့သည့် အပေါက်ပေါင်းကို တွေ့ရမည်လားဟု မျှော်လင့်မိပါသည်။**

၂။ ကီးမင်းဆိုသည်မှာ ဓနုတိုင်းရင်းသား အသုံးအနှုန်းဖြစ်ပြီး ကီးဆိုသည်မှာ ကိုယ့်ထက် အသက်အရွယ်ကြီးသည့် ဦးလေးအရွယ်ကို ခေါ်ဆိုခြင်းဖြစ်ပြီး မင်းဆိုသည်မှာ ဘကြီးဦးကြီးအရွယ်ကို ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

၃။ အ,သုံးလုံး လုပ်အားပေးပြီး ညောင်ပေါက်လယ်ဝိုင်းရွာမှ ဦးစိုင်းနုတို့အလည်ခေါ်၍ တစ်ခေါက်,နှစ်ခေါက်ခန့် သွားရောက် လည်ပတ်စဉ် အမှတ်မထင် ကီးမင်းထိန်ကို မေးကြည့်မိရာ ဗန်းမက်ရွာတွင်ရော ညောင်ပေါက်ရွာတွင်ပါ မနေတော့ပါဘဲ အနောက်ဘက်မြက်ရဲ ပလောင်တောင်ဘက်သို့ လာခေါ်သော အဖော်လေး,ငါးဦးနှင့် အထုပ်တစ်ထုပ်ဆွဲ၍ တက်သွားသည်မှာ ယနေ့တိုင် သေလားရှင်လား မသိရဟု သိရပါသည်။

၄။ ကာလရွေ့လျားလာ၍သာပင် မြေးတော်တော်တော်သည် ကီးမင်းထိန်ဖြစ်လာသည်လား ဆိုတာကိုတော့... **စာရေးသူ...**

**နိုင်မင်းဇော်**



www.burmeseclassic.com

www.burmeseclassic.com

လာဘ်ရွှင်

# ရှင်သီဝလိအကျော်

## စီရင်ထုလုပ် ကိုးကွယ်ပူဇော်နည်း

မိုးခင်မြောင်သန်း
(အာ.မ.က-ပခန်းတာန်း)



ကျွန်ုပ်တို့ လူသားအများစုသည် ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှကို ဖြစ်ပေါ်လာနိုင်စေရန် လောကီအစီအရင် အမျိုးမျိုးကို ကြံဆတီထွင်၍ စီမံဆောင်ရွက်ခဲ့ကြပါသည်။

ဤကဲ့သို့ လောကီအစီအရင်များကို ဆောင်ရွက်ရာ၌ အထူးအားဖြင့် လာဘ်လာဘများ ရရှိနိုင်ရေးကို ဦးတည်ပြီး ဆောင်ရွက်လေ့ ရှိကြပါသည်။

ထို့ကြောင့် ကျွန်ုပ်လည်း လာဘ်လာဘများ အထူး ရရှိစေနိုင်မည့် အစီအရင်ကောင်းတစ်ခုကို မိတ်ဆွေတစ်ဦးထံမှ ရရှိခဲ့သဖြင့် ခုနစ်ရက်သားသမီးများအား အကျိုးစီးပွား ရနိုင်စေရန် ရည်ရွယ်၍ ရေးသားတင်ပြခြင်း ဖြစ်ပေသည်။

* * *

နံ့သင့်အသားများ ရယူရာတွင် အက္ခရာတစ်လုံးတည်းသာ ရှိသည့် နံ့သင့်အသားများကိုသာ ရှာဖွေယူရမည်။ သို့မှသာ စင်ကြယ်သော နံ့သင့်အသားများ ရရှိနိုင်ပေလိမ့်မည်။

တနင်္ဂနွေသားသမီးများသည် စနေနေ့ မွန်းတည့်(၁၂)နာရီတိတိ၌ ပေါက်သားကို ရယူပြီး တနင်္ဂနွေနေ့(ပွဲနေ့)တွင် စတင်ထုလုပ်ရမည်။ တနင်္ဂနွေသားသမီးများကို မှီ၍ အခြားနေ့သားများအတွက် ဆောင်ရွက်ပုံကို ဇယားတွင် ကြည့်ပြီး သိနိုင်ပေလိမ့်မည်။

ရှင်သီဝလိရုပ်တုတော်ကို

သိဒ္ဓိတင်ခြင်း

ရှေးဦးစွာ ရှင်သီဝလိရုပ်တုတော်ကို ဂုဏ်တော်များ၊ ဂါထာတော်၊ ပရိတ်တော်များဖြင့် ထုံမွမ်းရမည်။

**ထို့နောက် သိမ်အတွင်း၌ သံဃာ့ဂုဏ်တော်ကိုးပါးဂါထာဖြင့် (၁၀၈)ခေါက် တိတိ ရွတ်ဆိုပူဇော်ပြီး သိဒ္ဓိတင်ရမည်။**

သိမ်အတွင်းတွင် ရွတ်ဖတ်၍ သိဒ္ဓိတင်ရခြင်းမှာ ရဟန်းသံဃာတော်ဟူသမျှသည် သိမ်တက်၍ ကမ္မဝါဖတ်ပြီးမှသာလျှင် ရဟန်းအဖြစ်သို့ ရောက်နိုင်သည်ကို ရည်မှတ်၍ ဆောင်ရွက်ခြင်း ဖြစ်လေသည်။

သံဃာ့ဂုဏ်တော်(၉)ပါးဖြင့် ရွတ်ဆို

ရှင်သီဝလိအကျော် စီရင်ထုလုပ်ဆောင်ရွက်မှု ပြဇယား

| စဉ် | နေ့သား | နံ့သင့်အသား | နေ့ | အချိန် |
|---|---|---|---|---|
| ၁ | တနင်္ဂနွေ | ပေါက် | စနေ | မွန်းတည့်(၁၂)နာရီ |
| ၂ | တနင်္လာ | လိမ်း လျှော် | ကြာသပတေး | နံနက်(၃)နာရီ(သို့) ညနေ(၃)နာရီ |
| ၃ | အင်္ဂါ | သီးသား | ဗုဒ္ဓဟူးနေ့ညနေ | ညနေ(၄)နာရီ |
| ၄ | ဗုဒ္ဓဟူး | ကျွန်း ၄ | သောကြာ | မွန်းတည့်(၁၂)နာရီ |
| ၅ | စနေ | ချောက်း ရှား | တနင်္ဂနွေ | နံနက်(၆)နာရီ |
| ၆ | ကြာသပတေး | အင် အုန်း | တနင်္လာ | နံနက်(၉)နာရီ |
| ၇ | ရာဟု | ထန်း ထိန် | အင်္ဂါ | နံနက်(၃)နာရီ(သို့) ညနေ(၃)နာရီ |
| ၈ | သောကြာ | ဇီး(သီး)သား | ဗုဒ္ဓဟူး | မွန်းတည့် (၁၂)နာရီ |

www.burmeseclassic.com

ပူဇော်၍ သိဒ္ဓိတင်ရခြင်းမှာ အရိယသံဃာများသည် သံဃာ့ဂုဏ်တော်(၉)ပါးနှင့် ပြည့်စုံပြီးသားဖြစ်သောကြောင့် ကိုးကွယ်ပူဇော်သူများအဖို့ ကောင်းကျိုးမြန်စွာ ရရှိနိုင်ပေသည်။

ထို့ကြောင့် ရှင်သီဝလိရုပ်တုတော်ကြီးကို သက်ရှိထင်ရှား ရှင်သီဝလိမထေရ်မြတ်ကြီးအသွင် ထင်မှတ်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

သိဒ္ဓိတင်ခြင်းကိစ္စ ပြီးစီးပါက ရှင်သီဝလိရုပ်တုတော်ကို သက်တော်ထင်ရှား ရဟန္တာအသွင် စိတ်ထဲထား၍ မိမိ အိမ်ဂေဟာသို့ ကြွရောက် သီတင်းသုံးပါရန် ရှိသေစွာ လျှောက်ထားပင့်ဖိတ်ရမည်။

**"အရှင်ဘုရား၊ ဘုရားတပည့်တော်၊ တပည့်တော်မတို့၏ အိမ်ဂေဟာသို့ ကျောင်းအမှတ်ဖြင့် သီတင်းသုံးရန် ကြွရောက်တော်မူပါ အရှင်ဘုရား။**

**တပည့်တော်၊ တပည့်တော်မတို့သည် ယခုအခါမှစ၍ အရှင်ဘုရားကို အသက်ထက်ဆုံး ထည့်ကာ ကိုးကွယ်ပါမည် အရှင်ဘုရား။**

**တပည့်တော်၊ တပည့်တော်မတို့အား ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအဖြစ် မှတ်သား၍ ချီးမြှောက်မ,စတော်မူပါ အရှင်ဘုရား။**

**အရှင်ဘုရား၏ ဘုန်းတော်ကံကြောင့် တပည့်တော်၊ တပည့်တော်မတို့သည် လာဘ်လာဘများ အထူးပေါကြွယ်ရပါလို၏ အရှင်မြတ်ကြီးဘုရား"**

ဤကဲ့သို့ ရှိသေစွာ မိမိတို့၏ အိမ်ဂေဟာသို့ ပင့်ဆောင်၍ ကိုးကွယ်ရမည်။ သီးခြားကျောင်းဆောင်ဖြင့် ကိုးကွယ်ထားသော် လွန်စွာ ကောင်းလှပေသည်။ ကျောင်းဆောင် မရှိပါက ဘုရားကျောင်းဆောင် (သို့မဟုတ်) ဘုရားစင်၏ လက်ယာဘက်တွင် ထားရမည်။

## ရွတ်ဆိုပူဇော်နည်း

ရှင်သီဝလိရုပ်တုတော်ကို မိမိ၏ အိမ်ဂေဟာ၌ နေသားတကျ ရှိစေပြီးလျှင် ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် နေ့စဉ် ကပ်လှူပူဇော်ပြီး **လာဘ်ခေါ်မန္တန်ဖြင့်** (၃)ခေါက် ရွတ်ဆိုပူဇော်ရမည်။ ထို့နောက် လာဘ်ရှင်ဂါထာတော်ဖြင့် ထပ်မံ၍ သက်စေ့ ရွတ်ဆိုပူဇော်ခြင်း ပြုရမည်။

## လာဘ်ခေါ်မန္တန်

**နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊**

**ဖောင် ရှင်သီဝလိ ဘုန်းရှိမြတ်စွာ ရဟန္တာ၊**

**ထိမ်မှာဘုရား ကိုးကွယ်ထား အရှင်နာမှာကျိန်း။**

**ခင်သိမ်းလိုက်ရာ၊ ကာယ ဝေ မထော့ရှို**

**သုံးလီပြေကာသ ယုံကြည်မြတ်နိုး ချက်ကြီး။**

**တန်ခိုး ကိုယ်တော်မြဲ ။**

## လာဘ်ရှင် ဂါထာတော်

တေအဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ

ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလိ၊

ထေရော သစ္စဝဒ္ဓေန ဇဝံ မေ ဟောတု။

**ဘိက္ခဝေ**–ချစ်သားရဟန်းတို့ **မမ**–ငါဘုရား၏၊ **သာဝကာနံ**–တပည့်သာဝက ဖြစ်ကြကုန်သော၊ **လာဘီနံ**–လာဘ်လာဘ ပေါ်များကြကုန်သော၊ **ဘိက္ခူနံ**–ရဟန်းတို့တွင်၊ **ယဒိဒံ ယော အယံ သီဝလိ**–အကြင် သီဝလိရဟန်းသည်၊ **အတ္ထိ**– ရှိ၏။

**ဇော် သော** – ထိုသီဝလိရဟန်းသည်၊ **အဂ္ဂ အဂ္ဂေါ**– အမြတ်ဆုံးပေတည်း။

**ထေရ သစ္စဝဒ္ဓေန** – ဤသို့မှန်စွာ ဆိုခဲ့သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **ဇဝံ**– ထိုသီဝလိမထေရ်မြတ်ကဲ့သို့ အထူးလာဘ် ပေါ်များခြင်းသည်၊ **ဟောတု**– မုချပုံသေဖြစ်ပါစေသတည်း။

(အနက်အဓိပ္ပာယ်ကို သိရှိပြီးမှ ရွတ်ဆိုပူဇော်ခြင်းသည် သဒ္ဓါတရား ပိုကဲလာနိုင်သကဲ့သို့ ထူးခြားသည့် အကျိုးတရားများ ရရှိစေနိုင်သဖြင့် ဂါထာတော်၏ အဓိပ္ပာယ်ကို ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။)

## အထူး ရွတ်ဆိုပူဇော်နည်း

မိမိတို့၏ မွေးနေ့တိုင်း နံနက်(၇)နာရီတိတိ၌ သက်တော်ထင်ရှား ရှင်သီဝလိရဟန္တာ အရှင်မြတ်အား ရည်မှန်း၍...

ဆွမ်း(၇)ပွဲ၊ သစ်သီး(၇)၊ ပန်း(၇)ခိုင်၊ ရေချမ်း(၇)ခွက်၊ အလင်းတိုင်(၇)တိုင်၊ နံ့သာတိုင်(၇)တိုင်၊ နံ့သာပန်း (သို့) အညွန့်(၇)ခု (တနင်္ဂနွေသားသမီးဖြစ်ပါက အုန်းအညွန့်(၇)ခု (သို့) အုန်းပန်း(၇)ခိုင်ကို သီးခြားကပ်လှူရမည်)ကို ကပ်လှူပြီးလျှင် လာဘ်ခေါ်မန္တန်ကို (၉)ခေါက်၊ လာဘ်ရှင်ဂါထာတော်ကို (၁၀၈)ခေါက်တိတိ ရွတ်ဆိုပူဇော်ရမည်။

ဤကဲ့သို့ တိတိကျကျ ထုလုပ်စီရင် ကိုးကွယ်ပူဇော်ခြင်းကို ပြုခဲ့ပါသော် ရှင်သီဝလိမထေရ်မြတ်ကြီး၏ ဘုန်းတော်ကြောင့် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းသကဲ့သို့ လာဘ်လာဘများ အထူး ပေါ်များလာမည်မှာ မလွဲဧကန် အမှန်ဖြစ်ကြောင်းကို ကောင်းမြတ်ဖြူစင်သော စေတနာမွန်ဖြင့် ရေးသား လိုက်ရပေတော့သည်။

***သင်၏ဘဝ သာယာပါစေ။***

**ဦးခင်မောင်သန်း**
**(အ.မ.က–ပခန်းတန်း)**




www.burmeseclassic.com

www.burmeseclassic.com

# ဖွက်ချော်ဆေးဒန်း

ဖြည့်စွက်ချက်



ဖွက်ချော်နှင့် ဆေးဒန်းဖမ်းပုံဖမ်းနည်းကို ရေးသားဖော်ပြ၍ ပြီးစီးပြီဖြစ်ပါသော်လည်း လိုအပ်မည် ထင်သည့် အချက်အလက်များကို ဖြည့်စွက်ရေးသား တင်ပြလိုက်ပါသည်။ ဖါသနာရှင်များ အထူးဂရုပြုကြစေလိုပါသည်။

ပထမမိမိအကြိုက် ဖွက်ချော်မှုန့်၊ ဆေးဒန်းအမှုန့်၊ ယမ်းအမှုန့် သုံးမျိုးစပ်ပုံစပ်နည်းကို ရေးသားပါမည်။

**ဥပမာ** ဆေးဒန်းအမှုန့် တစ်ဆယ်ကျပ်သားဆိုပါလျှင် ဖွက်ချော်အမှုန့်က တစ်ဆယ့်ငါးကျပ်သား၊ ယမ်းအမှုန့်က ခုနစ်ကျပ်သားစီ သမအောင်ရောပြီး မွှေပေးပါ။ ယင်း ရောစပ်ပုံအချိုးကို မှတ်သားထားပါလေ။

ဖမ်းတော့မည်ဆိုပါလျှင် လေလိုက်အားကောင်းသော မော်တာဖိုဖြစ်စေ၊ ဘားဖိုဖြစ်စေ အသုံးပြုပါ။ လေလိုက်အားနည်းနေပါက လိုသလို မဖြစ်ဘဲ အေီမလည်နှင့် ဆေးဒန်း ပြဒါး မဆင်းဘဲ ဖြစ်တတ်ပါသည်။

**ဒုတိယအဆင့်က** လုံကို ဂရက်ဖိုဒ်လုံကို အသုံးပြုပါ။ ဂရက်ဖိုဒ်နံပါတ်သုံးဆိုလျှင် ဆေးဒန်းအလေးချိန် တစ်ဆယ့်ငါးကျပ်သားအထိ လည်းကောင်း တစ်လုံတည်းဖြင့် ဖမ်း၍ရပါသည်။

**တတိယအဆင့်က** ဖိုခွင်ထဲသို့ လုံကို ထည့်၍ အငှား အဖုံးအုပ်ကာ လုံ ရဲမှည့်လာအောင် မီးပေးပါ။

**မှတ်ချက်။ ။ လုံအဖုံး အသုံးပြုရာ ဂရက်ဖိုဒ်လုံ နံပါတ်တူချင်း ပြန်ဖုံးပါလေ။**

လုံ ရဲမှည့်လာသောအခါတွင် သုံးမျိုးပေါင်းစပ်ထားသည်တို့ကို သင့်တော်ရုံ ဇွန်းဖြင့် ခပ်ထည့်ပေးပါ။

လက်ချားချော်ကဲ့သို့ အရည်လင်အောင် မီးပေးပါ။ ယမ်းသင့်ရုံပေါက်ပြီး သံဂေါက်နှင့် နာနာမွှေ၍ပေးရပါသည်။ နာနာမွှေလေ ဆေးဒန်းပြဒါးကဖင်မှာထိုင်လေ ဖြစ်ပါသည်။

ထိုကဲ့သို့ အရည်ဖြစ်နေပြီဆိုပါက နောက်ထပ် သုံးမျိုးရောထားသော အမှုန့်ကို ခပ်၍ ထည့်ပေးပါ။

ထည့်လိုက်ထိုးလိုက် အရည်ဖြစ်လိုက်နှင့် လုံထဲမှာ ပြည့်ကာနီး နည်းပါးဖြစ်ပြီဆိုလျှင် ချော် ကြည်လာအောင် မီးပေးပါ။

ချော် ကြည်လာပြီဆိုလျှင် မီးကို အနည်းငယ် လျှော့လိုက်ပါ။ သို့မဟုတ် ဖိုကို ရပ်လိုက်ပါ။ ထိုအခါ၌ ချော်များမှာ အစီးပေါက်၍ ကော်ကဲ့သို့ ဖြစ်လာပါမည်။ ယင်းကို သံဂေါက်ဖြင့် ရစ်ထုပ်၍ ရေချကာ ထုတ်ပစ်ပါ။

ပျစ်ချွဲချွဲချော်များ ကုန်စင်အောင် ရစ်ထုပ်ပြီးပါက လုံထဲ၌ ဆီကဲ့သို့ ရေကဲ့သို့ ဆေးဒန်း၊ ပြဒါး သတ္တုအရည်များကို တွေ့ရမြင်ရမည် ဖြစ်ပါသည်။

ထိုအရည်သည် ရစ်ထုတ်၍ မရပါ။ ဤသည်ကို သတိပြုစေချင်ပါသည်။ ဖွက်ချော်မှ ကွဲထွက်လာသော ချေးချော်များ ရစ်ထုတ်၍ ရပါသည်။

**သတိပြုရန်မှာ** ယင်းဆေးဒန်း ပြဒါး သတ္တုအရည်လုံထဲမှာ နည်းနေသေးလျှင် သုံးပါး အမှုန့်ထပ်ကာထည့်ပြီး ဆက်လက်ဖမ်းပါ။

အကယ်၍ များလာပြီး တော်ချင်ပြီဆိုပါလျှင် အဖုံးဖွင့်ပေးပြီး ဖိုထဲတွင် အေးအောင်၊ ခဲအောင်ထားပါ။

လုံအေးသွားပြီဆိုပါလျှင် လုံကို မှောက်၍ ခေါက်ချပါက ဆေးဒန်းအခဲသည် သန့်စင်စွာ ကွာကျလာမည်ဖြစ်ပါသည်။ လုံကို မခွဲရဘဲနှင့် နောက်ထပ်လည်း သုံး၍ရပါသည်။

ထိုသို့ ရလာသော ဆေးဒန်းအသားကို အမှုန့်ထောင်းပြီး အရည်ဖြစ်နေသော သံရည်ထဲသို့ ဇွန်းဖြင့်ခပ်ထည့်ပြီး သံဖိပါလေ။

တစ်နာရီခန့် မီးပြင်းထိုးပါက အအေးခံခွဲကြည့်လျှင် သံကို အပေါ်က ဆေးဒန်း၊ ပြဒါးက အောက်က အပျော့ရပါတော့သည်။

ထိုသံဖိ၍ ရလာသော ဆေးဒန်းအပျော့ကို သံဒယ်အသေးတွင်ထည့်ပြီး တမာရိုးအစိုနှင့် မွှေပေးပါက ချေးများမှာ ကြိတ်ကြေအမည်းများဖြစ်ကာ ထွက်လာပါသည်။

အညစ်အကြေး များလာလျှင် လောင်းခြင်း ထည့်သွန်ယူပါလေ။ ကြိုလိုက်မွှေလိုက်နှင့် အကြိမ်ကြိမ်ပြုလုပ်ပါက ပြာနှမ်းနှမ်း နာဆီများ ကုန်ပြီး ဖြူဖွေးသော အသားကောင်းကို ရရှိပါတော့သည်။

ဦးသုမန (မစိုးရိမ်)

www.burmeseclassic.com

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ဝ၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/ဝ၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၄၄

ဦးဇော်ထွန်း

www.burmeseclassic.com

**ယခင်လမှ အဆက်**

သီလမရှင်မကြီးလည်း ဆရာတော်ကို လာနိုးလာနိုးနှင့် စောင့်မျှော်နေရာ မွန်းတည့်(၁၂)နာရီသာ ထိုးသည်အထိ ဖြစ်သည်။ ဆရာတော်လည်း သပိတ်နှင့်ရေကို ကျင်ပြီး ဘောက်သုံးလိုက်ရလေသည်။ ဤမျှအထိ အကျင့်သိက္ခာနှင့် သည်းခံခွင့်လွှတ်သော အာဂပုဂ္ဂိုလ်တစ်ပါး ဖြစ်လေသည်။

**မြွေ၊ ကျားများ အန္တရာယ်**

**ဘေးအာပေါင်းမှ လွတ်ကင်းပုံ**

ဝါးချေတောင်သည် မြွေ၊ ကျားများ အလွန်ပေါသော နေရာဖြစ်၏။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ် စမ်းသည့် အနေဖြင့် ဆရာတော်ကြီးသည် ထိုကျောင်း၏ တောင်ဘက် သစ်ပင်ရင်းတွင် ရုက္ခမူလရှုတင်ကို ဆောက်တည်နေစဉ် မြွေကြီးတစ်ကောင်သည် ဆရာတော်၏ ခန္ဓာကိုယ်ကို ရစ်ပတ်လာ၏။ ဆရာတော်ကြီးက တရားဟောပြောပြမှ မြွေကြီးမှာ ဖြေပြီး ပြန်ဆင်းသွားလေသည်။

တစ်နေ့တွင် သခ်မ်းတွင် လက်ကျိုင်းလောက်ရှိသော မြွေနှစ်ကောင်မှာ သီလရှင်မ သခ်မ်း၌ တစ်ဖက်တစ်ချက်စီတွင် ဝါးလုံးကို ရစ်ပတ်ပြီး ရှိနေကြ၏။ ထိုအခါ သီလရှင်က ဆရာတော်ကြီးကို သွား၍လျှောက်လေသည်။ ဆရာတော်ကြီးလည်း ကြွလာပြီး **"ဒကာမတို့လား၊ ဒကာလား တဆိတ်လောက် ဖယ်ပေးကြပါ"** ပြော၍မှ မြွေကြီးမှာ အောက်သို့ ဆင်းသွားကြလေသည်။


တစ်ခါကလည်း ဆရာတော်ကြီး၏ တရားအားထုတ်ရာ တရားဟောပလ္လင်ရှေ့တွင် မြွေ(ငန်းကျား)ကြီးတစ်ကောင်

# မြောက်ဦးမြို့မှ မပုပ်မသိုး

# မပုပ်မပျက်သည့် ဘဒ္ဒန္တ လောဘ

# ၏ အလောင်းတော် (၂)

စောလှိုင်းသျှင်
(မြောက်ဦး)



◆ မဟာသုစညီကျောင်းတော်ကြီးများအား အဝေးမှ မှုမြော်ရပုံ

သည် ခွေ၍ အိပ်နေ၏။ ထိုအခါ ကျောင်းဒကာဖြစ်သော ဦးမောင်စိန်လှ (ကွယ်လွန်)နှင့် ဦးပြေုးတို့က ဝါးဖြင့် ထိုးရန်လုပ်ကြ၏။

ထိုအခါ ဆရာတော်က ဝါးဖြင့် မထိုးကြရန် ဟန့်တားပြီးက…

'ဒကာလား ဒကာမလား ဒီနေရာဟာ လူနဲ့ နီးစပ်လို့ အန္တရာယ်များတယ်၊ ယင်းနဲ့ တစ်ခုခုတွင် သွား၍နေပါ'

ဟု ဆိုလိုက်၏။ ထိုအခါ ယင်းမြွေသည် တောင်ဘက်သို့ ဆင်းသွားလေတော့သည်။

ဆရာတော်၏ ကျောင်းတောင်ဘက်၌ ရေလယ်တောင် ရှိလေသည်။ တစ်နေ့ညနေဘက်တွင် ထိုရေလယ်တောင်မှ ကျားသည် လာလတ်ပြီး ဆရာတော်ကြီး၏ ကျောင်းပေါ် ဖိနပ်ချွတ်ခန်းသို့ တက်လာ၏။ ထိုစဉ်က ကျောင်းမှာလည်း ဝါးကျောင်းငယ်သာ ဖြစ်သည်။

ကျားသည် အာလုံးပစ်(ကြောက်မက်ဖွယ်အသံ)မြည်လျက် ဝါးကျောင်းငယ် သိမ့်သိမ့်ခုန်အောင် မြည်လေ၏၊ ဆရာတော်ကြီးက မေတ္တာကမ္မဋ္ဌာန်းကို

www.burmeseclassic.com





◆ ဗုဒ္ဓသာသနာအား စောက်ဆုံးမှုမပြော်အနေကြသော လူထုမရှိသတ်

◆ မောင်ရှိုင်းဘုန်းတော်ကြီးများအား ပူဇော်ကုံ

စီးဖြန်းလိုက်မှ ကျားသည် လာရာလမ်းအတိုင်း ပြန်သွားလေတော့သည်။ ဤသည်မှာ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် ဖြစ်လေသည်။

## ဆရာတော်မှာ မိမိသေမည့်ရက်ကို မိမိသိရှိခဲ့

၂၀၀၉ ခုနှစ်၊ (၅)လပိုင်းမှာ ဖြစ်ပါသည်။ ဆရာတော်ကြီးသည် သားကိုစောမောင်သာနှင့် မိမိ၏ကျောင်းသို့ သွားကြ၏။ ထိုကျောင်းမှာ တောင်၏ အပေါ်ဆုံးအဆင့်(အထပ်)တွင် သစ်သားများဖြင့် ဆောက်လုပ်ထား၏။

ယင်းကျောင်းသို့ သွားကြစဉ် အပေါ်ဆုံးထပ်တွင် ဓမ္မာရုံတစ်ခု ရှိ၏။ ထိုဓမ္မာရုံကြီးတွင် ဘုရားကြီးတစ်ဆူရှိသည်။ ကျောင်းသို့ မရောက်မီ ဓမ္မာရုံကြီးကို ဖြတ်၍ သွားရသည်။ ထိုစဉ် ဆရာတော်ကြီးက...

'အရှင်ဘုရား ဒီမှာ ကျန်ခဲ့ပါတော့၊ တပည့်တော် ကိုယ်တိုင်ပြည်(ယေမင်းနိုင်ငံ)သို့ ပြန်ပါတော့မည်'

ဟု လက်ဝါးကာ၍ပြပြီး ပြောဆိုခဲ့ပါသည်။ ဤသည်မှာ ဆရာတော်ကြီးသည် မိမိသေမည့်ရက်ကို မိမိ ကြိုတင်၍ သိနေသဖြင့် ပြောကြားခြင်း ဖြစ်ပါသည်။

## နာနာဘာဝများနှင့် တွေ့ခြင်း

ဆရာတော်သည် လူ့ဘဝက တခြေ့ မှင်စာ စသော နာနာဘာဝများကို အလွန်ကြောက်ရွံ့၏။ မည်မျှကြောက်သနည်းဆိုသော် အိမ်သာတက်မည်တောင်မှ ဇနီးသည် ဒေါ်ပန်းသာနုကို အဖော်ခေါ်၍ တက်ရသည် အထိ ဖြစ်ချေသည်။

ရဟန်း သာမဏေဖြစ်ပြီးမှ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် မကြောက်တော့ချေ။ ဆရာတော်ကြီး၏ နာနာဘာဝများနှင့် တွေ့ပုံများမှာ...

ဆရာတော်ကြီး ဤဝါးချေတောင်ကျောင်းသို့ ရောက်ခါစက ထန်းပင်လောက်ရှည်သော နာနာဘာဝတစ်ကောင်သည် ရှေ့မှ ကာဆီးနေ၏။ ဆရာတော်က မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းလိုက်ကာမှ ထိုမိစ္ဆာကောင်သည် ပျောက်ကွယ်သွားလေသည်။

ထန်းပင်လောက်ရှည်သော မိစ္ဆာကောင်နှင့်တွေ့ပြီး မကြာမီ တောင်နှစ်လုံးကိုခွပြီး ရပ်ပြနေသော မိစ္ဆာကောင်နှင့်တွေ့၏။ ထိုမိစ္ဆာကောင်၏ မျက်နှာမှာ ပျဉ်ပြားလိုလို ပြားချပ်ချပ်ဖြစ်ပြီး မျက်စိတစ်လုံးမှာ သပိတ်လုံးခန့်ရှိ၍ ကျန်မျက်စိတစ်လုံးမှာ ပိုးစုန်းကြူးပမာဏ ရှိ၏။

နာခေါင်းမှာ ပြားချပ်ချပ်ရှိပြီး ပါးစပ်ပေါက်မှာ အပ်ပေါက်လောက်သာရှိ၍ အလွန်အရုပ်ဆိုးပြီး ကြောက်စရာကောင်းလှသည်။ ဆရာတော်က မေတ္တာကမ္မဋ္ဌာန်း ပွားများလိုက်မှ ထိုမိစ္ဆာကောင်မှာ ပျောက်ကွယ်သွားလေသည်။

တစ်ခါက ညနေဆည်းဆာချိန်တွင် ကျောင်း၏ဝင်လမ်းနား၌ ထဘီအစိမ်းဝတ်ပြီး ခေါင်းတွင် ပန်းစိမ်းပန်ထားသော ဆံပင်ကို ဖားလျားချထားသည့် အမျိုးသမီးတစ်ဦးသည် "အရှင်ဘုရား နေကောင်းပါရဲ့လား" ဟု နှုတ်ဆက်လာ၏။


ထိုအခါ ဆရာတော်ကြီးက နာနာဘာဝများ လူဟန် ဖန်ဆင်းလာမှန်းသိ





www.burmeseclassic.com

www.burmeseclassic.com



◆ မြိုက်တာလာအား မီး တောင်ဆလာင်ကျွမ်းနေပုံ

၍ **"ဒီနေရာဟာ ငါတစ်ယောက် တည်းနေတယ်။ ဒီကျောင်းကို မိန်းမ များ မလာရ ဆိုတာကို မသိလား"** ဟု ခပ်ငေါက်ငေါက် ပြောလိုက်ရာ အဆိုပါ မိန္မမသည် ကမန်းကတန်း တောင်ပေါ်သို့ တက်ပြေးသွားလေ သည်။

မကြာခဏ ဆိုသလို တွေ့တတ် သည်များလည်း ရှိပါသည်။ ညဦး မှောင်ရီပျိုးစအချိန်တွင် မိန်းမတစ် ယောက်သည် ကလေးငယ်တစ် ယောက်ကို ခါးတွင်ချီ၍(ခါးထစ်ခွင်၍) တောင်ခြေမှ ပတ်ပြီး ငို၍ သွားလာနေ သည်။ ယင်းကို ဆရာတော်က မေတ္တာ ဘာဝနာပွားများလိုက်မှ ပျောက်ကွယ် သွားသည်ဟု ဆိုပါသည်။

တစ်ခါတွင်လည်း ဆရာတော်သည် သစ်ပင်အောက်တွင် ရုက္ခမူလဓူတင် ဆောက်တည်နေစဉ် မိန္မာတစ်ကောင် သည် ဓားဖြင့်ဝင်၍ခုတ်၏။ ဓားသည် လိမ်ပြီး ကောက်ကွေးသွားလေသည်။ ထိုစဉ် နောက်တစ်ယောက် ဝင်လာပြီး ဓားဖြင့်ခုတ်၏။ ထိုသူ၏ ဓားသည် လည်း ကောက်ကွေးသွားလေသည်။

ထိုအခါ ပထမ မိန္မာက **"အဓေး... မရမရ ဒီလူဟာ လူမဟုတ် ကျောက် ရုပ်ရာဖြစ်မယ်"**ဟု ဆိုပြီး အဝေးသို့ ပြေးသွားကြလေသည်။ ဤသည်မှာ အရှင်ဘုရား၏ သီလဂုဏ်၊ သမာဓိ ဂုဏ်တို့ကြောင့် ဖြစ်လေသည်။

နောက်များမကြာမီ အဝတ်ဖြူ ဝတ်ထားသော လူနှစ်ဦး ကျောင်းပေါ် သို့ တက်လာကြ၏။ ထိုပုဂ္ဂိုလ်များမှာ ရုက္ခစိုးများ ဖြစ်ကြလေသည်။

'ဆရာတော်ဘုရားရဲ့ သီလဂုဏ်၊ သမာဓိ ဂုဏ်နဲ့ ပြည့်စုံတယ်ဆိုတာ ကြားကြလို့ ဖူးရန်လာခြင်း ဖြစ်ပါတယ်ဘုရား'

ဟု လျှောက်၏။ ထို့နောက် မကြာမီ ပြန်ဆင်းသွားကြလေသည်။

ဤရုက္ခစိုးတို့ ဖူးသွားကြပြီး မကြာမီ ပင် လေးမြို့ချောင်း–ရွာမနီကျေးရွာမှ ညအိပ်ပြီး ဆွမ်းကျွေးရန် ရောက်လာ ကြသည်။ ထိုညတွင် ဆရာတော်မှာ တရားမှတ်၍ ကျောင်းပေါ်တွင် စင်္ကြံ လျှောက်နေ၏။

ဆွမ်းကျွေးမည့်သူများ တည်းခို သော တည်းခိုဆောင်မှာ ထမင်းချက်ရုံ တွင်ဖြစ်သည်။ ယင်းအခါ ထိုထမင်း ချက်ရုံနှင့် မနီးမဝေးတွင် ဆရာတော် နှင့် သဏ္ဍာန်တူ သပိတ်တစ်လုံးလွယ် လျက် တစ်ညလုံး ရပ်နေသည်။

ထိုစဉ် ရွာမနီမှ လူတစ်ယောက်က ဦးပဥ္စင်းဦးဥေ့ယျနှင့် ဦးကဝိန္ဒတို့ကို ခေါ်၍ပြလေသည်။ ထိုအခါ ဦးပဥ္စင်း ဦးဥေ့ယျ၊ ဦးကဝိန္ဒနှင့် ရွာမနီရွာမှ ထိုပုဂ္ဂိုလ်တို့သည် ဆရာတော် ဟုတ် မဟုတ် ကျောင်းပေါ်သို့ တက်ကြည့် ကြသောအခါ ဆရာတော်မှာ ကျောင်း ပေါ်တွင် စင်္ကြံလျှောက်၍ ရှိနေသည်ကို တွေ့ကြရသည်။

ဦးပဥ္စင်းဦးဥေ့ယျတို့ ဆရာတော်ထံ လျှောက်ကြသောအခါ ဆရာတော် က...

'နာနာဘာဝ ဝိနာဘာဝဆိုတာ အမျိုးမျိုး အယောင်ဆောင်(ဖန်ဆင်း)ပြခြင်း ဖြစ်တယ်။ မကြောက်နဲ့ မလန့်ကြနဲ့ ဘုရားတရားကို သာ အမြဲ နှလုံးသွင်းထားကြ'

ဟု ပြောဆိုလိုက်လေသည်။ ထိုအခါ ထိုရွာမနီရွာမှ မရမာလူမျိုးက **"တပည့်တော်တို့ တစ်ခါမှ မတွေ့ ဘူး။ မမြင်ဘူးပါ"**ဟု လျှောက်ပြီး ကျောင်းပေါ်မှ ဆင်းသွားလေသည်။

ဦးပဥ္စင်းများ၊ သာမဏေများကို ဆရာတော်က **"ညဦးအချိန် စာမဖတ် ရ"**ဟု အမိန့်ထုတ်ထား၏။ အကြောင်း ကလည်း ညဦးအချိန် စာဖတ်ပါက နာနာဘာဝ၊ ဝိနာဘာဝများ နှောင့်ယှက် မည်စိုး၍ ဖြစ်သည်။

ဦးပဥ္စင်း ဦးဥေ့ယျက ညအချိန် ဆရာတော်အမိန့်ကို ဖီဆန်၍ စာခိုး ဖတ်၏။ ထိုအချိန်တွင် ပျဉ်ကြားမှ လက်တစ်ချောင်းပေါ်လာပြီး ဖယောင်း တိုင်မီးကို ငြိမ်းသတ်လိုက်လေသည်။ ယင်းအချိန်တွင် ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဘဒ္ဒန္တလာဘမှာ အိပ်ခုတင်တစ်လုံးနှင့် သစ်ပင်အောက်တွင် ရက္ခမူလ ရှုတင်ကို ဆောက်တည်လျက် ရှိနေသည်။ ဦးငြေ့ယျစိတ်ကူးမှာလည်း...

'ဆရာတော် သယားတော်တို့ မရှိရင် ဆွမ်းဝတ်မယ်။ သို့နဲ့ စာမတတ်ရင် ကိုးကွယ်မယ့်သူ ရှိပို့မလား'

ဟူ၍ဖြစ်သည်။ ထိုစဉ် အောက်မှ အဝတ်ဖြူစင်ကြယ် ဝတ်ထားသော သူတော်လိုလိုပုဂ္ဂိုလ်တစ်ယောက်က...

'ကိုယ်တော်(ဦးပဉ္စင်း) ဘာတွေ စဉ်းစားနေလဲ၊ မစဉ်းစားနဲ့ သူ့ဟာနဲ့သူ ဖြစ်လာမှာပဲ'

ဟု ပြောဆိုသံကို ကြားလိုက်ရသည်။ ထိုအကြောင်းကို ဦးငြေ့ယျသည် ဆရာတော်ထံသွား၍ လျှောက်ရာ ဆရာတော်ကြီးက...

'ကိုယ်တော်(ဦးပဉ္စင်း)လဲ မဟုတ်တာတွေကို မစဉ်းစားနဲ့ ရူးသွားလိမ့်မယ်။ ကျောင်းကို ပြန်ကြွသွားပါ။ ကိုယ်တော်ထွက်ပြီး ဟိုဟိုဒီဒီ သွားလာမနေနဲ့။ ကိုယ်တော် တွေ့ဖူး ကြုံဖူးတယ် မဟုတ်လား'

ဟု ပြောဆိုဆုံးမလိုက်လေသည်။

တစ်ခါသော် မယ်တော်(သီလရှင်)က...

'အရှင်ဘုရား ထင်း မရှိပါပြီဘုရား။ ဘာအပင်ကို ခုတ်ရပါ့မလဲ ဘုရား'

ဟု လျှောက်၏။ ထိုအခါ ဆရာတော်က...

'သခ်မ်း အတက်လမ်းနားက ကျီးကန်းပင်(သစ်ပင်တစ်မျိုး)ကို ခုတ်'

ဟု အမိန့်ပေးခဲ့၏။

'ဆရာတော် ကျီးကန်းပင်မှာ ကျွန်တော်နေပါတယ် မခုတ်ပါနဲ့'

ဟု နာနာဘာဝက လျှောက်၏။

ဆရာတော်သည် ကျီးကန်းပင်မှ နေသော နာနာဘာဝ၏ လျှောက်တင်သံကို ကြားရသောအခါ မယ်တော်အား အကြောင်းစုံကို သွား၍ပြောဆိုဟန့်တားလေတော့သည်။




◆ သက်တော်(၃၂)နှစ်
သီက္ခာတော်(၁၀)ဝါရှိ ယခုလက်ရှိ
ကျောင်းရှင် ဘဒ္ဒန္တဝိလာသ

မဟာသုခညီနောင် စေတီများ တည်ရန် အခါကလည်း သံဃာများ စုဝေးပြီး ပရိတ်ရွတ်ဖတ်ကြ၏။ ကမ္မဝါစာများ၊ အမိန့်ပြန်တမ်းများ ရွတ်ဖတ်ကြ၏။ ထိုည ရှစ်နာရီလောက်တွင် တော်လည်းသံလိုလို ဘာလိုလိုနှင့် အော်မြည်သံကို ကြားရ၏။ ကြောက်ခမန်းလိလိပါပေ။

ထို့နောက် ကျောင်းသခ်မ်းများမှာ တောက်တဲ့များ မရပ်မနား အော်မြည်သံကို ကြားနေရ၏။ ထိုအခါ ဆရာတော်က...

'အမိန့်ပြန်တမ်းများကို ထုံးတမ်းစဉ်လာအရ မလုပ်မဖြစ်လို့သာ လုပ်ရတယ်။ ငါ လုပ်ချင်လို့မဟုတ်။ သင်တို့ကို အစကတည်းက ငါ ကြိုးပွားသော်လဲ သင်တို့ အနှောင့်အယှက် မလုပ်နဲ့။ သင်တို့ကိုလဲ ငါမနှင်။ စိတ်ချမ်းသာသလို နေကြပါ'

ဟု ပြောဆိုလိုက်ရာ တစ်တောတစ်တောင်လုံး တောက်တဲ့များပါ မကျန် တောက်နေသည့်မီးကို ရေနှင့်ဆွတ်လိုက်သလို ငြိမ်သက်သွားလေသည်။

ဤတော ဤတောင်များ၌ မကြာခဏဆိုသလို တောခြောက်သံများကို ကြားနေရ၏။ တစ်ခါတစ်ရံ လက်သီးကန်မှ တစ်ညလုံး ကွန်ပစ်သံကို ကြားရ၏။ တစ်ခါတစ်ရံ ညလုံးပေါက် ဆိုင်းသံ၊ ဗုံသံများကို သာယာငြိမ့်ညောင်းစွာ ကြားနေရ၏။ တစ်ခါတစ်ရံ ဆရာတော်မှာ တစ်ပါးတည်း စကားပြောဆိုသံကိုလည်း ကြားကြရ၏။ အမှန်မှာ ဆရာတော်သည် နတ်ဒေဝါများနှင့် စကားပြောနေခြင်း ဖြစ်သည်။

မိုးလင်းသော် လူတစ်ယောက် ဆရာတော်ကို...

'အရှင်ဘုရား ချမ်းသာစွာ နေပါ။ ဤတော ဤတောင်တွင်ရှိသော နာနာဘာဝများကို ကျွန်တော် နှင်ထုတ်လိုက်ပါပြီဘုရား'

ဟု သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များက လာ၍ လျှောက်လေသည်။

ဤသည်မှာ သမထ အားကောင်းသော ဘဒ္ဒန္တလာဘ၏ အစွမ်းသတ္တိထူးများ ဖြစ်လေသည်။

## ဆရာတော်၏ ရည်မှန်းချက်

ဤသို့ နာနာဘာဝများ ဝိနာဘာဝများ၏ ခြောက်လှန့်သံများကို ကြားနေရသော ဆရာတော်၏ ဖခမည်းတော်က...

'အရှင်ဘုရား ဓာတ်ပေါင်းရွှေဂူတောရ ကျောင်း(စိတ္တသုခကမ္မဋ္ဌာန်းတောရကျောင်း)သို့ ပြန်ကြွပါဘုရား'

ဟု သုံးလီသုံးခါ လျှောက်၏။ ထိုအခါ ဆရာတော်က...

'အဘကြီး ဦးပဉ္စင်း၏ ရည်မှန်းချက်မှာ မဟုတ်ရင်သေ၊ မသေရင်ရှူး၊ မျှရင်ထူး ဆိုသော ရည်မှန်းချက်ရှိပြီး နောက်တစ်ခါ မပြောနဲ့၊ ပြောလို့ရှိရင် ခြေနှင့်လက်ကို တုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

လက်ဆီးကန်သို့ ခုန်ချသေလိုက်မယ်'

ဟု ခြိမ်းခြောက်၍ ပြောဆိုပြီးမှ နောက်တစ်ခါလည်း မလျှောက်ဝံ့တော့ပြီ။

ဤသည်မှာ ဆရာတော်၏ ရဲရင့်ပြတ်သားသော ရည်မှန်းချက်များ ဖြစ်လေ၏။

## ဘဝနတ်ထံ ပျံလွန်တော်ခြင်း

ဆရာတော်ကြီး ဘဒ္ဒန္တလာဘသည် သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၅၀)ဝါ၊ ၁၃၇၁ ခုနှစ်၊ နယုန်ဆုတ်(၉)ရက် ၂၀၀၉ ခုနှစ်၊ ဖွန်လ(၁၆)ရက် အင်္ဂါနေ့ ညနေ(၇း၂၀)နာရီအချိန်တွင် တစ်ဘဝ တစ်ခန္ဓာ ချုပ်ငြိမ်းသွားတော်မူသည်။

ပထမတွင် ဆရာတော်ကြီး၏ အန္တိမ ဈာပနကို သုံးရက်ထားပြီး မီးသင်္ဂြိုဟ်ရန် စီစဉ်ဆောင်ရွက်ကြ၏။

ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို (၃)ရက်ထားရှိသော်လည်း ဆရာတော်ကြီး၏ ရုပ်ကလာပ်မှ အပုပ်နံ့ လုံးဝထွက်ပေါ်လာခြင်း မရှိသကဲ့သို့ ရုပ်ဆင်းအင်္ဂါမှာလည်း လုံးဝ ပျက်စီးယိုယွင်းခြင်း မရှိသည်ကို မြို့သူမြို့သားများ ဖူးမြော်ကြရ၏။

ထို့ကြောင့် (၃)ရက်မှ (၅)ရက် တိုး၍ ထားကြည့်ကြရာတွင်လည်း ယခင်အတိုင်း လုံးဝ ပုံစံမပျက် ရှိနေပြန်၏။

ထိုမှ တစ်ဆင့်တက်၍ (၅)ရက်မှ (၇)ရက်သို့ တိုး၍ ထားကြည့်ကြရာတွင်လည်း ယခင်အတိုင်း တွေ့ရှိကြပြန်၏။ ဆရာတော်ကြီး၏ ရုပ်ကလာပ်မှာ သက်တော်ထင်ရှား ရှိနေစဉ်ကကဲ့သို့ လဲလျောင်းနေသည့် ပုံသာဖြစ်၍ ပုပ်ပွခြင်း အလျှင်းမရှိသည်ကို ဖူးတွေ့ကြရ၏။

ကိလေသာ အာသဝေါကင်းသော ရဟန္တာအရှင်မြတ်တို့၏ အလောင်းတော်သည် အပုပ်နံ့ မထွက်ကြောင်း သုတ္တနိပါတ်အာမဂန္ဓ သုတ်အဖွင့်(၃၀၃)တွင် ဖွင့်ဆိုထားသည်ကို တွေ့ကြရသည်။ သို့နှင့် ဤသို့ မပုပ်မပွသော အရှင်မြတ်ကို ရဟန္တာမထေရ်မြတ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ပို၍ ထူးခြားချက် ရှိသည်က ပျံလွန်တော်မူပြီးနောက် (၇)ရက်တိုင်တိုင် ခန္ဓာကိုယ်မှာ ပျော့ပျောင်းလျက် ရှိနေပြီး ခြေများလက်များကို အကွေးအဆန့် ပြုလုပ်၍ ရနေခြင်းတို့အပြင် အနံ့အသက်မထွက်ခြင်း၊ မပွခြင်း၊ ဆံပင်များ ရှည်ထွက်လာခြင်းများ ရှိနေခဲ့သည်။

မည်သို့ဆိုစေ ဆရာတော်ကြီး၏ မပျံလွန်မီက **"ငါ ပျံလွန်ပြီးသည်နောက် ငါ့ကို မီးသင်္ဂြိုဟ်ကြပါ"** အမှာစကား ရှိခဲ့၍ သံဃာတော်များနှင့် တပည့်ဒကာ ဒကာမများက ၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း(၂)ရက် (၂၃.၆.၀၉) နေ့ အင်္ဂါနေ့ ညနေ(၃း၃၀)နာရီတွင် မီးသင်္ဂြိုဟ်ခဲ့ကြလေသည်။

ဆရာတော် မပျံလွန်မီက သက်တော်(၃၂)နှစ်၊ သိက္ခာတော်(၁၁)ဝါရှိ မိမိ၏ တပည့်ရင်း ဘဒ္ဒန္တတိလောကအား မဟာသုခတောရကျောင်းကို လွှဲအပ်ခဲ့လေသတည်း။

## သံဝေဂလင်္ကာ

အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား
တိမ်တခဲနက်၊ ကြည့်ရင်းပျက်သို့
ပျက်စီးအောက်တွင်၊ လွင့်ပျောက်စင်၏။
သခါရစက်၊ သူ့ပိုင်နက်၌၊
မပျက်သအိ၊ ကုသိုလ်သာလျှင်၊
ချမ်းသာတိုးပွား ကောင်းကျိုးများမည်၊
ရောက်ခြား နိဗ္ဗာန်တိုင်အောင်တည်း။

*(သက္ကရာဇ် ၁၃၇၁ ခုနှစ်မှ ၁၃၇၆ ခုနှစ်ထိ ဆရာတော်ကြီး၏ ပျံလွန်တော်မူသော (၅)နှစ်မြောက်နေ့ကို အထူးသတိရလျက်...)*

**[ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ပြောပြပေးသော ဘဒ္ဒန္တဥေ့ယျ (ပန်းမြောင်းကျေးရွာ၊ မင်းပြားမြို့နယ်) ကိုစောမောင်သာ (တောင်ရပ်) ဒေါ်စံသာနု(ဝါချေး) တို့အား အထူး ကျေးဇူးတင်ရှိပါသည်။]**

**စောထွီးသျှင်(မြောက်ဦး)**

ကျမ်းကိုး

၁။ အသျှင်ဘဒ္ဒန္တလာဘ၏ လက်ကမ်းစာစောင်(ဂေါပကအဖွဲ့၊ မဟာသုခတောရကျောင်းတိုက်)

၂။ စာရေးသူ၏ ကွင်းဆင်းလေ့လာချက်များ။

စာရှုသူ သုတေသီနှင့်

ပါသနာရှင်များသို့ . . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွယ်ပျောက်လုနီးနေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်ကုသိုလ်တော်ယူကြပါရန် မေတ္တာရပ်ခံ ဖိတ်ကြားအပ်ပါသည်။

လေးစားစွာဖြင့် . . .

ဦးကျော်မိုးသိန်း
စာတည်းမှူး
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# အလုပြင်ဆိုင်လုပ်ငန်း

## နှင့် အကျိုးပေးနိုင်သူ

သရက်ကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ




အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ဦးက **အလှပြင်ဆိုင်လုပ်ငန်း လုပ်ရင်ကောင်းမလား (သို့) ငွေချေးအပေါင်ခံတဲ့ အလုပ်ကိုလုပ်ရင်ကောင်းမလား**ဆိုတဲ့ မေးခွန်းကို အဓိက မေးပါတယ်။

သူမရဲ့ ဘယ်လက်ဖဝါးပြင်ကို ပုံနှိပ်ပြီး လေ့လာကြည့်ရှုစစ်ဆေးတဲ့အခါ... **"က"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ကံလမ်းကြောင်းအောက်ခြေမှာ **ငါးကြင်းမြီးသင်္ကေတ** ထင်ရှားလှပနေတယ်။

* * *





အဲဒီ သင်္ကေတမျိုး ရှိသူဟာ ဆိုင်လုပ်ငန်းတွေနဲ့ အကျိုးပေး စီးပွားဖြစ်နိုင်ကြတယ်။ **"ခ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဦးခေါင်းလမ်း တနင်္လာဂြိုဟ်ခုံဘက် အတော်အတန် ကွေးညွတ်နေ

www.burmeseclassic.com

ခြင်း ဖြစ်ပါတယ်။

* * *




ဒီလို ဦးခေါင်းလမ်းမျိုး ရှိသူဟာ စိတ်ကူး စိတ်သန်းကောင်းတယ်။ တီထွင်ဖန်တီးဉာဏ် ရှိတယ်။ အနုပညာဗီဇဓာတ်ခံကောင်း ရှိတယ်။ အလှပြင်လုပ်ငန်းအတွက် အရေးကြီးတဲ့အချက် ဖြစ်တယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ နှလုံးလမ်းကြောင်းနဲ့ ထိနေတဲ့ **အောင်မြင်ရေးလမ်းနဲ့ အထောက်လမ်း ထင်ရှားပြီး သရဖူသင်္ကေတလို** ဖြစ်နေတယ်။ အဖျက်လမ်းတွေ ကင်းတယ်။

* * * ———→

ဒီသင်္ကေတကြောင့် အနုပညာဆန်တဲ့ လုပ်ငန်းမျိုးမှာ အောင်မြင်ကျော်ကြားနိုင်တယ်။ အထောက်အပံ့ကောင်းတွေလဲ အလွယ်တကူရမယ်။


**တနင်္ဂနွေဂြိုဟ်ခုံပေါ်က အောင်မြင်ရေးလမ်းမှာ ကြက်ခြေခတ်သင်္ကေတ ရှိသူမျိုးမှာသာ မွေးချ၊ အသပိုင်ခံလုပ်ငန်း အကျိုးပေးတတ်တယ်။**

**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ သောကြာဂြိုဟ်ခုံဘက် ရောက်တဲ့ အင်္ဂါလမ်း (သို့မဟုတ်) အရံအသက်လမ်းရှိခြင်းဖြစ်တယ်။


* * * ———→

ဒီသင်္ကေတဟာ အညှံ့အပျက်တွေ ကာကွယ်ပေးနိုင်သလို ဆိုင်လုပ်ငန်းမှာ ဖောက်သည်ပေါ်များခြင်းကိုလဲ ဖြစ်စေပါတယ်။

အထက်ဖော်ပြပါ သင်္ကေတ (၄)




ချက်နဲ့ နီးစပ်တူညီတဲ့ လက္ခဏာရှင်များဟာ အလှပြင်ဆိုင်လုပ်ငန်းနဲ့ အကျိုးပေး စီးပွားဖြစ်နိုင်တယ်လို့ မှတ်ပါ။




***လက္ခဏာပညာသုတ တိုးပွားကြပါစေ။***


***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေသွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

---

ပွေးတောက်ကုန်းဆရာတော် မိန့်ကြားသည့်

# လေနာပျောက်ဆေးနည်း



တောင်တွင်းကြီးမြို့နယ်၊ ပွေးတောက်ကုန်းကျေးရွာ အလက်ာရာမကျောင်း ဆရာတော်ဦးမုနိန္ဒသည် သက်တော် (၉၀)ကျော်သည့်အထိ ရောဂါဝေဒနာကင်း၍ ဆံမဖြူ၊ မျက်စိမှုန်၊ နားမထိုင်း၊ ခါးမကိုင်းချေ။

ဆရာတော် ရဟန်းဖြစ်၍ (၄)ဝါအရတွင် ပခုက္ကူသို့ ကြွရောက်၍ စာသင်ယူစဉ် (၇)ဝါရသောအခါ လေနာအကြီးအကျယ် ခံစားရသည်။

ထိုအခါ ကျောင်းထိုင်ဆရာတော်ကြီးက...

'ဆန် နို့ဆီဘူးတစ်ဝက်လောက်ကို ဆန် ပြုတ်ပြုတ်ထား၊ ရေဆာတိုင်း အဲဒီ ဆန်ပြုတ်ကို ဆားခတ်ပြီး ဆေးအဖြစ် သောက်ပေးပါ'

ဟု မိန့်ကြားသဖြင့် လိုက်နာခဲ့ရာ လေနာပျောက်ကင်းသွားသည်ဟု သက်တော် (၉၀)အရွယ်တွင် ဒါယကာတစ်ဦးအား မိန့်ကြားခဲ့လေသည်။

**(အောင်ကိုမြင့်ရေးသည့် ပွေးတောက်ကုန်း ဆရာတော် ဦးမုနိန္ဒ၏ ဘဝမှတ်တမ်း စာမျက်နှာ ၅၀-မှ ကောက်နုတ်ဖော်ပြပါသည်။)**

**ထွေးမောင်**



www.burmeseclassic.com

www.burmeseclassic.com

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် ဖနထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သဟာတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)ယမောဇီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၀ - ၆၉၁၀၇၉ ၊ ၀၉ - ၅၁၈၈၆၃၂

**ကြော်ငြာ တောင်ယဉ်တင့်**

www.burmeseclassic.com

# ဆဒေဝါဝင် သာသနာ့ရွှေမြို့

## နေရာထူးများနှင့် ဆရာတော်ကြီး၏ ဩဝါဒများ (၄)

နယ်လှည့်သုတေသီ

ယခင်လမှ အဆက်

ဆရာတော်ကြီးသည် အလွန်အရေးကြီးသည့် ကိစ္စများ ဖြေရှင်းရသည့်အခါ ဤနေရာသို့ လာရောက်ကျင့်ကြံ အားထုတ်လေ့ရှိကြောင်း သိရသည်။ နတ်မင်း၏ နောက်ခံဖြစ်စဉ် သမိုင်းကိုမူ မသိရှိရပေ။

### ဆရာတော်၏ စံကျောင်းသို့

ယင်းနောက်တွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ဂူသွင်းပူဇော်ထားရာ စံကျောင်းသို့ သွားရောက်၍ ဂါရဝပြုသည်။ ဆရာတော်ကြီးသည် (၅-၂-၁၉၉၇)နေ့တွင် ပျံလွန်တော်မူရာ (၂၀-၂-၁၉၉၇)နေ့အထိ (၁၆) ရက်ကြာ ပူဇော်ထားစဉ် ပုပ်ပျက်ဖူးရောင်ခြင်း မရှိဘဲ အရည်မကျ အနံ့မထွက်ဟု သိရသည်။

ဆံပင်နှင့် မျက်ခုံးမွေးတို့ ရှည်ထွက်၍ မျက်လုံးတော် ရံဖန်ရံခါနှင့် ဖွင့်ပိတ်နေတတ်သည်ဆို၏။ ဗိမာန်လိုဏ်ဥမင် အတွင်း၌ ဆရာတော်၏ရုပ်တုကို ထီးဖြူနှစ်လက်ဖြင့် ပူဇော်ထားသည်ကို တွေ့ရသည်။

ဤစံကျောင်းတော်ရှေ့တွင် ဆရာတော်၏ မွေးနေ့ရောက်တိုင်း အုန်း, ငှက်ပျော,ပန်း ကန်တော့ပွဲများ တင်လှူပူဇော်လေ့ရှိကြောင်း သိရသည်။

မနီးမဝေးရှိ အခန်းငယ်တွင်လည်း ဆရာတော်ကြီး၏ ရုပ်တုတစ်ခု ပူဇော်ထားသည်။ ဆရာတော် ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ်တော်ကို (၁၆)



ဆရာတော် စံကျောင်းမှ ရုပ်တုတော်

ရက်ကြာ ပူဇော်ထားရှိသော နေရာမှန် ကျောင်းတော်ဖြစ်၍ အထိမ်းအမှတ် ရုပ်တု ပူဇော်ထားကြောင်း ကြားသိရသည်။


ဆရာတော်ကြီးသည် ခန္ဓာဝန် ချတော်မူပြီး ဖြစ်သော်လည်း သာဝက များအတွက် လိုအပ်သော အချိန်တွင် အိပ်မက်တွင်း ကြွရောက်မိန့်ကြားတော်မူသည်ဟု သိရသည်။

လက်ရှိ နာယက ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရေကန်

ဦးကုမာရက ဤသို့ မှတ်ချက်ပြုထား သည်။

'၁၃၆၄ ခုနှစ်၊ နတ်တော်လဆန်း လောက်မှာ နံနက်လေးနာရီခွဲ အချိန် လောက် နိုးလိုက်ပျော်လိုက် ဖြစ်နေချိန် မှာ **"မောင်ပဥ္စင်း၊ ဒီနေ့ ဘယ်မှ မသွားနဲ့"** တဲ့။ အဲဒီလို အိပ်မက်ထဲမှာ ကြားတာမျိုး တစ်ခါမှ မဖြစ်ဖူးဘူး။ ဒါ... အိပ်မက်တော့ မဟုတ်ဘူး။ နိုးတစ်ဝက် ပျော်တစ်ဝက်လေး ဖြစ်နေ ပြီး၊ လုံးဝ အိပ်ပျော်နေတာ မဟုတ်ဘူး။ တော်တော် အံ့ဩသွားတယ်။

"မောင်ပဥ္စင်း ဒီနေ့ ဘယ်မှ မသွား နဲ့" ဆိုတော့ ဘယ်မှ မသွားတာ အကောင်းဆုံးပဲ။ ဆွမ်းစား ရှိပေမယ့် မသွားတော့ဘူး။ ဆွမ်းစားသွားဖို့ စိတ်ကူးထားတာ။ အဲဒီအသံကြား တာနဲ့ မသွားတော့ဘူး။

မသွားလိုက်တာ ဟိုမှာ ပြဿနာ ဖြစ်စရာ အကြောင်းရှိတယ်။ ဘုန်းကြီး မသွားတော့ ဘုန်းကြီးမှာ မဖြစ်တော့ ဘူးပေါ့။ အဲဒီက ကျောင်းထိုင် ဦးပဥ္စင်း နဲ့ပဲ ပြဿနာ ငြိမ်းသွားတယ်။

***(ရွှေပေါ်ကျွန်း ဆရာတော်ကြီး၊ သာသနာပြုစခန်းနှင့် စေတော်ဝင်ခရီး သည် ဓမ္မပါလမြို့သား၊ ပြည့်စုံထွန်း၊ စာမျက်နှာ(၁၂၉)မှ ထုတ်နုတ် ဖော်ပြပါ သည်။)***

အလားတူပင် အခြားသော တပည့် သာဝကများစွာတို့က ဆရာတော်ကြီး ရှိစဉ်က လည်းကောင်း၊ ခန္ဓာဝန်ချပြီး နောက်ပိုင်းတွင် လည်းကောင်း အိပ်မက် တွင် ဖူးတွေ့ရခြင်း၊ အသံတော် ကြား ရခြင်းတို့ကြောင့် လောကီ လောကုတ္တ ရာ အကျိုးထူးများ ရရှိကြကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသား ပေးပို့ကြသည်များကိုလည်း ဖတ်ရှုခဲ့ရ ပြီး ဖြစ်လေသည်။

ဆရာတော်ကြီး၏ စံကျောင်းတော် အနီးတွင် မေတ္တာရေကန်ရှိ၍ ကန်ပေါင် ၌ နဂါးများ ဝန်းရံကာ ကန်ထောင့် လေးထောင့်၌ နဂါးမယ်တော်လေးပါး ကို ကွန်းဆောင်များဖြင့် တွေ့ရသည်။

အရှေ့တောင်ထောင့်မှစ၍ လက်ဝဲ ရစ်အတိုင်း **ဝိမလဒေဝီ၊ ဣရုံနသီ၊ ဣာသကဒေဝီ၊ ဣရုံနဒီ** စသည်ဖြင့် အမည်ကမ္ပည်းများ ချိတ်ဆွဲထားလေ သည်။

ရေနှင့် စပ်လျဉ်းသော ကိစ္စများ၊ မြစ်ချောင်းပင်လယ်ခြား ဒေသများနှင့် ဆိုင်သော ကိစ္စများအတွက် ကုသိုလ် ပြု တိုင်တည်မှု ပြည့်ဝနိုင်ကြသည်ဆို ၏။

၁၃၇၄ ခုနှစ်၊ ကဆုန်လဆုတ်(၁၃) ရက်နေ့တွင် ရွှေပေါ်ကျွန်းဆရာတော် ကြီး၏ (၉၁)နှစ်မြောက် မွေးနေ့ပူဇော်ပွဲ ၌ စေတော်ဝင် သန္တာကျော်(ဆရာတော်





www.burmeseclassic.com

www.burmeseclassic.com



မေဓာဝီရောကျောင်းတော်မှ

နဂါးမယင်တော်ရှင်တော်စာရ ◆

ကြီး ရှိစဉ်ကပင် ဗလီနတ်စာ ကျွေးရ
သူ) ဦးဆောင်၍ ဤနတ်နဂါးတို့အား
နိုးရာပူဇော်ပွဲ ပြုလုပ်ခဲ့သည်။

ထို့နောက် **"ရွှေပေါ်ကျွန်းဆရာတော် အရှင်ဓေယျသိဒ္ဓိမေဓာဝီက ကျန်းမာပါစေ၊ ဝေနေယျများ အေးမြပါစေ'** စသည်ဖြင့် ဆုတောင်းကာ ကုသိုလ်အရပ်ရပ်တို့အား မြို့ပိုင်နယ်ပိုင် (၃၁)ဘုံ ဝေနေယျ သတ္တဝါအပေါင်းတို့ အတွက် အမျှအတန်း ပေးဝေခဲ့ကြ သည်ဟု **(ရွှေပေါ်ကျွန်းဆရာတော် သာသနာပြုစခန်းနှင့် စေတော်ဝင် ခရီးသည်စာအုပ်၊ စာမျက်နှာ-၁၅၉)** ၌ ဖော်ပြထားလေသည်။

## တောင်ဘက်တစ်ခွင်

ထို့နောက်တွင် မူလ ကျောင်းဝင်းမှ အနောက်ဘက် စေတီများအား ကြည်ညိုရန် ထွက်လာခဲ့ရာ ဓာတ်ရှင် စေတီအနီးတွင် ထမင်းကျွေးဆောင်ကို တွေ့ရသည်။

ဆရာတော်ကြီး ရှိစဉ်က ပရိသတ် များကို နံနက်တွင် ယာဂု(ဆန်ပြုတ်)၊ နေ့လယ်နှင့် ညနေတွင် ထမင်းနှင့် ဟင်းနှစ်ခွက်(အသီးအနှံ)ကို မိမိတို့ စားနိုင်သလောက် အဝကျွေးမွေးခဲ့ သည်။

ယခု ဆရာတော် ဦးကုမာရ လက် ထက်တွင်လည်း နေ့စဉ် ပရိသတ် (၃၀၀)ကျော်အတွက် ကျွေးမွေးနေဆဲ ဖြစ်သည် ဆို၏။

ထမင်းကျွေးရုံမှ တောင်ဘက် မုခ် တံခါးအားကျော်ကာ ထွက်လာရာ လမ်းတစ်ခုခြား ဝင်းအတွင်း ထည်ဝါ သော ဓမ္မာရုံကြီးကို တွေ့ရသည်။




ထမင်းကျွေးဆောင် ◆



www.burmeseclassic.com

www.burmeseclassic.com







မှော်ရုံနောက်ကျောဘက် တောင်ဘက်တွင် ဉာဏ်တော်အမြင့် (၆၄)တောင်ရှိသော **တဝစေတီတော်** ကိန်းဝပ်တော်မူသည်။

မြောက်ဘက်ယွန်းယွန်းတွင် **လေးအင်းတိုင်**စေတီနှင့် **ထီးဖြူဆောင်**စေတီတို့ စံပယ်တော်မူကြသည်။

တဝစေတီနှင့် လေးအင်းတိုင်စေတီတို့မှာ လိုဏ်၊ ကုလားကျောင်းမပါ မုခ်ယောင်များသာ ရှိ၍ ထီးဖြူဆောင်မှာ အဝိုင်းပုံ တိုက်မလိုဏ်ခံကာ အထက်တွင် ဒယ်အိုးမှောက်သဏ္ဍာန်နှင့် ထုပိကာ တင်ထားသည်။

လိုဏ်အတွင်း မတ်ရပ်တော်တစ်ဆူ ပူဇော်ထားကာ လက်ယာဘက်တွင် ရွှေပေါ်ကျွန်းဆရာတော်ရုပ်တု၊ ရှေ့မှောက်၌ လက်အုပ်ချီထားသည့် မယ်တော်ရုပ်တုတို့ တွေ့မြင်ရသည်။ လိုဏ်အပြင်တွင် ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်ရုပ်တုများ ပူဇော်ထားသည်။

လေးအင်းတိုင်စေတီမှာ ရှစ်မြှောင့်ပုံတိုက်မ မဏ္ဍိုင်အထက် ရှစ်မြှောင့်ပုံ လေးဆင့်တင်ကာ ပတ်လည်တွင် ကြာပွင့်ဖတ်များ တန်ဆာဆင် ပူဇော်ထားသည်။ အောက်ခြေ အဌဂံပုံတိုက်မ ပတ်လည်တွင် မုခ်ယောင်(၈)ခုနှင့် ရုပ်ပွားငယ်(၈)ဆူ ပူဇော်ထားသည်။ လေးအင်းတိုင်စေတီမှာ ဘဒ္ဒကမ္ဘာ၌ ပွင့်ထွန်းသည့် မြတ်စွာဘုရားငါးဆူကို ရည်မှန်းကြောင်း ယူဆဖွယ်ရှိသည်။

ဤစေတီများ မတည်မီကာလများကပင် **"မိတ္ထီလာနယ်အတွင်း လေးအင်းတိုင်ပေါ်၍ ရှစ်သောင်းရှော်ဝိဇ္ဇာထွက်မယ်"**ဟူသော ဗေဒါလာ





www.burmeseclassic.com

www.burmeseclassic.com

တလ တဘောင်ကို မကြာခဏ မိန့်ကြားတော်မူခဲ့သည်ဆို၏။

စေတော်ဝင် သာသနာ့မြေတွင် တဝစေတီတော်မှာ ဉာဏ်တော်အမြင့်မားဆုံးဖြစ်၍ ဝန်းကျင်တစ်မိုင်အဝေးမှပင် ထင်ရှားစွာ ဖူးမြော်နိုင်ကြသည်။ ဤစေတီကို ၁၉၇၆ ခုနှစ်၊ ဆရာတော် သက်တော်(၆၄)နှစ်တွင် ဆရာတော်ကိုယ်တိုင် ကြီးမှူးတည်ဆောက်ခဲ့သော စေတီဖြစ်သည်။


ဤစေတီ တည်ရာတွင် မည်သည့်မြို့ရွာဒေသများသို့မှ အလှူခံထွက်ခြင်းမရှိဘဲ စေတော်ဝင် သာသနာပြုစခန်းသို့ ရောက်လာသူတို့ လှူဒါန်းသော နဝကမ္မဝတ္ထုများကို ကာယကံရှင်တို့ အကျိုးရှိစေရန် တည်ဆောက်ခဲ့ကြောင်း မိန့်တော်မူခဲ့သည်။

စေတီဘွဲ့တော်နှင့် ပတ်သက်၍လည်း ဤသို့ မိန့်ကြားတော်မူသည်။

'တစ်ကမ္ဘာမှာ တစ်ခါတစ်ဝ တစ်ကမ္ဘာဆိုတာ ဘဒ္ဒကမ္ဘာမှတ်၊ တစ်ခါဆိုတာ အရိမေတ္တေယျ မြတ်စွာဘုရား။ ဒီတစ်ဆူပဲကျန်လို့သုံးတာ။ ဝ,ဆိုတာက စမတို့ရဲ့ ထိပ်ခေါင်၊ ဝ,ကို လက်ယာရစ်ရေးရင် ဝ,လို့ဖတ်တယ်။ လက်ဝဲရစ်ရေးရင် "သုည"ဗျည်းအက္ခရာကနေ ဂဏန်းဖြစ်သွားတယ်။

တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်, ကိုးလို့ ခေါ်ဝေါ်ခြင်းကနေ သုဉ်း သဖြင့် လွတ်ကင်းသဖြင့် သုည။ ပိဋကတ် စာပေမှာတော့ ကိလေသာ အာသဝေါတို့ မရှိခြင်း ဆိတ်သုဉ်းခြင်းကို သုည။

ဒီတော့ စမထိပ်ခေါင် "ဝ"ဟာ ဘဒ္ဒကမ္ဘာ တစ်ကမ္ဘာမှာ တစ်ဝ တစ်ဆူသာ ကျန်လို့။ ဘဒ္ဒကမ္ဘာမှာ ကကုသန်ဘုရားရဲ့ ပရိသတ်က သမထအာရုံမှာ အင်မတန် ကောင်းနေတော့ တောင်စဉ့်တောင်တန်း လိုဏ်ဂူတွေကြားထဲမှာ သမထကမ္မဋ္ဌာန်း စီးဖြန်းပြီး ငြိမ်သက်အေးချမ်းနေတာကို နိဗ္ဗာန်ပါပဲလို့



◆ လေးအောင်တိုင်စေတီ


နေရစ်ကြတယ်။

အသက်သိပ်ရှည်ပြီး သမထအာရုံ အင်မတန်ကောင်းပြီး အို, နာ, သေမှုတွေက အတော်အတန် ကင်းကွာကြတယ်။ ဘုရားပွင့်သွားတာတောင် မသိလိုက်ကြဘူး။

ဂေါတမဘုရားရှင် လက်ထက်အထိ ကျွတ်တမ်းမဝင်ဘဲ ကျန်ရစ်ကြတဲ့ ပရိသတ်ရှေးဘုရားလေးဆူရဲ့ ပရိသတ်တွေ အင်မတန်များလွန်းတာကြောင့် အရိမေတ္တေယျမြတ်စွာ ဘုရားက ပွင့်ပြီးသော ဘုရားလေးဆူရဲ့ ပရိသတ်အားလုံးကို ပြန်ပြီးတော့ သိမ်းယူရပါတယ်။ အခုလဲ သိမ်းနေတာပဲ။ အရိမေတ္တေယျဘုရားရှင် လက်ထက်ကျရင် တစ်ခါတည်း အပြီးသိမ်းမှာ။

သီလကို စောင့်ရှောက်ပြီး ရိုင်းစိုင်းယုတ်မာတဲ့ စိတ်ကလေးတွေ တစစ ဖြည်းဖြည်းဖြုတ်ဖြုတ်ပြီး ပေးကြ။ တစ်ကမ္ဘာ တစ်ခါ တစ်ဝ ဒီနေရာက ဝ,အောင်ကျွေးတယ်။

www.burmeseclassic.com



▲ ထီးဖြူသောင်စေတီ

ဂ,အောင်စွန့်လိုက်မယ်။ ကောင်းသော ဂ,ဖြစ်အောင်လုပ်ကြ။ သုည ဖြစ်သွားရင် သုညကမ္ဘာမှာ ဆက်လိမ့်မယ်။ ကျသွားရင် တက်လမ်းမမြင်တော့ဘူး။ အပါယ်ခံထဲ ရောက်သွားလိမ့်မယ်'

ဤသို့ မိန့်တော်မူခဲ့သည့်အပြင်...

'ဒီနယ်အတွင်း လေးအင်းတိုင် ပေါ်၍ ရှစ်သောင်းကျော် ဝိဇ္ဇာထွက်မယ်လို့။ ဒါဟာ ကောလာဟလပဲ။ မဂ်လသုတ် ဟောမယ် ဆိုရင်လဲ မဟောခင် တစ်ဆယ့်နှစ်,နှစ်ကနေပြီး မင်္ဂလာဟောလိမ့်မယ်။ မင်္ဂလာဟောလိမ့်မယ်ဆိုပြီး ကောလာဟလ ကြွေးကြော်ကြတယ်။ အခုလဲပဲ လေးအင်းတိုင်ပေါ်လို့ ရှစ်သောင်းကျော် ဝိဇ္ဇာထွက်မယ်'

ဟူ၍လည်း ထည့်သွင်းမိန့်ကြားခဲ့သည်။

*(ရွှေပေါ်ကျွန်းဆရာတော် ကျင့်စဉ်နှင့် တရားတော်များ စာအုပ်၊ စာမျက်နှာ ၂၄၇–၂၄၆ မှ ထုတ်နုတ်သည်။)*

တဝစေတီ ပုံစံမှာ ထူးခြားပါသည်။ အဝိုင်းပုံ ပစ္စယံသုံးဆင့်ခံကာ ရှစ်မြှောင့်မဏ္ဍိုင်၊ မုခ်ယောင်ရှစ်ခုအထက် ကျည်းဝန်းသုံးဆင့်နှင့် ဖရုံမြှောင့်တက်သည်။ အထက်တွင်မှ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားခြင်းဖြစ်သည်။

ဝတစေတီ တည်ရခြင်းနှင့် ပတ်သက်၍...

ရန်ကုန်မြို့တွင် ထိုစဉ်က ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေး အထိမ်းအမှတ် မဟာဝိဇယစေတီကို တည်ထားခဲ့ရာ ရွှေပေါ်ကျွန်းတွင် ဆရာတော်ကြီးက "ဝ"မရှိဘဲ "ဝိ"လုပ်၍ မရကြောင်း မိန့်ကြားခဲ့ပြီး တဝစေတီတော်ကြီးကို အားချင်း တည်ထားပေးခဲ့ကြောင်း **မွေ့ပါလမြို့သား ပြည့်စုံထွန်း၏** ***(ရွှေပေါ်ကျွန်းဆရာတော်ကြီး သာသနာပြုစခန်းနှင့် စေတော်ဝင်ခရီးသည်)*** **စာအုပ်၊ စာမျက်နှာ(၂၀၀)တွင် ဖော်ပြထားလေသည်။**

လောကီ၊ လောကုတ္တရာ အောင်မြင်မှုများတွက် တဝစေတီ၌ တိုင်တည်ဆုပန်နိုင်၍ အတိုက်အခိုက်၊ အဟန့်အတား လောကဓံ အဆိုးတရားများ ပပျောက်ကျော်လွှားနိုင်ရန် လေးအင်းတိုင်စေတီ၌ ပူဇော်အဓိဋ္ဌာန်ပြုနိုင်သည်ဟု သိရသည်။

တဝစေတီဘွဲ့တော်မှာ ဂြိုဟ်သက်ပေါင်း **၁၀+၁၇=၂၇** သောမနဝင်းဖြစ်၍ "**တော်ရင်း**"မိတ် ဆောင်နေသည်ကို တွေ့ရ၏။

ရွှေလ ဆက်ဖတ်ပါရန်

(( နယ်လှည့်သုတေသီ ))



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ညှပ်ခြင်းအတွက်



## အခက်မတွေ့စေဖို့

လောကီရေးရာနယ်ပယ်၌ လူတိုင်းသင် နေစရာအိမ်တစ်လုံးတော့ လိုအပ်ပါသည်။ ထိုနေသော အိမ်မှာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ ထိုအိမ်က ထိုအိမ်မှာ နေသောသူများကို မခိုက်ရန် အရေးကြီးပါသည်။

ခိုက်သော အိမ်၌ နေသူတို့မှာ စီးပွားရေးကျဆင်းခြင်း၊ မိသားစု မသင့်မြတ်ခြင်း၊ ဖျားနာခြင်းတို့ ဖြစ်တတ်သည်။ ထိုသို့ ဖြစ်သော အိမ်အား ခိုက်အိမ်ဟု ခေါ်ပါသည်။

အိမ်ခြံမြေ ဝယ်သူတို့ကလည်း ထိုခိုက်အိမ်မျိုးကို ရှောင်တတ်ကြသည်။ ထိုအိမ်မျိုးကို ရောင်းသူကလည်း တော်ရုံနှင့် ရောင်းမထွက်ဘဲ ရှိတတ်သည်။ တန်ရာတန်ဖိုးနှင့် ရောင်းထွက်တတ်ပါ။

အများအားဖြင့် လှေဦးတိုက်၊ လှည်းဦးတိုက်၊ လမ်းဦးတိုက်အိမ်မျိုးမှာ ခိုက်တတ်သောအိမ်ဟု အယူရှိကြသကဲ့သို့ အိမ်ညှပ်လျှင်လည်း ခိုက်တတ်သည်ဟု အယူရှိကြသည်။

**အိမ်ညှပ်ခြင်း ဆိုသည်မှာ မိမိနေသော အိမ်နှင့် ကပ်လျက်ရှိ ထား နှစ်ဘက်အိမ်၌နေသောသူ အချင်းချင်း မောင်နှမသားချင်း၊ ဆွေမျိုးတော်စပ်နေပါက အိမ်ညှပ်သည်ဟု ဆိုပါသည်။**

**ဆွေမျိုးကြားညှပ်သည်၊ မောင်နှမကြားညှပ်သည်၊ သားအမိ ကြားညှပ်သည်ဟု ဆိုပါသည်။**

ထိုသို့ မောင်နှမဆွေမျိုး အိမ်နှစ်အိမ်ကြားညှပ်သော အိမ်ကို မည်သူမျှ မဝယ်ဘဲ ရှောင်ရှားတတ်ကြသည်။

ယင်းအခိုက်ကို မည်သို့ ဖြေမည်နည်း။ ယခင်က ကျွန်တော် မသိခဲ့ပါ။ ကျွန်တော်၏ ညီမဝမ်းကွဲအိမ်၏ ခေါင်းရင်းအိမ်ကို ရောင်းလိုက်ရာ ညီမဝမ်းကွဲအိမ်၏ ခြေရင်းအိမ်နှင့် ဆွေမျိုးတော်စပ်သူက ဝယ်လိုက်သည်။ ဆွေမျိုးချင်း နီးနီးနားနား နေလို၍ဖြစ်သည်။

သို့သော်လည်း ကျွန်တော်၏ ညီမဝမ်းကွဲအိမ်မှာ အလိုလိုနေရင်း ဆွေမျိုးမောင်နှမ ကြားညှပ်ခြင်းကို ခံလိုက်ရရှာသည်။ ဤကိစ္စနှင့် ပတ်သက်၍ မည်သို့ပြုလုပ်ရမည်ကို ညီမဝမ်းကွဲက လာမေးသည်။

ကျွန်တော်က ညီမဝမ်းကွဲကို...

'ဆွေမျိုးချင်း မညှပ်ရအောင် သူတို့နဲ့ သွားပေးသမီးယူပြီး ဆွေမျိုးတော်လိုက်၊ ဒါဆိုရင် သုံးအိမ်လုံး ဆွေမျိုးတွေ ဖြစ်သွားကြလို့ ကိုယ့်အိမ်လဲ ညှပ်အိမ် ခိုက်အိမ် မဖြစ်တော့ဘူးပေါ့'

ဟု အတည်လိုလို စသလိုလိုနှင့် ပြောလိုက်လေသည်။ ကျွန်တော့်ညီမဝမ်းကွဲက မကျေနပ်။

အမှန်လည်း ခေါင်းရင်းအိမ်နှင့်ဖြစ်စေ၊ ခြေရင်းအိမ်နှင့်ဖြစ်စေ ဆွေမျိုးတော်စပ်လိုက်ခြင်းဖြင့်လည်း ထိုအခိုက်ပြေပါသည်။

သို့သော် ဆွေမျိုးမဟုတ်လေသောကြောင့် ဆွေမျိုးအတင်းတော်ရမှာလည်း ခက်သည်ဟုဆိုလျှင် မည်သို့ပြုလုပ်ရမည်နည်း။

ထိုနည်းကို တတ်သိနားလည်သူများထံ ပြောပြ နည်းလမ်းတောင်းခံရာ တစ်နေ့တွင် နည်းတစ်နည်းကို ရရှိခဲ့ပါသည်။

ထိုနည်းကို ညီမဝမ်းကွဲတော်သူအား ပြောပြရာ ညီမဝမ်းကွဲက ထိုနည်းအတိုင်း လိုက်လုပ်ပါသည်။ ညီမဝမ်းကွဲ၏ အိမ်ခိုက်ခြင်း ဥပါဒါန်အစွဲလည်း ပျောက်လေသည်။

ထိုနည်းကို လိုသူတို့ အသုံးပြုနိုင်ရန်အတွက် တင်ပြအပ်ပါသည်။

**အိမ်ညှပ်ခဲ့သော်...**

မိမိအိမ်၏ ခြေရင်း၌ ခိုအိမ်တစ်ခုကိုဖြစ်စေ၊ စာကလေးအိမ်တစ်ခုကို ဆောက်ထားလိုက်ပါ။ အကယ်၍ စာကလေးများ၊ ခိုကလေးများ လာနေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ ဆောက်ထားလိုက်ပါ။

ထိုမိမိ ဆောက်ထားသော စာကလေးအိမ်၊ ခိုအိမ်၌ စာကလေးများ၊ ခိုများ လာနေသည် ဆိုပါက ရေနှင့်စပါးစေ့များ အမြဲတမ်း ကျွေးမွေးလှူဒါန်းဖို့တော့ လိုပါသည်။

ဤသို့ ပြုလုပ်ခြင်း သဘောမှာ ခြေရင်းခေါင်းရင်းရှိ ဆွေမျိုးနှစ်ဦးကြား မိမိအိမ်ညှပ် မခံရအောင် ခြေရင်း၌ ခိုအိမ်၊ စာကလေးအိမ် ထားရှိပေးခြင်းဖြင့် အိမ်ခြားပေးလိုက်ခြင်းဖြစ်သည်။

အချို့သူများမှာ မိမိအိမ်၏ ခြေရင်း၌ မွေးမြူရေးလုပ်ငန်း ဝါသနာပါသူသည် နွားတင်းကုပ်၊ မြင်းတင်းကုပ်များ၊ ဝက်ခြံ၊ ကြက်ခြံများ ဆောက်လုပ်ထားမိကြခြင်းဖြင့်လည်း ထိုအိမ်ညှပ်ခြင်းအခိုက်မှ အလိုလို ကင်းလွတ်သွားရပါသည်။

ထိုသို့မှ မဟုတ်ပါမူ အိမ်ခြေရင်း၌ အကုန်အကျ သက်သာသော တစ်တောင် နှစ်တောင်ခန့် တဲအိမ်လေး တစ်လုံးကို ခြေရင်းခြံစည်းရိုးနှင့် ကပ်လျက် ဆောက်ထားလိုက်လျှင်လည်း ရပါသည်။

***ကျန်းမာ ချမ်းသာကြပါစေ။***

မြပဒုမ္မာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လ တစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ−၇၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း။ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာနှမ်းခြင်း၊ ကိုယ်ခန္ဓာနုံ့ပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရုန့်ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာတွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေးပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက်ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အစိုးပုပ်များ ကင်းစင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။


အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ချမ်းလိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊အအေးဒဏ် မခံနိုင်ခြင်း၊ သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်ထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)

www.burmeseclassic.com



◆ မီးရှိန်တောင် ရွှေဘင်ခုံဘုရားနှင့် ဝတ်ပြုတန်ဆောင်း

# တက်ခေါင်းမင်းဓါ ဝိဇ္ဇာမြို့ဟောင်းဆီသို့ (၄)

မြော်ဝ (LL.B)

ယခင်လမှ အဆက်

ဘုရသေ့အနေနဲ့ ကျောက်မိကျောင်းကြီးကိုတော့ တွေ့ပါရဲ့။ ရွှေမိကျောင်းပေါ်အောင် အစီအရင် မလုပ်တတ်လို့ မတွေ့ခဲ့ရပါဘူး။ ရေတံခွန်ဆိုတာတော့ အခု မရှိတော့ဘူး။

တောင်ပြိုပြီး ရေတံခွန် ပျောက်သွားတယ်။ တောင်ပေါ်က ကျလာတဲ့ ကျောက်တုံးနဲ့ မြေသားတွေဖို့ကုန်လို့ အင်းပါ အစပျောက်နေပြီ။ ရုပ်သေရုပ်ရှင်နဲ့ ရတနာတွေကတော့ မြေအောက်မှာ ထိုက်တန်သူ ပါရမီရှင်ကို စောင့်နေတုန်းထင်ပါရဲ့’

‘ရုပ်သေ၊ ရုပ်ရှင်ဆိုတာ ရုပ်မြင်ပြီး ဘာရသေး’

‘ရေအိုင်ထဲမှာ ဖားရုပ်၊ ငါးရုပ်၊ ကထာန်ရုပ် အစရှိသဖြင့် တတ်ပစ္စည်းတွေကို အဂ္ဂိရတ်နည်းနဲ့ ဝိဇ္ဇာတွေက စီရင်ပြီး ထားခဲ့ကြတာပဲ။ ရေထဲမှာ သက်မဲ့လို မလှုပ်မရှားဘဲ ငြိမ်နေရင် ရုပ်သေလို့ သတ်မှတ်တယ်။

သက်ရှိလို ကူးခတ်လှုပ်ရှားနိုင်ရင် ရုပ်ရှင်လို့ သတ်မှတ်တယ်။ ရုပ်သေကို လုံမှာထည့် ဘော်ဖြစ်ဖြစ်၊ ဒန်ဖြစ်ဖြစ်၊ ကြေးဖြစ်ဖြစ် တစ်ခုခုထည့်ပြီးထိုး။ ရုပ်သေတစ်ကျပ်၊ ရွှေတစ်ကျပ်၊ အလေးချိန်သတူ ရနိုင်တယ်။ အဲဒီတစ်ကြိမ်ပဲ ရွှေဖြစ်မယ်။ နောက်ထပ် မဖြစ်နိုင်တော့ဘူး။ ရုပ်ရှင်တစ်ရုပ်ကို လုံမှာထည့်၊ စောစောက ပြောတဲ့ ဘော်၊ ဒန်၊ ပြဒါး၊ ကြေး ကြိုက်ရာထည့်ထိုး။ ရုပ်ရှင်တစ်ကျပ်၊ ရွှေတစ်ကျပ် အလေးချိန်ရမယ်။ နောက်တစ်ခါ ထပ်ထိုးလဲ ရွှေထပ်ရနိုင်တယ်။






www.burmeseclassic.com

www.burmeseclassic.com





▲ မီးဖိုင်းတောင် ရှေးဟောင်းဘုရား

◀ မီးဖိုင်းတောင်မိုင်ဘိုတို့

ရုပ်ရှင်ဆိုတာ အကြိမ်ကြိမ် ရွှေ့ဖြစ်နိုင်တယ်'

ကျွန်ုပ်တို့သည် ချောင်းကို ကျော်ဖြတ်၍ မြောက်စူးစူးသို့ ဆက်လျှောက်ကြ၏။ လူသွားလမ်းပင်မရှိ။ တောင်ယာကွက်နှင့် ချုံနွယ်များအကြား လမ်းထွင်၍ တိုးသွားကြရသည်။

တောင်စောင်း အပြန့်ပိုင်းဖြစ်၍ သိပ်မပင်ပန်းလှပေ။ တစ်နေရာတွင် လက်ဝဲဘက်၌ ကုန်းမြင့်မြေပြင်တစ်ခုကို တွေ့ရသည်။ တောအုပ်အလယ်တွင် ထင်းထင်းကြီးဖြစ်နေ၍ ထူးခြားသလို ဖြစ်သွားသည်။

'ဒီဝိဇ္ဇာမြို့ကို ရတနာပူရမြို့တော်လို့ ခေါ်ကြတယ်။ မြို့ရဲ့ မြောက်ဘက်ကို တောလို့ခေါ်တယ်။ အဲဒီကုန်းပြောင်ပြောင်ဟာ ဝက်ခေါင်းမင်းကိုးကွယ်တဲ့ မင်းဆရာတော် သီတင်းသုံးရာကျောင်းတော်ရာပဲ။ အုတ်တံတိုင်း အကာအရံတွေ ရှိတယ်။ အုတ်တံတိုင်းအရှေ့ တာနှစ်ဆယ်အကွာမှာ သက်န်းပင်ကြီးနှစ်ပင်ရှိတယ်။ သစ်ပင် ရှေ့တစ်တာအကွာမှာ လိုဏ်ဂူရှိပြီး နေထွက်ရင် လိုဏ်ဂူထဲအထိ နေရောင်ဝင်တယ်။ လိုဏ်ဂူထဲကို နစ်တာ ဝင်သွားရင် ဇော်ဂျီတစ်ပါးနဲ့ တွေ့မယ်။ တန်ခိုးအရှိန်အဝါ ကြီးမားတယ်။ ဥပုသ်သီလနဲ့ ပြည့်စုံသူကို မြင်ရင် ချစ်ခင်ပြီး အလိုရှိသမျှ ကူညီတယ်လို့ ဝိဇ္ဇာမိုရ်သိုက်ညွှန်းမှာ ဖော်ပြထားတယ်။

အခုတော့ ရွာသားတွေ သစ်တိုက်လိုက်လို့ သက်န်းပင်တွေ မတွေ့ရတော့ဘူး။ ဒါကြောင့် လိုဏ်ဂူနေရာကို မှန်းရခက်သွားတာပေါ့။ ဒီကျောင်းကုန်းမှာ အဓိဋ္ဌာန် ရက်ရှည်ဝင်ရင်တော့ အာရုံမှာ မြင်လာကောင်းမြင်လာနိုင်ပါတယ်'

ကျွန်ုပ်တို့ ဆက်၍ လာကြရာ မကြာမီ ချောင်းတစ်ခု တွေ့ရပြန်သည်။ ချောင်းမှာ အတော်ကျယ်သော်လည်း ရေနည်းနေပြီဖြစ်၍ အလွယ်တကူ ဖြတ်ကူးလိုက်ကြ၏။ ရေမနက်လှ။ ဒူးလောက် ပေါင်လောက်သာရှိ၏။ သို့သော် အေးစက်နေသည်။

'ဒီချောင်းကို **ကွဲချောင်း**လို့ ခေါ်တယ်။ ဝိဇ္ဇာမိုရ်ရဲသိုက်ညွှန်းရဲ့ အဆိုအရ ကွဲချောင်း၏ အဝမှ အဖျားတိုင်အောင် ရေသယံသံများရှိ၏။ ချောင်းဖျားတွင် လိုဏ်ဂူတစ်ခု ရှိသည်။

ထိုလိုဏ်ဂူတွင်း၌ နတ်ရုပ်တစ်ရုပ် ရှိသည်။ အနီးတွင် မြေပါးတစ်စင်ထိုး ရှိ၏။ ရွှေခွက်ရွှေဖလားများလည်း မြှုပ်နှံခဲ့သည်။ မနီးမဝေးတွင် ကျောက်ကျွန်းချောင်းရှိ၏။ ကမ်းနားတွင် မိကျောင်းရှုပ်ပင် တစ်ပင် ရှိသည်။

အသင်အောက်အနက် နှစ်တောင်တွင် ရွှေငွေမြစ်တွေမြစ်သိုက်ဝင် ကျောက်မျိုးများစွာ ရှိသည်။ ယင်းမျှည်းကို မြွေတစ်ကောင်ကြီးစောင့် ထားခဲ့သည်။ အဲဒီ. တွေ့ရ မှာဖော်၍ ယူပါလေလို့ ဖော်ပြထားသည်။

ကျွန်ုပ်တို့ ချောင်းကို ဖြတ်ကျော်ပြီး ခရီးဆက်ခဲ့ကြရာ ဘုရားမှ အကွာအဝေး တစ်မိုင်ခွဲ၊ နှစ်မိုင်ခန့် ခရီးသို့ ရောက်ခဲ့ပြီ ဖြစ်သည်။ တောင်ခြေအနီးမှသို့ ဆင်းကြ၏။ မြို့တံခါးပေါက် ယူဆရသော တောင်ကြားလမ်းကို တွေ့ရသည်။

'ဒီနေရာဟာ ရတနာပူရ မီးဖိုင်း






www.burmeseclassic.com

www.burmeseclassic.com



◆ ပီနိုင်တောင်ထိပ်မှ ရှေးဟောင်းခေါင်းလောင်းကြီး
ပီနိုင်တောင်ရှုအင်းဒိန်ဘုရားမှ ခေါင်းလောင်း
(ရှေးဟောင်းစာသများနှင့် ကျောက်စာထိုးထားသည်) ◆



အလုံမြို့ရဲ့ မြောက်တံခါးဝပဲ။ ဒီတံခါးဝက တစ်တာလောက်အကွာမှာ သစ်စေးပင်တစ်ပင် ရှိ၏။ ထိုသစ်ပင်ခွ အထက် သုံးတောင်အမြင့်မှာ ဆင်ရုပ်နှင့် တူသော ဖုကြီးရှိ၏။

ထိုဖုကို လက်သုံးသစ်ခန့် ဖောက်လျှင် ရွှေအချိန် တစ်ဆယ်ရမယ်။ ပြဒါးသေလုံးများစွာလည်း ရှိ၏။ ထိုပစ္စည်းကား ပိဿာမြို့တော်မှ ပညာဗလမည်သော အမတ်ကြီး ထားခဲ့သော ပစ္စည်းပေတည်း။

ထီးဖြူနှင့် ရှက္ခစိုးကို ပူဇော်ပြီး ယူလေ။ ထိုသစ်ပင်၏ အရင်း၌ သုံးတောင်ခန့်တူးလျှင် ရတနာရွှေငွေလည်းကုဋေစီးတိုက်ရမည်လို့ သိုက်ညွှန်းမှာ ရေးထားတယ်။ ဘရသော့တို့ ရောက်တဲ့အချိန်မှာ သစ်စီးပင်လဲ သစ်တိုက်ခံထားရပြီ။ ပစ္စည်းတွေကိုတော့ သစ်တိုက်သူတွေ ရမရ မသိနိုင်တော့ဘူး'

မြို့ရိုးမှာ အတော် ဒုလှ၍ မြင့်လှသည်။ ကျုံးဟု ထင်ရသော နေရာမှာလည်း ချောက် အတော်နက်လှ၏။ မြို့ရိုးနှစ်ထပ်၊ ကျုံးနှစ်ထပ်ခန့် တွေ့ရသည်။

'မြို့မြောက်ဘက်တံခါးဝမှ တည့်တည့်သွားလျှင် မြို့ရိုးနှင့် ကျုံးတွေ့ရမည်။ ထိုကြားတွင် တမံတုတ်ထားသည်။ တမံ၏ အလယ်၌ ကျောက်လုံးကြီးတစ်လုံးရှိ၏။

**အထဲသုံးတောင်ခန်းမှာ တူးလျှင် ရွှေခေါင်းတစ်ရာ တွေ့မည်။ သမ္မာအဆေ နတ်မြတ်များနှင့် မြို့စောင့်နတ်ကို ပူဇော် ယူလေလို့ ကျောက်ဆူအုတ် ဒီမှာ အိုးညွှန်မှာ ရေးထားတယ်'**

ကျွန်ုပ်တို့ ထိုနေရာအထိ သွားကြ၏။ တမံမှာ ကောနေပြီ။ တောင်ပြိုထားသဖြင့် ကျောက်လုံးကြီးများစွာ ရှိနေသည်။ မည်သည့် ကျောက်လုံး၌ ပစ္စည်းရှိမည်ဟု မခန့်မှန်းနိုင်တော့ ပေ။

ကျွန်ုပ်တို့သည် ထိုနေရာမှ ကျောနိုင်း၍ မြို့အလယ်ကြောဟု ယူဆရသော တောင်တန်းအတိုင်း တောင်ဘက်သို့ လျှောက်ခဲ့ကြပြန်သည်။ တောအုပ် အလွန်နက်ရှိုင်း၏။

အချို့နေရာများတွင် ကျောက်တုံးများ စီထားသော အိမ်ကွက်သဏ္ဌာန်များ တွေ့ရသည်။ အချို့နေရာတွင် လှည်းသွား၍ ရနိုင်လောက်သော လမ်းမကျယ်များ ဖြောင့်တန်းစွာ တွေ့ရသည်။

တောချုံများ ရှင်းလင်းသွားလျှင် မြို့ကွက်သဏ္ဌာန် ပီပြင်လာပေမည်။ တဖြည်းဖြည်းနှင့် အတော်ဝေးဝေး ရောက်ခဲ့သည်။ တစ်နေရာ၌ လူသုံးဖက်မက လုံးပတ်ရှိပြီး အမြင့်မှာ လူနှစ်ရပ်ကျော်မြင့်သည့် ကျောက်တိုင်လုံးကြီး တစ်တိုင်ကို တွေ့ကြ၏။ အောက်ခြေတွင် တစ်ဝက်မက တူးဖွဲ့ထားကြသည်။ ယိုင်လုလု ဖြစ်နေပြီ။

'ဒီနေရာဟာ ပိဿာမြို့တော် အလုံမြို့ရဲ့ မြို့လယ်ကောင်ပဲ။ ဒီတိုင်က ဆင်ချည်တိုင်လို့ ခေါ်ကြတယ်။ ဆင်ချည်တိုင်၏ အလယ်၌ ရွှေငွေရတနာ များစွာ ဌာပနာထားသည်။ သမ္မာအဆေ နတ်မြတ်တို့ကို ပိတ်မြူပိတ်နီ တို့ဖြင့် ပူဇော်၍ ယူလေလို့ သိုက်ညွှန်းမှာ ဖော်ပြထားတယ်။ ရွာသားတွေက တိုင်ခြေမှာ တူးကြလို့ တစ်ဝက်ကုန်သွားပြီး ကျောက်တိုင်လဲကျပြီး ပြိုမှာ စိုးလို့ရယ်



www.burmeseclassic.com

www.burmeseclassic.com

ဖူးနေတုန်း ထိတ်လန့်ကြောက်ရွံ့စရာတွေ ကြုံလို့ရယ်၊ တချို့လဲ မြေပြင်ကို ရေထင်ပြီး ကူးရလို့ရယ်ပေါ့ကွာ ဆက်မလုပ်ရဲကြတော့ဘူး။

ရှေးတုန်းက စေတီအမှတ်နဲ့ တည်ထားတာ ဖြစ်မလားထင်ပြီး ဘရသေ့တို့တော့ စိတ်မကျေနပ်ပါဘူး’

ကျွန်ုပ်သည်း ဆင်ချည်ကျောက်တိုင်ကြီးအား ဓာတ်ပုံရိုက် မှတ်တမ်းတင်လိုက်၏။ ရှေးခေတ်ဂမ္ဘီရ အစီအရင်တို့မှာ အစွမ်းထက်လှ၏။ ညွှန်းထားသလို မလုပ်တတ်လျှင် အသက်အန္တရာယ်ပင် စိုးရိမ်ရသည်။

လောဘကြီး၍ မရ။ ထိုနေရာမှ ဆက်၍ တောင်ဘက်သို့ သွားကြသည်။ နှစ်မိုင်ခန့် တောတိုးကြရ၍ ချွေးပြန်လာလေပြီ။ နေရောင် ထွက်လာသဖြင့် ပူအိုက်မှုကိုပါ ခံစားလာရသည်။ အချို့နေရာတွင် တောထူသော်လည်း အချို့နေရာမှာ တောင်ယာလုပ်ထား၍ ပြောင်တလင်း ဖြစ်နေသည်။ သွားရင်းမှ တောင်ကြားလမ်းဝသို့ ရောက်ခဲ့ကြ၏။ တောင်ဘက်တံခါးဝ ဖြစ်ပေမည်။

‘ဒီနေရာဟာ မီးဗိုင်းရာဇာနာမှာ ဗိဇ္ဇာမြို့တော်ရဲ့ တောင်ဘက်တံခါးပေါ့။ မီးဗိုင်းမြို့ တောင်ဘက်တံခါးဝမှ တစ်တောင်ကျော်မျှအကွာ ကျောက်တိုင်တစ်တိုင်ရှိ၏။ လုံးပတ်နှစ်ပတ်၊ အမြင့်သုံးတောင်ခန့်ရှိသည်။

ကျောက်တိုင်၏ အောက်ခြေမှာ ရွှေသားအချိန်တစ်ဆယ် မြှုပ်နှံထားသည်။ ယူလိုသော် ဘုရားကို ဆွမ်း၊ ရေချမ်း ကပ်လှူ၍ မြို့စောင့်နတ်နှင့် သမ္မာဒေဝ နတ်မြတ်များကို ပူဇော်၍ယူလေ။

တံခါးဝမှ အပြင်သို့ နှစ်တာအကွာ အဝေး၌ ကျောက်ပုံနှစ်ပုံရှိ၏။ အလယ်တွင် သပိတ်(၅)လုံးနှင့် ရွှေစင်အပြည့် မြှုပ်နှံထားသည်။ မြို့စောင့်နတ်ကို ပူဇော်၍ ယူလေလို့ သိုက်ညွှန်းရှိတယ်ကွ။


ဘရသေ့ ရောက်စက ကျောက်တိုင်ကို မတွေ့ရတော့ဘူး။ တူးဖြို့သွားကြပြီ။ ကျောက်ပုံဆိုတာလဲ နှစ်ပုံမက တွေ့ရတယ်။ ကျောက်ပုံ ငယ်ငယ်လေးတွေမှ မဟုတ်ဘဲ။ တောင်ကြီးတွေလောက် ကြီးမားတယ်။ အလယ်နေရာကို တောင် တိုင်းတာမှန်းဆ ရှာဖွေလို့ မလွယ်ဘူးကွယ်’

ကျွန်ုပ်ကား လက်တွေ့မြင်ရမှ ယုံတတ်သူဖြစ်၍ ဆက်သွားကြ၏။



မီးဗိုင်းတောင် ရှုခင်းတစ်စိတ်ပိုင်းမှ နေသာပေါက်ပါသည့် မင်းတက်ကျောက်ဖျာ

◆ မီးဗိုင်းတောင် တောင်ထိပ်တောရကျောင်း



နှစ်တာအကွာလောက်သို့ ရောက်၏။ နော်ခလာခွန်လွှန်မှ ကျောက်ဖြူပုံကဲ့သို့ပင် တောင်ကြီးများသဖွယ် ကျောက်သားကျောက်တုံး ပုံကြီးများကို တွေ့ရသည်။

ကြားတွင် သစ်ပင်မြင့်ကြီးများက ထူထပ်စွာ ပေါက်နေသေးသည်။ တူးဆွမည်ဆိုလျှင် လူလုပ်အားနှင့် ရမည် မဟုတ်။ မြေတူးစက်ကြီးများနှင့် တူးမှ ရနိုင်ပေလိမ့်မည်။

နေလည်း မြင့်လာပြီ။ ဆွမ်းစားချိန်




www.burmeseclassic.com

www.burmeseclassic.com



◆ မီးဖိုင်းတောင်ထိပ်မှ အင်းဆေးရောက်များ



မီးဖိုင်းဘုရားနှင့် တောင်ခေါ် ကျောင်းဆောင်သစ်ကြီး ◆

နီးလည်း နီးနေပြီဖြစ်၍ ထိုနေရာမှ ကျောင်းရှိရာသို့ ပြန်တက်ခဲ့ကြ၏။ တစ်နာရီခွဲမျှ လျှောက်ခဲ့ကြရသည်။

ခေတ္တနား၍ ရေမိုးချိုးပြီးမှ နေ့လယ်စာ စားကြရလေသည်။ ကျွန်ုပ်တို့ ယူဆောင်သွားသော သရက်သီးသနပ်ကြောင့် ထမင်းမြိန်ပါ၏။ တစ်နာရီမျှ ထိုင်နားကြပြီးလျှင် ဘုရား၏ အနောက်ဘက်သို့ ဆက်၍ ထွက်ကြလေသည်။

ဘုရားကြီး၏ အနောက်ဘက်ပတ် လမ်းဘေးတွင်ပင် အရွက်စိမ်းဖားဖားနှင့် ဂမုန်းပင်တစ်တောကို တွေ့ရလေသည်။

**'အဲဒါ ဗျူဟာဂမုန်းလို့ ခေါ်တယ်။ အဖွဲ့ရာသာရာတွေအတွက် အလွန် အသုံးဝင်တယ်။ ဗီယာသို့ မြီးအစီရင်နဲ့ အသက်ရှည် အဆေးဝါးလူသေ၊ ဆေးဝါးရာမှာလဲ သုံးကြတယ်'**


ရသေ့ကြီးမှ သိသမျှ ရှင်းပြပေးလေသည်။ ကျွန်ုပ်မှ မျိုးရစေရန် ဂမုန်း အနည်းငယ် တူးယူလိုက်ပါသည်။ ဆက်၍သွားကြရာ မကြာမီပင် လိုဏ်ဂူတစ်ခု တွေ့ရသည်။

**'ဒါ နတ်ကြီးကျောက်ဆိုင်ဆောင်လို့ ခေါ်တယ်။ ညအခါ မီးစုန်းတွေ တောက်ပတယ်။ ကျောက်ဆုံးဆေးဂူ။ ဒီဂူမှာ ကျောက်စွန်းတွေရဲ့ ပုံသဏ္ဌာန်ဟာ အရုပ်တွေနဲ့ တူတယ်။**

ခုတော့ သူမျှား ရိုက်ချိုးလို့ ကုန်ပြီ။ ကျောက်ခေါင်းထဲသို့ ကိုက်သုံးဆယ် ဝင်လျှင် ရတနာပစ္စည်း သင်္ဘောတစ်စီး စာခန့် ထားသည်။ ယူလိုသော်...

* * *

ကျွန်ုပ်မှာ ဂူတွင်းသို့ဝင်၍ လေ့လာကြည့်၏။ ဂူဝမှာ သိပ်မကျယ်လှ။ ဂူ အမိုး ကျောက်သားများ ပြိုကျနေသဖြင့် (၅)ကိုက်မျှသာ အနက်ကျန်တော့သည်။ ဂူနံရံနှင့် အမိုးတို့တွင်



ခေါ်၍ ကျွေးပြီးလျှင် ယူ ဆောင်ပြီး မီးဖိုင်းဘုရားကြီး အဂ်ါ ထောင့်မှာ တတ်နိုင်သမျှ ကောင်းမှုပြု ၍ အမျှဝေပါဆိုပြီး ရေးထားတယ်။ ရှေးက လျှို့ဝှက်စာတစ်မျိုးနဲ့ ရေးထား တာ မဖော်တတ်ဘူးဆိုတော့ ဒီပစ္စည်း တွေ အရှာခက်တာပေါ့။

လောဘသားတချို့က ဂူကို မိုင်း ကမ်ခွဲလိုက်လို့ ဂူတစ်ဝက် ပြိုကျသွားခဲ့ ရတယ်။ ဘာပစ္စည်းရမှာလဲ၊ သူ့အစီ အရင် အညွှန်းအတိုင်း မလိုက်နာရင် သိုက်စာအရထားတဲ့ ပစ္စည်းဆိုတာ ဘယ်တော့မှ မရနိုင်ဘူး'

လျှို့ဝှက်စာများ၊ သင်္ကေတများ ထွင်းထားကြောင်း ခပ်မှိန်မှိန် တွေ့ရ သည်။

ဂူတွင်းမှ ပြန်ထွက်၍ ရသေ့ကြီး ဦးဆောင်သည့်အတိုင်း မြောက်ဘက်သို့ ဆက်၍ လျှောက်ကြ၏။ တောမှာ နက်သထက် နက်လာသည်။ ဓားမကြီး တစ်ချောင်းစီဖြင့် ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းပြီး သွားကြရ၍ ခရီး သိပ်မတွင်လှပေ။

တောင်တက် တောင်ဆင်းများ ဖြတ်ကျော်သွားပြီးမှ ချောင်မှိုမှို့ တစ်လုံး၏ အခြေသို့ ရောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာတွင် စေတီငုတ်တိုင်ယံတစ်ဆူ တွေ့ရသည်။

အုတ်နှင့် မဟုတ်ဘဲ ကျောက်သား တို့ဖြင့် စီထပ်ထားကြောင်း တွေ့ရ၏။ စေတီငုတ်တိုမှ အနောက်ဘက် မလှမ်း မကမ်း၌ ကျောက်သားလိုဏ်ဂူငယ် တစ်ခု တွေ့ရသည်။ ချုံနွယ်ပင်ကြီးများ လွှမ်းခြုံ ဖုံးအုပ်နေ၍ အလင်းရောင် အားနည်းလှသည်။

'ဒီတောင်ကို **ဘိုးတော်တောင်လို့** ခေါ်တယ်။ ရှေးအခါက ဝတ်ဖြူစင် ကြယ်နဲ့ ဘိုးတော်တစ်ပါး တရားကျင့် ကြံ အားထုတ် အောင်မြင်ခဲ့ဖူးတယ်။ ဂူကိုတော့ ကိန္နရာဂူလို့ ခေါ်ကြတယ်။ ဂူဝကျောက်သားအမိုးပေါ်မှ ကိန္နရာ ရုပ်တုသဏ္ဍာန် သဘာဝကျောက်သား က အရုပ်လို ဖြစ်နေတယ်။

ဂူထဲမှာ ရှေ့ခွေ့ရာနာတွေ ယှုမကုန်မှ လိုရာ သုံးနိုင်သော စာတ်လုံးများ သစွာပြု၍ ထားခဲ့ သည်။ ဖယောင်းကို ဆင်ရုပ်လုပ် တင်လှူ၍

[illegible]

မှာ တူးယူပါလို့ လျှို့ဝှက်စာ ညွှန်ထားပြန်လို့ ဘုရသေ့တို့ အခက်တွေ့ရပြန်တယ်။

မသမာသူတွေက ဂူဝက ကိန္နရာ သဏ္ဍာန် ကျောက်သားကြီးကို တူးဖြို ရှာဖွေကြပေမယ့် ပျက်စီးသွားတာပဲ အဖတ်တင်တယ်။ ဘာမှ မရခဲ့ဘူး။ ဂူထဲမှာ မိုင်းထောင် ခွဲပေမယ့် မိုင်းလဲ မကွဲဘူး။ ဒါကြောင့် အခု ဂူထဲကို ဘယ်သူမှ မဝင်ရဲကြဘူး။ ခုခေတ်လူ တွေ ရှေးက ဂမ္ဘီရပညာကို ဘယ်မှာ ယုဉ်လို့ရမှာလဲ'

ကျွန်ုပ်လည်း ဂူကို ခပ်လှမ်းလှမ်းမှ သာကြည့်ရသည်။ အနီးသို့ မချဉ်းကပ် ပံ့။ အနက်ရောင် နယ်မြေဖြစ်၍ မသမာ သူ လောဘသားတို့ လုပ်ချင်တိုင်းလုပ်၊ ဖျက်ချင်တိုင်း ဖျက်ခဲ့ကြ၏။



◆ မီးရိုင်းတောင်ယံတောရမှ တောရကျောင်း ဆရာတော် ဦးဝိသုဒ္ဓာစာရ

ဂူမှ (၁၀)ကိုက်ခန့်အကွာ ကျိုးမြောင် ထဲတွင် အရွက်ချည်ချည် ရွက်စကြာညို့ အရိုးညိုသော ဂမုန်းပင်များ၊ အရွယ်အစား အလိုက် စီတန်း စိုက်ထားသည်ကို တွေ့ရ သည်။

အနီးကပ်၍ အပင်ရင်း တူးကြည့်ရာ နနွင်းတက်၊ ချင်းတက်ကဲ့သို့ အတက် များ ပေါ်လာသည်။ အနံ့ပြင်းပြင်း ရှိ၏။ ကိုက်ကြည့်ရာ စပ်ရှိန်းရှိန်း အရသာတစ်မျိုး ဖြစ်နေသည်။

'အဲဒါ နန်းထိုင်ဘီလူးဂမုန်းလို့ ခေါ်တယ်။ ဒီဂမုန်းဟာ မကောင်းဆိုးဝါးဖြစ်စေတဲ့ ဂမုန်း ဆိုးတွေရဲ့ သတ္တိကို ဖျက်ဆီးနိုင်တယ်။ ဂမုန်း ဆိုးတွေဟာ နန်းထိုင်ဘီလူးဂမုန်းကို ကြောက်ရွံ့ကြတယ်။

ဒီမြေတွေမှာ စိုက်ထားရင် ဂမုန်းဆိုးတွေ ရဲ့ အစွမ်းရာယ်က ကာကွယ်ပေးသလို မကောင်းဆိုးဝါး အန္တရာယ်တွေ လဲ ကင်းတယ်။ အပင်ရင်းက အတက်ကို အခြောက်လှန်းပြီး ပဆေးအနေနဲ့ ဖျားနာသူတွေကို သွေးတိုက်၊ အညီ နဲ့ တက်လှူရင် ပဆေးဝှကြီး တစေ့ ကင်းစင်သွားနိုင်စွမ်း ရှိတယ်။

သိဒ္ဓိအစွမ်းထက်တဲ့ ဂမုန်းတစ်မျိုးပဲ။ အပု အကိုမခံနိုင်ဘူး။ အအေးကြိုက်တယ်။ နေ ရောင်အထိများရင် အရွက်ကျသွားတယ်။ အရိပ်ရတဲ့ နေရာမှာမှ ပိုပြီး ဖြစ်ထွန်းနိုင် တယ်'

ကျွန်ုပ်လည်း ဂမုန်းအတက်နှင့် အပင်ခေါင်း အနည်းငယ် တူးယူခဲ့လေ သည်။ အိမ်ပြန်ရောက်လျှင် မျိုးရ အောင် စိုက်ပျိုးရပေမည်။ ဤဂမုန်း မျိုးမှာ ဂမုန်းဈေးကွက်၌ ရှားပါးနေ သေးသည်။ ဂမုန်းရောင်းစားသူများ အနေနှင့် ဈေးတင်ရောင်းချလေ့ရှိသော ဈေးရသည့် ရှားပါးဂမုန်းမျိုးဖြစ်ပေ သည်။

ထိုနေရာမှ ခွာကြသောအခါ တောင်ထိပ်ပေါ်သို့ ခပ်မတ်မတ်တက် ကြရ၏။ ရသေ့ကြီးမှာ ဖြတ်လမ်းသိသူ ဖြစ်၍ အချို့နေရာများတွင် လူသွား လမ်းငယ်များ ရှိနေသည်။

လူသွားလူလာ နည်းသဖြင့် ချုံနွယ် များ ရှုပ်ထွေးနေသည်ကို ခုတ်ထွင် ရှင်းလင်းသွားရသည်။ တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေလေပြီ။ ရေငတ် လျှင် အချို့သော နွယ်ပင်လုံးများကို ခုတ်ဖြတ်ပေး၏။

နွယ်ပင်မှ ရေများစီးကျလာသည်ကို သောက်ရသည်မှာ အရသာရှိလှသည်။ ရသေ့ကြီးကား တောကျွမ်းသော မုဆိုး သဖွယ်ဖြစ်နေသည်။ ရေရှိသော နွယ်ပင်နှင့် ရေမရှိသော နွယ်ပင်တို့ကို ခွဲခြားသော အတတ်ပညာမှာလည်း ရသေ့တို့ တတ်အပ်သော ဂမ္ဘီရပညာ တစ်ရပ်ဖြစ်ကြောင်း ရသေ့ကြီးမှ ရှင်းပြ ခဲ့သည်။

ရှေ့လ ဆက်ဖတ်ပါရန်

အောင်ဇ(LLB)

www.burmeseclassic.com

| အိမ်မဲမြို့၊ လယ်ပေါ်ရပ်ကွက် |
|---|
| မဟာဗောဓိမြိုင်ကျောင်း |
| ဆရာတော် ဘဒ္ဒန္တသုမနအား |
| ဂါရဝပြု ပူဇော်ခြင်း |

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

ဆရာတော်သည် **၁၃၁၃ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် သောကြာ** နေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ (၄)ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

၄-ကြွင်း မဟာဘုတ်

**မဟာဘုတ်အရ အင်္ဂါဂြိုဟ်(၃-ဂါ)သည် အထွန်းအိမ်၌ ရပ်တည်နေတဲ့အတွက်...**

- ဆုံးဖြတ်ချက် ပြတ်သားခြင်း။
- ရဲရင့်ခြင်း။
- စာပေရေးသားခြင်းလုပ်ငန်း အကျိုးပေးခြင်း။
- စိတ်ဓာတ် ရင့်ကျက်ခိုင်မာခြင်း...

တို့ပါပဲ။

**တနင်္လာဂြိုဟ်(၂-လာ)သည် ရာဇဂြိုဟ်ဖြစ်တဲ့အတွက်...**

- လူချစ်လူခင်များစေခြင်း။
- ကြည်ညိုသူ များပြားစေခြင်း။
- သိန်းကောင်းကြုံခြင်း။
- ငွေကြေးရလွယ်ခြင်း...

တို့ပါပဲ။ သို့သော်...

တနင်္လာဂြိုဟ်(၂-လာ)နဲ့ သောကြာဂြိုဟ်(၆-ကြာ)သည် ရာဇနဲ့သိုက်ဖြစ်သဖြင့် ပက္ခမိပါတယ်။

ဒါကြောင့်...

❋ ငွေကြေးနှင့် ပတ်သက်ရင် ကြောင့်ကြရတတ်ခြင်း။
❋ သောက မကင်းတတ်ခြင်း။
❋ မိခင်အတွက် ပူပင်သောက ရောက်တတ်ခြင်း...

တို့လဲ ဖြစ်ပါမယ်။

**ဗုဒ္ဓဟူးဂြိုဟ်သည် ဘင်္ဂအိမ်၌ ရပ်တည်နေတဲ့အတွက်...**

★ လေနာရောဂါ ဖြစ်ပွားတတ်ခြင်း။
★ ရင်နာရောဂါ ဖြစ်ပွားတတ်ခြင်း။
★ အစာအိမ်ရောဂါ ဖြစ်ပွားတတ်ခြင်း။
★ ဝမ်းနှင့်ပတ်သက်ပြီး ဥပဒ်ရောက်ရခြင်း...

တို့ ရှိတတ်ပါတယ်။

**ကြာသပတေးဂြိုဟ်(၅တေး)သည် ပုတိအိမ်၌ရပ်တည်နေတဲ့အတွက်...**

❋ ပညာရေးတွင် မပြီးဆုံးတတ်ခြင်း။
❋ ပညာသင်ယူစဉ် အခက်အခဲကြုံတတ်ခြင်း။
❋ မိတ်ကောင်းဆွေကောင်း နည်းပါးတတ်ခြင်း။
❋ ဆရာသမားကောင်းများနှင့် ဆုံခဲခြင်း။
❋ မည်သည့်အလုပ်မဆို နားလည်နိုင်စွမ်းရှိခြင်း...

တို့ပါပဲ။ သို့သော်...

**ကြာသပတေးဂြိုဟ် (၅တေး)နဲ့** အထွန်းဂြိုဟ် (အင်္ဂါ)တို့သည် ပက္ခမိသောကြောင့် အတွင်းမိတ်ပျက်သဖြင့်...

❖ မိတ်ကောင်းဆွေကောင်းများနှင့် ဝေးကွာစေခြင်း။
❖ ဆရာသမားကောင်းများ ကွဲကွာခြင်း...

တို့ကို ဖြစ်စေပါမယ်။



အိမ်မဲမြို့ မဟာဗောဓိမြိုင်ကျောင်း
ဆရာတော် ဘဒ္ဒန္တသုမနထေရ်

**အေးပါစေ၊ အောင်ပါစေ**

သန်းပညာ

www.burmeseclassic.com




## သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစာ။ အခုတော့ စားချင်တာစားလို့ရပြီ မမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေ့၊ များများသာထည့်" "ဟား ဟား။ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့** **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့** **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောတိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး။ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပါတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမြင့်ရေ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး။ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့... **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (၈) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊


မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၈၊ ၅၂၂၅၄၃။

---



www.burmeseclassic.com

www.burmeseclassic.com



လျောင်းတော်မူ မျက်နှာတော်

စံလွင်းသာ

ဗောဓိတထောင်သာသနာမြေနှင့် ဗောဓိတထောင် ဆရာတော်ကြီး

# ဦးနာဂရဒ၏ ဘဝပုံရိပ်များ (၄)

ယခင်လမှ အဆက်

ရလာသောအခါ ထိုအုတ်များပေါ်၌ ကာဗွန်ချောင်းဖြင့် "ရတနာသုံးပါး" အင်းချကာ ဓမ္မစကြာရုပ်ပွားပလ္လင်၏ အထက် လျောင်းတော်မူ ရုပ်ပွားတော်ကြီး၏လက်ယာဘက် ရင်ညွန့်အောက် တည့်တည့်၌ ဌာပနာပြု ထည့်သွင်းသည်။ ကေသီ သင်္ကန်းတစ်ထည်ကို ကိုးခေါက် ခေါက်ကာ သင်္ကန်းပေါ်၌ အင်းများချ၍လည်း ဌာပနာစေသည်။

လျောင်းတော်မူ ရုပ်ပွားတော်၏ နေရာအနှံ့အပြားတွင် အင်းစမများ ထည့်သွင်း ဌာပနာပြုခဲ့သည်ဟု သိရသည်။ *(ဆရာတော်၏ ဘဝသမိုင်း မှတ်တိုင်များ။ စာမျက်နှာ–၆၅)*

ယခုအခါ လျောင်းတော်မူရုပ်ပွားတော်၏ နောက်ကျောတစ်လျှောက်တွင် ဈေးဆိုင်တဲများ အပြည့် ဆောက်လုပ်ဖုံးကွယ်နေသဖြင့် လျောင်းတော်မူ နောက်ကျောပုံကို ဆရာတော်ဘဝသမိုင်းမှတ်တိုင်များ စာအုပ်မှ ထပ်ဆင့်ရိုက်ကူး တင်ပြလိုက်ရပါသည်။


လျောင်းတော်မူအနီး၌ နဂါးရုံ ဘုရားတစ်ဆူ ဖူးတွေ့ရသော်လည်း နောက်ခံဖြစ်စဉ်တော်ကို မသိရှိခဲ့ရချေ။

## အောင်စကြာစေတီ


လျောင်းတော်မူ ရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီးနောက် တောင်ဆင်းကားလမ်းအတိုင်းဆင်းကာ အောင်စကြာစေတီကုန်းတော်သို့ တက်ရောက်ခဲ့သည်။

တနင်္ဂနွေထောင့် ကောင်းတန်း

www.burmeseclassic.com



လျောင်းတော်မူ ခြေတော်အနီးမှ ပုံရိပ်



လျောင်းတော်မူ နောက်ကျောမှ အဝင်မုခ်

လျောင်းတော်မူ လိုဏ်တွင်းမှ ရွှေစကြာလှည့်ဘုရားတော်



လျောင်းတော်မူ လိုဏ်ခန်းမှ ဆံတော်ပယ်ခန်း



ဆိုင်ခန်းများအတိုင်း ဝင်ရောက်ကာ စေတီအနီးသို့ရောက်သော် စေတီအတွင်း လိုက်ပတ်လမ်းသို့ ဝင်ရောက်နိုင်သည့် မုခ်ဝကို တွေ့ရသည်။

စေတီတော်မှာ မြေစိုက်စေတီဖြစ်သော်လည်း ကင်းပိတ်မဟုတ်ဘဲ အလယ်မဏ္ဍိုင်ကို ဗဟိုပြုကာ ပတ်လည်စကြံ့ ပြုလုပ်ထားသည်။ ခေါင်းလောင်းမှောက် အထက်ပိုင်းအထိ ဥမင်လိုဏ် ရှိလေသည်။ လေးဖက်လေးတန်ရှိ နတ်လမ်းလှေကားများမှ တက်ရောက်ကာ ခေါင်းလောင်းမှောက်အခြေအတွင်းသို့ ဝင်ရောက်နိုင်သကဲ့သို့ တနင်္ဂနွေထောင့်မုခ်ဝမှ ပြေပြေကလေး မြင့်တက်သွားသည့် ကြောင်လိမ် ပတ်လမ်းအတိုင်းလည်း တက်ရောက်နိုင်သည်။ ဘုရားဖူး အသွားအလာများသဖြင့် တနင်္ဂနွေ ထောင့်မုခ်ဝမှ စေတီတံတိုင်းအပြင်သို့



www.burmeseclassic.com

www.burmeseclassic.com

ထွက်ရာလမ်း၌ ဈေးဆိုင်တန်းများ အစီအရီ တည်ရှိနေခြင်းဖြစ်သည်။

အတွင်း၌ အလယ်မဏ္ဍိုင်တွင် မှန်ငယ်များထွင်းကာ တင်ပျဉ်ခွေ ဆင်းတုများ ပူဇော်ထားသည်။ မဏ္ဍိုင် ပတ်အတွင်း လိုဏ်ပတ်လမ်းနှင့် အပြင် ဘက်ပတ်လမ်း နှစ်ထပ် ရံထားသည်။ နတ်လမ်းလှေကားထိပ် တတိယ ပစ္စယံပေါ်မှ ဝန်းကျင်ရှုခင်းကို စီးမိုး မြင်တွေ့ရသည်။ စေတီတော်၏ အရှေ့ ဘက်တံတိုင်းအတွင်း၌ တင်ပျဉ်ခွေ ဆင်းတုတော်များ မရေတွက်နိုင် လောက်အောင် အစီအရီ ကိန်းဝပ် တော်မူကြသည်။

ဓမ္မစကြာ ဘုရားဆင်းတုတော်များ ဟု ခေါ်ကြောင်း သိရသည်။ အောက် ဆင်း၍ အနီးကပ် ဖူးမြော်သောအခါ ဓမ္မစကြာဘုရား ဆိုသော်လည်း ဓမ္မ စကြာမုဒြာပုံတော်များ မဟုတ်ကြပါ။ ဘူမိဖဿမုဒြာနှင့် လက်လှန်ဘုရား ခေါ် ဆုပေးဟန် ဝရဒြမုဒြာဟန်တော် များသာ ဖြစ်ကြသည်။

ဓမ္မကၡာ ရှစ်သောင်းလေးထောင် ကို ရည်ညွှန်းကာ များပြားသော ဆင်းတုတော်များ ပူဇော်ထားခြင်း ကြောင့် "ဓမ္မစကြာ" ဆင်းတုများဟု ခေါ်သည်ဟု ယူဆဖွယ် ရှိလေသည်။ အလှူကမ္ပည်းတွင် ကိုးရီးယားစာတန်း များချည်းသာ တွေ့ရသည်။

စေတီတံတိုင်း အပြင်ဘက်တွင် အုတ်တိုက်ကျောင်း တစ်ဆောင်ရှိ၍ ကိုးရီးယားကျောင်းတော်ဟု ခေါ် ကြောင်း သိရသည်။

ဤကျောင်းတော်နှင့် ဆင်းတုတော် များကို တောင်ကိုးရီးယား ဘုန်းတော် ကြီး ဒိုဟူး(Do Hoo)ဦးဆောင်၍ ကိုးရီး ယားဗုဒ္ဓဘာသာ ဒကာ,ဒကာမများ လှူဒါန်းခဲ့ကြသည်ဟု သိရှိရသည်။



ကျောင်းတော်ရှုအနီးမှ နယ်ရုံဘုရား

ဆရာတော်ကြီးသည် တောင်–မြောက်ကိုးရီးယား နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးအတွက် နှစ်နိုင်ငံ နယ်စပ်တွင် တည်ဆောက်မည့် ငြိမ်း ချမ်းရေး စေတီပန္နက်တင် မင်္ဂလာပွဲသို့ ကြွရောက်ရန်...

❖ International Buddhism Culture Director Association.


❖ The Myanmar Honourable Ambassdor of Korea.


❖ Korea Myanmar Friendship Interchange Federaltion.

တို့၏ ပင့်ဖိတ်ချက်အရ (၁၀–၅–၁၉၉၆)နေ့တွင် တောင်ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ကြွရောက်ခဲ့ရသည်။

လေဆိပ်တွင် တောင်ကိုးရီးယား ဘုန်းတော်ကြီး မုတ်တပ်ဟေအင် (Mok Tak Hye Eun)နှင့်အဖွဲ့ကလာ ရောက် ကြိုဆိုကြရာ ဘုန်းတော်ကြီး "ဒိုဟူး"တို့နှင့် သိကျွမ်းခဲ့ရခြင်းဖြစ်

www.burmeseclassic.com






◆ စေတီအတွင်းမဏ္ဍိုင်

◆ အောင်စကြာစေတီတော်

◆ ကျိုက်ထီးရိုးကလေး၊
စေတီမှတ်တမ်း။



◆ ငြိမ်းချမ်းမှုရသော ရွှေစကြာဘုရားများ





www.burmeseclassic.com

www.burmeseclassic.com



◆ တနော်ခွဲထောင် လိုက်အဝင်း

သည်။

ထို ဘုန်းတော်ကြီးနှစ်ပါးသည် ဆရာတော်အား ကြည်ညိုလေးစားကြ၍ ဗောဓိတထောင်သို့လည်း မကြာခဏ ကြွရောက်ကာ ဤသို့ လှူဒါန်း သာသနာပြုကြခြင်းဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသော အခါ မြန်မာနိုင်ငံမှ ကိုကျော်စိုးမိုးက အကြောင်းကြားသဖြင့် ဘုန်းတော်ကြီး ဒိုဟူးသည် ချက်ချင်းပင် မြန်မာနိုင်ငံသို့ ကြွရောက်ကာ ဈာပနပွဲတွင် ပါဝင် ဆောင်ရွက်တော်မူခဲ့လေသည်။

အရှေ့ဘက် တောင်တန်းတွင် လျောင်းတော်မူရုပ်ပွားတော်နှင့် ရပ်တော်မူ ရုပ်ပွားတော်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

လျောင်းတော်မူကုန်းတော်မှ အောင်စကြာစေတီကုန်းတော်သို့ အမိုးစောင်း တန်းဝဲယာတွင် မဟာဗောဓိ ပုံတူစေတီနှင့် ထိုင်တော်မူ တင်ပျဉ်ခွေ ရုပ်ပွားတော်တို့ကို စီးမိုးဖူးတွေ့နိုင်လေသည်။

အောင်စကြာစေတီ တတိယပစ္စယံမှ တစ်ပတ်လှည့်လည် ပူဇော်ရာ အနောက်ဘက်တွင် ကျောင်းဆောင်များ၊ ရပ်တော်မူစေတီ မျက်နှာတော်ဖိုင်ဘာဖြင့် သွန်းလုပ်ရာ ပုံစံယူသော ရှင်ပင်ပက်လက်ဘုရား။ အဝေးတွင် ဗောဓိညောင်ပင်များစွာနှင့် တင်ပျဉ်ခွေ ရုပ်ပွားတော်များကို အစီအရီ ဖူးတွေ့ရသည်။

ဗောဓိညောင်ပင်များ အလယ်တွင် နန်းမြင့်မျှော်စင်ပမာ ထန်းစေတီကိုလည်း ထီးထီးမားမား မြင်တွေ့ရလေသည်။

အောင်စကြာ စေတီတော်သည် ဖိုးခေါင်တောင်ထက်၌ စံပယ်တော်မူ၍ ဉာဏ်တော်အမြင့် အတောင်(၁၅၀) (၂၂၅–ပေ) ရှိသည်။ ၁၃၄၁ ခုနှစ် တပေါင်းလဆန်း (၂)ရက်နေ့တွင်၊ ပန္နက်ရိုက်၍ စတင် တည်ဆောက်ကာ ၁၃၄၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့တွင် အနေကဇာတင် ပူဇော်ခဲ့သည်။

ရွှေလ ဆက်ဖတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်နှင့်အလင်းရောင်

ဆောင်းလရာသီဝင်ချိန် တစ်နေ့သော နံနက်ပိုင်းမှာဖြစ်သည်။ လမ်းထဲတွင် နေထိုင်သော ကျွန်တော်၏ မိတ်ဆွေတစ်ယောက် အိမ်ခြံဝင်းထဲသို့ ဝင်လာ၍ ကျွန်တော်က ဖိတ်ခေါ်လိုက်သည်။

'လာဗျို့ ကိုရွှေလှ'

ကိုရွှေလှက ကျွန်တော်ထိုင်နေသော အိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်ရင်း...

'ခင်ဗျား ခြံစည်းရိုးမှာ စိုက်ထားတဲ့ အသီးအပင်တွေ သီးလိုက်ပွင့်လိုက်ကြတာဗျာ အံ့သြစရာပဲ။

ကျွန်တော်လဲ အိမ်ရှေ့ခြံစည်းရိုးမှာ အပင်ပေါင်းစုံ စိုက်ထားတာ ခင်ဗျား မြင်ပါတယ်။ အသီးအပွင့် မြင်တွေ့ရတယ်လို့ မရှိဘူး။ ဘယ်လို ဖြစ်တာလဲ မသိပါဘူးဗျာ'

ကျွန်တော့်အိမ်ရှေ့ ခြံစည်းရိုးတွင် စိုက်ထားသော အသီးအပင်များ သီးပွင့်နေကြသည်ကို ကြည့်ပြီး ကိုရွှေလှက ပြောလာပါသည်။

သူ့အိမ်ကို ကျွန်တော် ရောက်လေ့ရှိပါသည်။ သူတို့ စိုက်ပျိုးထားသော အိမ်ရှေ့ ခြံစည်းရိုးမှ အပင်များကို မြင်တွေ့နေကျ ဖြစ်၍...

'ကိုရွှေလှ ခင်ဗျား အိမ်ရှေ့ ခြံစည်းရိုးမှာ စိုက်ထားတဲ့ အပင်တွေက ပြွတ်သိပ်ကျပ်နေတာပဲ။ အပင်တွေက မျိုးတော့စုံပါတယ်။ တစ်ပင်နဲ့ တစ်ပင် လောင်းရိပ်မိနေကြတော့ အသီးအပွင့် အ,တာပေါ့ဗျာ။

အပင်တွေကို ဒီအတိုင်း ထားလို့ မဖြစ်ဘူး။ အပင်တွေ ရှုပ်ထွေးနေတာကို ဖယ်ရှားရှင်းပေးသင့်တယ်။

မရှင်းပေးရင် အပင်တွေကို ချစ်ရာမကျဘဲ နှစ်ရာကျမယ်။ အပင်တွေရဲ့ အကျိုးလဲ ခံစားရမှာ မဟုတ်ဘူး။ နောက်ပြီး ခင်ဗျားကို အကြံပေးမယ်။ အပင်တွေကို ကြားညှပ်မနေစေဘဲ အနေအထိုင် လွတ်လပ်သွားအောင် ရှင်းပေးပြီးရင် သူတို့ကို ညဘက်မှာ မီးအလင်းရောင် ပေးသင့်တယ်။

ခင်ဗျားတို့အိမ်ရှေ့က လမ်းမီးတိုင်နဲ့ အလှမ်းဝေးတော့ မှောင်နေမှာပဲ။ အိမ်မှာလဲ လျှပ်စစ်မီး ရှိနေတာပဲ မဟုတ်လား။ ခြံဝမှာ လျှပ်စစ်မီး တစ်လုံးလောက်တော့ ထွန်းထားပေးပါ။

ခင်ဗျားက အပင်တွေမှာ နေ့ဘက်မှာလဲ လောင်းရိပ်ကျနေတယ်။ ညဘက်မှာလဲ အလင်းဓာတ် မခံစားရတော့ ကောင်းကောင်း မဖွံ့ဖြိုး မရှင်သန်နိုင်ရှာကြဘူးပေါ့။

ကျွန်တော်ကတော့ ခင်ဗျား မြင်တဲ့အတိုင်းပဲ ညဘက်ဆိုရင် ခြံဝမှာ မီးအမြဲရှိတယ်။ သစ်ပင်ဆိုတာ အလင်းဓာတ်ရှိမှ ဖြစ်မယ်။ အလင်းရောင်ဆိုတာ သူတို့ရဲ့ အားအင်ပဲ။ သူတို့မှာ နေ့ကောညပါ အလင်းဓာတ်ရှိတော့ ပိုကောင်းတာပေါ့'

ကိုရွှေလှမှာ ကျွန်တော်၏ အိမ်ရှေ့ ခြံဝတွင် ရှိနေသော မီးတိုင်ကို ကြည့်ပြီး...

'အေးဗျာ ခင်ဗျား ပြောတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော့် ခြံစည်းရိုးမှာ စိုက်ထားတဲ့ အပင်တွေကို ရှင်းလင်းပြုပြင်တော့မယ်။ အိမ်ရှေ့မှာလဲ မီးတိုင် စိုက်မယ်။ မီးချိတ်မယ်။ ညဘက်မှာ သစ်ပင်တွေအတွက်ရော လမ်းသွားလမ်းလာလူတွေ အတွက်ပါ အကျိုးပြုရာ ရောက်တာပေါ့ဗျာ'

ကျွန်တော် အကြံပေး ပြောပြသည်များကို ကိုရွှေလှတစ်ယောက် လက်ခံသွားပုံရသည်။ လက်တွေ့ စမ်းသပ်လုပ်ကိုင်မည်ဟု ယုံကြည်မိသည်။

ကျွန်တော်နှင့် စကားပြောပြီး ပြန်သွားချိန်မှာ သူ့အကျိုးဆန္ဒအတွက် ကူညီကာ အကြံပြုလိုက်ရ၍ ကျွန်တော်လည်း ကျေနပ်နေမိပါတော့သည်။

ကိုမောင်ကျော်နိုင်(မအူပင်)



www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေနိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၂၄။

---

www.burmeseclassic.com

www.burmeseclassic.com



◆ စေတီပုံတော်များ ခြံရံထားသော အရိုပြထောင် လှည်းမင်းစင် ဘုရားကြီး

နိုမြင့်ဒို

# အာရိုပြပဒေသာ လှည်းပုံမင်းဝင် (၂)

ယခင်လမှ အဆက်

သက်တော် (၄၄)ရှိပြီဖြစ်သည့် နရပတိစည်သူမင်းကြီး သက္ကရာဇ် (၅၃၆)ခုနှစ်သည် မင်းဖြစ်ပြီးသကာလ မင်းသက် တစ်နှစ်ရှိသည့် သက္ကရာဇ် (၅၃၇)ခုနှစ် နတ်တော်လပြည့်ကျော် (၇)ရက်တွင် သစ်ကနက်သားဖြင့် စီရင်ထားတော်မူသော ဖောင်တော်ကြီးစီး၍ နောက်တော်ပါ လူတစ်သိန်းနှင့်တကွ ပေါက္ကံပြည်ကြီးက ထွက်တော်မူလာသည်။

ညောင်ရွှေနယ် ရောက်သော် အနောက်ဘက် တောင်တန်းကြီးကို ကြည့်ပြီးသကာလ ပါလာသည့် သမားဖြူ၊ သမားညိုပုဏ္ဏားတို့ကို မေးလေသော် ဤတောင်စဥ်တောင်တန်းကြီးသည်ကား ရှေးရှေးက **"မင်းစည်တောင်"**ဟူ၍ သမုတ်ခဲ့ကြောင်း ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက်တော်ကတည်းက ဤတောင်တန်း၊ ဤနေရာတွင် စေတီတည်တော်မူရန် ဆန္ဒတော်များရှိခဲ့ကြောင်း လျှောက်ထားကြပါသည်။

မင်းကြီးလည်း ပုဏ္ဏားများလျှောက်သည်ကို ဝမ်းသာပီတိ ဖြစ်သည့်အလျောက် မင်းကြီးက ငါ စေတီဘုရားတည်ထားမည့် ဌာပနာတိုက်အတွင်း အနက်(၁၅)တောင်တူး၊ **ရတနာကျောက်သံ၊ ပတ္တမြား(၄)ပြည်၊ ဘေးတော်၊ ဘိုးတော် လက်ထက်တော်ကတည်းက ဖူးမြော်ရ၍ ပိုင်ဆိုင်ခဲ့သည့် ဓာတ်မွေတော်(၁)ဆူ**တို့ကို ထည့်သွင်း၍ ကျောက်ပြားချပ်






www.burmeseclassic.com

www.burmeseclassic.com





◀ တံခေါက်ပင်ကြီးအောက်ရှိ
ရှုမြတ်စွာဘုရား
ပုဗ္ဗဝတ္တိဒီပဦးစား
တရားဟောကုံတော်

ကြီး တစ်ချပ်နှင့် လုံခြုံစွာ ပိတ်ဖုံးပြီးမှ ဤစေတီတော်မြတ်ကြီးကို တည်ထား တော်မူခဲ့ကြောင်း သိရှိခဲ့ရပါသည်။

**တည်ထားပြီးသကာလ ဆုတောင်း ဒွာပနာပြုသည်မှာ လှယ်မင်းစည်တုံ ကို ထွန်း၊ သင်ပုတ်၊ ရေချမ်း၊ ပန်း၊ ပေါက်ပေါက်၊ ဆီမီးတော်စွမ်း၊ ကြက်လျှာ တို့နှင့် လှူဒါန်းပူဇော် ကံတော်သော သူတို့သည် ထိကဲ့သို့ ကောင်းကြောင်းရှိ မင်းဂိုလ်ရှိရာနံ့တရားကို ရစေသတည်းဟု ဆုတောင်းတော်မူခဲ့ကြောင်းကို မှတ်သားခဲ့ရ ပါသည်။**

◆ ညောင်ကျွန်းမြို့၏ စေတီပေါ်မှ ရှုမျှော် မြင်ကွင်း



[၄]

စေတီတော်ကြီး၏ အရှေ့မြောက် ထောင့် ဆင်ခြေလျောအတိုင်း ကိုက် (၁၀၀)ခန့်တွင် **လှယ်မင်းစင်တောင် တော် ဩဝါဒစရိယ ဘဒ္ဒန္တဇဝနဆရာ တော်ကြီး၏** ခန္ဓာဝန်ချထားသော ဂူပ ကလာပ်တော်ကို ဂူသွင်းထားသည်ကို ဖူးတွေ့ရပြီး ထိုဂူပေါ်တွင် ၁၃၅၁ ခုနှစ်၊



www.burmeseclassic.com

www.burmeseclassic.com






◆ ကံကြွေးဆပ်စေတီတည်ဆောက်ရှိ
သိမ်တကျွယ် ကျောက်စာတိုင်

◆ ကံကြွေးဆပ်စေတီ

◆ ကံကြွေးဆပ်ကျောက်စာတိုင်

◆ ထေရာတော်ကြီး၏ အုတ်ဂူတော်










www.burmeseclassic.com

www.burmeseclassic.com




◆ ကံကြွေးဆပ်စေတီတွင်ရှိ ဗုဒ္ဓရုပ်ပွားတော်



◆ ဆုတောင်းပြည့်စေတီ အနီးမြင်ကွင်း

◆ လက်ဖမောင်းတော
တောင်တန်းစေတီကြီးပေါ်မှ မြင်ကွင်း



တပေါင်းလဆန်း (၆)ရက်နေ့ နံနက် (၄) နာရီ (၁၅)မိနစ်အချိန်တွင် ခန္ဓာဝန်ချတော်မူသည်ဟူသော ကမ္ပည်းထိုးထားသည်ကို ဖတ်ရှုရပါသည်။

ထိုမှ ကိုက်(၅၀)ခန့်အကွာ မြန်မာနိုင်ငံအနှံ့အပြားဘုရားများတွင် တွေ့မြင်ခဲ့ရသော ဉာဏ်တော်(၁၅)တောင်ရှိ **"ကံကြွေးဆပ်စေတီတော်"**ကို ဖူးတွေ့ရပါသည်။

ထို ကံကြွေးဆပ်စေတီမရောက်မီ လမ်းဘယ်ဘက်တွင် ကံကြွေးဆပ်လက်ဘပါ စာချိုးလေး ရေးထွင်းထားသည့် နှစ်ဖက်ပါကျောက်စာကို ဖတ်ရှုရသည်မှာ သံဝေဂရစရာပင်။

စာရေးသူတို့နှစ်ဦးလည်း ပြုပြုသမျှကံများထဲမှ သံသရာပါသွားမည့် နိမ့်ကျနေသော ကံကြွေးများရှိပါက ပြေပျောက်စေရန် အချိန်အတော်ကြာ ဆုတောင်းကန်တော့မိပါသည်။

ကံကြွေးဆပ်စေတီ၏ အရှေ့တောင်ဘက် ခပ်လှမ်းလှမ်းတွင်မူ အင်ကြင်းပန်းများ ဖူးပွင့်ဝေစီ မွှေးကြိုင်စွာဖြင့် ဝန်းရံထားသော **"ဆုတောင်းပြည့်စေတီတော်"**အား ဖူးမြင်ပြီး လိုရာဆုကို တောင်းခဲ့ကြပါသည်။


ကျွန်တော်တို့နှစ်ဦး စေတီတော်ကြီးပေါ် ရောက်ခဲ့ချိန်သည် မွန်းလွဲ(၄)နာရီခန့်ရှိပြီဖြစ်ရာ အနောက်နေရောင်၏ (၄၅)ဒီဂရီ ထောင့်ဖြတ်ထိုးထားသော နေရောင်အောက်တွင် စေတီတော်ကြီး၏ အင်းလေးရေပြင်ကျယ်ကြီး၌ ထင်ထင်ရှားရှား ဖူးမြင်ခဲ့ရသော စေတီတော်ကြီး၏ အရိပ်သဏ္ဍာန်ကို ဆရာဦးကိုကိုနှင့်အတူပါလာသော လုပ်ငန်းသုံး ပေကြိုးဖြင့် အကြိမ်ကြိမ် တိုင်းတာပြီး ရှာဖွေခဲ့သော်လည်း မည်သို့မျှ မတွေ့ခဲ့ရပါ။ အရံစေတီများ၏ အရိပ်များသာလျှင် မြင်တွေ့ခဲ့ရပါသည်။

ပိုမိုထူးဆန်းသည်မှာ အင်းလေးကန်ရေပြင်တွင် ကျွန်တော် ရိုက်ယူခဲ့သော ဓာတ်ပုံများကိုလည်း မိတ်ဆွေ ကွန်ပျူတာဆိုင်တွင် ရိုက်ယူကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com




◆ ဆုတောင်းပြည့်စေတီ အဝေးမြင်ကွင်း

နဂါးငွေတန်းကဲ့သို့ အဖြူရောင် အလင်းတန်းတစ်ခုသာပေါ်ပြီး စေတီကြီး၏ အရိပ်ပုံကို မဖူးတွေ့ရပါ။ အခြားရိုက်ယူခဲ့သော ရေပြင်လုပ်ငန်းကိစ္စနှင့် ဓာတ်ပုံများမှာမူ ပီပီပြင်ပြင် ကူးယူရရှိပါသည်။

စာတည်းချုပ်ကြီး မိန့်ဆိုထားသလို မိမိတို့ဒေသရှိ မိမိသာသိရှိပြီး သမိုင်းမဝင်သော ဖြစ်ရပ်မှန်များကို ရေးသားပေးပို့ရန် တိုက်တွန်း နှိုးဆော်ထားသောကြောင့် ဤဆောင်းပါးကို ရေးသားဖြစ်ပါသည်။ မကြာခင်ကမှ ဆရာတော်ကြီးတစ်ပါး မိန့်မှာဖူးသည်ကို ပြန်သတိရမိပါသည် ဆရာတော်ကြီးမှ မိန့်ကြားသည်မှာ...

'အကာတို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ်၊ စာတည်းမှူးတွေ အယ်ဒီတာတွေနဲ့ ဆောင်းပါးရှင်တွေအားလုံးဟာ အမှန်တော့ ကိုယ်ကိုယ်တိုင်က သာ တရား မကျင့်နိုင်သေးတာ အခြားသူတွေကို တရားကျင့်ပြီး နိဗ္ဗာန်ရောက်ကြောင်း ကျင့်ကြံနိုင်အောင် ကူညီနှိုးဆော်ပေးနေတဲ့ နိဗ္ဗာန်ဆော်တွေနဲ့ အတူတူပဲ ကုသိုလ်တော်တော်ရကြမယ်'

ဆိုသည့် မိန့်မှာမှုကို နာခံရင်း ရှမ်းပြည်တောင်ပိုင်းရှိ **"တန်ခိုးကြီးသော်လည်း မထင်မရှားဖြစ်နေရသည့် ရှေးဟောင်းဘုရားကြီး တစ်ဆူ"**ဖြစ်သည့် **"အရိပ်မထင် လွှယ်မင်းစင် ဘုရားကြီး"**ကို တိုင်းပြည်အတွင်းရှိ အဝေးရောက် "နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးများ အားလုံး" မှန်းဆ ဖူးမြော်နိုင်ရန် ထပ်မံ ရေးသားတင်ပြလိုက်ပါသည်။

**နိုင်မင်းညို**

www.burmeseclassic.com

# တောင်ဖီလာဆရာတော်၏

## ကိုယ်လုံဆေး

ဆေးသုတေသီ



'(ရေနီ) တောင်ဖီလာဆရာတော် ဦးပဏ္ဍိဝ ခန္ဓာဝန်မချမီ တစ်ရက်အလို မှာ ဆရာတော် ကြွလာတယ်'

'ဆရာက အဲဒီတုန်းက ဘယ်မှာရှိ နေတာလဲ'

'ရန်ကုန် စိန့်ဂျွန်းဈေးက အဖေ့ဆိုင် မှာ ကူပြီး ထိုင်နေတဲ့အချိန် အရေး အခင်းမတိုင်မီ ၁၃၄၉ ခုနှစ်ပါ။ ဆေး တောင့်(၃)တောင့်ပေးပြီး **"ဒါ ကိုယ် လုံဆေး မင်းဆက်ခံပြီး သုံးပါ"**လို့ မိန့်ကြားချက်နဲ့အတူ ဆေးညွှန်းလဲ ပေးသွားတယ်။

### ကိုယ်လုံဆေးအသုံး

- ✦ ခရီးသွားသောအခါ သွားလိုရာ ခရီးအတွက် ဆေးအစောင့် မ,စပါ။
- ✦ အမှုကိစ္စ စကားပြောသောအခါ ဆေး အစောင့် မ,စပါ။
- ✦ လောကီကိစ္စ အဖြာဖြာအတွက် မပြုမီ ဆေးအစောင့် မ,စပါ'

လို့ တိုင်တည်ပြီးမှ သွားပါ၊ ပြောပါ၊ လုပ်ပါ။ လောကီရေးရာ အလုံးစုံ အတွက် သုံးပါ။ လောကီရေး ဆိုရာမှာ **ကောင်းသော လောကီ၊ မကောင်း သောလောကီ မိမိဘာသာ ဝေခွဲပါ။**

"အဆောင်ပြုလိုပါက ကတိသစ္စာ တည်ကြည်ပါ။ သမ္မာဆန္ဒ ဖြစ်ပါစေ။ ယင်းဆေးကို ရွှေချထားကာ တစ်သက် လုံး သုံးနိုင်သည်။

အကြောင်းကိစ္စရှိလျှင် ဆေးနမ်းစေ့ ခန့် ခံတွင်း၌ ငုံ၍ပြော၊ စားလည်း စား။ ဆေးကို ကိုယ်နှင့်မကွာ ဆောင် ထားပါက စားရန်မလိုပါ။ ဉာဏ်ရှိသလို သုံးနိုင်၏"

ဒီလို ရေးထားတယ်။ ကျွန်တော် က စီးပွားရေးသမား လုပ်ငန်းရှင်ဖြစ်ဖို့ ရည်ရွယ်ချက်ရှိပေမယ့် တက္ကသိုလ် ဝင်တန်းအောင်တော့ မော်လမြိုင်ကို ရောက်သွားတယ်။

မဟာစည်ဝိပဿနာ တရားစခန်း မှာ တစ်ပတ်လောက် တရားအားထုတ် မယ်ပေါ့။ ဒါပေမယ့် နှစ်,နှစ်ကြာအောင် ရိပ်သာ တာဝန်ခံအဖြစ် လုပ်ကိုင်ပေးခဲ့ ရတယ်။ နောက်ပိုင်းတော့ ဆရာ အခု မြင်ရသလို မဟာသမတိုင်းရင်းဆေး ဆရာ ဖြစ်လာတာပါပဲ။

တောင်ဖီလာ ဆရာတော်ကလဲ ကျွန်တော် သတ္တမတန်းကျောင်းသား ဘဝကတည်းက ကြိုပြီးပြောခဲ့ဖူးပါ တယ်။ မဟာသမနာမည်နဲ့ တိုင်းရင်း ဆေးမှာရော သာသနာပြုလုပ်ငန်းတွေ မှာပါ အောင်မြင်လိမ့်မယ်တဲ့'

'ကိုယ်လုံဆေးဖော်နည်းကော ဆရာ မသိလိုက်ဘူးလား'

'တောင်ဖီလာဝန်းကျင်က ဘုရားကပ်လှူ ကောင်းတဲ့ ပန်းပေါင်းစုံအမှုန့်ပြုပြီး ပထပ် ဆေးနဲ့ ရောထားတာပါ။ ပထပ်ဆေးဆိုတာ ကလဲ ဒီနေရာမှာ တောင်ဖီလာသာသနာမြေ ရဲ့ တည်မြဲမှုကို ညွှန်းပါတယ်'

'ဗြာနဖလ အင်အားယူတာပေါ့နော်'

'ဟုတ်ပါတယ် တောင်ဖီလာလိုပဲ **ပုပ္ပါးတောင်၊ ဇင်းကျိုက်တောင်၊ ကျိုက်ထီးရိုး၊ နွားလည်ဘို့ စတဲ့ အဓိကရတောင်ကြီးတွေက ပန်း ပေါင်းစုံအမှုန့်ပြုရင်လဲ** ဆိုင်ရာဗြာန ဖလ စွမ်းအင် သက်ရောက်တာမို့ အစွမ်းထက်တဲ့ ကိုယ်လုံဆေးပါ။

အသုံးပြုပုံ ဆေးညွှန်းအတိုင်း (ကတိသစ္စာတည်ပါ။ ဆန္ဒမှန်ကန်ပါ။) ဒါတွေ ပြည့်စုံရင်တော့ ကောင်းကျိုး အသွယ်သွယ် မျှော်လင့်နိုင်ပါပြီ။

တောင်ဖီလာ ကိုယ်လုံဆေးတောင့် ကို ဆရာတော်ဦးပဏ္ဍိဝ၏ တပည့် ဒါယကာရင်းတစ်ဦးဖြစ်သူ **ဦးကိုကို (တောင်ငူမြို့၊ အုတ်ကြွပ်တန်းရပ်)** က လက်ဆောင်ပေးသဖြင့် လက်ခံရ ရှိခဲ့ပါသည်။

ဆေးတောင့်နှင့် ပတ်သက်သျှ ဆရာတော်ဦးပဏ္ဍိဝမှ အပြုကာ အစောင့်အရှောက်၊ ဒေဝတာ ဝေနေယျ များအား မေတ္တာပို့သော တောင်ဖီလာ

www.burmeseclassic.com

တောရကျောင်းသို့ သွားရောက်လိုကြောင်း တိုင်တည်ခဲ့ရာ တောရနှင့်ခွင်းနီးသူ ဆရာဦးကျော်မြင့်ကိုယ်တိုင် ထိုက်ပါခဲ့သဖြင့် အဆင်ပြေစွာ လေ့လာမှုဖော်ဖြစ်ခဲ့လေသည်။

ကိုယ်လုံဆေးနှင့်ပတ်သက်၍ ကျွန်ုပ်၏ ဆရာသခင်တစ်ပါးဖြစ်သူ ဘဒ္ဒန္တ ဉာဏဒီပ(ပေါင်မြို့၊ ဘုရားကြီးကျောင်းတိုက်)က ဤသို့ မိန့်ကြားဖူးသည်။

'အရှင်ဘုရား အမိဌာန်ရက်စေ့လို့ လူဝတ်လဲတဲ့အခါ လောကီကိစ္စအရာရာ အသုံးပြုနိုင်အောင် ဖင်းကျိုက်ကပြန်လာရင် ဘုရားပန်းတွေအားလုံး စွန့်ယူလာခဲ့ပါ။ အခြောက်လှန်း အမှုန့်ပြုပြီး နံ့သာနီဖြူ မြေဖြူမြေဝါမှုန့်နဲ့ရော။ အတောင့်လုပ်ထား လောကီအရာရာမှာ တိုင်တည်လုပ်ကိုင်ရင် အကူအညီဖြစ်စေတယ်။

ပန်းဆိုတာ အပင်က ပွင့်ရတယ်။ ဖင်းကျိုက်နဲ့ ပတ်သက်တဲ့ ရက္ခစိုးနတ်အများစုနဲ့ မိတ်ဆွေဖွဲ့တဲ့သဘောပဲ။ မြေဖြူမြေဝါက ဝသုန္ဒရေ မြေစောင့်နတ် ကိုယ်စားပြုတယ်။ နံ့သာနီဖြူက အထက်နတ်၊ သမ္မာဒေဝတွေကို ရည်ညွှန်းပူဇော်တယ်။ ဒီလိုနတ်တွေနဲ့ မိတ်ဆွေဖွဲ့ထားတော့ နတ်အပေါင်းက ကူညီပေးကြလို့ ကိုယ်တော် လုပ်ကိုင်သမျှ အထောက်ဖြစ်စေပါတယ်'

ရက်ရှည် အမိဌာန် ဒုလ္လဘရဟန်းဝတ်စဉ် ဖင်းကျိုက်တောင်သို့ (၅)ရက် သမထကမ္မဌာန်း စခန်းဝင်ရန် ဆရာတော်ကြီးအား ခွင့်တောင်းစဉ် မိန့်မှာတော်မူခြင်းဖြစ်ပါသည်။

လောကီကိစ္စ အထွေထွေအတွက် အကူအညီ ဖြစ်စေသော ကိုယ်လုံဆေးကို ကိုယ်တိုင်ဖော်၍ သုံးနိုင်ကြပါစေ။ ဘတိသစ္စာနှင့် ဆန္ဒတည်ကြည်မှန်ကန်မှုကိုမူ သတိပြု စောင့်ထိန်းပါလေ။

**ဆေးသုတေသီ**


# ဆီးချို [illegible]

**မင်းကွတ်သီးဆေးတစ်လက်**



စာဖတ်သူများခင်ဗျာ...
ကျွန်တော်သည်
ဆီးချိုဝေဒနာရှင်တစ်ဦး
ဖြစ်ပါသည်။
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်
ယင်းရောဂါနှင့်ပတ်သက်သော ဆေးနည်းပေါင်းများစွာကို ဝါသနာရှင်များရော၊ တကယ့်စာရေးဆရာများရော ရေးသားနေကြပါသည်။

ယခုလည်း ကျွန်တော် ထပ်မံ၍ သိသော ဆေးနည်းတစ်ခုအား တင်ပြလိုက်ပါသည်။

ယင်းဆေးနည်းမှာ **"မင်းကွတ်သီး"** ဖြစ်ပါသည်။ **ယင်းအသီးအား မစားရပါ။ အသီး၏အခွံအား အညှာကိုပယ်၍ ပြုတ်ပြီး ရေစစ်ဖြင့် စစ်၍ အအေးခံသောက်ရခြင်း ဖြစ်ပါသည်။**

မသောက်ခင် ဆီးချိုတိုင်းပါ၊ သောက်ပြီးတော့ ပြန်၍တိုင်းပါက ဆီးချိုကျနေသည်ကို တွေ့ပါလိမ့်မည်။ ရန်ကုန်မြို့ဘက်တွင် အတော်သုံးစွဲသည်ဟု ကြားသိရပါသည်။

အသက်(၇၆)နှစ်အရွယ်ရှိ လူကြီးတစ်ဦးမှာ ပါးစပ်တွင် အနာများပေါက်ရာမှ ယင်းအသီး၏ အခွံအား ပြုတ်၍ ပလုတ်ကျင်းခြင်း၊ ငုံ၍ထွေးခြင်းဖြင့် အနာများ ပျောက်ကင်း ချမ်းသာသွားကြောင်း ကြားသိရပါသည်။

ထို့အပြင် ထိုင်းနိုင်ငံမှ ထုတ်သော ဆေးပုလင်းမှာ သေးငယ်၍ ဆေး၏ တန်ဖိုးမှာ ကျပ်(၁၀၀၀၀) ဖြစ်ပါသည်။ ထို့ကြောင့် စာရှုသူများ မိမိ၏နိုင်ငံတွင်းမှာရှိသော တန်ဖိုးမကြီးသော "မင်းကွတ်သီး" အခွံလေးများအားသုံးစွဲကြည့်ပါဟု တိုက်တွန်းလိုက်ရပါသည်။

*ကျန်းမာ ချမ်းသာကြပါစေ။*

**မင်းမင်းဇော်(ခ)ပိုးဇော်**

မှတ်ချက်

**ဝမ်းနည်း,နည်း ချုပ်ပါသည်။**




www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမျိုးရေ မမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူးဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"



(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-ဝဂ၁၁ YR ၀၀၆၀၂၇)



(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-ဝ၆၁၃ Y ၀၀၉၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**


အမှတ်-၈/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၅၂၂၅၄၁

www.burmeseclassic.com

မြတ်စွာဘုရား၏

# သွားတော်စတ်(၃၃)ဆူ

မှ ကျိုက္ကဒိုး




ဘိုကလေး (LL.B)

သထုံစေတီဝင်သမိုင်းအရ ဗုဒ္ဓ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက် ဂဝံပတီရဟန္တာမထေရ် ပင့် ဆောင်ပေးအပ်သော မြတ်စွာဘုရား ရှင်၏ သွားတော်စာတ်(၃၃)ဆူကို သုခေတ် ဘီးလင်းတောင်စွန်းဒေသရှိ ကေလာသတောင်စောင်း သုဓမ္မပူရမြို့ မှ ထီးနန်းစိုးစံသော မွန်ဘုရင်တစ်ပါး ဖြစ်သည့် ရာဇစောဝေ (စူဠသီရိမာ သောက)မင်းက ယင်း၏ လက်အောက် ခံ ရာမညဒေသမြို့စား၊ ရွာစား၊ သူဌေး သူကြွယ်တို့အား ဝေငှပေးပြီး ထိုမြို့

◆ တန်တီးတူးတောင်ထိပ်စေတီတော်

◆ တန်တီးတူးတောင်ထိပ်ဘုရားမှ တန်တီးတူးရုပ်တု






www.burmeseclassic.com

www.burmeseclassic.com

ရွာတို့မှာ သွားတော်ဓာတ်တစ်ဆူစီ ဌာပနာကာ စေတီဘုရား တည်ထားကိုးကွယ်စေခဲ့သည်။

သာသနာနှစ် (၂၃၈)ခန့်တွင် တစ်ပြိုင်တည်းလိုလို စေတီတော်များ ပြီးစီးထီးတော်တင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိ မှတ်သားရပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့အပိုင်၊ ကြံရက်ရွာ ပုပ္ဖာရုံကျောင်း ဆရာတော် ရေးသားစီရင်တော်မူသော **စစ်တောင်းမြို့ ကျိုက္ကလွန်ပွန်းစေတီတော်ကြီး သမိုင်းစာအုပ် စာမျက်နှာ(၅၁၊ ၅၂၊ ၅၃)တို့မှာ** မြတ်စွာဘုရား၏ သွားတော်ဓာတ်စေတီ(၃၃)ဆူနှင့် တည်နေရာဌာနတို့ကို ယှဉ်တွဲဖော်ပြထားရာ အောက်ပါအတိုင်း ဖတ်ရှုရသည်။

*** ⟶

အထက်ပါ သွားတော်ဓာတ်စေတီတော်(၃၃)ဆူကို ကျွန်ုပ် လိုက်လံရှာဖွေခဲ့ရာ အချို့မှာ မြို့ရွာဒေသ အခေါ်အဝေါ် ကွဲလွဲနေပြီး အချို့မှာ စေတီတော်ဘွဲ့အမည် ကွဲလွဲနေသည်။ အချို့မှာ စာလုံးသတ်ပုံ အမှားအယွင်း၊ စာလုံးကျန်၊ စာလုံးပို၊ စာလုံးလွဲများ ဖြစ်နေသည်။

အချို့မြို့တို့က ရွာအဆင့်သို့ လျော့ကျသွားပြီး အချို့ရွာတို့က မြို့အဖြစ် တိုးတက်လာသလို အချို့မှာ မြို့ဟောင်း၊ ရွာဟောင်းများအဖြစ် တောချုံဖုံးအုပ်လျက် လူနေအိမ်ခြေမရှိတော့ကြောင်း တွေ့ရသည်။

လွန်ခဲ့သော (၁၀)နှစ်ကျော်ကတည်းက စုံစမ်းရှာဖွေခဲ့ရာ ယခုအခါ သွားတော်ဓာတ်စေတီတော် (၃၃)ဆူစလုံးကို အနီးစပ်ဆုံး ရှာဖွေတွေ့ရှိခဲ့ပြီဟု ထင်ပါသည်။

ယခု ၂၀၁၄ ခုနှစ်၊ ဧပြီလထုတ်

| မြို့ရွာအမည် | စေတီတော်ဘွဲ့အမည် |
|---|---|
| ၁။ သထုံမြို့သစ်............ | ကေလာသစေတီတော်။ |
| ၂။ ကျိုက်ထိုမြို့............ | ကျိုက်ထိုစေတီတော်။ |
| ၃။ စစ်တောင်းမြို့............ | ကျိုက္ကလွန်ပွန်းစေတီတော်ကြီး။ |
| ၄။ သထုံမြို့ဟောင်း............ | ရွှေစာရံစေတီတော်။ |
| ၅။ ဇုတ်သုတ်ရွာ............ | ဇုတ်သုတ်စေတီတော်။ |
| ၆။ ယပ်မားမြို့............ | ကျိုက်ယပ်မားစေတီတော်။ |
| ၇။ စရေဲမြို့ဘီးလင်းနယ်............ | ကျိုက်စရေဲစေတီတော်။ |
| ၈။ သလွန်မြို့............ | ကျိုက်သလွန်စေတီတော်။ |
| ၉။ သုရဲမြို့............ | ကျိုက်သုရဲစေတီတော်။ |
| ၁၀။ ကျိုက်မော်မြို့............ | ကျိုက်တလင်စေတီတော်။ |
| ၁၁။ ကျော့က်ပြာမြို့............ (ကျောက် / ကျောင်) | ကျိုက်မောကွတ်စေတီတော်။ |
| ၁၂။ ကောလိယ............ | ကျိုက်မုခလစေတီတော်။ |
| ၁၃။ မောရွှယ............ | ကျိုက်မုပွန်စေတီတော်။ |
| ၁၄။ ဒဝဲ(ဒိန်မယ်)............ | ကျိုက်ခွက်စေတီတော်။ |
| ၁၅။ အခရိန်............ | ကျိုက်နတ်စေတီတော်။ |
| ၁၆။ ကမော့ဒွတ်............ | ကျိုက်မုခိုင်စေတီတော်။ |
| ၁၇။ ဇုတ်ကနုတ်ရွာ............ | ကျိုက်ဇုတ်ကနုတ်စေတီတော်။ |
| ၁၈။ မော်လမြိုင်မြို့............ | ကျိုက်သလွံစေတီတော်။ |
| ၁၉။ ခနောင်နတ်(ဘီလူးကျွန်း)............ | ကျိုက်မူးနန်းစေတီတော်။ |
| ၂၀။ ဇာသပြင်ရွာ............ | ကျိုက်ပိုင်ကြံစေတီတော်။ |
| ၂၁။ မုတ္တမမြို့............ | ကျိုက်တမော့မြသိန်းတန်။ |
| ၂၂။ ကျိုက်ဝေါမြို့............ | ကျိုက်ဝေါစေတီတော်။ |
| ၂၃။ ကျိုက်ကသာမြို့............ | ကျိုက်ကသာစေတီတော်။ |
| ၂၄။ ကျိုက်ရိုမြို့............ | ကျိုက်ရိုစေတီတော်။ |
| ၂၅။ တပ်စီမြို့............ | ကျိုက်တင်စီစေတီတော်။ |
| ၂၆။ မုပွလင်မြို့............ | ကျိုက်သလုံစေတီတော်။ |
| ၂၇။ ဘီးလင်းမြို့............ | သောဏုတ္တရစေတီတော်။ |
| ၂၈။ မိုးညက်မြို့............ | ကျိုက်မိုးညက်စေတီတော်။ |
| ၂၉။ မိုးနိုင်ကြီးရွာ............ | ကျိုက်မိုးနိုင်စေတီတော်။ |
| ၃၀။ မုက္ကအုမြို့............ | ကျိုက္ကအုစေတီတော်။ |
| ၃၁။ ကျိုက္ကော့မြို့............ | ကျိုက္ကော့စေတီတော်။ |
| ၃၂။ ရွှေဂွန်းမြို့............ | လက်ခလစ်စေတီတော်။ |
| ၃၃။ ပဲခူးမြို့............ | မဓဝါစေတီတော်။ |

F.16B. October, 2014.



www.burmeseclassic.com

www.burmeseclassic.com



◆ မုက္ကဒူးရွာ၏ ရှေးဟောင်းစေတီပြိုနေရာမှာ
မြက်တည်ရာ၏ ချောင်းလယ်၌ ဓာတ်ပုံသားစင်

သတင်းစာတစ်စောင်မှာ **"မုက္ကဒူး"** ဆိုသော ရွာအမည်ကို အမှတ်မထင် တွေ့ရှိခဲ့သဖြင့် ကျွန်ုပ်ရှာဖွေနေသော ဒေသ ဟုတ်,မဟုတ် သိလိုသဖြင့် မိမိအိမ်က ဘုရားတွင် မေလ(၄)ရက် တနင်္ဂနွေနေ့က အဓိဋ္ဌာန်ပြုပါသည်။

"မုက္ကဒူး"သည် ရှေးမြို့ဟောင်းတစ်ခုဖြစ်ပြီး သွားတော်ဓာတ် ဌာပနာတည်ထားသော "ကျိုက္ကဒူး"စေတီတော်လည်း ရှိမည်အမှန် ဖြစ်က၊ ကျွန်ုပ် ဖူးမြင်ခွင့် ကြုံမည်ဖြစ်က မေလ(၁၂၊ ၁၃) ဝါဆိုလ အဖိတ်နေ့နှင့် လပြည့်နေ့တို့မှာ ကျွန်ုပ်၏ အလုပ်ခန်းကို ပိတ်ပြီး သွားနိုင်လောက်အောင် ကြားရက်မှာ ဝင်ငွေ လုံလောက်စွာ ရရှိပါစေသတည်း။

အံ့ဖွယ်ပေတည်း။ ထင်မှတ်မထား လောက်အောင် ငွေဝင်ကောင်းလေသည်။ ထို့ကြောင့် မေလ(၁၂)ရက် နေ့က်စောစောတွင် ဖနီး ပိုးကရင် တိုင်းရင်းသူ ဘားအံဇာတိနှင့် မြေးမလေးနှစ်ဦးပါ ခေါ်၍ မော်တော်ကားဖြင့် မုက္ကဒူးဒေသသို့ ခရီးစတင် ထွက်ခဲ့သည်။

ပဲခူးမြို့တွင် နံနက်စာစားပြီး ဆက်ထွက်ရာ ဘားအံမြို့သို့ (၁၂)နာရီခန့် ရောက်သည်။ **ဘားအံမြို့နယ်၊ လက္ခဏကျေးရွာအုပ်စု မုက္ကဒူးရွာ** ဟူ၍ ကျွန်ုပ် ဖတ်ရှုရသော သတင်းစာမှ လိပ်စာကို ဘားအံမြို့တွင် စုံစမ်းသောအခါ ဘားအံမှ အိန္ဒူသို့ အသွားလမ်း ဘယ်ဘက်ခြမ်း(အရှေ့ခြမ်း)၊ ကော့ကသောင်လိုဏ်ဂူအနီးတွင် စုံစမ်းပါဟု ထပ်ဆင့်သိခဲ့သဖြင့် ဆက်ထွက်ခဲ့ကြ၏။

ကော့ကသောင်လိုဏ်ဂူတွင် ဘုရားဖူးခြင်း၊ လိုဏ်ဂူ၏ အရှေ့ဘက်(၃) အလုံခန့်တွင်ရှိသော စိတ္တသုခရေတံခွန် အပန်းဖြေစခန်းမှာ ရေကန်၌ ကလေးများနှင့်အတူ ရေချိုးခြင်း၊ စားသောက်ဆိုင်မှာ နေ့လယ်စာ ထမင်းစားသောက်ခြင်းဖြင့် အချိန်(၁)နာရီခန့် ကြာပြီး မုက္ကဒူးရွာကို စုံစမ်းရာ...

'ကော့ကသောင်ဂူအဝင်ဝ မော်တော်ကားလမ်းအတိုင်း ဘားအံဘက်ကို ပြန်မောင်း။ နောင်လုံရွာနဲ့ ငွဲကပင်တောင်ခြေသွားလမ်း မှန်ဦးကြား၊ ငွဲကပင်တောင်ခြေသွားလမ်း မရောက်ခင်ကားလမ်းရဲ့ ညာဘက်ခြမ်း (အရှေ့ဘက်ခြမ်း)မြေနီလမ်း တွေ့မယ်။

အဲဒီ မြေနီလမ်းအတိုင်း မောင်းဝင်သွားရင် မကြာခင် လက္ခဏကျေးရွာကို တွေ့မယ်။ လက္ခဏစာသင်ကျောင်းရှေ့ မျက်စောင်းထိုး မြေနီလမ်းအတိုင်း အရှေ့ဘက် ဆက်မောင်း သွားရင် မုက္ကဒူးရွာကို ရောက်မယ်'

ဒေသခံအမျိုးသားတစ်ဦး၏ အသေအချာ လမ်းညွှန်ပေးချက်အတိုင်း ခရီးဆက်ခဲ့ရာ မုက္ကဒူးရွာသို့ ချောမောစွာ ရောက်ရှိခဲ့ပါသည်။

လက္ခဏရွာမှာ အိမ်ကြီးအိမ်ကောင်း ပေါများလှ၏။ မုက္ကဒူးရွာကတော့ အိမ်ကြီးအိမ်ကောင်း နည်းပါသည်။ ထိုရွာ(၂)ရွာစလုံးမှာ လူပျို၊ အပျို၊ လူငယ်လူရွယ်တွေ . သိပ်မတွေ့ရဘဲ သက်ကြီးရွယ်အိုနှင့် ကလေးများသာ ပိုပြီး တွေ့ရ၏။

အရွယ်ကောင်းများ အားလုံးလိုလို ထိုင်းနိုင်ငံဘက်သို့ သွားရောက် လုပ်ကိုင်နေကြကြောင်း သိရသည်။ ရွာတွေ ကြီးသော်လည်း ငြိမ်သက် ခြောက်ကပ်နေသည်။

မုက္ကဒူးရွာ ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်စုံစမ်းသောအခါ ကျောင်းကြီးက ခမ်းနားထည်ဝါ ကြီးမားလှသော်လည်း ပုဂ္ဂိုလ်ဟုတ်နှင့် သံဃာလည်း မတွေ့၊ ကပ္ပိယလည်း မတွေ့သဖြင့် ပြန်ထွက်ခဲ့ရ၏။

တစ်ရွာလုံး လူရိပ်လူယောင်မတွေ့၊ စေတီဘုရား ကြီးကြီးမားမားလည်း မတွေ့သဖြင့် စိတ်ဓာတ်ကျပြီး လှည့်ပြန်ခဲ့ကြသည်။

မုက္ကဒူးရွာကိုလွန်ပြီး လက္ခဏရွာ ရောက်သောအခါ လမ်းဘေးမှာ ကနစိုးပင်တွင် ကနစိုးသီးများ ပွတ်ခဲ နေအောင် တွေ့သဖြင့် ကနစိုးသီး တောင်းစားရန် မနီးမဝေးရှိ အိမ်မှ ထွက်လာသော ကရင်တိုင်းရင်းသား အမျိုးသားတစ်ဦးကို တွေ့သဖြင့် ကနစိုးသီးစားလိုကြောင်း ကျွန်ုပ်ဇနီးက



www.burmeseclassic.com

www.burmeseclassic.com



◆ မုက္ကဒူးရွာစွန် ရှေးဟောင်းဘုရားကုန်းမှ လက်ရာမြင် ရှေးဟောင်းအုတ်ချပ်ကြီးများ

ပိုးကရင်ဘာသာဖြင့် ခွင့်တောင်းရာ ခွင့်ပြုသဖြင့် ကနစိုးသီးများ ခူးစား ကြ၏။

ထိုစဉ် ကရင်တိုင်းရင်းသား အမျိုးသား အသက်(၅၀)ခန့်ဟု ယူဆရသူက ကျွန်ုပ်အား "ဘာကိစ္စလာတာလဲ"ဟု မေးသဖြင့် ကျွန်ုပ်က မုက္ကဒူးရွာမှာ ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူရှိ၊ မရှိ လာရောက် စုံစမ်းကြောင်း ပြောပြလိုက်၏။

'ကျုပ်တို့ဘိုးဘွားတွေ ပြောပြခဲ့တဲ့သမိုင်းရှိတယ်။ ဟိုတုန်းက ဒီမုက္ကဒူးဝန်းကျင်မှာ ဘုရင်တစ်ပါး ထီးနန်းစိုးစံခဲ့ဖူးတယ်။ ဘုရားလဲ တည်ခဲ့တယ်။ အဲဒီဘုရင်ဟာ နောက်တော့ သထုံနယ်ထဲ ပြောင်းရွှေ့ပြီး ထီးနန်းစိုးစံတယ်။

အဲဒီမုက္ကဒူးအမည်က အဲဒီဘုရင်ရဲ့နာမည်လို့လဲ ပြောခဲ့တယ်။

မုက္ကဒူးရွာစွန် အရှေ့ဘက်မှာ ဘုရားစေတီဟောင်းနေရာရှိတယ်။ မုက္ကဒူးရွာ အရှေ့ဘက်တောင်ခြေက သုံးအိမ်တန်း ရွာတောင်ကုန်းပေါ်မှာလဲ စေတီရှိတယ်။ ရှေးဟောင်းစေတီ ပြိုပြင်ထားတာပဲ'

ရှင်းပြသောအမျိုးသားမှာ ဗဟုသုတ အတော်များသူဖြစ်၍ ရှေးဟောင်းဘုရားနေရာများကို လိုက်ပို့ပေးပါရန် အကူအညီတောင်းသောအခါ နောင်လုံသို့ သွားရန်ရှိသဖြင့် လိုက်ပို့ပေးရန် မဖြစ်နိုင်ကြောင်း ပြောပါသည်။

ကျွန်ုပ်လည်း မုက္ကဒူးသို့ ပြန်သွားရန် မှတစ်ပါး ရွေးချယ်ရန် နည်းလမ်းမရှိသဖြင့် လက္ခဏရွာမှ နောက်ပြန်လှည့်ပြီး မုက္ကဒူးရွာသို့ ထပ်သွားရပြန်သည်။

မုက္ကဒူးရွာသို့ ရောက်သောအခါ ကံအားလျော်စွာ မြေးငယ်လေးကို ချီပိုး ထွက်လာသော ကရင်တိုင်းရင်းသား အသက်(၇၀)ကျော်ခန့် အဘိုးတစ်ဦးနှင့် တွေ့သဖြင့် ရှေးဟောင်းစေတီနေရာကို သိ၊ မသိ စုံစမ်းပါသည်။

ထိုအခါ ကျွန်ုပ်ဖနီး၏ ပိုးကရင် ဘာသာစကား အကူအညီကြောင့် စေတီပြိုပျက်နေရာ ရှိကြောင်း၊ အသင် ပြန်တည်ရန် အုတ်ခဲများ စုပုံထား ကြောင်း၊ မြေရှင်းလင်းထားကြောင်း ရွာစွန် မြေနီလမ်းဘေး ကုန်းမြင့်ပေါ် တွင် ရှိကြောင်း လမ်းညွှန်ပြပေးသည်

ယင်းညွှန်ပြသည့်အတိုင်း ရွာအရှေ့ ဘက်အစွန်သို့ ဆက်ထွက်ခဲ့ရာ လမ်း ဘယ်ဘက်ခြမ်း၊ ကုန်းမြင့်ငယ်ပေါ်တွင် ချုံနွယ်ခုတ်ထွင် ရှင်းလင်းထားပြ အုတ်ကျိုးအုတ်ပဲ့များကို ဟိုတစ်စု ဒီတစ်စုပုံထား၍ အုတ်သစ်တစ်ပုံ လည်း တွေ့ရှိရသည်။

ကျွန်ုပ်လည်း ထိုနေရာကို သေ သွားရောက် ကြည့်ရှုသောအခါ ပုံ ဟောင်းများမှာ အရှည်တစ်တောင် ခ အနံ(၈)လက်မခန့်၊ အထူ(၄)လက် ခန့်ရှိပြီး လက်ရှေးဟောင်း ကြက်ခြေ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိကြောင်း တွေ့ရသည်။

ကရင်ပြည်နယ်ရှိ ရှေးဟောင်းသာသနာ့နယ်မြေတို့မှာ အဆိုပါ လက်ရေးစင်းအုတ်များ တွေ့ရှိသဖြင့် ထိုအုတ်မျိုးကို ပျူအုတ်ဟု သတ်မှတ်ခြင်းကို ကျွန်ုပ် သဘောမတွေ့ပါ။

ခေတ်ပြိုင်ယဉ်ကျေးမှု ထွန်းကားခဲ့သော မွန်၊ ကရင်၊ ပအိုဝ်း၊ ရှမ်းတိုင်းရင်းသားတို့လည်း ဤအုတ်မျိုး ထုတ်လုပ် အသုံးချခဲ့ခြင်းသာ ဖြစ်ပါသည်။ ပဒေသရာဇ်မင်းများလက်ထက် နယ်မြေလု စစ်ပွဲများတွင် စစ်အောင်နိုင်သူတို့က စစ်ရှုံးနယ်မြေမှ ပညာရှင်အမျိုးမျိုးကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကာ အသုံးချခြင်းများလည်း ရှိသည်။

လက်ရှိ ကျွန်ုပ်တွေ့ရှိရသော စေတီဟောင်းကုန်းတော်မှာ ရှေးက နန်းဦးစေတီတည်လေ့ရှိသာ နေရာမျိုး၊ မြေပြန့်ကို ကုန်းဖို့ထားသောနေရာမျိုး ဖြစ်သည်။

ကျွန်ုပ်၏ အတွေ့အကြုံအရ ဤနေရာမှ အရှေ့ဘက် တစ်မိုင်၊ နှစ်မိုင်ခန့် တောင်ကုန်းတစ်နေရာရာတွင် စေတီတော် တစ်ဆူဆူ ရှိလိမ့်ဦးမယ်ဟု ယူဆသည်။


ထို့ကြောင့် မလှမ်းမကမ်းတွင် လမ်းလျှောက်လာသော ဒေသခံ ကရင်တိုင်းရင်းသားတစ်ဦးကို ကျွန်ုပ်ဇနီးမှ တစ်ဆင့် ပိုးကရင်ဘာသာဖြင့် စုံစမ်းမေးမြန်းသောအခါ...

"ဒီလမ်းအတိုင်း ဆက်သွား။ ဟိုရှေ့မှာ လမ်းနှစ်ခွတွေ့မယ်။ ဘယ်ဘက်လမ်းခွဲအတိုင်း ဝင်သွားရင် သုံးအိမ်တန်းရွာကို တွေ့မယ်။ အဲဒီမှာ တောင်ကုန်းပေါ်က စေတီရှိတယ်။ ဘုန်းကြီးလဲ ရှိတယ်'

ဟူ၍ သိရှိရပါသည်။

ကျွန်ုပ်တို့လည်း ထိုသူ လမ်းညွှန်

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ထိစပ်ဒေသမှ မြတ်ဘုရား၏ သွားတော်ဓာတ်စေတီတော် အချို့တည်ရာ မြေပုံကြမ်း




ချက်အတိုင်း ဆက်သွားရာ အိမ်ခြေသုံး,လေးလုံးမျှသာရှိသော သုံးအိမ်တန်းရွာကို တွေ့ရှိ၏။

ထိုရွာငယ်၏ အရှေ့ဘက်ကပ်လျက် တောင်ကုန်းပေါ်သို့ မော်တော်ကားမြေသားလမ်းရှိသဖြင့် မောင်းတက်သွားရာ စေတီဘုရား၊ ကျောင်း၊ ဇရပ်၊ သိမ်၊ သာသနိကအဆောက်အအုံများ တွေ့ရှိရ၏။

'တစ်တီတူးတောင်ထိပ်၊ တစ်တီတူးဘုရား' ကမ္ပည်းရေးထိုးထားသော စေတီတော်တစ်ဆူကို ဖူးမြင်ရ၏။ စေတီတော်ပတ်လည်မှာ အာရုံခံ ဆောက်လုပ်ထားသဖြင့် စေတီတော် အောက်ပိုင်း ကွယ်နေသည်။ ရင်ပြင်ထောင့်(၄)ထောင့်မှာ တစ်တီတူးငှက်ရုပ်များ ထုလုပ်ထားသည်။

မနက်ဖြန် ကဆုန်လပြည့်နေ့အတွက် ယနေ့မှာ စေတီရင်ပြင်၌ ရွာသူရွာသားအချို့ အလုပ်ရှုပ်နေကြသည်။ ယောဂီဝတ်များလည်း ရှိသည်။

ရဟန်းတော်(၃)ပါးရှိသဖြင့် တစ်ပါးမှာ မုက္ကဒူးကျောင်းဆရာတော် သက်တော်(၈၄)နှစ်ဟု သိရသည်။ ဆရာတော်ကို စုံစမ်းမေးမြန်းရာ ဗမာစကား သိပ်မပေါက်သဖြင့် ဇနီးမှတစ်ဆင့် ပိုးကရင်ဘာသာစကားဖြင့် မေးမြန်းခဲ့ရသည်။

'လက္ခဏရွာမှာ ရှေးတုန်းက လူနေခဲ့တဲ့ အထောက်အထားအဖြစ် ရှေးဟောင်းရေကန်ကြီး(၃)ကန်ရှိတယ်။ စေတီဘုရားတော့ မရှိဘူး။ ဒီမုက္ကဒူးရွာစွန်မှာ စေတီ(၁)ဆူ၊ ဒီတောင်ကုန်းမှာ စေတီ(၁)ဆူ၊ ဟိုအရှေ့ဘက်တောင်ထိပ်မှာ စေတီ(၁)ဆူ



www.burmeseclassic.com

www.burmeseclassic.com

ပြုပျက်နေတာ ရှိတယ်။

အဲဒါ ဆရာတော်ဦးစီးပြီး ပြန်ပြုပြင် စောင့်ရှောက်ထားတယ်။ အခု ဒီတစ်တီတူးတောင်ထိပ်က တစ်တီတူးဘုရားကို လွန်ခဲ့တဲ့(၆) နှစ်လောက်ကမှ ပြန်ပြီးပြုပြင် တည်ထားခဲ့ရတယ်'

ကျွန်ုပ်ကား **မြတ်စွာဘုရား၏ သွားတော်ဓာတ် ဌာပနာထားသော ကျိုက္ကဒူးစေတီတော်ကို တွေ့ရှိ ဖူးမြင်ရပြီး ဖြစ်ပါသည်။**

မုက္ကဒူးကျောင်းဆရာတော်ကြီး ဦးဆောင်၍ ပြုပြင်ထားသော စေတီတော်မှာ ရှေးအခေါ် ကျိုက္ကဒူးစေတီတော် ဖြစ်ကြောင်း။ ယခု ဤနေရာမှ အနောက်တောင်ဘက်ရှိ ဇာသပြင်ရွာမှာ မြတ်စွာဘုရား၏ သွားတော်ဓာတ် ဌာပနာထားသော **ကျိုက်ပိုင်ကြို စေတီတော်**ရှိကြောင်း...

ယခုခေတ် ကရင်ပြည်နယ်အပိုင်၊ ဘားအံမြို့နယ်အပိုင်တွင် ဇာသပြင်ရွာရှိ ကျိုက်ပိုင်ကြိုစေတီနှင့် ယခု မုက္ကဒူးရွာ၊ ကျိုက္ကဒူးစေတီတော်ဟူ၍ သွားတော်ဓာတ် ဌာပနာထားသော စေတီတော်(၂)ဆူသာ ရှိကြောင်း သမိုင်းတစ်ပိုင်းတစ်စကို ရှင်းပြခဲ့ပါသည်။

မုက္ကဒူးရွာအရှေ့ဘက်တွင် လှိုင်းဘွဲချောင်းရှိပြီး ဂျိုင်းမြစ်နှင့် ဆက်သွယ်ထားကြောင်း။ ဟိုတုန်းက လှေများဖြင့် ဆက်သွယ်သွားလာခဲ့ကြောင်း ရွာခံသက်ကြီးရွယ်အိုများက ပြောပြသည်။

ယခုတော့ ချောင်းကြီးများနှင့် ဆက်သွယ်ထားသော ချောင်းငယ်များ ကောသွားသဖြင့် လှေနှင့် သွားနိုင်သော ခရီးမရှိတော့ပါ။ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့်သာ ကုန်းလမ်းမှ သွားလာနေကြပြီဖြစ်သည်။

မုက္ကဒူးရွာ အရှေ့ဘက်(၁)မိုင်ခန့်တွင်ရှိသော သုံးအိမ်တန်းရွာ၏ အရှေ့ဘက်ကပ်လျက်ရှိ တစ်တီတူးတောင် ကုန်းထိပ်မှ တစ်တီတူးဘုရားဆိုသော စေတီမှာ ဗုဒ္ဓမြတ်စွာဘုရား၏ သွားတော်ဓာတ်(၁)ဆူ ဌာပနာတည်ထားသည့် ရှေးဟောင်းစေတီတော် ကျိုက္ကဒူးဖြစ်ကြောင်း လူသိနည်းလှပါသည်။

ရွှေကျင်မြို့ ကျောက်မော်ဘုရားကြီး သမိုင်းပေစာ အလိုအရ "စဒ္ဓ"စေတီဟုလည်း ဇာနမင်း ဒကာခံ၍ တည်ထားခြင်းဖြစ်ကြောင်း သိရသည်။

မုက္ကဒူးရွာကို ရှေးခေတ်က မုက္ကဒူးမြို့အဖြစ် တည်ထားပြီး ခေတ္တ ထီးနန်းစိုးစံခဲ့သောပုဂ္ဂိုလ်မှာ **သထုံဒေသ ဒုံဝန်းရွာဓာတိ မင္ဂဒူး(ခေါ်) ဝါရီရှမင်း ဖြစ်မည်ဟု ယူဆနိုင်ပါသည်။**

ကျွန်ုပ်ယခု ဖူးမြင်ရသော တစ်တီတူးစေတီတော်ကို ရှေးဟောင်းဘုရား ကျိုက္ကဒူးစေတီတော်ဟူ၍ ကျွန်ုပ်အတတ် ပြောရခြင်းမှာ ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျောင်းပြာမြို့ဟောင်း ကျိုက်မော့တွတ်စေတီတော်ကို ရှာဖွေတွေ့ရှိစဉ်က အနေအထားမျိုးနှင့် ထပ်တူထပ်မျှ ဖြစ်နေခြင်းကြောင့်ပေတည်း။

ကရင်ပြည်နယ် ဒေသခံများအနေဖြင့် မိမိတို့နယ်မြေဒေသအပိုင်အတွင်း သွားတော်ဓာတ် စေတီတော်တစ်ဆူ တည်ရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြပြီးသွားရောက် ဖူးမြင်လှူဒါန်း ပူဇော်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ရင်း ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေအောင် ဆောင်ရွက်နိုင်ကြပါရန် ဖော်ထုတ် တင်ပြ လမ်းညွှန်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

*စေတနာမှန်လျှင် ကံကောင်းမည်။*

**အောင်စေ** *(LL.B)*

# ဆီးချိုရောဂါ

**သက်သာပျောက်ကင်း ချမ်းသာစေသော ဆေးနည်းကောင်းလေးတစ်ခု**



ယခု ရေးသား တင်ပြမည့် ဆေးနည်းလေးမှာ ဆီးချိုရောဂါနှင့် ပတ်သက်၍ ငွေကုန်ကြေးကျ မများလှဘဲ အလွယ်တကူ သက်သာပျောက်ကင်း ချမ်းသာစေနိုင်သည့် စာရေးသူတို့၏ ဘိုးဘိုးကြီး ဆီးချိုဝေဒနာရှင်များအားကုသခဲ့သောဆေးနည်းဖြစ်ပါသည်။

ဆီးချိုရောဂါမှာ ဆေးဝါးမတွေ့ပါက လူ၏ အသက်အန္တရာယ်အထိပင် ရန်ရှာတတ်သော ရောဂါတစ်ခုဖြစ်ပြီး ကြာရှည်စွာ ခံစားတတ်ကြရသော အလွယ်တကူနှင့် အမြစ်ပြတ် ပျောက်နိုင်ခဲ့သည့် ရောဂါတစ်ခုလည်း ဖြစ်ပါသည်။

**ဆေးနည်း**

၁။ မင်းကိုက္ကာ (၁)ကျပ် (၄)ပဲသား။
၂။ လေးညှင်း (၁)ကျပ် (၄)ပဲသား။
၃။ သတော်ဆားပုပ် (၁)ကျပ် (၄)ပဲသား။
၄။ နှပ်ရှိုးမြစ် (၁)ကျပ် (၄)ပဲသား။

ယင်းဆေး အားလုံးပေါင်း အမှုန့်ပြု **မန်ကျည်းမှည့် (၁၀)ကျပ်သား၊ ပျားရည် (၁၀)ကျပ်သား၊ ဆား (၂)ကျပ်သား၊ ရောသမအောင်မွှေ ညဦးပိုင်း၊ အရွယ်ချင့်ချိန်စား။**

ဆီးချိုရောဂါ ဝေဒနာကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

*သုခီ အတ္တာနံ ပရိဟရန္တု*

**အေးအေး** *([illegible]ကုန်း)*

www.burmeseclassic.com

ကျေးဇူးပြုဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# ပန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံး၀ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ အနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံး၀ပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံး၀ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကိုရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်




နဂ္ဂတ္တာရောဂါပြည်မဂ္ဂဇင်းသျှ

www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော့်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ် မှတ်မိပြီ ဦးအိုက်စံကိုး အခုလိုကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော်ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။


**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၁၀/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၅၃။

www.burmeseclassic.com



ရဟန္တာ(၅၀၀)တောင်စောင်းရှိ ဘိုးတော်အောင်မင်းခေါင်ဓာတ်ပန္နက်
ကိုးနဝင်းစေတီတော် အောင်စေယျ အောင်သုခ အောင်မြတ်သီရိ

ဗင်းကြွီ
(ဂမ္ဘီရတောင်တန်း)

# မော်လမြိုင်မြို့ တောင်ပိုင်းဒေသ

မှ နေရာထူးတစ်ခု

## အရှင်ဓမ္မပိဋ္ဌာ မဟာအရိယဝံသ

## ဆရာတော်၏ အောင်မြေ

ကောဇာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ် ဖြစ်ပါသည်။ ဦးပဥ္စင်း၏ ရဟန်းဘဝ စောပိုင်းကာလတွင် မော်လမြိုင်မြို့ အရှေ့ဘက်ရှိ တောင်ပိုင်းတောင် ဟန္တာ(၅၀၀)ဓမ္မာရုံမှာ ခေတ္တ သီတင်း သုံးခဲ့စဉ် တစ်ညမှာ အိပ်မက်ထူး မက်ခဲ့ သည်။ အိမ်မက်ထဲမှာ ဆရာတော် တစ်ပါးက...

'မောင်ပဥ္စင်းလေး... ကျွန်ုပ်မာတ်တိုင် အထက်နားက ကိုးနဝင်းစေတီတော်ရင်ပြင် လက်ယာဘက် စမ်းချောင်းလျှိုထဲမှာ ကမ္ဗဋ္ဌာန်းတဲကျောင်းငယ် ဆောက်ပြီး တရား အားထုတ်ပါ'

ဟူ၍ မိန့်ကြားလမ်းညွှန်ပါသည်။ ထိုအိပ်မက်ထဲတွင်ပင် ဆရာတော် ညွှန် ပြသောနေရာအနီး၌ အုတ်ဂူတစ်လုံးကို တွေ့မြင်လိုက်ရသည်။

'ဆရာတော်က ဘယ်က ကြွလာတာလဲ ဘုရား။ သက်တော်ဝါတော် ဘယ်လောက် ရှိပါပြီလဲ၊ ဘွဲ့တော်က ဘယ်လိုပါလဲ'

ဟု ဦးပဥ္စင်းက စုံစမ်းမေးမြန်းမိပါ သည်။

'ဘုန်းဘုန်းရဲ့ သက်တော်(၁၂၀)၊ သိက္ခာတော် (၁၀၀)ဝါ ဘွဲ့အမည်က ဓမ္မပိဋ္ဌာမဟာအရိယ ဝံသ ဖြစ်တယ်။ ဟို...မတ္တရာနယ်ဘက်က ကြွလာတာ'

ဟူ၍ ပြန်ဖြေပါသည်။ ထိုညကား နတ်တော်လဆန်း(၅)ရက်ည ဖြစ် ကြောင်း မှတ်မိနေသည်။

နတ်တော်လဆန်း(၆)ရက် နံနက် ပိုင်း အရုဏ်ဆွမ်းစားပြီးနောက် ကျွန်ုပ် မာတ်တိုင်အထက် ကိုးနဝင်းစေတီရှိရာ သို့ တောင်တက်လမ်းအတိုင်း တက် သွားပြီး ဦးချရှိခိုးလိုက်သည်။ ထို စေတီ

www.burmeseclassic.com

တော်၏ ဘွဲ့အမည်မှာ ထူးခြားလှ၏။

'အောင်ဖေယျ၊ အောင်သူ၊ အောင်မြတ်သိဒ္ဓိ'

ဦးပဥ္စင်းလည်း ကိုးနဝင်းစေတီတော်၏လက်ယာဘက် စမ်းချောင်းလျှိုထဲသို့ ဆင်းသွားရာ အိပ်မက်ထဲကအတိုင်း အုတ်ဂူတစ်လုံးကို တွေ့ရှိရသည်။ အုတ်ဂူတွင် ရေညှိများ ဖုံးလွှမ်းနေသဖြင့် ကမ္ပည်းစာတန်းများ ပီပီပြင်ပြင် မမြင်ရပါ။ အနီးရှိ တုတ်ချောင်းငယ်တစ်ချောင်းယူပြီး အုတ်ဂူမျက်နှာပြင်ရှိ ရေညှိများကို ခြစ်ထုတ်လိုက်သော အခါ...

'ဓမ္မဝိဇ္ဇာမဟာအရိယဝံသဆရာတော်
(၁၃၂၀)ပြည့်'

ဟူ၍ တွေ့ရှိရသည်။

ထိုအုတ်ဂူ၏ ခေါင်းရင်းဘက်သို့ လှည့်ပတ်ကြည့်ရာ အုတ်ဂူ၏ ခေါင်းရင်းဘက်၌ လေးထောင့် အပေါက်ငယ်တစ်ပေါက်ကို တွေ့မြင်ရသည်။

ထိုအပေါက်မှ အတွင်းဘက်သို့ ချောင်းကြည့်ရာ မှောင်နေသဖြင့် ဘာမှ မမြင်တွေ့ရပါ။ ထိုအချိန်တွင် ဦးပဥ္စင်း ပျောက်သွား၍ လိုက်ရှာကြသော ဒကာများ၏ အသံကိုကြားရ၏။ ဦးပဥ္စင်းလည်း လူလုံးထွက်ပြပြီး သူတို့နှင့်အတူ အောက်ဓမ္မာရုံသို့ ပြန်ကြွခဲ့ပါသည်။

နေ့ဆွမ်းစားပြီးနောက် မနက်က ရောက်ခဲ့သော အုတ်ဂူကို ပြန်လေ့လာလိုသဖြင့် လက်နှိပ်ဓာတ်မီးတစ်လက် ယူကာ ပြန်တက်သွားသည်။

အုတ်ဂူနှင့်အနီးဝန်းကျင်ကို သန့်ရှင်းရေး နည်းနည်းလုပ်ပေးပြီး အုတ်ဂူ ခေါင်းရင်းဘက်အပေါက်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်မည်ရှိစဉ် အသက်(၆၀)ခန့် အသားညိုညို မျက်နှာထားတင်းတင်းနှင့် အမျိုးသားကြီးတစ်ယောက် တောစပ်မှ လျှောက်လာသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရသည်။



▲ အရှင်ဓမ္မဝိဇ္ဇာမဟာအရိယာဝံသအုတ်ဂူနှင့် လိုက်သိမ့်ဆောင် ပြသည့်ပြပေးသည့် သီဟိုဠ်ချမ်းဆရာတော်(ဝဲ)နှင့် လက်ရှိ ထိန်းသိမ်းစောင့်ရှောက်နေသော ဦးပဥ္စင်းကြီး(ယာ)

▼ သီဟိုဠ်ချမ်းဆရာတော် ဆွမ်းသီတင်းသုံးခဲ့သော ဂူဟာနွာ(၅၀၀) တောင်ခြေရှိ ကျောင်းသင်္ချိုင်းနှင့် လက်ရှိ သီတင်းသုံးနေသောဦးပဥ္စင်းကြီး



"ဒကာကြီး ဘယ်သွားမလို့လဲ" ဟု ဦးပဥ္စင်းက လှမ်းမေးလိုက်သည်ကို ထိုသူက ပြန်မဖြေဘဲ...

'ကိုယ်တော် ဒီအုတ်ဂူနားမှာ ဘာလုပ်နေတာတုံး'

ဟု ပြန်မေးသဖြင့်...

'ဒီဂူမှာ အပေါက်တစ်ပေါက်ရှိလို့ ဓာတ်မီးနဲ့ ချောင်းကြည့်မလို့'

ဟု ဦးပဥ္စင်းက ပြန်ဖြေပေးလိုက်သည်။

'သူတစ်ပါးဂူကို မစပ်စုပါနဲ့ ကိုယ်တော်၊ အရှိကို အရှိအတိုင်း ထားလိုက်ပါ။ အဲဒီဆရာတော်အကြောင်း သိချင်ရင် တပည့်တော် ပြောပြမယ်။ ဒီဂူဟာနွာ(၅၀၀)မှာ အဓိဋ္ဌာန်လာဝင်တဲ့သူတွေ ပြောပြထားတာ ဟို ကိုးနဝင်းစေတီတော်မှာ သွားရအောင်'

ဟု ပြောပြောဆိုဆို တက်သွားသဖြင့် ဦးပဥ္စင်းလဲ ထိုအမျိုးသားကြီး နောက်သို့ လိုက်သွားပါသည်။ ကိုးနဝင်းစေတီတွင် ဦးချရှိခိုးလိုက်ပြီး...

'တပည့်တော်နာမည်က အောင်ဖြစ်မှုထမ်းဟောင်း။ ဟောဟို ချောင်းသောက်ရွာမှာနေတယ် ဘုရား။ အဲဒီအုတ်ဂူထဲက ဆရာတော်က ဒီကိုမကြ





www.burmeseclassic.com

www.burmeseclassic.com

လာခင် မဗ္ဗာရာနယ်ဘက်မှာ အင်္ဂရိတ် အတတ်ပညာနဲ့ ဓာတ်ကစားပြီး ဝိတ်ဖြူဝတ်၊ သက်ပယ်စား၊ လူ့သူတော်ဘဝနဲ့ ဓာတ်အောင်ပြီးမှ ရဟန်းဘဝ ကူးပြောင်းခဲ့တယ်။

အဲဒီနောက် ပဋ္ဌာန်းဆက်ရှိတဲ့ သစ်တောဝန်ထောက် ဦးမောင်ညွှန့်နဲ့ ဇနီးဒေါ်တင်တို့ကို မီးရထားပေါ်မှာ တွေ့ဆုံပြီး မော်လမြိုင်မြို့ကို ကြွရောက်လာခဲ့တယ်။

ဒီမှာ ပဋ္ဌာန်းဆက်ရှိတဲ့ တပည့်ဒကာတွေကို ကပ်သုံးပါးက ကယ်တင်ပေးဖို့ ရဟန္တာ(၅၀၀) သာသနာ့နယ်မြေမှာ သီတင်းသုံးခဲ့တယ်။

အခု ဒီကိုးနဝင်းစေတီတော်ကို ဘိုးတော်အောင်မင်းခေါင်ရဲ့ ဓာတ်ပဋ္ဌာန်းဆက်အရ တည်ခဲ့ပြီး အောင်ဇေယျ၊ အောင်သုခ၊ အောင်မြတ်သီရိ ဆိုတဲ့တွဲအမည်ကိုပေးထားတာဖြစ်တယ်။


ထီးတော်တင်ချိန်က ဆရာတော်ကိုယ်တိုင် ငြမ်းစင်ပေါ်ကနေ ရွှေမိုး၊ ငွေမိုးကြဲချတယ်။ တန်ဖိုးကြီးတဲ့စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ဂေါ်မုတ်၊ ပယင်း၊ ပုလဲ စတဲ့ ကျောက်မျက်ရတနာမျိုးစုံကို ပဋ္ဌာန်းဆက်ရှိတဲ့ ဒကာ,ဒကာမတွေ ရရှိခဲ့တယ်။

စေတီဒကာ သစ်တောဝန်ထောက် ဦးမောင်ညွှန့်နဲ့ဇနီး ဒေါ်တင်က စိန်အရွယ်ညီ(၂)လုံး ရရှိပြီး နားကပ်လုပ်ဝတ်ချိန်ကစပြီး စီးပွားဥစ္စာ ဒီရေအလား တိုးပွားခဲ့တယ်။ သာသနာပြုလုပ်ငန်းတွေ အများကြီးလုပ်နိုင်ခဲ့တယ်'

ဦးအောင်မင်းဆိုသူက ထိုသို့ ရှင်းပြပြီး ဦးပဥ္စင်းကို နှုတ်ဆက်ထွက်ခွာသွားပါသည်။

အထက်ပါ ဓာတ်လမ်းတစ်ပိုင်းတစ်စမှာ ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းရွာ၊ သီဟိုဠ်စမ်းတောရ ဆရာတော် ဘဒ္ဒန္တကဥ္စန၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်မှကြမ်းမှာဖတ်ရှုခြင်းဖြစ်ပါသည်။

ထိုဓာတ်လမ်း၏ နောက်ပိုင်းမှာ



◆ သီဟိုဠ်စမ်းဆရာတော်နှင့် ယခင် သီတင်းသုံးခဲ့ရာ ရဟန္တာ(၅၀၀) ကျောင်းသင်္ခန်းအနီးမှ ဆွမ်းစားကျောင်း

◆ လျှို့ဝှက်ရှိ စမ်းချောင်းကလေးနှင့် အရှင်ဓမ္မဝီရှာမဟာအရိယာဝံသ ဆရာတော် တဲကျောင်း နေရာဟောင်း



လည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှ၏။ ကျွန်ုပ် အောင်ဖေ(LL,B)မှာ သီဟိုဠ်စမ်းဆရာတော်နှင့် အထိုက်အလျောက် ရင်းနှီးကျွမ်းဝင်သဖြင့် အထက်ပါ ဓာတ်လမ်းတွင်ပါဝင်သော ရဟန္တာ(၅၀၀)သို့ ကိုယ်တိုင် သွားရောက်လေ့လာရန် ၂၀၁၄ ခုနှစ်၊ မတ်လအတွင်း မော်လမြိုင်မြို့သို့ သွားရောက်ခဲ့သည်။


ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းရွာ၊ သီဟိုဠ်စမ်းဆရာတော်ကို သွားရောက်ပင့်ဆောင်ပြီး တောင်ပိုင်းတောင်သို့ တက်ပါသည်။

ပထမတွင် ဆရာတော် သီတင်းသုံးခဲ့ဖူးသော ရဟန္တာ(၅၀၀)တောင်စောင်းရှိ ကျောင်းသင်္ခန်းငယ်သို့ စတင်တက်ပါသည်။ ထိုကျောင်းသင်္ခန်းတွင် ယခုလက်ရှိ သီတင်းသုံးနေဆဲ ဦးပဥ္စင်းကြီးတစ်ပါးကို ဖူးတွေ့ရ၏။


ထိုကျောင်းသင်္ခန်းနှင့် မနီးမဝေးမှာ ဆွမ်းစားကျောင်းကို တွေ့ရသည်။ ထိုနေရာမှ အပေါ်သို့ ထပ်တက်သွားသောအခါ အောင်ဇေယျ၊ အောင်သုခ၊ အောင်မြတ်သီရိ ဘွဲ့အမည်ရှိ ကိုးနဝင်းစေတီတော်ကို ဖူးမြင်ရသည်။ စေတီတော်အနီးတွင် အခိုင်အမာ အာရုံခံတန်ဆောင်းအဆောက်အအုံကို တွေ့ရသည်။

'ဒီစေတီတော်ကို ပြုပြင်ကာတွေ ဒီအာရုံခံတန်ဆောင်းကြီးကို ဆောက်

www.burmeseclassic.com



▲ ကိုးနဝင်းစေတီတော်အနီးရှိ အာရုံခံတန်ဆောင်း



▲ အရှင်ဓမ္မဝိဇ္ဇာမဟာအရိယာဝံသ ဆရာတော်(၁၃၂၈)အုတ်ဂူ

လုပ်လှူဒါန်းတာတွေဟာ အရင်ဘုရားဒကာကြီး ဦးမောင်ညွန့်+ ဒေါ်တင်တို့ရဲ့ သားသမီးမိသားစုတွေပါပဲ။ ဦးသန်းပို+ ဒေါ်ခင်စောမူမိသားစုလို့ ကမ္ပည်းထိုးထားတယ်'

လက်ရှိ သီတင်းသုံးနေဆဲ ဦးပဥ္စင်းက ပြောပြခြင်းဖြစ်သည်။

သီဟိုဠ်စမ်းဆရာတော်နှင့် ထိုကိုးနဝင်းစေတီတော်ကို ဆက်လက်စောင့်ရှောက်နေသော ဦးပဥ္စင်းကြီးတို့၏ ဦးဆောင်မှုဖြင့် ကျွန်ုပ်သည် စေတီတော် ညာဘက် စမ်းချောင်းလျှိုထဲသို့ သွားရောက်ခဲ့သည်။

နွေရာသီဖြစ်၍ ရေအနည်းငယ်မျှသာ စမ်းချောင်းထဲမှာတွေ့ရှိရသည်။ ဟိုယခင်က ဤစမ်းချောင်းမှာ နွေရာသီလည်း ရေအမြဲစီးဆင်းနေကြောင်း သိရသည်။

စမ်းချောင်း၏ အပေါ်နားလေးတွင် နတ်ရေကန်၊ နတ်ရေတွင်းဟု ခေါ်သော သဘာဝရေထွက်တစ်ခုရှိပြီး ထိုနတ်ရေတွင်းအနီးမှာ အရှင်ဓမ္မဝိဇ္ဇာမဟာအရိယာဝံသ ဆရာတော်က တဲကျောင်းကလေးဆောက်လုပ်၍ တရားဓမ္မ ကျင့်ကြံအားထုတ်ခဲ့ကြောင်း သိရပါသည်။

'ဆရာတော် အရှင်ဓမ္မဝိဇ္ဇာမဟာ အရိယာဝံသ ဆရာတော်ရဲ့ လက်ရင်းတပည့်ဒကာ ကပ္ပိယကြီးဟာ အသက်(၉၀)လောက်မှာ ကွယ်လွန်ခဲ့တယ်။ အဲဒီ ကပ္ပိယအိုးကြီး မကွယ်လွန်မီ ဒီနေရာကို ခဏခဏ လာတယ်။

ဒီဆရာတော် ခန္ဓာဝန်ချပုံက အလွန်ထူးခြားကြောင်း ပြောပြတယ်။ အဲဒီ ကမ္မဋ္ဌာန်းတဲကျောင်းကလေးမှာ ကမ္မဋ္ဌာန်းထိုင်နေတဲ့ပုံအတိုင်း နောက်တက်ကို နည်းနည်းလေး ယိုင်ပြီးနေတယ်။

ကျောကုန်းတော်ဟာ ကြမ်းပြင်နဲ့ လုံးဝမထိဘူး။ နံရံကို မှီထားခြင်းလဲ မရှိဘူးလို့ ကပ္ပိယအကာကြီး ပြောပြခဲ့တယ်။

ဆရာတော်ရဲ့ ခန္ဓာဟာ တင်းတောင့်ခြင်း၊ အေးစက်ခြင်း၊ ပုပ်နံ့ခြင်းလဲ မရှိဘူးတဲ့။ ဆရာတော်ခန္ဓာဝန်မချခင်က မှာထားတဲ့အတိုင်း မီးသင်္ဂြိုဟ်ခြင်းမပြုတဲ့ ဂူသွင်းပြီး ခေါင်းရင်းဘက်မှာ အပေါက်ဖောက်ပေးခဲ့တယ်။

တစ်ပတ်လောက်ကြာတော့ အဲဒီအပေါက်နေရာဟာ မူလထက် (၃/၄)ဆလောက် ကျယ်နေတာတွေ့ရလို့ ကြည့်လိုက်တော့ ခန္ဓာကို မတွေ့ရတော့ဘူး။ အဲဒီအပေါက်ကို မူလအတိုင်း ခပ်သေးသေး ပြန်ပိတ် ပြုပြင်ထားတယ်လို့ ကပ္ပိယအိုးကြီး ပြောပြခဲ့တယ်'

လက်ရှိ ထိမ်းသိမ်းစောင့်ရှောက်နေသော ဦးပဥ္စင်းကြီးက အရှင်ဓမ္မဝိဇ္ဇာမဟာအရိယာဝံသ ဆရာတော်၏ ဇာတ်လမ်းကို စိတ်ဝင်စားဖွယ် အဆုံးသတ် ပြောပြခဲ့ခြင်းဖြစ်သည်။

ဤလောကတွင် သာမန်အားဖြင့် ဉာဏ်မမီနိုင်သေးသော ဖြစ်ရပ်ဆန်းကြယ်များစွာ ရှိသည့်အနက် ဤဖြစ်ရပ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပေမည်။

အောင်ဇေယျ၊ အောင်သုခ၊ အောင်မြတ်သီရိ ကိုးနဝင်းစေတီတော်နှင့် စေတီတော်အနီး စမ်းချောင်းလေးနံဘေး အုတ်ဂူအနီး လျှိုစောင်းက ကျောက်ဆောင်ပေါ်မှာ တရား လာရောက် အားထုတ်ကြသော ပုဂ္ဂိုလ်ထူးများ မကြာခဏ တွေ့မြင်ရသည်။

အာရုံနိမိတ်အားဖြင့် လည်းကောင်း အိပ်မက်နိမိတ်အားဖြင့် လည်းကောင်း ကူညီလမ်းပြပေးသော အရှင်ဓမ္မဝိဇ္ဇာမဟာအရိယာဝံသ ဆရာတော်နှင့် ဘိုးတော် အောင်မင်းခေါင်တို့ကိုလည်း ရံဖန်ရံခါ အချို့ပုဂ္ဂိုလ်များ ဤနေရာတွင် ကြုံရ ဆုံရဖူးသော ထူးခြား ဇာတ်လမ်းများလည်း ကြားခဲ့ရပါသည်။

စာဖတ်သူများ စိတ်ဝင်စားလျှင် တစ်ခါတစ်ခေါက် သွားရောက်နိုင်ကြရန် လမ်းညွှန် ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။ **အရှင်ဓမ္မဝိဇ္ဇာမဟာအရိယာဝံသ ဆရာတော်အကြောင်း ယခုထက် ပိုမို သိထားသူများကလည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆောင်းပါး ရေးသား ဖော်ပြပေးပါရန် မေတ္တာရပ်ခံ ခေါ်အပ်ပါသည်။**

*စေတနာမှန်လျှင် ကံကောင်းမည်။*

မင်းကုသို (ဂမ္ဘီရဗေဒင်တန်း)



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်စိမ်းဂမုန်းပင်

## ကတော့ထိုးသော်နှင့် စီရင်လိုသော်

မြတ်လွင်အောင်
(ကသာမြို့)

လူ့လောကသဘာဝတွင် ထူးခြားဆန်းကြယ်မှုကို လူတိုင်း လူတိုင်းကြုံတွေ့ဖူးကြပေလိမ့်မည်။ စာရေးသူလည်း ထူးခြားဆန်းကြယ်မှု မြောက်မြားစွာကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ အမြဲတစေ ဖတ်ရှုလေ့လာ မှတ်သားခဲ့ဖူးပါသည်။

ထို့အတူ ဆန်းကြယ်မှုမျိုးကို စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသောကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများ ဗဟုသုတရစေရန်အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

လွန်ခဲ့သော (၁)လခန့်က ဖြစ်ပါသည်။

စာရေးသူ၏ အိမ်ရှေ့တွင် ကျောက်စိမ်းဂမုန်းပင် ကတော့ထိုး၍ ထူးခြားဆန်းကြယ်မှုများ ဆက်တိုက် ဆိုသလိုဖြစ်လာခဲ့သည်။

စာရေးသူသည် ကသာမြို့တွင် နေထိုင်ပါသည်။ စာရေးသူသည် သစ်ပင်စိုက်ပျိုးခြင်း၊ စာပေသင်ကြားခြင်းများကို ဝါသနာပါ,ပါသည်။

စာရေးသူသည် ဘုရားပန်းအိုးတွင် လှူဒါန်းထားသော ကျောက်စိမ်းဂမုန်းပင်များကို စွန့်မပစ်ဘဲ အိမ်ရှေ့တွင် စိုက်ပျိုးထားပါသည်။

ကျောက်စိမ်း ပန်းပင်များသည် မြေ,ရေ,လေ ကောင်းမွန်မှုကြောင့် **စိမ်းစိုစွာဖြင့် ပေါက်ရောက်ရှင်သန်နေသည်မှာ (၅)နှစ်ကျော် (၆)နှစ်ခန့် ရှိနေပေပြီ။** ယခုနှစ်မှ ထူးခြားစွာဖြင့် ယင်းကျောက်စိမ်းပင်မှာ ကတော့ထိုးခြင်း ဖြစ်ခဲ့လေသည်။

တစ်နေ့…

စာရေးသူတက္ကသိုလ်ဝင်တန်း တပည့်များအား စာပေသင်ကြားနေခိုက် အိမ်ရှေ့တွင် ကသာမြို့ ပတ္တမြားမြို့ ဦးကျောင်းမှ အသက် (၅၆)နှစ်အရွယ်ခန့် သီလရှင်ကြီးတစ်ပါး ဆွမ်းဆန်အလှူ ရပ်နေသည်။

စာရေးသူလည်း တပည့်များကို စာသင်ကြားမှု ခေတ္တခဏရပ်ပြီး ဗုဒ္ဓဘာသာဝင် တစ်ယောက်ပီပီ သီလရှင်ကြီးအား ရိုရိုသေသေ ဆွမ်းဆန်လောင်းနေသည်။



စာရေးသူ၏ နေအိမ်ဘုရားစင်၌ မှတ်ထားသောပုံ

ထိုအခိုက် သီလရှင်ကြီးမှ…

'အကာကြီး…အကာကြီးတို့ ကျောက်စိမ်းဂမုန်းပင် ကတော့ထိုးနေပါလား'

ဟု မိန့်တော်မူပြီး…

'ကျောက်စိမ်းဂမုန်းပင်က ကတော့ထိုးခဲ့တယ် အကာကြီး လာဘ်လာဘ အင်မတန်ကောင်းတယ်'

ဆိုပြီး ကျောက်စိမ်းဂမုန်းပင် ကတော့ထိုးခြင်းနှင့် ပတ်သက်၍ စာရေးသူအား မိန့်တော်မူလေသည်။

စာရေးသူကလည်း…

'ဟုတ်သလား သီလရှင်ကြီး'

'တပည့်တော်တို့ကတော့ အမှုမဲ့အမှတ်မဲ့ဆိုတော့ ဂရုမထားမိဘူးဘုရား၊ အခု ဒီကျောက်စိမ်းဂမုန်းကို ဘယ်လို ဆက်လက်ပြီး လုပ်သင့်တယ်ဆိုတာ တပည့်တော်တို့ကို မိန့်ခဲ့ပါဦးဘုရား'

ဟု လျှောက်တင်မိခဲ့လေသည်။

သီလရှင်ကြီးက…



www.burmeseclassic.com

www.burmeseclassic.com

'ဒီကျောက်စိမ်းဂမုန်းပင်ဟာ အိမ်တိုင်းမှာ ပေါက်ရောက်ပေမယ့် ဒီလိုဖြစ်ဖို့ ခဲယဉ်းတယ်။ သူ့အလိုအလျောက် ကတော့ထိုးတာကို။ အပင်ကို အောက်ခြေနားကစပြီး ဓား (သို့မဟုတ်) ကတ်ကြေးနဲ့ သေချာဖြတ်၊ ဖန်ခွက်သန့်သန့် တစ်ခွက်ထဲကို သန့်စင်ပြီးသား သဲတစ်ဝက်ထည့်၊ ရေတစ်ဝက်ထည့်၊ ကတော့ထိုးတဲ့အပင်ကို ရေစင်အောင်ဆေးပြီး ဘုရားမှာ အာရုံပြု ကပ်လှူပူဇော်ပရိတ်ရွတ်ဖတ်ပေး'

ဟု ပြောပါသည်။

စာရေးသူလည်း...

'ဒီလိုဖြင့်ရင် ဘုရားတပည့်တော်တို့ကို ကြည့်ပြီး စီစဉ်ပေးပါဦးဘုရား၊ တပည့်တော်တို့မှာ ဒီလို ဂမ္ဘီရအဆောင်ကောင်း လာဘ်ကောင်းတွေနဲ့လဲ သိပ်ပြီး အကျွမ်းတဝင် မကြုံဖူးသေးလို့ ဘယ်လို လုပ်ရမယ်မှန်း မသိသေးလို့'

ဟု ပြန်လျှောက်တင်ပြီး သီလရှင်ကြီးကို အိမ်ပေါ်ပင့်ပြီး နေရာထိုင်ခင်းခင်းပေးပြီး သီလရှင်ကြီး နိုင်းသလို ကျောက်စိမ်းဂမုန်းပင်ကို စီစဉ်ပေးရပါတော့သည်။

ထိုသို့ စီစဉ်ပေးပြီး ခဏကြာတော့ ဆရာကြီးက ဘုရားရှေ့မှာ ပရိတ်ရွတ်ပေး၊ ကျောက်စိမ်းဂမုန်းအား ဘုရားရှေ့မှာ ကပ်ပြီး အာရုံပြု ဆုတောင်းပေး ပရိတ်ရွတ်ပေးပါသည်။

သီလရှင်ကြီးက...

'သီလရှင်ကြီး သီတင်းသုံးနေတဲ့ ကျောင်းဝင်းထဲမှာ ဒီလိုမျိုး ကျောက်စိမ်းဂမုန်းပင် ကတော့ထိုးတာ တစ်ခါကြုံဖူးတယ်။ သီလရှင်ကြီးလဲ ဒီလိုကြုံတော့ အခုလို စီရင်ပြီး တစ်ပတ်လောက်ကြာတဲ့အခါမှာ မြို့ထဲက ဒကာမကြီး တစ်ယောက်က သီလရှင်ကြီးကို ငွေတစ်သောင်းကျပ် လာကပ်တယ်။

သီလရှင်ကြီးကလဲ လှူဒါန်းထားတဲ့ ငွေနဲ့ ကောင်းမှုကုသိုလ်တွေလဲ လုပ်ဖြစ်တယ်။ ထို(၃)စောင်ထိုးတာ (၁)သိန်းဆုပေါက်တယ်။ အင်မတန် လာဘ်ရွှင်တယ်'

ဟု မိန့်ကြား ပြောပြသွားခဲ့ပါသည်။

'နောက်တစ်ကြိမ် ရွာဘက်မှာလဲ သီလရှင်ကြီး ဆွမ်းခံကြွသွားတုန်း ဒီလို ကတော့ထိုးတဲ့အိမ်နဲ့ ကြုံလို့ ဒီလိုပဲ သူတို့လဲ မသိလို့ သီလရှင်ကြီးပဲ လုပ်ပေးခဲ့ရသေးတယ်။ သူတို့လဲ ထီပေါက်လို့ အလှူကြီးပေးနိုင်တဲ့ အကြောင်းကို ပြောပြခဲ့ပါတယ်'

ထို့နောက် စာရေးသူတို့အိမ်ပေါ်မှာ ဘုရားအာရုံပြုပြီး နာရီဝက်ခန့် နေပါသည်။ ပြီးတော့ သီလရှင်ကြီးက သူ့အာရုံထဲမှာ ပေါ်လာတာကို စာရေးသူတို့မိသားစုကို ပြန်လည်ပြီး ပြောပြခဲ့ပါသည်။

'ဒကာကြီး ဒကာကြီးတို့အိမ်မှာ နောက်တစ်ပတ်အတွင်း သံဃာ(၅)ပါးဖြစ်ဖြစ် (၁၀)ပါးဖြစ်ဖြစ် ဆွမ်းကပ်ဖို့ရာနဲ့ အိမ်ကျက်သရေ တိုးတက်ဖို့ မင်္ဂလာလုပ်ဖို့ မြင်တယ်'

ဟု ပြောပါသည်။

တိုက်ဆိုင်မှုကတော့ တကယ့်ကို တိုက်ဆိုင်မှုပဲ ဖြစ်ပါသည်။ စာရေးသူ၏ အိမ်အခြေအနေကို သီလရှင်ကြီးက မသိပါ။ အဘယ်ကြောင့်ဆိုသော် ထိုသီလရှင်ကြီးက အသက်အရွယ်ကြီးနေ၍တစ်ကြောင်း၊ တစ်ခါတစ်ရံမှသာ ဆွမ်းခံကြွလာတာသာ မြင်ဖူးသောကြောင့်တစ်ကြောင်း ဖြစ်ပါသည်။

ထို့နောက် ဒီအိမ်မှာ စီးပွားဥစ္စာ ဒီရေအလားကဲ့သို့ တိုးတက်လာနိုင်ကြောင်းနှင့် အခြား ရှေးဖြစ်နောက်ဖြစ်များကို ပြောပြခဲ့လေသည်။

သီလရှင်ကြီး ပြန်သွားပြီး (၅)ရက် အကြာတွင် ကြိုတင်စီစဉ်မှု မထားဘဲနှင့် စာရေးသူ၏အိမ်၌ ညီမဖြစ်သူအား အာဝါဟ ဝိဝါဟ မင်္ဂလာနှင့်အတူ သံဃာတော်ငါးပါးကို ဆွမ်းကပ်လှူခြင်း မင်္ဂလာ ပြုခဲ့ရသည်။

ဖြုန်းစားကြီး စီစဉ်ရခြင်း ဖြစ်လေသည်။ သို့ပေမယ့် ချောမော အောင်မြင်စွာဖြင့် ပြီးဆုံးခဲ့လေသည်။ နောက်ထပ်လည်း အလျဉ်းသင့်သလို အလှူဒါနပြုလုပ်နိုင်ခဲ့သလို ငွေကြေးများကလည်း တစ်မျိုးတစ်ဖုံ ဝင်လာခဲ့လေသည်။

သီလရှင်ကြီးမှ ဒီကျောက်စိမ်းဂမုန်းကတော့ထိုးတာ ဘုရားမှာ (၁)လကျော် (၂)လကျော်ကြာအောင် ရေလဲ၍ ကပ်လှူပြီးနောက်မှာ အိမ်ရှေ့မှာ ရွှေ့ရည်လောင်းပြီး ခြံဝင်း အသေးလေးခတ်ကာ သေသေချာချာ စိုက်ပျိုးသင့်ကြောင်း မိန့်မှာကြားသွားကာ သီလရှင်ကြီးလည်း ပြန်လည်ကြွသွားခဲ့လေသည်။

စာရေးသူလည်း တပည့်များအား စာပေ ဆက်လက်သင်ကြားရန် အိမ်အောက်သို့ ဆင်းခဲ့လေသည်။

အကယ်၍ စာဖတ်သူတို့ ဒေသ၌လည်း ယခုလို အဖြစ်မျိုးနှင့် တွေ့ကြုံလာလျှင် စာရေးသူကဲ့သို့ သီလရှင်ကြီးနှင့် မကြုံခဲ့ပါက ကိုယ်တိုင် ပြုလုပ်၍ စီရင်ထားသင့်ပါကြောင်းနှင့် ကျောက်စိမ်းဂမုန်းပင် ကတော့ထိုးခြင်းနှင့် ပတ်သက်၍ စေတနာကောင်းဖြင့် အဆောင်ကောင်း လာဘ်ကောင်း တစ်ခုကို စာဖတ်သူ ပရိသတ်များအား ရေးသား တင်ပြလိုက်ရပါတော့သည်။

မြတ်လွှမ်းနောင်(ကသာမြို့)

www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား။ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ခတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောထိုးတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းရာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေ့ါပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေ့ါဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ပ၉၇၃၁၉၇၅၂၄။

---

www.burmeseclassic.com

သိဒ္ဓိဝင် ပိတုန်းအဆောင်လေး ဖြစ်စေဖို့


# ပိတုန်းပခိုင်းမျိုး

ဖူးကြစို့ (၂)

[illegible]
(မောရဝတီ)

တန်ပြန် တိုက်ခိုက်တတ်သော ပိတုန်းအဆောင် လုပ်နည်းများကို လည်း ရေးသားဖော်ပြချင်ပါသည်။ လောကီပညာများ၏ လက်ဆင့်ကမ်း အမွေများအား နောက်မျိုးဆက်သစ်များအတွက် မှတ်တမ်းများအဖြစ် ကျန်ရစ်စေချင်သော ဆန္ဒကြောင့် ဖြစ်ပါသည်။

ကျွန်မအမေ၏ အစ်ကိုလတ် ဘကြီး ဦးဘိုးကျိုက်သည် လောကီပညာရပ်များ၊ ဆေးဝါးကုသဖော်စပ်ခြင်းများ၊ အဆောင်လက်ဖွဲ့နည်းများ စသည်တို့ကို သူ၏ သူငယ်ချင်း ရှမ်းဆေးဆရာကြီးနှင့် အတူလက်တွဲ၍ လုပ်ကိုင်ပါသည်။




ပိတုန်းအုံ+အမအဆောင်

လူပျိုကြီးဖြစ်သည့် အားလျော်စွာ အမေတို့၏ အမွေဆိုင်ခြံကြီးထဲတွင် အိမ်ဆောက်ပြီး သူငယ်ချင်း ရှမ်းဆရာကြီး မိသားစုကို အိမ်ပေါ် ခေါ်တင်ထား၍ အတူနေကြလေသည်။

ညဘက် အားလပ်ချိန်များတွင် တူတူမလေးများအား ပုံပြင်များ၊ သိုက်ဆရာများ၊ လျှို့ဝှက်သည်းဖို လောကီအကြောင်းများ ပြောပြတတ်သည်။

ဘကြီး၏ မူပိုင်အလုပ်မှာ တောထဲ

ပိတုန်းအုံ




ပိတုန်းအုံ





www.burmeseclassic.com

www.burmeseclassic.com




◆ ပိတုန်းအမ



◆ ပိတုန်းအမ

◆ ပိတုန်းအမ



◆ ပိတုန်းအထို လက် + ထောင်းအနေအထား



မှ သစ်များကို ခုတ်၍ လောင်းခြမ်းခေါ် ခုံဖိနပ် ခုတ်ရောင်းခြင်းဖြစ်သည်။ နေ့စား ကုရန်ကိစ္စများ ရှိပါက ရှမ်းဆရာကြီး နှင့်တွဲ၍ ကုသပါသည်။

ကျွန်မ သတ္တမတန်းသို့ ရောက်သောအခါ အဖေဘက်မှ အဘွားတို့ ရန်ကုန် ပြောင်းသွားသောကြောင့် အမေဘက်မှ အကြီးနှင့် လာနေသော အချိန်ဖြစ်သည်။

ငယ်စဉ်သောအခါကပင် ဂမ္ဘီရပညာများ ဝါသနာပါခဲ့၍ ရှမ်းဆရာကြီးထံ သိုင်းပညာကို စ,သင်ရသည်။ ကျောင်းကပွဲမှာ ရှမ်းသိုင်းကရန်ဖြစ်သည်။ ယောက်ျားလေးလိုဝတ်၍ ကရသည်။

ဆရာကြီးသည် သုံးဖီးဆိုင် ကန်တော့ပွဲတွင် အုန်းသီးပေါ်၌ အပ် တစ်ချောင်းထိုး၍ အပ်ကဲ့သို့ ထူးချွန် ထက်မြက်ပါစေ ဆုတောင်းပြီး သင်ပေးပါသည်။

မှတ်မှတ်ရရ ပိတုန်းရုပ်ကလေးများ စီမံသောနေ့က ဖြစ်သည်။

ဘကြီးသည် လက်သမားအတတ်တတ်သူဖြစ်၍ ကိုယ်တိုင်လုပ်ပါသည်။ လှည်းပုံတောင်း အဟောင်းများ ယူလာ၍ ဖြတ်တောက်နေသည်။ တရော်ကင်ပွန်းနှင့် ဆေးကြော၍ သနချေပါသည်။

'သန သန မဟာသန၊ သဗ္ဗသန၊ ကမ္မသန၊ ဣဋ္ဌိသန၊ ပုရိသ,သန၊ သနကြီးသနငယ် စင်ကြယ်သွားဟ'

ဟု (၇)ကြိမ် ရွတ်ဆိုရပါသည်။

**ပိတုန်းရုပ်လေးမှာ** တောင်ပံဖြန့်ကားပျံနေဟန်ရှိသည်။ နောက်ခြေများက နောက်သို့ ပစ်ထားသည့်မှာ နောက်မြီး အစွန်းထိရောက်နေသည်။ ရှေ့





www.burmeseclassic.com

www.burmeseclassic.com



◆ ပိတုန်းယိုင်းမှ ရွှေဂိုင်တုဘုရား အရှေ့မုခ်အနီး



◆ ရှေးခေတ်ထား ပိတုန်း အထပ်ကပ်ပါသည်



◆ ခေတ်သစ် နိုင်ငံခြားပိတုန်း




◆ မြေမှ တူးဖော်ရရှိသော ရှေးခေတ် ဆေးပိတုန်း

လက်များက နှုတ်သီးနားရောက်နေသည်။ အတောင်သည် အပေါ်ဖြန့်ကားထောင်နေသည်။ အတောင်နှစ်ထပ် သဏ္ဍာန် ဖြစ်နေသည်။

အရွယ်အစားမှာ သက်ရှိပိတုန်းတစ်ကောင်၏ အရွယ်အတိုင်းပင်။ ပိတုန်းဖင်ကို ဖောက်ထားပြီး ထိုအပေါက်နှင့် အညီပိတ်ရန် ပဒိုင်းသားကို အံဝင်ခွင်ကျ အသင့်ပြုလုပ်ထားရသည်။

ပိတုန်းရုပ်လေး ပြီးသွားသောအခါ အပေါက်ထဲသို့ ပြဒါးအား ကွမ်းရိုးဖြင့် တို့၍ ထည့်ရသည်။ ပဒိုင်းသားနှင့် ပိတ်စဉ် လာဘ်ရှင် သိဒ္ဓိဝင်ဂါထာ ရွတ်နေရသည်။

www.burmeseclassic.com



◄ ပိတောက် ပန်း၊ ပိတုန်း

ပိတုန်း ပန်း၊ ပုတီး ►



သိဒ္ဓိ ဘဂဝါ အရဟံ
ဗုဒ္ဓေါမေ သတ္တပါကာရံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သိဒ္ဓိ ဘဂဝါ အရဟံ
ဓမ္မောမေ သတ္တပါကာရံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သိဒ္ဓိဘဂဝါ အရဟံ
သံဃော မေ သတ္တပါကာရံ
သံဃံ သရဏံ ဂစ္ဆာမိ။

**အနက်**

**ဘဂဝါ** – မြတ်စွာဘုရားသည်၊ **သိဒ္ဓိ** – ကိစ္စအသီးသီး ပြီးစီးတော်မူ၏။ **အရဟံ** – ပူဇော်အထူးကို ခံယူတော်မူ ထိုက်၏။ **ဗုဒ္ဓေါ** – မြတ်စွာဘုရားသည်၊ **မေ** – အကျွန်ုပ်၏၊ **သတ္တပါကာရံ**– ပတ်ကာရံပိုင်း တံတိုင်း(၇)ထပ် ဖြစ်ပါ ပေ၏။ **ဗုဒ္ဓံ** –မြတ်စွာဘုရားကို၊ **သရဏံ**– ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**– ဆည်းကပ်ပါ၏။

**ဘဂဝါ** – မြတ်စွာဘုရားသည်၊ **သိဒ္ဓိ**– ကိစ္စအသီးသီး ပြီးစီးတော်မူ၏။ **အရဟံ** – ပူဇော်အထူးကို ခံယူတော်မူ ထိုက်၏။ **ဓမ္မော**–တရားတော်မြတ်သည်၊ **မေ**–အကျွန်ုပ်၏၊ **သတ္တပါကာရံ**–ပတ်ကာရံပိုင်း တံတိုင်း(၇)ထပ် ဖြစ်ပါ ပေ၏။ **ဓမ္မံ**–တရားတော်မြတ်ကို၊ **သရဏံ**–ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** – ဆည်းကပ်ပါ၏။

**ဘဂဝါ** – မြတ်စွာဘုရားသည်၊ **သိဒ္ဓိ**– ကိစ္စအသီးသီး ပြီးစီးတော်မူ၏။ **အရဟံ** – ပူဇော်အထူးကို ခံယူတော်မူ ထိုက်၏။ **သံဃော**–သံဃာတော်မြတ်သည်၊ **မေ**–အကျွန်ုပ်၏၊ **သတ္တပါကာရံ**–ပတ်ကာရံပိုင်း တံတိုင်း(၇)ထပ် ဖြစ်ပါပေ၏။ **သံဃံ**–သံဃာတော် အပေါင်းကို၊ **သရဏံ**–ကိုးကွယ်ရာ ဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ဟု ရွတ်ဖတ်နေရသည်။ ယင်းဂါထာသည် နတ်များ မစ၍ အစာရေစာ လာဘ်များ ပေါများသည်ဟု သိရပါ သည်။

ပြီးလျှင် မွှေးသော **ဝတ်မှုံရှိပန်း** (ဥပမာ ကံ့ကော်ပန်း)ကဲ့သို့ ပန်းများ ဗန်းပေါ်တွင် ထည့်၍ ပန်းများပေါ်၌ ပိတုန်းရုပ်ကလေးများ တင်ထားရ သည်။

ဘုရားအား အမွှေးတိုင်၊ အလင်းတိုင်၊ ပန်း၊ ရေချမ်း၊ ဆွမ်း ကပ်လှူ၍ ပဋ္ဌာန်း ၂၄ ပစ္စည်း (၂၄)ခေါက် ရွတ်ဆိုပူဇော်ရပါသည်။ မိမိအား ဒုက္ခပေးသူများအား မန်းမှုတ်၍ စေခိုင်း၍ ရသည်ဟု သိရပါသည်။

နောက်တစ်နည်း **ပိတုန်း(ဆေး)ဖြင့် ပြုလုပ်နည်းမှာ** ထိုဆေးပိတုန်း ရုပ်လေး ကျွန်မ ရရှိပုံမှာ ရွှေကျင်သမားများ ကျွန်မတို့ မော်လမြိုင်မှာ ရှိပါသည်။

မော်လမြိုင်၊ မုတ္တမ၊ သထုံ စသော နယ်မြေများသည် ဂေါတမဘုရားရှင် ပွင့်တော်မူစဉ် ကာလအတွင်းမှာပင် တိုင်းပြည်မြို့ရွာများ ဖြစ်ပေါ်၍ လူ အများ နေထိုင်ခဲ့ကြသည်။

အချို့နေရာများတွင် လူတစ်ရပ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်း ပတ်ိုင်း ပုတီး

မြေကြီးကို တူးပြီး ရွှေများ၊ ကျောက်များပုတီးများ ရရှိကြလေသည်။ ရွှေများအား ရွှေဆိုင်သို့ ရောင်း၍ ကျောက်အစအနများကို ကျွန်မတို့ဆိုင်သို့ လာရောင်းတတ်သည်။

ရှေးခေတ်လူများ သုံးစွဲခဲ့ဟန် ပစ္စည်းဟောင်းများ ဖြစ်နေတတ်သည်။

တစ်လက်မခန့်ရှိ ပိတုန်းရုပ်တောင်ပံဖြန့်နေပုံ ဝမ်းဗိုက်ဖင်မှ ပါးစပ်ထိ အပေါက်ရှိသည်။ ကြိုးဖြင့် သီ၍ လည်ပင်းမှာ ဆွဲထား၍ရသည်။

ကျောက်သားကဲ့သို့ မာကျောသော်လည်း ကျောက်သား မဟုတ်ကြောင်း သိပါသည်။ နားမလည်၍ ဆရာ့ဆရာကြီးများအား ပြသမေးမြန်းရသည်။

'ဒါ ဆေးနဲ့ စီရင်ဖော်စပ်ထားတဲ့ ပိတုန်းအဆောင်ပဲ။ ပရလောကသားတွေ အန္တရာယ်ပြုရင်တောင် ဟန့်တားနိုင်တယ်၊ လူသား အန္တရာယ်လောက်တော့ အပျော့ပဲ၊ တို့မြန်မာတွေ ရှေးခေတ်အစီအရင်တွေပဲ သိချင်ရင်တော့ ပြောပြမယ်။

၁။ ထမင်းဖြူတစ်ဆုပ်
၂။ ဆန်တစ်ဆုပ် အမှုန့်ကြိတ်
၃။ ဘိလပ်မြေ လက်တစ်ဆုပ်(***ရှေးက ဘုရားတည်ရာတွင် သုံးသော ပစ္စည်းများနှင့် စီမံသည်။)***
၄။ သန့်သော သဲလက်တစ်ဆုပ်
၅။ လက်ဖက်ခြောက် အနည်းငယ်အမှုန့်ပြု
၆။ လက်ဖက်စိုအနည်းငယ်
၇။ စီးဆင်းနေသော ရေအနည်းငယ်
၈။ စီးဆင်းနေသော ရေအောက်မှ မြေလက်တစ်ဆုပ်

တန်ဆောင်မုန်းလ ဆေးပေါင်းခသောညတွင် ပြုလုပ်ရသည်။

ဒိဋ္ဌိတာပတိ ဂါထာရွတ်ပါ။

သုဂတော ငါးချက် ဂါထာရွတ်ပါ။

ပဋ္ဌာန်း ၂၄ ပစ္စည်းရွတ်ပါ။

ယခုခေတ် မျက်စိဖြင့် ကြည့်မြင်ဆိုလျှင် ဘိလပ်မြေဖြင့် ပုံဖော်ထားသော ပိတုန်းရုပ်လေး ဖြစ်ပါသည်။

ဘိလပ်မြေ ပန်းပုကျွမ်းကျင်သူများနှင့် တိုင်ပင်ပြုလုပ်နိုင်သည်ဟု ထင်ပါသည်။ **ပိတုန်းနှိုးဂါထာ၊ တန်ပြန်တိုက်ခိုက် တောင်ပံဖြန့်နှိုးဂါထာများ** လည်း ရှိပါသည်။

ရန်ကာအဆောင်ပိတုန်း

အစီအရင်ဆုတောင်း

ပိတုန်းရုပ်လေးကို လက်ဝါးပေါ်ထည့်၍

'ဥုံ မြပိတုန်းရောင် သိဒ္ဓိဆောင် ရွှေရောင်အလား ကြံတိုင်းသွား စေတိုင်းသွား ပြုတိုင်းသွား ပြောတိုင်းသွား ငါ့အားတန်ခိုး ဆယ်ဆတိုး ရွှေမိုးငွေမိုး ရွာစေသော်'

ပရလောကသားများ အနှောက်ယှက်ပေးလာလျှင် ကြက်သီးထ၍ သတိပေးကာကွယ်တတ်သည်။ မိမိမှ ဘုရားဒေသနာများ ရွတ်ဆိုကာကွယ်နိုင်သည်။

တန်ပြန်တိုက်ခိုက် ပိတုန်း

တောင်ပံဖြန့်နှိုးဂါထာ

ပိတုန်းတောင်ဖြန့်အား လက်ဖဝါးထဲထည့်၍ရွတ်ပါ။

'ဥုံ ပိတုန်းမည်းညို အဖိုအမ ဝဲယာသောင်းသောင်းကျ ကာရဏီရ ဗုဒ္ဓစက် နှိပ်တို့ထက်သည့် ပညာ မနေသာ၊ ပြဆရာပြု ငါ့ရန်သူရှိက တိုက်ဟ'

**(အတိုက်အခိုက်ရှိရာ မန်းမှုတ်စေခိုင်းလွှတ်)**

ပိတုန်းအဆောင်ကို ကိုယ်နှင့်မကွာဆောင်ထားနိုင်သည်။

အိမ်တိုင် (သို့မဟုတ်) ခြံတိုင်(၄)ခု အမြင့်ပေါ်တွင် ဦးခေါင်းကို အပြင်ထုတ်၍ ထွက်နိုင်ဝင်နိုင်အောင် စီမံထည့်သွင်းထားနိုင်ပါသည်။

**ခင်ခင်ဝင်း(မောရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ သင်ခန်းစာ

အောင်ကြူပါစေ

# အောင်ပါစေ

စာရေးသူသည် ဆရာကြီး ဦးကျော်စိန်ဝင်း ညွှန်ခံသော ကော်ဖီမစ်နှင့် မုန့်တို့ကို အစသတ်ထားပြီးနောက် လက်သုတ်နေစဉ်...

'ဆရာကြီးကို ဂါထာတစ်ပုဒ်နဲ့ ပတ်သက်ပြီး ပြောရဦးမယ်'

ဟု ဆရာကြီး ဦးကျော်စိန်ဝင်းက စကားစလာပြန်သည်။

ထို့ကြောင့် စာရေးသူကလည်း ကြားချင်နေသည်ဖြစ်၍ **"ပြောပါ ဆရာကြီး၊ ကြားချင်ပါတယ်"** ဟု ထောက်လိုက်ပါသည်။

'ဆရာကြီးရဲ့တပည့် ကျွန်တော့်သား ခင်မောင်မောင်ကို မှတ်မိဦးမလား၊ ဘွက်အ.လ.က ကျောင်းထွက်ပါပဲ။ ဆရာကြီး ရှိတုန်းက ငါးတန်း,ခြောက်တန်း နေဦးမှာ'

'ဟုတ်ကဲ့ ကျွန်တော်ကတော့ မမှတ်မိတော့ပါဘူး'

'ခင်မောင်မောင် ရှစ်တန်းအောင်တော့ ကျွန်တော့်အမျိုးများရှိရာ တန့်ဆည်ကို ပြောင်းထားရတာ။ ငယ်တုန်းကတော့ ကျားသေရွာနဲ့ ဘွက်ရွာကို နေ့စဉ် ကူးချည်သန်းချည် ကျောင်းတက်နေရပေမယ့် အရွယ်လေး ရောက်လာတော့ လမ်းမှာတင် စိတ်လေပြီး ကျောင်းတက် မမှန်မှာလဲ စိုးတယ်။

အတန်းကြီးလာသလို ကျောင်းစရိတ်တွေကလဲ တက်လာတာ။ ဘွက်တွဲဖက် အထက်တန်းကျောင်းဆိုတော့ ကျူရှင်တက်စရာလဲ မရှိဘူး။

တန့်ဆည်မှာက အမျိုးတွေလဲရှိတယ်။ ကျွန်တော့်ညီမကလဲ သူ့တူကို တာဝန်ယူ ကျောင်းထားပေးမယ်ဆိုတော့ ကျွန်တော်လဲ ကျွန်တော့်သား ခင်မောင်မောင်ကို တန့်ဆည်မှာ သွားထားရတာပေါ့'

ဟု ဆရာကြီး ဦးကျော်စိန်ဝင်းက ရှည်လျားစွာ စကားကို ပျိုးနေပါသည်။ စာရေးသူလည်း နားထောင်လျက် ရှိပါသည်။

BURMESE CLASSIC

'အမျိုးတွေ ဆိုသော်လဲ ယောက်ဖတွေ ခယ်မတွေဆိုတာက သူစိမ်းမဟုတ်လား။ ဒါကြောင့် လိမ်လိမ်မာမာ နေဖို့ သူတို့ချစ်အောင် ပြောစကား ဆိုစကား နားထောင်ဖို့ကအစ သွန်သင်ရတာပေါ့ ဆရာကြီး။

ပြီးတော့ နေ့စဉ် ဘုရားရှိခိုးဖို့ကို မမေ့ဖို့မှာရတယ်။ ကျွန်တော်က အိမ်မှာရှိတဲ့ သားသမီးအားလုံးကို မနက် အိပ်ရာထပြီးတိုင်း ဘုရားရှိခိုးခိုင်းတယ်'

ဟု ဦးကျော်စိန်ဝင်းက ပြောနေသော်လည်း စာရေးသူကတော့ သူ ပြောမည့် ဂါထာကိုသာ သိချင်နေပါသည်။

'ဒီလိုနဲ့ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်တယ်။ အောင်ပြီး ကျွန်တော့်ဆီ ပြန်ခေါ်ထားတယ်။ အခင်းဆင်းခိုင်းတာပေါ့။ ဗန်းမော်ကို စာပေးစာယူနဲ့ တက်တယ်။ မြန်မာစာအဓိကနဲ့ ဘွဲ့ရတယ်။ နှစ်ချင်းပေါက်တွေ အောင်တာပါပဲ။

ဘွဲ့ရပြီးတော့ ကုမ္ပဏီမှာ အလုပ်လျှောက်ချင်တယ်ဆိုပြီး ရန်ကုန်ဆင်းသွားတယ်။ ဒီဂါထာလေးကိုလဲ ရထားတော့ သူ့ကို ရွတ်ခိုင်းလိုက်တယ်။ ရန်ကုန်မှာက ဆွေမျိုးမရှိပေမယ့် ကျွန်တော်နဲ့ ဦးပဋ္ဌင်း အတူဝတ်ပြီး စာသင်ဖက်ရှိတယ်။ သူက ကျောင်းထိုင် ဖြစ်နေပြီ။

သူ့ဆီမှာ ထားရတာ။ သူကလဲ ကျောင်းထိုင် မဖြစ်လိုက်ရတဲ့ ဦးပဋ္ဌင်း တစ်ပါးနဲ့ အပေါင်းပါ ဒကာတွေက တိုက်ခိုက်တာ ခံနေရတယ်။

ဒါကြောင့် ဦးပဋ္ဌင်းကိုလဲ ကျွန်တော် ရထားတဲ့ ဒီဂါထာလေးကို အာရုံစိုက်ပြီး ရွတ်ဖို့မှာထားခဲ့ရတယ်။ အဲဒီ သူငယ်ချင်း ဦးပဋ္ဌင်းလဲ ခုတော့ အတိုက်အခိုက်တွေ ပြေပျောက်သွားပါပြီ'

ဟု ဦးကျော်စိန်ဝင်းက သူ ပြောမည့် ဂါထာ၏ အစွမ်းကို အမွှမ်းတင်နေခြင်း ဖြစ်ပါသည်။

'ခင်မောင်မောင်ကိုလဲ ရွတ်နေကျအတိုင်း ဂါထာကို မမေ့မပျောက်ရွတ်ဖို့ သတိပေးနေရတယ်။ ကံကောင်းတော့ ဆရာကြီးရယ် ကုမ္ပဏီမှာ အလုပ်ရတယ်။ ဘုန်းကြီးကျောင်းမှာပဲနေပြီး အလုပ် လုပ်နေတာပေါ့။

သုံးနှစ်ကြာတော့ သူငယ်ချင်း ဘုန်းကြီးရဲ့ ဒကာတစ်ဦးရဲ့ သမီးနဲ့ ကြိုက်ကြတယ်။ သမီးရှင်ကလဲ ကျွန်တော့်သားကို ရိုးသားတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

သဘောတူလေးစားကြပါတယ်။

အခုတော့ အလုပ်က ထွက်နိုင်းပြီး လက်ဖက်ရည်ဆိုင် ဖွင့်ပေးထားတယ်။ ရန်ကုန် ရွှေပြည်သာမြို့သစ်မှာ ရှိတယ်။ တော်တော်ကို ရောင်းကောင်းပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့နွေက သွားရောက်ခဲ့သေးတယ်'

ဟု ဆရာကြီး ဦးကျော်စိန်ဝင်းက ပြောမြဲပြောနေပါသည်။

'အဲဒါ ကျွန်တော် ပြောမယ့် ဂါထာရဲ့ အစွမ်းလို့လဲ ယူဆတယ်။ ကျွန်တော်က ဖြည့်စွက်ပြီး ရွတ်နိုင်းတယ်'

'ဆရာကြီးပြောမယ့် ဂါထာကို ပြောပါဦး ဆရာကြီးရဲ့'

'ဟုတ်ကဲ့ပါ ဂါထာက ၂၀၀၉ ခုနှစ်၊ မတ်လထုတ် လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းမှာပါတဲ့ မြမဥ္ဇူဝေ(ကျုံမငေး) ရေးတဲ့ အောင်ကြပါစေ၊ အောင်ပါစေ ခေါင်းစဉ်တပ်ထားတဲ့ ဂါထာတော်ပါပဲ။ ကျွန်တော် ရွတ်ပြမယ်'

ဟု ပြောပြီး အောက်ပါအတိုင်း ရွတ်ပြပါသည်။

ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော
အနန္တောအနန္တ ငါးဖြာကို ရှိခိုးပါ၏ ဘုရား။
ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊
ဓမ္မော မေ သရဏံ အညံနတ္ထိ၊
သံဃော မေ သရဏံ အညံနတ္ထိပါ ဘုရား။
(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။)[၃-ကြိမ်ဆို]
သောဥတ္တိ သဗ္ဗအန္တရာယော၊ သဗ္ဗသတ္တန္တရာယော၊ သဗ္ဗဒုဗ္ဘိက္ခန္တရာယော၊ ဂစ္ဆ အမုမှိ ဩကာသေတိဋ္ဌာဟိ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အနန္တော** | =အနန်တော |
| **ဓမ္မ** | =ဓမ်မ |
| **အနန္တ** | =အနန်တ |
| **ဗုဒ္ဓေါ** | =ဗုတ်ဓေါ |
| **အညံ** | =အင်ညံ |
| **နတ္ထိ** | =နတ်ထိ |
| **သောဥတ္တိ** | =အေသာညတ်တိ |
| **သဗ္ဗ** | =သဗ်ဗ |
| **အန္တရာယော** | =အန်တရာယော |
| **သတ္တန္တရာယော** | =သတ်ထန်တရာယော |
| **ဒုဗ္ဘိက္ခန္တ** | =ဒုပ်ဘိတ်ခန်တ |
| **ဂစ္ဆ** | =ဂစ်ဆ |
| **အမုမှိ** | =အမုမ်မှိ |
| **ဩကာသေ** | =အောကာသေ |
| **တိဋ္ဌာဟိ** | =တိတ်ထာဟိ |

**အနက်**

**ဗုဒ္ဓဂုဏော** – ဘုရားရှင်၏ ဂုဏ်ကျေးဇူးသည်၊ **အနန္တော**–အဆုံးမရှိ၊ **ဓမ္မဂုဏော**–တရားတော်၏ ဂုဏ်ကျေးဇူးသည်၊ **အနန္တော**–အဆုံးမရှိ၊ **သံဃဂုဏော**–သံဃာတော်၏ ဂုဏ်ကျေးဇူးသည်၊ **အနန္တော**–အဆုံးမရှိ၊ **မာတာပိတုဂုဏော**–မိဘတို့၏ ဂုဏ်ကျေးဇူးသည်၊ **အနန္တော**–အဆုံးမရှိ၊ **အာစရိယဂုဏော** – ဆရာသမား၏ ဂုဏ်ကျေးဇူးသည်၊ **အနန္တော**–အဆုံးမရှိ။

**ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာတည်း၊ **အညံ**–အခြားသော ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ။

**ဓမ္မော** – တရားတော်မြတ်သည်၊ **မေ**– အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာတည်း၊ **အညံ**–အခြားသော ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ။

**သံဃော** – သံဃာတော်မြတ်သည်၊ **မေ**– အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာတည်း၊ **အညံ**–အခြားသော ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ။

**ဗုဒ္ဓံ** – မြတ်စွာဘုရားကို၊ **သရဏံ**–ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

**ဓမ္မံ**–တရားတော်မြတ်ကို၊ **သရဏံ** – ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

**သံဃံ**–သံဃာတော်ကို၊ **သရဏံ**–ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

**သော**–ဤစကားကား၊ **ဥတ္တိ** – သရဏဂုံသုံးရပ် ဆည်းကပ် ကိုးကွယ်ကြောင်းကို သိစေခြင်းတည်း။

**သဗ္ဗအန္တရာယော** – အလုံးစုံသော ဘေးရန် ရောဂါ အန္တရာယ်သည် လည်းကောင်း၊ **သဗ္ဗသတ္တန္တရာယော**– အလုံးစုံသော လေး,လှံ,ဓား စသော လက်နက် အန္တရာယ်သည် လည်းကောင်း၊ **သဗ္ဗဒုဗ္ဘိက္ခန္တရာယော**– အလုံးစုံသော အစားအစာ ခေါင်းပါး ပြတ်လတ်ခြင်း အန္တရာယ်သည်လည်းကောင်း၊ **ဂစ္ဆ**–အနီးအပါး မတည်ကြားဘဲ သွားလေလော့၊ **အမုမှိ ဩကာသေ**– ဤမည်သော အဝေးရပ်၌၊ **တိဋ္ဌာဟိ**–တည်ချေလော့။

'ကျွန်တော် ဖြည့်စွက်ရွတ်တာက ဒီလိုပါ ဆရာကြီး'

ဟု ပြောပြီး အောက်ပါအတိုင်း ရွတ်ပြပြန်ပါသည်။

ဣန္ဒိတံ ပတ္တိတံ မယုံ့(တုယံ့) ဒိပ္ပမေဝ သမိဇ္ဈတု သဗ္ဗေသတ္တာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ အဝေရာဘဝန္တု ဗျာ ဝိနာသန္တု။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဣန္ဒိတံ** | = အိတ်ဆိတံ |
| **ပတ္တိတံ** | = ပတ်ထိတံ |
| **မယုံ** | = မယ်ယုံ |
| **တုယုံ** | = တုံယုံ |
| **ခိပ္ပ** | = ခိပ်ပ |



www.burmeseclassic.com

www.burmeseclassic.com

**သမိဒ္ဓတု** = သမိတ်ဈတု
**သဗ္ဗေသတ္တာ** = သတ်ဗေသတ်တာ
**မနုဿာ** = မနုတ်သာ
**ဒုက္ခာ** = ဒုတ်ခါ
**သန္တု** = သန်တု

**အနက်**

**ဣစ္ဆိတံ ပတ္ထိတံ** – အလိုရှိအပ်တောင့်တအပ်သော ဆုထူးဆုမြတ်အပေါင်းသည်၊ **မယှံ**–အကျွန်ုပ်အား၊ (သူတစ်ပါးအတွက် ရွတ်လျှင် **တုယှံ**–သင့်အားဟု ရွတ်ပါ။) **ခိပ္ပမေဝ**–လျင်မြန်စွာသာလျှင်၊ **သမိဒ္ဓတု**–ပြည့်စုံပါစေသတည်း။

**သဗ္ဗေသတ္တာ** – ခပ်သိမ်းသောသတ္တဝါတို့သည် လည်းကောင်း၊ **သဗ္ဗေဒေဝါ**–ခပ်သိမ်းသော နတ်ပြဟ္မာတို့သည် လည်းကောင်း၊ **သဗ္ဗေမနုဿာ**–ခပ်သိမ်းသော လူတို့သည်လည်းကောင်း၊ **အဝေရာဘယာ**–ရန်ဘေးမရှိကြကုန်သည်ဖြစ်၍ **ဒုက္ခာ**– ဆင်းရဲဒုက္ခအဝဝတို့သည်၊ **ဝိနဿန္တု** – ကိုယ်သို့မရောက် ပျောက်ပျက်စေကုန်သတည်း။

'ဆရာကြီးကလဲ သူ့ဘာသာ နဂိုရှိပြီးသားကို ဖြည့်စွက်ချင်နေတာပဲ'

ဟု စာရေးသူက ပြောသောအခါ...

'ဒီလိုပါ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ရဲ့ ဂုဏ်တော်အစွမ်းကြောင့် အန္တရာယ်ဘေး၊ သူတစ်ပါးတို့၏ ပြုလုပ်ခြင်းဘေး၊ ဆင်းရဲငတ်မွတ်ခြင်းဘေးအပေါင်းတို့သည် ဖယ်ခွာကြလော့၊ ကင်းရှင်းကြလော့လို့ ဆုတောင်းတာပဲ ရှိတယ်။ ဒါကြောင့် မိမိအလိုရှိရာအတိုင်း ပြည့်စုံရပါလို၏ဖြည့်စွက်သလို လူနတ်သတ္တဝါ အပေါင်းတို့ကိုလည်း ဘေးအပေါင်း၊ ရန်အပေါင်း၊ ဒုက္ခအပေါင်းမှ ကင်းလွတ်ကြပါစေလို့ မေတ္တာပို့လဲ ပါအောင်လို့ပါ ဆရာကြီးရယ်'

ဟု ဆရာကြီး ဦးကျော်စိန်ဝင်းက ရှင်းပြပါသည်။

'ဒီလိုဆို ကျွန်တော်ကလဲ ပြောချင်ပါတယ်။ ကသာခရိုင်၊ ကောလင်းမြို့နယ်၊ တောင်မော်ရွာက တောင်ပေါ်မှာ ဘုရားစေတီတွေ အမျိုးမျိုး တည်ထားပြီး သာသနာပြုခဲ့တဲ့ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိသုဒ္ဓိစာရမဟာထေရ် ချီးမြှင့်တော်မူခဲ့တဲ့ အန္တရာယ်ကင်းဂါထာနဲ့ အစပြုရင်လဲ ကောင်းမလား။ ဆရာတော်ကြီးကို ရဟန္တာလို့လဲ သမုတ်ကြတယ်။ ဆရာတော်ကြီးရဲ့ အသွေးတော် ဓာတ်တော်တွေလဲ ပြသထားလို့ ဖူးခဲ့ရတယ်။ ဂါထာက ဒီလိုပါ'

ဟု စာရေးသူက ပြောပြီး အောက်ပါအတိုင်း ရွတ်ပြလိုက်ပါသည်။

ဗုဒ္ဓဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
ဓမ္မဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
သံဃဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
မာတာပိတုဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
အာစရိယဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

**ခက်ခဲသော ပါဠိအသံထွက်**

**ဗုဒ္ဓ** = ဗုတ်ဓ
**သက္ကစ္စံ** = သက်ကစ်စံ
**ဝန္ဒာမိ** = ဝန်ဒါမိ
**သဗ္ဗဒါ** = သဗ်ဗဒါ

**အနက်**

**ဗုဒ္ဓဂုဏံ**–မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သက္ကစ္စံ**–ရိုသေစွာ၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

**ဓမ္မဂုဏံ**–တရားတော်မြတ်၏ ဂုဏ်ကျေးဇူးကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သက္ကစ္စံ**–ရိုသေစွာ၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

**သံဃဂုဏံ** – သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သက္ကစ္စံ**–ရိုသေစွာ၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

**မာတာပိတုဂုဏံ**–မိဘတို့၏ ဂုဏ်ကျေးဇူးကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သက္ကစ္စံ**–ရိုသေစွာ၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

**အာစရိယဂုဏံ** – ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သက္ကစ္စံ**–ရိုသေစွာ၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

***[ဤဂါထာတော်များ၊ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ (ဓမ္မာစရိယ(မဟာဝဂ္ဂီဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ))မှ ပြန်ဆိုပေးပါသည်။]***

ဟု ရွတ်ပြပြီးနောက်...

'နဂိုရှိရင်းစွဲအတိုင်းရွတ်လဲ ကောင်းပါတာပါပဲ။ ဆရာကြီးက ဖြည့်စွက်ချင်တယ်ဆိုလို့ ကျွန်တော်ကလဲ ဖြည့်စွက်ကြည့်တာပါနော်။ သဘောကျရင်လဲ ရွတ်ပေါ့။ နဂိုအတိုင်း ရွတ်ချင်လဲ ရွတ်ပေါ့'

ဟု ဆက်ပြောလိုက်ပါသည်။

ထို့နောက် စာရေးသူသည် ဆရာကြီး ဦးကျော်စိန်ဝင်းအား ကျေးဇူးတင်နှုတ်ဆက်ပြီး ကူးကာရွာ ဆရာဦးထွန်းလွင်ထံ သွားရန်အတွက် ကိုအောင်ဘိုအိမ်သို့ သွားခဲ့ပါသည်။ ကိုအောင်ဘိုက ညနေစာ ထမင်းကျွေးပြီး စာရေးသူအား ကျားသေရွာမှ ကူးကာရွာရှိ ဦးထွန်းလွင်အိမ်သို့ ဆိုင်ကယ်ဖြင့် ပို့ပေးခဲ့ပါသည်။

***သတ္တဝါခပ်သိမ်း မေတ္တာဘဝ်နှင့် ငြိမ်းအေးကြပါစေ။***

ကသာ ဆင်းမွေး



www.burmeseclassic.com

www.burmeseclassic.com

ဦးအာလောကသည် ယခု ဝါတော် (၂၈)ဝါ။ မြို့သာအနီး တောရကျောင်းမှာ သီတင်းသုံးနေပါသည်။ ထိုအရှင်မြတ် (၄)ဝါခန့်က ကိုယ်တွေ့က စိတ်ဝင်စားဖွယ်ရာ ကောင်းနေသောကြောင့် တင်ပြလိုပါသည်။

ထိုအရှင် (၄)ဝါခန့်က မူလ ဂန္ဓာရုံကျောင်းတိုက် အခြေခံ စာဝါများ လိုက်နေစဉ်က ဖြစ်ပါသည်။ မိခင်ကြီး နေမကောင်း၍ မြို့သာကို ခဏ အလည်ကြွရောက်ခဲ့ပါသည်။

မိခင်ကြီး ကျန်းမာရေး ကောင်းလာ၍ မြို့သာမှ မန္တလေးသို့ထွက်မည့်ကားစောင့်နေစဉ် အသားနက်နက်၊ အဝတ်အစားက ခပ်စုတ်စုတ် အရူးပုံစံပေါက်နေသည့်သူတစ်ယောက် ရောက်လာခဲ့ပါသည်။

ကုတ်အင်္ကျီအနက်၊ ညစ်ထေးထေးကွက်ထောက်ပုဆိုးက အကွက်မပေါ်တော့။ ကွမ်းချေး ထူလပျစ်နှင့် အကြည့်ရဆိုးသည့် ပုဂ္ဂိုလ်ကို ငေးကြည့်နေစဉ် ထိုပုဂ္ဂိုလ်က တည်ငြိမ်အေးဆေးသော အသံနှင့် သမ်တလင်းကို လက်ညှိုးထိုးစဉ်…

'အရှင်ဘုရား ထုံးနဲ့သဲ ရောစပ်ရင် ဘာဖြစ်မလဲ'

မမျှော်လင့်သည့် ထူးဆန်းသည့် မေးခွန်းကြောင့် ဦးအာလောက ဘာပြောရမှန်း မသိတော့လောက်အောင် ဖြစ်ခဲ့ရတော့သည်။

ဦးအာလောက စဉ်းစားနေစဉ် **(ဆမဓိ)၊ (ဆမဓိ)**ဟု နှစ်ခွန်းဆက်တိုက် ဖြေသွား၏။


ထို အရူးပုံပေါက်နေသည့် မျက်ဝန်းအစုံကား စူးရှတောက်ပလွန်းနေ၏။ တည်ကြည်၏။ အရူးတစ်ယောက်တော့ မဖြစ်နိုင်ပေ။

ဦးအာလောကသည် ဝါးကုလားထိုင်

# ရှင်ပထီး

(သို့မဟုတ်) ရှင်အင္ဂဝေါဏဆရာတော်၏ ကွင်းဆက်တစ်ခု

လွယ်ကောင်းအောင်



ရန်အောင်မြင် (ရွှေဘုရား) ဦးပဏ္ဍိတ၏ ထီးမံပြုပြင်သည်

ပေါ်မှာ ထန်းယပ်တောင်ကို ကိုင်ထား၏။ ထိုပုဂ္ဂိုလ်သည် ရင်းနှီးဟန်ဖြင့် အနားတိုးကပ်ကာ ယပ်တောင်ကို ပုံစံပြ၍…

'ဒါက စစ်ကိုင်းတံတားဆိုပါစို့ ဘုရား အောက်က ရေတိုးရင် ဘာဖြစ်မလဲ'

ဟု မေးနေစဉ် နာရီဝက်ခန့်ပြီဖြစ်၍ ကားထွက်ရန် ကားဆရာ၏ ဟွန်းတီး


www.burmeseclassic.com



ရန်အောင်မြင်တောရကျောင်း ပထမဆရာတော် ရှင်မထီး ဖေါ် ဦးပဏ္ဍာဝံသ



ရန်အောင်မြင် ဒုတိယဆရာတော် ဦးအာလောက တရားဟောနေစဉ်



ခေါ်နေသံကြောင့် ကားခေါင်းထဲ ဝင်ထိုင်လိုက်ရတော့သည်။

ထိုပုဂ္ဂိုလ်သည် ကားစောင့်နားထိ လိုက်လာကာ...

'အရှင်ဘုရားကို မြို့သာ ရောက်လာအောင် တပည့်တော် ပဲ့လိုက်တား ကပ်ကျော်ကိုလဲ ဆွမ်းခံကြွပေးပါဦး။ စစ်ကိုင်းရောက်ရင် စစ်ကွင်းချောင်းကိုလဲ ဝင်ပါဦး ဘုရား။ အဲဒီမှာ တပည့်တော် ရှိနေမယ်'

ဦးအာလောကသည် ထိုပုဂ္ဂိုလ်၏ အဆက်အစပ် မရှိသည့် စကားများ နားမလည်၍ ဘာမှ ပြန်မပြောမိပေ။ ဘတ်စ်ကားကြီး မောင်းထွက်ခဲ့တော့မှ ထိုပုဂ္ဂိုလ်၏ ထူးခြားသည့် အပြုအမူ စကားတွေကို ဘယ်သူမှ အလေးဂရု မပြုတာကို သတိပြုမိပါတော့သည်။

ဦးအာလောကသည် စစ်ကိုင်းကို မကြွသေးဘဲ မန္တလေးမှာ တစ်ည ကျိန်းတော့ အိပ်မက်ထဲမှာ ထိုပုဂ္ဂိုလ် ပေါ်လာပြန်၏။ ဘော(black board) ဖြင့် နားမလည်သည့် ဘာသာစကား တစ်မျိုးဖြင့် ဦးအာလောကကို စာတွေ သင်ပြပေးနေ၏။

မေးခွန်းမေးလိုက်၊ ပြန်ဖြေလိုက် ပုံစံမျိုးဖြင့် အိပ်မက်ထဲမှာ နားလည် သော်လည်း နိုးလာသောအခါ ဘာမှန်း မသိရတော့ပေ။

ဦးအာလောကသည် စစ်ကိုင်း စစ်ကွင်းကျောင်းဂူထဲမှာ တရား အားထုတ်တော့ (၂)ရက်မြောက်မှာ ထိုပုဂ္ဂိုလ်သည် အာရုံထဲမှာ သက်နှိုး ရုံနှင့် ပေါ်လာပါသည်။

ဦးအာလောက နောက်တည့်တည့် ကနေ လေနှင့်မှုတ်နေကာ ဦးခေါင်းကို ကိုင်၍ ဖော့ယမ်းနေသလို ခံစားရသည်။

ရန်အောင်မြင်ကျောင်းမုခ်ဦး





www.burmeseclassic.com

www.burmeseclassic.com



◆ ဦးပဏ္ဍဝံသ တရားကျင့်သွားခဲ့သော ကျောက်ချာကြီး



◆ ရန်အောင်မြင်ဆရာတော် ကျောင်းတိုက်

(၉)လတိုင်ကြာအောင် အသက်ရှည်သော တုတ်လုံးသော မြွေကြီး

(၅)မိနစ်ခန့်ကြာသောအခါ ရပ်သွားကာ ထိုပုဂ္ဂိုလ်လည်း ပျောက်သွားပြန်သည်။

နောက်ရက် မြင်းစီးကာ ရောက်လာရင်း "အာဇာနည်ကွ" အကျယ်ကြီး (၂)ခွန်းဆက်တိုက်အော်ကာ ပြန်ထွက်သွားပါသည်။ နောက်ရက်မှာတော့ ကိုရင်ပုံစံနှင့် အာရုံထဲမှာပဲ ပေါ်လာကာ "ရန်အောင်မြင်" တောရကျောင်းမှာ သာသနာပြုပါရန် လျှောက်သွားပါသည်။

မြို့သာနှင့် မန္တလေးသည် (၃၅) မိုင်ခန့် ဝေးပါသည်။ မြို့သာနှင့် ရန်အောင်မြင်တောရကျောင်းသည် (၂)မိုင်ခန့် ဝေးပါသည်။ ရန်အောင်မြင်ကျောင်းဝင်းကို ဦးအာလောကမှ လှူဒါန်းပြီးသားပြသပေးပါသည်။

ကျောင်းခန်းတစ်ခုထဲမှာ လူရှိမနေဘဲ ခုတင်၊ မွေ့ရာ၊ စောင်၊ ခေါင်းအုံး အသုံးအဆောင် အပြည့်အစုံ ပြင်ဆင်ထားပါသည်။ ရုပ်တုတစ်ခု ဓာတ်ပုံပါရှိနေပါသည်။ ထိုပုဂ္ဂိုလ်သည် တစ်ချိန်က...

ဆရာတော် ဦးပဏ္ဍဝံသသည် ရန်အောင်မြင်ကျောင်းတွင် သီတင်းသုံးခဲ့ပါသည်။ လောကီဘက်တွင် ပေါက်ရောက်ခဲ့ပါသည်။ ထိုစဉ်က **"ရှင်မငိုး ဆရာတော်"** ဟု လူသိများခဲ့ပါသည်။

ဆရာတော် ကိုယ်တိုင်ကပင် ပု

www.burmeseclassic.com



ဦးခင်မြမောင်သန်း
(အာမ,ကာ၊ ပခန်းတန်း၊ တယ်ဘတ)

သစ်တဲပါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏

# ပုတီးမပါ ဗုဒ္ဓဂုဏ်တော် ပွားများနည်း

◆ သစ်တဲပါးဆရာတော်
ဘဒ္ဒန္တမဏိဇောတ(ယော)

ထိရောက်၍ ထက်မြက်သည်၊ ပွား ကြည့်ပါ။

ဘန္တေ–အရှင်ဘုရား အဟံ–ဘုရားတပည့် တော်သည် ရုပ်နာမ်(၂)ပါး ခန္ဓာ(၅)ပါး အား အရှင်ဘုရားအား လှူဒါန်းပါ၏ ဘုရား'

ကျင့်စဉ်–၁

ဘန္တေ – အရှင်ဘုရား ဝဋ်ဆင်းရဲအပေါင်းမှ လွတ်ပါစေခြင်းအကျိုးငှာ တပည့်တော်သည် ဤဗုဒ္ဓါနုဿတိကျင့်စဉ်ကို ကျင့်ပါ၏ ဘုရား။ ဤအကျင့်မြတ်ဖြင့် နိဗ္ဗာန်ချမ်းသာကြီးကို ရလိုပါ၏ အရှင်ဘုရား'

ဆုတောင်းသစ္စာပြု၍ ထက်ဝယ်ဖွဲ့ ခွေထိုင်ပြီး ဗုဒ္ဓ၏ သဏ္ဍာန်တော် ဓာတ်တော်မွေတော် အာရုံပြု၍ ရှုနေရ ပါမည်။

အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ နဖူးရှေ့(၂)တောင်ကွာတွင် အပရာ ဇိတပလ္လင်တော်သည် နဖူးတစ်ကိုက် သာမြင့်၍အားထုတ်သော ယောဂီထက် တစ်ထွာခန့်သာကွာသော သက်တော် ထင်ရှားမြတ်ဘုရား သီတင်းသုံးနေ တော်မူပါလားဟု အာရုံပြုပါ။

ထိုရောင်ခြည်တော်ခြောက်သွယ်နှင့် တင့်တယ်စွာ ရေမီးအစုံစုံတို့သည် ဝိုင်းရံထွန်းတောက်နေသောပုံစံ ဖြစ် သည်။

ထိုမြတ်စွာဘုရား၏ မျက်ခုံးတော် နှစ်ဖက်ကြား **ဥဏ္ဏလုံမွေးရှင် ပေါက်ရောက်ရာဌာနကို စူးစိုက် ကြည့်ပြီး** အားထုတ်ပါ။ ဤသို့ အာရုံ ပြုပြီးအားထုတ်လျှင်...

'အရှင်ဘုရား တပည့်တော်သည် နိဗ္ဗာန် မရသေးသရွေ့ တပည့်တော်၏ ဦးခေါင်း ဟဒယနှလုံးသားတို့တွင် အရှင်မြတ်ဘုရား ၏ ဂန္ဓကုဋိတိုက် သီတင်းသုံးတော်မူရာ ကျောင်းဆောင်အဖြစ် လှူဒါန်းပါ၏ အရှင် ဘုရား'

ဟု ကပ်လှူပါ။

ဤသို့ ကပ်လှူပူဇော်သည် ရှိသော် ဗုဒ္ဓမြတ်စွာဘုရားသည် ပလ္လင်တော်မှ မတ်တတ်ရပ်တော်မူပြီး ပွားများအား ထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဦးခေါင်း ပေါ်သို့ ကြွရောက်သီတင်းသုံးပြီး ဦးခေါင်းမှတစ်ဆင့် ဟဒယနှလုံးသား တွင် ကြွ၍ တည်နေပါလိမ့်မည်။

အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဦးခေါင်း မျက်စိနှစ်ဖက် နှလုံးသားတို့ တွင် ဘုရားလေးဆူ တည်ကိန်းနေပါ မည်။ ဤသို့ တည်သည်ကို ဗုဒ္ဓဓာတ် ယူသည်၊ ဗုဒ္ဓဓာတ်ကူးသည်ဟု ခေါ်ပါ သည်။ ဤကဲ့သို့ ပွားများဖန် ကူးဖန်များ သော် အေးချမ်းပြီး ကိုယ်ပါ အပေါ်သို့ ကြွတက်နေပါမည်။

ကျင့်စဉ်–၂

ကိုယ့်ကိုယ်၌တည်သော ဗုဒ္ဓဓာတ် ကို အာရုံမပြုရပါ။ ကိုယ့်ရှေ့ ၌ရှိသော မြတ်ဗုဒ္ဓ၏ မျက်ခုံးတော်နှစ်ဖက်ကြား ဥဏ္ဏာလုံမွေးရှင်တော်ကိုသာ စူးစိုက်ပြီး အာရုံပြုထားရပါသည်။ ပွားများရပါ သည်။ အာရုံပြုပြီး...

ငါသည် အပါယ်ဆင်းရဲကြောက်၏။

*(ယခု ဆင်းရဲတာလေးကို ကြိုးစား၍ သည်းခံပါမည်။)*

ငါသည် နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိ၏။

*(လောကီချမ်းသာလေးကို ကြိုးစား ၍ ပယ်မည်။)*

ကျင့်စဉ်–၃

ဤကဲ့သို့ ကိုယ့်ရှေ့တွင် ဖူးနေရ သော မြတ်ဗုဒ္ဓအား ဂုဏ်တော်ဖြင့် ပူဇော်ရပါမည်။

**အရဟံ** ⇨ ကိလေသာ ရန်သူကို သတ်တော်မူသော မြတ်စွာဘုရားပါ တကား။

**သမ္မာသမ္ဗုဒ္ဓေါ** ⇨ သစ္စာလေးပါး တရားဓမ္မအလုံးစုံကို အကုန်မကျန် သယမ္ဘူဉာဏ်ဖြင့် မိမိကိုယ်တိုင် အလိုလို ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားပါတကား။



www.burmeseclassic.com

www.burmeseclassic.com

**ဝိဇ္ဇာစရဏသမ္ပန္နော** ⇨ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

**သုဂတော** ⇨ ကောင်းသော စကားကိုသာ ဆိုတော်မူသော မြတ်စွာဘုရားပါတကား။

**လောကဝိဒူ** ⇨ လောကသုံးပါးကို အကြွင်းမရှိ သိတော်မူသော မြတ်စွာဘုရားပါတကား။

**အနုတ္တရောပုရိသဒမ္မသာရထိ** ⇨ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ လူယောက်ျား, နတ်ယောက်ျား, ဘီလူးယောက်ျား, တိရစ္ဆာန်ယောက်ျားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူသော မြတ်စွာဘုရားပါတကား။

**သတ္ထာဒေဝမနုဿာနံ** ⇨ အတုမရှိ ဖြစ်တော်မူသည်ဖြစ်၍ လူ, နတ်, ဗြဟ္မာ ဝေနေယျအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

**ဗုဒ္ဓေါ** ⇨ သစ္စာလေး ယျာမ္မလုံးစုံတရားပုံကို ကိုယ်တော်တိုင်လည်းသိ၊ လူနတ်အများ သိသာထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူသော မြတ်စွာဘုရားပါတကား။

**ဘဂဝါ** ⇨ ဘုန်းတော် ကံတော် ဉာဏ်တော် တန်ခိုးတော် အနန္တကြီးမြတ်လှ၍ လောကသုံးပါး၌ လူနတ်အများတို့က ချီးမြှောက်ပူဇော်ခြင်းကို ခံယူထိုက်သော မြတ်စွာဘုရားပါတကား။

ဤကဲ့သို့ ဂုဏ်တော်ကို ဖြည်းဖြည်းနှင့်မှန်မှန် ပွားများပါ။

'ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကြီးအား လက်အုပ်ချီမိုး ရှိခိုးပါ၏ အရှင်ဘုရား။ ဤကဲ့သို့ ဗုဒ္ဓာတ်ကြီး တည်ကိန်းစေရန် ပွားများအားထုတ်ရသော ကုသိုလ်ကောင်းမှုကို သိကြား ဗြဟ္မာ နတ်ဒေဝါများ၊ အထက်အရိယာ ဝိဇ္ဇာဆရာတော်ကြီးများ၊ သူတော်ကောင်းကြီးများမှ ကိုယ်တိုင်ကြွရောက်ပြီး ကြည့်ရှုကြပါ။ မစတော်မူပါ၊ စောင့်ရှောက်တော်မူကြပါ'

ဟု တိုင်တည်ပါ။

**မှတ်ချက် ။ ။ အနည်းဆုံး(၄၅)မိနစ်ခန့်ကြာအောင် ပွားပါ။**

**ဗုဒ္ဓာတ်ကူးယူ၍ ပြည့်ဝ၍ ကိန်းရာမှ ထမြောက်မည်ဆိုလျှင်…**

၁။ စိတ်အရင်ငြိမ်ပါစေ။

၂။ အားထုတ်နေသော ဝီရိယ လျှော့ပါ။

ယနေ့ အားထုတ်ခဲ့သော မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဂုဏ်တော်တို့သည် တည်ကိန်း၍ ပေါက်ရောက်အောင်မြင်ပါစေ အရှင်မြတ်ဘုရားဟု ဆုတောင်းပါ။

မိဘဆရာသမား သမ္မာဒေဝနတ် ကောင်းနတ်မြတ်များ၊ သိကြားဗြဟ္မာ အရိယာဝိဇ္ဇာများ၊ မစစောင့်ရှောက်နေသော ဆရာမြတ်အပေါင်းနှင့် (၃၁)ဘုံ အမျှပေးဝေပါ။ သာဓုခေါ်ပါ *[၃-ကြိမ်]*

**သတိ ။ ။ ဗုဒ္ဓာတ် ကူးယူချိန်၌ ဘာမှ မတွေးနှင့်၊ မကြံပါနှင့်၊ စကား မပြောရ၊ အပေါ့အလေး ကြိုတင်ဆောင်ရွက်ထားပါ။ အေးချမ်း၍ ဆိတ်ငြိမ်နေက ပိုကောင်းပါသည်။**

ဗုဒ္ဓာတ်စုံ ကိုယ်လုံးထုံ

အပူကင်းပျောက် ချမ်းသာရောက်၏။

*အရင်ဦး၍ ထူးပါစေ။*

ဦးခင်မောင်သန်း

*(အ.မ.က ပစန်းတန်း။ ဟသ်ာတ)*

မှိုငြမ်းကိုးကား

**သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏ ကိုယ်တွေ့အားထုတ်မှုကျင့်စဉ်များ။**

စာမျက်နှာ (၁၄၇)မှ အဆက်

ခေတ်ကာလတော်လိုအောင်ခဲ့သော "**အစွဲကြီး**" ပြန်ဝင်စားသည်ဟု ပြောလေ့ရှိပါသည်။ ဆရာတော်သည် ရွှေဟောင်း "ရန်အောင်မြင်"ခေတ်ကို ပြန်လည်ပြပြင်ခဲ့ပါသည်။

ဆရာတော်သည် သက်တော်ထင်ရှားရှိစဉ်ကပင် တည်ငြိမ်တည်တံ့ မနေခဲ့ပေ။ ကြေးသဝိတ်ဖြင့် နေ၍ သွမ်းခံသည်။ ဝတ်သား၊ ကြက်သားများ စောင်းပါက "**စိတ်ပြတ်လား**" မေးပါသည်။ "**စိတ်ပြတ်တယ်**" ဆိုပါက နှီးရာဆွဲကို ချကျွေးပစ်ပါသည်။

ဆရာတော်သည် ဓာတ်ရိုက်၊ ဓာတ်ဆင်ကျွမ်းသည်။ လူတွေ၏ စိတ်အကြံကို သိသည်။ အဓေဓည်သည် လာမှာကို ကြိုတင်သိသည်။ ဆရာတော်၏ ထူးခြားဖြစ်စဉ်တွေ များစွာရှိသော်လည်း ဖြစ်စဉ်တစ်ခုက ထူးခြားနေပါသည်။

ဘယ်လိုမှ ကုသ၍ မပျောက်တော့သည့် လူနာတစ်ဦးအား သေချာသလိုသုသာန်သို့ နာရေးကားဖြင့် ပို့ခဲ့ပါသည်။ သုသာန်သို့ ရောက်သောအခါ လူမမာအား ချနိုင်းထား၍ ချပြီးသောအခါ "**နှင်းခဲ၊ ဝါဒွာရှင်**" ဟုပြောပြီး လူမမာကို ပြန်လည် ခေါ်ဆောင်ခဲ့ပါသည်။ ထိုလူမမာသည် အိမ်ပြန်ရောက်သောအခါ အကောင်းပကတိ ပြန်ဖြစ်သွားပါသည်။

ရန်အောင်မြင် တောရကျောင်းသည် တစ်ချိန်ကတော့ ရှင်မထီးဆရာတော်ကြောင့် စည်ကားခဲ့ပါသည်။ ယခုတိုင်ရန်အောင်မြင် တောရကျောင်းကို သိမ်လိုက်သူများကတော့ အဝင်အထွက် မပျက်ကြပါ။

**[ဦးအောင်ဆောက ရန်အောင်မြင် တောရကျောင်း၏ ကိုယ်တွေ့ပြောပြချက်များကို ရေးသွဲ့ပါသည်။]**

လှယ်ကောင်းအောင်

ကလေးလူ ယနေတသိနှင့် ဝါသနာရှင်များသို့

ဝိဇိတို့ သာသိရှိပြီး အများမသိရှိသေးသည့်ဝိဇ္ဇာစရုပ္ပိုလ်တို့အကြောင်း၊ ရှင်မထီးနှင့် ရှင်အဇ္ဇဂေါဏမှာ ပုဂ္ဂိုလ်ထင်ဦးတည့်ဟုသည်သို့မဟုတ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာဆိုသည်ကို သိရှိသူများမှ ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# တရုတ် ကြိုးထုံးပညာ (၉၄)

ယခင်လမှ အဆက်

အခြေခံ ကြိုးထုံးနည်း( ၉၄ )

双喜结

Shuāng Xǐ Jié

ရှမ်း ယိ ကျဲ


မင်္ဂလာမောင်နှံကြိုးထုံး


"**ရှမ်းယိ**"သည် "**ပျော်ရွှင်ခြင်း တစ်စုံ**"ဟု အဓိပ္ပာယ်ရသည်။ "ယိ" သည် "ပျော်ရွှင်မြူးထူးခြင်း" ဟူသော အဓိပ္ပာယ်အပြင် ဝမ်းသာခြင်း၊ မင်္ဂလာ၊ ကိုယ်ဝန်သန္ဓေ၊ လိုလားမက်မောခြင်း၊ နှစ်သက်ခြင်းစသည့် အဓိပ္ပာယ်များလည်း ရှိသည်။

"**ရှမ်း**"သည် **အရံ၊ အစုံ၊ နှစ်ဦးနှစ်ဖက်**ဟု အဓိပ္ပာယ်သက်ရောက်သည်။ **ယိရှမ်း=** တစ်စုံသည် နှစ်ခါပေါင်းခြင်းဖြစ်၍ ပြည့်စုံသောအစုံ ဖြစ်သည်။ ယင်းတွင် တစ်ခုထပ်တိုးလာပါက မူလအခြေအနေ လုံးဝပျက်သုဉ်းသွား၏။ ထို့ကြောင့် "**ရှမ်းယိ**"ကို မင်္ဂလာမောင်နှံဟု ပြန်ဆိုခြင်းဖြစ်သည်။

မောင်နှံတစ်စုံတွင် ကျားဖြစ်စေ၊ မ,ဖြစ်စေ ထပ်တိုးလာပါက အလွန်ရှုပ်ထွေးသော အခြေအနေကို ဖြစ်ပေါ်စေ

မင်္ဂလာမောင်နှံ






www.burmeseclassic.com

www.burmeseclassic.com


ပုံ-၁၀



ပုံ-၁၁



မင်္ဂလာမောင်နှံကြိုးထုံးပုံစံများ



လေသည်။ သို့ဖြစ်၍ **"ပြည့်စုံသော အစုံ"**ဟု ဆိုခြင်းဖြစ်၏။

**"ယှီ"**ဟူသော **"မင်္ဂလာ"**စာလုံး နှစ်လုံး ယှဉ်တွဲရေးသားထားသည့် **"ရှမ်းယှီ"**ကို လက်ထပ်ထိမ်းမြားမှု မင်္ဂလာကိစ္စတွင် အမြတ်တနိုး တန်ဆာဆင်သုံးစွဲတတ်ကြသည်။

အာဝါဟဝိဝါဟမင်္ဂလာကို ဆောင်ယူသော ဤမင်္ဂလာမောင်နှံကြိုးထုံးပုံစံကို "ယှီ" Xi တရုတ်စာလုံး( 囍 ) နှစ်လုံးအဖြစ် ထုံးချည်သောအခါ ထိပ်ပိုင်း(အပေါ်ပိုင်း)ကို ဇောက်ထိုးအနေအထားဖြင့် စ၍ ထုံးနှောင်ရသည်။

စာလုံးနှစ်လုံးပြည့်စုံအောင် ချည်ထုံးပြီးသောအခါ ( 囍 ) ဤကဲ့သို့ ဇောက်ထိုးပုံသဏ္ဌာန် ဖြစ်ပေါ်နေပါမည်။ ယင်းကို အတည့်ပြန်လှန်ရသည်။ ဇောက်ထိုးပြောင်းပြန်ဖြစ်ခြင်းကို Dǎo(倒)"တောက်"ဟု ရေးသား၍ ယင်းစာလုံး၏ အခြားအဓိပ္ပာယ်တစ်ခုမှာ ငွေသွန်လောင်းချခြင်း ဖြစ်သည်။

ကောင်းကင်မှ ကျောက်စိမ်းအင်ပါရာသခင် မဟာရာဇနတ်မင်း (မိုးနတ်မင်း)ကြီး ကောင်းချီးပေး ဂုဏ်ပြုသည့် အနက်သဘောဆောင်ခြင်း ဖြစ်သည်။ ကောင်းကင်မှ သွန်ငွဲ့ပေးလိုက်သော ပျော်ရွှင်ခြင်း၊ မင်္ဂလာကို ရယူခြင်းဖြစ်၏။ (မြန်မာမှုတွင် နတ်ဖက်သည့်ဖူးစာဟု တင်စားသည်နှင့် ဆင်တူသည်။) ကြိုးထုံးနည်းကို လေ့လာကြပါစို့။

ပုံ (၁) ကြိုးစတစ်ဖက်ကို ပုံရှိ မြားပြရာအတိုင်း လျှို့ထုံးပါ။

ပုံ (၂) ကျန်တစ်ဖက်ကိုလည်း ပုံစံတူ ထပ်ထုံးပါ။

ပုံ (၃) ကြိုးစအလယ်ကို ထပ်၍ ထုံးချည်ပါ။

ပုံ (၄) ဖူးလည်သီးခပ်၍ အနားသတ်ပါ။ စာလုံးထိပ်ပိုင်း ကြက်ခြေခတ် ပုံသဏ္ဌာန် +ကို ရပါပြီ။

ပုံ (၅) အထက်ပါအတိုင်း ဝဲယာနှစ်ခု ဆက်၍ ချည်ပါ။

ပုံ (၆) အလယ်ကို ထပ်၍ ချည်ပါ။ (干 )စာလုံးပုံစံ ရပါပြီ။

ပုံ (၇) မြားပြရာအတိုင်း ဆက်၍ (早 )စာလုံးပုံစံရအောင် ချည်ထုံးပါ။

ပုံ (၈) ( 喜 )Xi "ယှီ"စာလုံး တစ်လုံး ရရှိပြီး၍ ဒုတိယတစ်လုံး ဆက်၍ ထုံးပုံ ဖြစ်၏။

ပုံ (၉) ( 囍 )ပုံစံကို ရရှိပါပြီ။

ပုံ(၁၀) ( 囍 )ပုံစံဖြစ်သည်။

ပုံ(၁၁) ( 囍 )စာလုံးနှစ်လုံးစလုံး ချည်ထုံးပြီး၍ အတည့် (ဇောက်ထိုးအနေအထားမှ) ပြန်လှန်ထားပုံဖြစ်သည်။

ပုံ(၁၂) မင်္ဂလာမောင်နှံကြိုးထုံးနှင့် စာလုံး အလှပုံများဖြစ်လေသည်။

ဟူဂျင်းဇီ

www.burmeseclassic.com

# အိမ်ထောင်ရေးကံ ကောင်းပါ့မလား




[က]အရ...

ကြာသပတေးဂြိုဟ်ခုံ အားကောင်းတဲ့အတွက်...

အိမ်ထောင်ကျကံကောင်းစေတတ်တဲ့ အမှတ်အသားတစ်ခုပါ။

[ခ]အရ...

**ဒေါင်းမျက်စိ** ပါတဲ့အတွက်...

ကောင်းစားမယ့် နိမိတ်ပုံရိပ်ကို ဖြစ်စေပါမယ်။

[ဂ]အရ...

**အိမ်ထောင်ရေး လမ်းကြောင်း (၂)ကြောင်း** ထင်ရှားတဲ့အတွက်...

အိမ်ထောင် (၂)ဆက် ကျမယ်လို့ ပြောရမှာပါပဲ။

[ဃ]အရ...

**နှလုံးလမ်းကြောင်းဟာ ကြိုးသဏ္ဍာန်** ဖွာလန်နေတဲ့အတွက်...

သောက ကြုံရမယ်လို့ ပြောနေတာပါပဲ။

[င]အရ...

**တနင်္ဂနွေဂြိုဟ်ခုံမှာ ကြက်ခြေသဏ္ဍာန်**ပါတဲ့အတွက်...

ပူပင်ရမှု တွေ့နိုင်တဲ့ သင်္ကေတပါ။

[စ]အရ...

**နှလုံးလမ်းကြောင်းက ခွဲဆင်းသွားတဲ့ ဥပဒ်လမ်း** ပါတဲ့အတွက်...


အိမ်ထောင်ပြိုကွဲခြင်းကို ပြတယ်။ ဒါတွေကို ခြုံငုံသုံးသပ်ကြည့်ရင် သိနိုင်လောက်ပါပြီ။

ပရံ ရက္ခန္တော အဇ္ဈာနံ ရက္ခ...

**ဦးသော်ခင် (ပဿတ)**

www.burmeseclassic.com

# ဈေးခေါ်ဝယ



အစီအရင်

လရှန်
(ပမ္မဝတီ)

ညနေစောင်း မိတ်ဆွေကြီး ဦးထွန်းမြင့်အိမ်ရှေ့ ကွပ်ပျစ်ပေါ်မှာ ရေနွေးကြမ်းဝိုင်းက စိုစိုပြည်ပြည် စာရေးသူနဲ့ အတူ ဦးထွန်းမြင့်တို့မိသားစုနဲ့ စကားဝိုင်းလေး စီးပွားရေးကအစ ကျန်းမာရေးအဆုံး ကလေးတွေ ပညာရေးပါ မကျန် ထွေရာလေးပါး ပြောဖြစ်ကြတယ်။

အိမ်ရှေ့ကားလမ်းပေါ်မှာ "အိမ်ရှင်တို့ အိမ်ရှင်တို့" ခေါ်သံကြားတော့ သင်းသင်း ပြေးထွက်သွားတယ်။

သင်းသင်းဆိုတာက မိတ်ဆွေကြီး ဦးထွန်းမြင့်ရဲ့သမီးပါ။ သင်းသင်းနဲ့အတူ ပါလာတဲ့ ချော့သည်အမျိုးသမီးကို ကြည့်လိုက်တော့ စာရေးသူရဲ့ တပည့်သားသမီးထဲကပါပဲ။

"လာ သမီးထိုင်" လို့ စာရေးသူကပဲ ဖိတ်ခေါ်လိုက်ပါတယ်။ ကျုံ့ကျုံ့လေး ထိုင်ပြီး ပြုံးရွှင်သော မျက်နှာလေးနဲ့ စာရေးသူကို လန်ဒန်စီးကရက်တစ်ဘူး ကမ်းပေးပါတယ်။

တစ်ဆက်တည်းမှာပဲ...

'သမီး ဆရာဆီ သက်သက်လာတာ၊ ဆရာ စီရင်ပေးလိုက်လို့ ဈေးတော့ အတော်ရောင်းရတယ်'

လို့ ပြောမှ သတိတရ ဖြစ်မိတော့တယ်။

ဗထမတစ်ခေါက်က ဈေးရောင်းမကောင်းတဲ့အကြောင်းနဲ့ အနီးအနားမှာ မိမိလို ကုန်ခြောက်ရောင်းတဲ့ဆိုင်တွေရှိကြောင်း၊ ဈေးရောင်းကောင်းအောင် အဆောင်လုပ်ပေးရန် တောင်းဆိုတဲ့အတွက် စီရင်ပေးခဲ့ပုံတွေ တွေးမိတော့တယ်။

အဲဒီတော့မှ စာရေးသူလဲ မိမိလုပ်ပေးတာ အောင်မြင်တယ်ဆိုတော့ ပီတိဖြစ်မိတာ အမှန်ပါ။ ဒီစမလေးကလဲ လုပ်ပေးတဲ့သူတိုင်း တော်တော် အောင်မြင်မှုရပါတယ်။

အောင်မြင်မှုအတွက် ဆေးလိပ်တစ်ဘူးလာပြီး ကန်တော့တာပဲလို့ တွေးလိုက်ပါတယ်။ ဒီလိုလုပ်ပေးမှ မဟုတ်ပါဘူး။ ကြုံရင် ကြုံသလို လက်ဆောင်ကအစ ပေးနေတဲ့သူတွေဆိုတော့ စာရေးသူလဲ ပြုံးပြီး လက်ခံယူလိုက်ပါတယ်။

စာရေးသူ မြန်အောင် ရေနံမြေရောက်ခဲ့စဉ်က မိသားစုလို ခင်မင်ကြသူတွေက ဈေးခေါ်လုပ်ပေးဖို့ တောင်းတော့ အတော်ကလေး ထိရောက်အောင်မြင်မှုရှိတဲ့ မိမိရဲ့ လက်စွဲတော် ဈေးခေါ် စမလေး ကြုံကြိုက်တုန်း လုပ်ပေးခဲ့ရတယ်။

ဒီစမလေးကလဲ ရှေးအစဉ်အဆက် ဂန္ဓာရီပုဂ္ဂိုလ်ကျော်များ စီရင်ပေးခဲ့တဲ့ စမလေးတစ်ချပ်ပါ။ အောင်မြင်မှု သရဖူဆောင်းတဲ့ စမတစ်ချပ်ဖြစ်တဲ့အတွက် စီရင်ဆောင်ရွက်ကြည့်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်ဟု နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ မျှဝေပေးလိုက်ပါတယ်။

**စီရင်ပုံကတော့...**

စမစီရင်ဆောင်ရွက်မည့် ပုဂ္ဂိုလ်သည် ရေမိုးချိုး သန့်စင်ရပါမည်။ ပွဲတစ်ပွဲပြင်ပါ။ အုန်းတစ်လုံး၊ ရခိုင်ငှက်ပျော အဖီးကောင်းကောင်း သုံးဖီး၊ အလင်းတိုင် ငါးတိုင်၊ နံ့သာတိုင် ငါးတိုင် မီးထွန်းပူဇော်ပါ။


စမရေးရန်အတွက် ငွေပြားတစ်လက်မပတ်လည်ဆို လုံလောက်ပါသည်။ မည်သည့်လမဆို **တနင်္လာနေ့ တစ်နေ့၏ အရုဏ်တက် နေစထွက်ချိန်တွင်** မြတ်စွာဘုရား အား ရည်စူးပြီး ပွဲလှူဒါန်းပါ။

ပြီးလျှင် စားပွဲခပ်သေးသေးပေါ်တွင် ပိတ်ဖြူခင်းပြီးလျှင် ငွေပြားပေါ်တွင် ဖော်ပြပါ စမအား ကညစ်တံ(သို့) ချွန်ထက်သောစူး(သို့) မင်ကုန်သော ဘောလ်ပင် ရရာတစ်ခုခုဖြင့် ရေးပါ။

စမတစ်ကြောင်းတည်း ပထမဆွဲသည့်အခါ **ကကြီးမှစ၍ ကကြီးအဆုံးသတ်ပါ။**

နောက် **ယ–မ–ထ** စမတစ်လုံးချင်း ရေးရပါမည်။ **က–ယ–မ–ထ ဈည်းစမသည် သူရဿတီနတ်သမီးစောင့်သောစမ** ဖြစ်ပါသည်။

***






www.burmeseclassic.com

www.burmeseclassic.com

ပိဋကတ္တယ သံပုဏ္ဏံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ၊
ဓိဝုဌေမေ နိသီဒိတ္ဝာ၊ မန္တာရေတု သူရဿတီ။
ဦးသူရဿတီစ မေမာတာ၊ မာတာစ မေ
သူရဿတီ၊
အနုကမ္ပံ ဥပါဒါယ၊ လာဘံဒေတု သူရဿ
တီ။
ဦးနရာ ဒေဝါစ ဖြူပ္ပုနော၊ ယက္ခာ နာဂါစ
ဂရုဠာ၊ တေသံစိတ္တံ ပီယံမမ ဟေဟိ ဟေဟိ
ခိပ္ပံဟေဟိ။

အနက်

**ပိဋကတ္တယ သံပုဏ္ဏံ**– ပိဋကတ် သုံးပုံနှင့် ပြည့်စုံသော၊ ဝါ–ပိဋကတ် သုံးပုံကို သိမြင်ပါပေသော၊ **သဗ္ဗသိဒ္ဓိ သုခါဝဟံ**– အလုံးစုံသော ပြီးစီးခြင်း၊ ချမ်းသာခြင်းကို ဆောင်ပါပေသော၊ **သူရဿတီ**– သူရဿတီနတ်သမီးသည်၊ **မေ**– အကျွန်ုပ်၏၊ **ဓိဝုဌေ**– လျှာဖျား၌၊ **နိသီဒိတ္ဝာ**– ထိုင်နေလျက်၊ **မံ**– အကျွန်ုပ်ကို၊ **မာရေတု**– ချမ်းသာခြင်းသို့အရောက်ဆောင်ပါစေသတည်း။ ဝါ–တစ်နည်း **မာရေတု**– စောင့်ရှောက်ပါစေတည်း။

**ဦး**– ဘုရားသုံးဆူ ကြည်ဖြူဝမ်းမြောက် စောင့်ရှောက်ပါစေသတည်း။ **သူရဿတီစ**– သူရဿတီနတ်သမီးသည်လည်း၊ **မေ**– အကျွန်ုပ်၏၊ **မာတာ**–အမိဖြစ်ပါစေ၏၊ **မေ**– အကျွန်ုပ်၏၊ **မာတာစ**–အမိသည်လည်း၊ **သူရဿတီ**– သူရဿတီနတ်သမီး ဖြစ်ပါပေ၏၊ **အနုကမ္ပံ**–အစဉ်သနားခြင်းကို၊ **ဥပါဒါယ**– အကြောင်းပြု၍၊ **သူရဿတီ**– သူရဿတီနတ်သမီးသည်၊ **လာဘံ**– လာဘ်လာဘကို၊ **ဒေတု**– ပေးပါစေတည်း။

**ဦး**– ဘုရားသုံးဆူ သတိမူ၏ (ဤ၌ ဘုရားသုံးဆူကား– ဗုဒ္ဓဘာသာက ဘုရားသုံးဆူမဟုတ်၊ ဟိန္ဒူဘာသာက ဘုရားသုံးဆူဖြစ်၏။)၊

**နရာစ**– လူတို့သည် လည်းကောင်း၊ **ဒေဝါစ**– နတ်တို့သည်လည်းကောင်း၊ **ဖြူပ္ပုနောစ**– ဖြူပ္ပာတို့သည် လည်းကောင်း၊ **ယက္ခာစ**– ဘီလူးတို့သည် လည်းကောင်း၊ **နာဂါစ**– နဂါးတို့သည် လည်းကောင်း၊ **ဂရုဠာစ**– ဂဠုန်တို့သည်လည်းကောင်း၊ **ဟေဟိ**–လာလော့၊ **ဟေဟိ**–လာလော့၊ **ခိပ္ပံ**–လျင်စွာ၊ **ဟေဟိ**– လာလော့၊ **တေသံစိတ္တံ**– ထိုသတ္တဝါတို့၏စိတ်သည်၊ **မမ**– ငါ့အား၊ **ပီယံ**– ပိယတု ချစ်ခင်စေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွေ့စရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ဆိုပြီးလျှင် ယင်းစမအား ဖော်ပြပါ ဂါထာဖြင့် (၇)အုပ်မန်း၍ သိဒ္ဓိတင်ရပါသည်။ အမွှေးနံ့သာရည် ပက်ဖျန်းပြီး ငွေသေတ္တာတွင် သော်လည်းကောင်း၊ ပိုက်ဆံအိတ်နှင့် သော်လည်းကောင်း စမအား ထားနိုင်ပါသည်။

စမအား ရေတွင်စိမ်၍ ဖြစ်စေ၊ နံ့သာရည်တွင် စိမ်၍ဖြစ်စေ စိမ်ပြီး ရောင်းလိုသော ကုန်များကို ပက်ဖျန်းပြီး ရောင်းပါ။ ဉာဏ်ရှိသလို သုံးနိုင်ပါသည်။

***သမ္မာအာဇီဝ သက်မွေးမှုဖြင့် ကြီးပွားတိုးတက်ကြပါစေ။***

လ နေ (ပမ္မဝတီ)

[illegible]

ရေးသား

နိုင်ပါသည်...

စာမူပို့ရန်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၄၇၊ (၂၈)လမ်း၊
ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့။
ဖုန်း–၀၁–၂၄၁၀၄





www.burmeseclassic.com

www.burmeseclassic.com

# ထုက္ကန့်သိမ်ပုထိုးတော် !

## ရှေးခေတ် ရခိုင်ဂိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၅)

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

### ယခင်လမှ အဆက်

* * *ပုံ(၁၅)

ထုက္ကန့်သိမ်ပုထိုးတော် အဝင်ဝ လိုဏ်ပတ် လက်ယာဘက် ဘုရားဆင်းတု မုခ်ပေါက် နံပါတ်(၅) ဘယ်ဘက်မှ နံပါတ်(၈)အရုပ် ကျောက်ဆစ်ရုပ်ကြွကို မပျက်စီးဘဲ ကျန်ရှိနေသလောက် အနေအထားကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မိန်းမရုပ်ဟု ခန့်မှန်းရပါ၏။ ပုံ(၁၅) မူရင်းကျောက်ဆစ်ရုပ်ကြွမှာ မျက်နှာ ကျိုးပဲ့နေပေပြီး ရုပ်ကြွအမြင့်(၂)ပေ (၁)လက်မခန့်၊ အကျယ်(၁)ပေ (၁) လက်မခန့်၊ ရုပ်ကြွအထု (၆)လက်မခန့် ရှိပါသည်။

လက်တွင် ကြာဖူးကလေး တစ်ဖူး ကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်၏ လက်ကောက်ဝတ်တွင် လက်ကောက်ပြားကြီး တစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီအပေါ်စ အနားကို ရင်သားနားတွင် အရစ်ကလေးဖြင့် တွေ့ရှိရပါ၏။ ဘယ်ဘက်လက်ရှေ့တွင် တဘက်စ အစွန်းတစ်စွန်းကို ချထားပါသည်။ တဘက်စအဆုံးတွင် အမြိတ်ကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါ၏။

အင်္ကျီအောက်စကို တင်ပါးဖုံးသည့်အထိ ဝတ်ဆင်ထားပါ၏။ အင်္ကျီအောက်နားစကို အရစ်နှစ်ရစ် ဖော်ထားပါသည်။ ခါးကြိုးစ နှစ်စကိုလည်း ပန်းဖွားအလှဖော်၍ ပေါင်ပေါ်တွင် တင်ထားပါသည်။

ထဘီအခေါက်ကို အရစ်ကလေး နှစ်ရစ် ဖော်ထားပါသည်။ ထဘီအောက်နားစကိုလည်း အရစ်သုံးရစ်ဖြင့် အလှဆင်ထားပါသည်။ ဤပုံ(၁၅)လက်ရာကို မူရင်းကျောက်ဆစ်ရုပ်ကြွ၌ မပျက်စီးဘဲ ကျန်ရှိနေသေးသည့် လက်ရာလောက်ကိုသာ ဖော်ပြလိုက်ရပါသည်။

ပုံ-၁၅



ပုံ-၁၆



* * *ပုံ(၁၆)

ဤလက်ရာကိုလည်း မူရင်း ကျောက်ဆစ်ရုပ်ကြွ အနေအထားကို ခန့်မှန်းပြီး ယောက်ျားကျောက်ဆစ်ရုပ်ကြွဟု ခန့်မှန်းယူဆရပါ၏။ ထုက္ကန့်သိမ်ပုထိုးတော်အဝင်ဝ လိုဏ်ပတ် လက်ယာဘက် ဘုရားဆင်းတုမုခ်ပေါက် နံပါတ်(၅)၊ ညာဘက်ရုပ်ကြွ နံပါတ်(၉) လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်(၂)ပေ (၃)လက်မခန့်၊ အကျယ်(၁)ပေ (၅)လက်မခန့်နှင့် ရုပ်ကြွအထု(၆) လက်မခန့် ရှိပါသည်။

မူရင်းလက်ရာတွင် မျက်နှာနှင့် ဖောင်းတော် ပျက်စီးသွားပေပြီ။ လက်နှစ်ဖက်တွင် ကြာဖူးကလေး တစ်ဖူး ကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။


တဘက်ကို ရှေ့တစ်စ၊ နောက်တစ်စ ချ၍ ပခုံးနှင့် ချိုင်းအောက်ကို ရစ်ပတ်ထားပါသည်။

တဘက်ကို အထက်လိုင်း နှစ်ကြောင်း၊ အောက်လိုင်း နှစ်ကြောင်းဖြင့် အနားသတ်၍ တဘက်စအဖျားကို လှိုင်းတွန့်ကလေးများဖြင့် အလှဆင်ထားပါသည်။


ခါးပတ်ကိုလည်း လိုင်းလေးကြောင်းဖြင့် အလှဆင်ထားပြီး ခါးပတ်ခေါက်ကာ ပေါင်ပေါ်တွင် အပြားလိုက်

www.burmeseclassic.com

www.burmeseclassic.com


ပုံ-၁၇


ပုံ-၁၈


ပုံ-၁၉

တင်ထားပါသည်။

ပုဆိုးအောက်ခြေ အနားကိုလည်း အနားသတ် လိုင်းနှစ်ကြောင်းဖော်၍ အလှဆင်ထားပါသည်။ မူရင်းလက်ရာတွင် မပျက်စီးဘဲ ကျန်ရှိ တွေ့နေရသည့်အတိုင်းသာ ရေးဆွဲဖော်ပြထားခြင်းဖြစ်ပါသည်။

* * *ပုံ(၁၇)

**ပုံ(၁၇)ဒီဇိုင်းလက်ရာကို ထုတ္တနို့ သိမ်အဝင်ဝ လိုဏ်ပတ် လက်ယာဘက် ဘုရားဆင်းတုမှန် လက်ဝဲဘက်မှ** ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၃၂)ကို မပျက်စီးဘဲ ကျန်ရှိသလောက်ကို ကူးယူ ရေးဆွဲဖော်ပြထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့်(၁)ပေ (၈)လက်မခန့်၊ အကျယ်(၁)ပေ (၄)လက်မခန့်နှင့် ရုပ်ကြွအထူ(၅)လက်မခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဦးခေါင်း ပျက်စီးသွားပေပြီ။ မိန်းမရုပ်ဟု ခန့်မှန်းရပါ၏။ လက်နှစ်ဖက်တွင် ကြာဖူးကလေးတစ်ဖူး ကိုင်ပြီး ဘုရား ပူဇော်နေဟန် တွေ့ရှိပါသည်။

တဘက်စ တစ်စကို တင်ပါးနားထိရောက်အောင် နောက်တွင် ချထားပါ၏။ အင်္ကျီကို တင်ပါးနားထိရောက်အောင်ချ၍ ဝတ်ဆင်ထားပါသည်။ ပေါင်ပေါ်တွင် ခါးကြိုးစကို ခေါက်၍ အပြားလိုက် တင်ထားပါသည်။

ထဘီကို ဒူးနားလောက်တွင် အခေါက် ဖော်ထားပါသည်။ ထဘီအောက်နားစ ဖော်ထားပြီး ခြေမျက်စိနားထိဖုံးအောင် ဝတ်ဆင်ထားပါသည်။

ထဘီနားတွင် အရေးအကြောင်း အဆင်တန်ဆာများ မတွေ့ရှိရတော့ပေ။ ရိုးရိုးကလေးသာ ဝတ်ဆင်ထားသည်ကို တွေ့ရှိပါသည်။

* * *ပုံ(၁၈)

**ပုံ(၁၈)ဒီဇိုင်းလက်ရာကို ယောက်ျားရုပ်ဟု ခန့်မှန်းရပြီး အဝင်ဝ လိုဏ်ပတ်** လက်ယာဘက် ဘုရားဆင်းတုမှန် လက်ယာဘက်မှ အမှတ်(၃၃) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဖောင်းတော် မပါရှိတော့ပေ၊ နဖူးစည်း အပြား တစ်ပြားသာ ကျန်ရှိပါတော့သည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၁)ပေ (၇)လက်မခန့်၊ အကျယ်(၁)ပေ (၂)လက်မခန့်နှင့် ရုပ်ကြွအထူ(၆ ½) လက်မခန့် ရှိပါသည်။ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ် ပီပြင်စွာ တွေ့ရှိရပါ၏။ နားနှစ်ဖက်တွင် နားတောင်းလုံး ဝတ်ဆင်ထားပါသည်။ ယောက်ျားရုပ်ဟန် တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ် သုံးရစ် ပါရှိပါ၏။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူး ကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

တဘက်စ ရစ်ပတ်ထားပြီး တဘက်စ နှစ်စကို ရှေ့တစ်စ၊ နောက်တစ်စ ချထားပါသည်။ တဘက်စကိုလည်း အပြားလိုက် အချောသာ တွေ့ရှိရပါသည်။

ခါးတွင် ခါးကြိုးပတ်ထားပြီး ခါးကြိုးစအပြားကို ပေါင်ပေါ် တင်ထားပါသည်။ ခါးကြိုးစတစ်စကို တင်ပါးနှင့် ခြေသလုံးကြားတွင် ထိုးချထားပါသည်။

ပုဆိုးကို ခြေမျက်စိဖုံးအောင်ထိ ဝတ်ဆင်ထားပြီး ပုဆိုးတွင် အဆင်တန်ဆာ အရေးအကြောင်းများ မတွေ့ရှိရတော့ပေ။

ဤပုံ(၁၈) ဒီဇိုင်းလက်ရာမှာ ရိုးရိုးလေး ဝတ်ဆင်ထားသည့် အနေအထားသာ တွေ့ရှိရပါသည်။

* * *ပုံ(၁၉)

**ပုံ(၁၉)မှာ** မူရင်းကျောက်ဆစ်ရုပ်ကြွ၌ မျက်နှာနှင့် အဝတ်အဆင်တန်ဆာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ဤ ဒီဇိုင်းလက်ရာကို ပုထိုးတော်ကြီးအဝင်ဝ လိုဏ်ပတ်လက်ယာဘက်



www.burmeseclassic.com

www.burmeseclassic.com







ဘုရားမုန် လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၃၄)ကို ကူးယူရေးဆွဲထားသော လက်ရာတစ်ခုပင်ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်(၁)ပေ (၁၁)လက်မခန့်၊ အကျယ်(၁)ပေ (၁)လက်မခန့်နှင့် ရုပ်ကြွအထု(၅)လက်မခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်လက်ရာတွင် ဆံထုံးနှင့် မျက်နှာပြင် ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်များ ပေါ်လွင်နေပါသေးသည်။

အဝတ်အဆင်များတွင် အဆင်တန်ဆာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ပူဇော်နေသည်ကို တွေ့ရှိရပါသည်။ လက်ယာဘက်တွင် တဘက်စတစ်ခု ချထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးကြိုးပတ်ထားပါသည်။ ခါးကြိုးစနှစ်ခုကို ပေါင်ပေါ်တွင် အပြားလိုက် ချထားပါသည်။ ထဘီကိုလည်း ခြေချင်းဝတ်ထိ ချ၍ ဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၁၉)လက်ရာမှာ အမျိုးသမီးရုပ်ဖြစ်ဟန် တွေ့ရှိရပါသည်။

* * *ပုံ(၂၀)

**ပုံ(၂၀)** မူရင်းကျောက်ဆစ် ရုပ်ကြွတွင်လည်း အဆင်တန်ဆာ အရေးအကြောင်းများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ဤပုံ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွကို ထုက္ကန္နသိမ် ပုထိုးတော်အဝင်ဝ လိုဏ်ပတ်လက်ယာဘက် ဘုရားမုန် လက်ယာဘက် အရုပ်နံပါတ်(၃၅) လက်ရာပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၁)ပေ (၉)လက်မခန့်၊ အကျယ်(၁)ပေ (၁)လက်မခန့်နှင့် ရုပ်ကြွအထု(၆)လက်မခန့် ရှိပါသည်။

ပုံ(၂၀) မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဗောင်းတော်၏ နဖူးစည်းဖောင်းတစ်ခုသာ ကျန်ရှိပြီး ကျန်နေရာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်တွင်လည်း ကြာဖူးတစ်ဖူးဖြင့် ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်,ပတ်ထားပြီး ပေါင်ပေါ်တွင် ခါးပတ်စကို အပြားလိုက် ချထားပါသည်။

တင်ပါးနောက်ဘက်သို့လည်း ခါးပတ်စ တစ်စ ကား၍ ချထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးကိုလည်း ခြေချင်းဝတ်ထိ ဖုံးအောင် ဝတ်ဆင်ထားပါသည်။ ဤပုံ(၂၀) မူရင်းကျောက်ဆစ်ရုပ်ကြွမှာ ယောက်ျားရုပ်ဖြစ်ဟန် တွေ့ရှိရပါသည်။

* * *ပုံ(၂၁)

**ပုံ(၂၁)**ဒီဇိုင်းလက်ရာကို ထုက္ကန္နသိမ်ပုထိုးတော်အဝင်ဝ လိုဏ်ပတ်လက်ယာဘက်ဘုရားမုန် လက်ဝဲဘက်မှ အရုပ်နံပါတ်(၃၆)ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၁)ပေ (၁၀)လက်မခန့်၊ အကျယ်(၁)ပေ (၁)လက်မခန့်နှင့် ရုပ်ကြွအထု(၅)လက်မခန့် ရှိပါသည်။ ရုပ်ကြွတွင် ဗောင်းတော်မျက်နှာနှင့် အဆင်တန်ဆာ အရေးအကြောင်းများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ဗောင်းတော်မှာ နဖူးစည်းဖောင်းတစ်ခုသာ ကျန်ရှိပြီး ကျန်နေရာများ ချောမွတ်နေပေပြီ။

လည်ပင်းတွင် လည်ရစ်များ ရေးရေးလေး တွေ့ရှိရပါသေးသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

တဘက်ကို ညာဘက်ပခုံးနှင့် ဘယ်ဘက်နံပါးကို ရစ်ပတ်၍ အစတစ်စကို ညာဘက် လက်ပေါ်တင်ကာ ချထားပါသည်။

ခါးတွင် ခါးပတ်,ပတ်ထားပြီး ခါးပတ်စကို ပေါင်ပေါ်တွင် တင်၍ ချထားပါသည်။ ပုဆိုးကို ခြေချင်းဝတ်ထိ ချဝတ်ထားပါသည်။ ဤပုံ(၂၁)ရုပ်မှာ အမျိုးသားရုပ်ဖြစ်ဟန် တွေ့ရှိရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ပန်းချီထူးလှ

(ရွှေဟောင်းသုတေသန)



www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံ ရတနာဒီပံ

ပူဇော်နည်း

မြန်မာလွန်း

မြဝတီမြို့သည် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ဗေဒင်ဟောပြောသူများလည်း များလှပါသည်။ အကြားအမြင်၊ နတ်၊ ဘိုးတော်တို့ဖြင့် ဟောကြားသော ဆရာများ ရှိသကဲ့သို့ ဝေဒပညာရပ်ဖြင့် ဟောကြားပေးနေသော ဆရာများလည်း ရှိပါသည်။ ယင်းတို့အနက် နက္ခတ်ဗေဒင်ပညာဖြင့် ဟောကြားပေးနေသော ဆရာဦးနေလင်းနှင့် တွေ့ဆုံခဲ့ရပါသည်။

ဆရာနေလင်းနှင့် စာဖတ်ပရိသတ်အား မိတ်ဆက်ပေးရမည်ဆိုပါက ဆရာနေလင်းသည် ယခင်က သာမည တွင် နေထိုင်ခဲ့ပါသည်။ သာမည ဆရာတော်ကြီး၏ နေနှင့်လ အမှတ်တံဆိပ်ကိုယူကာ ဆရာနေလင်းအမည်ကို ခံယူခဲ့ပါသည်။

နက္ခတ်ဗေဒင်ကို အထူးဦးစားပေးသုတေသနပြု ဟောပြောလျက်ရှိပြီး ကေစက္က၊ ဒွေစက္က၊ တြိစက္ကဇာတာတို့ကို ဖွဲ့ပေးပါသည်။ ဆရာသည် အင်းပညာ၊ စမပညာတို့ဖြင့် ရတနာဒီပံ မီးထွန်းပေးခြင်း၊ မဟာဒီပံ မီးထွန်းပေးခြင်း၊ ခါတ်ရိုက်ခါတ်ဆင်နှင့် ယတြာချေပေးခြင်းတို့ကို ပြုလုပ်ပေးနေပါသည်။

ဆရာနေလင်းသည် မော်လမြိုင်နက္ခတ်ဝိဇ္ဇာ ပြက္ခဒိန်တော်ဆက် ဆရာဦးစန်းမြ၊ ရွှေရင်ကျော် ဆရာဦးစန်းမောင်တို့ထံ၌ ဝေဒပညာကို ဆည်းပူးခဲ့ပြီး လျှပ်စစ်ဦးအုန်းသင်၏ လင်္ဂကောက်ကိန်းကို အသုံးပြုကာ ဟောပြောလျက်ရှိပါသည်။

ဆရာ့ထံမှ ငွေဝင်လာဘ်ရွှင် သရဏဂုံ ရတနာဒီပံ ဆီမီးထွန်းညှိ ပူဇော်နည်းကို မေးမြန်းရယူ၍ အများသူငါအတွက် ရေးသားတင်ပြပေးလိုက်ရပါသည်။

## သရဏဂုံ ရတနာဒီပံ စီမံပြုလုပ်နည်း


၁။ မီးလောင်လွယ်သော ဂုံစက္ကူမှကို ယူ၍ သုံးလက်မပတ်လည် စက္ကူချပ်သုံးခုပိုင်း ဖြတ်ထားပါ။

၂။ ပထမစက္ကူ၌ အလျား တစ်လက်မခွဲ၊ အနံ တစ်လက်မခွဲခန့် လေးထောင့် စတုရန်းဘောင်ခတ်ပါ။

၃။ ယင်းအတွက်၌ လက်မဝက်အကွာ အဝေးစီ အလျားလိုက် မျဉ်းနှစ်ကြောင်း ထောင်လိုက်မျဉ်း နှစ်ကြောင်းဆွဲပါ။ ထိုအခါ စတုရန်း(၉)ကွက် ပေါ်လာပါလိမ့်မည်။

၄။ ထို စတုရန်း (၉)ကွက်ထဲ၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဟူသော စာလုံးကို ပုံပါအတိုင်း ရေးသွင်းပါ။

၅။ အလယ် စတုရန်းကွက်၌ လိုသူ၏ မွေးနံထည့်ပါ။



(၁)
လေးထောင့်ဘောင် ခတ်ပါ။

| | | |
|---|---|---|
| ဗု | ဒ္ဓံ | ဿ |
| ဂ | မွေးနံ | ဒ္ဓံ |
| သ | ဝိ | ဏံ |

၆။ မွေးနံနေရာ၌ တနင်္ဂနွေ= > ။ တနင်္လာ= / ။ အင်္ဂါ= ။ ဗုဒ္ဓဟူး= ။ ကြာသပတေး= ။ သောကြာ= ။ စနေ= စသော ဂဏန်း သင်္ကေတ များကို ထည့်ပါ။

၇။ ထိုသို့ ပြုလုပ်ပြီးလျှင် ယင်းဂုံစက္ကူကို မိမိထွန်းညှိ ပူဇော်လိုသော ဆီမီးတိုင်တွင် ပတ်၍ ကော်ဖြင့်ကပ်ပါ။

၈။ ထိုဆီမီး ဖယောင်းတိုင်ကို...

'ဥုံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ သံဃ သိဒ္ဓိ' ဟု (၉)ခေါက် ရွတ်ပါ။

ထပ်မံ၍...

ဥုံ ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ ဟူ၍ (၉)ခေါက် ရွတ်ပါ။

ဤတွင် ဗုဒ္ဓရတနာဒီပံ ဆီမီးတိုင်ကို ရရှိပါပြီ။

၉။ အထက်က ဗုဒ္ဓ ရတနာဒီပံ ဆီမီးတိုင်ကို စီရင်သကဲ့သို့ ဓမ္မရတနာဒီပံ ဆီမီးတိုင်ကို ပြုလုပ်နိုင်ပါသည်။

| | | |
|---|---|---|
| ဓ | ရ | ဿ |
| ဂ | မွေးနံ | မ္မံ |
| သ | မိ | ဏံ |

ယင်း ဂုံစက္ကူပေါ်တွင် ဓမ္မံ သရဏံ ဂစ္ဆာမိကို ရေးဆွဲပြီးနောက် ပူဇော်လိုသော ဆီမီးတိုင်၌ပတ်၍ ကော်ဖြင့်



ဆရာ ဦးနေလင်း





www.burmeseclassic.com

www.burmeseclassic.com



ကိုစနေ

# ထိခိုက်ဒဏ်ရာများ

## သွေးအမြန်တိတ်သည့် စတီနည်း

တစ်နေ့သော ည (၉)နာရီကျော်ခန့် ဘာယာမြို့သစ်နေ ဦးအောင်မောင်း အိမ်တွင် (ESPN)လိုင်းမှ လာသော နိုင်ငံခြားဘောလုံး ပွဲစဉ်များအား ကြည့်ပြီး အပြန် (၆)လမ်းထိပ် ကိုရဲဝင်းဇော် အိမ်မှ အလုအယက် စကားပြော နေသည့် ဆူဆူညံညံ အသံများကို ကြားရပါသည်။

'ဟေ့ ရဲဝင်း ကောင်လေး ဘာတွေ ဖြစ်နေကြတာလဲဟ'

ကျွန်တော့် အသံကြားသဖြင့် ကိုရဲဝင်းဇော် အိမ်ရှေ့သို့ ထွက်လာပြီး...

'ဦးသန်းဝင်း ခဏဝင်ပါဦး၊ (၁၃)လမ်းက လူပျို သိုးကြီး ရောက်နေတယ်'

လူပျိုသိုးကြီး ဆိုသူမှာ ကျွန်တော်တို့ ရဲဝင်းဇော်တို့နှင့်အတူ ပြီးခဲ့သည့် သင်္ကြန်တွင်းက ဒုလ္လဘဝတ်ခဲ့သူ ကိုအောင်ကျော်ကျော် ဖြစ်ကြောင်း ချက်ချင်းဆိုသလို သိလိုက်ပါသည်။

ကျွန်တော် အိမ်ပေါ်သို့ ရောက်သွားချိန်တွင် ကိုအောင်ကျော်ကျော်နှင့် ဓာတ်ကျွရွာသစ်မှ ကိုကျော်ဌေးတို့ ခုနွေးကြမ်း ဝိုင်းဖွဲ့ရင်း စကားကောင်း နေသည်ကို တွေ့ရ၏။

'ကောင်လေးတွေ ဘာအကြောင်းမို့ ဒီလောက်ဆူညံအောင် ပြောနေကြတာလဲဟ'

'လာ ဦးသန်းဝင်း၊ ဘာရယ်မဟုတ်ပါဘူး။ အမေမွေးကတည်းက ကျယ်လောင်ကျယ်လောင် ပြောတတ်တဲ့ ကျော်ဌေးက ဒီအတိုင်းပဲ။ ဘာပြောပြော တိုးတိုးမပြောတတ်တာဗျို့'

အောင်ကျော်ကျော် စကားကြောင့် ကျော်ဌေးတစ်ယောက် ရယ်ကျဲကျဲနှင့် ကြည့်နေ၏။ ကျွန်တော် သူတို့အနီးသို့ ဝင်ထိုင်ရင်း...

'အလည်လာကြတာလား'

'ကြုံလို့ပါ ညနေက (၉)လမ်းမှာနေတဲ့ သူငယ်ချင်းတစ်ယောက် ခြံထဲမှာ သန့်ရှင်းရေးလုပ်ရင်း ခြေထောက်ကို ပေါက်ပြားထိသွားတယ်။

ဆေးခန်းသွားပေမယ့် ဒဏ်ရာက သွေးမတိတ်ဘူးကြားလို့ ဒီက ဆရာကြီး ဦးကျော်ဌေးကိုခေါ်ပြီး သွေးတိတ်အောင် သွားလုပ်ပေးတာ။ ပြီးမှ အိမ်မပြန်သေးဘဲ ရဲဝင်းဆီထွက်လာကြတာ'

'အံ့မယ်... ကျော်ဌေးက သွေးတိတ်အောင် မန်းတတ်တယ်လား'

ကျော်ဌေးမှ ခေါင်းကို ကုတ်ရင်း...

'မန်းတာတော့ မဟုတ်ဘူး ဦးသန်းဝင်းရဲ့၊ ဘယ်လိုခေါ်ရမလဲတောင် မသိဘူးဗျာ၊ စတီနည်း ဆိုမလားဘဲ'

'ကိုယ့်ဟာကိုယ်တောင် ဘာမှန်း မသိဘူးဆိုတော့ မင်းဥစ္စာ ဘယ်လိုကြီးလဲဟ'

'လုပ်နည်းကို ပြောပြမယ် ဦးသန်းဝင်းရာ၊ ပြီးမှ ကြိုက်သလိုသာ ခေါ်ပေတော့။ လက်တွေ့ကုသပေးတာတော့ (၇)ယောက်လောက်ရှိသွားပြီ'

'ကဲ... ပြောပါဦး'

'ဒီလိုဗျာ... ထိခိုက်ဒဏ်ရာရလို့ သွေးထွက် များနေရင် အမျိုးအစားမတူတဲ့ သစ်ရွက်သုံးရွက်ကို နောက်ပြန်ခူးရမယ်။ ဥပမာဗျာ ဝါးရွက်၊ ကအူရွက်၊ သရက်ရွက် စသဖြင့်ပေါ့။ အမျိုးအစား မတူရင်ပြီးရော၊ ဘာရွက်ဖြစ်ဖြစ်ရတယ်။

အဲဒီလို သစ်ရွက်သုံးရွက်ခူးပြီး ရေစင်အောင်ဆေး ပြီးရင် အဲဒီသစ်ရွက်သုံးရွက်ကို ကြေမွသွားအောင် လုံးခြေရမယ်။ သတ္တုရည်မထွက်လဲရတယ်။

သစ်ရွက်တွေ ကြေမွသွားပြီဆိုရင် သရဏဂုံသုံးခေါက် ရွတ်ပြီး အနာပေါ် ဖိပြီးအုံပေးလိုက်၊ ချက်ချင်းသွေးတိတ်သွားလိမ့်မယ်။ သွေးတိတ်သွားမှ ကြိုက်ရာဆေးလိမ်းပေါ့'

'ဟ ဟုတ်လှချည့်လားကွ၊ ဒါနဲ့ ဒီနည်းကို မင်း ဘယ်ကရသလဲပြောပါဦး'

'ကျွန်တော် တောထဲ(ပဲခူးရိုးမတောင်)အလုပ်သွားလုပ်ရင်း ဟိုင်းစုရွာမှာနေတဲ့ ဆင်ဦးစီး



www.burmeseclassic.com

www.burmeseclassic.com

ကိုမြင့်စိုးဆိုတဲ့လူက ပြောပြတာ။ သူ့တောထဲမှာ ဆင်ကောက်(လွတ်ထားသော ဆင်ကို လိုက်ရှာခြင်း)ရင်း ဖါးလုတ်ထိုးမိတော့ တောင်ယာထဲက ဘကြီးတစ်ယောက်က ဒီနည်းနဲ့ ကုပေးခဲ့တာတဲ့။

ကိုမြင့်စိုးကလဲ အဲဒီနည်းကို တွေ့တဲ့လူတိုင်းကို ပြောပြတယ်။ တစ်ဆင့် ပြောပေးဖို့လဲ အတန်တန်မှာပါတယ်။ ဆေးရုံဆေးခန်းဝေးတဲ့ ရွာတွေနဲ့ တောထဲတောင်ထဲမှာ ထိခိုက်အဏ်ရာရရင် သုံးနိုင်အောင်လို့လဲ ပြောလိုက်ပါတယ်'

'အင်း စေတနာကောင်းတဲ့ လူပေါ့ကွာ။ ဆေးရုံဆေးခန်းနဲ့ အလှမ်းဝေးတဲ့ တောင်ခြေလို ရွာမျိုးတွေ၊ တောထဲတောင်ထဲတွေမှာ အလုပ်လုပ်နေကြရင်း ထိခိုက်ဒဏ်ရာရလို့ သွေးထွက်လွန်တာမျိုးဟာ အသက်ဆုံးရှုံးတဲ့အထိ ဖြစ်သွားနိုင်တယ်။

ဒီနည်းနဲ့ သွေးတိတ်အောင် လုပ်ပြီးမှ ဆေးရုံဆေးခန်းပို့ရင် အသက်အန္တရာယ် မဖြစ်နိုင်တော့ဘူးပေါ့။ လွယ်လွယ်နဲ့ ထိရောက်တန်ဖိုးရှိလှတဲ့ နည်းလေးပါပဲ။

ဒီနည်းကို **စေတနာကောင်းနဲ့ ပေးခဲ့တဲ့ တောင်ယာထဲက အဘအိုရယ်၊ ဟိုင်းစုရွာက ဆင်ဦးစီး ကိုမြင့်စိုးရယ်၊ လက်တွေ့ကုသပေးနေတဲ့ ကိုကျော်ငွေးတို့** ကျန်းမာ ချမ်းသာကြပါစေလို့ ဆုတောင်းပါတယ်'

ထိုအခါ ကိုရဲဝင်းဇော်၊ အောင်ကျော်ကျော်နှင့် ကိုကျော်ငွေးတို့မှ...

'ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ။ ဪ... သတိရတုန်း ပြောရဦးမယ်။ လာမယ့် လပြည့်နေ့ကျရင် ကျွန်တော်တို့ ကာလသားဟင်း ချက်စားကြမလို့၊ ဦးသန်းဝင်းကိုလဲ လာခေါ်မယ်။ အဲဒီညကျမှ ဆေးဖက်ဝင် တောင်လုံးကျော်ပင်အကြောင်းပါ ပြောပြဦးမယ်'

ဆိုသဖြင့် ရက်တွက်ကြည့်ရာ...

'အင်း ကာလသားဟင်းနဲ့တွေ့ဖို့ (၁၂)ရက်ကြီးများတောင် စောင့်ရဦးမှာပါကလား'

**(သွေးအမြန်တိတ်နည်း ပြောပြသော နတ်ကျရွာသစ်နေ ကိုကျော်ငွေးအား အထူးကျေးဇူးတင်ရှိပါသည်။)**

**ကိုစနေ**

**စာမျက်နှာ (၁၅၈)မှ အဆက်**

ကာပ်ပါ။

'ဥုံ ဓမ့် သရဏံ ဂစ္ဆာမိ သဗ္ဗ သိဒ္ဓိ'

ဟု (၉)ခေါက် ရွတ်၍ မွေးဂဏ်တော် (၆)ပါးဖြစ်သော...

ဥုံ သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ဟု (၉)ခေါက် ရွတ်ပါ။

ဤတွင် ဓမ္မရတနာ ဒီပံ ဆီမီးတိုင်ကို ရရှိပါပြီ။

၁၀။ အထက်က ဗုဒ္ဓရတနာဒီပံ ဆီမီးတိုင်၊ ဓမ္မ ရတနာဒီပံ ဆီမီးတိုင်တို့ ပြုလုပ်သကဲ့သို့ပင် သံဃရတနာဒီပံဆီမီးတိုင်ကိုပြုလုပ်နိုင်ပါသည်။

| | | |
|---|---|---|
| သံ | ရ | နွာ |
| ဂ | မွေးနံ | ယံ |
| သ | ဒိ | ထံ |

အထက်ပါအတိုင်း ရေးဆွဲပြီး ဂုဏ်တော်ကို ပူဇော်လိုသော ဆီမီးတိုင်၌ ပတ်၍ ကော်ဖြင့် ကပ်ပါ။

ယင်း ဆီမီးတိုင်ကို...

'သံဃံ သရဏံ ဂစ္ဆာမိ သဗ္ဗ သိဒ္ဓိ'

*(၉)ခေါက်။*

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

*[(၉)ခေါက်ရွတ်ပါ]*

ဤတွင် သရဏဂုံရတနာဒီပံ ဆီမီးတိုင်သုံးတိုင်ကို ရရှိပါမည်။

**သရဏဂုံ ရတနာဒီပံ ပူဇော်နည်း**

မိမိ၏ မွေးနေ့စောစော အရုဏ်တက်ချိန်၌ ထ၍ ကိုယ်လက် မျက်နှာသန့်စင်ပြီးနောက် ဘုရားရှင်အား ရေချမ်း၊ ဆွမ်း (သို့မဟုတ်) မုန့်(သို့မဟုတ်) သစ်သီးရှာတို့ဖြင့် ပူဇော်လှူဒါန်းကာ သရဏဂုံ ရတနာဒီပံ ဖယောင်းတိုင်သုံးတိုင်ကို ထွန်းညှိပါ။

နေ့စဉ် ဘုရားဝတ်တက်မြဲ အတိုင်း သီလခံ၊ မေတ္တာပို့ အမျှဝေပါ။

ပြီးလျှင် အောက်ပါအတိုင်း တောင်းဆုပြုပါ။

သံသရာ တစ်လျှောက်လုံးတို့မှ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အပေါင်းတို့နှင့် ဤယခုပြုရသော ကုသိုလ်ကောင်းမှုတို့ကြောင့် ဤရတနာဒီပံဆီမီးလှူတို့၏ သိဒ္ဓိတန်ခိုးရောင်လျှံဖြိုး၍ တပည့်တော်၊ တပည့်တော်မတို့အား ကျန်းမာချမ်းသာ အေးကင်းကွာ၍ ဘယာကင်းပ၊ လာဘ်လာဘလည်း ပြည့်ဝစုံလင်၊ လိုအင်ဟူသမျှ ကြံတိုင်းရ၊ တတိုင်းပြီး၊ စီးပွားတိုးတက်ပါစေသတည်း။

ဤရတနာဒီပံကို မွေးနေ့တိုင်း စီရင်ထွန်းညှိပူဇော်လျှင် အလွန် အကျိုးပေးသန့်ပါသည်။ ဆရာနေလင်းသည် မြဝတီမြို့ ရွှေမြင်းဝံဘုရား အရှေ့ဘက်မုခ်၌ ဟောခန်းဖွင့်ထားပါသည်။

သရဏဂုံရတနာဒီပံ ပူဇော်နည်းကို ရှင်းပြသော ဆရာနေလင်းအား ကျေးဇူးတင်ရှိပါသည်။

**မြန်မာတိုး**



www.burmeseclassic.com

www.burmeseclassic.com

# ရတနာမဥ္ဇူ ရှာပုံတော်

## ဆုတောင်းပြည့် ပဒုမ္မုတ္တရရုပ်ပွားတော်နှင့် ရေနံချောင်းမြို့ ရတနာမဥ္ဇူဘုရား ထူးခြားအံ့ဖွယ်များ

**နေအောင်လင်း (စလေ)**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၁၉၃)၊ စာမျက်နှာ(၈၄)တွင် ပေါ်တင် (ဒိုးကုတ်)၏ "ရတနာမဥ္ဇူရှာပုံတော်" ဆောင်းပါးအား ဖတ်ရှုရသဖြင့် ဤဆောင်းပါးအား ရေးသားခြင်းဖြစ်ပါသည်။

ပုဂံခေတ် နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်သော စကားသားရုပ်ပွားတော်များ ကိန်းဝပ်တော်မူရာတို့မှာ ရေးဟောင်းသမိုင်းများအဆိုအရ စကားဆယ်ဆူအား တွေ့ရှိရသည်။


၁။ စံကားလှဘုရား → ကလေးမြို့
၂။ ရွှေစံကားဘုရား → ပင်းကင်းမြို့
၃။ ရွှေကူမြင့်ဘုရား → မြေဒူးမြို့
၄။ မံဘုရား → အမြင့်မြို့
၅။ ရွှေလင်းပင်ဘုရား → စည်ပုတ္တရာမြို့
၆။ ရွှေစံကားကြီးဘုရား → ကြံညှပ်မြို့
၇။ ရွှေစံကားကြီးဘုရား → စမွန်မြို့
၈။ ရွှေယပ်တောင်ဘုရား → စဉ့်ကူးမြို့
၉။ ရွှေတန်ဆာဘုရား → ရွှေဘိုမြို့
၁၀။ ရတနာမဥ္ဇူဘုရား → စစ်ကိုင်းမြို့

ဟူ၍ စကားဆယ်ဆူအား အောင်ဇ (LL.B)က ဖော်ပြထားပါသည်။

**အမှတ်စဉ်(၉)** ရွှေတန်ဆာဘုရား (ရွှေဘိုမြို့)ဟု ဖော်ပြထားသော်လည်း **"မကွေးတိုင်းဒေသကြီး စလင်းမြို့ ရွှေတန်ဆာဘုရား"**ဟူ၍လည်း ရှိသည်။

**အမှတ်(၁၀) ရတနာမဥ္ဇူဘုရား (စစ်ကိုင်းမြို့)**ဟု ဖော်ပြထားသော်လည်း **"မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ ရတနာမဥ္ဇူဘုရား"** ဟူ၍လည်း ဖူးတွေ့ရသည်။

ထို့ပြင် **မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့တွင်လည်း ရတနာမဥ္ဇူဘုရား** ရှိပြန်သည်။ မည်သည့်ဘုရားမှာ အမှန်ဖြစ်သည်ဟု ဝေဖန်ရ






▲ ရတနာမဥ္ဇူဘုရားအား တောင်ဘက်မှ ဖူးတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com





▲ ဆုတောင်းပြည့် ပဒုမ္မာရာဘုရားရှင်အား အနောက်ဘက်မုခ်မှ ဖူးတွေ့ရစဉ်

◀ ဆုတောင်းပြည့် ပဒုမ္မာရာဘုရား

ခက်သော်လည်း **စလင်းမြို့မှ ရတနာမဥ္ဇူဘုရား**သာလျှင် အစစ်အမှန်ဟု ဆိုကာ မှားမည်မဟုတ်ဟု **ပေါ်တင် (မိုးကုတ်)၏ ရတနာမဥ္ဇူ ရာဇဝင်ပုံ ဆောင်းပါး တွေ့ရှိရပြီး** ရှင်ပင်ရတနာမဥ္ဇူဘုရား၏ အံ့ဖွယ်ကိုးပါးအား ဖော်ပြ တွေ့ရှိရပါသည်။ အံ့ဖွယ်ကိုးပါးတို့မှာ...

၁။ ဘုရားတည်ရာကျောင်း မီးလောင်သော်လည်း ဘုရားဆင်းတုတော်မှာ မီးမလောင်ခြင်း။

၂။ မီးမလောင်စဥ် မည်သူမျှ မပင့်ရဘဲ ကျောင်းအနီး ပေပင်ပေါ် ရောက်ရှိနေခြင်း။

၃။ ကျောင်းထိုင်ဆရာတော် ဦးနန္ဒမာလာအား ပေပင်ပေါ်မှ အိပ်မက်ပေးခြင်း။

၄။ ရက်များမကြာမီ ပေပင်ပေါ်မှ ကိုးများသာ၍ ကြည့်ရှုရာ နေရောင်နှင့်အပြိုင်-ရောင်ခြည်တော် ကွန့်မြူးနေခြင်း။

၅။ သက္ကရာဇ် ၁၂၄၅ ခုနှစ်တွင် သီပေါမင်းက ရွှေနန်းတော်သို့ ပင့်ဆောင်ပြီး အရှေ့အရပ်သို့ မျက်နှာမူပြီး ပူဇော်သော်လည်း နံနက် အာရုံတက်ချိန်တိုင်း စလင်းမြို့တည်ရာ အရပ်သို့ အမြဲလှည့်နေခြင်း။

၆။ သက္ကရာဇ် ၁၂၄၇ ခုနှစ် သီပေါမင်း ပါတော်မူပြီးနောက် နန်းတော်မှ စလင်းသို့ နံနက်အာရုံတက်ချိန် လှေဖြင့် ပင့်ဆောင်ခဲ့ရာ ဆင်ဖြူကျွန်းဆိပ်ကမ်းသို့ နေ့ချင်းပေါက် ရောက်ရှိခြင်း။

၇။ ဘုရားရှင်၏ ပုံတူကို ထုလုပ်သော်လည်း မတူဘဲ ကွဲပြားနေခြင်း။

၈။ ဘုရားရှင်၏ အပေါ်၌ မအပ်စပ်သော အရာဝတ္ထုများကို ထားမိပါက သိသာထင်ရှားစွာ နိမိတ်ပြခြင်း။

၉။ ဘုရားရှင်သို့ စိတ်အာရုံပြု၍ ပူဇော်သူတိုင်း ဖော်မပြနိုင်သည့် အာရုံထူး အမျိုးမျိုးကို ဖြစ်ပေါ်ခံစားရခြင်း...

ဟူ၍ အံ့ဖွယ်ကိုးပါး တွေ့ရှိရပါသည်။

"**မဥ္ဇူ**"ဟူသော စကားအဓိပ္ပာယ်မှာ "**သေတ္တာ**"ဟု အဓိပ္ပာယ်ရသဖြင့် စကားသားသစ်တို သစ်စ ဆောက်စာလွှစာများဖြင့် ထည့်သွင်းပြုလုပ်ပူဇော်ထားသည်ဟု ဆိုလိုရင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့လည်း ရတနာမဥ္ဇူဘုရားရှိပါသည်။ မည်သည့်မြို့မှ ရတနာမဥ္ဇူဘုရား အစစ်အမှန်ပါဟု မဝေဖန် မရေးသားနိုင်ပါ။ ရေနံချောင်းမြို့ရှိ ရတနာမဥ္ဇူဘုရားကြီးတွင် ကြုံတွေ့ရသည့် ထူးခြားအံ့ဖွယ် ကြုံတွေ့ရပုံတို့အား ရေးသားလိုရင်းသာ ဖြစ်ပါသည်။

ရေနံချောင်းမြို့တွင်ရှိသည့် ရတနာမဥ္ဇူဘုရားကြီးမှာ စာရေးသူနှင့် သိပ်ပြီး အလှမ်းမဝေးခဲ့ပါ။ အသက်(၁၀)နှစ်၊ (၁၂)နှစ်သား အရွယ်ကပင် မကြာခဏ ရောက်ဖြစ်ခဲ့သည့်မြို့လည်းဖြစ်ပါသည်။

စာရေးသူ၏ ဖခင်ဖြစ်သူမှာ ရေနံချောင်းမြို့သို့ (၁)လတွင် တစ်ခေါက်၊ နှစ်ခေါက် ရောက်ရောက်လေ့ရှိရာ စာရေးသူလည်း အဖေနှင့်အတူ ရေနံချောင်းမြို့သို့ရောက်တိုင်း ရတနာမဥ္ဇူဘုရားနှင့် စနေနံဘုရားကြီးတို့အား ဝင်ရောက် ဖူးမြော်ဖြစ်ပါသည်။

ရေနံချောင်းမြို့ ရတနာမဥ္ဇူဘုရားကြီး၏ ထူးခြားအံ့ဖွယ်ကို ကြုံတွေ့ခဲ့ရသည်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန် ခေတ်ပျက်ကာလ ရေနံချောင်းမြို့ မီးလောင်၍ စနေနံဘုရားကြီး၏ စောင်းတန်း၊ တန်ဆောင်းတို့ မီးထဲပါသွားသော်လည်း ရတနာမဥ္ဇူဘုရားကြီးမှာ မီးကွင်း၍ မီးမလောင်ဘဲ ကျန်ရှိနေခဲ့ပါသည်။

တစ်ကြိမ်တွင်လည်း ရတနာမဥ္ဇူဘုရားကြီး တောင်ဘက် ယခုအခေါ်





www.burmeseclassic.com

www.burmeseclassic.com

ရတနာစျေး မီးလောင်ခဲ့သော်လည်း ဘုရားကြီးမှာ လမ်းသာခြားသော်လည်း မီးလောင်ခြင်းမရှိ မီးကွင်းခဲ့ပါသည်။

ရတနာမဥ္ဇူဘုရား၏ အနောက်ဘက်ကပ်လျက် လိုဏ်မုခ်တွင် ပွင့်တော်မူပြီးသော ပဒုမုတ္တရဘုရားရှင်အား ရည်မှန်းပူဇော်ထားသည့် ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စံပယ်လျက် ဖူးတွေ့ရပါသည်။

ရုပ်ပွားတော်မှာ ဘူမိဖဿ ရုပ်ပွားပုံတော်မျိုး မဟုတ်ဘဲ လက်နှစ်ဖက်တစ်ဖက်နှင့်တစ်ဖက် ယှက်တင်လျက် လက်တစ်ဖက်က ပက်လက်၊ လက်တစ်ဖက်ကမှောက်လျက်လက်တော်အတွင်း ဓာတ်လုံးတစ်လုံးအား ဖိအုပ်ထားသည့်သဏ္ဌာန်ပူဇော်ထားခြင်းဖြစ်သည်။

ထိုဓာတ်လုံးမှာ သံသေဓာတ်လုံးဖြစ်ကြောင်း လူကြီးသူမတို့ အဆက်ဆက် ပြောဆိုတာ မှတ်သားရပါသည်။ အင်္ဂလိပ်စာပေ၊ အင်္ဂလိပ်စကားအရ ပြောရလျှင်ပြဒါးသေတစ်ပြည်ဝ၊ သံသေတစ်ဆွေ့ဝဟု ဆိုစကား ရှိပါသည်။

ထို သံသေဓာတ်လုံးအကြောင်း အင်္ဂလိပ်ပညာရှင်တို့သာလျှင် သိနိုင်စွမ်းမည် ဖြစ်ပါသည်။

ရတနာမဥ္ဇူဘုရားကြီးတွင် စစ်ပြီးခေတ်၊ ဘုရားတွင် အစောင့် ဘုရားဂေါပကအဖွဲ့တို့ အစောင့်အနေ မရှိသေးချိန်က ဖြစ်မည်ထင်ပါသည်။ ထိုအချိန်က ရတနာမဥ္ဇူဘုရား၏ အနောက်ဘက် ဂန္ဓကုဋိတိုက်အတွင်း စံပယ်တော်မူသည့် ပဒုမုတ္တရမြတ်စွာဘုရား၏ လက်တော်အတွင်းရှိ သံသေဓာတ်လုံး ဘုရား၏လက်အား ရိုက်ချိုးကာ မသမာသူတို့ ခိုးယူခဲ့ပါသည်။

သို့သော် ဘုရားတန်ခိုးကြောင့် ဓာတ်လုံး ခိုးသူမှာ ဘုရားပရိဝုဏ်အတွင်းမှာပင်မျက်စိလည်ဘုရားတံတိုင်းအပြင်သို့ မထွက်နိုင်ဘဲ နေခဲ့သည်။

ထိုသို့ မျက်စိလည်ကာ ထွက်ပေါက်မတွေ့ရဘဲ နံနက်လင်းသည်နှင့် လူအများက ဖမ်းမိခဲ့ရသည်။ ဤဖြစ်ရပ်အား မြို့ပေါ်ရပ်ကွက် အသက်အရွယ်ကြီးမီသူတို့ သိမီကောင်း သိမီသူများ သိမီပါလိမ့်မည်။

ရေနံချောင်းမြို့မှာ ကိုလိုနီခေတ်စစ်ပြီးခေတ်တိုင် မီး မကြာခဏ (၃)ကြိမ်,(၄)ကြိမ်ထက်မနည်း လောင်ခဲ့ဖူးသော်လည်း ရတနာမဥ္ဇူဘုရားကြီးမှာ မီးခခြင်း မီးလောင်ခြင်းမရှိ။ အာရုံခံတန်ဆောင်းအချို့ မီးစွဲလောင်တာလွဲလျှင် ဘုရားမှာ မီးကွင်းမီးလောင်ခြင်းမရှိတာ သိရှိရပါသည်။

ရတနာမဥ္ဇူဘုရား၏ အုံဖွယ်(၉)ပါးတွင် တွေ့ရှိရသကဲ့သို့ပင် ဘုရားတည်ရာ ကျောင်းဆောင်အား မီးလောင်သော်လည်း ဘုရားဆင်းတုတော်မှာ မီးမလောင်ခြင်း အံ့ဖွယ်တစ်ပါးအား ရေနံချောင်းမြို့ ရတနာမဥ္ဇူဘုရားတွင်လည်း အံ့ဖွယ်ကြုံတွေ့ရပါသည်။

ရေနံချောင်းမြို့ ရတနာမဥ္ဇူဘုရားပွဲတော်ရက် ကျင်းပရက်မှာ တပို့တွဲလတွင် တစ်လလုံးလို မြို့အနောက်ဘက်တွင် အနယ်နယ် အရပ်ရပ်က ဈေးဆိုင်တန်းများနှင့်အတူ နှစ်စဉ် ကျင်းပလေ့ရှိပါသည်။

ရတနာမဥ္ဇူဘုရားကြီးနှင့် အံ့ဖွယ်ထူးခြားသည့် ဖြစ်ရပ်အချို့အား သိရှိမှတ်သားမိသရွေ့ ရေးသားရခြင်း ဖြစ်ပါသည်။ **အခြား အံ့ဖွယ်ရာတို့လည်း ရှိနေပါလိမ့်မည်။ သိမီသူတို့ ဖော်ထုတ် ရေးသားစေလိုပါသည်။**

ရေနံချောင်းမြို့ ရတနာမဥ္ဇူဘုရားကြီးနှင့် ရတနာမဥ္ဇူဘုရား၏ အနောက်ဘက်လိုဏ်မုခ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် လက်တော်တွင် သံသေဓာတ်လုံးနှင့် ပဒုမုတ္တရဘုရား ရုပ်ပွားတော် တည်ထားကိုးကွယ်ရာ ရတနာမဥ္ဇူဘုရားကြီးသို့ တစ်ခါတစ်ခေါက် လာရောက်ဖူးမြော်နိုင်ဖို့ ပူဇော် ရေးသားလိုက်ရပါသည်။

**နေအောင်လင်း(စလေ)**

**စာကိုး**

- **ရတနာမဥ္ဇူရွာတော်ပုံ။**
- **ကိုယ်တိုင် ဖူးမြော်ရောက်ရှိခြင်း။**
- **စာရေးသူ၏ဖခင် ပြောပြချက်များ။**

**ပန်ကြားလွှာ. . .**

**အထက်ပါဆောင်းပါး ဖတ်ရှုပြီး သုတေသီ ပညာရှင်များမှ စကားဆယ်ဆူဝင် ရတနာမဥ္ဇူဘုရားအစစ်အမှန်နေရာများကို သိရှိသူများမှ အများအကျိုးအတွက် သုတေသနပြု ဖော်ထုတ် ရေးသားပေးကြပါရန် ပန်ကြားအပ်ပါသည်။**

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နတ္တတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၈၅)

ထက်မြင့်ကျော်စွာ



⊛ တားမြှောင်(တားအတို)ကို မြင်မက်ခြင်းသည် သတင်းစကားကို ကိုယ်စားပြုခြင်း။

မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်စုံတစ်ဦးက ဖြစ်စေ တားမြှောင်ချိတ်ဆွဲထားသည် ***(တားအိမ်တွင်ထည့်ကာ ခါးတွင် ချိတ်ထားခြင်း။ ကိုယ်ခန္ဓာကို သိုင်းပတ်ဆွဲထားခြင်း)*** ကိုမြင်မက်ပါက...

✤ **အမျိုးသား(လူပျို၊ လူအို အရွယ်စုံ)က မြင်မက်လျှင်...**

အမည်ကောင်းသတင်း ကျော်စောပျံ့နှံ့မည်။

✤ **အိမ်ရှင်မ၊ ဇနီးသည်က မြင်မက်လျှင်...**

ဝမ်းမြောက်ဖွယ် သတင်းစကား ကြားသိရမည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

ချစ်သူထံမှ သတင်းစကားကြားရမည်။ ချစ်သူနှင့် စကားလက်ဆုံ ပြောမကုန်နိုင်အောင် ကြည်နူးခွင့်ရတတ်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲအောင်မည့် သတင်းစကား ရရှိမည်။

✤ **နာမကျန်းဖြစ်နေစဉ် မြင်မက်က...**

လွတ်မြောက်ရာ လမ်းစရရှိမည်။ ***(ရောဂါကျွမ်းနေသူက ဘဝတစ်ပါးသို့ ကူးပြောင်းရဖွယ်ရှိ၍ အခြားဝေဒနာရှင်များ သက်သာပျောက်ကင်းနိုင်သည့် ဆေးဝါး၊ ကုထုံးတွေ့ရှိမည်။)***

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ပစ္စည်းအရောင်းအဝယ် သွက်လက်၍ ဈေးကောင်းရမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာသုံး အထောက်အကူ ပစ္စည်းများရရှိမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးတွင်ကျယ်မည်။

✤ **ကိုယ်ဝန်ဆောင် အမျိုးသမီးက မြင်မက်လျှင်...**

ကျန်းမာရေး စောင့်ရှောက်မှုကောင်းစွာ ခံစားရရှိ၍ ချောမောစွာ မီးဖွားနိုင်မည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

သတင်းအတိအကျ ရရှိမည်။ ပြန်ရမည်။

✤ **တစ်ဦးတစ်ယောက်အား စောင့်မျှော်နေစဉ် မြင်မက်ပါက...**

မကြာမီ တွေ့ဆုံဖြစ်မည်။

* * *

⊛ စစ်သည်၊ စစ်ကဲက စစ်တလင်း၌ တားမြှောင်ဖြင့် တိုက်ပွဲဝင်နေစဉ် ရန်သူအား ဒဏ်ရာရအောင် ထိုးသွင်း(တိုက်ခိုက်)နိုင်သည်ဟု တိုင်းပြည်သနင်း ပြည့်ရှင်မင်း၏ ဂုဏ်ပြုခြင်း ခံရမည့်နိမိတ်ဖြစ်သည်။ ***(တရုတ်စာပေတွင် Cì Shāng "ဆီရှ်ရှန်း" ဟူသည် ဦးချွန်လက်နက်ဖြင့် ဒဏ်ရာရအောင် ထိုးသွင်းခြင်း။ ထိုးသွင်းဒဏ်ရာဟု အဓိပ္ပာယ်ရသည်။)***

✤ **စစ်မှုထမ်းက မြင်မက်လျှင်...**

စစ်စွမ်းရည်ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ အပ်နှင်းခံရမည်။

✤ **အခြားအမှုထမ်း အရာထမ်းက မြင်မက်လျှင်...**

အလုပ်ရှင်၊ တာဝန်ခံပုဂ္ဂိုလ်၏ ဂုဏ်ပြု ချီးမြှင့်ခြင်းခံရတတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အမွေအနှစ် ခံစားရဖွယ်ရှိသည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်းထံမှ အဖိုးတန်လက်ဆောင် လက်ခံရမည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

မျက်နှာပွင့်လန်း၍ လူတကာ အရေးပေးခြင်းခံရမည်။

✤ **အပျိုလူလွတ်က မြင်မက်လျှင်...**

ကြောင်းလမ်း၊ စပ်ဟပ်သူပေါ်များမည်။

✤ **ကုန်သည်က မြင်မက်ပါက...**

ဈေးကွက်သစ်၊ ဝယ်လက်သစ် ဖြစ်ထွန်းမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ တိုးတက်ပိုင်ဆိုင်ဖွယ် ကိန်းရှိသည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်ပါက...**

ပညာရည် ထူးချွန်ဆုရရှိမည်။

www.burmeseclassic.com

✤ **နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**
ဝေဒနာသက်သာ၍ နာလန်ထလာမည်။
✤ **ခရီးသွားလာစဉ် မြင်မက်ပါက...**
မိတ်ဟောင်းဆွေဟောင်းနှင့် တွေ့၍ အကူအညီရရှိမည်။
✤ **ကိုယ်ဝန်ဆောင်ထားသူက မြင်မက်လျှင်...**
ဆေးဝါးနှင့် ကလေးအသုံးအဆောင်များ လက်ခံရဖွယ်ရှိသည်။
✤ **အချုပ်အကျဉ်းကျစဉ် မြင်မက်ပါက...**
မကြာမီ လွတ်မြောက်နိုင်သည်။
✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**
လုံးဝ ပြန်လမ်းမရှိ၊ မရနိုင်တော့ပါ။
✤ **အမှုအခင်း ပြဿနာရင်ဆိုင်ရစဉ် မြင်မက်ပါက...**
ကွင်းလုံးကျွတ် လွတ်ကင်းချမ်းသာမည်။
✤ **ဆရာဝန်၊ ဆေးသမားက မြင်မက်လျှင်...**
နေထိုင်ရာဒေသရှိ ကပ်ရောဂါဘေးကို ထိန်းချုပ်နိုင်မည်။
✤ **ရှေ့နေက မြင်မက်လျှင်...**
လိုက်ပါ ဆောင်ရွက်သောအမှု အောင်နိုင်မည်။
✤ **တစ်နယ်ရပ်ဝေး ရောက်နေစဉ် မြင်မက်ပါက...**
အိမ်အပြန် မျက်နှာပန်းလှလိမ့်မည်။

* * *

❂ တစ်စုံတစ်ယောက်အား စားမြှောင်လက်ဆောင်ပေးရသည်ဟု မြင်မက်ပါက တိုက်ပွဲအောင်သံဖြစ်သည်။
✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**
စီးပွားရေး အကျပ်အတည်းများ ပြေလည်သွားမည်။
✤ **အိမ်ရှင်မက မြင်မက်လျှင်...**
အိမ်တွင်းရေး ပြဿနာများ ကင်းရှင်းမည်။
✤ **လူပျိုက မြင်မက်လျှင်...**
အပြိုင်ပိုးပန်းနေသည့် မေတ္တာပန်းကို ပိုင်ဆိုင်ခွင့်ရမည်။
✤ **အပျိုက မြင်မက်လျှင်...**
သူငယ်ချင်းများထက် သာလွန်သော ဘဝအခြေအနေသို့ ရောက်ရှိမည်။
✤ **ကုန်သည်က မြင်မက်လျှင်...**
စီးပွားပြိုင်ဘက်ကို အကြိတ်အနယ်ပြိုင်ဆိုင်အနိုင်ရမည်။
✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**
ကြိုးစားပမ်းစား ဖြေဆိုထားသော စာမေးပွဲကို အောင်မြင်မည်။
✤ **တောင်သူလယ်သမားက မြင်မက်ပါက...**
သီးနှံဖျက် ပိုးနှင့် အပင်ရောဂါများကို နှိမ်နင်းနိုင်မည်။
✤ **စာမကျန်းဖြစ်သူက မြင်မက်လျှင်...**
ဆေးဝါးစုံ၊ သမားစုံကုသပြီးမှ သက်သာရာရမည်။
✤ **ဝန်ထမ်း၊ လုပ်သားက မြင်မက်လျှင်...**
လုပ်ငန်းခွင် ပြဿနာများ ဖြေရှင်းနိုင်မည်။
✤ **ပြည်သူ ကိုယ်စားလှယ်လောင်းက မြင်မက်လျှင်...**
ရွေးကောက်ပွဲ အနိုင်ရရှိမည်။

* * *

❂ သံထည်ပစ္စည်းဖြင့် အသက်မွေးရသည်။ (သံဖြင့် ပြုလုပ်ထားသော လုသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ကိရိယာများ ဖန်တီးပြုလုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း စသည်ဖြင့် အသက်မွေးဝမ်းကျောင်းရခြင်းကို ဆိုလိုသည်။ ဆိုက်ကားသမား၊ အပ်ချုပ်သည် စသည်တို့လည်း အကျုံးဝင်ပါသည်။)ဟူ၍...
✤ **ဝန်ထမ်းလုပ်သားက မြင်မက်လျှင်...**
လစာ၊ လုပ်အားခ တိုးတက်ရရှိမည်။
✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**
စီးပွားတိုးမည်။
✤ **အိမ်ရှင်မက မြင်မက်လျှင်...**
အိမ်အသုံးအဆောင်၊ အတွင်းပစ္စည်းများ တိုးပွားမည်။
✤ **လုလင်ပျိုက မြင်မက်လျှင်...**
အလုပ်အကိုင် အတည်တကျ ရရှိမည်။
✤ **လုံမပျိုက မြင်မက်လျှင်...**
အိမ်ထောင်ကျတတ်သည်။
✤ **ကုန်သည်က မြင်မက်ပါက...**
အရောင်းအဝယ် သွက်လက်မည်။
✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**
သီးနှံ အထွက်တိုးမည်။
✤ **နေထိုင်မကောင်းသူက မြင်မက်လျှင်...**
မကြာမီ ပြန်လည်ကျန်းမာလာမည်။
✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်ပါက...**
လွတ်ရက်နီးလာပြီဖြစ်သည်။
✤ **ခရီးသည်က မြင်မက်လျှင်...**
ခရီးလမ်းပန်း အဆင်ပြေမည်။
✤ **ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**
ကောင်းစွာ မျက်နှာမြင်နိုင်သည်။
❂ သံထည်ပစ္စည်းများ သယ်ပိုးရသည်ဟု မြင်မက်လျှင်ကား သက်စွန့်ဆံဖျား ပြေးလွှား ရ



www.burmeseclassic.com

www.burmeseclassic.com

မည့် အကျပ်အတည်း ဘေးရန်နှင့် ကြုံတွေ့ရမည့်နိမိတ် ဖြစ်သည်။

✤ **အမျိုးသားဖြစ်သူက မြင်မက်လျှင်...**

အသက်လု၍ ပြေးရလောက်အောင် ဘေးရန်ကြီးစွာ ကြုံတတ်၏။

✤ **အမျိုးသမီးက မြင်မက်လျှင်...**

မျိုးပွားအင်္ဂါဆိုင်ရာ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားရဖွယ်ရှိ၏။

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားပျက်၍ ဒေဝါလီခံရကိန်းရှိ၏။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ လက်မဲ့ဖြစ်ရတတ်၏။

✤ **အမှုထမ်း အရာထမ်းဖြစ်သူက မြင်မက်လျှင်...**

ကြီးမားသော ငွေကြေးပမာဏ၊ ပစ္စည်းတန်ဖိုးများကို အလျော်ပေး ဖြည့်သွင်းရတတ်သည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဆေးဝါးမှားယွင်း၍ ဝေဒနာ ပြင်းထန်စွာ ခံစားရဖွယ်ရှိသည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ယာဉ်ရထား မတော်မဆဖြစ်မှုကြီးများ ကြုံရကိန်းရှိသည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

ပညာရေးတစ်ပိုင်းတစ်စ ဖြစ်တတ်သည်။

✤ **စစ်ဖက်ဆိုင်ရာ အမှုထမ်းက မြင်မက်လျှင်...**

ရန်သူလက်နက်၊ ကျည်ဆန်သင့်နိုင်သည်။

✤ **ရှေ့နေက မြင်မက်လျှင်...**

အမှားအယွင်း ပြုမိသဖြင့် တရားခံအဖြစ် တရားပြန်လည်စွဲဆိုခြင်း ခံရဖွယ်ရှိသည်။

* * *

❂ သံရည်ကျိုစက်တွင် အလုပ်လုပ်ရသည်ဟု မြင်မက်လျှင် အလုပ်အကိုင်အတွက် အခက်တွေ့ရတတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားရေး မငြိမ်မသက် ရတက်မေ့ရကိန်းရှိသည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်းလိုအပ်ချက် များပြား ယိုယွင်းနေတတ်သည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

အလုပ်လက်မဲ့အဖြစ် အချိန်ဖြုန်းနေရချိန်ဖြစ်သည်။

✤ **အပျိုက မြင်မက်လျှင်...**

တစ်ကိုယ်တည်း အထီးကျန်ဘဝကို ဖြတ်သန်းရမည်။

✤ **အလုပ်သမားက မြင်မက်လျှင်...**

လုပ်သားအင်အား လျှော့ရာတွင် ထိပ်ဆုံးမှ ပါဝင်မည်။

✤ **ပဋိသန္ဓေဆောင်ယူထားစဉ် မြင်မက်ပါက...**

မွေးဖွားရ ခက်ခဲတတ်သည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဝေဒနာ တာရှည်နေမည်။

✤ **အမှုတပေါင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

အချိန်ကုန် ငွေကုန်လူပန်း၍ ကျေအေးမှု မရရှိနိုင်ပါ။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးပန်း၍ ခရီးရှည်ကြာနေတတ်သည်။

**ထက်မင်းကျော်စွာ**


**နယ်မှ စာဖတ်ပရိသတ်များသို့...**


မိမိတို့ဒေသတွင်
အစိုးရစာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးပေးချေယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀ဝိ/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင် ပါသည်။

*မှာကြားရန် လိပ်စာ...*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၂၈၄


www.burmeseclassic.com

www.burmeseclassic.com



# ကြက်သားရင့်ရင့်

## ကို အမြန်ဆုံး နူးအောင် ချက်ကြစို့

တစ်ရက်...

ဘကြီးတော်သူ ဦးဘမောင်နှင့် ဈေးဆိုင်ရှေ့ထိုင်ပြီး စကားပြောနေစဉ်...

'အစ်ကို၊ မနေ့က ကြက်သားဝယ်ပေးထားခဲ့တာ ရသလား'

လို့ ကျွန်တော့် မိန်းမရဲ့ ညီမဖြစ်သူက မေးလာတယ်။ ကျွန်တော်က...

'ရတယ်၊ ရတယ်။ ကြက်သားကရင့်တော့ နာလန်ထဖြစ်နေတဲ့ မင်းရဲ့ အစ်မကို ကြော်ကျွေးရတာ မနည်းကိုက်ဆွဲစားရတယ်'

လို့ ပြောလိုက်ပါတယ်။

'ဟုတ်လား ကျွန်မကလဲ မရင့်ဘူးထင်လို့ ဝယ်ပေးလိုက်တာ'

လို့ ပြော၍ ဈေးဝယ်ထွက်သွားတယ်။

ထိုစဉ် ဘကြီးမောင်က...

'မင်း ကြက်သားရင့်ရင့်ကို အမြန်ဆုံးနူးအောင်ချက်တဲ့နည်း သိသလား'

'မသိဘူး ဘကြီးမောင်'

'အေး ဒါဆို မင်းသိချင်သလား'

'သိချင်ပါတယ်'

'သိချင်ရင် ငါပြောပြမယ်၊ မင်းမှတ်ထားနော်'

'ဟုတ်ကဲ့ မှတ်ထားပါ့မယ်'

'ဒီလိုကွ ငါတို့ လူလတ်ပိုင်းအရွယ်တုန်းက သူငယ်ချင်းတစ်တွေ ဆုံမိကြတုန်း ဆုံတွေ့ကြတဲ့ အထိမ်းအမှတ်အနေနဲ့ ထမင်းလက်ဆုံစားကြဖို့ စီစဉ်ကြတယ်။ အဲဒီမှာ သူငယ်ချင်းတစ်ယောက်က **အသားရင့်တဲ့ ကြက်အိုကြီးတစ်ကောင်ကို ယူလာခဲ့တယ်။**

ကြက်အိုကြီးကို ချက်ရင် အသားနူးဖို့ အချိန်ကြာကြာ စောင့်ရမှာကြောင့် စိတ်ပျက်ကြတယ်။ အဲဒီအခါ သူငယ်ချင်းတစ်ယောက်က ဝင်ပြီး ဒီကြက်အိုကြီးကို မြန်မြန်နူးပြီး စားကောင်းအောင် ချက်ပေးမယ်။ မင်းတို့ **သဘော်သီးစိမ်းတစ်လုံးလောက် ရှာပေးကြ** လို့ ပြောလိုက်တယ်။

တခြားသူငယ်ချင်းတွေက သဘော်သီး ရှာထွက်ကြတယ်။ ကြက်သားချက်မယ့် သူငယ်ချင်းက ကြက်ကို အမွေးနုတ်ပြီး အတုံးများ တုံးထားလိုက်တယ်။

**သူငယ်ချင်းတွေက သဘော်သီးစိမ်းရှာပြီး ရောက်လာတဲ့အခါ သဘော်သီးကို ရေစင်အောင် ဆေးပြီး တုတ်ချွန်ကလေးနဲ့ သဘော်သီးပတ်လည်ကို နှံ့အောင် ထိုးလိုက်တယ်။**

အဲဒီမှာအစေးတွေ ထွက်လာတယ်။ ထွက်လာတဲ့ အစေးတွေနဲ့ တုံးထားတဲ့ ကြက်သားရင့်ရင့်ကို သုတ်လိုက်တယ်။ သဘော်စေးတွေ ကုန်တဲ့အခါ အိုးထဲမှာ တခြား ကြက်သားတုံးတွေကိုပါ သဘော်စေး နှံ့အောင် ပြန်ပြီးနယ်လိုက်တယ်။

သဘော်စေး ကြက်သားတုံးအားလုံးကို နှံ့သွားတဲ့အခါ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ ငရုတ်သီးတို့ကို ထောင်းပြီး ထည့်တယ်။ အဲဒီနောက် ခရမ်းချဉ်သီး၊ ဆားတို့ကိုပါ ထပ်ထည့်လို့ နယ်လိုက်ပြန်တယ်။ နယ်ပြီးတဲ့အခါ ရေထည့်ပြီး ကြက်သားအိုးကို မီးဖိုပေါ် တည်လိုက်တယ်။ ခဏကြာတဲ့အခါ ကြက်သားအိုးကို ဖွင့်ပြီး **ဇွန်းနဲ့ အတုံးတစ်တုံးလောက် ကော်ပြီး စမ်းကြည့်တော့ ကြက်သားတုံးဟာ နူးနပ်နေတာကို** တွေ့ရတယ်။

သူငယ်ချင်းတွေ ဝိုင်းဖွဲ့ပြီး ထမင်းစားရဲ့မှာလဲ ကြက်သားဟင်းဟာ နူးနေတဲ့အပြင် အနံ့ကလဲ **ဘဲသားအနံ့ကလေးလို သင်းသင်းလေး မွှေးနေတာကို တွေ့ရပြီး စားလို့လဲ အလွန်ကောင်းပါတယ်'**

ကိုင်း စာဖတ်သူများ ကြက်သားရင့်ရင့် ဝယ်မိကြရင် ဖော်ပြခဲ့သောနည်းအတိုင်း ချက်စားကြည့်ကြပါ။

မောင်ညီစု (ဝန်းသို)

www.burmeseclassic.com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ အမှတ်(၂၃၁)၊ စာမျက်နှာ(၁၆၀)တွင် မေးထားသော **ဦးသုတ(ရေကြည်)** သိလိုသော **"ကာဆယ်မျိုး"**မှ ကျွန်တော်သိသော **မင်းကိုကာနှင့် ဝက်ကာ**အကြောင်း ပြန်ကြားအပ်ပါသည်။ မင်းကိုကာကို ဦးသုတ သိပြီးဟု ဆိုသဖြင့် မဖြေတော့ပါ။

**ဝက်ကာသည် မိုးရာသီတွင် ပေါက်သော နွယ်ပင်တစ်မျိုး ဖြစ်ပါသည်။ ဥဥသော နွယ်ပင်မျိုးဖြစ်ရာ ယင်း၏ ဥမှာ ကန်စွန်းဥအရွယ်ပမာဏ ရှိပါ သည်။ မြေကောင်းလျှင် ကောင်းသလို အကြီး အသေး ကွာပါသည်။ ဝက်ကာဥကို စားသုံးနိုင်ပါသည်၊ ကန်စွန်းဥထက်ပင် အရသာ ရှိပါသည်။**

ပြုတ်စား ချက်စားနိုင်ပါသည်။ အရွက်မှာ အလျား(၃)လက်မခွဲခန့် ရှိပါသည်။ ယခု ပုံကြမ်းတွင် ဖော်ပြသကဲ့သို့ ဖြစ်ပါသည်။

* * *

**မိုးကုန်သော ဒီဇင်ဘာလ လောက်တွင်** အရွက်များဝါ၍ ကြွေကျပြီး **ဇန်နဝါရီလလောက်တွင်** အပင် နွယ်ပင်ပါ ခြောက်သွေ့သွားပါသည်။


**ဥများကို အရွက်မကြွေခင် တူးယူရပါသည်။ အရွက်ကြွေပြီးလျှင် ရှာဖွေရန် မလွယ်ပါ။ ဆေးဖက်ဝင် အသုံးတော့ ကျွန်တော် မသိပါ။**

တောဝက်များသည် သစ်ဥ၊ သစ်မြစ်များကို ကြမ်းတမ်းမာကျောသော ၎င်း၏ နှုတ်သီးများဖြင့် မြေကို တူးဆွ တွန်းလှန်၍ ရှာဖွေစားသောက်လေ့ရှိပါသည်။ **သို့ရာတွင် ဝက်ကာဥကိုမူ မစားနိုင်၊ မတူးနိုင်ပါ။**

ဝက်ကာပင်၏အရင်း မြေတွင်း နှစ်လက်မ၊ သုံးလက်မခန့်တွင် ချွန်ထက်၍ မာကျောသော ဆူးများက ဥကို ဖုံးအုပ် ကာကွယ်ထားသဖြင့် တောဝက်များ မတူးနိုင်၊ မစား

# ဝက်ကာဥ အကြောင်း

သိသမျှ ဖြေကြားပါမည်



နိုင်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝက်ရန်မှ ကာကွယ်ထားခြင်းဆိုက မမှားပါ ထို့ကြောင့် ဝက်ကာဟု ခေါ်ခြင်း ဖြစ်ပါသည်။

ဥပုံစံမှာဟင်းချက်စားလေ့ရှိသော **ကဇတ်ဥနှင့် ဆင်တူပါသည်။ ကဇတ်ဥ လောက် မရှည်ပါ။**

ကျွန်တော်သည် တတ်သတ္တု ရှာဖွေလေ့လာရေး လုပ်ရသည့် **ဝန်ထမ်း တစ်ဦး(ယခု ငြိမ်း) ဖြစ်သောကြောင့် တောအနှံ့ တောင်အနှံ့ ပင်လယ်ပြင် မှ ကျွန်းများပါမကျန် (၃၅)နှစ် တာဝန်ထမ်းခဲ့ရသူ ဖြစ်ပါသည်။**

**ဝက်ကာကို သပိတ်ကျွန်းမြို့နယ်၊ ပဒ္ဒမြား၊ နီလာနှင့်ဒွေး အများအပြား ထွက် ရှိရာမြစ်သော ရေပ်ကွင်း ကျေးရွာ၊ အုံးမုံးကျေးရွာ၊ ကွင်းသုံး သဃ်တော၊ ယော့စပိတ်များ ထွက် သော လေးမိုင်၊ ခြောက်မိုင် ကျေးရွာဝန်းကျင်တို့တွင် တွေ့ရှိရသလို မြစ် လှုိင်မြို့နယ် သံရိုင်သစ္စာသိုက်များရှိရာ ကျွဲတွင်းရေသော၊ ဘင်္ဂယားမြေထော တို့တွင်လည်း တွေ့ရှိရပါ သည်။**

မှတ်ချက်

**ကျွန်တော် တွေ့ကြုံသိရှိနိုင်သမျှ ဖြေကြားရပါသည်။ တတ်သိနားလည်သူများထံမှ အဖြေများကို ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စောင့်မျှော်လျက် ရှိပါသည်။**

**တတ်ပုံ မောင်မောင်အေး**

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အနန္တသုခတိုင်းရင်းဆေးခန်း

# ဆရာမ ဒေါ်ကလျာစိုး

(တဆ-၀၃၆၁၉)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# လေဖြတ်ရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်

ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ (၁၅)သန်းခန့် လေဖြတ်ရောဂါ ခံစားနေရပြီး ယင်းတို့အနက် (၆)သန်းခန့်မှာ အသက်ဆုံးရှုံးနေကြောင်း လူ(၆)ဦးတွင် တစ်ဦးနှုန်း လေဖြတ်နိုင်ခြေရှိပြီး (၆)စက္ကန့်တိုင်း လေဖြတ်ရောဂါကြောင့် လူတစ်ဦးသေဆုံးနေကြောင်း World Health Organization(W.H.O) ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထုတ်ဖော်ချက်အရ သိရှိရပါတယ်။

အဲဒီ လေဖြတ်ရောဂါရဲ့ ဖြစ်စဉ်များနဲ့ ကာကွယ် စောင့်ရှောက်နည်းတွေကို သိရှိဖို့ **တောင်ဥက္ကလာပမြို့နယ် ရောက်တဲ့အခါ ဆရာမဒေါ်ကလျာစိုး** နဲ့ ဆွေးနွေးခဲ့ပါတယ်။ **ဆေးကုသက် (၁၅)နှစ်ခန့် ရှိနေပြီ**ဖြစ်တဲ့ ဆရာမ ဒေါ်ကလျာစိုးနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

■ **'ဒီတစ်ပတ် ဆရာမနဲ့ ဆွေးနွေးချင်တာကတော့ ဆရာမ ဦးစားပေး ကုနေတဲ့ လေဖြတ်ရောဂါ ဖြစ်စဉ် အကြောင်းတွေနဲ့ ကာကွယ်စောင့် ရှောက်နည်းတွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ လေဖြတ်ခြင်း အမျိုး အစားဘယ်နှမျိုး ရှိပါသလဲ ဆရာမ'**

○'လေဖြတ်ခြင်းအမျိုးအစား (၂)မျိုး ရှိပါတယ်။

၁။ ဦးနှောက်အတွင်း သွေးကြောပိတ်၍ လေဖြတ်ခြင်း(ဦးနှောက်အတွင်းရှိ သွေးကြောငယ်များ ကျဉ်း၍ ပိတ်ခြင်း၊ နှလုံးနဲ့ သွေးလွှတ်ကြောများမှ သွေးခဲငယ်များ လာရောက် ပိတ်ဆို့ခြင်း)၊

၂။ ဦးနှောက်အတွင်း သွေးကြောပေါက်၍ လေဖြတ်ခြင်းတို့ ဖြစ်ပါတယ်'

■ **'သွေးကြောပိတ်ပြီး လေဖြတ်ခြင်း နဲ့ သွေးကြောပေါက်၍ လေဖြတ်ခြင်း တို့ရဲ့ ဖြစ်စဉ်များကို ဆက်ပြီး ပြော ပြပေးပါဦး'**

○'ဆီးချိုရောဂါကြောင့် လေဖြတ်တာဆိုရင် နှလုံးသွေးကြောပိတ်လို့ လေဖြတ်တာ ဖြစ်ပါတယ်။ သွေးတိုးကြောင့် လေဖြတ်တာဆိုရင် သွေးကြောပေါက်လို့ လေဖြတ်တာ ဖြစ်ပါတယ်။

ဆီးချိုရောဂါနဲ့ သွေးတိုးရောဂါ တွဲနေတဲ့အချိန်မှာ လေဖြတ်တဲ့အခါ သွေးကြော ပိတ်ဆို့သွားတာဆိုရင် ဆီးချိုရောဂါကို မထိန်းနိုင်လို့ လေဖြတ်သွားတာ ဖြစ်ပါတယ်။ သွေးကြောပေါက်သွားတာဆိုရင်တော့ သွေးတိုးကို မထိန်းနိုင်လို့ လေဖြတ်သွားတာ ဖြစ်ပါတယ်'

■ **'လေဖြတ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို သိပါရစေ ဆရာမ'**

○'လေဖြတ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ အသက်ကြီးလာခြင်း၊

၂။ မျိုးရိုးဗီဇတွင် လေဖြတ်ရောဂါနှင့် နှလုံးရောဂါရှိခြင်း၊

၃။ ဆီးချိုရောဂါရှိခြင်း၊

၄။ သွေးတိုးရောဂါရှိခြင်း၊

၅။ အရက်သောက်ခြင်း၊

၆။ ဆေးလိပ်သောက်ခြင်း၊

၇။ သွေးတွင်း အဆီဓာတ်များခြင်း၊

၈။ အဝလွန်ခြင်း၊

၉။ သန္ဓေတားဆေး ကြာမြင့်စွာ သုံးစွဲ



ဆရာမ ဒေါ်ကလျာစိုး(တဆ-၀၃၆၁၉)



www.burmeseclassic.com

www.burmeseclassic.com

ခြင်း။

၁၀။ ယခင်က လေဖြန်းလေဖြတ် နှလုံးသွေးကြော ပိတ်ဖူးခြင်း။

၁၁။ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း။

၁၂။ စိတ်ဖိစီးမှု များခြင်း

စတဲ့ အကြောင်းအချက်များဟာ လေဖြတ်စေတဲ့ အကြောင်းအရင်းများ ဖြစ်ပါတယ်'

■ **'လေဖြတ်ခြင်းရဲ့ ပုဗ္ဗရုပ် ရှေ့ပြေး လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'လေဖြတ်ခြင်းရဲ့ ပုဗ္ဗရုပ် ရှေ့ပြေး လက္ခဏာများကတော့...

၁။ မျက်နှာ၊ လက်၊ ခြေတစ်ဖက် ရုတ်တရက် ထုံခြင်း လေးလံခြင်း။

၂။ ရုတ်တရက် အမြင် ဝေဝါးခြင်း။

၃။ နှစ်ထပ်မြင်ခြင်း။

၄။ ဟန်ချက် မထိန်းနိုင်အောင် ချာချာလည် မူးခြင်း။

၅။ ရုတ်တရက် လမ်းမလျှောက်နိုင်ဘဲ ဒယီးဒယိုင် ဖြစ်ခြင်း။

၆။ စကား မပီသခြင်း (သို့မဟုတ်) စကားပြောရန် ခက်ခဲခြင်း။

၇။ အလွန် ဆိုးရွားစွာခေါင်းကိုက်ခြင်း။

၈။ ရုတ်တရက် စကားပြောမရခြင်း။

၉။ စကား ဗလုံးဗထွေးဖြစ်ခြင်း။

၁၀။ အသိစိတ် မရှိတော့ခြင်း...

စတဲ့ လက္ခဏာများဟာ လေဖြတ်ခြင်းရဲ့ ပုဗ္ဗရုပ်ရှေ့ပြေး လက္ခဏာများ ဖြစ်ပါတယ်'

■ **'ဥဏှာဝါယောဓာတ်နဲ့ သီတဝါယောဓာတ် လှုပ်ရှားမှုတို့ကြောင့် ဖြစ်ပေါ်နိုင်တဲ့ အကျိုးဆက်များကို ပြောပြပေးပါဦး'**

○ 'ဥဏှာဝါယောလို့ခေါ်တဲ့ အပူလေဓာတ်ရဲ့ လှုပ်ရှားမှုဟာ အောက်သို့ စုန်ဆင်းခြင်း၊ ကိုယ်အင်္ဂါကြီးငယ် လှုပ်ရှားခြင်း၊ အသက်ရှူလမ်းကြောင်းကောင်းခြင်း စတဲ့ ကောင်းကျိုးများကို ခံစားရပါတယ်။

သီတတေဇောဆိုတဲ့ အအေးလေဓာတ်ရဲ့ လှုပ်ရှားမှုဟာ အထက်သို့ ဆန်တက်ခြင်း၊ ခေါင်းချွေးထွက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ မူးဝေခြင်း၊ လမ်းလျှောက်တဲ့အခါ ဟန်ချက်မထိန်းနိုင်အောင် ဖြစ်ခြင်း၊ အားအင်ကုန်ခန်း ချည့်နဲ့လာခြင်း စတဲ့ ဆိုးကျိုးတွေကို ခံစားရတတ်ပါတယ်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရားလေးပါးကို လွန်၊ ယုတ်၊ လွဲမှားပြုဖန်များရင် သီတဝါယောဓာတ် လှုပ်ရှားမှု အဖြစ်များလာပြီး ဥဏှာဝါယောဓာတ်ရဲ့ အကျိုးတရား နည်းပါးလာစေပါတယ်။

ဥဏှာဝါယောဓာတ် နည်းတဲ့အခါ အောက်ကို စုန်ဆင်းတဲ့အနိုး မစုန်ဆင်းနိုင်ဘဲ အထက်ကို ဆန်တက်ခြင်းကြောင့် ခန္ဓာကိုယ်တွင်း လှုပ်ရှားသွားလာတဲ့ လေအားနည်းပြီး ရုတ်တရက် လဲကျခြင်း၊ ခြေလက်ကိုယ်အင်္ဂါ လေးလံပြီး မလှုပ်ရှားနိုင်ခြင်း၊ မျက်စိ၊ ပါးစပ်၊ လျှာ ရွဲ့စောင်းသွားခြင်း။

စကားလုံး ဗလုံးဗထွေးပြောခြင်း၊ မပီသခြင်း၊ စိတ်အားငယ်ပြီး ငိုလွယ် ရယ်လွယ်ဖြစ်ခြင်း၊ ရုတ်တရက် လဲကျပြီး အချိန်ကြာကြာမေ့မြောခြင်း၊ ကိုယ်တစ်ခြမ်းသေသွားခြင်း စတဲ့ လေဖြတ်ရောဂါကို ခံစားရတတ်ပါတယ်'

■ **'လေဖြတ်ရောဂါရဲ့ ကုထုံးအကျဉ်းကို ဆက်ပြီး ပြောပြပေးပါဦး ဆရာမ'**

○ 'လေဖြတ်ရောဂါ ဝေဒနာရှင်များကို ဥဏှာတေဇောဖြစ်စေတဲ့ ဆေးနဲ့ ဓာတ်စာပေးပြီး ကုသရပါမယ်။

တိုင်းရင်းဆေးအမှတ်များနဲ့ ကုသမယ်ဆိုရင် ဆေးအမှတ်(၁၇) သွေးဆေးနီကြီးတစ်ဆ၊ ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ်တစ်ဆ၊ ဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေးကြီးနှစ်ဆတို့ကို သမအောင် ရောစပ်ပြီး နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့(၃)ကြိမ် တစ်ကြိမ်လျှင် ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါတယ်။

သွေးကြောလေကြောများ ပွင့်အောင် အကြော ပြုပြင်ပေးရပါတယ်။ ဆီး၊ ဝမ်း၊ လေ မှန်အောင်လဲ ဆေးတိုက်ကျွေး ပြုပြင်ပေးရပါတယ်။ အဲဒီလိုဆေးနဲ့ ဓာတ်စာတည့်အောင် ပေးပြီး ကုသသွားရင် တဖြည်းဖြည်း သက်သာ ပျောက်ကင်းစေပါတယ်။

လေဖြတ်ရောဂါကို ကြိုတင် ကာကွယ်ချင်တယ်ဆိုရင် အဲဒီဆေး (အထက်မှာ ပြောခဲ့တဲ့ဆေး)ကို နေ့စဉ် မှန်မှန် တစ်နေ့တစ်ကြိမ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ သောက်ရပါမယ်'

■ **'လေဖြတ်ရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာမ'**

○ 'လေဖြတ်ရောဂါ ကာကွယ်ချင်ရင် သွေးတိုး၊ ဆီးချို၊ အဝလွန်ရောဂါ မဖြစ်အောင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား လေးပါးကို မျှတအောင် နေထိုင်စားသောက်ရပါမယ်။

သွေးတိုးရောဂါ ရှိခဲ့ရင် အပေါ်သွေး အောက်သွေး (၁၃၀/၉၀)ထက် မပို အောင် ဆေးနဲ့အစာကို မျှတအောင် စားရပါမယ်။ ဆီးချိုကိုလဲ ၂၀၀mg/dl ထက်မပိုအောင် ထိန်းထားရပါမယ်။

ယနေ့ခေတ်မှာ မြန်မာ့တိုင်းရင်း ဆေးစွမ်းကောင်းတွေနဲ့ နိုင်ငံတကာ ဆေးတွေ ပေါ်ထွက်နေပြီ ဖြစ်တာ ကြောင့် ဆေးဝါးများကို တိုင်းရင်းဆေး ဆရာ ဆရာမ သိပ္ပံဆေးပညာရှင် ဆရာဝန် ပါရဂူများနဲ့ တိုင်ပင်စား သောက်သင့်ပါတယ်





www.burmeseclassic.com

www.burmeseclassic.com

အသက်(၆၀)ကျော်လာရင် လေအား ယုတ်လျော့လာတဲ့အတွက် လေဖြတ်နိုင်ခြေ များပါတယ်။ စားသောက်သင့်တဲ့ အစားအစာများ စားသောက်ပြီး ရှောင်ကြဉ်တဲ့ အစားအစာများ လုံးဝ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

**စားသောက်သင့်တဲ့ အစားအစာများကတော့**...ငါးကြင်း၊ ငါးမြစ်ချင်း စတဲ့ ငါးတစ်မျိုးမျိုးကို တစ်ပတ် (၂) ရက် စားပါ။ ကြက်သားကို ရံဖန်ရံခါ စားပါ။ ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥနီ၊ ဂေါ်ဖီ၊ ကြောင်လျှာသီး၊ ကြောင်လျှာရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ရှောက်ရွက်၊ ရှောက်သီး၊ မြင်းခွာရွက်၊ ဟင်းနုနယ် စတဲ့ အသီးအနှံများကို သင့်တော်သလို ချက်ပြုတ်စားရပါမယ်။ နမ်းဆီစစ်စစ်၊ ပဲဆီစစ်စစ်၊ သံလွင်ဆီ တစ်မျိုးမျိုးနဲ့ ချက်ပြုတ်စားသောက်ဖို့ လိုပါတယ်။

**ရှောင်ရမယ့် အစားအစာတွေကတော့**... အကြော်ဆီ၊ စားအုန်းဆီ၊ အချိုမှုန့်တို့ကို လုံးဝ ရှောင်ကြဉ်ရပါမယ်။ ဘဲသား၊ ဝက်သား၊ အမဲသား၊ သိုးသားများနဲ့ မြွေ၊ ဖား၊ ငါးရှဉ့်၊ မြေအောင်းသားများကို လုံးဝ ရှောင်ကြဉ်ရပါမယ်။

ဒံပေါက်ထမင်း၊ အုန်းထမင်း၊ အုန်းနို့ခေါက်ဆွဲ၊ မှို၊ မျှစ်၊ တညင်းသီး စတဲ့ ပထဝီအာပေါဓာတ် များစေတဲ့ အေး၊ ချို၊ ဆိမ့်၊ ဖန် အစားအစာများကို ရှောင်ကြဉ် စားသောက်မယ်ဆိုရင် လေဖြတ်ရောဂါတွေ ကာကွယ်ပြီးသား ဖြစ်ပါလိမ့်မယ်။

ဥတုသမုဋ္ဌာန်အရ နေပူထဲကလာပြီး (Air Con)လေအေးစက်၊ ပန်ကာလေတို့နဲ့ ရုတ်တရက် နေထိုင်ခြင်း၊ ညဘက် ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်းတို့ကို လုံးဝ ရှောင်ကြဉ်ရပါမယ်။

အထက်မှာ ပြောခဲ့သလို သွေးတိုး၊ ဆီးချို အဝလွန်ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်နေထိုင်ခြင်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ သမုဋ္ဌာန် တရားလေးပါးကို မျှတအောင် နေထိုင်စားသောက်မယ်ဆိုရင် လေဖြတ်ခြင်း ရောဂါမှ ကင်းဝေးပြီး သက်တမ်းစေ့ နေထိုင်နိုင်မှာ ဖြစ်ပါတယ်'

■ **'ကျေးဇူးတင်ပါတယ် ဆရာမ'**

**ဆရာမ ဒေါ်ကလျာစိုးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**


**ဆရာမ ဒေါ်ကလျာစိုး**

တိုင်းရင်းဆေးဒီပလိုမာ(မန္တလေး)

**အနန္တသုခတိုင်းရင်းဆေးခန်း**

အမှတ်(၂၅၇)၊ ဗိုလ်သီ(၁၈)လမ်း၊

(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့၊

ဖုန်း-၀၉ ၅၁၈၂၄၁၊ ၀၉ ၅၀၇၄၇၉၉


**ဖြောင်းမြ မောင်ယဉ်တင့်**

**စာမျက်နှာ (၁၇၄)မှ အဆက်**

သို့မဟုတ် ပြောင်းလဲနေသော တည်ငြိမ်ခြင်းကို ဆက်ကာဆက်ကာ ဖြစ်တည်စေလေသည်။

ယင်းနှင့်ယန်း အားပြိုင်လွန်ဆွဲနေခြင်းသည် အပြန်အလှန် ထိန်းညှိပေးခြင်းသာဖြစ်ကာ အပျက်သဘော မဆောင်တဲ့ တည်ငြိမ်မှုကို ဖြစ်ပေါ်စေ၏။

ဟိန္ဒူမလေ့တွင်လည်း ဤကဲ့သို့ သဘောခြင်းတူသော သင်္ကေတရှိ၏။ Tri Lance **"သုံးခွလှံ"** ဖြစ်သည်။ သို့ဝ ကာလီစသော ဟိန္ဒူနတ်ရုပ်များ၏ လက်တွင် ကိုင်ဆောင်ထားသည်ကို တွေ့ရတတ်၏။

* * *



သုံးခွလှံ

ခွတစ်ဖက်မှာ သေးငယ်၍ တစ်ဖက်မှာ ကြီးမား၏။ ဗိုလ်နှင့်မ ဆန့်ကျင်ဘက်အင်အား နှစ်ရပ်ကို အလယ်ရှိ ရိုးတံနှင့် တစ်ဆက်တည်းရှိသော လုံမလှိုင်က ထိန်းညှိပေးထားခြင်း ဖြစ်သည်။

ဟန်ချက်ညီမျှနေခြင်း၏ သဘောဆောင်သည်။ သူညတာ (တစ်ဖက်နှင့်တစ်ဖက် ပိုလွန်အားသာခြင်းမရှိ)၏ သရုပ်လည်း ဖြစ်သည်ဆို၏။

အီဂျစ်တို့၏ ဝက်ပါတည်ဆောက်မှု ပညာတွင်လည်း "ယင်းနှင့်ယန်း" သဘောကို သုံးစွဲထားသည်။ ဆင့်ကဲ ဖြစ်စဉ်နှင့် တော်လှန်မှုဖြစ်စဉ်ကို ကိုယ်စားပြုကြောင်း ယူဆကြလေသည်။

**ဟူချင်းစီ**



www.burmeseclassic.com

www.burmeseclassic.com

## မီးပွား မီးပွင့်

မွေးဖွားခြင်း၊ ဘဝတစ်ခု အစပျိုးခြင်းဟု အဓိပ္ပာယ်ဖွင့်သည်။ လောကတွင်းရှိ သက်ရှိအားလုံး မတူညီသော မျိုးနွယ်စုအသီးသီးမှ ပေါက်ဖွားရှင်သန်လာခြင်းကို ရည်ညွှန်းသည့် သင်္ကေတဖြစ်သည်။

ရှေးရောမလူမျိုးများက **ကောင်းကင်ဘုံမှ ဖခင်ကို ကိုယ်စားပြုသည်**ဟုလည်း ယူဆခဲ့ကြသည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင်မူ မီးပွားမီးပွင့်သည် ဂြိုဟ်ကြီးကိုးလုံးအနက် အင်္ဂါဂြိုဟ်၏ အထိမ်းအမှတ်ဖြစ်သည်ဆို၏။ ထို့ကြောင့် မီးပွားသည် ပုလ္လိင်ဆန်ခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းတို့ကို ဖော်ပြသည်။

ထို့ကြောင့် နှုတ်ငုံအရင့်အမာရှိသော မိဖုရားအဆောင်မှ မီးပွင့်မီးပွားများကို မြင်ရသည်ဆိုလျှင် အနောက်တိုင်းဓလေ့အရ ရင်သွေးတော် မွေးဖွားပြီဟု လျှောက်တင်ခြင်းဖြစ်ကာ အရှေ့တိုင်းတရုတ်အယူအဆတွင်ကား သားယောကျ်ားမွေးသည်ဟု အဓိပ္ပာယ်ရလေသည်။

တရုတ်စာပေတွင် (火星) (ဟော့ရှင်း)Huǒ xīngသည် အင်္ဂါဂြိုဟ်အပြင် မီးပွင့်မီးပွားဟူသော အနက်လည်း ရှိလေသည်။

## ပြူတင်း

အဆောက်အအုံများတွင် အလင်းရောင်နှင့် လေဝင်လေထွက်ရရှိစေရန် ဖောက်လုပ်ထားသည့် ပြူတင်းပေါက်ဖြစ်သည်။

ဤသင်္ကေတ ထိုးဖောက်ဝင်ရောက်ခြင်းကို ကိုယ်စားပြုသည်။ ဖြစ်တန်စွမ်းရှိသမျှနှင့် ဝေးနိုင်သမျှ ထိုးဖောက်ဝင်ရောက်ခြင်း ဖြစ်သည်။

# သင်္ကေတများ၏

ဘာသာစကား (၃၉)

ဟူကျင်ဇီ


ထို့အပြင် ယင်း၏ လေးထောင့်ပုံစံယေဘုယျပုံသဏ္ဍာန်ကြောင့် ကမ္ဘာမြေကြီးနှင့် ဆက်စပ် တည်ရှိကြောင်းကိုလည်း ညွှန်ပြသည်။

အိမ်ခြေမြင့် သို့မဟုတ် ရဲတိုက်တွင်ရှိသော ပြတင်းပေါက်ဆိုပါက သတိမချွတ်ယွင်းခြင်း၊ မပြတ်ဂရုစိုက်နေခြင်းဟူသော အဓိပ္ပာယ်ရှိသည်။

ခန္ဓာဗေဒတွင် ပြတင်းပေါက်သည် လူ၏ ဦးခေါင်းကို ဖော်ညွှန်း၍ ဖွင့်ထားသော ပြူတင်းပေါက်သည် ကိုးကွယ်ယုံကြည်မှု ဘာသာရေးဆိုင်ရာ အတွေးအမြင်သစ်များ တရားထူးများ ပေါက်မြောက်အောင်မြင်ခြင်း၊ စိကာစဉ်ကာ နားလည်သဘောပေါက်ခြင်း၏ အမှတ်အသား ဖြစ်သည်ဆို၏။

အရှေ့တိုင်း တရုတ်ဓလေ့တွင်မူ အမိုးမျက်နှာကျက် သို့မဟုတ် အမြင့်ပိုင်းတွင်ဖောက်ထားသော ပြူတင်းပေါက်ကို **(ထျန်းကျင်)** Tiān Jǐn **(ကောင်းကင်ရေတွင်း)**ဟု ခေါ်၍ သက်သောင့်သက်သာဖြစ်ခြင်း၊ အကျဉ်းအကျပ်မှ လွတ်မြောက်ခြင်း၊ ကောင်းကင်ဘုံ နတ်ဒေဝတာများ၏ ကူညီစောင့်ရှောက်မှု ခံစားရခြင်း စသည့် သဘောများ ဆောင်ယူသည်။

သာမန်ပြတင်းကို သီးခြားညွှန်းဖွဲ့လေ့ မရှိသော်လည်း တရုတ်စာပေတွင် (ထျန်းမိန်ကျီကျိုင်) Tiān míng Jǐ Jìng**(ပြူတင်းက လင်းထင်းကျင်းကျင်း၊ စားပွဲခုံကလည်းသန့်သန့်ရှင်းရှင်း)**ဟု အဓိပ္ပာယ်ဆောင် ဖွဲ့ဆိုကြသည်။



နှင်းပန်းနှင့် မှုန်ဝါးသော ပြူတင်း

နေထိုင်မှုအဆင်ပြေ၍ စိတ်အနှောင့်အယှက်ဖြစ်စရာ မလိုပါဟု နှစ်သိမ့်ခြင်းဖြစ်သည်။

နေအိမ်သို့ အလည်လာသော ဧည့်သည် သို့မဟုတ် တည်းခိုခန်းသို့ ရောက်လာ တည်းခိုသူအတွက် ဝန်ဆောင်မှုကောင်းစွာ ပေးသည့်သဘော ဖြစ်လေသည်။

## နှင်းပန်း

ကြီးကျယ်မြင့်မြတ်ခြင်း၏ သင်္ကေတဖြစ်သည်။ အဓိက ညွှန်းဆိုချက်မှာ သန့်စင်ခြင်း ဖြစ်သည်။ ခရစ်ယာန်အယူဝါဒတွင် **အပျိုစင်နတ်သမီးမယ်တော်မာရီ**ကို ရည်ညွှန်းလေ့ရှိသည်။

နှင်းပန်းကို ညောင်ရေအိုး သို့မဟုတ် ရေကရားရှည်တွင်ထည့်၍ ထောင်ထားခြင်းသည် ပြန်လည်ရောက်ရှိခြင်း

www.burmeseclassic.com

နောက်ကြောင်း ပြန်လှည့်ခြင်း အဓိပ္ပာယ် ရှိသည်။ အထူးသဖြင့် ကက္ကဋ်လိင်များနှင့် ဆက်နွယ်၍ အသုံးပြုလေ့ ရှိကြသည်။

ဥပမာ ဖွင့်ထားသော ပြူတင်းပေါက်နှင့် ပန်းအိုးအတွင်းမှ နှင်းပန်းသည် ကရုဏာရှင် မယ်တော်မာရီကို ကြိုဆို အရိုသေပေးခြင်းဖြစ်၏။

## သစ်ပင်နှင့် မြွေ

သစ်ပင်ထက်သို့ ရစ်ခွေတက်ရောက်နေသော မြွေပုံသဏ္ဌာန်သည် တပ်မက်မှုဖြင့် ချစ်ခြင်း၊ တဏှာပေမ၏ အရင်းမြစ်သင်္ကေတ ဖြစ်သည်။

ရောမလူမျိုးတို့၏ ဒဏ္ဍာရီလာ အာဒမ်နှင့်အေဝတို့ ဆုံတွေ့ကာ တပ်မက်ပေါင်းဖက်ကြပုံကို သစ်ပင်နှင့် မြွေဖြင့် သရုပ်ဖော်ထားလေသည်။

## နှစ်ကာလ

နှစ်ကာလသည် သင်္ကေတတစ်ခုဖြစ်သည်သာမက စက်ဝိုင်းပုံ ဆင့်ကဲပြောင်းလဲလာသည့် သင်္ကေတအားလုံး၏ အစကနဦး မူလနမူနာပုံစံလည်း ဖြစ်လေသည်။

စက်ဝိုင်းပုံ ဆင့်ကဲပြောင်းလဲလာသည့် သင်္ကေတများဟူသည် ဆက်၍ဖြစ်ပေါ်နေသော နေ့ရက်၊ လူသားတစ်ယောက်၏ ဘဝနေမှုအသက်တာ၊ စကြာဝဠာဆိုင်ရာစက်ဝိုင်းများ တက်ကျ ပြောင်းလဲနေသည့် ယဉ်ကျေးမှုထုံးဓလေ့ဆိုင်ရာ ဖြစ်စဉ်များစသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။

အဆိုပါ စက်ဝိုင်းများတို့သည် တိုးတက်သော ပြောင်းလဲမှုအဆင့်နှင့် ကျဆင်းသော ပြောင်းလဲမှုအဆင့်များဖြင့် အထပ်ထပ်အဖန်ဖန် ဖွဲ့တည်နေကြသည်။ ဥပမာ ဆင့်ကဲဖြစ်စဉ်နှင့် တော်လှန်သော ဖြစ်စဉ်ကဲ့သို့ ဆန့်ကျင်ဘက်အခြေအနေနှစ်ရပ်ဖြင့် တစ်လှည့်



သစ်ပင်နှင့် မြွေ



နှစ်ကာလ (ဆယ့်နှစ်ရာသီခွင်)

စီ ပါဝင်နေခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ သုံးလေးငါးဆင့်စသည်ဖြင့် ဆင့်ကာ စည်းဝါးတကျ ဖွဲ့တည်နေကြသည်လည်းရှိသည်။

ဥပမာ တစ်နှစ်တာအတွင်း ရာသီဥတုလေးခု (အရှေ့တိုင်း အချို့ဒေသများတွင် ရာသီဥတုသုံးခု) လူ့ဘဝ၏ ပြောင်းလဲမှုအဆင့်ဆင့် [မိမိတို့ရေမြေရပ်ရွာဓလေ့အရ အဆင့်ခွဲခြားမှု ကွဲပြားနိုင်ပါသည်။

ဥပမာ တရုတ်ဓလေ့တွင် လူ့ဘဝတာပြောင်းလဲမှု အရွယ် (၅)ပါးရှိသည်။ မွေးဖွားခြင်း၊ ကြီးပြင်းခြင်း၊ ပြောင်းလဲခြင်း (အရွယ်ရောက်ပြီး၊ လူမှုတာဝန်များ ထမ်းဆောင်ချိန်) ကျဆင်းခြင်း၊ ကွယ်လွန်ခြင်းဟူ၍ ဖြစ်သည်။] စသည်ကဲ့သို့ ဖြစ်ကြသည်။

ဤစက်ဝိုင်းများ (ဖြစ်စဉ်သင်္ကေတများ) အားလုံးတို့သည် စနစ်ဇယားတကျ အချိုးညီစွာ တည်ရှိနေရန်မလိုသော်လည်း **"နှစ်ကာလ"**ဟူသော စက်ဝိုင်း (ဖြစ်စဉ်သင်္ကေတ)တွင်မူ အဆင့် (၁၂)ဆင့် twelve units အချိုးညီစွာ ပါရှိရသည်။

ယင်းကို နှစ်ကာလ Year သို့မဟုတ် ဆယ့်နှစ်ရာသီခွင် The wheel of the Zodiac ဟု ခေါ်ဝေါ်ကြသည်။

ထို (၁၂)ဆင့်ကို နေမင်း၊ ဥတ္တရာယဉ်စွန်းတန်းရောက်ချိန်နှင့် ဒက္ခိဏာယဉ်စွန်းတန်းရောက်ချိန်ဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သကဲ့သို့ ရာသီဥတု အပြောင်းအလဲအရ သုံးပိုင်း သို့မဟုတ် လေးပိုင်း ခွဲခြား၍လည်း ရနိုင်လေသည်။

**နှစ်ကာလ** (ဆယ့်နှစ်ရာသီခွင်)နှင့် ပတ်သက်၍ အနောက်တိုင်းမှ ပုံဖော်ချက်ကို ဓာတ်ပုံမှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။ **အလယ်ခေတ်** (အေဒီ ၁၁၀၀မှ ၁၄၀၀ ခန့်) ကာလန်ရုံဆေးရေးပန်းချီတစ်ခု ဖြစ်သည်။

အလယ်တွင် နေနှင့်လကိုကိုင်ထားသော အဖိုးအိုရုပ်ပါစက်ဝိုင်းရှိ၍ အပြင်ပါတ်လည်နှစ်ထပ်ရှိရာ အပြင်ဘက်အထပ်မှ ရုပ်ပုံများသည် ရှေးခေတ်ရာသီခွင်ဆိုင်ရာ သင်္ကေတဖြစ်၍ အတွင်းဘက်အထက်မှာ နှောင်းခေတ် (အေဒီ ၁၄၀၀မတိုင်မီကာလ) အယူ



www.burmeseclassic.com

အဆ သင်္ကေတများ ဖြစ်သည်။

လေ့လာကြည့်ပါက မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် စသည်ဖြင့် လက်ယာရစ် အစဉ်အတိုင်း (နာရီလက်တံ လည်သည့်အတိုင်း) ရေးသွင်းထားသည်ကို တွေ့ပါမည်။ ထို့ထက်နောက်ကျသော ၂၈ရာစုကာလတွင်မူ လက်ဝဲရစ် (နာရီလက်တံ ပြောင်းပြန် အတိုင်း) ရေးမှတ်ကြပေသည်။

နှစ်ကာလစက်ဝိုင်း (ရာသီစက်)ကို နှစ်ပိုင်းခွဲခြား၍ မှတ်သားခြင်းကို တရုတ်ရိုးရာ ၊ ထုံးဓလေ့တွင် တွေ့ရ၏။ **အမှောင် သို့မဟုတ် မရဏ** darkness (0r) death **နှင့် အလင်း သို့မဟုတ် ဇာတိ ရှင်သန်ခြင်း** Light (0r) Life ဟူ၍ ဖြစ်သည်။

တရုတ်ပြက္ခဒိန် (လယ်သမားပြက္ခဒိန်)တွင် Dōng Zhì တုန်းကျိရ် (ခရစ်ပြက္ခဒိန် ဒီဇင်ဘာလ ၂၁၊ ၂၂ ရက်နေ့များတွင် ကျရောက်လေ့ ရှိသည်။ ဆောင်းရာသီ အအေးဆုံးနေ့ရက်ဟု အဓိပ္ပာယ်ရသည်။) ကာလမှ xià Zhì ယျာ့ကျိရ် (ခရစ်ပြက္ခဒိန် ဇွန်လ ၂၁၊ ၂၂ရက်နေ့များတွင် ကျရောက်လေ့ရှိသည်။

ရှေးယခင်ကာလကယုံကြည်သတ်မှတ်ခဲ့ကြတာ သမပိုင်းဒေသဖြစ်သော တရုတ်ရေမြေတွင် ဆောင်းဦးနှင့် ရာသီကာလများသည် ဆီးနှင်းမှုန်တိုင်းတိုက်ခြင်း၊ နှင်းခဲရိုက်ခြင်း စသည်ဖြင့် အအေးဒဏ်ကို အလူးအလဲ ခံစားရသောကြောင့် တိရစ္ဆာန်များပင်လျှင် လုံခြုံနွေးထွေးမည့် တွင်းလိုဏ်ဂူ စသည်တို့အတွင်း ပုန်းအောင်းကာ ဆောင်းခိုကြရသည်။

နွေးထွေးသော နွေဦးရာသီနှင့် နွေရာသီကာလများတွင်သာ စားသောက်ဖွယ် ကောက်ပဲသီးနှံများ ရှာဖွေစုဆောင်း၍ ဆောင်းခိုကာလအတွက် သိုလှောင်ကြရလေသည်။

## ယင်းနှင့် ယန်း

တရုတ် အယူအဆဆိုင်ရာ သင်္ကေတစုံတွဲ ဖြစ်သည်။ သင်္ကေတနှစ်ခု ပေါင်းစည်းမှသာ ယင်းနှင့် ယန်းဟူ၍ အဓိပ္ပာယ်ပေါ်လွင်သည်။ ထို ယင်းနှင့်ယန်းနှစ်ခုတွဲကာ အားပြိုင်လွန်ဆွဲနေပုံကို ''ထိုက်ကျိ''ရုပ်ပုံ Tài Jí ဟု ခေါ်ကြသည်။

* * *

ဥပမာအနေဖြင့် နေနှင့်လကို ပမာပြုဖော်ပြလေ့ ရှိကြသည်။

ယင်းသည် အမှောင်ငြိမ်သက်ခြင်း၊ နူးညံ့ခြင်း၊ ဣတ္ထိလိင် ပြုပြင်စီမံထားခြင်းပုံရိပ် စသည်တို့ကို ကိုယ်စားပြု၍ ယန်းသည် အလင်း လှုပ်ရှားခြင်း၊ ရဲရင့်ထက်မြက်ခြင်း၊ ပုလ္လိင် သဘာဝအတိုင်း ပြုပြင်စီမံထားမှုမရှိခြင်း၊ မူလရုပ်သွင် စသည်တို့ကို ဖော်ညွှန်းသည်။

ယင်းနှင့်ယန်းတို့သည် အစွန်းတစ်ဖက်ဆီသို့ လှုပ်ရှားရုန်းကန်နေပုံကို ရုပ်ပုံ၌ကြည့်ပါ။

လက်ဝဲဘက်တွင် **''ယင်း''** **(အမှောင်)** သင်္ကေတနှင့် လက်ယာဘက်တွင် **''ယန်း''(အလင်း)** သင်္ကေတနှစ်ခု လွန်ဆွဲ အားပြိုင်နေကြ၏။

**''ယင်း''**အတွင်းသန္ဓာန်ရှိ**''ယန်း''** (အလင်းစက်ငယ်)သည် တဖြည်းဖြည်း ရုန်းကန်ကာ ကြီးမားလာ၏။

ကြီးမားလာသောအင်အားတို့ အဆုံးစွန် အခြေအနေသို့ ရောက်သောအခါ **''ယင်း''**သည် **''ယန်း''** ဖြစ်လာသကဲ့သို့**''ယန်း''**သည်လည်း**''ယင်း''** အဖြစ်သို့ ပြောင်းလဲ ရောက်ရှိသွား၏။



**အားပြိုင် လွန်ဆွဲနေသည့် ယင်းနှင့်ယန်း**

နွေရာသီ အပူဆုံးနေ့ရက်ဟု အဓိပ္ပာယ်ရသည့် ကာလအထိကို အလင်း သို့မဟုတ် ရှင်သန်ခြင်းဇာတိ ကာလများဟု သတ်မှတ်သည်။ ထိုမှကျန်နှစ်တစ်ဝက်ကာလကို အမှောင် သို့မဟုတ် သေဆုံးခြင်း မရဏကာလ ဟု သတ်မှတ်သည်။

အဓိကဖြစ်သော ဆန့်ကျင်ဘက် အင်အားစုနှစ်ရပ်သည် အခြေအနေ တစ်ရပ်တည်းပေါ်၌ မူသေရပ်တည်နေခြင်းမရှိဘဲ အစွန်းတစ်ဖက်မှ အခြားတစ်ဖက်ဆီသို့ ဦးတည်ပြောင်းလဲနေကြသည်။

ယင်းနှင့်ယန်းကို ထင်ရှားသော တစ်ချိန်တည်းမှာပင် အင်အားအသီးသီး၏ အတွင်းသဏ္ဍာန်(အလယ်ဗဟို)တွင် ဆန့်ကျင်ဘက် အင်အား ငယ်ကလေး သန္ဓေတည်နေတော့သည်။

ထိုမှတစ်ဖန် ဆက်၍ ရုန်းကန်ခြင်းဖြင့် တည်ငြိမ်သော ပြောင်းလဲခြင်း

စာမျက်နှာ (၁၇၁) သို့

www.burmeseclassic.com



ကျီးပေါင်းပင်ကို အနီးကပ်တွေ့ရစဉ်

# ဆီးချိုအတွက်

ဆေးတစ်ခွက်

ဆီးချိုရောဂါနှင့် ပတ်သက်၍ ဆီးချို ဝေဒနာရှင်များအတွက် ဆေးမြီးတို ဆောင်းပါးတစ်ပုဒ်အဖြစ် ဖော်ပြပေး လိုက်ရပါ သည်။

ဆီးချိုရောဂါသည် နာတာရှည် ရောဂါ ဖြစ်သည့်အလျောက် ဤရောဂါ စွဲကပ်ပြီဆိုလျှင်ဖြင့် ခံစားရသော ဝေဒနာရှင်တို့သည် စိတ်ဆင်းရဲ ကိုယ် ဆင်းရဲစွာ ဝေဒနာ ခံစားနေရသော အဖြစ်ကို တွေ့မိတိုင်း ကိုယ်ချင်းစာနာ မိတာတော့ အမှန်ပါ။

အစားအသောက် အနေအထိုင်မှ အစ အားလုံးသည် သူတို့အတွက် ပျော်ရွှင်မှုဆိုတာ မရှိခဲ့ပါ။ ထို့ကြောင့် စာရေးသူတို့အနေနှင့် မိမိတို့ တတ်စွမ်း သည့်ဘက်က တတ်နိုင်သရွေ့တိုင်းရင်း မြန်မာ ဆေးမြီးတိုများစွာ ရှာဖွေ စုဆောင်းပြီး စာရှုသူ ပရိသတ်များထံသို့ အကျိုးရှိရှိ အသုံးပြုနိုင်စေရန် စေတနာမေတ္တာ အရှေ့ထား၍ တင်ပြပေးလိုက်ရခြင်းဖြစ်သည်။

ဤဆီးချိုရောဂါကို သက်သာစေနိုင်သော ဆေးနည်းကို စာရေးသူ ပေါင်မြို့သို့ ရောက်ခဲ့စဉ်က မိတ်ဆွေ ဒေါ်သန်းလှ ထံမှ ရရှိခဲ့သည်။

ဤဆေးနည်းသည် ဒေါ်သန်းလှ ကိုယ်တိုင် သုံးစွဲခဲ့ပြီး တစ်ပါးသူများကိုလည်း ဆေးနည်းကို မျှဝေဒါနပြုခဲ့ပါသည်။

ထို့ကြောင့် စာရေးသူ ပေါင်မြို့သို့ ရောက်ခဲ့စဉ် ဒေါ်သန်းလှနှင့် စကားစပ်မိရာမှ ဤဆေးနည်းကို မေးမြန်းခဲ့သည့်အတွက် စာရှုသူပရိသတ်များထံ လက်ဆင့်ကမ်း တင်ပြပေးလိုက်ရပါသည်။ ဆီးချိုရောဂါအတွက် အသုံးပြုမည့် ဆေးပင်မှာ **"ကျီးပေါင်းပင်"**ဖြစ်သည်။

ဤကျီးပေါင်းပင်သည် အပင်မရွေးဘဲ ပေါက်တတ်သောအပင် ဖြစ်သည်။ ပေါက်သည့်အခါ အကိုင်းများတွင်သာ ပေါက်လေ့ရှိသည်။

ထိုကျီးပေါင်းပင် တွယ်ကပ်ပေါက်သည့် သစ်ကိုင်းတို့သည် ကြာမြင့်လာသည်နှင့်အမျှ ခြောက်သွေ့သွားသည်ကို သည်း တွေ့ရှိရစမြဲပါ။ ယခု ဆေးအဖြစ်သုံးမည့် ကျီးပေါင်းပင်မှာ တည်းပင်အကိုင်းတွင် ပေါက်သောအပင်ကို ယူရမည်။

တည်းပင်ပေါ်တွင် ပေါက်သော ကျီးပေါင်းပင်ကို ပွဋ်ပါးပါးပါအောင် ခုတ်ယူရမည်။ ပထမ အပင်ကို နုပ်နုပ်စဉ်းလိုက်ပါ။ ပြီးမှ ရေစင်အောင် ဆေးပြီး သုံးခွက် တစ်ခွက်တင် ပြုတ်ပြီး တစ်နေ့သုံးကြိမ် သောက်သုံးနိုင်ပါသည်။

ဆေးပင်ကို (၃)ကြိမ် တစ်ခါ ပြုတ်ပြီးလျှင် အသစ်တစ်ဖန် လဲလှယ်ပြီး ပြုတ်ပါ။ ရက်ဆက် သောက်သုံးခြင်းဖြင့် ဆီးချိုဝေဒနာကို သက်သာစေနိုင်ပါသည်။


**[ဂု-ရက်သားသမီး အပေါင်းတို့ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး ပြုနိုင် ကြပါစေ။]**

မြဒင်(ဇင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်
ဓာတ်ကြီးငါးပါးမိုးမိုးမှုနှင့် အောင်ဘာလေ

# ထီဆုငွေ



ဤလတွင် ထီဆုကြီးများကို မျှော်လင့်နိုင်စေရန် ၆၊ ၁၊ ၀၊ ၇ ဂဏန်းခြေများကို က၊ ဃ၊ ဗ၊ ဘအက္ခရာများနှင့် တွဲဖက်၍ ကံစမ်းပါ။

**ဂဏန်းတူ ဂဏန်းထပ်များ အလိုရှိပါက** ၆၊ ၁၊ ၀၊ ၇ တို့အနက် နှစ်လုံးနှင့် အထက်ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။

မိမိတို့ မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးပြုလိုပါလျှင် အောက်တွင် ကြည့်ပါ။

| မွေးနှစ် | ကံပွင့်အရောင် | လာဘ်ပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား ကျား | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ယုန် | အညို | ဂ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နဂါး မြွေ | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဆိတ် မျောက် | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကြက် | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ခွေး ဝက် | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |

* * * ⟶

**ဥပမာ။ ။ ကြွက်နှစ်ဖွားတို့သည်** အဖြူရောင်ကို အဆောင်ပြုလျက် (၆) ရက်၊ (၁၆)ရက်၊ (၂၆)ရက်နေ့များတွင် ကံစမ်းနိုင်သည်။

မိမိတို့၏ နေအိမ်၊ အလုပ်ခန်းမှ အနောက်မြောက်ထောင့်အရပ်ရှိ ထီလက်မှတ်အရောင်းဆိုင်တွင် ရွေးချယ်ပါ။ **စပ်တူ ထိုးလိုပါက** ကြာသပတေးသားသမီးနှင့် ပေါင်းစပ်၍ ထိုးပါ။ တနင်္ဂနွေနေ့တွင် ရွေးချယ် ကံစမ်းသင့်ပေသည်။

ထီလက်မှတ်အရောင်းဆိုင် တည်နေရာအရ ဌာနပလစွမ်းအင် အကူအညီ ရယူလိုပါလျှင် သံ၊ ကြေး၊ ဒန်၊ စတီး စသည့် သတ္တုဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ အရောင်းဌာန၊ သံရည်ကျိုစက်ရုံ၊ စက်အပိုပစ္စည်းအရောင်းဆိုင်၊ တူးရွင်း၊ ဓား၊ ပေါက်ပြား၊ အိမ်ရိုက်သံ စသည့်အရောင်းဆိုင်၊ စားသောက်ဆိုင်ကြီးများ၊ ဈေးများအနီး ဖွင့်လှစ်ရောင်းချသော ထီလက်မှတ်အရောင်းဆိုင်များတွင် ကံစမ်းနိုင်ကြပါသည်။

**ထီပေါက်ကံမြှင့် အထူးယတြာပြုလုပ်လိုပါက...** သက်လတ်ပိုင်း အမျိုးသားတစ်ဦးအား သော့ကွင်း၊ သော့ချိတ်၊ လက်သည်းညှပ် စသည်ဖြင့် သံထည်၊ စတီးထည် အသုံးအဆောင်ပစ္စည်းတစ်ခုခုကို သောကြာနေ့တွင် လက်ဆောင် ပေးလှူဒါန်းပါ။

သမ္မာဒေဝများကို တိုင်တည်၍ ထီပေါက်ကိန်းရှိပါက ဆုကြီးများ ရရှိစေရန် ဆုတောင်းနိုင်လေသည်။

*ဝုယင်းဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ*

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com




◆ ကျောက်သစ်ကျောင်းအတွင်း တည်ထားကိုးကွယ်သည့် ကိုရို့ကင်ကျော် မင်းနှမ်ပိုးစေတီတော်

ဂုဏ်ရည်ထူးခြား ယင်းတလဲ ရဟန်းတစ်ပါးနှင့်

# နဝင်းကျော ပုတီးစိပ်နည်း

ကျုပ်က ကယားတိုင်းရင်းသားပါ။ ကျုပ်တို့ တိုင်းရင်းသားတွေက တောင်တွေပေါ်၊ တောတွေကြား မြစ်ကမ်းနားတွေမှာ နေထိုင်ကြတော့ အစားအစာလဲ ပေါတယ်။ ပင်ကိုကလဲ အေးအေးချမ်းချမ်း ရိုးရိုးသားသား နေလာကြတော့ ဘာမှ အပူအပင် မရှိကြဘူးလေ။

ကျုပ်တို့ရွာကို ဝမ်အောင်း(ကယား)ရွာလို့ ခေါ်ပြီး သံလွင်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတယ်။ အရှေ့ဘက်ကမ်းမှာလဲ ရွာတစ်ရွာရှိပြီး ဝမ်အောင်း(ရှမ်း)ရွာလို့ ခေါ်ကြတယ်။

နှစ်ရွာလုံး ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်ထဲမှာပါပြီး ဖားဆောင်းမြို့နဲ့ (၂)မိုင်လောက်ပဲကွာလို့ တောကျတဲ ခေတ်မီတယ်ဗျ။ ဒါပေမယ့် ကယားတိုင်းရင်းသားပီပီ လောဘသဏ္ဍာသနည်းပါးပြီး ရောင့်ရဲ တင်းတိမ်ကြတယ်။

ကျုပ်တို့ရွာမှာ ဘုန်းကြီးကျောင်း အကြီးကြီးရှိပြီး တောင်တန်းသာသနာပြုဘုန်းတော်ကြီး **"ဦးဓမ္မာဓာနန္ဒ"**က ကျောင်းထိုင်ဆရာတော်ပါ။ ကျုပ်တို့ရဲ့ ဆယ်ကြောက် ဆရာတော်ကြီးပေါ့။ ဆရာတော်ကြီးကို ကြောက်လဲ ကြောက် တယ်၊ ရိုလဲ ရိုသေ လေးစားကြတယ်။

ဆရာတော်ကြီးရဲ့ ကျေးဇူးကြောင့် အခုဆိုရင် တစ်ရွာလုံး ဗုဒ္ဓဘာသာဝင် စစ်စစ်တွေ ဖြစ်ကုန်ကြပါပြီ။ အခုနက ပြောခဲ့သလို ဘုန်းကြီးကျောင်း အကြီးကြီး ဆောက်ပြီးခဲ့သလို စေတီတစ်ဆူကိုလဲ ကျောင်းဝင်းထဲမှာ တည်ထားကိုးကွယ်နိုင်ခဲ့ပြီလေ။

ကဲ...ဆက်ရအောင် ကျုပ်ရဲ့ လူ့ဘဝအမည်က "မြင့်လွင်"တဲ့ဗျ။ ကျုပ်လား ကျောင်းနေဖူးတာပေါ့ဗျ။ ဖားဆောင်း အ.ထ.ကမှာ (၇)တန်းထိ နေဖူးတယ်။

နောက်တော့ ရွာပြန်ပြီး ကျေးရွာသမဝါယမအသင်းမှာ ဆိုင်တာဝန်ခံ လုပ်တယ်လေ။ ဟာ...အိမ်ထောင် မကျပါဘူးဗျာ။ လူပျိုဘဝနဲ့ ပေပေတေ တေနေခဲ့တာပေါ့။

ကျုပ်က ကယားတိုင်းရင်းသားပီပီ မွေးကတည်းက ခေါင်ရည်နဲ့ ရင်းနှီး ကြီးပြင်းလာရတာလေ။ ဒါကတော့ ကျုပ်တို့ တိုင်းရင်းသားရိုးရာပဲပေါ့။

တောလယ်ထွက်ပြီး တောပစ်တာနဲ့ သံလွင်မြစ်ထဲ ငါးဖမ်းရတာလဲ ဝါသနာကြီးမှ ကြီးပဲဗျို့။ တောလည်ထွက် မုဆိုးလုပ်ကောင်းခဲ့လို့ ကျုပ်ဘဝ အပြောင်းအလဲဖြစ်ပြီး လူ့ဘဝကနေ အခုလို ဘုန်းကြီးရဟန်းဘဝ ကူးပြောင်း ရတာပဲလေ။


ဒကာကြီး စိတ်ဝင်စားသွားပြီ ထင်တယ်။ အခုလို အေးငြိမ်းချမ်းသာတဲ့ သာသနာ့ဘောင်ဝင်ပြီး တရားဓမ္မနဲ့ သန္တိသုခရတဲ့ ရဟန်းဘဝရောက်စေ တဲ့အကြောင်းလေးကို ပြောပြမယ်...

* * *

ယနေ့မှ အခါတိုင်းနေ့တွေထက် ပို အေးသည်ဟု ထင်မိသည်။ ဩော်... ဆောင်းရာသီ ကုန်ခါနီး တပို့တွဲလ၏ အအေးက အရိုးထဲထိအောင် စိမ့်ပြီး ချမ်းလွန်းပါလားဟု အတွေးရောက် သွားသည်။

တောလည်ထွက်ဖို့ ရွာ၏ အရှေ့မြောက်ဘက် သံလွင် အရှေ့ဘက်ကမ်း တောတန်းကို ဝင်လာမိတော့ အချိန်က (၇)နာရီကျော်ပြီ။ နေရောင်ကို မမြင်ရဘဲ နှင်းတွေနှင့် ပိတ်နေသည်။ မိုးတာက ထူသထက် ထူလာတာကို သတိ

www.burmeseclassic.com



◆ ပိဋကတ်တိုက်ကျောင်း အဝင်မုခ်ဦး

ထားမိသည်။

မြင့်လွင် ဒီတောကို ခြေရာထပ်မျှ ရောက်ဖူးသော်လည်း အခုတော့ ရှေ့ဆီကို တစ်လံကွာလောက်သာ မြင်ရသဖြင့် တောင်ဘယ်နှစ်လုံးကျော်လာမိသည်ကို မမှတ်တော့။

တောနက်လာပေမယ့် ဒီတောတောင်မှာ ချေ(ဂျီ)နှင့် ဆတ်လောက်သာပေါပြီး၊ တောကောင်ကြီးတွေ မရှိတာမို့ အန္တရာယ်ဖြစ်မှာကိုတော့ မြင့်လွင် လုံးဝ မစိုးရိမ်ပါ။

ဟော... နေထွက်လာပြီ။ အင်ပင်၊ ကျွန်းပင်ကြီးများကြားမှ နေရောင်ကို ဖျတ်ခနဲ မြင်ရသည်။ လက်မှာ ပတ်ထားသည့် နာရီကို ကြည့်မိတော့ (၈)နာရီကျော်ပြီ။ ပြောက်တိပြောက်ကျား နေရောင်အောက်မှ ဆက်လျှောက်ရင်း တောကောင်တွေကို ရှာမိသည်။

နောက်နာရီဝက်လောက် ဆက်လျှောက်တော့ အနွေးထည် စွယ်တာကြားမှ ချွေးလေးတွေ စို့လာသည်။ ခါးမှာထိုးထားသည့် ခါးပတ်ကြားက ဓားရှည်နှင့် လွယ်လာသော တူးမီးသေနတ်က ကြာတော့ လေးလာသလို ခံစားမိသည်။

အရိပ်ကောင်းလှသည့် ကျွန်းပင်ကြီးခြေရင်းတွင် ခေတ္တနား၍ ခါးပတ်၊ရေ တူးမီးပါ ဖြုတ်ထားလိုက်သည်။

ကျွန်းပင်ရင်းမှ မှေးခနဲဖြစ်ပြီး "ချွတ်"ခနဲ အသံကြားရ၍ မျက်စိဖွင့်ကြည့်မိသည်။ ဟော...တွေ့ပါပြီ၊ ခပ်ဝေးဝေး ကျွန်းပင်နှစ်ပင်မှာ ဟိုခုန်ဒီကူး လုပ်ကာ အစာရှာနေသည့် မျောက်ညိုကြီးတစ်ကောင်...

ဓားထည့်ထားသည့် ခါးပတ်ကိုပတ်၊ တူးမီးသေနတ်ကို ကျည်ထည့်၊ အသင့်အနေအထားဖြင့် ကျွန်းပင်များကို ကွယ်ကာ ခြေသံလုံလုံဖြင့် မျောက်ကြီးရှိရာ ချဉ်းကပ်ခဲ့သည်။

(၁၀)ပေခန့်အကွာရှိ ကျွန်းပင်ကြီးအနီးသို့ရောက်ရှိပြီး မျောက်ကြီးကို ပစ်ခတ်ရန် ပစ်ကွင်းကောင်းကောင်းရှာရင်း မျောက်ကြီးကို လေ့လာမိသည်။

'အားလားလား... နည်းတဲ့ကောင်ကြီး မဟုတ်ပါလား'

ဟု စိတ်ထဲက တွေးနေမိသည်။

မျောက်ကြီးမှာ အမကြီးဖြစ်ပြီး မတ်တတ်ရပ်လိုက်လျှင် (၃)ပေခွဲမျှရှိ၍ ဖွံ့ထွားလွန်းရာ အချိန်(၁၀)ပိဿာခန့်ထွက်မည်ဟု မြင့်လွင်စိတ်ထဲတွင် တွက်ရင်း ကျေနပ်နေမိသည်။

မျောက်မကြီးမှာ ရန်သူကိုမမြင် အန္တရာယ်ကျတော့မည်ကို မသိ[ဘဲ] ကျွန်းပင်လေးမှ တောငှက်ပျောခိုင်များကို ခုန်ကူးရင်း ရွေးနေသည်။

ဟိုခုန်ဒီကူး လုပ်နေသည့် မျောက်ကြီးအား ငြိမ်သည်အထိ စောင့်ကာ ပစ်ကွင်းကောင်းကိုရှာ၍ စိတ်ကြိုက် အနေအထားရသည်နှင့် မြင့်လွင်က တူးမီးခလုတ် ဆွဲလိုက်သည်။ "ဒိုင်း" ခနဲ ပေါက်ကွဲသံနှင့် ကိုးလုံးကျည်ဆံ ထွက်သွားသည်။

သေနတ်ထိမှန်သွားသော မျောက်ကြီးမှာ သေကွင်းသေကွက်ကို မထိ သဖြင့် သွေးရှူးသွေးတန်းဖြင့် ဒဏ်ရာကို လက်တစ်ဖက်နှင့်အုပ်ကာ ဦးတည်ရာသို့ ထွက်ပြေးသွားပါတော့သည်။

မြင့်လွင်သည်လည်း အတန်ကြာ ကြောင်နေပြီးမှ သတိရကာ ကမန်းကတန်းဖြင့် မျောက်ကြီးနောက်သို့ သွေးစများကို ခြေရာခံရင်း ပြေးလိုက်သွားခဲ့သည်။

သားကောင်ရချင်ဇောဖြင့် မှင်တက်ကျော်မြင့်လွင် မနားတမ်း လိုက်လာရာ မောပန်းလာ၍ လက်မှနာရီကို ကြည့်လိုက်ရာ မွန်းလွဲ(၁)နာရီကျော်နေပြီလို့ တွေ့ရသည်။ မောလည်းမော ဆာလည်း ဆာလာရာ ပါလာသည့် ထမင်းထုပ်အား စားရန် အင်ပင်ကြီးတစ်ပင်အောက် ဝင်ခဲ့ပါသည်။

ခါးပတ်ကို ချွတ်၊ တူးမီးသေနတ်ကိုချ၍ ပလိုင်းထဲမှ ထမင်းထုပ်ကို ရှာသည့်အခါ ထမင်းထုပ်မရှိတော့ပေ။ ပြေးရင်းလွှားရင်း ဘယ်နေရာမှာ ကျ[ခဲ့]သည်ကို မသိတော့။ ဆာ[လော]နှင့် ရေဘူးထဲမှ ရေကိုသာ သောက်ရ[ပါ]တော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို လေ့လာသည့်အခါ မှာလည်း တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသည့်နေရာ ဖြစ်နေသည်ကို တွေ့ရသည်။ နေရာစိမ်းကို ရောက်နေ၍ မြင့်လွင် နည်းနည်းတော့ ဖြူသွားသည်။

ထို့နောက်သွေးစက် ခြေရာခံလိုက်လာရာ တော်တော် နေစောင်းသွားပြီကို သတိ ထားမိသည်။ နာရီကိုကြည့်တော့ ညနေ (၅)နာရီခန့်ရှိပြီ။ ဆောင်းရာသီနှောင်း နေရောင်က မကြာမီဝင်တော့မည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းတောင်ခြေမှာ မီးခိုးတွေ တလိပ်လိပ်တက်နေသည်ကို မြင်ရသည်။ လူသူရှိမှာပဲ ဟူသော မျှော်လင့်ချက်ဖြင့် မြင့်လွင် ပျော်သွားသည်။

မီးခိုးမြင်ရာ တောင်ခြေသို့ အပြေးတစ်ပိုင်းဖြင့် လာခဲ့သည်။ အတန်ငယ်လျှောက်မိတော့ တောင်ခြေဘေးတွင် တဲလုံးတစ်လုံးကို တွေ့ရသည်။

မီးခိုးမှာ ဒီတဲလေးမှ လာတာဖြစ်လို့ လူရှိတာ သေချာသွားပြီမို့ မြင့်လွင် ကြောက်စိတ်၊ စိုးရိမ်စိတ်များ ပျောက်သွားပြီး စိတ်လျှော့လိုက်တော့မှ ဘာမှ မစားရသည့် ဗိုက်က ဆာလာသည်။

မြင့်လွင် ခပ်သွက်သွက်လျှောက်၍ တဲနားအရောက်တွင် သစ်ခေါက်ဆိုးအညိုရောင် အင်္ကျီ၊ ပုဆိုးနှင့်လည်ပင်းတွင် ပုတီးတစ်လုံးကို ဆွဲထားသည့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ အဆိုပါပုဂ္ဂိုလ်ကြီးမှာ ပြုံးရွှင်စွာဖြင့် ရင်းရင်းနှီးနှီးပင်...

'လူလေး မောင်မြင့်လွင်... ရောက်လာပြီလား။ လူလေးလာမယ်ဆိုတာ အဘက သိလို့ ရေနွေးကျိုရင်း စောင့်နေတာကွယ့်။ ဗိုက်လဲ အတော်ဆာနေပြီ ထင်တယ်။ ကဲ... ကဲ အဘဆီမှာရှိတဲ့ သစ်ဥသစ်ဖု၊ အသီးအနှံတွေ စားလိုက်ပါကွယ်။

ဒီကျွပ်ပျစ်လေးပေါ်မှာ ထိုင်ကွယ့်၊ လူလေးရဲ့ လူ့သတ်လက်နတ်တွေလဲ ချထား။ ဒီနေရာမှာ ဘာရန်သူမှမရှိလို့ စိတ်ချလက်ချ နေနိုင်ပါတယ်ကွယ်'

တွေ့လိုက်ရသော ပုဂ္ဂိုလ်ကြီး၏ အသံမှာ ချိုအေးပြီး နားထောင်ကောင်း၍ အမောပြေကာ အေးချမ်းလှပါသည်။

ယင်းပုဂ္ဂိုလ်မှာ အသက်(၅၀)ခန့်ရှိပြီး သျှောင်တစောင်းနှင့် တစ်မျိုး ကြည့်ကောင်းလှသည်။ ခံ့ညားသည့် ဥပဓိရုပ်ဖြင့် သူတော်စင်တို့ ရုပ်လက္ခဏာဟု မြင့်လွင် တွေးနေမိသည်။

'အတွေးတွေရပ်ပြီး အဆာပြေစားလိုက်ပါဦး။ အမောပြေ စမ်းရေကြည်လေးများလဲ သောက်လိုက်ဦးကွယ့်'

မြင့်လွင် ဆာဆာနှင့် စားသည်။ ငှက်ပျောသီး၊ အုန်းသီးနှင့် အမည်မသိအသီးများကို စားသည်၊ စားသမျှအသီးများမှာ ချိုမွှေး၍ အရသာမှာ ပြောမပြတတ်အောင် ကောင်းမွန်လှပါသည်။

'ဗိုက်ဝသွားပြီလားကွယ့် အားမနာနဲ့။ ဒီအသီးအနှံတွေက မင်းတို့ အရပ်ဒေသတွေမှာ မရနိုင်ဘူး။ ငှက်ပျောသီး၊ အုန်းသီးကလဲ မင်းတို့အရပ်က အသီးတွေနဲ့ မတူဘူးကွယ့်။

ဟောဒီ... ရွှေရောင်အသီးလေးတွေ က အဘတို့အခေါ် **"ဩဃမရ ရ"** ခေါ်တယ်။ သူတော်စင် ရသေ့ရဟန်းများသာ မှီဝဲလေ့ရှိကြတာကွယ့်။ လူလေးကတော့ ကံကောင်းလွန်းလို့ စားရတာလို့ မှတ်ပါ။

ဒီသစ်သီးတွေနဲ့ ရှာဖွေလုပ်ကျွေး ပါရမီဖြည့်နေသူကို တွေ့ရရင် လူလေး အံ့ဩသွားလိမ့်မယ်ကွယ့်'

ဟု ပြောရင်း လက်ခုပ်သုံးချက် တီးလိုက်ပါသည်။ တဲတစ်ဖက် ဂူဝမှ ထွက်လာသော မည်းမည်းသဏ္ဍာန်ကို သေချာစွာ ကြည့်လိုက်ရာ မြင့်လွင် ကြက်သေ,သေသွားသည်။

ထိုမည်းမည်းသဏ္ဍာန်ကား သူကိုယ်တိုင် တူးမီးနှင့် ပစ်၍ ဒဏ်ရာရရှိသွားပြီး သွေးစခြေရာခံကာ လိုက်ရှာနေသော မျောက်မကြီးပင်ဖြစ်ပါသည်။ မြင့်လွင်ကို မြင်သည်နှင့် မျောက်မကြီးမှာ ဒေါသအမျက်ထွက်ကာ တိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးလာခဲ့ပါသည်။

'သမီးညိုမ...ရပ်နေစမ်း ဒေါသကို ထိန်းပါသမီး။ သမီးမှာ ဝဋ်ကြွေးပါလာလို့ လင်သားပါဆုံးရှုံးရပြီးပြီ ဒဏ်ရာတွေလဲ ရခဲ့ပြီ ဝဋ်ကြွေးတွေ ဒီမျှနဲ့ ကျေပါစေတော့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

သံသရာမှာ မပါစေနဲ့ကွာ၊ အေး...အေး ငှဲ့သမီးကြီး ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းပါစေကွယ်။ ကဲ...ကဲ သမီးနေရာ ပြန်သွား သားသမီး တွေကို ဂရုစိုက်ကွယ့်'

မြင့်လွင်က ရသေ့ကြီးဖြစ်မည်ဟု တွေးထင်ထားသော အဘ၏ ဆုံးမသံစကားအဆုံးတွင် မျောက်မကြီးမှာ ဂူထဲသို့ ပြန်ဝင်သွားခဲ့ပါသည်။ မျောက်မကြီး၏ ညာဘက်ကျောပြင်နှင့် လက်မောင်းရင်းတို့တွင် ပတ်တီးစည်းထားသည်ကိုလည်း မြင်ရသည်။

'ဒီမျောက်မကြီးက ညိုမလို့ အဘ အမည်ပေးထားတာကွယ့်။ သူ့ခမျာ ကံဆိုးရှာပါတယ်။ အရင်ကတော့ ဒီနေရာနဲ့ မလှမ်းမကမ်းက ကျွန်းပင်ကြီးပေါ်မှာ နေကြတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်က မျောက်ကလေးနှစ်ကောင် မွေးတယ်။

သူ့လင် မျောက်ထီးကြီးရှိစဉ်ကတည်းကပဲ အဘကို သစ်ချသစ်သီး ရှာဖွေကူသိုလ်ပြုနေကြတာပေါ့။ သူ့ယောက်ျား မျောက်ကြီးကို "ငနီ"လို့ အမည်မှည့်ထားသကွယ့်။

ပြီးခဲ့တဲ့ (၁၅)ရက်လောက်က လူလေးလို မုဆိုးတစ်ယောက် မျက်စိလည် လမ်းမှားရောက်လာပြီး ငနီကြီးကိုတွေ့တော့ ပစ်သတ်ခံရတယ်။ ဒေါသ၊ လောဘများ ကြောက်စရာကောင်းလှတယ်ကွဲ။ ငနီကြီး သေရသလိုပဲ ငနီကြီးထမ်းပြန်တဲ့ မုဆိုးလဲ ညကြီးမင်းကြီး လမ်းမှား ချောက်ထဲကျပြီး ကွယ်လွန်ရရှာတယ်။

အဘနဲ့ ညိုမပဲ လူနဲ့မျောက် မိုက်ကြွေးမိုက်ပစ် သံသရာမှာ မပါအောင် ဆုတောင်းပြီး ကျင်းတူးမြှုပ်ပေးခဲ့ရတယ်။ သူတော်ကောင်း မျောက်လင်မယားရဲ့ သံသရာဝဋ်ကြွေးတွေ ကျေပြီထင်ပါရဲ့ကွယ်'



◆ တောင်ငူမြို့ ကွက်သစ်ရပ်၊ ပါရမီတော်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တကုသလ

'ကျွန်တော် မှားသွားပါတယ် ဒကာရယ်။ ညိုမတို့သားစုကိုလဲ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ သူတို့အပေါ် တင်သွားတဲ့ ဝဋ်ကြွေးကိုလဲ ဆပ်ချင်ပါတယ်။

နောင်မှာ အခုလို သူတစ်ပါးအသက်ကို ရန်မရှာတော့သလို မုဆိုးအလုပ်ကိုလဲ စွန့်လွှတ်ပါမယ်လို့ အဘကို ဦးထိပ်ထားပြီး ကတိပြုပါတယ်'

မြင့်လွင်သည် ဝမ်းနည်းပက်လက် မျက်ရည်များ စီးကျကာ ထိခြင်းငါးပါးဖြင့် ရိုသေစွာ အဘအား ဦးချကန်တော့ပါတော့သည်။

'အေး... လူလေးရောက်လာမှာကို အဘသိတယ်။ တစ်နေ့မှာ သာသနာတော် စောင့်ရှောက်မယ့် ပုဂ္ဂိုလ်တစ်ဦးဖြစ်လာမှာပါ။

ညိုမတို့ထံမှာ တင်နေတဲ့ ဝဋ်ကြွေးကျေဖို့တော့ ဒဏ်ရာရနေလို့ အစာမရှာနိုင်တဲ့ ညိုမအား လူလေးက ရှာဖွေကျွေးမွေးရင်း အကြွေးဆပ်ပေါ့ကွယ်။

ဒီကာလအတွင်း အဘကလဲ လူလေးကို ဗုဒ္ဓအဆုံးအမ တရားဓမ္မများနဲ့ အဘတတ်ထားတဲ့ အင်းစမ ပညာတွေကို သင်ပေးမှာပေါ့ကွယ်။

လူလေးနာမည် မြင့်လွင်ဆိုတာ အဘသိပြီးသားပါ။ အဘအမည်ကို လူလေးသိချင်မှာပေါ့။ အဘကို ဆ... သခင်များက "**ဝေဘာ**"လို့ အမည် ပေးထားကြတယ်။

လူလေးက အဘအသက်ကို (၉၀) လောက်လို့ ထင်ပေလိမ့်မယ်။ လာမယ့် တပေါင်းလပြည့်ဆိုရင် အဘ အသက် (၉၀)တင်းတင်း ပြည့်သွားပြီပေါ့။ ဒါ ကြောင့် လူလေးက အဘကို "**ရသေ့ ကြီး အဘဝေဘာ**"လို့ မှတ်ထားပေ ကွယ်'

နောက်တစ်နေ့မနက် အရုဏ်ကျင်း သည်မှစကာ မြင့်လွင်သည် တော တောင်များတွင် လှည့်လည်ကာ သစ်သီးသစ်ဖုများ ရှာဖွေခြင်းနှင့် ဘရသေ့ထံမှ တရားဓမ္မများနှင့် လောကီပညာ အင်း၊ စမများကို သင်ယူသည်။

ဤရက်များတွင် တစ်စတစ်စ ညို... နှင့် သူ့သားသမီး မျောက်လေးနှ... ကောင်ပါ ရင်းနှီးခင်မင်လာခဲ့သည်။

(၁၅)ရက်တာမျှ သစ်သီးရှာဖွေ ညို... တို့ကိုပြုစု အဘထံမှ ပညာများ သင်ယူ ခဲ့ပြီး တစ်ညနေတွင် မြင့်လွင်အား ဘရသေ့မှ ခေါ်ယူတွေ့ဆုံခဲ့သည်။

'လူလေး မောင်မြင့်လွင်... အဘတို့ ဆီမှာ နေလာတာ အခုဆိုရင်(၁၅)ရက် တောင်ရှိပြီမို့ ရွာမှာ ကျန်ရစ်တဲ့ မိဘ ဆွေမျိုးများကလဲ စိုးရိမ်နေကြ... မယ်။ အခုဆိုရင် ညိုမလဲ ကောင်း ကောင်း ကျန်းမာလာပြီမို့ လူလေး... ဝဋ်ကြွေးလဲ ကျေပါပြီ။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမ... အတိုင်း လိုက်နာပြီး သာသနာ... ပုဂ္ဂိုလ်ဖြစ်မြောက်အောင် ကြိုးပမ်း ဆောင်ရွက်ပါ။ အဘနဲ့တော့ ကံကြုံ... ပြန်ဆုံကြဦးမှာပေါ့။ အဘလဲ နော...



www.burmeseclassic.com

www.burmeseclassic.com



ဖားဆောင်းမြို့ကွက်သစ်ရပ်၊ ပိဋကတ်ဦးကျောင်း

တစ်ပတ်ဆိုရင် ''ဖင်းကျိုက်တောင်'' မှာ ဆရာသခင်နဲ့တွေ့ပြီး ဂန္ဓာရီခရီး ထွက်ရဦးမယ်။

ညိုမတို့သားအမိတွေကိုတော့ ဟို တောနက်ထဲက သူ့အဖော်တွေရှိရာ ပို့ပေးမယ်။ လူလေးကိုလဲ မနက်ဖြန် မနက်မှာ အဘကိုယ်တိုင် လိုက်ပို့ပါ မယ်။ လူလေးဘာသာ ပြန်ရင်တော့ မျက်စိလည်ပြီး တစ်ပတ်နဲ့ ပြန်ရောက် မှာမဟုတ်ဘူး။

အဘ မှာတာမမေ့ပါနဲ့။ တတ်ထား တဲ့ အင်း၊ စမနဲ့ ဒုက္ခရောက်သူတွေ ကယ်တင်ပါ။ ဒီပညာဟာ ကျေးဇူးရှင် ဗားမဲ့ဆရာတော်ကြီး စီရင်ခဲ့တဲ့ ပညာ တွေထဲက တစ်ပိုင်းတစ်စပဲ။

ဒါပေမယ့် ဉာဏ်ရှိသလို သုံးစွဲရင် ဝေနေယျသတ္တဝါတွေကို ကယ်တင်နိုင် ပါလိမ့်မယ်။ သာသနာ့ဝန်ထမ်း ဘုရား သားတော် ရဟန်းအဖြစ် ရောက် အောင်လဲ ကြိုးစားအားထုတ်ပါလို့ မှာ ချင်တယ်'

အဘသည် မှာကြားစရာများအား မှာကြားပြီးနောက် ဘုရားခန်းသို့ဝင်ကာ မေတ္တာဘာဝနာစီးဖြန်းနေပါတော့သည်။

*   *   *

အရုဏ်တက်ချိန်တွင် ဘရသေ့က နိုးသဖြင့် မျက်နှာသစ်ကာ အဘအား အရုဏ်ဆွမ်း သစ်သီးများကပ်ပြီး မြင့်လွင်လည်း သစ်သီးများဖြင့် မနက် စာကို ဖြည့်တင်းခဲ့ပါသည်။

ညိုမတို့မျောက်မိသားစုအား နှုတ် ဆက်ကာ အဘဦးဆောင်မှုဖြင့် ခရီးစခဲ့ ပါသည်။ ထိုအချိန်မှာ မနက်(၆)နာရီ ဖြစ်ပြီး ဝေလီဝေလင်းပင် ရှိပါသေး သည်။ တစ်နာရီခန့် လျှောက်လာမိ သည့်အခါ ဘရသေ့မှ…

'ကဲ…လူလေး ဟိုရှေ့မြစ်တစ်ဖက် ကမ်းမှာ မြင်နေရတာ လူလေးတို့ရွာပဲ။ အဘနဲ့ ဒီနေရာမှာ ခွဲကြရမယ်။ အဘ မှာတာတွေ မမေ့ပါနဲ့။ လူလေးကို အဘ ယုံတယ်။ ကံမကုန်သေးရင် ပြန်ဆုံကြသေးတာပေါ့'

မြင့်လွင်သည် မျက်ရည်များ ဝေသီ ကာ အဘအား ရှိသေစွာ ကန်တော့၍ ခေါင်းကို ပြန်မော့ကြည့်သည့်အခါ ဘရသေ့အား မတွေ့ရတော့ဘဲ ရွာ၏ အရှေ့မြောက်ဘက် သံလွင်မြစ်ကမ်းပါး ရောက်ရှိနေကြောင်း အံ့ဩစွာ တွေ့ရ ပါတော့သည်။

*   *   *

'အဲဒီလို ပြန်ရောက်ပြီးကတည်းက လူ့ဘောင်ကို ငြီးငွေ့လာတယ်။ အချိန်ရရင် ရွာဦးက ဆရာတော်ကျောင်းနဲ့ စေတီမှာပဲ အဘာလမ်းညွှန်ပြသခဲ့တဲ့ ဝိပဿနာတရားကို ရှုမှတ်နေမိတော့တယ်။ နောက်ဆုံး စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး အခုလို သာသနာ့ဘောင်ကို အပြီးကူးပြောင်းခဲ့တော့တာပါပဲ'

ကွက်သစ်ကျောင်း ဆရာတော် ''ဘဒ္ဒန္တကုသလ'' လူအမည် ''ကိုမြင့် လွင်'' မှ သာသနာ့ဝန်ထမ်း ရဟန်းဘဝ ကူးပြောင်းလာမှု ဘဝတစ်စိတ်တစ်ပိုင်း ကို မိန့်ကြားခဲ့ပါသည်။

*   *   *

ကယားပြည်နယ်၊ ဖားဆောင်းမြို့ နယ်၊ ကွက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တကုသလကို ၁၃၂၈ ခုနှစ်တွင် ဦးယော်လဲ၊ ဒေါ်လီမိန်းတို့မှ ဝမ်အောင်း (ကယား)ရွာ၌ ဖွားမြင်တော်မူခဲ့သည်။

သာသနာ့ဘောင်ကို ၁၃၅၄ ခုနှစ် တွင် မွေတော်ကျောင်းခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တဝိဇယကို ဥပဇ္ဈာယ် ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းဖြစ်သည်မှ (၁၂)နှစ်တိုင် ဖားဆောင်းမြို့ မွေတော်ပရိယတ္တိ စာသင်တိုက်တွင် စာသင်သား ရဟန်း ဘဝခံယူကာ ဆရာတော် ဦးဝိဇယထံမှ အခြေပြုတန်းမှ စတင်၍ စာဝါများကို သင်ယူခဲ့ပါသည်။

၁၃၆၆ ခုနှစ်တွင် အန္တေဝါသိက ဆရာတော်ဘဒ္ဒန္တဝိဇယ၏ လမ်းညွှန် တာဝန်ပေးချက်အရ ကွက်သစ် ကျောင်းထိုင်ဆရာတော်အဖြစ် ယနေ့ တိုင် သီတင်းသုံးကာ သာသနာတော် အဓွန့်ရှည်ရေးကိစ္စများကို ဆောင်ရွက် လျက် ရှိပါသည်။

ဆရာတော် ဘဒ္ဒန္တကုသလ၏ သာသနာရေး ဆောင်ရွက်ချက်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်တွင် ကွက်သစ်ကျောင်းဝင်းအတွင်း **"ကိုး မြို့ကပ်ကျော်မင်းနှစ်ပါး"** ဘွဲ့တော်ရ ရှစ်မျက်နှာစေတီတစ်ဆူကို ဦးဆောင် တည်ဆောက် ကိုးကွယ်နိုင်ခဲ့ပြီး ၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့် တနင်္လာနေ့ တွင် ထီးတော်တင်လှူ အနေကဇာ တင်နိုင်ခဲ့ပါသည်။

ဖားဆောင်းမြို့နှင့် ဝမ်အောင်း (ကံယား)ရွာမှာ တပည့်ဒါယကာ၊ ဒါယိကာမများ၏ ထည့်ဝင် လှူဒါန်းငွေ ဖြင့် အလျား(၆၀)ပေ၊ အနံ(၃၀)ပေရှိ နှစ်ထပ် အုတ်ကျောင်းတိုက်ကြီးကို လည်း တည်ဆောက် သီတင်းသုံးနိုင်ခဲ့ ပြီဖြစ်ပါသည်။

'ဆရာတော်ဘုရား... တပည့်တော် သိလိုသည်များကို မေးမြန်းခွင့်ပြုပါ ဘုရား'

'မေးမြန်းနိုင်ပါတယ် ဒကာကြီး'

'ဆရာတော် ရဟန်းမဖြစ်မီက တောတောင်ထဲမှာ သူတော်စင် ရသေ့ ကြီးနဲ့ အနီးကပ်နေရပြီး အင်း၊ စမ ပညာနဲ့ ဂါထာမန္တန်များကို သင်ကြားခဲ့ တယ်လို့ သိရပါတယ်ဘုရား။

ရရှိခဲ့တဲ့ အင်းစမများနဲ့ ရွတ်ပွား ပူဇော်တဲ့ ဂါထာများနဲ့ ပတ်သက်ပြီး သိခွင့်ပြုပါက သိလိုပါကြောင်း ရှင်း လင်း မိန့်ကြားပေးပါဘုရား'

'ဒကာက သိလိုတဲ့ ဆန္ဒရှိပြီး ကွယ် ပျောက်လုဖြစ်နေတဲ့ အင်းစမပညာများ မတိမ်ကောစေခြင်းငှာ ဦးပဥ္စင်းသိထား တဲ့ ဘရသေ့ကြီးရဲ့ အင်းစမတစ်ခုနဲ့ ပုတီးစိပ် ဂါထာတစ်ပုဒ်ကိုတော့ ပြန် လည် ချီးမြှင့်ပေးပါမယ်။ ဒီပုတီးစိပ် ဂါထာနဲ့ အင်းပညာကတော့ ဗားမဲ့ ဆရာတော်ရဲ့ နည်းနိဿယနဲ့ ကျင့်စဉ် ထဲက တစ်ခုပါ။ ပုတီးစိပ်ဂါထာက "နဝင်းကျေ ဂုဏ်တော်ပုတီးစိပ်"လို့ အမည်ရတယ်၊ ကဲ...လိုက်ကူးပေတော့...

---

ဗားမဲ့ဆရာတော်ကြီး၏

နဝင်းကျေဂုဏ်တော်ပုတီးစိပ်

---

'ဒိန်၊ သီလံ၊ နေက္ခမ္မံ၊ ပညာ၊ ဝီရိယာ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာနံ၊ မေတ္တာ၊ ဥပေက္ခာ။

ဒါနပါရမီ၊ ပုတ္တပါရမီ၊ ဘရိယပါရမီ၊ အင်္ဂပါရမီ၊ ဇီဝိတပါရမီ။

လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ၊ ဗုဒ္ဓတ္ထ စရိယာ။

ပုဗ္ဗေနိဝါသနုဿတိ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခ။

ဒေဝပုတ္တမာရ်၊ ကိလေသာမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်။

စိန္တံ၊ သဗ္ဗညုတဉာဏ်၊ နဝသဗ္ဗညုတ၊ ဝိစကံ၊ ကာယဝိဇာစတုရာတံ၊ ဗုဒ္ဓတ္တံသမုပါဂမိ။

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

နမောဗုဒ္ဓါယသိဒ္ဓံ။

အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊

က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ဉ၊ ဋ၊

ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊

ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ'

အဲဒီ ဂုဏ်တော်ပုတီးစိပ်နည်းကို ရွတ်ဆို ပုတီးစိပ်မယ်ဆိုရင်တော့ မွေး နေ့၊ ဂြိုဟ်သက်အလိုက် ပုတီးပတ်ရေ သတ်မှတ် စိပ်နိုင်ရင်စိပ်၊ အချိန်မရရင် တော့ ဂြိုဟ်သက်အလိုက် ခေါက်ရေ ရွတ်ဆိုနိုင်ပါတယ်။ လိုရာဆန္ဒ ပြီး မြောက် အောင်မြင်ခြင်းဆိုတဲ့ ကောင်း ကျိုးကို မလွဲမသွေ ရရှိနိုင်ပါတယ်။

ဦးပဥ္စင်း ကိုယ်တွေ့ပဲလေ။ အခုဆို ရင် ဘုရားစေတီများလဲ တည်ထား ကိုးကွယ်နိုင်ပြီ။ ပျဉ်ထောင်၊ ဇက်မိုး၊ မြေစိုက်ကျောင်းလေးကနေ အုတ်စီ သွပ်မိုး နှစ်ထပ်ကျောင်းဆောင်ကြီးလဲ အသစ်တည်ဆောက်နိုင်တာ ဒကာတို့ အမြင်ပဲလေ'

'နေ့သားအလိုက် ပုတီးပတ်ရေ ဒါမှ မဟုတ် ရွတ်ဆိုရန် ခေါက်ရေတို့ကို အလွယ်တကူသိနိုင်ဖို့လဲ ဖော်ပြပေး လိုက်ပါဦးမယ်...

- ❖ တနင်္ဂနွေသားသမီးဆိုရင် တနင်္ဂနွေ နေ့တိုင်း ပုတီးပတ်ရေ (၆)ပတ် (သို့မဟုတ်) ဂါထာခေါက်ရေ (၆) ခေါက်။
- ❖ တနင်္လာသားသမီးဆိုရင် တနင်္လာ နေ့တိုင်း ပုတီးပတ်ရေ (၁၅)ပတ် (သို့မဟုတ်) ဂါထာခေါက်ရေ (၁၅) ခေါက်။
- ❖ အင်္ဂါသားသမီးဆိုရင် အင်္ဂါနေ့တိုင်း ပုတီးပတ်ရေ (၈)ပတ် (သို့ မဟုတ်) ဂါထာခေါက်ရေ (၈)ခေါက်။
- ❖ ဗုဒ္ဓဟူးသားသမီးဆိုရင် ဗုဒ္ဓဟူးနေ့ တိုင်း ပုတီးပတ်ရေ (၁၇)ပတ် (သို့ မဟုတ်) ဂါထာခေါက်ရေ (၁၇) ခေါက်။
- ❖ ကြာသပတေး သားသမီးဆိုရင် ကြာသပတေးနေ့တိုင်း ပုတီးပတ် ရေ (၁၉)ပတ် (သို့မဟုတ်) ဂါထာ (၁၉)ခေါက်။
- ❖ သောကြာသားသမီးဆိုရင် မွေးနေ့ တိုင်း ပုတီးပတ်ရေ (၂၁)ပတ် (သို့ မဟုတ်) ဂါထာ(၂၁)ခေါက်။
- ❖ စနေသားသမီးတို့သည် မွေးနေ့ တိုင်း (၁၀)ပတ် (သို့မဟုတ်) ဂါထာ (၁၀)ခေါက်။

ကဲ... ဒီတစ်ခါတော့ ဒကာကြီး သိချင်တဲ့ အင်းတစ်ချပ်အကြောင်း ပြောပြမယ်။ ဒီအင်းကို ဘုရားဂုဏ် တော်(၉)ပါးနဲ့ ပဋ္ဌာန်း(၂၄)ပစ္စည်းတို့ကို အခြေခံပြီး မြင်းသွားနဲ့ ချထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

အင်းကြီးပဲ။ "**အနန္တသိဒ္ဓိ အင်းတော်ကြီး**"လို့ ဆိုတယ်။

ဘုရားဂုဏ်တော်နဲ့ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ ၂၄ ပစ္စည်းတို့ကို ပူဇော် အင်းစီရင်ထားတာမို့ အဖိုးအနဂ္ဃ ထိုက်တန်ပြီး အကျိုးကျေးဇူးက အနန္တဆိုတာတော့ ပြောဖို့တောင် လိုမယ်မထင်ပါဘူး။

ဦးပဥ္ဇင်းက ပယောဂကိစ္စတွေ၊ ပရလောကသားတွေ နှင်ထုတ်ရာမှာ အသုံးပြုတာများတယ်။ အပမှီထားဖမ်းစားတာတွေအတွက်တော့ အစွမ်းထက်ဆုံးပါပဲ။


အန္တရာယ်ကင်းအောင် ဆောင်ထားနိုင်သလို လူနာအတွက် မီးထွန်းပေးတာ၊ ပြာချတိုက်တာတွေလဲ အသုံးပြုနိုင်တယ်လို့ ဘရသေ့က ဆိုတယ်။ ကဲ…အင်းကို "အရဟံ"အခြေခံပြီး မြင်းသွားနဲ့ အင်းဆန်သွင်းပြတယ်။

*** ————————→

ဖားဆောင်းမြို့ ကွက်သစ်ရပ်ကွက်ရှိ ကွက်သစ်ကျောင်း ဆရာတော် ဦးကုသလ ချီးမြှင့်လိုက်သည့် "**နဝင်းကျေးဇူးတော် ပုတီးစိပ်နှင့် အနန္တသိဒ္ဓိ အင်းတော်**"တို့အား ကြည်နူးဝမ်းမြောက်စွာခံယူ၍ သာသနာအကျိုးမျှော်ကိုးကာ ထပ်ဆင့်ဖြန့်ဝေလိုက်ရပါသတည်း။

**အုံကြွယ်**

အနန္တသိဒ္ဓိအင်းတော်




စာမျက်နှာ (၁၈၃)မှ အဆက်


ကြည့်တယ်။ မကြာတော့ဘူး၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မယ် မြန်မာ ထီးမွှင့်သွားပြီ ဟောဒီမှာကြည့်ပါ…

***

**မှတ်ချက်။ ။ ပညတ်ထဲတွင် ဓာတ်သဘော ရှိပါသည်။**

ဗိုလ်ကြီးကျင်မောင်သည် ဖက်ဆစ်ဂျပန် တော်လှန်ရေးတိုက်ပွဲများ၌ အောင်မြင်မှုအပေါ် မသာယာ မယစ်မူးဘဲ ရှေ့သို့ကိုရှိ လွတ်လပ်ရေးပန်းတိုင်ဆီသို့…

လွတ်လပ်ရေးနေ့ ရောက်တိုင်း ရောက်တိုင်း ဗိုလ်ကြီးကျင်မောင်သည် "မြန်မာထီးမွှင့်ပြီ၊ ဗိုလ်ကြီးရေ"ဟု




ကိုဖြူရောင်၏ အင်္ဂလိပ်ဗေဒဟောကိန်းကိုနားဝင် ကြားယောင်လျက် ရှိပါတော့သတည်း။


**ဤစာစုဖြင့် ဗိုလ်ကြီးကျင်မောင် (မော်ကွန်းဝင်ပထမဆင့်)မှ လူငယ်များ ရေရှေ့အကြမ်း စကားဝိုင်းတွင် ပြောပြခဲ့သည်များကို မှတ်မိသမျှ မှတ်တမ်းပြု ဖော်ပြအပ်ပါသည်။**

**အောင်လှသန်း(မင်းဘူး)**



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလွှာသန်း (မင်းဘူး)

ကိုဖြူရောင်နှင့်

# အင်္ဂလိပ်ဗျာ

ဖက်ဆစ်ဂျပန်တော်လှန်ရေး ကာလက ဗိုလ်ကြီးကျော်မောင်သည် အနောက်ရိုးမတောင်ခြေ ရွာလေးတစ်ရွာသို့ တာဝန်နှင့် နေဝင်ဖျိုးဖျအချိန်လောက်တွင် ရောက်ရှိလာပြီး ရွာအလယ်ပိုင်း တစ်ဦးတည်းနေထိုင်သော ကိုဖြူရောင်၏အိမ်တွင် တစ်ည တည်းခိုပါသည်။

ကိုဖြူရောင်မှ...

'ဗိုလ်ကြီး ရေမိုးချိုးပြီး ခဏနားပါဦး ဟင်းစားငါးလေး သွားရှာလိုက်ဦးမယ်'

ဟု ပြောပြောဆိုဆို ငါးမျှားတံ လေးချောင်းကို ထမ်း၍ ရွာမြောက်ဘက်ချောင်းကလေးဆီသို့ သွားပါလေသည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ကိုဖြူရောင်သည် လက်သုံးလုံးခန့်ရှိ ငါးလေးကောင်ကို ပါးဟက်ကြိုးသီပြီး လက်မှ ဆွဲ၍ ပြန်လာပါသည်။ ထိုအခါ ဗိုလ်ကြီးကျော်မောင်မှ...

'ကိုဖြူရောင် ငါးမျှားတာကလဲ ရေထဲက ငါးကို ကောက်လာသလိုပါလား။ ငါးရလွယ်သားပဲ'

ဟု ပြောသောအခါ ကိုဖြူရောင်မှ ငါးမျှားချိတ်လေးခုကို ပြပြီး...

'ဗိုလ်ကြီး ဒီငါးမျှားချိတ်တွေက ဝယ်လို့ရတဲ့ ငါးမျှားချိတ် မဟုတ်ပါဘူး။ ပြဒါးဓာတ်သားကို လုပ်တဲ့ လက်ဖြစ် ငါးမျှားချိတ်တွေပါ။

တောင်သီးဖြူသားနဲ့ ပြဒါးရည်ကို မီးဖုတ်တယ် ဗိုလ်ကြီးရေ၊ နောက် ပြဒါးဓာတ်သားကို ငါးမျှားချိတ်ပုံသွင်းပြီး ရေထဲက ငါးကို ခေါ်တယ်။ ကောက်ယူသလို ရတာပါပဲ။

တောအရပ်ဒေသဆိုတော့ ဧည့်လာစောင်လာ ဟင်းစားရှားတယ်လေ။ ဧည့်သည်စာအတွက် သီးခြားဆောင်ထားရတယ် ဗိုလ်ကြီးရေ'


ဟု ပြောပြပါလေသည်။

နောင်သောအခါ တိုင်းပြည်လွတ်လပ်ရေးရပြီးချိန်တွင် ဗိုလ်ကြီးကျော်မောင်မှ မြန်အောင်ဆရာတော်ကြီးအား ပြဒါးဓာတ်အား ဆီးဖြူသားနှင့် ဖမ်းပုံ၊ ငါးကို ပြဒါးနှင့် မျှားပုံတို့ကို လျှောက်ထားလေလျှင် ဆီးဖြူပညတ်သည် ပြဒါးကို အနိုင်ဓာတ်ဖြစ်ကြောင်း ငါးကို ပြဒါးဓာတ်က အညှပ်အချုပ် အနိုင်ဓာတ်ဖြစ်ကြောင်းကို ရှင်းပြပါလေသည်။

***

ကိုဖြူရောင်နှင့် ဗိုလ်ကြီးကျော်မောင်တို့သည် ရေချိုငါးနှင့် တောင်ပေါ်ခရမ်းချဉ်တစ်ခွက်၊ ရခိုင်ငါးပိနှင့် တောင်ပေါ်ရွှေအပ်ငရုတ်သီးထောင်း တစ်ခွက်၊ ပိန္နဲသီးစိမ်းဟင်းရည်ကျဲတို့ဖြင့် ညစာထမင်းကို မြိန်ရေရှက်ရေ စားသောက်ကြပြီး စောစော အိပ်ရာဝင်ကြပါသည်။

နံနက်မိုးသောက်ချိန်တွင် နှစ်ဦးသားရေနွေးကြမ်းသောက်နေကြစဉ် ကိုဖြူရောင်မှ...




**မှတ်ချက်။ ။ ဂဏန်းသင်္ချာပညတ်၊ အက္ခရာပညတ်ထဲတွင် ဓာတ်သဘောရှိပါသည်။**

'ဗိုလ်ကြီး... ဖက်ဆစ်ဂျပန်ခုယ်ခဲ့တွေ ကျွန်တော်တို့နိုင်ငံက ပြေးရတော့မယ်။ ကျွန်တော် အင်္ဂလိပ်ဗျာတိုင် ထူ


စာမျက်နှာ (၁၈၃) သို့

www.burmeseclassic.com

# ငွေကြေး အကျပ်အတည်း နှင့်

## ကျွန်းမာရေးအတွက် အခက်တွေ့ခဲ့သော်

မောင်ပါမဒ်
(အင်းတော်)





ဘဝတွင် အကျပ်အတည်းများစွာဖြင့် မည်သူမဆို ဖြတ်သန်းကြရသည် ဖြစ်သည်။ အောင်မြင်မှု ရရှိကြသလို အရှုံးရင်ဝယ်ပိုက်ပြီး အဆုံးရှုံးခြင်းများစွာဖြင့် ကျဆုံးသွားကြသည့် သူများလည်း တွေ့ကြရမည် ဖြစ်သည်။

စာရေးသူ နားနောင်ဆရာတော် ဦးကလျာဏ၏ မှတ်စုပေါင်းများစွာထဲက ဖေါ်ပြပါရစေ။

စာရေးသူလည်း ယနေ့ထိ နေ့စဉ် ရွတ်နေဆဲ ဖြစ်ပါသည်။ သံသရာကို ဖြတ်သွားနေဆဲ ပုထုဇဉ်များအဖို့ ဂါထာမန္တန် အစီအရင်တို့သည် လိုအပ်မည် ဖြစ်ပါသည်။

စာရေးသူ ရေးသားတင်ပြမည့် အောက်ဖော်ပြပါ ဂါထာ(၃)ပိုဒ်ကို အမြဲမပြတ် ရွတ်ပါ။ ငွေကြေး အကျပ်အတည်းများမှ လွန်မြောက်စေနိုင်မည် ဖြစ်ပါသည်။

၁။ ဘုမ္မဋ္ဌဒေဝံ လာဘမို၊
ဘုမ္မဋ္ဌဒေဝံ ဓနံသုခံ။
လာဘံဘောဂဥ္စ ယာစာမိ၊
သမ္ပတ္တိံ ဒေဟိမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

**ဘုမ္မဋ္ဌ** =ဘုန်မတ်ထ
**လာဘမို** =လာဘံမို
**ဘောဂဥ္စ** =ဘောဂင်စ
**သမ္ပတ္တိံ** =သန်ပတ်တိန်

**အနက်**

**ဘုမ္မဋ္ဌဒေဝံ၊** ဘုမ္မစိုးနတ်ကို။ **ယာစာမိ၊** ကျွန်ုပ် တောင်းပန်ပါ၏။ (**အဟံ၊** ကျွန်ုပ်သည်။) **လာဘမို၊** လာဘ်လာဘကို လိုချင်ဆန္ဒ ဖြစ်ရှိပါ၏။ **ဘုမ္မဋ္ဌဒေဝံ၊** ဘုမ္မစိုးနတ်ကို။ **ဓနဥ္စ၊** ဥစ္စာကို လည်းကောင်း။ **သုခဥ္စ၊** ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို လည်းကောင်း။ **လာဘဥ္စ၊** လာဘ်လာဘကို လည်းကောင်း။ **ဘောဂဥ္စ၊** စည်းစိမ်ကိုလည်းကောင်း။ **ယာစာမိ၊** ပေးသနားရန် တောင်းပန်ပါ၏။ **သမ္ပတ္တိံစ၊** စည်းစိမ်ဥစ္စာ ချမ်းသာနှင့် ပြည့်စုံခြင်းကို လည်းကောင်း။ **မင်္ဂလဥ္စ၊** ကျက်သရေမင်္ဂလာ အဖြာဖြာကို လည်းကောင်း။ **ဒေဟိ၊** မေတ္တာရှေ့ထား ပေးသနားပါလော့။

၂။ အာကာသဋ္ဌဒေဝံ လာဘမို၊
အာကာသဋ္ဌဒေဝံ ဓနံသုခံ။
လာဘံဘောဂဥ္စ ယာစာမိ၊
သမ္ပတ္တိံ ဒေဟိမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

**အာကာသဋ္ဌဒေဝံ** = အာကာသတ်ထဒေဝံ
**လာဘမို** = လာဘံမို

**အနက်**

**အာကာသဋ္ဌဒေဝံ၊** အာကာသစိုးနတ်ကို။ **ယာစာမိ၊** ကျွန်ုပ် တောင်းပန်ပါ၏။ (**အဟံ၊** ကျွန်ုပ်သည်။) **လာဘမို၊** လာဘ်လာဘကို လိုချင်ဆန္ဒ ဖြစ်ရှိပါ၏။ **အာကာသဋ္ဌဒေဝံ၊** အာကာသစိုးနတ်ကို(ကြွင်းသောအနက် ရှေ့ပုဒ်နှင့် တူပြီ)။

၃။ ရုက္ခဋ္ဌဒေဝံ လာဘမို၊
ရုက္ခဋ္ဌဒေဝံ ဓနံသုခံ။
လာဘံဘောဂဥ္စ ယာစာမိ၊
သမ္ပတ္တိံ ဒေဟိမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

**ရုက္ခဋ္ဌဒေဝံ** =ရုတ်ခတ်ထဒေဝံ
**လာဘမို** =လာဘံမို
**ဘောဂဥ္စ** =ဘောဂင်စ
**သမ္ပတ္တိံ** =သမ်ပတ်တိန်
**ဒေဟိမင်္ဂလံ** =ဒေဟိမင်ဂလံ

**အနက်**

**ရုက္ခဒေဝံ၊** ရုက္ခစိုးနတ်ကို။ **ယာစာမိ၊** ကျွန်ုပ် တောင်းပန်ပါ၏။ (**အဟံ၊** ကျွန်ုပ်သည်။) **လာဘမို၊** လာဘ်လာဘကို လိုချင်ဆန္ဒ ဖြစ်ရှိပါ၏။ **ရုက္ခဒေဝံ၊** ရုက္ခစိုးနတ်ကို။ **ဓနဥ္စ၊** ဥစ္စာကို လည်းကောင်း။ **သုခဥ္စ၊** ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို လည်းကောင်း။ **လာဘဥ္စ၊** လာဘ်လာဘကို လည်းကောင်း။ **ဘောဂဥ္စ၊** စည်းစိမ်ကိုလည်းကောင်း။ **ယာစာမိ၊** ပေးသနားရန် တောင်းပန်ပါ၏။ **သမ္ပတ္တိံစ၊** စည်းစိမ်ဥစ္စာ ချမ်းသာနှင့် ပြည့်စုံခြင်းကို လည်းကောင်း။ **မင်္ဂလဥ္စ၊** ကျက်သရေမင်္ဂလာ အဖြာဖြာကို လည်းကောင်း။ **ဒေဟိ၊** မေတ္တာရှေ့

www.burmeseclassic.com

ထား ပေးသနားပါလော့။


၄။ ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊
နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတုမေ ဇယ မင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အာဒိစ္စော** | = | အာဒိတ်စော |
| **ရတ္တိ** | = | ရတ်တိ |
| **စန္ဒိမာ** | = | စန်ဒိမာ |
| **သန္နဒ္ဓေါ** | = | သန်နတ်ဓော |
| **ခတ္တိယော** | = | ခတ်တိယော |
| **ဗြာဟ္မဏော** | = | ဗြန်မနော |
| **မင်္ဂလံ** | = | မင်ဂလံ |
| **ဝဇ္ဇေန** | = | ဝစ်ဇေန |
| **သင်္ကပ္ပါ** | = | သင်ကပ်ပါ |
| **ပူရေန္တု** | = | ပူရင်တု |
| **သဗ္ဗေ** | = | သပ်ဗေ |
| **နမက္ကာရာ** | = | နမက်ကာရာ |
| **ဝန္ဒာမိ** | = | ဝန်ဒါမိ |
| **ဗုဒ္ဓံ** | = | ဗုဒ္ဓံ |
| **သမ္ပန္နံ** | = | သမ်ပန်နံ |
| **ဗုဒ္ဓေါ** | = | ဗုတ်ဓော |
| **ရတ္တိံ** | = | ရတ်တိန် |
| **သဗ္ဗ** | = | သပ်ဗ |

**အနက်**

**အာဒိစ္စော၊** နေမင်းသည်။ **ဒိဝါ၊** နေ့အခါ၌သာ။ **တပတိ၊** ထွန်းလင်းနိုင်၏။ **စန္ဒိမာ၊** လသည်။ **ရတ္တိ၊** ညဉ့်အခါ၌သာ။ **အာဘာတိ၊** ထွန်းပနိုင်၏။



**ခတ္တိယော၊** ပြည့်ရှင်မင်းသည်။ **သန္နဒ္ဓေါ၊** မင်းဝတ်တန်ဆာ ဆင်ယင်မှသာ။ **တပတိ၊** တင့်တယ်တောက်ပ၏။ **ဗြာဟ္မဏော၊** မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ **ဈာယီ၊** ဈာန်ဝင်စားမှသာ။

**တပတိ၊** ကြည်ညိုစဖွယ် မြင်တင့်တယ်၏။ **အထ၊** ထိုနေလဘုရင် ရဟန္တာအရှင်တို့မှ တစ်ပါး။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **သဗ္ဗမဟောရတ္တိံ** နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ **တေဇသာ၊** ဘုန်းတော်တောက်ပြီး တန်ခိုးတော်အားဖြင့်။ **တပတိ၊** ထွန်းလင်းတင့်တယ်တော်မူ၏။

**တာဒိသံ တေဇသမ္ပန္နံ၊** ထိုသို့သော ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံတော်မူသော။ **ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **အာဒရံ၊** ရိုသေလေးမြတ်စွာ။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

**နမက္ကာရာ နုဘာဝေန၊** ရှိသေမြတ်နိုး ရှိခိုးရသောကုသိုလ်အာနုဘော်ကြောင့်။ **သဗ္ဗေ၊** ခပ်သိမ်း ကုန်သော။ **သင်္ကပ္ပါ၊** ကောင်းသော အကြံ ကောင်းသော ဆန္ဒမှန်သမျှတို့သည်။ **ပူရေန္တု၊** ပြည့်စုံပါစေသတည်း။ **ဧတေန သစ္စ ဝဇ္ဇေန၊** ထိုမှန်သော စကားဆိုရခြင်းကြောင့်။ **မေ၊** ကျွန်ုပ်အား။ **ဇယမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၅။ ဇေတ အဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ
ဘိက္ခူနံ ပထမံ သလာကံ ဂဏှန္တာနံ၊
ယဒိဒံ ကောဏ္ဍဓာနော၊
ဧတေန သစ္စ ဝဇ္ဇေန ဇဝံ မေ ဟောတု။

**အနက်**

**ဘိက္ခဝေ၊** ရဟန်းတို့။ **ပထမံ၊** ပထမ နံပါတ်(၁)ဖြစ်သော။ **သလာကံ၊** စာရေးတံမဲကို။ **ဂဏှန္တာနံ၊** ယူကုန်သော။ **မမ၊** ငါဘုရား၏။ **သာဝကာနံ၊** တပည့်ဖြစ်ကုန်သော။ **ဘိက္ခူနံ၊** ရဟန်းတို့တွင်။ **ယဒိဒံကောဏ္ဍဓာနော၊** အကြင်ကောဏ္ဍဓာနသည်။ **အတ္ထိ၊** ရှိ၏။ **ဧတံ–ဧသောကောဏ္ဍ ဓာနော၊** ထိုကောဏ္ဍဓာနသည်။ **အဂ္ဂံ–အဂ္ဂေါ၊** အမြတ်ဆုံး အသာဆုံးပေတည်း။ **ဧတေန သစ္စ ဝဇ္ဇေန၊** ထိုမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်။ **မေ၊** ကျွန်ုပ်အား။ **ဇဝံ–တထာ၊** ထို့အတူ ပထမဖြစ်သောဆုမဲကို ရခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တဗေဒင်ပြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ဇွေ့ မှော်စရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

အမှတ်စဉ်(၁)မှ (၅)ထိ နေ့စဉ်နံနက်၊ နေ့၊ ညဉ့် (၃)ကြိမ်စီ စုစုပေါင်း (၉)ကြိမ်ရွတ်ပါ။ ထိုထက်ပို၍ ရွတ်ဆိုလိုပါကလည်း ပိုမိုကောင်းမွန်ပါသည်။

အလုပ်လုပ်သူ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ၊ ဈေးရောင်းသူများအဖို့ လွန်စွာ ကောင်းမွန်ပါသည်။ ငွေကြေးအခက်အခဲ အကျပ်အတည်းများမှ လွန်မြောက်လာနိုင်မည်ဖြစ်ပါသည်။

**ဆီမီးထွန်း ပူဇော်ပါက** မိုင်းကိုင်





www.burmeseclassic.com

www.burmeseclassic.com

စက္ကူတွင်ဖြစ်စေ၊ ဖယောင်းတိုင် (ဝါဆို) ဖယောင်းတိုင်အမျိုးအစားတွင် ဖြစ်စေ အထက်ဖော်ပြပါ အမှတ်စဉ် (၁)မှ (၅)အထိကို ရေးသားပြီး (၃)ကြိမ်ရွတ်ဖတ်ပြီး ဘုရားကို ဆီမီးထွန်း ပူဇော်ပါ။

စီးပွားကိုလို၍ မွေးနံရှင်၏ အညွှန့်ပန်းများကို ဘုရားလှူပြီး စီမံဆောင်ရွက်နိုင်ပါသည်။ သို့တည်းမဟုတ် **ကျန်းမာရေးအတွက်မူ** အမြစ်အညွှန့်တွဲ၍ ပန်းကို ဘုရားလှူပြီး ဆောင်ရွက်ပါ။

**ကျန်းမာရေးအတွက်မူ** နံပါတ်(၅) နောက်ဆုံးပိုဒ်တွင်မူ ထပ်ဖြည့်ရမည်မှာ "**အာယုမေသုခံဗလံ**" ထပ်ဖြည့်ပါ။

| နေသား | အညွှန့် | အမြစ်အညွှန့် |
|---|---|---|
| ၁။ တနင်္ဂနွေ | ကံ့ကော် | ဒန့်ကြီး |
| ၂။ တနင်္လာ | ငွှန်ပန်း | ဩဇာ |
| ၃။ အင်္ဂါ | ဇီးညွှန့် | ခရေ |
| ၄။ ဗုဒ္ဓဟူး | သပြေ | စံပယ် |
| ၅။ ကြာသပတေး | သီးညွှန့် | လောက်သေ |
| ၆။ သောကြာ | ဒန်းညွှန့် | ပိတောက် |
| ၇။ စနေ | အုန်းညွှန့် | သစ်အယ် |

ကျန်းမာရေးညံ့သူ၏ အသက်အတိုင်း သက်စေ့ရွတ်ပြီးဆောင်ရွက်နိုင်ပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**

စာမျက်နှာ (၁၈၈)မှ အဆက်

လက္ခဏာဗေဒ၌ အခြေခံ

၁။ ကုမ္ပဏီကြီးများ၊ လုပ်ငန်းကြီးများ တည်ထောင် ဦးဆောင်လုပ်ကိုင်နိုင်သော စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော်...

လက်သန်းနှင့် လက်သူကြွယ်ကြားမှာ လည်းကောင်း၊ လက်သူကြွယ်နှင့် လက်ခလယ်ကြားမှာ လည်းကောင်း ကြီးမွေးရှိခြင်း။ 'က၊ ခ' အကွက်

လက်ခလယ်အောက် စနေဂြိုဟ်ခုံမှာ သန့်လျက်မင်္ဂလာအမြဲအရှိခြင်း။ 'ဂ' အကွက်

လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှာ ခေါင်းလိုက်များမပ်ရှိခြင်း။ 'ဃ' အကွက်

လက်မဒုတိယဆစ်မှာကန့်လန့်မျဉ်း (၂)ကြောင်းရှိခြင်း။ 'င' အကွက်

'က' + 'ခ' သည် စီးပွားရေးလုပ်ငန်း

'ဂ' သည် ဩဇာအာဏာ

'ဃ' သည် စီမံခန့်ခွဲမှု

'င' သည် ဆိုင် ကုမ္ပဏီလုပ်ငန်းကြီး

* * *

၂။ ယခု အသက်လေးဆယ်ကျော်မှာ အလုပ်အကိုင် စီးပွားရေးလွှဲရမှာအခေါင့်အထာန်း၊ အခြေအနေ တိုးတက်အောင်မြင်က်ကောင်းမှု ရှိနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော်...


အသက်လမ်းကြောင်းမှ ထောင်တက်နေသော တိုးတက်မှုလမ်းသည် ယခု အသက်လေးဆယ်ကျော်ကာလ အသက်ပိုင်းနေရာလောက်မှာ ထင်ရှားအားကောင်းနေခြင်းကြောင့် ဖြစ်သည်။ "စ" အကွက်

* * *




၃။ ငွေကြေး စီးပွားဥစ္စာ ဂုဏ်သိက္ခာ ခိုင်ခံ့၊ နိုင်မာ၊ ခိုင်မြဲခြင်းမရှိနိုင်ပါ။

အဘယ်ကြောင့်ဆိုသော်...




လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းငယ်များ အပြတ်ပြတ်ဖြစ်နေသောကြောင့် ဖြစ်သည်။ "ဆ" အကွက်

* * *




မှတ်ချက် ။ ။ အထက်ပါ လက္ခဏာရှင်မှာ ရွှေလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ သံဃဟလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းကြီးများ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းရှင် ဖြစ်သည်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားစေသော်...*

**ဆရာကြီး ဦးအောင်မြင့်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒပညာရှင်တသီ**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာ ပဟေဠိ

အဖြေညှိကြစို့

သရောကြီး ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ညာလက်ဖဝါးပုံစံ




ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံပိုင်ရှင်မှာ **မကွေးမြို့ဇာတိ၊ အသက်လေးဆယ်ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။

လက်ဖဝါးပြင်ကို သေချာစွာ ကြည့်ရှုလေ့လာပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ကုမ္ပဏီကြီးများ၊ လုပ်ငန်းကြီးများ တည်ထောင်ဦးဆောင်လုပ်ကိုင်နိုင်သော စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နိုင်ပါသလား။

၂။ ယခု အသက်လေးဆယ်ကျော်မှာ အလုပ်အကိုင်၊ စီးပွားရေး၊ လူနေမှု အဆင့်အတန်း အခြေအနေ တိုးတက်အောင်မြင် ကံကောင်းမှု ရှိနိုင်ပါသလား။

၃။ ငွေကြေး စီးပွားဥစ္စာ ဂုဏ်သိက္ခာ ခိုင်ခံ့၊ ခိုင်မာ၊ ခိုင်မြဲနိုင်ပါသလား။

မိမိတို့၏အဖြေများကို သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ လက္ခဏာပဟေဠိ အဖြေများနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ပါရန် အကြံပေးအပ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၈၇)တွင် ကြည့်ရှုပါရန်



www.burmeseclassic.com

**ကောင်းခန့်**
**(သခွတ်မြေ၊ ဝက်လက်)**

# မဟာဘုတ်သက်ရောက်

## ကိန်းညှိ တွက်နည်းဟောနည်း



သက်ရောက်တွက်နည်း အမျိုးမျိုး ရှိသည့်အနက်မှ ယခုနည်းသည် မူလ မဟာဘုတ်နှင့် ကောဇာသက်ရောက် တို့ကို ကိန်းညှိကာ တွက်နည်းဟော နည်း ဖြစ်ပါသည်။

ရှေးပညာရှိတို့သည် ဗေဒင်လောက အတွက် ဗေဒင်တွက်နည်းပေါင်းများစွာ ကို ပညာအမွေအဖြစ် ထားခဲ့ကြ၏။ ထိုနည်းပေါင်းမြောက်မြားစွာထဲမှ ယခု နည်းသည်လည်း ဝေဒဝါသနာရှင်တို့ အတွက် လွယ်ကူသောနည်း ဖြစ်သလို တိကျမှန်ကန်သော နည်းတစ်နည်း လည်း ဖြစ်ပါသည်။

ထို့ကြောင့် အလွယ်နည်း ဖြစ်ပေမင့် ဗေဒင်ဟောပြောသူတိုင်း လက်မလွှတ် နိုင်သော နည်းတစ်နည်း ဖြစ်သဖြင့် ဗေဒင်ဝါသနာရှင်တို့အတွက် စေတနာ ထား၍ ရေးသားလိုက်ရပါသည်။

မဟာဘုတ် သက်ရောက်ကိန်းညှိ တွက်နည်း ထိုနည်းကို တွက်ကြည့်လို လျှင် **ပထမ မိမိ၏ တွက်လိုသူ၏ မူလ မဟာဘုတ်ကို တွက်ယူရမည်ဖြစ်၏။**

မဟာဘုတ်တွက်နည်းကို အခြား ဗေဒင်ဆရာများ ရေးသားဖော်ပြခဲ့ပြီး ဖြစ်သော်လည်း မကျွမ်းကျင်သူတို့ ရှင်းလင်းစွာ သိရှိစေရန် တွက်နည်းကို ထပ်မံ၍ ရေးသားပါဦးမည်။

မဟာဘုတ်ချရန်လက်ာ **'အောင်–လံ–ထူ–စစ်–သူ–ကြီး–မွဲ'**

အောက်တွင် နံသင့်အက္ခရာဂဏန်း တွဲထားသည်တို့ကို ကြည့်ပါ။

* * *

| နံသင်အက္ခရာ | အောင် | လံ | ထူ | စစ် | သူ | ကြီး | မွဲ |
|---|---|---|---|---|---|---|---|
| နံသင့်ဂြိုဟ် | ၁ | ၄ | ၀ | ၃ | ၆ | ၂ | ၅ |

နံသင့်ဂြိုဟ်ဇယား

(၀)ကို စနေဟု ယူပါသည်။

အောက်တွင် ပြထားသည်မှာ မဟာ ဘုတ်တိုင် အိမ်ဇယား ဖြစ်ပါသည်။

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

မဟာဘုတ်တိုင်ဇယား

တွက်လိုသူ၏ မွေးဖွားသည့် ကောဇာ သက္ကရာဇ်ကို တည်ပြီး (၇) နှင့်စားပါ။ ရလဒ်မလို။

**အကြွင်းသည်** မဟာဘုတ်လက်ာ အတိုင်း စတင်၍ချရန် ဂြိုဟ်ဂဏန်းပင် ဖြစ်၏။

**ဥပမာ...**

**တစ်ခုကြွင်းလျှင် 'အောင်–လံ–ထူ–စစ်–သူ–ကြီး–မွဲ'** ဘင်္ဂအိမ်မှစ၍ **'ဘင်္ဂ–မရဏ–အထွန်း–သိုက်–ရာဇ–ပုတိ–အဓိပတိ'** ဟူ၍ လည်းကောင်း။

နှစ်ခုကြွင်းလျှင် **'ကြီး–မွဲ–အောင်–လံ–ထူ–စစ်သူ'** ဘင်္ဂအိမ်မှစပြီး **မရဏ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိ၊ အဓိပတိ** ဟူ၍လည်းကောင်း အထက် တွင် ပြဆိုခဲ့သော မဟာဘုတ်တိုင် ဇယားအတိုင်း ချပါ။

အောက်တွင် တစ်ခုကြွင်း မဟာ ဘုတ်ကို ချပြပါမည်။

* * * ⟶

မဟာဘုတ် သက်ရောက်ကိန်း ညှိ တွက်ရန် မဟာဘုတ် အထွန်းတိုင်ကို ထူရပါမည်။

မဟာဘုတ်အထွန်းတိုင် ဆိုသည့် အတိုင်း တွက်လိုသူ၏ မူလမဟာဘုတ် မှ အထွန်းဂြိုဟ်ကိုယူကာ အထွန်းတိုင် ထူရပါမည်။ အထွန်းတိုင်လက်ာမှာ **'အ–မဲ–ကျွဲ–သား–ဆီ–နှင့်–လား'** ဟူ၍ ဖြစ်ပါသည်။

နံသင့်ဂြိုဟ်ဂဏန်းတို့ကို အောက် တင် ဆွဲပြထားသော ဇယားတွင် ကြည့်ပါ။

* * *

| နံသင်အက္ခရာ | အ | မဲ | ကျွဲ | သား | ဆီ | နှင့် | လား |
|---|---|---|---|---|---|---|---|
| နံသင့်ဂြိုဟ်ဂဏန်း | ၁ | ၅ | ၂ | ၆ | ၃ | ၀ | ၄ |

နံသင့်ဂြိုဟ်ဇယား

နံသင့်ဂြိုဟ်ဇယားကို သိပြီဆိုလျှင် အထွန်းတိုင်ထူရန် မိမိ မူလမဟာဘုတ် ဇယားမှ အထွန်းဂြိုဟ်ကိုယူပါ။

**ဥပမာ** အထက်တွင် နမူနာတွက်ခဲ့ သော (၁)ခုကြွင်း မဟာဘုတ်ဇယားမှ အထွန်းဂြိုဟ်ဖြစ်သော စနေ(၀)ကို ယူပါ။ အထွန်းတိုင်လက်ာအတိုင်း

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

တစ်ခုကြွင်း မဟာဘုတ်ခွင်

www.burmeseclassic.com

အထက်မှ အောက်သို့ချရာ...

**နင့် –ဝ–ပဝတ္တိ**
**လား –၄–ရေကြည်**
**အ –၁–ကလလ**
**မဲ –၅–သောက**
**ကွဲ –၂–ရောဂ**
**သား –၆–ဘင်္ဂ**
**ဆီ –၃–မရဏ**

အထက်ပါ အထွန်းတိုင်သည် (၁)ခု ကြွင်း မဟာဘုတ်အတွက် ချထားသော တိုင် ဖြစ်ပါသည်။

အထွန်းတိုင်ကို သိပြီးလျှင် တွက်လိုသူ၏ သက်ရောက်ဂြိုဟ်ကို တွက်ရပါဦးမည်။

**သက်ရောက်တွက်နည်းမှာ** တွက်လိုသူ၏ ရောက်သက်ကိုတည်ပြီး (၈) နှင့်စားရပါမည်။(လဒ်မလို) အကြွင်းသည် တွက်လိုသူ၏ သက်ရောက်ဂြိုဟ် ဖြစ်ပြီး အထက်တွင် ချခဲ့သော အထွန်းတိုင်တွင်ကြည့်ပါ။

**(မှတ်ချက် ။ ။ အဌလက်အိမ်နှင့် ချရသော သက်ရောက်ကြီးမဟုတ်ပါ။ တွက်ရ သက်ရောက်အမြင်ဂြိုဟ်ကိုသာ ယူရပါသည်။)**

မိမိတွက်ခဲ့သော အကြွင်းဂြိုဟ်နှင့် အထွန်းတိုင်တို့တွင် တိုက်ကြည့်၍ ရောက်ရာအိမ်ဌာနအလိုက် အောက်ပါအဟောတို့ကိုကြည့်ပါ။

အထွန်းသက်ရောက်အဟော

၁။ **ပဝတ္တိ – ရေကြည် – ကလလ** အထက်သုံးအိမ်၌ ကျရောက်မူ ဂုဏ်သတင်း ကျော်စောခြင်း။ ရတနာရွှေငွေ လာဘ်လာဘဝင်ခြင်း၊ ပျို့ရွယ်သူတို့အတွက် အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေခြင်း၊ အိမ်ထောင်ကျကိန်းရှိခြင်း။

၂။ **သောက**–အလယ်ဌာနသို့ ကျရောက်မူ သုခရွှ ဒွေးမယ်နော်ဇွေတောင်ပြည်ပြန်ကိန်း ကျသဖြင့် ချစ်ခင်သောသူတို့နှင့် ကွဲကွာခွဲခွာရတတ်ခြင်း။ မကောင်းသော ခရီးသို့ သွားရတတ်ခြင်း။ မကောင်းသတင်းကြား၍ စိတ်နှလုံး ပူပန်ရတတ်ခြင်း။

၃။ **ရောဂ–ဘင်္ဂ–မရဏ**– အောက်သုံးအိမ်သို့ ကျရောက်မူ စီးပွားဥစ္စာ ပျက်စီးတတ်ခြင်း။ ပျောက်ဆုံးတတ်ခြင်း။ ကျန်းမာရေးညံ့တတ်ခြင်း။ သူတစ်ပါး မကောင်းကြံစည်ခြင်းတို့ကို ခံရတတ်ခြင်း။ ရန်ရှိခြင်း။ အစွပ်အစွဲခံရတတ်ခြင်း။

**(ထိုအပြစ်တို့မှ ပျောက်ကင်းရန် မွေးနေ့၌ မွေးနံဘုရားတွင် နည်းနှင့် ပန်းကို လှူပါ။)**

အထက်ပါ တွက်နည်းကို ရှင်းလင်းစွာ သိရှိနိုင်ရန် **၁၃၅၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၉)ရက်၊ ၄–ဟူးသားကို...**

၁၃၅၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၌ တွက်ကြည့်မည် ဆိုပါစို့။

၇ ÷ ၁၃၅၄ = ၁၉၃(မလို)

၇
၆၅
၆၃
၂၄
၂၁
၃(အကြွင်း)

**၃–ခုကြွင်းသဖြင့်** ဘင်္ဂအိမ်မှ စ,၍ ချရာ...

**စစ် –၃–ဘင်္ဂ**
**သူ –၆–မရဏ**
**ကြီး –၂–အထွန်း**
**ပွဲ –၅–သိုက်**
**အောင်–၁–ရာဇ**
**လံ –၄–ပုတိ**
**ထူ –ဝ–အဓိပတိ**

ဟူ၍ ဖြစ်ပါသည်။ အောက်တွင် ပြထားသော မဟာဘုတ်တိုင်ကို ကြည့်ပါ။

* * *

| | | |
|---|---|---|
| | ဝ | |
| (၂) | ၅ | ၁ |
| ၆ | ၃ | ၄ |

၁၃၅၄ ခုနှစ်သား၏ မူလမဟာဘုတ်

ထိုသူ၏ မဟာဘုတ်ကို အထွန်းတိုင်အဖြစ်ချကြည့်ရာ အောက်ပါအတိုင်း တွေ့ရမည်ဖြစ်၏။

* * *

**ကွဲ –၂–ပဝတ္တိ**
**သား –၆–ရေကြည်**
**ဆီ –၃–ကလလ**
**နင့် –ဝ–သောက**
**လား –၄–ရောဂ**
**အ –၁–ဘင်္ဂ**
**မဲ –၅–မရဏ**

၁၃၅၄ ခုနှစ်သား၏ အထွန်းတိုင်

ထိုသူ၏ အသက်သည် ၁၃၅၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ (၂၁)နှစ်ထဲသို့ ရောက်ရှိနေပြီဖြစ်၏။

၈ ÷ ၂၁ = ၂(မလို)

၁၆
၅(အကြွင်း)

အကြွင်းအတိုင်း အထွန်းတိုင်ကို ကြည့်ရာ ထိုသူ၏ သက်ရောက်သည် မရဏတိုင်ခြေသို့ ရောက်နေကြောင်းကို တွေ့ရမည် ဖြစ်ပါသည်။

**သုနက္ခတ္တံ ကောင်းသော နက္ခတ်ကြ၍ ကောင်းကျိုးသုခ ရရှိကြပါစေ**

**ကောင်းခင်**
**(သခွတ်မြေ၊ ဘက်လက်)**



www.burmeseclassic.com

www.burmeseclassic.com

ဖိုးမြင့် (မင်းလှ)

အစွမ်းထက်

# သပေါင်းရှည်ဆေး

သက္ကရာဇ် ၁၃၆၈ ခုနှစ်၊ တပေါင်းလတွင် **ရသေ့တောင်မြို့နယ်၊ မယူကမ်း ကျောက်ထရံကျောင်းတိုက်ဝင်းအတွင်း** ၁၃၁၈ ခုနှစ်၊ သာသနာနှစ် ၂၅၀၀ ပြည့်နှစ်တွင် တည်ထားပူဇော်သော ကပ်ကျော်ဘုရားကြီးတည် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားလာသဖြင့် သွားရောက်ခဲ့ပါသည်။

ကျေးဖူးရှင် ဆရာတော်ကြီး ဦးကောဝိဒမ္မ (မြို့နယ်သံဃနာယကအဖွဲ့ဝင်) ဆရာတော်ကြီးက ဦးစီးနာယကပြု၍ ကျင်းပသော ပွဲတော်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်က ရဟန်း၊ သာမဏေ၊ လူပုဂ္ဂိုလ်၊ တပည့်ဒကာများ စုံစုံညီညီ တက်ရောက်ကြပါသည်။

လက်ရှိ ကျောက်ထရံကျောင်းဆရာတော် ဦးဉာဏောဘာသ(နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်က ရွှေရတုပွဲတော်ကို တခမ်းတနား ပြင်ဆင်၍ ကျောက်ထရံကျောင်းတိုက် ကပ်ကျော်ဘုရားကြီး ရင်ပြင်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပါသည်။

အလှူအသီးသီးက တပည့် ရဟန်း၊ သာမဏေ၊ လူဒကာ ဒကာမ စုံလင်ကြသဖြင့် ဗဟုသုတဖြစ်ဖွယ်ရာ လောကီ လောကုတ် စုံစုံလင်လင် တွေ့မြင်ခဲ့ရသည်။

စာရေးသူ အထူးခြားဆုံး စိတ်ဝင်စားသည့် အထဲက တစ်ခုကို ဖော်ပြရလျှင် တိုင်းရင်းဆေးဆရာ ဦးကျော်မြ၏ ဆေးတစ်မျိုးကို ဖော်ပြလိုပါသည်။ တိုင်းရင်းဆေးဆရာ ဦးကျော်မြနှင့် စာရေးသူမှာ ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။



ရွှေရတုပွဲတော်တွင် တိုင်းရင်းဆေးပေးခန်းဖွင့်၍ ဒါနပြုနေသူဖြစ်သည်။ ပွဲတော်အစနေ့တွင် စာရေးသူနှင့် သမီးကြီး မနန္ဒာကျော်တို့ ပွဲတော်တွင်း ကျေးမွေးညှော်ခံရေးမဏ္ဍပ်၊ ဓမ္မသဘင်မဏ္ဍပ်နှင့် ပျော်ပွဲရှင်ပွဲ ကျင်းပနေခြင်းများကို ကြည့်ရှုလေ့လာကြပါသည်။

ထို့နောက် တိုင်းရင်းဆေးဆရာ ဦးကျော်မြ၏ ဆေးဒါနပြုရာ ဆေးခန်းသို့ ရောက်ရှိသွားကြသည်။ လူ တော်တော်များများ တန်းစီ၍ ဆေးကုသရန် စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။

စာရေးသူက တာဝန်ကျ လူငယ်တစ်ဦးကို...

'ဟေ့... လူလေး'

ဟူ၍ လှမ်းခေါ်လိုက်ရာ တာဝန်ကျလူငယ်လေးက...

'ဦးလေးတို့ ဆေးပြချင်လို့လား၊ ဆေးပြမယ်ဆိုရင် ဟိုနေရာမှာ တန်းစီပါ'

ဟု ပြောရာ...

'ဆေးပြဖို့ မဟုတ်ဘူး လူလေး၊ ဒီဆေးခန်းက ဆရာ ဦးကျော်မြနဲ့ တွေ့ချင်လို့ပါ'

'ဒါဆို ခဏစောင့်ပါ။ ဆရာ့ကို ကျွန်တော် သွားမေးလိုက်ဦးမယ်'

ခဏကြာတော့ လူငယ်လေးက...

'ဦးလေး ဆရာက အထဲကို ဝင်လာခဲ့ပါလို့ ပြောတယ်။ ဒီဘက်အပေါက်က ဝင်သွားလိုက်ပါ'

'ကျေးဇူးပဲ လူလေး'

ဟုပြောပြီး စာရေးသူတို့သားအဖ ဆေးခန်းထဲကို ဝင်သွားလိုက်သည်။ ဆေးခန်းထဲရောက်သွားရာ ဆရာ ဦးကျော်မြက...

'လာ... လာ သူငယ်ချင်း အားနာလိုက်တာကွယ်၊ မင်းကို ငါ ခရီးဦးကြိုမပြုနိုင်တာကို ခွင့်လွှတ်ပါ သူငယ်ချင်း'

ဟု ဆိုကာ တောင်းပန်ပြီး ထိုင်ခုံလွတ်(၂)လုံး ယူပြီး...

'ထိုင်ဦးနော် ငါ လူနာတွေကို ဆေးညွှန်း ရေးပေးလိုက်ဦးမယ်'

စာရေးသူက...

'မင်း ငါတို့ကို အားမနာပါနဲ့၊ လူနာတွေကိုသာ ဦးစားပေးကုသပါ။ ငါက ရောက်တုန်းရောက်ခိုက် သတိရလို့ သက်သက် ဝင်လာတာပါ'

ဆရာ ဦးကျော်မြ၏ တပည့်တစ်ဦးက ကော်ဖီနှင့်မုန့် လာချပေးသည်။

'ကဲ သောက်ကြဦး သူငယ်ချင်း၊ ငါ လူနာတွေကို ကြည့်လိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com

'အေးပါကွာ'

ဆေးကုသရန် လာကြသည့် လူနာများမှာ ရောဂါပေါင်းစုံသည်။ အထူးသဖြင့် လိမ်းဆေး၊ သောက်ဆေးနှင့် ဆေးညွှန်းကို ရေးပေးသည်။

ဆေးဆရာ ဦးကျော်မြ၏ တိုင်းရင်းဆေးခန်းတွင် ဆေးဆိုင်၌ ဖန်ပုလင်းကြီး (၃)လုံးသာ ရှိသည်ကို တွေ့မြင်ရသည်။

ဆေးရည်များ ထည့်ထားသော ဖန်ပုလင်းကြီးများမှာ တစ်လုံးက အဖြူရောင် မိုးရေနှင့်တူသည်။ ဒုတိယတစ်လုံးက နှမ်းဆီရောင်၊ တတိယတစ်လုံးက ပဲဆီရောင်၊ ဒီဖန်ပုလင်း(၃)လုံးထဲက ဆေးရည်များကို ရောဂါဟူသမျှ လိမ်းဆေး၊ သောက်ဆေး ဆေးညွှန်းရေးပြီး ကုသပေးနေသည်ကို စာရေးသူ အထူး စိတ်ဝင်စားမှု ရှိလာသည်။

လာရောက်ကုသကြသည့် အထဲမှ ထိခိုက်ရှနာ၊ အနာဆွေး၊ အနာပေါင်း၊ သွားဖုံးရောင်၊ သွားနာ၊ သွားကိုက်၊ အဖုအကျိတ်၊ ဝမ်းကိုက်ဝမ်းနာ၊ ဝမ်းရောဂါများ၊ ကြွက်နို့ရောဂါ တော်တော်များများ တွေ့ရသည်။

ဆရာဦးကျော်မြက ဒီဆေး(၃)မျိုးထဲကပဲ ဆေးညွှန်းရေးပြီး ကုသပေးနေသည်။

စာရေးသူက...

'သူငယ်ချင်း မင်း လူနာတွေ ဆေးကုပြီးရင် မင်းနဲ့ ခဏဆွေးနွေးချင်တယ်ကွာ၊ ငါ မင်း ဆေးကုသမှုတွေကို စိတ်ဝင်စားနေတယ်'

ဆရာ ဦးကျော်မြက...

'ဒီလိုလုပ်ပါကွာ၊ မင်းတို့သားအဖ ဒီညစာ ငါ့အိမ်မှာ ထမင်းကျွေးမယ်။ ည (၇)နာရီခန့် လာခဲ့ကွာ၊ အဲဒီအချိန်ဆို ငါ့ဆေးခန်းပိတ်ပြီ။ အေးအေးဆေး



ဆေး ဆွေးနွေးကြတာပေါ့'

'ကောင်းပြီ။ သူငယ်ချင်း'

ဟု ဆိုကာ ဆေးခန်းမှ ထွက်လာခဲ့ကြသည်။

ညနေ (၆)နာရီခွဲခန့်အချိန်တွင် ဆရာ ဦးကျော်မြ၏ တပည့်တစ်ဦး လာရောက်ခေါ်သဖြင့် စာရေးသူတို့ လိုက်သွားကြသည်။

ဆရာ ဦးကျော်မြက...

'လာ သူငယ်ချင်း မင်းကို ငါ့ ဆေးခန်း စောစောပိတ်ပြီး စောင့်နေတာ၊ စားသောက်ရင်း ဆွေးနွေးပြောကြတာပေါ့'

ဟု ဆိုကာ ထမင်းဝိုင်းတွင် ထိုင်လိုက်ကြသည်။

စာရေးသူက...

'ထမင်းစားရင်း မေးတော့မယ်ကွာ၊ မင်းဆေးခန်းမှာ လူနာ တော်တော်များများ လာရောက်ကုသမှု ခံယူကြတာတော့ တွေ့ရတယ်။ ဒါပေမယ့် မင်းက ဆေးပုလင်း(၃)ပုလင်းထဲက ဆေးတွေနဲ့ ဆေးညွှန်းရေးပြီး ရောဂါစုံ ကုသနေတာတွေ့တော့ ငါ သိပ်စိတ်ဝင်စားတယ်ကွာ။ အဲဒါ ဘာဆေးတွေလဲ၊ ဘယ်လို ဖော်စပ်ထားတာလဲ၊ ဘာရောဂါတွေ ပျောက်ကင်းလဲ ပြောပြပေးပါ'

ဆရာ ဦးကျော်မြက...

"ဒီဆေးအမည်က "သားပေါင်းရည်"ပါ။ သားထုတ်လုပ်တဲ့ သားကွင်းတွေမှာ သားချိုး (ကျိုး)ဆိုတာ ရှိတယ်။ အဲဒီ သားချိုး (ကျိုး)ကို အရက်ချက်သလို ပေါင်းခံပြီး ချက်ရတယ်။

ပထမဆုံးရတဲ့ ဆေးရည်က ပဲဆီလို အဝါရောင် နံပါတ်(၁)ဆေးပေါ့ကွာ၊ ဒုတိယရတဲ့ ဆေးရည်ကတော့ နှမ်းဆီရောင် ဒီ(၂)မျိုးကို ပေါင်းခံပြီး ယူရတယ်။ နောက် အဖြူရောင် ဆေးရည်ကတော့ မိုးရေကို သားရိုးရိုးနဲ့ ဖျော်ထားတာပါ။

အဓိကဆေးအဖြစ် နံပါတ်(၁) သားပေါင်းရည်ကို အသုံးပြုပါတယ်။ ရောဂါ အနုအရင့်အပေါ် ကြည့်ပြီး ဆေးညွှန်း ရေးပေးတယ်။

ဝမ်းရောဂါဆိုရင် သောက်ခိုင်းတယ်။ ထိခိုက်ရှနာ အဖုအကျိတ်ဆိုရင် လိမ်းခိုင်းတယ်။ ဒီဆေးရဲ့ အာနိသင်ကတော့ **များနာတာ မပျောက်ဘူး။**

အနာဆွေး၊ အနာပေါင်း၊ စက်တန်နာ၊ ကြွက်နို့၊ မှည့် စတဲ့ ရောဂါ တော်တော်များများ ပျောက်ပါတယ်။ ငါ ဒီဆေးတစ်မျိုးတည်းနဲ့ ကုသနေတာ အနှစ်(၂၀)ကျော်ပြီ'

စာရေးသူက...

'ခုလို ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ၊ ဒီသားပေါင်းရည် အစွမ်းထက်ပုံကို ဆောင်းပါးရေးပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ထည့်လိုက်မယ်။ မင်းခွင့်ပြုပါ'

ဟု ပြောလိုက်ရာ...

ဆရာ ဦးကျော်မြ ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုသဖြင့် အများပြည်သူ ဆေးနည်းတစ်ခု လွယ်ကူစွာ သိရှိ အသုံးပြုနိုင်ကြစေရန် ရေးသား ဖော်ပြအပ်ပါသည်။

**[ဝိတောက်မြိုင် စံပြကျေးရွာ ဆရာ ဦးကျော်မြအား ကျေးဇူးတင်ပါသည်။]**

ဗိုလ်မင်း (မင်းလှ)



www.burmeseclassic.com

www.burmeseclassic.com

ဒီပဲယင်းဆရာတော်ကြီး

# ဦးဥတ္တမသိဒ္ဓိ၏ မိတ်ဖက်ကျင့်စဉ်



အောင်ရွှေမြတ် (စစ်ကိုင်းတောင်)

**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့တွင်** ဆရာကြီး ဦးနေထွန်းနှင့် ဆရာဆောင်းတို့သည် ကျွန်ုပ်ရှိရာ တောင်းရိုးနေအိမ်သို့ ရောက်ရှိလာကြလေ၏။

ယနေ့ညတွင် ရှင်တော်မြတ်ဘုရားအား ဆီမီးပူဇော်ခြင်း၊ မိတ်ဆွေအပေါင်းအသင်းများအား မဲဇလီဖူးသုပ်၊ အကြော် စသည်များဖြင့် ကျွေးမွေးလိုသောကြောင့် ကျွန်ုပ်အား လာရောက်ခေါ်ကြခြင်း ဖြစ်လေ၏။

ကျွန်ုပ်မှာ ဆရာဖြစ်သူ မြန်မာ့သိုင်း ဦးသျှောင် ဆရာကြီးဦးကျော်၏ မဟေသရဘေသဇ္ဇ ဆေးပွဲတော်မှာ လပြည့်ကျော်(၁)ရက်နေ့သို့ ပြောင်းလဲကျင်းပသောကြောင့် အားလပ်နေသည်နှင့် လိုက်ပါသွားလေ၏။

ဆရာဦးနေထွန်း၏ နေအိမ်တွင် အပေါင်းအဖော်များနှင့် ပျော်ရွှင်စွာ မဲဇလီဖူးသုပ်၊ လက်ဖက်၊ အကြော်များကို စားသောက်ရင်း တစ်ယောက်တစ်ပေါက် စကားပြောဆိုနေကြလေ၏။

ဆရာဆောင်းမှ...

'ဘကြီးအောင်တို့ ဆရာဦးနေထွန်းတို့ကတော့ ခင်မင်ကြတဲ့ မိတ်ဆွေတွေက ပေါမှပေါ။ တပည့်တွေကလဲ များသလောက် ချစ်ခင်လေးစားကြတာဆိုတော့ အားကျမိပါရဲ့ဗျာ'

ဟု ပြောလေ၏။

'ဒါကတော့ကွာ ဆရာကြီး ဦးနေထွန်းက ကျောင်းဆရာကြီးလဲဖြစ်တော့ တပည့်သားမြေးတွေကလဲ ဆရာကြီးကို အလွန် လေးစားချစ်ခင်ကြတယ်။ ကျောင်းသားမိဘတွေကလဲ ဆရာကြီး ဦးနေထွန်းကို လုံးဝ ယုံကြည်အားကိုးကြတာလေကွာ'

'ပန်းချီလဲရေးတော့ ပန်းချီဝါသနာရှင် အချင်းချင်း နေ့စဉ် တွေ့ဆုံလေ့ရှိနေတော့ သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြရတာပေါ့။

ပြီးတော့ မြန်မာ့သတင်း၊ ကမ္ဘာ့သတင်း အားလုံးကိုလဲ မလွတ်စတမ်း မျက်ခြည်မပြတ် ဖတ်ရှုနေတဲ့ သတင်းရှင်ကြီးဆိုတော့ အားကိုးခင်မင်လေးစားကြတာပေါ့'

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ ပေဒင်ဆရာလေး ဂါမဏိဖော်က ဝင်ပြောပြန်လေ၏။

'ဆရာဆောင်းကလဲဗျာ ဆရာကြီး ဦးနေထွန်းက ဘကြီးအောင်ရဲ့ ကျင့်စဉ်တွေကိုလဲ လက်လွှတ်ခံတာ မဟုတ်ဘူးဗျ'

ဟု ပြောလေ၏။

'ဒါဖြင့် ဘကြီးအောင်ရဲ့ကျင့်စဉ်က အားကိုးရမယ် ထင်တယ်နော်'

ဟု ဆရာဆောင်းက တူးဖော်လေသည်။

'ဆရာဆောင်းရယ် ကိုရင် ယုံကြည်လက်ခံမယ်ဆိုရင် ငါ့ဆီမှာ ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ ချီးမြှင့်ထားတဲ့ ကျင့်စဉ်တွေ အများကြီး ရှိပါသေးသကော'

'ဆရာတော်ကြီး မရှိတော့ပေမယ့် ထားရစ်ခဲ့တဲ့ ကျင့်စဉ်တွေ အစီအရင်တွေ ငါ ထိန်းသိမ်းထားပါတယ်ကွ'

'ဒါဖြင့် ဘကြီးအောင်ရယ် ကျွန်တော့်ကို ကျင့်စဉ် အစီအရင် တစ်ခုလောက် ပေးပါ'

ဟု တောင်းဆိုလေ၏။

'အေးပါကွာ ကိုရင့်အတွက်သာ မဟုတ်ပါဘူး။ ခုနစ်ရက်သားသမီးတွေအတွက်ပါ။ ငါ မှတ်သားထားတဲ့ မိတ်ဓာတ်အစီအရင်ကလေး တစ်ခု ပြောပြပါ့မယ်။

**အခုအစီအရင်ရဲ့ အကျိုးကတော့ (၅)မျိုးရှိတယ်။**

၁။ မိတ်ကောင်း ဆွေကောင်းတွေ ပေါများမယ်။
၂။ မိမိကို ထောက်ပံ့ကူညီပေးသူတွေ များမယ်။
၃။ မိမိကို လေးစားယုံကြည်ကြမယ်။



www.burmeseclassic.com

www.burmeseclassic.com

၄။ ဖိဖိကို ချစ်ခင်ကြင်နာကြမယ်။
၅။ ဖိဖိက လိုအပ်လို့ အကူအညီတောင်းရင်လဲ မဆိုင်းမဖင့် ပေးကြမယ်။

အဲဒီအကျိုး(၅)မျိုးအတွက် ကိုယ်ကလဲ နိုင်မာအောင် တည်ဆောက်ရတယ်။

**အဲဒါကလဲ ဘာလဲဆိုတော့...**

၁။ မည်သူ့ကိုမဆို မကောင်းတဲ့ ယုတ်ညံ့တဲ့ အကြံမျိုး မပေးရဘူး။
၂။ ဖိဖိတတ်စွမ်းသရွေ့ အများအကျိုး တစ်ဦးချင်း အကျိုးကို ကူညီရမယ်။
၃။ တစ်ဖက်သားကို အမြဲ လေးစားစွာ ဆက်ဆံရမယ်။
၄။ တစ်ဖက်သားကို ကျောသားရင်သား မခွဲခြားဘဲ ချစ်ခင်ကြင်နာရမယ်။
၅။ သူတစ်ပါး လိုအပ်တဲ့ အကူအညီကို နှုတ်အားဖြင့်ဖြစ်စေ ကိုယ်အားဖြင့်ဖြစ်စေ ငွေအားဖြင့်ဖြစ်စေ စေတနာထက်စွာ ကူညီရမယ်။

အဲဒါမှ ကျင့်စဉ်ရဲ့ အကျိုးတရားကို ပြည့်ဝစွာ ခံစားရရှိစေမှာပါ။

ငါ့ဆရာအရှင်က ပြောဖူးတယ်။ မိတ်ဆွေကောင်းဆိုတာ ပေးနိုင်ခဲတာ ပေးသူ၊ ပြုနိုင်ခဲတာပြုသူ၊ သည်းခံနိုင်ခဲတာ သည်းခံသူဖြစ်မှ ကလျာဏမိတ္တ ဖြစ်သတဲ့ကွ။

လောကနီတိမှာတော့ အဆွေခင်ပွန်းကောင်းဆိုတာ အချက်(၆)ချက်နဲ့ ပြည့်စုံရသတဲ့။

၁။ ရောဂါဝေဒနာ စွဲကပ်သောအခါ
၂။ ငတ်မွတ်ခေါင်းပါး ဘေးများတဲ့အခါ
၃။ ဥစ္စာပစ္စည်း ဆုံးရှုံးပျက်စီးတဲ့အခါ
၄။ ရန်သူ၏ နှောင့်ယှက်မှု ခံရသောအခါ
၅။ မတရားအမှုကို ရင်ဆိုင်ရသောအခါ
၆။ နာရေးနဲ့ ကြုံတွေ့ရသောအခါ

မိမိနဲ့ထပ်တူ ရပ်တည်ဆောင်ရွက် ကူညီသူသာ ဖြစ်တယ်လို့ မှတ်သားဖူးသကွ၊ ပညာရှိလူကြီးသူမတွေကတော့...

ချစ်ဖွယ်သောမျက်နှာ ချိုသာသော စကားနဲ့ စိတ်ထားဖြူသူဟာ မိတ်ဆွေများသတဲ့။ ဥပမာအားဖြင့် အေးမြသော လပြည့်ဝန်းကြီးဟာ ချစ်စရာကောင်းတဲ့ ကြယ်တာရာများ ခြံရံနေသလိုမျိုးပေါ့ကွာ'

'ကျွန်ုပ်ဆန္ဒလိုက်တာ ဘကြီးအောင်ရယ်၊ ကျင့်စဉ်အစီအရင်ကိုသာ ပြောပြပါတော့ဗျာ၊ ကျွန်တော် ရေးမှတ်ပြီး ဆောင်ရွက်ပါ့မယ်'

---

တနင်္ဂနွေသားသမီးများ

---

**▲ မွေးနေ့ မနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း...**

တနင်္ဂနွေနေ့ဖွား **မေခက်ရာမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၊ ပိယဒဿီမြတ်စွာဘုရားနှင့် သိဒ္ဓိမြတ်စွာဘုရား**တို့အား အထူးရည်မှန်း၍...

မေမြို့ပန်းဖြစ်စေ၊ ပျဉ်းမပန်းဖြစ်စေ၊ ပေါက်ပန်းဖြစ်စေ ရရာ ကပ်လှူပူဇော်ပါ။

သောက်တော်ရေသန့်၊ အလင်းတိုင်၊ ပန်းမွှေးတိုင်များ စွမ်းသရွေ့ လှူပါ။

အလုပ်ကိစ္စ ရှိပါက ကံ့ကော်ညွှန့် ဆောင်ပါ။

မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

ပုတီး(၉)ပတ် စိပ်ပါ။

မေတ္တာပို့ အမျှဝေ၍ ဆုတောင်းပါ။

ချိုချဉ်ဖြစ်စေ၊ ကြံသကာဖြစ်စေ၊ ကြံဖြစ်စေ စားသုံးပါ။

---

တနင်္လာသားသမီးများ

---

**▲ မွေးနေ့ မနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း...**

တနင်္လာနေ့ဖွား **သရဏင်္ကရာမြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရားနှင့် ဝေဿဘူမြတ်စွာဘုရား**တို့အား အထူးရည်မှန်း၍...

သီးညွန့်ဖြစ်စေ၊ သီဟိုဠ်ညွန့်ဖြစ်စေ၊ သံသတ်ညွန့်ဖြစ်စေ ရရာ ကပ်လှူပူဇော်ပါ။

သောက်တော်ရေသန့်၊ အလင်းတိုင်၊ ပန်းမွှေးတိုင်များ စွမ်းသရွေ့ လှူဒါန်းပါ။

မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

ပုတီး(၉)ပတ် စိပ်ပါ။

မေတ္တာပို့ အမျှဝေ၍ ဆုတောင်းပါ။

အလုပ်ကိစ္စရှိပါက ဖွန်ညွှန့် ဆောင်ပါ။

ဆီး(ဇီး)သီးဖြစ်စေ၊ စမူဆာဖြစ်စေ၊ ကြံဖြစ်စေ စားသုံး၍ ကြံစည်ဆောင်ရွက်ပါ။

---

အင်္ဂါသားသမီးများ

---

**▲ မွေးနေ့ မနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း...**

အင်္ဂါနေ့ဖွား **ဒီပင်္ကရာမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ မေဓာဒဿီမြတ်စွာဘုရားနှင့် ကကုသန်မြတ်စွာဘုရား**တို့အား အထူးရည်မှန်း၍...

နှင်းပန်းဖြစ်စေ၊ ဒေါနပန်းဖြစ်စေ၊ ဒန်းညွှန့်ဖြစ်စေ ရရာ ကပ်လှူပူဇော်ပါ။

သောက်တော်ရေသန့်၊ အလင်းတိုင်၊ ပန်းမွှေးတိုင်များ စွမ်းသရွေ့ လှူဒါန်းပါ။

မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

ပုတီး(၉)ပတ် စိပ်ပါ။

မေတ္တာပို့ အမျှဝေ၍ ဆုတောင်းပါ။

အလုပ်ကိစ္စရှိပါက လက်ဖက်ရည်သောက်၍ ကြံစည်လုပ်ကိုင် ဆောင်ရွက်ပါ။

ဝါးညွှန့်ဖြစ်စေ၊ ရွက်လှဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပါ။

### ဗုဒ္ဓဟူးသားသမီးများ

**▲ မွေးနေ့ မနက် (၆း၀၀)နာရီမှ (၉း၃၀)နာရီ အချိန်အတွင်း...**

ဗုဒ္ဓဟူးနေ့ဖွား **ကောဏ္ဍညမြတ်စွာဘုရား။ နာရဒမြတ်စွာဘုရား။ သိဒ္ဓတ္ထမြတ်စွာဘုရားနှင့် ကောဏာဂုံမြတ်စွာဘုရား**တို့အား အထူးရည်မှန်း၍...

အုန်းညွန့်ဖြစ်စေ၊ အေးပန်းဖြစ်စေ၊ ဆက်ကပ်လှူဒါန်းပါ။

ယာဂုဆွမ်း၊ သောက်ရေသန့်၊ အလင်းတိုင်နှင့် ပန်းမွှေးတိုင်များ ထွန်းညှိပူဇော်ပါ။

မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

ပုတီး(၉)ပတ် စိပ်ပါ။

မေတ္တာပို့ အမျှဝေ၍ ဆုတောင်းပါ။

အလုပ်ကိစ္စ အကြံအစည် ရှိပါက မက်မန်းသီးဖြစ်စေ၊ ပန်းသီးဖြစ်စေ စား၍ ပေါက်ညွန့်ဆောင်ပါ။

**မှတ်ချက် ။ ။ ဗုဒ္ဓဟူးနေ့ ညနေပိုင်းဖွားများလည်း အထက်ပါအတိုင်း ဆောင်ရွက်ပါ။ ရာဟုသားသမီးများကို ဆိုလိုပါသည်။**

### ကြာသပတေးသားသမီးများ

**▲ မွေးနေ့ မနက် (၆း၀၀)နာရီမှ (၉း၃၀)နာရီ အချိန်အတွင်း...**

ကြာသပတေးနေ့ဖွား **မင်္ဂလမြတ်စွာဘုရား။ ပဒုမုတ္တရမြတ်စွာဘုရား။ တိဿမြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရား**တို့အား အထူးရည်မှန်း၍...

ကံ့ကော်ညွန့်ဖြစ်စေ၊ ငွေပန်းဖြစ်စေ၊ ဆက်ကပ်လှူဒါန်းပါ။

သောက်တော်ရေသန့်၊ အလင်းတိုင်နှင့် ပန်းမွှေးတိုင်များ ထွန်းညှိကပ်လှူပါ။



မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

ပုတီး(၉)ပတ် စိပ်ပါ။

မေတ္တာပို့ အမျှဝေ၍ ဆုတောင်းပါ။

အလုပ်ကိစ္စ အကြံအစည် ရှိပါက သီးသီးဖြစ်စေ၊ သီဟိုဠ်စေ့ဖြစ်စေ စား၍ သီးညွန့်ကို အဆောင်ပြုပါ။

### သောကြာသားသမီးများ

**▲ မွေးနေ့ မနက် (၆း၀၀)နာရီမှ (၉း၃၀)နာရီ အချိန်အတွင်း...**

သောကြာနေ့ဖွား **သုမနမြတ်စွာဘုရား။ သုမေဓမြတ်စွာဘုရား။ ဖုဿမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရား**တို့အား အထူးရည်မှန်း၍...

ဖွန်ညွန့်ဖြစ်စေ၊ ဇော်စိမ်းဖြစ်စေ၊ ဆက်ကပ်လှူဒါန်းပါ။

သောက်တော်ရေသန့်၊ အလင်းတိုင်နှင့် ပန်းမွှေးတိုင်များ ဆက်ကပ်လှူဒါန်းပါ။

မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

ပုတီး(၉)ပတ် စိပ်ပါ။

မေတ္တာပို့ အမျှဝေ၍ ဆုတောင်းပါ။

အလုပ်ကိစ္စ အကြံအစည် ရှိပါက ထိုးမုန့်စား၍ ဒေါနပန်းဆောင်ပါ။

### စနေသားသမီးများ

**▲ မွေးနေ့ မနက် (၆း၀၀)နာရီမှ (၉း၃၀)နာရီ အချိန်အတွင်း...**

စနေနေ့ဖွား **တဏှင်္ကရမြတ်စွာဘုရား။ ရေဝတမြတ်စွာဘုရား။ သုဇာတမြတ်စွာဘုရားနှင့် ဝိပဿီမြတ်စွာဘုရား**တို့အား အထူး ရည်မှန်း၍...

ရွှက်လှညွန့်ဖြစ်စေ၊ ဝါးညွန့်ဖြစ်စေ၊ ဆက်ကပ်လှူဒါန်းပူဇော်ပါ။

ဆွမ်း၊ သောက်ရေသန့်၊ အလင်းတိုင်နှင့် ပန်းမွှေးတိုင်များ ကပ်လှူပါ။

မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

ပုတီး(၉)ပတ် စိပ်ပါ။

မေတ္တာပို့ အမျှဝေ၍ ဆုတောင်းပါ။

အလုပ်အကိုင်နှင့် ကောင်းမွန်သော အကြံအစည် ရှိပါက အုန်းသီးစား၍ အုန်းညွန့်ဆောင်ပါ။

**ပုတီးစိပ်ဂါထာတော်**

သဗ္ဗေဒေဝါ မနုဿာစ
ပီယံ ရက္ခတု သဗ္ဗဒါ။

***[တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ (၉)ပတ် စိပ်ပါ။]***

**အနက်**

**သဗ္ဗေ** – ခပ်သိမ်းကုန်သော၊ **ဒေဝါစ**–နတ်တို့သည် လည်းကောင်း၊ **မနုဿာစ**–လူတို့သည် လည်းကောင်း၊ **သဗ္ဗဒါ**–အခါခပ်သိမ်း။ **ပီယံ**–ချစ်ခင်မှုကို၊ **ရက္ခတု**–စောင့်ရှောက်ပါစေသတည်း။

မည်သည့် နေ့သားသမီးမဆို အထက်ပါ ဂါထာတော်ဖြင့် ပုတီးစိပ်ပါ။

**ဆုတောင်းဂါထာတော်**

အစိန္တေယျ အစိန္တေယျ အစိန္တေယျ
အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ



www.burmeseclassic.com

www.burmeseclassic.com

ဉာဏသမ္ပန္နသ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
ဖတ္တိံသ မဟာပုရိသလက္ခဏာ နုဘာဝေန၊
အသီတာနုဗျဉ္ဇနာ နုဘာဝေန၊
ဆဗ္ဗဏ္ဏရံသိယာ နုဘာဝေန၊
စတုသစ္စဉာဏာ နုဘာဝေန၊
စတုဝေသာရဇ္ဇဉာဏာ နုဘာဝေန၊
ဆဠာဘိဉာ နုဘာဝေန၊
အဋ္ဌသမာပတ္တိယာ နုဘာဝေန၊
နဝလောကုတ္တရဓမ္မာ နုဘာဝေန၊
စတုရာသီ တိသဟဿ ဓမ္မက္ခန္ဓာ နုဘာဝေန၊
သံဃဿ သီလ သမာဓိ ပညာ နုဘာဝေန၊
မဂ္ဂဖလဉာဏာ နုဘာဝေန၊
ဗုဒ္ဓဂုဏာ နုဘာဝေန၊
ဓမ္မဂုဏာ နုဘာဝေန၊
သံဃဂုဏာ နုဘာဝေန၊
မမ အဓိဋ္ဌာနာ နုဘာဝေန၊
အဟံ ဒိနေ ဒိနေ ဘဏေန ဂါထာနုဘာဝေန၊
ပရိတ္တာနုဘာဝေန၊
သစ္စာနုဘာဝေန၊
မယာကတေန ဒါန သီလ ဘာဝနာ နုဘာဝေန၊
အနန္တဉာဏ သမ္ပန္နာန် အနန္တ သမ္မာသမ္ဗုဒ္ဓါနံ၊
ဗလေန တေဇေန၊
အာကာသဋ္ဌာစ ဘုမ္မဋ္ဌာ၊
ရုက္ခဋ္ဌာစ ပဟိဋ္ဌိကာ၊
သဗ္ဗေဒေဝါ ကုန္ဒာ မဟာပြဟ္မာ၊
အမေ့ ရက္ခန္တု သဗ္ဗဒါ ။

ခက်ခဲသော ပါဠိအသံထွက်

**အစိန္တေယျ** = အစိန်တေယျ
**အပ္ပမေယျ** = အပ်ပမေယျ
**ဉာဏသမ္ပန္နဿ** = ဉာန သမ်ပန်နတ်သ
**သမ္မာသမ္ဗုဒ္ဓဿ** = သမ်မာ သမ်ဗုတ်ဓတ်သ
**ဗာတ္တိံသ** = ဗတ်တိန်သ
**အသီတာနုဗျဉ္ဇနာ** = အသီတာ နုဗျင်ဇနာ
**ဆဗ္ဗဏ္ဏရံသိယာ** = ဆပ်ဗန်နရံသိယာ
**စတုဝေသာရဇ္ဇဉာဏာ** = စတုဝေသာရဇ်ဇဉာနာ
**ဆဠာဘိဉာ** = ဆဠာဘိန်ညာ
**အဋ္ဌသမာပတ္တိယာ** = အတ်ထသမာပတ်တိယာ
**နဝလောကုတ္တရဓမ္မ** = နဝလောကုတ်တရဓမ်မာ
**တိသဟဿ** = တိသဟတ်သ
**ဓမ္မက္ခန္ဓာ** = ဓမ်မက်ခန်ဓာ
**သံဃဿ** = သံဃန်သ
**မဂ္ဂဖလဉာဏာ** = မက်ဂဖလ ဉာနာ
**အဓိဋ္ဌာနာ** = အဓိတ်ထာနာ
**အနန္တဉာဏ** = အနန်တဉာန
**သမ္ပန္နာန်** = သမ်ပန်နာန်
**အနန္တ** = အနန်တ
**သမ္မာသမ္ဗုဒ္ဓါနံ** = သမ်မာသမ်ဗုတ်ဓာနံ
**အာကာသဋ္ဌာစ** = အာကာသတ်ထာစ
**ဘုမ္မဋ္ဌာ** = ဘုမ်မတ်ထာ
**ရုက္ခဋ္ဌာစ** = ရုတ်ခတ်ထာစ
**ပဟိဋ္ဌိကာ** = ပဟိတ်ဓိကာ
**ကုန္ဒာ** = ဒိန်ဒါ
**မဟာပြဟ္မာ** = မဟာဗြန်မာ
**အမှေ့** = အန်မှေ့
**ရက္ခန္တု** = ရက်ခန်တု
**သဗ္ဗဒါ** = သပ်ဗဒါ

အနက်

**အစိန္တေယျ** – မကြံစည်နိုင်သော ဂုဏ်တော် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ *[၃–၈]*

**အပ္ပမေယျ** – မနှိုင်းယှဉ်အပ်သော ဂုဏ်တော် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ *[၃–၈]*

**ဉာဏသမ္ပန္နဿ** – ဉာဏ်နှင့်ပြည့်စုံတော်မူသော၊ **ဘဂဝတော**–ဘုန်းတော်ကြီးတော်မူသော၊ **အရဟတော**–ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ**–အလုံးစုံသော တရားကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏။

**ဗာတ္တိံသ မဟာပုရိသလက္ခဏာ နုဘာဝေန**–(၃၂)ပါးသော မဟာပုရိသလက္ခဏာတော်၏ အာနုဘော်တော်ကြောင့်၊ **အသီတာနုဗျဉ္ဇနာနုဘာဝေန** – (၈၀)သော လက္ခဏာတော်ငယ်၏ အာနုဘော်တော်ကြောင့်၊ **ဆဗ္ဗဏ္ဏရံသိယာနုဘာဝေန** – (၆)သွယ်သော ရောင်ခြည်တော်၏ အာနုဘော်ကြောင့်၊

**သဗ္ဗညုတဉာဏာနုဘာဝေန**–သဗ္ဗညုတဉာဏ်တော်၏ အာနုဘော်ကြောင့်၊ **စတုသစ္စဉာဏာနုဘာဝေန**–စတုသစ္စဉာဏ်တော်၏ အာနုဘော်ကြောင့်၊ **စတုဝေသာရဇ္ဇဉာဏာနုဘာဝေန**–(၄)ပါးသော ဝေသာရဇ္ဇဉာဏ်တော်၏ အာနုဘော်ကြောင့်၊ **ဆဠာဘိဉာနုဘာဝေန**– အဘိညာဉ်(၆)ပါး၏ အာနုဘော်ကြောင့်၊

**အဋ္ဌသမာပတ္တိယာနုဘာဝေန** – သမာပတ်ရှစ်ပါး၏ အာနုဘော်ကြောင့်၊ **နဝလောကုတ္တရဓမ္မာနုဘာဝေန** – လောကုတ္တရာတရား(၉)ပါး၏ အာနုဘော်ကြောင့်၊ **စတုရာသီတိဓမ္မက္ခန္ဓာနုဘာဝေန**– ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာ၏ အာနုဘော်ကြောင့်၊

**သံဃဿ** – သံဃာတော်မြတ်၏ **သီလ သမာဓိ ပညာ နုဘာဝေန**– သီလ, သမာဓိ, ပညာ အာနုဘော်ကြောင့်၊ **မဂ္ဂဖလဉာဏာနုဘာဝေန**– မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အာနုဘော်ကြောင့်၊ **ဗုဒ္ဓဂုဏာနုဘာဝေန**–ဘုရားဂုဏ်တော်၏ အာနုဘော်ကြောင့်၊ **ဓမ္မဂုဏာနုဘာဝေန**–တရားဂုဏ်တော်၏ အာနုဘော်ကြောင့်၊ **သံဃဂုဏာနုဘာဝေန**–သံဃာတော်၏ ဂုဏ်

စာမျက်နှာ (၁၉၉) သို့

www.burmeseclassic.com

# ငှေ့ရှာ ကြွင်းကျန်ရစ်ပါသလား



ဤနည်းဖြင့် စီရင်ပါ

ဘကြီးစား သရော်တာဦး

**၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ။**

ဆောင်းရာသီ ဝင်စကာလဖြစ်၍ လားမသိ၊ မိမိနေအိမ်မှ ဘူတာရုံသို့ လမ်းလျှောက်လာစဉ် အေးစိမ့်စိမ့် အရသာနှင့် နှင်းရနံ့သင်းသင်း အရသာ နှစ်မျိုးကို စတင် ခံစားလာရကြောင်း သတိပြုမိနေပါသည်။

မိမိနေအိမ်မှ ဘူတာရုံသို့ (၁၅)မိနစ် ခန့်အချိန်ပေး၍ ခြေကျင် လျှောက်လျှင် ရထားဆိုက်မည့် အချိန်ကို ကောင်း ကောင်းမီသည်ဖြစ်၍ ဆိုက်ကား စောင့် မစီးတော့ဘဲ နေအိမ်မှ ဘူတာရုံသို့ ခြေကျင်လျှောက်လာခဲ့ပါသည်။

ဘူတာရုံအဝင် လမ်းထိပ်အရောက် တွင် လက်ပတ်နာရီကို ကြည့်လိုက်ရာ နံနက်ရှစ်နာရီခွဲပြီး၍ နှစ်မိနစ်ခန့်သာ ကျော်လွန်သေးကြောင်း တွေ့ရသည်။

ဘူတာသို့ ရထားရောက်လာမည့် အချိန်က နံနက်(၉)နာရီ (၁၅)မိနစ်မှ ရောက်လာမည်ဖြစ်၍ အချိန်စောနေ သေးသဖြင့် ဘူတာရုံထဲတွင် ထိုင် မစောင့်ဘဲ ဘူတာရုံ၏ မြောက်ဘက် ခပ်လှမ်းလှမ်းရှိ ကုက္ကိုပင်ကြီးအောက် တွင် ဖွင့်လှစ်ရောင်းချနေသော စေတနာ လက်ဖက်ရည်ဆိုင်ဘက်သို့ ဆက်လျှောက်လာခဲ့ပါသည်။

'ဟေ့...လူကြီး ဒီကိုလာ ဒီမှာ ကျွန်တော် တစ်ယောက်တည်း ရောက် နေတာကြာပြီ'

လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်း မှာ ကျွန်တော့်ကို ကြိုဆိုနှုတ်ဆက် လိုက်သော အသိအကျွမ်းတစ်ဦး၏ စကားသံကို ကြားလိုက်ရသည်။

လှမ်းကြည့်လိုက်တော့ ညီအစ်ကို ရင်းတမျှ ချစ်ခင်ရသော သူငယ်ချင်း ကိုတင်ဦးကို မြင်လိုက်ရသဖြင့် သူရှိရာ စားပွဲဆီသို့ လျှောက်ဝင်သွားရင်း ဝင် ထိုင်လိုက်ရပါသည်။

'ဘယ်သွားမလို့လဲ သူငယ်ချင်း'

'ဒီနေ့ လစာထုတ်ရက်ဆိုတော့ လက်ပံတန်းက ကျောင်းအုပ်ဆရာမကြီး ထံကို လစာထုတ်သွားရအောင် ထွက် လာခဲ့တာ'

ကိုယ်လဲ ဒီနေ့ လစာထုတ်ရက်မှန်း မေ့နေတာ သူငယ်ချင်းစကားကြားမှ သတိရတော့တယ်။ တို့ကျောင်းကို သူငယ်ချင်း ပြန်မပြောင်းတော့ဘူးလား'

ကိုတင်ဦး၏ အမေးစကားကို ကျွန်တော်က...

'ပြန်ပြောင်းမလို့ ပြောင်းခွင့်ရအောင် လျှောက်လွှာတင်ထားတယ်။ ဒါပေမယ့် ခက်တာက ကိုယ့်ထက် နှစ်ကြာကြာ အပြင်ရောက်နေသူတွေ ရှိနေလို့ ပြောင်းခွင့် ရ မရ တိတိကျကျ အပြော ရခက်နေတယ်'

ထိုစဉ် ဘူတာရုံမှ သံချောင်းခေါက် သံတစ်ချက် ကြားလိုက်ရသဖြင့်...

'ကဲ... သူငယ်ချင်း ရထား နတ် တလင်းက ထွက်လာပြီ... မကြာခင် ရောက်တော့မယ်။ အပြောင်းအရွှေ့ အတွက် ရန်ကုန်ရုံးချုပ်ကို သွားဖြစ် မယ်ဆိုရင် ကိုယ့် သူငယ်ချင်းဆီကို လာ၊ အကြောင်းကြားမယ်'

'အိုကေ စိတ်ချ သူငယ်ချင်းကို ကူညီမယ်'

ကိုတင်ဦး စကားအဆုံးတွင် ကျွန်တော်သည် ကိုတင်ဦးနှင့် လမ်းခွဲ က ဘူတာရုံဘက်သို့ ပြန်လျှောက် လာခဲ့သည်။

ဘူတာရှေ့ရှိ ပလက်ဖောင်းပေါ်တွင် ရထားစီးမည့်သူများ အုံခဲနေသည်။ (၁၅)မိနစ်ခန့်အကြာတွင် ရထားဝင်လာ သည်။ ရထားဆိုက်ဆိုက်ချင်း အရှိန် မသေခင်မှာပင် အချို့ ခရီးသွားများ က လူချောင်မည်ထင်သောတွဲကို အလုအယက် စုပြုံ တိုးဝှေ့တက်စီးကြ သည်။

ပါဆယ်ရထားသည် ဇီးကုန်းမှ ဆက်လက် ထွက်ခွာလာပြန်သည်။ ခုနစ်ရွာဘူတာလေးတွင် ခေတ္တရပ်နား ပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ကျွန်တော့်ဘေးတွင် ထိုင်နေသူက ကျွန်တော့်ကို မေးသည်။

'ငါ့တူကြီးက ဘယ်ထိသွားမှာလဲ'

'ဩော် ကျွန်တော် လက်ပံတန်းကိုပါ။ လက်ပံတန်းဘူတာရောက်ရင် ဆင်းမှာပါ'

ဟူ၍ ပြန်ပြောရင်း အကဲခတ်ကြည့်လိုက်ရာ ဝါးခမောက်ကို ဆောင်းပြီး အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ဆင်ထားသည့် အသက်ငါးဆယ်နီးပါး လူကြီးတစ်ဦး ဖြစ်သည်။ ထိုလူကြီးက...

'လက်ပံတန်းက ငါ့တူကြီး ဇာတိလား'

'မဟုတ်ပါဘူး ဦးလေး။ လက်ပံတန်းကို လစာထုတ် သွားမလို့ပါ'

'ဩော်... ငါ့တူကြီးက ဝန်ထမ်းကိုး။ ဘာအလုပ်များလဲကွယ့်'

'အထက်တန်းပြ ကျောင်းဆရာပါ ဦးလေး'

'လက်ပံတန်းမြို့ပေါ် ကျောင်းမှာလား'

'လက်ပံတန်းကနေ သာရဝေါဘက်သွားတဲ့ ရထားလမ်းပေါ်က ဇီးဖြူကုန်း အထက်တန်းကျောင်းမှာပါ'

'ဒါဆို တူကြီးက ညနေ လော်ကယ်ရထားနဲ့ သာရဝေါဘက် ဆက်သွားရဦးမှာပေါ့'

'မဟုတ်ဘူး ဦးလေး လက်ပံတန်းမြို့ပေါ်မှာနေတဲ့ ကျောင်းအုပ်ဆရာမကြီးဆီက လစာထုတ်ပြီး ဇီးကုန်းကို ပြန်မှာပါ'

'ဩော်... ငါ့တူကြီးကဇီးကုန်းကနေ လက်ပံတန်းမြို့နယ်ထဲမှာ စာလာသင်နေတဲ့ ကျောင်းဆရာ ဆိုပါတော့'

'ဟုတ်ပါတယ် ဦးလေး'

'ဒီခေတ်ဝန်ထမ်းတွေလဲ ဟိုမြို့သွား၊ ဒီမြို့သွား ရတဲ့လစာနဲ့ ခရီးစရိတ်လောက်ရဲ့လား'

'ဒီလိုပဲ ကြည့်နေရတာပေါ့ ဦးလေးရယ်'

ဟု ကျွန်တော် ပြန်ပြောလိုက်ပါသည်။ ကျွန်တော့်ကို ဦးလေးကြီးက စေ့စေ့ကြည့်ရင်း...

'ကိုယ့်မြို့ ကိုယ့်နယ်ကို ပြန်ပြောင်းပေါ့'

'ပြန်ပြောင်းချင်တာပေါ့ ဦးလေးရယ် ဌာနက ပြန်ပြောင်းခွင့်ရမှ ပြောင်းလို့ရမှာ။ ကျွန်တော် ပြန်ပြောင်းဖို့ လျှောက်တာ သုံးခါရှိနေပြီ။ ဒီနေ့ထိ မရသေးဘူး'

'ငါ့တူကြီး တကယ်ပြောင်းချင်လား'

ထိုလူကြီးက ထပ်မေးပြန်သည်။ ကျွန်တော်က...

'အသေအချာပေါ့ ဦးလေးရယ်။ ပြောင်းခွင့်မရသေးလို့ ငြိမ်နေတာ'

'ဒါဆို ငါ့တူကြီး မြန်မြန်ပြောင်းခွင့်ရအောင် ဦးလေးကူညီမယ်။ ဦးလေး ပြောပြမယ့်နည်းကို ငါ့တူကြီး ယုံယုံကြည်ကြည် လုပ်ကြည့်ပါလား'

'လုပ်ကြည့်တာပေါ့ ဦးလေးရယ်။ ဒီအတိုင်း ငြိမ်နေမယ့်အစား နည်းနည်းလေး လှုပ်ရှားပေးရတာပေါ့'

'ဒါဖြင့် ဒီလိုလုပ်။ ငါ့တူကြီး **ပဌာန်း (၂၄)ပစ္စည်း** ရလား'

ဦးလေးကြီးက မေးသည်။ ကျွန်တော်က...

'ဟုတ်ကဲ့ ရပါတယ် ဦးလေး'


'ပြီးတော့ ငါ့တူကို ဦးလေး ဆွဲပြမယ့် **ခြေစကြာလေး**တစ်ခု လုပ်ရမယ်'

'ဟုတ်ကဲ့ လုပ်ပါ့မယ် ဦးလေး။ ဦးလေးသာ ဆွဲပြပါ'

'ဒီလို ဒီလို'

ဦးလေးကြီးက သူ ပေါင်ပေါ်တင်ထားသော လွယ်အိတ်ထဲမှ ဗလာစာအုပ်အဟောင်းနှင့် ခဲတံကို ထုတ်ယူပြီးနောက် အောက်ပါပုံအတိုင်း ဆွဲပြလေတော့သည်။

* * *



'ဦးလေး ခြေစကြာပုံက သိပ်မလှဘူး။ ငါ့တူကြီးလုပ်ရင် ခြေထောက်နှစ်ဖက်ကို လှလှပပဆွဲပြီး ခြေထောက်တစ်ဖက်မှာ ကိုယ် တာဝန်ထမ်းဆောင်တဲ့ ကျောင်းနဲ့ မြို့ကိုရေးပါ။

ကျန်တစ်ဖက်မှာ ပြောင်းရွှေ့ချင်တဲ့ ကျောင်းနဲ့မြို့ကိုရေးပါ။ ကတ်ထူစက္ကူပြားလေးတစ်ခုကို ခြေစကြာပုံဆွဲပြီး ကပ်ကျေးနဲ့ညှပ်ပြီး ခြေနှစ်ချောင်းအရင်းကြားမှာ အပေါက်ကလေးဖောက်ပေါ့'

'အဲဒီ ခြေစကြာလေး ရရင်ပြီးရောလား ဦးလေး'

ကျွန်တော် သူ့ကို ပြုံးစစနှင့်ကြည့်ကာ ပြန်မေးလိုက်ပါသည်။ ဦးလေးကြီးက...

'မပြီးသေးဘူးကွယ့်။ အဲဒီ ခြေစကြာလေးကို အပြောင်းအရွှေ့ လျှောက်လွှာတင်ပြီး နောက်ရက်ကစလို့ ညအိပ်ရာဝင်ခါနီး ကိုယ့်အိပ်ရာဘေးမှာ ခုံလေးတစ်ခုချပြီး အဲဒီ ခုံလေးပေါ်မှာ ခြေစကြာလေးကို သူ့ချွန်လေးနဲ့ထောက်ပြီး လက်ယာရစ် ခုနစ်ပတ်တိုင်လှည့်ရမယ်။

လှည့်ပေးရင်းနဲ့ ပဌာန်း ၂၄ ပစ္စည်းကိုတစ်ပတ်လှည့်တိုင်း တစ်ခေါက်ရွတ်ပေးပေါင်း (၇) ပတ်လှည့်ရမယ်ဆိုတော့ ပဌာန်း ၂၄ပစ္စည်း (၇)ခေါက် ရွတ်ရမယ့် သဘောပေါ့။ ဒီအတိုင်း ငါ့တူကြီးရဲ့ အပြောင်းအရွှေ့ အမိန့်မထွက်မချင်း လုပ်ရမယ်။


www.burmeseclassic.com

www.burmeseclassic.com

ဦးလေးပေးမယ့်နည်းက အဲဒီနည်းပဲ။ ဒါ့တူကြီး ယုံယုံကြည်ကြည် လုပ်ကြည့်ပေါ့။ ယုံကြည်စွာလုပ်ရင် အကျိုး ထူးပေးလိမ့်မယ်။ မယုံမကြည်ဘဲ ပေါ့တီးပေါ့ဆလုပ်ရင် အကျိုးမရှိဘူး'

ဦးလေးကြီးပေးသော နည်းကို ကျွန်တော် သေသေချာချာ မှတ်ထားပါသည်။ ခြေစကြာပုံစာရွက်လေးကို သည်း သေသေချာချာခေါက်၍ အိတ်ထဲ သိမ်းထားလိုက်ပါသည်။

ထိုစဉ် ရထားသည် စစ်ကွင်းဘူတာ ကျော်လာခဲ့ပြီ...။ ရွှေဘူတာဆိုလျှင် ကျွန်တော် ဆင်းရတော့မည်။

'ဦးလေးရော လက်ပံတန်းမှာ ဆင်းမှာလား'

'ဟင့်အင်း ဦးလေးက သာယာဝတီ သွားမှာ'

ပါဆယ်ရထားသည် ဥဩသံရှည် ဆွဲ၍ လက်ပံတန်းသို့ ဝင်လေပြီ။

ထိုနစ်က ဦးလေးကြီးပေးသည့်နည်း ကို ကျင့်သုံး လိုက်နာခဲ့သဖြင့် အပြောင်း အရွှေ့အမိန့်များ ထွက်လာချိန်တွင် ကျွန်တော်သည် အ.ထ.က ဇီးဖြူကုန်း လက်ပံတန်းမြို့နယ်မှ အ.ထ.က ဇီးကုန်းမြို့သို့ ပြောင်းရွှေ့အမှုထမ်း ဆောင်ခွင့် ရခဲ့ပါသည်။

ကျွန်တော်ကဲ့သို့ မိမိမြို့ရွာသို့ ပြောင်းရွှေ့ အမှုထမ်းဆောင်လိုသော ဝန်ထမ်းများသည် ကျွန်တော် အမှတ် မထင်ရခဲ့သော အစီအရင်နည်းလမ်း လေးတစ်ခုကို ယခုလို နက္ခတ္တရောင် ခြည်မဂ္ဂဇင်းမှ ရေးသား တင်ပြလိုက်ရပါ တော့သည်။

ပြောချင်တာကတော့ ဘယ်အမှုကိစ္စ မဆို ယုံကြည်ချက်သည် အောင်မြင်မှု ၏ ရာခိုင်နှုန်းပြည့်နီးပါး စွမ်းဆောင် နိုင်သည်ဟူသော အချက်ပင် ဖြစ်ပါ သည်။

*လေးစားစွာဖြင့်...*

**အငြိမ်းစား ဆရာတစ်ဦး**

**စာမျက်နှာ (၁၉၆)မှ အဆက်**

တော်အာနုဘော်ကြောင့်၊

မမအဓိဋ္ဌာနုဘာဝေန – အကျွန်ုပ်၏ အဓိဋ္ဌာန် အာနုဘော်ကြောင့်၊ အဟံ ဒိဝေ ဒိဝေ ဘာဝေန– ကျွန်ုပ် နေ့စဉ် နေ့တိုင်းရွတ်ဆိုသော ဂါထာနုဘာဝေန– ဂါထာ တော်၏ အာနုဘော်ကြောင့်၊ ပရိတ္တာနုဘာဝေန–ပရိတ် တော်၏ အာနုဘော်ကြောင့်၊ သစ္စာနုဘာဝေန – သစ္စာ၏ အာနုဘော် ကြောင့်၊ မေတ္တာဘာဝေန–ကျွန်ုပ် ပွားစီးသော ဒါန သီလ ဘာဝနာ နုဘာဝေန– ဒါန သီလ ဘာဝနာ ၏ အာနုဘော်ကြောင့်၊

အနန္တဉာဏသမ္ဗုဒ္ဓါ – အနန္တ ဉာဏ်နှင့် ပြည့်စုံတော် မူကုန်သော၊ အနန္တသမ္ဗုဒ္ဓါနံ – အနန္တ ဘုရားရှင် တို့၏ တေဇေန – အစွမ်းတော်ကြောင့် လည်းကောင်း၊ တေဇေန–တန်ခိုးတော်ကြောင့် လည်းကောင်း၊ အဘယ သဗ္ဗာ– ကောင်းကောင်း၌ တည်ကုန်သော၊ ဘုမ္မဋ္ဌာ–မြေ၌ တည်ကုန်သော၊ ရုက္ခဋ္ဌာ–သစ်ပင်၌ တည်ကုန်သော၊ မဟိဒ္ဓိကာ–တန်ခိုးကြီးကုန်သော၊ သဗ္ဗဒေဝါ–ခပ်သိမ်း သော နတ်တို့သည်လည်းကောင်း၊ ဗြဟ္မာစ– ဗြဟ္မာမင်း တို့သည် လည်းကောင်း၊ မဟာမြိန္ဒာစ – မဟာမြိန္ဒာတို့ သည် လည်းကောင်း၊ သဗ္ဗဒါ –အခါခပ်သိမ်း အမှ–

အကျွန်ုပ်တို့ကို၊ ရက္ခန္တု–စောင့်ရှောက်ပါစေကုန်သတည်း။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည် ဗျာဒင်းနှင့် ပါရမီဗျာဒင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ မွေ့ဝရိယ(မဟာဝဇ္ဇိဒိမြန်မာ ဂုဏ်ထူး)၊ ဒီယ ဘာသာ–ဒီယန်ကာယ ကောဝိဒ(နိကာယဓိပုလ)]မှ ပြန်ဆို ပေးပါသည်။]*

ဆရာတော်ကြီး ဦးဗုဒ္ဓဃောသ၏ ယခုဖော်ပြပါ အစီ အရင်တော်ကြီးအား မိမိတို့ စွမ်းနိုင်သမျှ အဓိဋ္ဌာန်တင်၍ ကြိုးစားအားထုတ်ပါက လူမှုရေးကိစ္စအဝဝအား လည်း ကောင်း၊ စီးပွားရေး ကျန်းမာရေးစသော လောကီကိစ္စတိုင်း ၌ လည်းကောင်း၊ မိမိ မျှော်မှန်းထားသည့်ထက် အဆ များစွာ ရရှိနိုင်ပါကြောင်း ကုသိုလ်စေတနာ ပြုလိုက်ရပါ သည်။

*စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ လိုရာ ဆန္ဒ ပြည့်ဝကြပါစေ။*

**အောင်ရွှေမြတ်**
**(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com


ကြည့်ပါ။

✦ **အသက်လမ်းကြောင်းက ထွက်လာတဲ့ ကံလမ်းကြောင်းကို တွေ့ရတယ်။ အမွှေခံထီးရိုးလို့လဲ ခေါ်ပါတယ်။[က]**

ဒီကံလမ်းမျိုး ပိုင်ဆိုင်ထားသူများဟာ များသောအားဖြင့် မိဘအရိပ်အောက်က လောင်းရိပ်မိတဲ့ ပန်းပမာလိုပါပဲ။ မိဘများရဲ့ ထောက်ပံ့မှုတွေ ညွှန်ကြားစီမံမှုအောက်မှာ ပြားပြားမှောက်နေပါတယ်။ မျိုးရိုးဂုဏ်ကို ထိန်းသိမ်းတတ်ပါတယ်။

တကယ်တော့ ဒီကံလမ်းဟာ သောကြာဂြိုဟ်ခုံကို အခြေပြုပြီး ထွက်တာဖြစ်လို့ ချစ်ခြင်းတွေ၊ မိသားစု သံယောဇဉ်တွေ၊ ကာမဂုဏ်ခံစားမှုတွေ ရောယှက်ပါဝင်နေတယ်။

ဒီတော့ သံယောဇဉ် ကြီးလွန်းသူတွေရဲ့ သဘောက မိမိ ဆွေမျိုး,မိဘ, ညီအစ်ကို မောင်နှမပေါ်မှာ တွယ်တာလွန်းမှုကို ဖြစ်စေတယ်။ ဒါကြောင့် ဒီလို လူစားတွေက...




အမျိုးကို သိပ်ချစ် တဲ့သူ၊ ငါ့ဆွေငါ့မျိုးဆိုပြီး သံယောဇဉ် ပိုတတ်တဲ့သူ၊ ငါ့အမျိုးမှ ငါ့အမျိုးလို့ အတ္တတရားကြီးစိုးတဲ့ သူမျိုးတွေပါ

# ညာ ဘယ်ဖိုမှုတလဲ




ပဲ။

ကဲ ဗဟုသုတအဖြစ် တင်ပြပေးလိုက်ပါတယ်။

**အောပါစေ၊ အောင်ပါစေ**

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com

မဟာဂန္ဓာရီ ဝိဇ္ဇာပဋ္ဌာန်း

# သိဒ္ဓိလမ်း

ဂန္ဓာရီလုလင်
(ရွှေကျင်)



## ပဋ္ဌာန်းဓာတ်

### ပို့လွှတ်ဖြန့်ဝေပူဇော်ခြင်း

ခုနစ်ရက်သားသမီးအပေါင်း များစွာတို့ဟာ မိမိတို့ရဲ့ ကံပေးသော ဘဝတွေမှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်ရယ်မောနိုင်ကြပြီးလျှင် **နှဘယ် ဘေးမရှိ၊ အ,ရဟံ ချမ်းသာကြပါစေသားရယ်လို့** မေတ္တာအာသီသ ရှေ့သွားပြုလျက် ဤမဟာဂန္ဓာရီဝိဇ္ဇာပဋ္ဌာန်း သိဒ္ဓိလမ်း စီရင်မှုနဲ့ ကျင့်စဉ်ဆိုင်ရာ စာမူကို ရေးသားတင်ပြလိုက်ရပါတယ်။

ကျွန်ုပ်သည် ဆရာအရှင်မြတ်များပေးသော ပညာလက်ဖြင့် ကျွန်ုပ်နဲ့ အဆက်စွမ်းအား ရှိသူများရဲ့ ရင်မှသောကများကို မျှဝေခံစားနားလည်ပေးနိုင်ခဲ့တာဟာ နှစ်များစွာ ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်ုပ်တွင် အနန္တနယမဟာပဋ္ဌာန်းတော်မြတ်နဲ့ ပတ်သက်စပ်လျဉ်းရာ ကျင့်စဉ်များစွာ အတွေ့အကြုံပေါင်းများစွာ ရှိခဲ့ပြီးသဲ ဖြစ်ပါတယ်။

ပဋ္ဌာန်းဆိုင်ရာ စီရင်မှုပေါင်း များစွာကိုလဲ လက်တွေ့စီရင်ခဲ့ဖူးပြီးဖြစ်လို့ ပဋ္ဌာန်းသည်ကား အကြောင်းကြောင့် အကျိုးဖြစ်ရာတွင် ကောင်းကျိုးအတွက် အားကြီးသော အထောက်အပံ့ အကြောင်းရင်းကြီးစင်စစ် ဖြစ်ရပုံကိုလဲ ဉာဏ်တွင် ရှင်းရှင်းကြီး သိမြင်ခဲ့ရပါတယ်။

သို့ဖြစ်ရာ ပဋ္ဌာန်းတွင် အနန္တစွမ်းအား ကိန်းနေသည်ဟူသော သူတော်သူမြတ်များစွာတို့ရဲ့ အဆိုအမိန့်များအပေါ် အကြွင်းမဲ့ ယုံကြည်ခဲ့ပါတယ်။ အစဉ်အလေးထားလို့ အားကိုးအားထားပြုခဲ့ပါတယ်။

ထို့ပြင် အမိဋ္ဌာန်ဟု ဆိုရာ၌လည်း မိမိအားထုတ်နိုင်မယ့် အတိုင်းအရှည် ပမာဏကိုပါ ကြိုတင်လေ့လာထားသင့်ပါတယ်။ သဒ္ဓါအား ဝီရိယအားတို့ကို ပညာအားနဲ့ ချိန်ညှိပေးသင့်ပါတယ်။ အားထုတ်နိုင်သလောက်ကို မှန်မှန် အာစိဏ္ဏကံမြောက် အားထုတ်ခြင်းက အထုံကို ဖြစ်စေပြီး ကောင်းကျိုးကို အားကြီးစေနိုင်ပါတယ်။

ဒီနေရာမှာ ကံ့ကူလက်လှည့် ဆရာမြတ် မိန့်ဆိုထားတာကို မျှဝေချင်ပါတယ်။ **"ဂန္ဓာရီလမ်း အားခဲလှမ်းတိုင်း ထင်တိုင်းမပေါက် စိတ်မနောက်နဲ့။ စည်းကမ်းကျနအဝါးဝသော် မုချအောင်ပွဲ မှန်မလွဲတည်း"** လို့ ဂန္ဓာရီလမ်း စိတ်ပါဝင်စားစွာ လျှောက်လှမ်းသူများတွက် ရွှေရောင်လွှမ်းစေမယ့် ရွှေလမ်းကို ညွှန်ပြလိုက်ရပါတယ်။

ကျွန်ုပ် ရေးသားတင်ပြမယ့် ပဋ္ဌာန်းဆိုင်ရာ အားထုတ်မှုနည်းက ပဋ္ဌာန်းဓာတ်ကို လျင်မြန်စွာ ဖြစ်တည်စေပြီး သဒ္ဓါ, ဝီရိယ, ပညာအားတို့နဲ့ အထုံဆက်အောင် ကြိုးစားနိုင်လျှင် အံ့ဩဖွယ် ကောင်းကျိုးပြုစေမှာ အမှန်မလွဲ ဖြစ်ပါတယ်။

### မဟာဂန္ဓာရီဝိဇ္ဇာပဋ္ဌာန်း သိဒ္ဓိလမ်း

### ပူဇော်အားထုတ်မှုအစီအစဉ်

**၁။ မိမိဂြိုဟ်တိုင်ဘုရားမှ စတင်ပြီး ပူဇော်အားထုတ်ရန်...**

(က) **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ ပူဇေမိ"** ဟု ရွတ်ဆိုလျက် အလင်းတစ်တိုင်၊ နံ့သာတစ်တိုင် ထွန်းညှိပါ။

(ခ) **"ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ ပူဇေမိ"** ဟု ရွတ်ဆိုလျက် အလင်းတစ်တိုင်၊ နံ့သာတစ်တိုင် ထွန်းညှိပါ။

(ဂ) **"သံဃံ သရဏံ ဂစ္ဆာမိ၊ သံဃံ ပူဇေမိ"** ဟု ရွတ်ဆိုလျက် အလင်းတစ်တိုင်၊ နံ့သာတစ်တိုင် ထွန်းညှိပါ။

(ဃ) ပြီးလျှင် ပဋ္ဌာန်းဓာတ် ပို့လွှတ်ခြင်းကို သုံးကြိမ်ရွတ်ဆိုရန် ဖြစ်သည်။

**ရွတ်ဆိုပုံမှာ...**

"ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ရှိရှိသမျှ (၇)ရက်သားသမီး သတ္တဝါဝေနေယျ ပါရမီရှင်

www.burmeseclassic.com

တွေ ပဋ္ဌာန်းမြတ် ဂုဏ်တန်ခိုးဖြင့် သိဒ္ဓိစုံတိုးလို့ ရွှေမိုးတွေလဲရွာ၊ ငွေမိုးတွေလဲရွာ ရောဂါကပ်ဆိုးတွေလဲကွာ၊ သုခအဖြာဖြာ ပြည့်ဝစေရန် ပဋ္ဌာန်းတာတ်ထူး စိတ်ရည်စူးလျက် ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော... စသည်ဖြင့် အ,ဝိဂတပစ္စယော" တိုင်အောင် ရွတ်ဆိုပါ။

၂။ **ထို့နောက် ထို မိမိမွေးနံဂြိုဟ်တိုင်မှ လက်ဝဲရစ်ဂြိုဟ်တိုင်ဆီသို့ ပြောင်းရွှေ့ပြီး (သို့မဟုတ်) လက်ယာရစ် ဂြိုဟ်တိုင်ဆီသို့ ပြောင်းရွှေ့ပြီး ဂြိုဟ်တိုင်ဘုရားတွင်...**

(က) "**ဟေတုပစ္စယောတိ၊ ပဋ္ဌာန်ပူဇေမိ**"ဟု ရွတ်ဆိုလျက် အလင်းတစ်တိုင်၊ နံ့သာတစ်တိုင် ထွန်းညှိပါ။

(ခ) "**အာရမ္မဏပစ္စယောတိ၊ ပဋ္ဌာန်ပူဇေမိ**"ဟု ရွတ်ဆိုလျက် အလင်းတစ်တိုင်၊ နံ့သာတစ်တိုင် ထွန်းညှိပါ။

(ဂ) "**အဓိပတိပစ္စယောတိ၊ ပဋ္ဌာန်ပူဇေမိ**"ဟု ရွတ်ဆိုလျက် အလင်းတစ်တိုင်၊ နံ့သာတစ်တိုင် ထွန်းညှိပါ။

(ဃ) ထို့နောက် ထိုဂြိုဟ်တိုင်သည် **တနင်္ဂနွေဂြိုဟ်တိုင် ဖြစ်ပါက...**

'အရှေ့မြောက်အရပ်ကို ဂြိုဟ်သက်(၆)ပါး စွမ်းပကားဖြင့် ဖြစ်တည်လွှမ်းမိုး၍နေသော တနင်္ဂနွေဂြိုဟ်မင်းကြီးနှင့်တကွ တနင်္ဂနွေနေ့ဖွား သတ္တဝါ ဝေနေယျပါရမီရှင်တွေ ပဋ္ဌာန်းမြတ် ဂုဏ်တန်ခိုးဖြင့် သိဒ္ဓိစုံတိုးလို့ ရွှေမိုးတွေလဲရွာ၊ ငွေမိုးတွေလဲရွာ ရောဂါကပ်ဆိုးတွေလဲကွာ၊ သုခအဖြာဖြာ ပြည့်ဝစေရန် ပဋ္ဌာန်းတာတ်ထူး စိတ်ရည်စူးလျက် ဟေတုပစ္စယော...အ,ဝိဂတပစ္စယော' ထိ ဆိုပါ။

စသည်ဖြင့် အထက်ပါအတိုင်း



(၃)ကြိမ် (သို့မဟုတ်) ဂြိုဟ်သက်အမျှ ရွတ်ဆိုပါ။

**တနင်္လာဂြိုဟ်တိုင်ဖြစ်လျှင်...**

အရှေ့အရပ်ကို ဂြိုဟ်သက်(၁၅)ပါး စွမ်းပကားဖြင့် စသည်ဖြင့် လည်းကောင်း...

**အင်္ဂါဂြိုဟ်တိုင်ဖြစ်လျှင်...**

အရှေ့တောင်အရပ်ကို ဂြိုဟ်သက် (၈)ပါး စွမ်းပကားဖြင့် စသည်ဖြင့် လည်းကောင်း...

**ဗုဒ္ဓဟူးဂြိုဟ်တိုင်ဖြစ်လျှင်...**

တောင်အရပ်ကို ဂြိုဟ်သက်(၁၇)ပါး စွမ်းပကားဖြင့် စသည်ဖြင့် လည်းကောင်း နည်းတူ မှတ်ရပါမည်။

ထို့အတူ...

✧ **အနောက်တောင်အရပ်ကို ဂြိုဟ်သက်(၁၀)ပါး စွမ်းပကားဖြင့်**
***(စနေဂြိုဟ်တိုင်)***

✧ **အနောက်အရပ်ကို ဂြိုဟ်သက် (၁၉)ပါး စွမ်းပကားဖြင့်**
***(ကြာသပတေးဂြိုဟ်တိုင်)***

✧ **အနောက်မြောက်အရပ်ကို ဂြိုဟ်သက်(၁၂)ပါး စွမ်းပကားဖြင့်**
***(ရာဟုဂြိုဟ်တိုင်)***

✧ **မြောက်အရပ်ကို ဂြိုဟ်သက် (၂၁)ပါး စွမ်းပကားဖြင့်**
***(သောကြာဂြိုဟ်တိုင်)***

စသည် ဂြိုဟ်တိုင်များကိုလည်း အထက်နည်းတူ မှတ်၍ ပဋ္ဌာန်းတာတ်ပို့လွှတ်ဖြန့်ဝေခြင်းများ ဆောင်ရွက်ပေမည်။

၃။ **ထိုမှ နောက်** တစ်ခွင်ဂြိုဟ်တိုင်သို့ **ပြောင်းရွှေ့ပြီး...**

(က) "**အနန္တရပစ္စယောတိ၊ ပဋ္ဌာန်ပူဇေမိ**"ဟု ရွတ်ဆိုလျက် အလင်းတစ်တိုင်၊ နံ့သာတစ်တိုင် ထွန်း။

(ခ) "**သမနန္တရပစ္စယောတိ၊ ပဋ္ဌာန်ပူဇေမိ**"ဟု ရွတ်ဆိုလျက် (နည်းတူမှတ်)။

(ဂ) "**သဟဇာတပစ္စယောတိ၊ ပဋ္ဌာန်ပူဇေမိ**"ဟု ရွတ်ဆိုလျက် (နည်းတူမှတ်)။

ပြီးလျှင် အထက်နည်းအတိုင်း ရွတ်ဆိုခြင်းများ ဆောင်ရွက်ပါ။

၄။ ဤနည်းဖြင့် ဂြိုဟ်တိုင်တစ်တိုင်တွင် **ပဋ္ဌာန်း(၃)ပစ္စည်းစီဖြင့် အလင်း(၃)တိုင်၊ နံ့သာ(၃)တိုင်စီ ထွန်းညှိပြီး ဆိုင်ရာ ဂြိုဟ်တိုင်အလိုက် ရွတ်ဆိုအားထုတ်သွားရန် ဖြစ်သည်။**

၅။ အစီအစဉ်အတိုင်း ဆက်လက်အားထုတ်သွားပြီး နောက်ဆုံး မိမိဂြိုဟ်တိုင်တွင် "**နတ္ထိပစ္စယောတိ ပဋ္ဌာန်ပူဇေမိ၊ ဝိဂတပစ္စယောတိ ပဋ္ဌာန်ပူဇေမိ၊ အ,ဝိဂတပစ္စယောတိ ပဋ္ဌာန်ပူဇေမိ**"ဟူ၍ ပဋ္ဌာန်းအလင်းတိုင်၊ နံ့သာတိုင်တို့ဖြင့် ပြန်၍အဆုံးသတ်မည် ဖြစ်မည်။

၆။ မိမိဂြိုဟ်တိုင်တွင် ပဋ္ဌာန်းတာတ်ပို့လွှတ်ဖြန့်ဝေခြင်းပြီးသော် နှစ်သက်ရာဖြင့် မေတ္တာပို့ခြင်း၊ ဆုတောင်း အမျှဝေခြင်းတို့ကို ဆက်လက်အားထုတ်သွားရန်ဖြစ်သည်။

**မှတ်ချက်** ။ **တစ်ပတ်တွင်**





www.burmeseclassic.com

www.burmeseclassic.com

| ပဉ္စာန်းဓာတ် ပို့လွှတ်ဖြန့်ဝေပူဇော်ခြင်း | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နေ့သားသမီး | ပူဇော်ရန်နေ့ | | | လက်ဝဲရစ်ကြိုက်တိုင်များ | | | | | | | | | လက်ယာရစ်ကြိုက်တိုင်များ | | | | | | | | |
| တနင်္ဂနွေ | ၀နေ | ၁နွေ | ၂လာ | ၁နွေ | ၆ကြာ | ၈ဟု | ၅သော | ၀နေ | ၄ဟူး | ၃ဂါ | ၂လာ | ၁နွေ | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၀နေ | ၅သော | ၈ဟု | ၆ကြာ | ၁နွေ |
| တနင်္လာ | ၁နွေ | ၂လာ | ၃ဂါ | ၂လာ | ၁နွေ | ၆ကြာ | ၈ဟု | ၅သော | ၀နေ | ၄ဟူး | ၃ဂါ | ၂လာ | ၂လာ | ၃ဂါ | ၄ဟူး | ၀နေ | ၅သော | ၈ဟု | ၆ကြာ | ၁နွေ | ၂လာ |
| အင်္ဂါ | ၂လာ | ၃ဂါ | ၄ဟူး | ၃ဂါ | ၂လာ | ၁နွေ | ၆ကြာ | ၈ဟု | ၅သော | ၀နေ | ၄ဟူး | ၃ဂါ | ၃ဂါ | ၄ဟူး | ၀နေ | ၅သော | ၈ဟု | ၆ကြာ | ၁နွေ | ၂လာ | ၃ဂါ |
| ဗုဒ္ဓဟူး | ၃ဂါ | ၄ဟူး | ၅သော | ၄ဟူး | ၃ဂါ | ၂လာ | ၁နွေ | ၆ကြာ | ၈ဟု | ၅သော | ၀နေ | ၄ဟူး | ၄ဟူး | ၀နေ | ၅သော | ၈ဟု | ၆ကြာ | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး |
| စနေ | ၆ကြာ | ၀နေ | ၁နွေ | ၀နေ | ၄ဟူး | ၃ဂါ | ၂လာ | ၁နွေ | ၆ကြာ | ၈ဟု | ၅သော | ၀နေ | ၀နေ | ၅သော | ၈ဟု | ၆ကြာ | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၀နေ |
| ကြာသပတေး | ၄ဟူး | ၅သော | ၆ကြာ | ၅သော | ၀နေ | ၄ဟူး | ၃ဂါ | ၂လာ | ၁နွေ | ၆ကြာ | ၈ဟု | ၅သော | ၅သော | ၈ဟု | ၆ကြာ | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၀နေ | ၅သော |
| ရာဟု | ၃ဂါ | ၄ဟူး | ၅သော | ၈ဟု | ၅သော | ၀နေ | ၄ဟူး | ၃ဂါ | ၂လာ | ၁နွေ | ၆ကြာ | ၈ဟု | ၈ဟု | ၆ကြာ | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၀နေ | ၅သော | ၈ဟု |
| သောကြာ | ၅သော | ၆ကြာ | ၀နေ | ၆ကြာ | ၈ဟု | ၅သော | ၀နေ | ၄ဟူး | ၃ဂါ | ၂လာ | ၁နွေ | ၆ကြာ | ၆ကြာ | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၀နေ | ၅သော | ၈ဟု | ၆ကြာ |

**အမြစ်နံ့နေ့၊ မူလနံ့နေ့၊ အညွန့်နံ့နေ့ ဟူ၍ သုံးနေ့ ပူဇော်ရမည်။ လက်ရှိ အနေအထားမှ ပြောင်းလဲလိုခြင်း၊ တိုးတက်လိုခြင်း၊ မြင့်မားလိုခြင်း၊ ထူးခြားလိုခြင်း၊ စသည်များအတွက် လက်ဝဲရစ်ပူဇော်ပြီး လက်ရှိ အခြေအနေကို တည်မြဲလိုခြင်း၊ အဆင်ပြေလိုခြင်း၊ စသည်အတွက် လက်ယာရစ် ပူဇော်ရပေမည်။ ဤ၌ လက်ယာရစ်ဟူသည် နာရီလက်တံသွားနည်း (အဌလက်)အတိုင်းဖြစ်သည်။ လက်ဝဲရစ်ကား ထိုမှ ပြောင်းပြန်ဖြစ်သည်။**

* * *

အလွန်ထူးခြားပြီး အကျိုးပေးမြန်တဲ့ ဤပဉ္စာန်းဆိုင်ရာ ပူဇော်စီရင်မှုကို ကြိုးစားအားထုတ်စေချင်ပါတယ်။

မိမိသိပြီး ကျင့်ပြီး ကောင်းကျိုးခံစားသိမြင်ရခြင်းထက် လိုအပ်သူတို့ သိနိုင် ကျင့်နိုင် ခံစားနိုင်ရခြင်းကလဲ ပဓာနတစ်ချက်လို့ ခံစားမိတဲ့အတွက် အလျောက် ရေးသားတင်ပြခွင့် ရရှိခဲ့ခြင်းအပေါ် နောင်ပွဲ့မှ ကင်းစွာ ပျော်ရွှင်ကြည်နူးရပါကြောင်း...။

*မေတ္တာဖြင့်...*

**ဂမ္ဘီရလုလင်(ရွှေကျင်)**

**စာမျက်နှာ (၂၀၄)မှ အဆက်**

၌ ရေးသားပါက...

**၁-၀** အဂ္ဂေဓာတ်**(မီးဓာတ်)**

**၃-၈** ဓရေဓာတ်**(လေဓာတ်)**

**၄-၆** ဝိဓောဓာတ်**(ရေဓာတ်)**

**၂-၅** ဂန္ဓေဓာတ်**(မြေဓာတ်)**

တို့ကို တွေ့မြင်နိုင်ပါသည်။ ဤတွင် **အဂ္ဂေ၊ ဓရေ၊ ဝိဓော၊ ဂန္ဓေ** အတွဲ များဖြစ်ကြ၍ ဓာတ်(၈)ပါးနှင့် ပြည့်စုံပါသည်။ ဓာတ်သင်္ချာ အားလုံးပေါင်းပါက (၁၀၈)နဝင်းကို ရမည် ဖြစ်သည်။

အဆိုအမြည်တစ်ခုလည်း ပါဝင်ပါသည်။ ကမ္ဘာမှာကိန်းအစဉ်အတိုင်း **မီးရှုတ်၊ လေရှုတ်၊ ရေရှုတ်၊ မြေဓာတ်** ဖြစ်ပေါ်လာသည်နှင့်လည်း ကိုက်ညီနေပါတော့သည်။

ဓာတ်စဉ်အမှန်အရ ပထမဆုံး "**အဂ္ဂေဓာတ်**" ကိုစတည်ရသည်။ အဂ္ဂေဓာတ်ကိုရပါက "**ဓရေဓာတ်**"နှင့် တွဲရသည်။ "**အဂ္ဂေ၊ ဓရေ**" ဓာတ်ကို "**ဝိဓော**" ဓာတ်နှင့် ထပ်၍တွဲသည်။ နောက်ဆုံးအဆင့်မှာ "**ဂန္ဓေ**"အတွဲကို ထည့်၍ ဓာတ်ရှစ်ပါး ပြည့်စုံအောင် ပေါင်းစပ်ထိုးသွားပါက ထွက်ရပ်ဓာတ်လုံး (ဓာတ်ကြီးလုံး)ကို အမှန်ရရှိလာမည် ဖြစ်ပါသည်။

ရရှိလာသော ဓာတ်လုံးကြီးကို သိဒ္ဓိဆယ်ပါးပေါက်သည် အထိ မီးဖြင့် ထိုး၍ အဆင့်ဆင့် တက်လှမ်းသွားမည်ဆိုပါက လိုရာခရီးသို့ အမှန်ရောက်စေ နိုင်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ဖော်ထုတ်ရေးသားလိုက်ပါသည်။

အဂ္ဂိရုတ်ပညာ ဝါသနာရှင်များ အားလုံး ပင်ပန်းဆင်းရဲခြင်း ကင်းစွာဖြင့် လိုရာခရီးသို့ တက်လှမ်းနိုင်ကြပါစေ ဆုတောင်းလျက်...

**အောင်သန့်(ပုသိမ်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com

"မ၊ သိ၊ ကြ၊ လျှင်၊ တွေ၊ ဆ၊ ဦး"

# အဂ္ဂိရတ် လမ်းစဉ်

ဇော်ဝင်းသန့်
(ပုသိမ်ကြီး)

မြန်မာ့အဂ္ဂိရတ်ပညာတွင် ပညာရှင်ကြီးများက ကဗျာ၊ လင်္ကာတိုကလေးများ ရေးစပ်၍ အကျဉ်းချုပ် လမ်းညွှန်ကြားချက်များ ထားရှိခဲ့ကြသည်။

**"ရွှေစွန်ညို ဘာကိုလိုလို့ ဝဲပါတယ်၊ မတွေးလိုလို့ ဝဲပါတယ်"**ဟူ၍ လည်းကောင်း...

**"ကိုကြီးမြတ်ကဲ့သီးကြိုလာ၊ ကျားညီနောင်ကြောင်နှစ်ကွင်း၊ မယ်မငြင်းသာ"**ဟူ၍လည်းကောင်း...

**"ခြသေ့်ဦးကင်း၊ နဂါးနင်း၊ ပူမင်းခြေစုံ၊ စွေ့စွေ့ခုန်၊ နိတုံမျှော်ရာ"** ဟူ၍ လည်းကောင်း...

**"ခြသေ့်ထီးဆောင်း၊ အတွင်းအောင်၊ ဆေးကောင်း ရာဇာ့ရာဇတည်း"**ဟူ၍ လည်းကောင်း...

**"နေယုန်ဒေါင်းယှက်၊ ပေါင်း၍နက်က၊ နဂါးစက်ကားပျယ်လိမ့်မည်၊ အများထက်ကားကြွယ်လိမ့်မည်"**ဟူ၍ လည်းကောင်း...

အချက်အချာကျသည့် ဓာတ်များကို လိုအပ်သလို မှတ်သားမိစေရန်အတွက် လင်္ကာ၊ ကဗျာတိုကလေးများဖြင့် ရေးသားခဲ့ကြသည်။ ယင်းတို့၏အဓိပ္ပာယ်ကို နားလည်ဖော်ထုတ် ဆောင်ရွက်နိုင်ခဲ့ပါက လုပ်ငန်းလမ်းစဉ်ကို ထိရောက်အောင်မြင်စေနိုင်ကြောင်း စေတနာအမှန်ဖြင့် လျှို့ဝှက်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ထိုနည်းတူစွာ ဗေဒင်ကြောင်းက လာသည့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ စတင် ပဋိသန္ဓေယူသည့်နေ့မှ ပရိနိဗ္ဗာန်ပြုခဲ့သည့်နေ့အထိ နေ့နံများကို မှတ်မိစေရန် ရည်ရွယ်၍



**"မ၊ သိ၊ ကြ၊ လျှင်၊ တွေ၊ ဆ၊ ဦး"**ဟု ရေးစပ်ခဲ့သည်။

ယင်းလင်္ကာတိုကလေးကို ဗေဒင်ပညာ လေ့လာဖူးသူတိုင်း သိကြပါသည်။ ယင်းလင်္ကာတိုကလေးဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ **ပဋိသန္ဓေယူသည့်နေ့မှ ဖွားမြင်သည့်နေ့၊ တောထွက်သည့်နေ့၊ ဘုရားဖြစ်သည့်နေ့၊ ဓမ္မစကြာတရားဦးဟောသည့်နေ့၊ ပရိနိဗ္ဗာန်ပြုခဲ့သည့်နေ့** စသည်ဖြင့် အရေးကြီးသည့် ဗုဒ္ဓဖြစ်စဉ်တော်နေ့နံများကို နံသင့်ရက်များအလိုက် မှတ်သားနိုင်စေရန် ဗေဒင်ကြောင်းဖြင့် မှတ်သားနိုင်ကြပါသည်။

အဂ္ဂိရတ်ပညာရှင်ကြီးများကမူ ထို လင်္ကာကလေးအား **"မသိကြလျှင် ဆတွေးဦး"**ဟု အနည်းငယ် ပြုပြင်ရေးသားလိုက်ပြီး ထွက်ရပ်လမ်း(ဓာတ်ကြီးလမ်း)တစ်စဉ်အဖြစ် ရည်ညွှန်းဖော်ပြခဲ့ကြသည်။

မြတ်စွာဘုရားရှင်၏ ပဋိသန္ဓေယူသည့်နေ့မှ ပရိနိဗ္ဗာန်ပြုသည်အထိ ဖွဲ့ဆိုထားသော လင်္ကာတိုကလေး ရေး ကြည့်လိုက်ပါစို့။

**"မ၊ သိ၊ ကြ၊ လျှင်၊ တွေ၊ ဆ၊ ဦး"**ဖြစ်သည်။ ထိုလင်္ကာကလေးအား **"တွေးဆဦး"**အစား၊ **"ဆတွေးဦး"** သို့ ပြောင်းလဲ ရေးသားလိုက်ပါက အောက်ပါအတိုင်း ဖြစ်လာပါမည်။

**"မ၊ သိ၊ ကြ၊ လျှင်၊ ဆ၊ တွေး ဦး"**အက္ခရာစာလုံးများအား ဗေဒင်ကြောင်းလာ နေ့နံသင့်ဂဏန်းများဖြင့် ပြောင်းလဲရေးသားလိုက်ပါက...

**၅၊ ၆၊ ၂၊ ၈-၄၊ ၃၊ ၀၊ ၁** ဖြစ်သည်။ ထိုကိန်းဂဏန်းအစဉ်ကို နောက်မှ ရှေ့သို့ ပြောင်းပြန် အစဉ်အတိုင်း ရေးမည်ဆိုပါမူ...

**၁၊ ၀၊ ၃၊ ၄-၈၊ ၂၊ ၆၊ ၅** ဖြစ် ရပါသည်။ ဤဂဏန်းစဉ်ကို နှစ်လုံးတွဲ


(စာမျက်နှာ (၂၀၃) သို့)



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ခြံဝိုင်းနှင့်



## ပတ်သက်၍ သိထားသင့်စရာ

အေးချမ်းအောင်
(ရမည်းသင်း)



'လူတိုင်း သိထား လိုက်နာသင့်တဲ့ အကြောင်းတွေ ဆရာကြီး အတွေ့အကြုံ ကိုအောင်ဝင်းကို ဒီနေ့ ပြောပြမယ်'

ဗေဒင်ပညာရှင် ဆေးဆရာကြီး ဦးမင်းဖြူက ကျွန်တော့်ကို မြင်မြင်ချင်းပဲ ထိုကဲ့သို့ စကားအစချီ ပြောလာပါသည်။

ခြံထွက် သီးမွှေး ငှက်ပျောသီးများ ဆရာကြီးအတွက် လာပို့ပေးခြင်း ဖြစ်သည်။ ဒီနေ့တော့ ကျွန်တော် မမေးရဘဲ ဆရာကြီးက စ,ပြောနေပြီ။ ဆရာကြီးဆီ ကျွန်တော်ရောက်တိုင်း ဗေဒင်ပညာနှင့် ပတ်သက်၍ လည်းကောင်း၊ ဆေးပညာနှင့် ပတ်သက်၍ လည်းကောင်း၊ အခြားဗဟုသုတသော် လည်းကောင်း၊ မေးမြန်းလေ့ ရှိသည်။

ဆရာကြီးလက်ထဲ ငှက်ပျောဖီးများ ပေးလိုက်တော့ ရေဇလုံကြီးထဲ ငှက်ပျောဖီးများ ရေဆေးကာ ဘုရားတင် လှူလေသည်။ ရေချွေးသောက်ရင်း ဆရာကြီး၏ လှုပ်ရှားမှုများကို လိုက်ကြည့် နေမိသည်။ ဒီနေ့ ဆရာကြီးအိမ် လူရှင်းနေလေသည်။

'ပြောမယ့်သူက ပြောပြမယ် ဆိုကတည်းက နားထောင်ဖို့ ကျွန်တော် အဆင်သင့်ဖြစ်နေပြီ ဆရာကြီး။ ဒီတစ်ခေါက် ဘာအကြောင်းတွေ ပြောပြမှာလဲ ဆရာကြီး'

ဆရာကြီး သူ့ရှေ့မှာ ကွမ်းအစ်ကြီး ယူ၍ ကွမ်း ယာနေရင်းက ခေါင်းတညိတ်ညိတ် သဘောကျစွာဖြင့်...

'ပြောတဲ့သူနဲ့ နားထောင်တဲ့သူ တစ်ယောက်တည်းဖြစ်နေမှ စကားဆိုတာ ပြောရတာ နှစ်ဦးနှစ်ဝ အကျိုးရှိတယ်။ ယခု ဆရာကြီးပြောပြမှာတွေက လူတွေနေထိုင်ကြတဲ့ အိမ်နဲ့ ဝိုင်းနဲ့ ပတ်သက်တဲ့ အကြောင်းတွေပဲ။

အသက်အတိုင်း နေရမယ်ဆိုရင် လူ့ပြည်မှာ ဆရာကြီးက ကြာကြာနေခွင့် မရနိုင်တော့ဘူး။ ဆရာကြီး သိထား၊ တတ်ထားတာတွေ နောင်းလူတွေ သိစေချင်တယ်။

ကိုအောင်ဝင်းလို စိတ်ဝင်တစား နားထောင်သူရှိတော့ ဆရာကြီးတို့လို အသက်အရွယ် ကြီးတဲ့သူတွေအဖို့ အဖော်အဖြစ်ရသလို ကိုယ်တွေ့ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံဗဟုသုတတွေ ပေးခဲ့ချင်တာ အသက်အရွယ်ကြီးသူတွေတိုင်းရဲ့ ဆန္ဒပဲ။

ဆရာကြီးဆီက အတွေ့အကြုံ ဗဟုသုတတွေကို ကိုအောင်ဝင်းက စာရေးဆရာဆိုတော့ စာရေးပြီး အများသူငါသိအောင် တင်ပြတယ်။ အားလုံး အတွက် အကျိုးကြီးတဲ့ စေတနာ ကုသိုလ်တွေပေါ့ကွယ်။

အခု ဆရာကြီးပြောပြမယ့် အကြောင်းတွေက လူတိုင်းဟာ အိုးအိမ်၊ တိုက်တာ အဆောက်အအုံတွေနဲ့ နေထိုင်ကြတယ်။ ကိုယ်နေထိုင်တဲ့ အိမ်ဟာ သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ် ရှိနေရမယ်။

ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားစင်ဟာလဲ အမြဲ သန့်ရှင်းနေရမယ်။ ဘုရားပန်းဆိုရင်လဲ အမြဲ လှပနေအောင်ရှိနေတဲ့ အိမ်တွေကို သတိထားကြည့်ကြည့် အစစ အဆင်ပြေတာ တွေ့ရလိမ့်မယ်ကွယ်။

နောက် ကိုယ့်အိမ်ခြံဝိုင်းထဲမှာ မရှိသင့် မထားသင့်၊ မစိုက်ပျိုးသင့်တဲ့ အပင်တွေ အကြောင်းကိုလဲ ပြောပြဦးမယ်'

ဟု ပြောရင်း ကျွန်တော့်ကို အကဲခတ်ကြည့်လေသည်။

'အိမ်ခြံဝိုင်းတွေထဲမှာ ဘာအပင်တွေ မထားသင့်၊ မစိုက်ပျိုးသင့်တာလဲ ဆရာကြီး'

'အိမ်ရဲ့မျက်နှာစာမှာ ဆူးပါတဲ့အပင် လုံးဝ မစိုက်ပျိုးရဘူး။ အိမ်ရှေ့မျက်နှာစာဟာ အိမ်ရဲ့ ကျက်သရေကိုဆောင်တယ်။ အိမ်ရှေ့ မျက်နှာစာဟာ အမှိုက်တွေ မြက်ပင် ပေါင်းပင် ဆိုတာတွေ မရှိစေရဘူး'

'ဆရာကြီးကို ကျွန်တော် တစ်ခု မေးချင်တယ်'

'မေးပါဗျာ မေးပါ'

'အိမ်ရှေ့မျက်နှာစာမှာ ပန်းပင်တွေ ဘာတွေ စိုက်လို့တော့ ရတာပေါ့နော် ဆရာကြီး'

'ပန်းပင်စိုက်တာ ရတာပေါ့'

'ဒါဆို နှင်းဆီပန်းပင် စိုက်ပျိုးရင် ကော'

'ပြောပြီးပြီပဲကွယ်။ ပန်းဆိုပေမယ့် ဆူးတွေ ပါနေတယ်လေ။ အိမ်ဝိုင်းဟာ သန့်ရှင်းပြီး အိမ်ရှေ့မျက်နှာစာဟာ



www.burmeseclassic.com

www.burmeseclassic.com

လုပနေတဲ့အိမ် နေထိုင်တဲ့ မိသားစုတွေမှာ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးပါမကျန် အစစပြေလည်တယ်။

အဲဒီလိုမဟုတ်ဘဲ ရှုပ်ထွေးပြီးတော့ သန့်ရှင်းမှုမရှိတဲ့အိမ်ဟာ အစစ အခက်အခဲတွေနဲ့အတူ အိမ်တွင်းရေး မပြေလည်မှုများစွာနဲ့ တွေ့နေလိမ့်မယ်။ ဒါဟာ ဆရာကြီးရဲ့ ဘဝသက်တမ်းတစ်လျှောက်မှာ မြင်တွေ့သတိထားမှတ်သားထားတာတွေပဲကွယ့်။

နောက် ကိုယ်ပိုင်ခြံထဲမှာ စ,မစိုက်ပျိုးသင့်တဲ့ အပင်တွေ ရှိသေးသကွယ့်။ အဲဒီအပင်တွေဟာ **ဗာဒံပင်**လို့ တချို့ခေါ်ပြီး၊ တချို့ကျတော့လဲ **ဗံဒါပင်**လို့ခေါ်တဲ့အပင်၊ နောက် **စိန်ပန်းပင်**၊ **ညောင်ပင်** အဲဒီအပင်တွေ မစိုက်ပျိုးရဘူး။

ဘာကြောင့်လဲဆိုတော့ ဗာဒံပင်လို့ခေါ်တဲ့ ဗံဒါပင်ဟာ သူ့ရဲ့ အကိုင်းအခက်အရွက်တွေဟာ ထီးတစ်ခုနဲ့တစ်ခု ဖွင့်ဆင့်တင်ထားသလိုမျိုး ဘုန်းတော်ကြီးကျောင်း ဘုံဆင့်ဒွေ ဆင့်တင်ထားသလိုမျိုးနဲ့လဲ တူတယ်။ မြင့်မြတ်တဲ့အပင်လို့ လူတချို့က အယူထားကြတယ်။

ဘာပဲဖြစ်ဖြစ် ဗာဒံပင်လို့ခေါ်တဲ့ ဗံဒါပင် မစိုက်ပျိုးသင့်ဘူး။ ဘာကြောင့်လဲဆိုရင် အိမ်ရှေ့မှာ အဲဒီအပင်စိုက်ပျိုးထားရင် စီးပွားပျက်တတ်တယ်။ ဆိုင်ရှေ့မှာ အဲဒီအပင်ကို အမိုးပြုပြီး စီးပွားရှာသူတွေ မကြာခင်မှာဘဲ စီးပွားပျက်သွားလေ့ ရှိကြတယ်ကွယ့်။

နောက် စိန်ပန်းပင်ကျတော့ အပွင့်ပွင့်ပြီဆိုရင် ပင်လုံးကျွတ် ရဲရဲနီနေအောင်ကို ပွင့်ကြတာ။ အနီရောင်ဟာ လူတွေရဲ့စိတ်ကို ညှို့ငင်တဲ့သဘာဝရှိသကွယ့်။ အရောင်တွေရဲ့ သင်္ကေတထဲမှာ အနီရောင်ဟာ ရဲရင့်ခြင်းပဲ။ စိန်ပန်းပင်အပွင့်ရဲ့ ဓာတ်သဘာဝတွေက မိသားစုတွေရဲ့ စိတ်ကို ဖမ်းစားခြင်းကြောင့် တစ်ဦးနဲ့တစ်ဦး သင့်မြတ်မှုမရှိခြင်းကို ဖြစ်စေတယ်။

အဲဒီအပင်တွေ စိုက်ပျိုးချင်ရင် အများတကာ သွားလာနေထိုင်တတ်ကြတဲ့ ရုံးတို့၊ ဘုန်းတော်ကြီးကျောင်းတို့ စာသင်ကျောင်းတွေမှာ စိုက်ပျိုးမှ တင့်တယ်တယ်။ ညောင်ပင်ကျတော့ လူတွေအနေနဲ့ အိမ်ဝိုင်းထဲမှာ စိုက်ပျိုးခဲ့လုပါတယ်။

ညောင်ပင်ဟာ အပင်ကြီးမျိုးလဲဖြစ်တယ်။ တောစိုးသစ်ပင်တွေထဲမှာ ညောင်ပင်လဲပါတယ်။ သစ်ပင်စောင့်နတ်တွေ၊ ရုက္ခစိုးတွေ နေထိုင်တတ်တာကြောင့် ညောင်ပင်ကို အိမ်ဝိုင်းထဲမှာ မစိုက်ပျိုးကောင်းဘူး။

နောက်ထပ် အပင်တစ်မျိုးထပ်ပြောဦးမယ်၊ အဲဒီအပင်ကိုတော့ လူတွေက မစိုက်ပျိုးကြပါဘူး။ တို့အညာဒေသမှာရှိတတ်ကြတဲ့အပင် **စောင်းချမ်းပင်**ဟာ အိမ်ဝိုင်းခြံတွေထဲမှာ ရှိနေတတ်ကြတယ်ကွယ့်။ လူတွေက ခုတ်ပစ်ကြရမှာ နှမြောကြတယ်။

ဘာကြောင့်လဲဆိုတော့ စောင်းချမ်းပင်က အရိပ်အာဝါသ သိပ်ကောင်းတာ။ ပြီးတော့ အသီးကိုလဲ အချဉ်တည်ပြီးတော့ စောင်းချမ်းချဉ်လုပ်စားလို့ရတော့ ခုတ်ပစ်တဲ့သူ မရှိကြဘူး။

စောင်ချမ်းပင် အိမ်ဝိုင်းခြံတွေထဲမှာ ရှိနေရင် အဲဒီ အိမ်ရှင်မိသားစုတွေမှာ တစ်ခုခုအကြောင်း အမြဲ ဖြစ်နေလေ့ရှိမယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစတဲ့ ပြဿနာ တစ်ခုပြီးတစ်ခု ဆက်နေလိမ့်မယ်။ စောင်းချမ်းပင် အိမ်ဝိုင်းထဲမှာရှိနေရင်ခုတ်လှဲပစ်ရမယ်။

ဆရာကြီး ပြောပြခဲ့တဲ့ အကြောင်းတွေအားလုံးဟာ အတွေ့အကြုံထဲက ရခဲ့တဲ့ သတိပြု မှတ်သားစရာ၊ ရှောင်ကျဉ်စရာတွေကို ဒီနေ့ စကားလက်ဆောင်အဖြစ် ဆရာကြီးပေးလိုက်တယ်'

ဟု ဆရာကြီး ဦးမင်းဖြူက အိမ်ဝိုင်းခြံတွေထဲတွင် မစိုက်ပျိုးသင့်၊ မထားသင့်သော အပင်များအကြောင်းကို ထိုကဲ့သို့ ပြောပြပါလေသည်။

**အေးချမ်းအောင်(ရမည်းသင်း)**

ပန်ကြားလွှာ. . .

ဤဆောင်းပါးဖတ်ရှုပြီး စာရှုသူ၊ သုတေသီပညာရှင်များမှ မိမိတို့၏ ကိုယ်တွေ့အတွေ့အကြုံများ၊ ဤဆောင်းပါး၊ ယူဆချက်များကို အဆောတလျင် တွေ့ အများအကျိုးအတွက် ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်. . .

ဦးကျော်မိုးသိန်း
စာတည်းမှူး
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# အပင်များ သန်စွမ်းဖို့

## ပုလဲကို ပွားသုံးစို့

တောင်သူဦးကြီးများ၏ သီးနှံပင်များအတွက် ထည့်သွင်းအသုံးပြုသော ဓာတ်မြေဩဇာများမှာ အသုံးပြုနေသည့် နည်းစနစ်များ မမှန်ကန်သည့်အတွက် လေလွင့်ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရပါသည်။

ရင်းနှီးထည့်ဝင်လိုက်ရသော ငွေပမာဏများစွာမှာလည်း အလဟဿ နစ်နာဆုံးရှုံးနေကြရသည်။ ထိုဓာတ်မြေဩဇာများထဲတွင် ယူရီးယားပုလဲမှာ လေလွင့်ဆုံးရှုံးမှု အများဆုံးဖြစ်ပါသည်။

ပုလဲမြေဩဇာကို မြေဆီလွှာအတွင်း ထည့်သွင်းလိုက်ပါက မြေကြီးမှ စုပ်ယူသွားသည်က (၂၀)ရာခိုင်နှုန်း၊ လေလွင့်ဆုံးရှုံးသွားခြင်း (၄၀)ရာခိုင်နှုန်းနှင့် အမှန်တကယ် အပင်မှ စားသုံးရသည်မှာ (၄၀)ရာခိုင်နှုန်းသာ ရှိပါသည်။

ထို့ကြောင့် တစ်ကေလျှင် ပုလဲ **ဓာတ် မြေဩဇာကို တစ်အိတ်သုံးမည်ဆိုပါက** ထိုတစ်အိတ်ကို ပွားပြီး သုံးကေစာဖြစ်သည့် သုံးအိတ်စာ ပွားနည်းကို ရေးသား တင်ပြလိုက်ရပါသည်။

ထိုပွားလိုက်သည့် သုံးအိတ်အတွင်းရှိ မြေဩဇာ၏ ပါဝင်သည့် အာဟာရတန်ဖိုးမှာလည်း ယုတ်လျော့သွားခြင်း မရှိပါ။ ထို့ကြောင့် လွယ်ကူပြီး ကုန်ကျစရိတ်သက်သာသည့် နည်းပညာကို စိုက်ပျိုးရေးရောင်ခြည်ကဏ္ဍမှ တစ်ဆင့် ရေးသား တင်ပြလိုက်ပါသည်။

### ပြုလုပ်ပုံ

တောင်သူများ အခေါ် အဖြူလုံး (ပုလဲ) ဓာတ်မြေဩဇာတစ်အိတ်ကို အေး၍ ခြောက်သွေ့သော နေရာအောက်ရှိ ပလတ်စတစ်တစ်ခုပေါ်တွင် ပုံပါ။

ထို့နောက် ထိုပုလဲအိတ်ခွံနှင့် ကောင်းစွာ ဆွေးမြည့်နေသောနွားချေးဆွေး(၂)အိတ်(သို့မဟုတ်) သစ်ဆွေးမြေ(၂)အိတ်ရော၍သမအောင် မွှေ နှောက်ပေးပါ။ နှံ့စပ်အောင်ရောသမပြီးပါက အပေါ်မှ ပလတ်စတစ်စတစ်ခုဖြင့် ဖုံးအုပ်ပြီး (၂၄)နာရီ တစ်ရက်ထားပါ။

တစ်ရက်ပြည့်ပြီးပါက အိတ်ခွံ သုံးလုံးအတွင်း ထည့်၍ ချည်နှောင်ပြီး အေးမြခြောက်သွေ့သော နေရာတွင် သိမ်းဆည်းထားနိုင်ပါသည်။ သိမ်းဆည်းထားစဉ် ထိုအိတ်များကို ရေမိုးရေ စသည်များ မစိုစေရပါ။

### အသုံးပြုပုံ

ထိုပေါင်းစပ်ပြီး မြေဩဇာကို ယခင်ကျွေးနေကျ အချိုးအစားအတိုင်းသာ ကျွေးရုံဖြင့် လေလွင့် ဆုံးရှုံးခြင်းများ လုံးဝ မရှိပါဘဲ ဟင်းသီးဟင်းရွက် စိုက်ခင်းများ ပိုမိုကြီးထွား သန်စွမ်းသည့်အပြင် စိုက်ခင်းကိုပါ (၂)ဆ တိုးချဲ့စိုက်ပျိုးနိုင်ကြောင်းကို တွေ့ရှိရပါသည်။




◆ သင်တန်းမှတ်စုမှ ပုံကို ကူးယူဖော်ပြပါသည်

### အကျိုးအမြတ်

ပုလဲတစ်အိတ်ကို ပေါက်ဈေး (၂၀,၀၀၀)ကျပ်ဖြင့် တွက်ပါက ယခင်သုံးနေကျအတိုင်းဆိုပါက သုံးကေလျှင် သုံးအိတ်ဖြင့် ငွေ(၆၀,၀၀၀)ကျပ် ကုန်ကျမည်ဖြစ်ပြီး ထို သုံးကေစာအတွက် အထက်ပါနည်းဖြင့် တိုးပွားလိုက်ပါက ငွေ(၂၀,၀၀၀)ကျပ်ဖြင့် သုံးကေစာအတွက် လုံလောက်မည် ဖြစ်ပါသည်။ တောင်သူဦးကြီးအတွက် ငွေ(၄၀,၀၀၀)ကျပ် အပိုထွက်လာမည်ဖြစ်သည်။

ထို့ပြင် ယင်းနည်းစနစ်ကို အသုံးပြုခြင်းဖြင့် လေလွင့်ဆုံးရှုံးရမှုများ မရှိတော့ဘဲ အာဟာရတန်ဖိုးကို ဟင်းသီးဟင်းရွက်နှင့် သစ်သီးပင်များမှ အပြည့်အဝ စားသုံးနိုင်သဖြင့် အမှန်ပင် အထွက်တိုးကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

**တင်ညိုအေး(နဂါးမြို့ကော်)**



www.burmeseclassic.com

www.burmeseclassic.com

ကိုင်းမြေ မြေနုကျွန်းပေါ်မြေတို့တွင် ကိုင်းပင်ကျူပင်တို့အား အလေ့ကျ ပေါက်လျက် မြင်တွေ့နိုင်ပါသည်။ ကျူပင်ကိုင်းပင်တို့မှာ အခြားအပင်တို့နှင့်မတူသည့် အချက်တို့မှာ အသီးအစေ့မှ အပင်ပေါက်ပွား ရှင်သန်နိုင်သကဲ့သို့ အမြစ်ဥ၊ အမြစ်၊ ကိုင်းဆစ်တို့ကလည်း အပင်ငယ်တို့ ပေါက်ပွားဖြစ်ထွန်းသည်ကို တွေ့ရသည်။

အပင်ပေါက်ပွား ပျံ့နှံ့ရာတွင် ရေမှာ မျောပါ၍ သော်လည်းကောင်း၊ လေတွင် လွင့်ပါ၍သော်လည်းကောင်း မျိုးပြန့်ပွားတာ တွေ့ရသည်။

ကျူပင်ကိုင်းပင်တို့မှာ ကျွန်းမြေပေါ် အစေ့ကျ အပင်ပေါက် အမြစ်တွယ်မိလျှင် တောရှင်းသတ်ဖို့ပင် မလွယ်ကူအောင် ရှင်သန်ပေါက်ပွားနှုန်းက မြန်သည်။

ကျူတောကိုင်းတောတို့မှာ မခုတ်မထွင်လျှင် တစ်နှစ်၊ နှစ်နှစ်အတွင်း တောကြီးများ ဖြစ်ပေါ်လာတတ်ပါသည်။

ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုစကားကဲ့သို့ပင် ကိုင်းမြေကျွန်းမြေတို့တွင် ကျူပင်ကိုင်းပင်တို့က အမှီရကာ နုန်းတင်မြေပိုကာ ကိုင်းမြေကျွန်းမြေတို့အဖြစ် မကြာမီ ပြောင်းလဲဖြစ်ပေါ်လာရသည်။

ထို ကျူတောကိုင်းတောတို့အား မခုတ်မထွင် တောမရှင်းဘဲထားလျှင် ကျွဲစားကျက်၊ နွားစားကျက်အဖြစ် ကိုင်းတောင်သူ၊ ယာတောင်သူတို့ နွားကျွဲ စားကျက်အဖြစ် လွှတ်ကျောင်းထားတတ်ကြသည်။

ကိုင်းပင်ကျူပင် နှစ်မျိုးစလုံးပင် ကျွဲနွားတို့ စားသောက်သည်ကို တွေ့ရသည်။ ကျွဲတို့မှာ ကျူပင်အား ပို၍ပင် ကြိုက်နှစ်သက်သည်ကို တွေ့ရသည်။

# ကျွဲနွားများ

## ကျူပင်အစာတောက်လျှင် ဆေးနည်း



ကျွဲနွားတို့ ကြိုက်နှစ်သက်စားသောက် တတ်သော်လည်း ကိုင်းပင် ကျူပင်တို့မှာ အအေးအစိုစာဖြစ်၍ ကျွဲနွားတို့ အစာ,အစား လွန်လျှင်သော်လည်း တစ်ခါတစ်ရံ ဝမ်းဗိုက် ပြည့်ဖောင်းကာ ဝမ်းချုပ်ခြင်း၊ ဆီးချုပ်ခြင်း၊ လေချုပ်ခြင်းတို့ ဖြစ်တတ်သည်။

ထိုအခါ ကျွဲနွားတို့ကလည်း စားမြုံ့မပြန်ဘဲ (၁)ရက်၊ (၂)ရက်ကြာလာလျှင် ဝမ်းဗိုက်တို့ ပြည့်ဖောင်းကာ အစာဖောင်း၊ လေဖောင်းဖြစ်ကာ ကျွဲနွားတို့ အသက်ပင် ဆုံးရှုံးနိုင်သည်ကို တွေ့ရသည်။

ကိုင်းပင်တို့မှာ များများစားလျှင် ကျွဲနွားတို့ ဝမ်းချုပ်တတ်သလို ကျူပင်မှာ အစားများလျှင် သော်လည်းကောင်း၊ ကျူပင် အရိုးအဆစ်အတွင်းမှ ပိုးတစ်မျိုး တောက်သော်လည်းကောင်း ကျူပင်ကား အစာမာ,အစာစိုသဖြင့် ကျွဲနွားတို့ ဝမ်းမီးမချက်နိုင်ဘဲ ဆီးချုပ်ဝမ်းချုပ်၊ အစာအိမ်လေဖောင်းသည့် ရောဂါတို့ ဖြစ်တတ်ပါသည်။

ထိုသို့ဖြစ်လျှင် ကျွဲနွားတို့အား အချိန်မီ မကုသနိုင်လျှင် အသက်ပင် ဆုံးရှုံးနိုင်ပါသည်။ ကျွဲနွားများ ထိုသို့ အစာမကြေ၊ အစာအိမ်လေဖောင်းသည့်ရောဂါဝေဒနာ ခံစားရပါက အမြန်ဆုံး ဆီးဝမ်းလေတို့ရကာ သက်သာ ပျောက်ကင်းစေသည့်နည်းအား လယ်ယာလုပ်ငန်း ကျွဲနွားမွေးမြူခြင်းတို့အား မိဘဘိုးဘွားများ အစဉ်အဆက်လုပ်ကိုင် အသက်မွေးလာသည့် **ညီစုကျေးရွာမှ ဦးအောင်မြမှ** ပြောပြ၍ သိရှိရပါသည်။

'ကျွဲနွားတွေ ကျူပင် အစာစားများသွားလို့ အစာမကြေ၊ အစာအိမ်ပြည့်ဖောင်းပြီး ဆီးဝမ်းလဲ မသွား၊ ဝမ်းဗိုက်ကြီးပြည့်ဖောင်းနေရင် နွားသားရေကို ရအောင်ရှာ မီးဖုတ်၊ မီးဖုတ်လိုက်တော့ နွားသားရေက (ချိုး)ကျုံ့ခြောက်သွားတော့ အမဲခြောက်ဖုတ်လို ဖြစ်သွားမယ်။ အဲဒီ သားရေမီးဖုတ်ကို ကျွဲနွားရဲ့ ပါးစပ်ထဲ ဝင်အောင်ခွဲပြီး ကျွေးပေးလိုက်၊ မကြာခင် ဝမ်းဗိုက်လေဖောင်းရောဂါ သက်သာပျောက်ကင်းသွားလိမ့်မယ်'

ဟု ပြောပြပါသည်။

ကျူပင်ကိုင်းပင်တို့မှာ အစာမာပြီး အအေးစာဖြစ်သည့်အလျောက် အစားများလျှင် သော်လည်းကောင်း အစာမကြေ လေဖောင်းသည့်ဝေဒနာတို့ ဖြစ်ပေါ် ကြုံတွေ့ရလေ့ရှိပါသည်။

ဆေးနည်းမှာ အလွယ်ဖြစ်၍ အချိန်မီ ကုသပျောက်ကင်းနိုင်သည့်နည်းဖြစ်၍ ရေးသားပေးပို့လိုက်ရပါသည်။

**ဤနည်းအား ပြောပြပေးသော ဦးအောင်မြအား အထူး ကျေးဇူးတင်ပါသည်။**

ကိုသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **အသက်လေးဆယ်ဝန်းကျင် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။

**"အေးမြင့်"**ဆိုတဲ့ နာမည် နှစ်လုံးတွဲကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ်တွဲထိုးထားကြောင်း သိရတယ်။

လက်မှတ်သင်္ကေတ **ခွက်မှောက်သင်္ကေတဖြစ်ပြီး** လက်မှတ်နောက်မှာ ထောင်လိုက်မျဉ်း ပိတ်ထားတဲ့အတွက် အိမ်ထောင်ကွဲ၊ အလုပ်မှာ ရာထူးမတိုးတတ်၊ အလုပ်ပြုတ်ဆိုတဲ့ ကံကြမ္မာဆိုးတွေ ရုတ်တရက် ကြုံရတတ်တယ်။

**မြန်မာသက္ကရာဇ် ၁၃၃၆ ခုနှစ်၊ နတ်တော်လမွေးတဲ့** တနင်္ဂနွေသားဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်နဲ့ ဝုဒ္ဓိ ချကြည့်ရင်...

* * *[နံပါတ်–၁]



တနင်္ဂနွေ သိုက်ဖွားဖြစ်သူကို **တနင်္ဂနွေ+ကြာသပတေး** အပြင်မိတ်ဖြိုဟ်တွဲ **သိုက်+အထွန်း** နာမည်ပေးထားခြင်းဖြစ်ပြီး နာမက္ခရတိုင်စဉ်မှန်ဝုဒ္ဓိများတယ်။

ဘာသာရေး ကိုင်းရှိုင်းမှု အားနည်းခြင်းကလွဲရင် နာမည်ကောင်းတစ်ခုဖြစ်ပါတယ်။ ဒီနာမည်ကို နှစ်လုံးတွဲလက်မှတ်ထိုးလို့ ကောင်းပါတယ်။ လက်မှတ်ပုံသဏ္ဌာန် ကောင်းအောင် ပြင်ရုံပါပဲ။

* * *




* ငွေအိတ်သင်္ကေတ တည့်တည့်လုလုကြီးကြီး ဆွဲရမယ်။

* လက်မှတ်အောက်က မျဉ်းမသားရဘူး။

* (၄၅)ဒီဂရီလောက် ညာဘက်အပေါ်ကို စောင်းထားသင့်တယ်။

၂။


* * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့**အသက်နှစ်ဆယ်ကျော်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။

**"ဝင်းလေး"**ဆိုတဲ့ သူမရဲ့ နာမည်နှစ်လုံးကို အင်္ဂလိပ်အက္ခရာနဲ့ လက်မှတ် ထိုးထားကြောင်း သိရပါတယ်။

လက်မှတ်သင်္ကေတကတော့ ညာဘက်အောက်စိုက်နေတယ်။ အောက်



www.burmeseclassic.com

ဘက်ကို မျဉ်းရှည်တစ်ကြောင်း ထိုးဆင်းပြီး၊ အောက်မျဉ်းပိတ်နဲ့ ကြက်ခြေလို ဖြစ်နေတယ်။

ငွေကုန်များ၊ ငွေလိမ်ခံရ၊ ရည်မှန်းချက် မအောင်မြင် မတိုးတက်ဖြစ်စေနိုင်တယ်။

ယခုလဲ နိုင်ငံခြားသွားပြီး ပညာသင်ရင်း၊ အလုပ်လုပ်ဖို့ကိစ္စ ငွေလိမ်ခံထားရပြီး၊ အမှုဖြစ်ရဖို့ အခြေအနေကြောင့် ကျွန်ုပ်ထံ လာရောက်တွေ့ဆုံခြင်း ဖြစ်ပါတယ်။

သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၅၀ ပြည့်နှစ်၊ ဝါဆိုလ၊ ဗုဒ္ဓဟူးနေ့ဖြစ်လို့** မူလမဟာဘုတ်ခွင် ချကြည့်ရင်…

* * *[**နံပါတ်–၂**]

**နံပါတ်–၂**

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ * |
| ၂ | ၆ | ၀ |

ဗုဒ္ဓဟူး ရာဇဖွားဖြစ်သူကို **“ဝင်းလေး”** ဆိုတဲ့ ဗုဒ္ဓဟူးနံသင့် အက္ခရာ နှစ်လုံးဆင့် နာမည်ပေးထားတာ ကောင်းပါတယ်။

အဲဒီနာမည်စာလုံး နှလုံးတွဲ လက်မှတ်ထိုးခြင်းလဲ ကောင်းတယ်။ လက်မှတ်ပုံသဏ္ဌာန် သင်္ကေတ ကောင်းအောင် ပြုပြင်ရုံပါပဲ။

* * *



* ငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲပြီး ပွင့်ဖတ် (၄) ခုပါတဲ့ ပန်းပွင့်သင်္ကေတနဲ့မြားဦး သင်္ကေတပါအောင် ဆွဲရမယ်။ လက်မှတ်အောက်က မျဉ်းမသားရဘူး။

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြထားတဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **ပြင်ဦးလွင်မြို့က အသက်သုံးဆယ့်ငါးနှစ်ခန့် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။

**“ချမ်းဝေယံ”** ဆိုတဲ့ နာမည်သုံးလုံးကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ်ထိုးထားကြောင်း ပြောပြတယ်။

လက်မှတ်သင်္ကေတကတော့ တော်တော်ညံ့ပါတယ်။ ဘယ်ကိစ္စမဆို လွယ်လွယ်ကူကူ ချောချောမောမော မဖြစ်နိုင်ဘူး။

မွေးသက္ကရာဇ်က **၁၃၄၁ ခုနှစ်၊ တော်သလင်းလ၊ တနင်္လာသား** ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝုဒ္ဓိတို့ ချကြည့်ရင်…

* * *[**နံပါတ်–၃**] ⟶

တနင်္လာသား ရာဇဖွားဖြစ်သူကို **တနင်္လာအစ၊ ဗုဒ္ဓဟူးအဆုံး** အပြင်မိတ်နာမည် ပေးထားပေမယ့် **ရာဇ+ဘင်္ဂ–ဣဿ+အနိဋ္ဌ** နာမည်ဖြစ်လို့ နာမည် ညံ့တယ်။

နာမက္ခရတိုင်စဉ် မှားတယ်။ ဝုဒ္ဓိမှန်တယ်။ ဒီနာမည်မျိုးကို တွဲပြီး လက်မှတ်မထိုးသင့်ဘူး။ **“ချမ်း”** တစ်လုံးတည်း လက်မှတ်ထိုးသင့်တယ်။

နိုင်ငံခြား သွားရောက်လုပ်ကိုင်နေထိုင် အကျိုးပေးလိုသူဖြစ်လို့

**နံပါတ်–၃**

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| ၁ | |
| ၂ | ၁ |
| ၀ | ၆ |
| ၅ | ၄ |

(နာမက္ခရတိုင်)

၆ ၀ ၁ ၂ ၃ ၄ ၅

(ဝုဒ္ဓိ)





www.burmeseclassic.com

www.burmeseclassic.com


အင်္ဂလိပ် ချမ်းတစ်လုံးတည်း လက်မှတ်ထိုးသင့်တယ်။

ချကြည့်ရင်...


* * *[နံပါတ်–၄]

နံပါတ်–၄

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |




* * *



လက်မှတ်အောက်က မျဉ်းမသားရဘူး။ မြားဦးသင်္ကေတ ထည့်ရမယ်။

ဘာလုပ်လုပ် အဆင်မပြေဘူးဆိုတဲ့ ဒီလူဟာ အခုတော့ နိုင်ငံခြားမှာ အဆင်ပြေနေပါပြီ။

၄။

* * *



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **အသက် နှစ်ဆယ့်ရှစ်နှစ်ဝန်းကျင် အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။

**"သန်းသန်းအေး"**ဆိုတဲ့ နာမည်သုံးလုံးကို အင်္ဂလိပ်အက္ခရာစာလုံးနဲ့ လက်မှတ်ထိုးထားခြင်း ဖြစ်ပါတယ်။

အပေါ်ပြိုင်၊ အောက်ပြိုင် သင်္ကေတနဲ့ တစ်လုံးနဲ့တစ်လုံး ခြားနေတဲ့ သင်္ကေတတွေဟာ အချစ်ရေး၊ အိမ်ထောင်ရေးတို့ကို ကံညံ့စေတတ်ပါတယ်။


မွေးသက္ကရာဇ် **၁၃၄၇ ခုနှစ်၊ ဝါခေါင်လ၊ သောကြာနေ့**ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်တို့

သောကြာ မရဏဖွားဖြစ်သူကို သောကြာအစ၊ တနင်္ဂနွေအဆုံး မရဏ+ရာဇ အတွင်းမိတ် နာမည်ပေးထားတာ ကောင်းပါတယ်။

ဒါပေမယ့် မရဏဌာနက သောကြာနံသင့် အက္ခရာစာလုံးနှစ်လုံး ဆင့်ပေးထားတာကတော့ ကျန်းမာရေးကို ဒုက္ခပေးတတ်တယ်။ **နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန် ဖြစ်ပါတယ်။**

ဒီနာမည်ကို သုံးလုံးတွဲ လက်မှတ်ထိုးခြင်း မကောင်းဘူး။ နှလုံးတွဲထိုးရင် ကောင်းပါတယ်။ "သန်းအေး"ဆိုရပါပြီ။

* * *



* ငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲပြီး ပွင့်ဖတ် (၆) ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်သင့်တယ်။

* လက်မှတ်အောက်က မျဉ်းမသားသင့်ဘူး။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြိုင်**
*(ဥပဒေသွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမျက်နှာ (၂၁၂)မှ အဆက်**

ကြုံတွေ့ရမည် ရှိသည်။ လောင်းကစားနှင့် ကံထိုက်လုပ်ငန်းကြောင့် ငွေကြေးဆုံးရှုံးမှုများ ပေါ်ပေါက်တတ်သည်။

အဆုတ်နှင့်အူမ ဆိုင်ရာ ဝေဒနာကို ကြိုတင် စစ်ဆေးကာကွယ်သင့်သည်။ နေအိမ်တွင် ကြွက်၊ ခြ၊ ကြမ်းပိုး ပိုးမွှား တိရစ္ဆာန် အဖျက်အဆီး ပေါ်များနေတတ်သည်။

÷ **ကြက်နှစ်ဖွား**

ငွေကြေးအတန်အသင့် ဝင်ကိန်း ရှိသည်။ လိင်အင်္ဂါနှင့် ပတ်သက်သော ရောဂါဝေဒနာများ သတိပြုပါ။

ကြေး၊ သံ၊ ဒန်၊ ဝတ္ထုသတ္တုပစ္စည်းများ အကျိုးပေးသော ကာလဖြစ်သည်။

အမျိုးသားများမှာ ဇနီးမယားဝင်ကိန်း ရှိသည်။ အမျိုးသမီးများမှာ ယောက်ျားများထံမှ လက်ဆောင်ပစ္စည်းများ လက်ခံရဖွယ် ရှိလေသည်။

÷ **ခွေးနှစ်ဖွား**

မြစ်ကူးချောင်းခြားခရီး သွားလာရကိန်းရှိသည်။ နေအိမ်သို့ ဧည့်ကောင်းဧည့်ကောင်း ရောက်ရှိလာတတ်သည်။ ရာထူးအလုပ်အကိုင် တိုးတက်အဆင်ပြေနိုင်ကြသည်။

ထိတ်လန့်ဖွယ် အဖြစ်အပျက်များ ကြုံတွေ့ရတတ်သည်။ ငါးပိ၊ ငါးခြောက်၊ ရေထွက် ပစ္စည်းများနှင့် စပ်လျဉ်း၍ ငွေကြေးအမြတ်အစွန်း ရနိုင်ပါသည်။

÷ **ဝက်နှစ်ဖွား**

စွန့်စားရသော လုပ်ငန်းများ လုပ်ဆောင်ရတတ်သည်။ ယာဉ်ရထား မတော်တဆဖြစ်မှု သတိပြုပါ။ သူတစ်ပါး အထင်အမြင် လွဲမှားခြင်းခံရ တတ်သော ကာလဖြစ်၍ အပြောအဆို ဆင်ခြင်ပါ။

လျှပ်စစ်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးရှိနိုင်ကြသည်။ မိတ်ဆွေ အပေါင်းအသင်းအချို့၏ အရေးကိစ္စများကြောင့် ငွေကုန်လူပန်း ဖြစ်ရကိန်းရှိသည်။

ဤလတွင် ကံကြမ္မာနိမ့်ပါးနေသူတို့သည် တနင်္ဂနွေသားတစ်ဦးအား ချိုသောအရသာရှိသည့် စားဖွယ်ပစ္စည်း တစ်ခုခုလက်ဆောင်ပေးပါ။

ကြာသပတေးနေ့တွင် လှူဒါန်း၍ ကြုံဆုံနေရသော ဘေးဆိုးကြမ္မာဆိုးများ လျော့ပါး ပျောက်ပြယ်စေရန် သမ္မာဒေဝများထံတွင် တိုင်တည်ဆုတောင်းနိုင်ကြပေသည်။

***ကြိုးဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဇီ** *(Hu Jin Zi)*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်ဇီ (Hu Jin Zhi)





✣ ကြွက်နှစ်ဖွား

နေအိမ်၊ ခြံမြေ မွမ်းမံ ပြင်ဆင်ရတတ်သည်။ အသစ်အဆန်း တီထွင်ဖန်တီးမှုများ အဆင်ပြေ အောင်မြင်မှုများသော ကာလဖြစ်၍ ဖက်ရှင်ပစ္စည်း၊ ခေတ်ပေါ် ပစ္စည်းများနှင့်ပတ်သက်၍ အကျိုး အမြတ် ရရှိနိုင်ကြသည်။

မိတ်ဆွေရင်းချာများ၏ သာရေးနာရေးကိစ္စများ၌ ငွေအားလူအားဖြင့် ကူညီပေးရဖွယ်ရှိသည်။ အကျိုး ခြံ ထည်လက်ဆောင်ရကိန်းရှိသည်။



✣ နွားနှစ်ဖွား

နေထိုင်မှု အဆင့် အတန်း တိုးတက် မြင့်မားလာမည်။ ဝန်ထမ်းများမှာ ရာထူးတိုးတက်နိုင် သည်။

စိတ်အားတက်ဖွယ် သတင်းစကား များ ကြားသိရတတ်သည်။ အမွေအနှစ် ပိုင်ဆိုင်ရကိန်းရှိသည်။

ဆိုးဆေး၊ အဖျော်ယမကာ သောက် သုံးဖွယ်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးဖြစ်ထွန်းနိုင်ကြသည်။



✣ ကျားနှစ်ဖွား

မိသားစုနှင့် မိတ်ဆွေ သူငယ်ချင်းများအကြား သဘော ထားကွဲလွဲမှုများ ပေါ်ပေါက်တတ်သည်။ အပြောအဆို သတိထားပါ။ ရန်များ တတ်သောကာလ ဖြစ်သည်။

ရေနွေးပူနှင့် မီးဘေးအန္တရာယ်များ ကြုံဆုံရဖွယ်ရှိသည်။ နှလုံးနှင့် အူသိမ် ဆိုင်ရာ ရောဂါဝေဒနာများကို ကြိုတင် စစ်ဆေးကာကွယ်သင့်သည်။



✣ ယုန်နှစ်ဖွား

အလှူအတန်း၊ ပွဲလမ်း သဘင်များ တက်ရောက် ရတတ်သည်။ ပရဟိတလုပ်ငန်း များပြားသောကာလ ဖြစ်သည်။

လွင်ပြင်ကျယ်ဒေသများသို့ အလည် အပတ် သွားရောက်ရကိန်းရှိသည်။ ဖန်ထည်မှန်ထည် အသုံးအဆောင် ပစ္စည်းများ လက်ဆောင်ရဖွယ်ရှိသည်။ နေအိမ် သို့မဟုတ် လုပ်ငန်းအရွှေ့ အပြောင်း ကြုံရတတ်သည်။



✣ နဂါးနှစ်ဖွား

ဖိမ်ခံပစ္စည်း ဝင်ကိန်း ရှိသည်။ အမည်ကောင်း သတင်း ကျော်စောထင်ရှားမည်။ ရေထွက်ပစ္စည်း၊ ပင်လယ်ထွက် ပစ္စည်း များနှင့် ပတ်သက်၍ ငွေကြေး အမြတ် အစွန်း ရတတ်သည်။

ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါ ဝေဒနာများ သတိပြုပါ။ နဂါးလုံမေတ္တိ မှာ အိမ်ထောင်ကျနိုင်၍ နဂါးအိမ်ဦးစီး တို့မှာ သားသမီး တိုးပွားနိုင်လေသည်။



✣ မြွေနှစ်ဖွား

ရင်ဆိုင်နေရသော အခက်အခဲ ပြဿနာအားလုံး အဆင် ပြေသွားမည့် အေးချမ်းသောကာလ ဖြစ်သည်။

လေ့လာမှတ်သားထားသော အတတ် ပညာ၊ အသိပညာများမှ ငွေကြေး လာဘ်လာဘများ ဝေဝေဆာဆာ ဝင် ရောက်နိုင်သည်။

မိခင်၏ ဆွေမျိုးသားချင်းများ အတွင်း သမင်္ဂလသာရေးကိစ္စပေါ် ပေါက်တတ်သည်။



✣ မြင်းနှစ်ဖွား

ငွေကြေးအခက်အခဲ ကြုံတွေ့ရပါက အကူအညီများ အလွယ် မီစွာ ရရှိနိုင်ကြသည်။ စိတ်ချမ်းမြေ့ဖွယ် အဖြစ်အပျက် ကူဋ္ဌာရုံမြင်ကွင်းများ တွေ့ကြုံရတတ်သည်။

အခွေအရံ တပည့်တပန်းရရှိမည်။ အထည်အလိပ်နှင့်ပတ်သက်၍ အကျိုး ပေးသန်သောကာလ ဖြစ်၏။ နာမကျန်း ဖြစ်နေသူ မြင်းနှစ်ဖွားများအတွက် ဆေးကောင်းဝါးကောင်း တွေ့ရှိနိုင်ပါ လိမ့်မည်။



✣ ဆိတ်နှစ်ဖွား

ရပ်ဝေး၊ ပြည်ပမှ သတင်းစကားများ ကြားသိရတတ် သည်။ ပန်းချီ၊ ပန်းရန် လုပ်ငန်းများ နှင့်ပတ်သက်၍ အကျိုးအမြတ် ရရှိ နိုင်သည်။

နေအိမ်ဂေဟာသို့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ အလည်အပတ် ရောက်ရှိ လာတတ်သည်။ နားနှင့် အကြားအာရုံ ဆိုင်ရာ ရောဂါဝေဒနာများ သတိပြု ကာကွယ်ပါ။



✣ မျောက်နှစ်ဖွား

ငွေကြေးနှင့်ပတ်သက်၍ အထူး သတိထားပါ။ ဆုံးရှုံးနစ်နာမှု များစွာ

စာမျက်နှာ (၂၁၁) သို့



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့်ဆရာ ဆက်စပ်ပါ

မြန်မာ့ပျောက်ကင်းမှု

ဆရာဦးလှသိန်း
(အကြောပညာရှင်)
တာတားဦး- အင်းဝ

ပေါင်မှစပြီး ခြေဖဝါးထိ

ထုံကျဉ်ကိုက်ခဲပြီး

လမ်းမလျှောက်နိုင်သော်

ကျွန်တော် မန္တလေးမြို့၊ (၃၈)လမ်း၊ ၈၂×၈၃လမ်းကြား ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော့်ဆေးခန်းသို့ အသက်(၄၀)ခန့် အမျိုးသမီးတစ်ဦးနဲ့ အမျိုးသားတစ်ဦး ရောက်ရှိလာပြီး အမျိုးသားမှ...

'ဆရာ ကျွန်တော်တို့က ရေဦးမြို့က ဖြစ်ပါတယ်။ ဦးလှမြင့်က ကျွန်တော်ရဲ့ ဝေဒနာကို သွားကုရင် အမှန်ပျောက်ကင်းမယ်လို့ ပြောလို့ ဆရာ့ဆီ လာရောက်ပြသရခြင်း ဖြစ်ပါတယ်'

ကျွန်တော်က...

'ခင်ဗျား ဘာဖြစ်တာလဲ'


လို့ မေးတော့...

'ကျွန်တော် ပေါင်ကစပြီး ခြေဖဝါးအထိ ထုံကျဉ်ကိုက်ခဲပြီး လမ်းလျှောက်ရင်လ လယ်ကွက် တစ်ကွက်,နှစ်ကွက်သာ လျှောက်နိုင်တယ်။ အဲဒီအပြင် ပိုပြီးတော့ လမ်းမလျှောက်နိုင်ဘူး။

အဲဒီလို ဖြစ်လာပြီဆိုရင်တော့ တင်ပါးခွက်ကနေ ခြေဖဝါးအထိ အပ်နဲ့ထိုးသလို အလွန် နာကျင်ကိုက်ခဲပါတယ်။ ပူတဲ့ဆေးတွေ လိမ်းတော့လဲ ခဏပဲ သက်သာပါတယ်။ ကျွန်တော် ညမအိပ်နိုင်တာလဲ ကြာပါပြီ'

လို့ ပြောသဖြင့်ကျွန်တော်မှ သေချာကျနစွာ စမ်းသပ်ပြီး (၁)နာရီခန့် အကြောပြုပြင်ပေး၍ ပေ(၅၀)ခန့် သုံး,လေးခါက် လျှောက်နိုင်းပြီး...

ပုံ-၁




၁။ ဝမ်းခေါင်းသွေးအိမ်ကြော

'အခု ဘယ်လိုနေသေးလဲ'

လို့ မေးတော့...

'တော်တော်လေး သက်သာပါတယ်'

လို့ ပြောသဖြင့်...

'ခင်ဗျားတို့ ဘယ်မှာတည်းသလဲ'

လို့ မေးတော့...

'ကျွန်တော်တို့ မန္တလေးမှာ အသိရှိပါတယ်။ အသိအိမ်မှာ တည်းပါတယ်'

လို့ ပြောတော့...

'ခင်ဗျား (၃)ရက်ဆက်တိုက် အကြောပြင်ရမယ်'

လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။ အဲဒီဝေဒနာရှင်အား (၃)ရက်ဆက်တိုက် အကြောပြုပြင်ပေးပြီး...

'ခင်ဗျားရောဂါ အခြေအနေ ဘယ်လိုလဲ'

မေးတော့ ဝေဒနာရှင်မှ အံ့ဩလောက်အောင် သက်သာပျောက်ကင်းကြောင်း ပြောပြပါတယ်။ ဆက်လက်ပြီး လူနာမှ...

'ကျွန်တော် အခုဖြစ်တာ ဘာရောဂါလဲ၊ ရွာကလူတွေ မေးရင် ပြန်ပြောနိုင်လို့ ဆရာ့ကို မေးတာပါ'

လို့ ပြောပါတယ်။ သို့နှင့် ကျွန်တော်မှ...

'ခင်ဗျားဖြစ်တဲ့ ရောဂါက လေလွန်ကဲခြင်း၊ သဲခြေလွန်ကဲခြင်း၊ သလိပ်လွန်ကဲခြင်း၊ ဒီလို သလိပ်လွန်ကဲခြင်းတို့ကြောင့် ပါဒရက်နာဖြစ်တာပဲ။

**လေလွန်ကဲခြင်းကြောင့် ဖြစ်တဲ့ ပါဒရက်က** ခြေ၌ အလွန်ကိုက်ခဲမယ်၊ အနည်းငယ်ရောင်မယ်။ အသားအရေခြောက်မယ်။ (၂၄)ခုသော အကြောတို့နဲ့ ခြေချောင်းတို့ရဲ့ အဆက်တို့၌ တွန့်၍ တစ်ကိုယ်လုံးတွန့်၍ တောင့်၍ ထုံမယ်၊ အဲဒီလက္ခဏာက လေလွန်ကဲခြင်းကြောင့်ဖြစ်တဲ့ ပါဒရက်နာဖြစ်တယ်။

**သည်းခြေလွန်တဲ့ ပါဒရက်နာကတော့** တစ်ကိုယ်လုံးပူမယ်၊ တွေဝေ

www.burmeseclassic.com

မိန်းမောမယ်၊ မူးဝေရေငတ်မယ်၊ ချွေးထွက်မယ်၊ ကိုက်ခဲမယ်၊ ရောင်မယ်၊ အနှိပ်ခံနိုင်မယ်။

**သလိပ် လွှန်ကဲခြင်းကြောင့် ပါဒရက်နာ**ကတော့ ထုံကျဉ်ကိုက်ခဲ လေးလံမယ်။ ကိုယ်သားကိုယ်ရေ ထုံမယ်။ စေးထိုင်းပြီး ကိုယ်အေးမယ်။ အလွန်ယားယံမယ်။ ထိုလက္ခဏာကတော့ သလိပ်လွန်ကဲခြင်းကြောင့်ဖြစ်တဲ့ ရောဂါပဲ။

ခင်ဗျားရောဂါကို အာယုဗေဒ သိရောမဏိကျမ်းအလိုအရ ဂိဓသီ လေရောဂါပဲ။ အဲဒီလက္ခဏာကတော့ ရှေးဦးစွာ တင်ပါးဆုံမှ အစဉ်အတိုင်း ခါး၊ ကြောရိုး၊ ပေါင်၊ ဒူးခေါင်း၊ ခြေ မျက်စိ၊ ခြေဖဝါးတို့ကို ရောက်ပြီး တောင့်တင်းနိုင်ခံ့ခြင်းကို ပြု၍ အပ်နဲ့ ထိုးသကဲ့သို့ နာကျင်ကိုက်ခဲတယ်။ ခြေဖဝါးထုံတယ်လို့ ဆိုထားတယ်။ ဒီရောဂါဖြစ်လို့ မကုသဘဲထားရင် ပါဒရက်နာဖြစ်ဖို့ ရာခိုင်နှုန်းအပြည့်ပဲ'

လို့ ကျွန်တော်က ရှင်းပြတော့ ဝေဒနာရှင်မှ...


'ပါဒရက်နာ ဖြစ်မယ်ဆိုရင် ဘယ်လိုလက္ခဏာများ ဖြစ်ပေါ်လာသလဲ'

လို့ မေးတော့ ကျွန်တော်က ရှင်းပြတဲ့လက်စနဲ့ ပါဒရက်နာ လက္ခဏာများကို ရှင်းပြပါတယ်။

ချွေးများစွာ ထွက်မယ်။ ကိုယ်၌ ထိတွေ့ခြင်းကို မသိဘူး။ ထုံမယ်။ အနည်းငယ် ထိခိုက်မိရင် အလွန်နာကျင်မယ် အလုံးစုံသော အဆက်အစပ်တို့ ရောနည်းမယ်။ ကိုယ်၌ အဖု အပိမ့်များစွာ ပေါက်မယ်။

အထူးသဖြင့် ဒူးခေါင်း၊ ပေါင်၊ ခါး၊ လက်၊ ခြေတို့၌ နာကျင်ကိုက်ခဲမယ်။ ကိုယ်လေးလံမယ်။ တစ်ကိုယ်လုံး

ပုံ-၂




၁။ မိလ္လာကြော
၂။ မောက်ကြော
၃။ ဖရုံဆွဲ
၄။ ပါဒရက်ဗဟိုကြော
၅။ သလုံးမောင်းထိပ်ကြော
၆။ သလုံးမိုးခိုကြော

ထုံမယ်။ အဆင်းဖောက်ပြန်ပြီး အရေပြားပေါ် အနီကွက်များ ပေါက်ရောက်မယ်။

အဲဒီလက္ခဏာများကို တွေ့ရင်တော့ ပါဒရက်နာရောဂါပဲလို့ မှတ်ပေတော့။ ယင်းဝေဒနာရှင်အား ကျွန်တော်မှ သေချာကျနစွာ ရှင်းပြပါတယ်။ အဲဒီ ဝေဒနာရှင် ပျောက်ကင်းသက်သာသော အကြောပြင်နှိပ်ကွက်များမှာ ယင်းဝေဒနာရှင်အား ခြေဖဝါးမှ ပခုံးအထိ အကြောများကို ဖိဖိပြီး ဖွဖွ ဖြေလျှော့ပေးရမယ်။ မိနစ်(၃၀)ခန့်။

**ဝမ်းခေါင်းသွေးအိမ်ကြော** ။ ။ ဝမ်းခေါင်းသွေးအိမ်ကြောကို ဖိဖိပြီး လိုမ့်ပေးရမယ်။ (၅)မိနစ်ခန့်။

**မောက်ကြော** ။ ။ မောက်ကြောကို တံတောင်ဖြင့် ဖိထောက်၍ ဖွဖွပေးရမယ်။ တစ်ခါဖိရင် မိနစ်ဝက်ခန့်။

**မိလ္လာကြော** ။ ။ ယင်းအကြောကို တံတောင်ဖြင့် ဖိဖိပြီး လိုမ့်ပေးရမယ်။ (၅)မိနစ်ခန့်။

**ပါဒရက်အလယ်ဗဟိုကြော** ။ ။ ယင်းအကြောကို တံတောင်ဖြင့် ဖိထောက်၍ လိုမ့်ပေးရမယ်။ (၁၀)မိနစ်။

**သလုံးမောင်းထိပ်ကြော** ။ ။ ယင်းအကြောကို ဖိဖိပြီး လိုမ့်ပေးရမယ်။ (၃)မိနစ်ခန့်။

**သလုံးမိုးခိုကြော** ။ ။ ယင်းအကြောကို လိုမ့်လိုမ့်ပြီး ဖွပေးရမယ်။ (၅)မိနစ်ခန့်။

အဲဒီအတိုင်း အကြော ပြုပြင်ပေးရင် ပေါင်တောင့်သောရောဂါ၊ နာကျင်ခြင်းရောဂါ၊ ထုံကျဉ်သောရောဂါ စသည်တို့ကို အမှန်တကယ် ပျောက်ကင်းသက်သာပါတယ်။ ရုပ်ပုံကားချပ်နဲ့တကွ အကြောပြင်နှိပ်ကွက်များကိုပါ ဝါသနာရှင်များ ဝေဒနာရှင်များ အသုံးပြုနိုင်ဖို့ အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြလိုက်ရပါတယ်။

**[ဆောင်းပါး ရေးသားရန် တိုက်တွန်းအားပေးသော ရေဦးမြို့မှ ဦးခွေးမော်နဲ့ ဦးလှမြင့်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း...]**

**ဆရာ ဦးလှညီမိုး**
**(အကြောပညာ...)**
**တံတားဦး-...င်း၀**

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်ခွန်



### တနင်္ဂနွေ

**စီးပွားရေး။** ။ အကျိုးဆောင်လုပ်ငန်းများ၊ ပွဲစားလုပ်ငန်း၊ ကိုယ်စားလုပ်ငန်းများ အောင်မြင်မည်။ အိမ်ဆောက်ခြင်း၊ အိမ်ဝယ်ခြင်း၊ အိမ်ရောင်းခြင်းလုပ်ငန်းများ အမြတ်များမည်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်မည်။

**ဝန်ထမ်းရေးရာ။** ။အလုပ်အကိုင်များ အဆင်ပြေမည်။ အထက်လူကြီးကာစ လုပ်ဖော်ကိုင်ဖက်များအဆုံး၊ မိမိကို အားပေးကူညီကြလိမ့်မည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်လည်း လုပ်ငန်းကိုင်ငန်းကောင်း၍ အိမ်တွင်းရေး သာယာမည်။ သားသမီးများ၏ ကျန်းမာရေး ပညာရေး စီးပွားရေးများ အောင်မြင်မည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် အဆင်မပြေဖြစ်ရတတ်သည်။ လူကြီးမိဘများက သဘောမတူနိုင် ဖြစ်နေသည်။ မိမိ၏ အရည်အချင်းကိုပြပါ။

**ပညာရေး။** ။ ပညာရေး ကံဇာတာတက်နေသောကာလ ဖြစ်သည်။ အချစ်ရေး ဝင်နှောက်တတ်၍ အထူးသတိထားပါ။ ပညာရေးကို ဦးစားပေးပါ။

**ကျန်းမာရေး။** ။ သွေးအားနည်းခြင်း၊ သွေးတိုးခြင်းတို့ ဖြစ်တတ်၍ အစားအသောက်၊ အအိပ်အနေ သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၁၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ နွားနို့ထမင်းကို လူကြီးရော လူငယ်ရော ကလေးများပါ (တတ်နိုင်သမျှ)ကျွေးမွေးဒါနပြုပါ။

### တနင်္လာ

**စီးပွားရေး။** ။ ငွေရေးကြေးရေး အဆင်ပြေမည်။ ငွေကြေးလဲလှယ်၊ ရောင်းဝယ်ရေးတို့တွင် အမြတ်များမည်။ ငွေပန်းထိမ်လုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ ဆန်စပါးကိစ္စများ အရင်းများသလောက် အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းနှင့်ပတ်သက်၍ အထက်လူကြီးက အထင်အမြင်လွဲတတ်သည်။ သံသယဝင်တတ်သည်။ ငွေရေးကြေးရေးကိစ္စများတွင် စာရင်းဇယား တိတိကျကျလုပ်ပါ။

**အိမ်တွင်းရေး။** ။ တစ်ဦးအပေါ် တစ်ဦးသံသယများဖြင့် အထင်အမြင်လွဲမှားတတ်သည်။ ငွေကြေးသုံးစွဲမှုတွင် သတိထားပါ။ ဝေးရပ်မြေရှိ သားသမီးများထံမှ သတင်းကောင်း ကြားရတတ်သည်။

**အချစ်ရေး။** ။ အချစ်ရေးအဆင်ပြေမည့်ကာလဖြစ်သည်။ ချစ်သူမရှိသေးသူများ ချစ်သူရရှိမည်။ ချစ်သူရပြီးသူများ ထပ်မံ စန်းပွင့်တတ်သည်။

**ပညာရေး။** ။ ပညာရေး ကံဇာတာတက်သောကာလ ဖြစ်သည်။ ဝိဇ္ဇာ/သိပ္ပံပညာရပ်နှစ်မျိုးလုံး အောင်မြင်မည်။

**ကျန်းမာရေး။** ။ ရုတ်တရက် ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ လေထိုးလေအောင့်ဖြစ်တတ်၍ အနေအထိုင် အစားအသောက်သတိပြုပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၂၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ လုပ်ကိုင်ဆောင်ရွက်ပြောဆိုရန် ကိစ္စရှိလျှင် ဘုရားအား ထန်းသီး သို့မဟုတ် ထန်းသီးမုန့်(၂)လုံးကပ်ပါ။

### အင်္ဂါ

**စီးပွားရေး။** ။ဆန်စပါးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။ ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ရေး၊ ကုသရေးလုပ်ငန်းများ အောင်မြင်မည်။ငွေဝင်မည်။ ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ ဝန်ထမ်းအနေဖြင့် လုပ်ငန်းတွင် ပြဿနာမရှိ၊ ခရီးထွက်ရကိန်းရှိသည်။ ကောင်းသော ခရီးပါ။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်နှင့် ရန်ပြဿနာဖြစ်ရတတ်သည်။ သားသမီးအတွက် စိတ်ပူပန်ရတတ်သည်။

**အချစ်ရေး။** ။ ချစ်သူရှိပြီးသူများ မိုးထဲရေထဲမှာ လက်ထပ်ပွဲကျင်းပရလိမ့်မည်။ လိုက်ဖက်သော အိမ်ထောင်ဖက်နှင့် ချစ်သူဖြစ်မည်။

**ပညာရေး။** ။ အခက်အခဲတွေ့သော် စိတ်မပျက်နှင့်၊ ကျော်လွှားနိုင်အောင် အစွမ်းကုန် ကြိုးစားပါ။

**ကျန်းမာရေး။** ။လေထိုးလေအောင့်၊ ဗိုက်နာဖြစ်တတ်၍ ဝမ်းနှုတ်စေသော အစားအသောက်များကို သတိထား ရှောင်ရှား စားသောက်ပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၅၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ နွားနို့ကို သကြားများများထည့်၍ အိမ်တွင်းရှိ လူအားလုံးကို (၃)ခွက်စီတိုက်ပါ။

### ဗုဒ္ဓဟူး

**စီးပွားရေး။** ။ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရရှိမည့်ကာလ ဖြစ်ပါသည်။ စက်ရုံလုပ်ငန်းများ၊ အမျိုးသမီးအသုံးအဆောင်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ အလှကုန်များ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်တွင် အကြီးအကဲ၊ အထက်လူကြီး၏ အပြစ်တင်မှုကို ခံရတတ်သည်။ လုပ်ဖော်ကိုင်ဖက်ထဲမှ မိမိအား အပြစ်ရှာလိမ့်မည်။ သတိထားပါ။



www.burmeseclassic.com

www.burmeseclassic.com

**အိမ်တွင်းရေး** ။ အောက်လက်ငယ်သား၊ တပည့်၊ ဆွေမျိုးတို့ကြောင့် အိမ်တွင်းရေး အဆင်မပြေဖြစ်ရတတ်သည်။ သားသမီးထဲမှ ခရီးဝေး (သို့မဟုတ်) နိုင်ငံခြားခရီး ထွက်ကိန်း ရှိနေသည်။







**အချစ်ရေး** ။ ချစ်သူမရှိသေးသူများ အသားဖြူဖြူ၊ ရုပ်ချောချောချစ်သူနှင့် ဖူးစာဆုံမည်။

**ပညာရေး** ။ ပညာရေးတွင် ကြိုးစားသည်ထက် ပို၍ အောင်မြင်မှုရရှိမည်။ မည်သည့်သင်တန်းတက်တက် ထူးထူးချွန်ချွန် အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး** ။ ခေါင်းမူး၊ ခေါင်းကိုက်ဝေဒနာ ခံစားရတတ်သည်။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ အိမ်ရှိ လူကြီးလူငယ်အားလုံးတို့အား အုန်းနို့ကျောက်ကျော (၄)တုံးစီ ကျွေးမွေးဒါနပြုပါ။

## ကြာသပတေး

**စီးပွားရေး** ။ လျှပ်စစ်ထုတ်လုပ်ရေး၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများ စီးပွားဖြစ်မည်။

ပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အမြတ်အစွန်း များမည်။ သို့သော် လက်ငင်းထက် အကြွေးများနေမည်။

**ဝန်ထမ်းရေးရာ** ။ အလုပ်အကိုင်များ အဆင်ပြေမည်။ လူကြီးများ၏ ချစ်ခင်မှု၊ ကူညီမှုများရရှိမည်။

**အိမ်တွင်းရေး** ။အိမ်တွင်းရေး ချစ်ချစ်ခင်ခင်နှင့် သာသာယာယာရှိမည်။ သားသမီးတို့၏ စီးပွားရေး အဆင်ပြေအောင်မြင်မည်။ အိမ်သစ်ယာသစ်တွင် နေထိုင်ရကိန်းဝင်ကိန်းရှိသည်။

**အချစ်ရေး** ။ အချစ်ရေးတွင် သံသယကြောင့် အစွပ်အစွဲခံရပြီး ပြဿနာဖြစ်ရတတ်သည်။

**ပညာရေး** ။ ပညာရေးအတွက် နိုင်ငံခြားခရီးရှိသည်။ အခြားလူများ၏ ကူညီမှုကြောင့် အောင်မြင်မည်။ သင်တန်းသစ်များ တက်ခွင့်ကြုံရလိမ့်မည်။

**ကျန်းမာရေး** ။ ခြေထောက်နာခြင်း၊ ခြေခေါက်လဲခြင်းတို့ ဖြစ်တတ်၍ အသွားအလာ အထိုင်အထတွင် သတိဖြင့် သွားလာလှုပ်ရှားပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်စီမံလုပ်ကိုင် ပြောဆိုရန်ကိစ္စများရှိပါက အိမ်ရှိဘုရားတွင် စိန်ခြယ်ပန်းပွင့် (၁၉)ပွင့် ကပ်လှူပူဇော်ပါ။ စိန်ခြယ်ပန်းမရပါက စိန်ခြယ်ကိုင်း(၁၉)ကိုင်း ကပ်လှူပါ။

## သောကြာ

**စီးပွားရေး** ။ မြေအရောင်းအဝယ်ကိစ္စများ အကျိုးအမြတ်များမည်။ အမျိုးသမီးအသုံးအဆောင်များ၊ အသင့်ချုပ်ပြီးသား အဝတ်အထည်များ၊ ဝတ်စုံများ အရောင်းအဝယ်ကောင်းမည်။ ငွေဝင်ကောင်းမည့်ကာလ ဖြစ်သည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းတာဝန်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ကြိုးစားဆောင်ရွက်ရလိမ့်မည်။ အထက်လူကြီးများ၏ ချီးမြှင့်မှုကို ခံစားရမည်။

**အိမ်တွင်းရေး** ။ သားသမီးကိစ္စကြောင့် အိမ်တွင်းရေး အဆင်မပြေ ဖြစ်ရတတ်သည်။ နှစ်ဖက်ဆွေမျိုးများကြောင့် ငွေကုန်ကြေးကျများမည်။

**အချစ်ရေး** ။ အချစ်ရေး အောင်မြင်နေသည်။ လက်ထပ်ဖို့ကိစ္စ အဆင်ပြေချောမောမည်။

**ပညာရေး** ။ ပညာရေးကံဇာတာ တက်နေသော ကာလဖြစ်ပါသည်။ ချစ်မှုရေးရာများ ဝင်ရောက်လာ၍ ပညာရေးကို ထိခိုက်တတ်သည်။

**ကျန်းမာရေး** ။ ဆိုးဆိုးရွားရွားရောဂါကြီးများ မရှိသော်လည်း စိတ် ဖိစီးမှုကြောင့် ရောဂါရတတ်သည်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၃၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဘုန်းတော်ကြီးအား ဗီး(ဘီး)ယို(၆)ကျပ်သား သို့မဟုတ် (၁၀)ကျပ်သား လှူဒါန်းပါ။ ဗီး(ဘီး)ယိုမရပါက ဗီး(ဘီး)ဖျော်ရည် ပုလင်းဝယ်ကပ်ပါ။

## စနေ

**စီးပွားရေး** ။ ယှဉ်ပြိုင်မှုလုပ်ငန်းများ၊ သူရသတ္တိဆိုင်ရာလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ စစ်ဖက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်တိုးတက်မည်။

နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရလိမ့်မည်။

**ဝန်ထမ်းရေးရာ** ။ခရီးဝေးတွင် လုပ်ငန်းများသွားရောက်လုပ်ကိုင်ရမည်။ မထင်မှတ်ဘဲ ရာထူးတိုးတက်သည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးများ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးများ ကောင်းမွန်မည်။

**အချစ်ရေး** ။ ချစ်သူမရှိသေးသူများ ချစ်သူဖြစ်ခါနီးမှ မမျှော်လင့်ဘဲ လွဲသွားတတ်သည်။ ချစ်သူရှိသောသူများ စွပ်စွဲမှုသံသယကြောင့် အဆင်မပြေဖြစ်ရတတ်သည်။

**ပညာရေး** ။ အခက်အခဲရှိမှ ထူးခြားအောင်မြင်မှု ရရှိမည်။ သို့ဖြစ်၍ အခက်အခဲတွေ့တိုင်း စိတ်အားမလျှော့ဘဲ ပို၍ ကြိုးစားပါ။ ပို၍ အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး** ။ ဝမ်းဗိုက်နာခြင်း၊ အောင့်ခြင်းတို့ဖြစ်တတ်၍ဝမ်းနုတ်များကို မစားပါနှင့်။ ဗိုက်ကို အအေးမခံပါနှင့်

**ဆောင်ရန်ရက်များ** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၅၊ ၈၊ ၁၃၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ပေါင်မုန့်(၇)ချပ် သို့မဟုတ် (၁၀)ချပ်ကို ယို[illegible] ကလေးများကို ကျွေးမွေး ဒါနပြုပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်ပမှာ

အခြေချနေထိုင်ရမည့်သင်္ကေတ




သရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


ပြည်ပကြီး၊ နိုင်ငံကြီးတစ်နိုင်ငံမှာ အလုပ်လုပ်ကိုင် နေထိုင်ခွင့်ရထားတဲ့ သမီးဖြစ်သူနဲ့အတူ အသက်ခြောက်ဆယ်ကျော်မိခင်(မုဆိုးမ) အမျိုးသမီးကြီးတစ်ဦးက လိုက်ပါနေထိုင်ဖို့အတွက် သံရုံးမှာ မိသားစုဗီဇာလျှောက်လွှာတင်ရင်း အမြန်ဆုံး ဗီဇာကျဖို့ ယတြာအစီအရင်လာလုပ်တဲ့ အမျိုးသမီးရဲ့ ဘယ်လက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါတယ်။

(၁၇–၁၁–၂၀၀၉)မှာ ယတြာအစီအရင်လာလုပ်ပြီး (၂၅–၁၁–၂၀၀၉)မှာ မိသားစု ဗီဇာကျလို့ အဲဒီနိုင်ငံကြီးမှာ သွားရောက် နေထိုင်လျက်ရှိပါပြီ။

သူမရဲ့လက္ခဏာကို လေ့လာကြည့်ပါ။

"က"အက္ခရာနဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်း အောက်ခြေပြတ်နေခြင်း ဖြစ်ပါတယ်။

* * *




"ခ"အက္ခရာနဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းက သောကြာဂြိုဟ်ခုံထဲ ကွေးဝင်လာအောင် ထောင်လိုက်မျဉ်းတတ် ဝိတ်

www.burmeseclassic.com



ဦးမင်းဇင်
(ရွှေနဝင်း)

အိန်ကြေးရည် မျက်တောင်တစ်ချက်ခတ်ချိန်

# သုဝဏ္ဏရွှေ

"နည်းကမခက် မီးကခက်"၏ "ဉာဏ်ချင်းတူ ယူတော့"ဆိုသည့် စကားရပ်သည် အဂ္ဂိရတ်အတတ်ပညာတွင် မီးနေမီးထား အကဲခတ်တတ်သည့်ပညာ ကျွမ်းကျင်လိမ္မာပုံကို ညွှန်းဆိုသော စကားရပ် ဖြစ်ပါသည်။

အဂ္ဂိရတ်ပညာကို ဝါသနာပါ၍ လေ့လာလိုက်စားချင်သူ ဝါသနာရှင်များသည် လေ့လာသင်ယူခါစတွင် ကြားဖူးသမျှသော အဂ္ဂိရတ်လုပ်ရတ်နည်းနာမှန်သမျှကို လွယ်ကူစွာ ဖြစ်မြောက်အောင်မြင်နိုင်သည်ဟု အထင်ရောက်ပြီး နည်းအမျိုးမျိုးကို လက်တွေ့လုပ်ကိုင် စမ်းသပ်ကြည့်ကြသည်မှာ လူတိုင်း သဘာဝပင် ဖြစ်သော်လည်း လုပ်ကြည့်ပြီးမှ "ဟီး"ချသွားကြသူများ ဖြစ်တော့သည်။

အဂ္ဂိရတ်ပညာရှင် ရှေးဆရာကြီးများသည် မိမိတို့အောင်မြင်ခဲ့ကြသည့် လမ်းစဉ်များကို စေတနာအပြည့်ထားပြီး နောင်လာနောက်သားများ ဉာဏ်ချင်းတူ၍ မီးအတတ်ပညာကို အကဲခတ်ကျွမ်းကျင်ကြလျှင် အကျိုးကျေးဇူးခံစားနိုင်ကြစေရန် ရည်သန်၍ နည်းစနစ် လမ်းစဉ်များကို လက်ာသီကုံး၍ အဂ္ဂိရတ်လုပ်ထုံးအဖြစ် အမွေချန်ထားခဲ့ကြပါသည်။

ဥပမာအားဖြင့်...

၁။ သံသေ အိန်ကြေ သုဝဏ္ဏရွှေ။
၂။ ရွှေသံပြာရောက် အာယုပေါက်။
၃။ သွပ် ဒုဋ္ဌာ နာ ပြဒါး... တစ်သက်လုပ်စားရေ့။
၄။ ဘော် အိန် သံ ရွှေလမ်း...ထွက်ရပ်မြန်။
၅။ ကြိတ်ကြေပြာတစ်ပဲ...အိန်တစ်ဆယ်ဝဲလေတော့။
၆။ အိန် မျက်တောင်တစ်ချက်ခတ်ချိန်... သုဝဏ္ဏရွှေ။

စသည်အားဖြင့် နည်းပညာများကို လက်ာသံပေါက်များဖြင့် ကျစ်လျစ်စွာ ဖွဲ့ဆို၍ လျှို့ဝှက်စွာ ပညာအမွေ ထားရစ်ခဲ့ကြပေသည်။

ထိုသို့သော အဂ္ဂိရတ်နည်းပညာများထဲမှ "အိန်(ကြေးရည်)မျက်တောင်တစ်ချက်ခတ်ချိန် သုဝဏ္ဏရွှေ"ဆိုသည့် မီးမများသည့် ကြေး ပြဒါးလမ်းစဉ် မီးပညာရပ်တစ်ခုအကြောင်းကို တင်ပြပေးပါမည်။

စာရေးသူတို့နယ်တွင် ရှေးမီးနောက် **မီသက်တော်ရှည်အာစာနည်ကျောင်း ဆရာတော်ကြီးကိုယ်တိုင် ငယ်စဉ်ကိုရင်ဘဝက တွေ့မြင်ခဲ့ရသည့်** အမှန်တကယ် ဖြစ်ခဲ့သည့်နည်း ဖြစ်ပါသည်။

သို့သော် နည်းလွယ်သလောက် မီးပညာမီးကို မှန်းဆရန် လွန်စွာ ခက်လှပါသည်။ ဆရာတော်ကြီး ငယ်စဉ်ကိုရင် ဆယ့်သုံး၊ ဆယ့်လေးနှစ်သားအရွယ်က ဆရာတော်ကြီး၏ ငယ်ဆရာရင်းမှာ ထိုအချိန်က သက်တော်(၈၀)ကျော်ပြီဖြစ်၍ အဂ္ဂိရတ်ပညာဝါသနာပါခဲ့သော်လည်း သက်ရွယ်တော်အားဖြင့် မီးပူ၊ အညောင်းမိဒဏ်မခံနိုင်တော့၍ အဂ္ဂိရတ်ပညာကို ရပ်နားထားခဲ့လေပြီ။

သို့သော် ဆရာတော်ကြီး၏ လက်ငုတ်လက်ကျန်ဖိုရုံနှင့် အဂ္ဂိရတ်ဆိုင်ရာ ပစ္စည်းပစ္စယများကိုတော့ ဆရာတော်၏တပည့် ဖိုးသူတော်ကြီးက ဆက်ခံ၍ မတောက်တစ်ခေါက်တတ်ကစားနေလေသည်။

တစ်နေ့တွင် ကျောင်းဝင်းထဲသို့ ရသေ့ဝတ် အသက်(၇၀)ကျော်ခန့်

www.burmeseclassic.com

ဘရသေ့ကြီးတစ်ဦး ရောက်ရှိလာပြီး ဆရာတော်ကြီးကို ဝတ်ဖြည့်ကန်တော့ပြီး…

'တပည့်တော် နယ်လှည့်ပြီး ဘုရားဖူး အဓိဋ္ဌာန်ဆောက်တည်ပြီး ပါရမီဖြည့်ကျင့်နေသူဖြစ်ပါတယ် ဘုရား။ ယခုလဲ ဒီနယ်ဘက်မှာ အဓိဋ္ဌာန်ဝင်ရင်း ဆရာတော်ဘုရားရဲ့ကျောင်းမှာ (၇)ရက်တစ်ပတ်ခန့် တည်းခိုခွင့်ပြုပါ ဘုရား'

ဟု လျှောက်ထားလေတော့ ဆရာတော်ကြီးကလည်း ကြည်ဖြူစွာပဲ တည်းခိုခွင့် ပြုခဲ့လေသည်။

'ဦးရသေ့…ကျုပ်တပည့် ဖိုးသူတော်ရဲ့ ဖိုခန်းဇရပ်မှာ သဘောကျသာ တည်းပေတော့ဗျာ'

ဟု မိန့်လေသည်။

'ဟဲ့ ကိုရင်…ဦးရသေ့ကို သူတော် ဖိုခန်းဇရပ်ကို ခေါ်သွားပြီး နေရာချထားပေးလိုက်'

ဆိုရင်ပဲ ကိုရင်က ဦးရသေ့ကို ဘသူတော်ဖိုခန်းဇရပ်သို့ ခေါ်ဆောင်သွားလေသည်။

ဒီလိုနဲ့ ဦးသူတော်ကြီးနဲ့ ဘရသေ့ကြီးတို့နှစ်ဦး ရင်းနှီးသွားပြီး ဦးသူတော် မတောက်တစ်ခေါက်လုပ်ကိုင်နေသော ဓာတ်ကစားဖိုထိုးနေခြင်းကို အကဲခတ်နေပြီး…

'ဦးသူတော်က ဖိုထိုးတာ ဝါသနာကြီးပုံရတယ်။ ကျုပ်ရောက်ကတည်းက ကြည့်နေတာ တစ်နေ့လုံး နားနေတယ် မရှိဘူး အားတာနဲ့ ဖိုဆွဲနေတာကြီးပဲ တွေ့နေရတယ်'

'ဟာ ဘရသေ့ကလဲ ကျွန်တော်က ဝါသနာပါပေမယ့် ဘာမှ ဟုတ်တိပတ်တိ သိလှတယ် မဟုတ်ပါဘူး။ဆရာတော်ကြီးရဲ့ လက်ငုတ်လက်ကျန် ဖိုရုံခန်းက အဆင်သင့်ရှိနေတာနဲ့ ဒီလိုပဲ ဘာများ ဖြစ်လာမလဲဆိုပြီး ရမ်းထိုး



မှန်းထိုး အဂ္ဂိရတ်သမားပါ'

'ဒီလိုတော့လဲ ဘယ်ဟုတ်ပါ့မလဲ ဦးသူတော်ရယ်။ နည်းကမခက် မီးကခက် ဉာဏ်ချင်းတူ ယှူတော့ဆိုတဲ့ အဂ္ဂိရတ်ပညာဆိုစကားလဲ ရှိနေတာပဲ' ဟာ။

'ကိုယ်စိတ်အားထက်သန်တဲ့ နည်းတစ်ခုခုကို တစ်စိုက်မတ်မတ် အားထုတ်ပြီး မီးပညာအကဲခတ်နည်း ကျွမ်းကျင်အောင် လေ့လာလိုက်ရင် မအောင်မြင်စရာ မရှိပါဘူး'

'ဘရသေ့ကြီး အားပေးမှပဲ ကျွန်တော် အားတက်လာတယ်။ လက်လျှော့ဖို့ အကြိမ်ကြိမ် စဉ်းစားနေတာ။ အကယ်၍များ ဘရသေ့ကြီးမှာ အဂ္ဂိရတ် နည်းလမ်းကောင်းလေးများ ရှိခဲ့ရင် ကျွန်တော့်ကို တပည့်ရင်းအဖြစ် သတ်မှတ်ပြီး ပညာအမွေ စွန့်ခဲ့ပါဦး'

'အေးလေ ကျုပ်လဲ ဒီကျောင်းမှာ နောက် သုံး,လေးရက်လောက်နေဦးမှာဆိုတော့ ဦးသူတော်ကို ပညာဒါနတစ်ခုတော့ ပြပေးခဲ့ပါ့မယ်။ ဒါပေမယ့် ဦးသူတော်ရဲ့ ယူနိုင်တဲ့ ဉာဏ်အားပေါ်မှာတော့ တည်နေတယ်နော်'

'ဝမ်းသာလိုက်တာ ဘရသေ့ကြီးရယ်။ ကျွန်တော် ဘာဓာတ်ပစ္စည်းတွေများ ရှာပေးရမလဲ စိတ်ကြိုက်သာပြောပါ'

'ဘာမှ သိပ်မလိုပါဘူးလေ။ အခု ဦးသူတော်ဖိုခန်းမှာ ပြဒါးရှိတယ် မဟုတ်လား။ ပြီးတော့ ကြေးနီတစ်ကျပ်သားလောက်ရှိရင်ပဲ ကိစ္စကပြည့်စုံနေပါပြီလေ'

'ဟာ ဘရသေ့ပြောတဲ့ ဓာတ်ပစ္စည်းတွေကတော့ အားလုံး နဂိုကတည်းက ရှိပြီးသားပဲ။ ဒါဆို ဆွမ်းစားပြီးရင် လုပ်ရတ်ပညာ စလို့ရမလား'

ဟု အားရဝမ်းသာစွာဖြင့် ဦးသူတော်ကြီး မေးလိုက်လေသည်။

ဆွမ်းစားပြီး၍ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းသောက်နေစဉ် ဘရသေ့ကြီးက…

'ဦးသူတော် ကျောင်းပေါ်မှ ဒန်မောင်းထောင်ခွက် သန့်သန့်တစ်လုံးလောက် ရမလား'

ဟု မေးသည်။

ဘရသေ့ စကားမဆုံးသေးမီ ဦးသူတော်က ကျောင်းမကြီးပေါ်က မောင်းထောင်ခွက်အသစ်ကြီးကို ယူချလာလေသည်။

'ကဲ…ဟုတ်ပြီ ဦးသူတော်၊ အဲဒီ မောင်းထောင်ခွက်ကို ကျုပ်ကိုပေး။ ခင်ဗျားက ပြဒါး (၁)ကျပ်သားလောက် ရွှေကျိုလုံးကလေးနဲ့ထည့်ပြီး ယူလာခဲ့'

ဟု ရသေ့ကြီးက ခိုင်းလိုက်သည်။

ဦးသူတော်ယူလာသော ဒန် မောင်းထောင်ခွက်ကြီးထဲသို့ လုံးပက်ထဲမှပြဒါးကိုလောင်းထည့်လိုက်ပြီး ဘရသေ့ကြီးက မောင်းထောင်ခွက်ကြီးရဲ့ အတွင်းပိုင်းတစ်ဝိုက်ကို ပြဒါးတစ်ကျပ်သား အရည်ဖြင့် အားရပါးရ လက်ဝါးဖြင့် လှည့်ပတ်ခါ ပွတ်လေတော့သည်။

နာရီဝက်ခန့်အကြာတွင် ဒန်မောင်းထောင်ခွက်ကြီး အတွင်းတွင် ပြဒါးအရည်များပျောက်သွားပြီး ညိုညစ်ညစ် ဆေးလိပ်ပြာကဲ့သို့ အမှုန်များသာ တွေ့


www.burmeseclassic.com

www.burmeseclassic.com

ရတော့သည်။

ထိုအခါ ဘရသေ့ကြီးက လက်ဖြင့် ပွတ်နေတာကို ရပ်လိုက်ပြီး စက္ကူအဖြူ တစ်ရွက်ပေါ်သို့ ထို ညိုညစ်ညစ် ပျားမှုန်များကို သေချာစွာ ခေါက်ချပြီး စု၍ ရွှေကျို လုံပက်ကလေးထဲသို့ ထည့်လိုက်လေသည်။

ပြီးတော့ "ဦးသူတော် ဒီပြာလေးကို လေးပုံ,ပုံပြီး တစ်ပုံကို မှိုင်းကိုင်စက္ကူ လေးနဲ့ထုပ်ပြီး ကျုပ်ဆီကို ယူလာခဲ့" ဟု ခိုင်းလိုက်ပါသည်။

ဦးသူတော်က လေးပုံ,တစ်ပုံ ချိန်ထားသည့် ပြာထုပ်ကလေးကို ဘရသေ့ကြီးကို ပေးလိုက်တော့...

"ကဲ... ဖိုကို မီးပျိုးပြီး ကြေးနီတစ်ကျပ်သားလောက်ကို ဆံ့လောက်တဲ့ လုံထဲသို့ထည့်ပြီး ဖော်ကောင်းကောင်း မံထား" ဟု ဆက်တိုက်လုပ်ခိုင်းသည်။

ဦးသူတော်ကြီး အားလုံး လုပ်ပြီးသွားချိန်မှာ ဘရသေ့ကြီးက ထိုကြေးနီ တစ်ကျပ်သားထည့်၍ ဖော်ကောင်းစွာ မံထားသောလုံကို ညှပ်ဖြင့်ကိုင်၍ ဖိုမီး အပူရှိန်ကလေးဖြင့် လှည့်ပတ်၍ ဖော်မံထားသည့်ရွှံ့ ခြောက်သွားအောင် မီးကင်လေသည်။

လုံ ဖော်ခြောက်သွားပြီဆိုသည်နှင့် လုံကို နှာပေါက်နှင့် ခါးတိုက်အနေအထား တည့်တည့်ချိန်ပြီး နှာဝလေပေါက်နှင့် လက်(၂)လုံး အကွာထားပြီး လုံကို သေချာစွာ အထိုင်ချပေးပြီး ဦးသူတော်ကြီးကို...

'ကဲ ဦးသူတော်ရေ... ခင်ဗျား လက်စွမ်းနဲ့ လုံထဲက ကြေးနီတစ်ကျပ်သား အရည်လည်ပြီး ဆိတ်မျက်လုံးကျအောင် လက်စွမ်းပြပေတော့'

ဟု ပြောလိုက်သည်။

ဦးသူတော်ကြီး လေးဆယ့်ငါးမိနစ်ခန့် ဖိုဆွဲပြီး လက်စွမ်းပြလိုက်သည်။



လုံအဖုံးကို ညှပ်နဲ့ ဖွင့်ကြည့်လိုက်တဲ့ အခါ ကြေးနီ တစ်ကျပ်သားသည် အရည်လည်ပြီး ဆိတ်မျက်လုံးကဲ့သို့ ပြူးပြီးနေလေပြီ။

ထိုအခါမှာ ဘရသေ့ကြီးက လေးပုံ,တစ်ပုံ ခွဲယူထားသော မှိုင်းကိုင်စက္ကူနှင့် ထုပ်ထားသည့် ပြာထုပ်ကလေးကို ညှပ်အပါးကလေးနှင့် သေချာစွာ ကိုင်ပြီး ဖိုခွင်အတွင်းမှ ဆိတ်မျက်လုံးကျပြီး အရည်လည်နေသည့် ကြေးရည်ကို မပြတ် သတိထားပြီး ကြည့်နေပါသည်။ ပါးစပ်မှလည်း...

'ကဲ ကိုသူတော်ရေ ဒီနေရာ ဒီအချိန်ဟာ မောင်ရင့်အတွက် ဉာဏ်မျက်စိ၊ ပညာမျက်စိ ပကတိ မံသမျက်စိတို့ကို အစွမ်းကုန်ဖွင့်ပြီး တစ်သက်လုံး မှတ်မိနေအောင် သေချာစွာကြည့်ပြီး ပညာယူပေတော့...။ ကျုပ်ကတော့ မောင်ရင်ကို ပညာကုန်ပြပေးနေတာပဲ'

'အခု ကြေးရည်ဟာ ဆိတ်မျက်လုံး ကျအောင် ပြူးနေရာကနေ တစ်မုဟုတ်ချင်း မျက်တောင်ခတ်လာလိမ့်မယ်၊ သေချာကြည့်ထားနော်၊ ဟော... မျက်တောင်ခတ်ပြီ အဲဒါပဲ'

ဆိုပြီး ဘရသေ့ကြီး ညှပ်အပါးလေးနဲ့ ကိုင်ထားသည့် ပြာထုပ်ကလေးကို တစ်ခါတည်း လုံအတွင်းသို့ ပစ်ထည့်လိုက်ပါသည်။

ထိုအခါ ကြေးနီရည်ပေါ်တွင် သက်တံသဖွယ် အရောင်စုံထွက်ပြီး ပြာထုပ်လေးသည် သီတင်းကျွတ်မီးပန်းကဲ့သို့ ဖြာခနဲ တစ်ချက် ခတ်လိုက်ပြီး ကြေးရည်သည် ကွိခနဲ တစ်ချက်မြည်ပြီး ငြိမ်ကျသွားလေသည်။

ထိုအခါ ဘရသေ့ကြီးက ဦးသူတော်ဖိုကို မပြတ် ဆက်ဆွဲထား။ နောက်နာရီဝက် အချိန်ပြည့်မှ ရပ်ပြီး ဖိုတိုက်ထဲမှာ အလိုချမ်းထားလိုက်ဟု မှာပြီး ကွပ်ပျစ်ပေါ်မှာ ပြန်ထိုင်၍ ကွမ်းယာပြီး ကွမ်းမြုံ့နေလေတော့သည်။

အားလုံးပြီးသွား၍ လုံအေးသည့်အခါ ဖိုခွင်အတွင်းမှ ထုတ်ယူပြီး ဘရသေ့ကြီးထံ လုံကို အပ်လိုက်လျှင် ပဲ လုံခွဲသည့် ရိုက်တံကလေးနဲ့ ခွဲလိုက်သည့်အခါ ဝါဝင်းပြီး စိုအိနေသည့် ယခင်ထည့်ထားသည့် ကြေးနီပမာဏထက် တစ်ဝက်ခန့်သာ ခန့်မှန်းရသည့် သတ္တုအလုံးကလေး ထွက်လာပါသည်။

ဦးသူတော်ကြီးက ချိန်ခွင်နှင့် ချိန်ကြည့်သည့်အခါ မူလ အလေးချိန် တစ်ကျပ်သားအတိုင်းရှိပြီး ခတ်အသားမှာ ဝင်းဝါစိုအိပြီး အနှစ်ကျ၍ ကျစ်လစ်ပြီး ဦးသူတော်ကြီးလက်က မချချင်အောင် ဖြစ်နေပေသည်။

'ကဲ မောင်သူတော်ရေ မင်းရဲ့စကားခံအတိုင်း တပည့်ရင်းလို သဘောထားပြီး ကျုပ်ရဲ့ပညာအမွေကို လက်တွေ့ပြခဲ့ပြီးပြီ။ အခု မြင်ခဲ့ တွေ့ခဲ့တဲ့အတိုင်း မောင်ရင် မီးပညာကို ခန့်မှန်းတတ်၊ အကဲဖြတ်တတ်မယ်ဆိုရင် အခုလိုပဲ လုပ်တိုင်းဖြစ်ပြီပေါ့။

အဲ... မီးကို လိုက်လို့မမီရင်တော့ နည်းဘယ်လောက်သိသိ လုပ်တိုင်း မဖြစ်ခဲ့ရင် ကျုပ်တာဝန်ကတော့ ကျေပြီ။ ကျန်တာ မောင်ရင့်ရဲ့ ဉာဏ်ပါရမီက ဆုံးဖြတ်ပေးမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com

ဟု နိဂုံးချုပ်လိုက်လေသည်။

နံနက် အရုဏ်တက် အရုဏ်ဆွမ်းစားပြီးလျှင်ပဲ ဘရသေ့ကြီးသည် ဆရာတော်ကို တည်းခိုခွင့်ပြု၍ ကျေးဇူးတင်ဦးတင်ပါကြောင်း လျှောက်ထားပြီး ဦးသူတော်ကြီးကိုလည်း နှုတ်ဆက်ပြီး ကျောင်းမှ ထွက်ခွာသွားလေပြီ။

ဦးသူတော်လည်း မနေ့က ဖြစ်ခဲ့တွေ့ကြုံခဲ့သည်များကို တရေးရေး မြင်ယောင်ပြီး ပြာထုပ်ကလေးနဲ့ပေါက်၍ ဖြစ်ပေါ်လာသော ဝါဝင်းစိုအိနေသည့် ဓာတ်သားလေးကို အသိ ပန်းထိမ်ဆိုင်သို့သွား၍ ပြကြည့်သောအခါ **"ဦးသူတော်ရေ ရွှေဒင်္ဂါးကို ကျိုလာတာလား၊ တစ်ခါတည်း ရောင်းသွားမလား"**ဟု မေးလေသည်။

ဦးသူတော်မှာ "ဟေ အေး"ဟု တစ်လုံးတည်းသာ ပြောပြီး ဓာတ်သားလေးကို ကောက်ယူပြီး ကျောင်းသို့ ပြန်ချလာလေတော့သည်။

ဆရာတော်ကြီးကိုလည်း ဝမ်းသာအားရ အကျိုးအကြောင်းစုံ လျှောက်ထားပြီး ဖိုခန်းဇရပ်သို့ အပြေးလာပြီး မနေ့က ဘရသေ့ကြီး ပြသခဲ့သည့်အတိုင်း သုံးပုံကျန်နေသည့် ပြာကလေးကို တစ်ပုံယူပြီး ပထမနည်းစဉ်အတိုင်း ထပ်တူ ဓာတ်ထိုးလေသည်။

သို့သော် ကြေးရည် ဆိတ်မျက်လုံး ကျလာပြီး ကြေးရည် မျက်တောင်ခတ်သည့်အချိန်ကို အမှန်းရခက်နေလေသည်။

ကြေးရည်လေး နည်းနည်း အရောင်မှိန်လာသည့်အချိန်၊ "ကဲ... ဖြစ်ချင်တာတွေဖြစ်ကွာ"ဆိုပြီး ပြာထုပ်ကလေးကို ပစ်ထည့်လိုက်သည်။

ဒါပေသည့် မနေ့က ဘရသေ့ကြီး ပြခဲ့သလို သက်တံမထွက်၊ မီးပန်းမပြဘဲ အသံ ငြိမ်သက်နေသည်ကို တွေ့ရသည်။

ဒါနဲ့ အားလုံးပြီး၍ လုံကို ခွဲကြည့်လိုက်သည့်အခါ နီနီရဲရဲကို ကြေးခဲကြီးလိုပဲ တွေ့ရလေသည်။ ဝါဝါစိုစို ကိုတ်ဓာတ်ကို မတွေ့ရပေ။

ဒီလိုနဲ့ တစ်ကြိမ်ပြီးတစ်ကြိမ်၊ တစ်ခါပြီးတစ်ခါ အကြိမ်ကြိမ်အလီလီ ကြေးနီပိသာနဲ့ချိုးပြီးကုန်၍ ကျောင်းမကြီးပေါ်မှ ဒန်မောင်းထောင်ခွက်ကြီးများလည်း သက်နှုန်းကတော့ထိုးစရာပင် မကျန်တော့လောက်အောင် ကုန်ခဲ့လေသော်လည်း ဘရသေ့ကြီး ပြခဲ့သည့်အတိုင်း "ကြေးရည် မျက်တောင်တစ်ချက်ခတ်သည့် မီးချိန်ကို ဖမ်း၍ မရနိုင်ခဲ့ပါ"

ဤသည်တို့မှာ စာရေးသူ၏ ဆရာတော် အာဇာနည်ကျောင်းဆရာတော်ကြီး ငယ်စဉ် ကိုရင်ဘဝမှာ အနီးကပ်တွေ့မြင်ခဲ့ရသည့် ဖြစ်ရပ်အမှန် ဖြစ်ပါသည်။

နိဂုံးချုပ်ရသော်...

အဂ္ဂိရတ်ဓာတ်ပညာတွင် **"နည်းကမခက် မီးကခက်၏ ဉာဏ်ရှင်းတူယူပေတော့"**ဆိုသည့် စကားရပ်သည် အဂ္ဂိရတ် ဓာတ်ပညာရပ်ကြီး တစ်ခုလုံး၏ ခက်ခဲနက်နဲပုံ **"ကဲ၊ ပါရမီ ဉာဏ်ပညာတို့ ပြည့်စုံမှသာ အောင်မြင်ပြီးမြောက် ခရီးပေါက်နိုင်မည် ဆိုသည့် "ဥပဒေသ"ကို ဖော်ညွှန်း ပြနေပေတော့သည်။**

**အဂ္ဂိရတ် ဝါသနာရှင်အပေါင်း...**

***"နည်းမှန် ကံမရွေးဘဲ ဉာဏ်ပြေး၍ အောင်ပွဲ ယူနိုင်ကြပါစေသော်"***

**ဦးမင်းဇင် (ရွှေနဝင်း)**

စာမျက်နှာ (၂၁၇)မှ အဆက်

ကာသထားခြင်း ဖြစ်ပါတယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ သောကြာဂြိုဟ်ခုံအစပ်က ကံလမ်းကြောင်းတိုတစ်ခုဟာ တနင်္လာဂြိုဟ်ခုံဘက် ကိုင်းထွက်နေခြင်း ဖြစ်ပါတယ်။

**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ကံလမ်းကြောင်းရှည်တစ်ခုဟာ တနင်္လာဂြိုဟ်ခုံမှ အားကောင်းစွာ ထွက်ပေါ်နေပြီး သံယောဇဉ်လမ်းကြောင်းငယ်ပူးနေခြင်း ဖြစ်ပါတယ်။ ဒီသင်္ကေတများကြောင့် ပြည်တွင်းမှ ထွက်ခွာပြီး ပြည်ပမှာ သမီးနဲ့အတူ သွားရောက် အခြေချနေထိုင်ရခြင်း ဖြစ်ပါတယ်။

တနင်္လာဂြိုဟ်ခုံမှာ ကံလမ်းကြောင်းကို လာပူးတဲ့ သံယောဇဉ်လမ်းဟာ တစ်ခါတစ်ရံမှာ သားသမီးရဲ့ အကူအညီ အထောက်အပံ့ လမ်းကြောင်းအဖြစ် မှတ်ယူနိုင်ကြောင်း သိရှိပါတယ်။

နိုင်ငံခြားခရီးသွားလမ်းကို မတွေ့ရပေမယ့်လဲ နိုင်ငံခြားသွားရောက်နေထိုင်ရတတ်တဲ့ အခြားသင်္ကေတတွေ ရှိသေးတယ်ဆိုတာကို ဗဟုသုတရလိုက်ပါတယ်။

*(လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**

*(ဥပဒေဘွဲ့)*

**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ယာတွေ

# ဘိုးနှံ့အတွက်ကောင်းတဲ့

တောင်သူလယ်သမားကြီးရဲ့ လက်တွေ့အဆောင်ကောင်း ဂါထာတော်

ကောင်းမြင့်မြတ်စိန်

ကျွန်တော်ဟာ မိတ္ထီလာမြို့နယ်က ကုက္ကိုကုန်းရွာကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့က အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ကျွန်တော့်အိမ်သူရဲ့ ဇာတိရွာလဲဖြစ်၊ အိမ်သူရဲ့ မိခင်ကြီးကိုလဲ နှစ်သစ်ကူးဖြစ်လို့ ကန်တော့ရန် သွားရောက်ခဲ့တာ ဖြစ်ပါတယ်။

နောက်ရက် ဧပြီလ(၉)ရက် မနက် (၉)နာရီမှာ မြောင်းပေါက်ရွာက ဦးထွန်းရွှေနဲ့ စကားလက်ဆုံကျခဲ့ပါတယ်။ ဦးထွန်းရွှေဟာ ယခု အသက်(၆၈)နှစ် ရှိပါပြီ။

ကျန်းမာသွက်လက် ဖျတ်လတ်နေဆဲပါပဲ။ တောင်သူလယ်သမားကြီး တစ်ဦးပါပဲ။ ဒါပေမယ့် ခေတ်အမြင် ခေတ်အတွေး ရှိပါတယ်။ ဘာသာတရားလဲ လေးစားကိုင်းရှိုင်းပါတယ်။

ဦးထွန်းရွှေငယ်စဉ် အရွယ်ကောင်းစဉ်က သူကိုယ်တိုင် အံ့ဩဖွယ် အဖြစ်ဆန်းတစ်ခု ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီဖြစ်ရပ်ဆန်း မကြုံခင်က ဘာသာရေးကို သိပ်စိတ်မဝင်စားခဲ့ပါ။ ဘာဂါထာ၊ ပရိတ်တော်ကိုမျှ မရွတ်ခဲ့ပါ။ ခပ်ရှမ်းရမ်း ခပ်ကြမ်းကြမ်း နေခဲ့ပါတယ်။

လူတစ်ဖက်သားကို ရိုက်ဖို့နှက်ဖို့ လက်မနှေးပါ။ ရွာမှာလဲ လူကြီးပိုင်း၊ ခေါင်းဆောင်ပိုင်း တာဝန်ယူထားတော့ စိတ်မာန်ကလဲ ခပ်ထက်ထက် ဖြစ်နေခဲ့ပါတယ်။

မိမိနဲ့ မိမိမိသားစု၊ မိမိရပ်ရွာကို မထီပါးနဲ့၊ မထီလေးစားမလုပ်နဲ့ လုပ်လာသူကိုတော့ ဘယ်သူဖြစ်ဖြစ် မညှာ



◆ တောင်သူလယ်သမားကြီး ဦးထွန်းရွှေ
(မြောင်းပေါက်ရွာ မိတ္ထီလာမြို့နယ်)

တာပါ။ ချက်ချင်းလက်တုံ့ပြန်ရမှ ကျေနပ်တတ်သူဖြစ်ပါတယ်။

ဦးထွန်းရွှေက သူရဲ့ ငယ်စဉ်က အကြောင်းတွေကို ပြောပြခဲ့ရာ သူပြောတဲ့ ဖြစ်ရပ်ဆန်းအကြောင်းကို သူပြောတဲ့အတိုင်း ဖော်ပြလိုက်ပါတယ်။

'ငါ အသက်(၃၅)နှစ်လောက်က ပေါ့။ ညနေ မှောင်စပျိုးတဲ့အချိန်မှာ ရွာမြောက်တံခါးက လူတစ်ယောက် ဝင်လာတာ တွေ့လိုက်ရတယ်၊ ငါ့အသိလို့ ထင်ခဲ့တာ။ လုပ်စရာလေး တစ်ခုလုပ်နေတုန်းမို့ နှုတ်[illegible]က် လိုက်ရဘူး။

ငါ့အိမ်သွားတာဖြစ်မယ်ထင်လို့ လုပ်စရာရှိတာ လုပ်ပြီး နောက်က လိုက်သွားတယ်။ အိမ်ရောက်တော့ မိန်းမကို ညှော်သည်မလာဘူးလားလို့ မေးတော့ လူတစ်ယောက်တော့ အိမ်ဝင်းထဲ ဝင်လာပြီး ဖြတ်သွားတယ်။ ဘာမှလဲ ပြောမသွားဘူးတဲ့။

အဲဒီတော့ ငါ့စိတ်ထဲမှာ ကသိကအောက် ဖြစ်သွားတယ်။ ငါ့အသိထဲက မဟုတ်ဘူး။ လူစိမ်းပဲဖြစ်မယ်။ ဒီလို ညအချိန် ဘာလို့လာတာလဲ။ ငါတို့ရွာတွေက ညဘက်ဆို လူစိမ်းတွေကို သတိထားတယ်။

အဲဒီအချိန်က တချို့ ရွာနားနီးချင်း ရွာတွေမှာ လူဆိုးလူခိုးတွေရှိတယ်။ ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်မစားတဲ့သူတွေ ရှိတယ်။

ဒါကြောင့် ငါလဲ အဲဒီလူ ထွက်သွားတဲ့ဘက် မေးပြီးတော့ နောက်က ချက်ချင်း လိုက်တော့တာပဲ။ ရွာအပြင်ရောက်တဲ့အထိ မတွေ့ဘူး။ ဒါနဲ့ ငါ့ရဲ့ မြင်းကိုစီးပြီး ရွာအပြင် ယာခင်းတွေထဲအထိ လိုက်ရှာတယ်။

လူတစ်ယောက်ဟာ "သဲတောညောင်အိုင်ရွာ" ဘက်သွားနေတာ တွေ့လိုက်ရတယ်။ ဒါကြောင့် ငါလဲ မြင်းစီးပြီး လိုက်တာပေါ့။ အဲဒီလူကလဲ နောက်က လိုက်လာသံကြားတော့ ထွက်ပြေးတယ်။ ငါက သူ့ရှေ့နား ရောက်တော့ မြင်းနဲ့ ဝင်တိုက်တယ်။ မြင်းက သူ့အပေါ်က ကျော်သွားတယ်။

ငါလဲ မြင်းပေါ်က ဆင်းပြီး အဲဒီလူကို လက်သီးနဲ့ထိုးတာပေါ့။ အဲဒီလူကလဲ ငါ့ကို ပြန်ထိုးတယ်။ ငါနဲ့ အဲဒီလူနဲ့



www.burmeseclassic.com

www.burmeseclassic.com

ထိုးကြိတ်သတ်ပုတ်နေတုန်း ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။

ဟာ... ဒီလူဟာ လူကောင်းပဲ။ သူ့မှာ ဘာလက်နက်မှလဲ မပါဘူး။ သူ့ရုပ်ကလဲ မရိုးသားတဲ့ ရုပ်မဟုတ်ဘူး။ တည်ကြည်တယ်။ ဒါနဲ့ ငါက သူ့ကို ဆက်ပြီး ရန်မလုပ်တော့ဘူး။

အဲဒီအချိန်မှာ ငါတို့ရွာသား တစ်ယောက် ရောက်လာပြီး အဲဒီလူကို ဓားနဲ့ ဝင်ခုတ်တယ်။ ဒီတော့ ငါက ကြားထဲက တားလိုက်ရတယ်။

**"ဟာ...မလုပ်နဲ့၊ မလုပ်နဲ့။ ဒီလူက လူကောင်း မလုပ်နဲ့"**လို့ ပြောမှ ဓားနဲ့ဆက်မခုတ်တော့တာ။ ဒါပေမယ့် အဲဒီလူ ထွက်ပြေးတယ်။ ရွာထဲက ရွာသားတွေကလဲ ရွာထဲ လူစိမ်းဝင်တယ်ကြားလို့ တုတ်တွေ၊ ဓားတွေဆွဲပြီး ဆူဆူညံညံနဲ့ လိုက်လာနေကြပြီ။

အဲဒါနဲ့ ငါ့မှာ အဲဒီလူကို **"ဟေ့လူ ထွက်မပြေးနဲ့၊ ရွာက လူတွေလိုက်လာကုန်ပြီ။ မပြေးနဲ့၊ ပြေးရင် ပိုဆိုးမယ်"**လို့ လှမ်းအော်ပြောရတယ်။ ဒါပေမယ့် အဲဒီလူက မရပ်ဘူး။ ဒီတော့ ငါ့မှာသူ့နောက်လိုက်ဖမ်းရပြန်တာပေါ့။

ရွာက လူအုပ်ကြီးရောက်မလာခင် သူ့ကို ဖမ်းချုပ်ထိန်းသိမ်းနိုင်မှ သူ သက်သာမှာ။ အဲဒီလူကလဲ ငါ့ကို နားမလည်ဘူး။ ပြန်ခုခံ ထိုးကြိတ်နေတယ်။ ငါ့မှာ မနည်းထိုးကြိတ်ပြီး ချုပ်ထားရတယ်။

ချုပ်ထားပြီးမှာ **"ခင်ဗျား... ငြိမ်ငြိမ်လေးနေ၊ ကျုပ်က လူမှားပြီး ခင်ဗျားကို လိုက်ဖမ်းတာ။ ဒါပေမယ့် ခင်ဗျား လူကောင်းတစ်ယောက်ဆိုတာ ကျုပ်သိတယ်။ ဟုတ်တယ် မဟုတ်လား။ ခင်ဗျား ဘယ်သွားမှာလဲ၊ ခင်ဗျားဘယ်သူလဲ"**လို့ ငါက မေးလိုက်တယ်'

'ကျုပ် ညောင်အိုင်ရွာသားပဲ။ ရွာကို ခဏပြန်လာတာ၊ သာစည်မှာ အလုပ်လုပ်တယ်။ မြေတိုင်းအင်စပတ်တော်ပဲ။ ကျုပ်နာမည်က မြတ်စံ'

လို့ သူက ပြောတယ်။

'ဟုတ်ပါပြီ ခင်ဗျား ငြိမ်ငြိမ်နေနော်။ ရွာကလိုက်တာတဲ့ လူတွေကို ကျုပ် ရှင်းပြလိုက်မယ်။ ပြီးရင် ခင်ဗျားကို လိုက်ပို့ပေးမယ်'

လို့ ပြောလိုက်တယ်။

'ဒါနဲ့ ငါလဲ ရွာသားတွေ ရောက်လာတော့ ဒီလူနဲ့ ပတ်သက်ပြီး ရှင်းပြရတာပေါ့။ ရွာသားထဲမှာပါတဲ့ တစ်ယောက်က ညောင်အိုင်သား။ ငါတို့ရွာသူနဲ့ အိမ်ထောင်ကျပြီး ငါတို့ ရွာမှာပဲနေတာ၊ အဲဒီရွာသားကလဲ ငါပြောတာ ထောက်ခံတယ်။

'ဟုတ်တယ်... သူ့ကို သိတယ်။ မြေတိုင်းအင်စပတ်တော် ကိုမြတ်စံ ဟုတ်တယ်'

ပေါ့။ ဒါနဲ့ အဲဒီရွာသားကိုပဲ ကိုမြတ်စံကို ညောင်အိုင်ရွာကို လိုက်ပို့ ခိုင်းလိုက်ရတယ်'

'ငါက ကိုမြတ်စံကို ခင်ဗျားမှာ ဘာအဆောင်ကောင်းရှိလဲ၊ ကျုပ် အံ့သြတယ်ဗျာ။ ကျုပ်ကိုယ်တိုင် ခင်ဗျားကို ရန်လုပ်ဖို့ လိုက်လာပြီးမှ ခင်ဗျားကို ကာကွယ်ချင်စိတ်၊ ကယ်တင်စိတ် ပေါက်သွားတယ်။ ဗဟုသုတပေါ့ဗျာ၊ ပြောပါဦး'

လို့ မေးမိတယ်။

ဒီတော့ ကိုမြတ်စံက...

'ကျုပ်မှာ ဘာအဆောင်ကောင်းမှ မရှိဘူး။ ဒါပေမယ့် ကျုပ်ကလေးဘဝကတည်းက "သမ္ဗုဒ္ဓေဂါထာ"ကို အမြဲအစွဲ ရွတ်ခဲ့တယ်။ ဘယ်သွားသွား ရွတ်တယ်။ ဟိုတစ်ခါက ရထားမှောက်တုန်းကလဲ ကျုပ် လွတ်သွားခဲ့ဖူးတယ်။ ကျုပ်က ရထားနဲ့ လိုက်သွားမလို့ ရထားကလဲ စ,ထွက်နေပြီ။

ရထားတွဲအပေါက်ဝက သံတန်းကို ဆွဲတက်နေတုန်း နောက်က လူတစ်ယောက်က ပြန်ဆွဲချလိုက်ရပြီး ရထားနဲ့ လိုက်မသွားရဘူး။

ဘယ်သူဆွဲချလိုက်သလဲလို့ ရှာကြည့်တော့လဲ ဘယ်သူ့ကိုမှ အနီးအနားမှာ မတွေ့ရဘူး။ အဲဒီနေ့က အဲဒီရထားမှောက်လို့ လူတွေ ဒုက္ခရောက်ကုန်တယ်။ သေသူ သေ၊ ဒဏ်ရာရသူ ရကြတယ်။

ကျုပ်က ကံကောင်းလို့ အဲဒီရထားနဲ့ ပါမသွားခဲ့ဘူး။ အဲဒါလဲ "သမ္ဗုဒ္ဓေဂါထာ"တော်တန်ခိုးပါပဲ။

ကျုပ်က အိမ်က ထွက်လာကတည်းက ရွတ်နေခဲ့တာကိုး'

တဲ့။

'ငါလဲ အတော်အံ့သြသွားတယ်။ **"သမ္ဗုဒ္ဓေဂါထာ"**ကိုလဲ အတော်ယုံကြည်သွားတယ်။ အဲဒီနေ့က စပြီး ဒီနေ့အထိ ငါလဲ သမ္ဗုဒ္ဓေဂါထာတော်ကို နေ့တိုင်း ရွတ်တော့တာပဲ။

တကယ်ကို ထူးပါတယ်။ ငါလုပ်တဲ့ ယာတွေလယ်တွေက အံ့သြလောက်အောင်အထွက်ကောင်းတယ်၊ငါတို့နယ်မှာစပါးတင်းထောင်ချီရတာငါပဲရှိတယ်၊

ပဲတွေ၊ နှမ်းတွေလဲ တင်းရာချီပြီး ရတယ်။ ဘေးရန်လဲ ကင်းတယ်။ လူလဲ ကျန်းမာတယ်။ မင်းတို့လဲ မယုံမရှိနဲ့ဗျာ။ အမြဲတမ်းသာ ရွတ်၊ သမ္ဗုဒ္ဓေဂါထာက လက်တွေ့ အကျိုးပေးပါလိမ့်မယ်ဗျာ၊ ကိုယ်တွေ့ပါဗျာ'

'ဟုတ်ပါပြီဗျာ... ကျွန်တော်လဲ ယုံပါတယ်။ ရွတ်လဲ ရွတ်ပါတယ်။ ကျေးဇူးလဲ တင်ပါတယ် ဦးထွန်းရွှေရယ်'

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com



အစီအရင်

တစ်နေ့သောအခါ စာရေးသူသည် မိတ်ဆွေဖြစ်သူ အောင်ကျော်စိုး ကုန်စုံဆိုင်သို့ ဈေးဝယ်ရန် ရောက်သွားခဲ့သည်။

အောင်ကျော်စိုး ကုန်စုံဆိုင်၏ ဘုရားစင်အောက်နားတွင် စင်လေးတစ်စင်ပေါ်တွင် အင်းတစ်ချပ်ကို တင်ထားပြီး အမွှေးတိုင် ထွန်းထားသည်ကို တွေ့ရှိရသဖြင့် စိတ်ဝင်စားလာကာ...

'ဟေ့ကောင် အောင်ကျော်စိုး မင်း အမွှေးတိုင် ထွန်းထားတာ ဘာအင်းလဲကွ'

'အရောင်းအဝယ် ကောင်းအောင် ဆရာကြီး စီရင်ပေးထားတဲ့ အင်းပေါ့ကွာ'

'အင်း... ဆိုစမ်းပါဦး'

'လွန်ခဲ့တဲ့ လေး,ငါးလလောက်က ငါ ကုန်စုံဆိုင် အရောင်းအဝယ် ကျဆင်းသွားရုံတင် မကဘဲ အကြွေးပါ တင်လာခဲ့တယ်။ အဲဒါနဲ့ ငါလဲ ကြံရာမရဖြစ်ပြီး မိတ်ဆွေတစ်ဦး အကူအညီနဲ့ ဆရာကြီးဆီကို သွားခဲ့တယ်'

'ဘယ်...ဆရာကြီးလဲကွ၊ နာမည်ကကော...'

'နာမည်က ဦးအုန်းကျော်၊ အသက်က (၈၀)နီးပါးလောက်ရှိပြီ'

'ဒီအင်းကို ရပြီးတဲ့အခါ ဘာထွေထူးခြားခဲ့သလဲ'

'ဆရာကြီး မှာတဲ့အတိုင်း ကံငါးပါးကို လုံအောင် ထိန်းတယ်ကွာ၊ ဂုဏ်တော်ကိုးပါးကို တစ်နေ့ (၉)ပတ် မနက် ပုံမှန်စိပ်တယ်။

အဲဒီနောက် (၄၅)ရက် တစ်လအတွင်းမှာပဲ အရောင်းအဝယ် တိုးတက်လာခဲ့တယ် သူငယ်ချင်း'

'ငါ ယူကြည့်လို့ ရမလား'

'မင်းကတော့ စာရေးဆရာပီပီ ရေးကွက် ကုန်ကြမ်းရှာပြန်ပြီ'

ဟု ဆိုကာ ထိုအင်းချပ်လေးကို ယူ၍ ပြလေသည်။

စာရေးသူသည် အင်းချပ်ကို အပြန်အလှန် ကြည့်ရင်း ကြေးဝါပြားပေါ် ရေးထားကြောင်း သိရသည်။

**အင်းဆန် ထည့်သွင်းပုံမှာ ခရပတ်ပုံဖြစ်ပြီး အရောင်းအဝယ်** အတွက်သာ ရေးသွင်းထားသော **"ဉုံ ပီယဝါယေ ပီယေသွားဟုံ"** ဟူ၍ ဖြစ်သည်။

အင်း၏ ဘေးပတ်လည်တွင် ဇေယျသုခံ၊ ဇေယျလာဘံ၊ ဇေယျပီယ၊ မမမိတ္တံဟု လက်ယာရစ် ရေးသားထားလေသည်။

ထိုအခါ စာရေးသူသည် ကင်မရာ မပါသွား၍ ပုံကြမ်းကို ကူးယူပြီး မည်ကဲ့သို့ ပြုလုပ် ဆောင်ရွက်ရမည်ကို ပေးမိသည်။

'မိမိအိမ်ရှိ ဘုရားမှာ မနက် မိုးသောက် တာနဲ့ ဘုရားပန်း၊ ဆောက်တော်ရေကပ်၊ ဆီမီးထွန်းပြီးတာနဲ့ ဇေယျသီလဝံ ဘုရားရှိခိုး ရတယ်။

နောက်ပြီး ဆိုင်ကို ရောက်တာနဲ့ အဲ အင်းကို ရေထဲစိမ်ပြီး "ဉုံ...ပီယဝါယေ ပီယေသွားဟုံ" ဆိုပြီး (၃၇)အုပ် ဂါထာရွတ်ပြီး ဆိုင်ကို ပက်ဖျန်းပေးရတယ်'

'အေး... အခုလို သိရတာ ကျေးဇူးတင်ပါတယ်ကွာ'

ထို့နောက် စာရေးသူသည် ဆပ်ပြာနှင့် သွားတိုက်ဆေး ဝယ်ပြီး ပြန်လာခဲ့တော့သည်။

**ပေါ်လွင်ဦး(ရေး)**

ဇေယျ သုခံ

| | | |
|---|---|---|
| ဉုံ | ပီ | ယ |
| သွား | ဟုံ | ဝါ |
| ယေ | ပီ | ယေ |

www.burmeseclassic.com

# အောင်နန်းရိပ်သာ ဆရာတော်ကြီး

ဒေါ်သုမနဝိစိတ္တာ
(B.Sc,H.G.P,Dip.Ed)



**မြစ်ကြီးနားမြို့တွင် အောင်နန်းရပ်ကွက်ရှိပါသည်။** အောင်နန်းရပ်ကွက်တွင် မဟာစည်(တိုက်ခွဲ) သာသနာ့ရိပ်သာရှိပါသည်။ အောင်နန်းရိပ်သာဟု ခေါ်ပါသည်။ **အောင်နန်းရိပ်သာကို စစ္စာဦး တည်ထောင်ခဲ့သော ဦးပညာသာရကို အောင်နန်းရိပ်သာဆရာတော်ကြီးဟု ခေါ်ကြပါသည်။** မြစ်ကြီးနားမြို့သို့ အသက်(၄၀)တွင် ရောက်ရှိခဲ့ပါသည်။

မဟာစည်(ခွဲ) သာသနာ့ရိပ်သာဖွင့်ခဲ့ပါသည်။ စစ္စာဦး ကျောင်းဒါယိကာမကြီးမှာ ဒေါ်မြကြည်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ပရိယတ္တိတွင် ပြည့်စုံခဲ့ပါသည်။ မဟာစည်ဆရာတော်ကြီး ဦးသောဘနထံ၌ ပဋိပတ္တိကို နည်းခံခဲ့ပါသည်။ ကျွမ်းကျွမ်းကျင်ကျင် ပေါက်ပေါက်မြောက်မြောက် အားထုတ်ခဲ့ပါသည်။

မဟာစည်ဆရာတော်ကြီး၏ ဩဝါဒအတိုင်း တရားပြသတော်မူပါသည်။ တရားဟော ဓမ္မကထိကလည်း ဖြစ်ပါသည်။ တော်လည်းတော်၊ ကျော်လည်းကျော်သော မဟာကမ္မဋ္ဌာနာစရိယဆရာတော်ကြီးပါ။

ဆရာတော်ကြီးသည် ရခိုင်တိုင်းရင်းသား ဖြစ်ပါသည်။ သို့သော် မြန်မာစကားပီသလှပါသည်။ မြစ်ကြီးနားမြို့ သံဃာတော်များတွင် အသားညိုညို၊ သက်န်းတိုတို(အညိုရောင်သင်္ကန်းသာ ဝတ်ရုံပါသည်။) စကားတိုတို၊ စိတ်မြန်မြန် ဘုန်းကြီးအဖြစ် အသိအမှတ်ပြုကြရသော ပုဂ္ဂိုလ်ထူးပါ။

ဝိနည်း၊ စည်းကမ်းကို အလွန်အလေးထားသော ဆရာတော်ကြီးပါ။ လက်ထောက် (တရားစစ်)များကိုလည်း ဝိနည်း၊ စည်းကမ်း အလေးထားစေပါသည်။ ဝတ္ထုငွေ မည်သည့်အခါမျှ မထိမကိုင်ပါ။ ဝတ္ထုငွေကို လင်ပန်းဖြင့် ထည့်ပြီး စားပွဲပေါ်တွင် တင်ပြီး ကပ်လှူစေပါသည်။

အခြားသော လှူဖွယ်များနှင့်ရော၍ ဝတ္ထုငွေကို ရေစက်ချစေပါသည်။ ငွေကို ကပ္ပိယကာရကများက သိမ်းဆည်းပါသည်။

အလှူများ(ပင့်ဖိတ်သော အလှူများ)မှ လှူလိုက်သော ငွေများကို ကျက်သရေခန်းတွင်းရှိ ဖျာအောက်မှာ ကပ္ပိယများက ထားပေးရပါသည်။ **"ငွေလိုအပ်လာလျှင် ဖျာအောက်မှာ သွားယူကြ"**ဟုသာ မိန့်တော်မူပါသည်။ ခေတ်ပေါ်ပစ္စည်း (တယ်လီဗီးရှင်း၊ တယ်လီဖုန်း)များ အလှူမခံပါ။ လှူလိုသောသူများက နောက်ဆုတ်သွားရမြဲပါ။

စာရေးသူ၏အဘွားသည် ရန်ကုန်မြို့ မဟာစည်ဆရာတော်ကြီးထံ၌ တရားအားထုတ်ခဲ့ပါသည်။ အသက်(၆၀)နားနီးနီးက ဖြစ်ပါသည်။ ရန်ကုန်မြို့ မဟာစည် ဖလ်ယဉ်မော်ကြီးတွင် တရားနာခဲ့ရ၊ တရားအားထုတ်ခဲ့ရပါ

www.burmeseclassic.com

သည်။

မြစ်ကြီးနားမြို့တွင် အောင်နန်းရိပ်သာ၌ တရားအားထုတ်ပါသည်။ အသက်(၈၀)ကျော်နေပြီ ဖြစ်သော်လည်း ရိပ်သာသို့ သွားလေ့ရှိပါသည်။ အဘွား၏သား(စာရေးသူ၏ဦးလေး)က ကားဖြင့် လိုက်ပို့ပေးပါသည်။ သွားနိုင်၊ တရားနာနိုင်ပါသေးသည်။ စာရေးသူကလည်း ကျောင်းပိတ်ရက်များတွင် အဘွားနှင့်အတူ ရိပ်သာသို့ ရောက်မြဲပါ။

စာရေးသူ၏ဖခင် (ပညာရေးကိစ္စဖြင့် မြစ်ကြီးနား ရောက်တိုင်း)ကလည်း ရိပ်သာသို့အမြဲသွားပါသည်။ စာရေးသူကတော့ ရှေးရိုးဘုန်းကြီး(ဘုရား သားတော်အဖြစ် ရိုးရိုးရှင်းရှင်းနေခြင်း) အဖြစ် အလွန်မတန် ကြည်ညိုသောကြောင့် အခွင့်သာတိုင်း ရိပ်သာသို့ ရောက်ပါသည်။ အနီးနေရလေ ကြည်ညိုဖွယ်များကို ကြည်ညိုလေဖြစ်ခဲ့ရပါသည်။ **တစ်နေ့(၃)ခါ ဘုရားရှိခိုးရမည် [တရားအားထုတ်မှု(၃)ခါ]ဟု အမြဲမိန့်ပါသည်။**

(ဝါတွင်း၊ ဝါပ) လပြည့်၊ လကွယ်၊ ဆန်း(၈)ရက်၊ ဆုတ်(၈)ရက်တိုင်း ဆရာတော်ကြီး နေ့လယ် တရားဟောပါသည်။ (ဝါတွင်းနှင့် သင်္ကြန်အချိန်များတွင် ယောဂီများ ပြည့်နေလေ့ ရှိပါသည်။)

တရားမဟောမီ ရှေးဦးစွာ ဗုဒ္ဓကို ရှိခိုးပါသည်။ ဝီသကြည်မြသော အသံတော်က ကြည်ညိုဖွယ်အတိပါ။ ပြီးလျှင် မဟာစည်ဆရာတော်ကြီးကို ရှိခိုးပါ၏။

**"ဝိပဿနာရွှေလမင်း၊ ငါကိုယ်အတွင်း လင်းနေပြီ၊ ငါလိုလူ ငါလိုသား ငါနဲ့ မခြားရစေမည်"**ဟု တရားစတင်ဖွင့်ပါသည်။ တရားဟောသောအခါ လူပြိန်းများ နားလည်အောင် ဟောပြောပါသည်။ လင်္ကာသံပေါက်များကို ချပေးပါသည်။ လွယ်ကူ၍ ချက်ချင်းမှတ်မိပါသည်။

တရားဟောရင်း၊ ဘုရား၏ မေတ္တသုတ်စသော သုတ်တော်များမှ **"မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊ မာနသံ ဘာဝယေ အ,ပရိမာဏံ။ ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အ,သမ္ဗာဓံ အ,ဝေရ မ,သပတ္တံ"**ကို ချပေးလေ့ရှိ၏။ သက်တော်တည်ဂါထာ**"ယမ္ဘေသိ ယမ္ဘေသိ၊ ကိံကာရဏာ၊ ယမ္ဘေသိ အဟမ္ပိ တံ ဇာနာမိ"**ကိုလည်း ချပေးလေ့ရှိ၏။ အကျိုးအလွန်များပါသည်။ အမြဲရွတ်ကြပါဟု မိန့်တော်မူပါ၏။ **ဘုန်းကြီး၏ လက်သုံးပါဟု ဆိုလေ့ရှိပါသည်။** (သာသနာ့ရိပ်သာ စည်ပင်တိုးပွားအောင် ရွက်ဆောင်ရာ၌ အသုံးပြုတော်မူဟန် ရှိပါသည်။)

တရားဟောချိန် တစ်နာရီအတွင်း ရှင်းလင်းအောင် ဟောပါသည်။ (မဟာစည်ဆရာတော်ကြီး ဟောတော်မူခဲ့သော တရားများကိုပင် ပြန်လည်ဟောပြခြင်းပါ။ သို့သော် ပရိယတ္တိ ကျွမ်းကျင်လှသဖြင့် အလိုရှိသလို ဟောပြနိုင်ပါသည်။)ပြီးလျှင် တရားမှတ်စေပါသည်။

တရားမမှတ်မီ...

'တင်ပျဉ်ခွေကာ ထိုင်နေပါ ခါးမှာ ဖြောင့်အောင်ထား။
မလှုပ်ကုန်ငြိမ်ငြိမ်နေ စိတ်တွေမလွင့်ပါ။
မျက်စိပိတ်ကာ ခေါင်းတည့်ပါ ဝမ်းမှာ စိတ်ကိုထား'

ဟု ရွတ်ဆိုစေပါသည်။ (ဆရာတော်ကြီးက ရှေ့မှတိုင်၍ တရားနာသူများက လိုက်ဆိုရပါသည်။)

တရားမှတ်နေစဉ်၊ ပလ္လင်ပေါ်မှ ကြည့်၍ ညွှန်ကြားပါသည်။ ပရိသတ်များတွင် ဖြစ်ပေါ်နေသော တရားကို ဟောပါသည်။ စိတ်တွင်း ခံစားချက်များကို ဟောပါသည်။ ကိုယ့်ကို ဟောကြားနေသည့်အချက်များကို တရားမှတ်သူများက သိရှိကြပါသည်။

တရားပွဲပြီးလျှင် မေတ္တာပို့ပါသည်။ အားသွင်းပြီး စိတ်စိုက်၍ မေတ္တာပို့ခြင်းပါ။ ဆရာတော်ကြီးက ရှေ့က တိုင်ပေး ပရိသတ်များကလည်း စိတ်ပါလက်ပါ မေတ္တာပို့ကြပါ၏။ (၃၁)ဘုံသား အကုန်ကြားပါစေတော့။

ဝါတွင်း၊ သင်္ကြန်အချိန်များတွင် ယောဂီ အလွန်မတန် များပါသည်။ မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များ (ရန်ကြီးအောင်ရပ်ကွက်၊ ကျွန်းပင်သာ ရပ်ကွက်နေသူတို့သည် မဟာစည် ဆရာတော်ကြီး၏ဇာတိ ရွှေဘိုဆိပ်ခွန်မှ လာရောက်ကြသူများပါ။ ဆိပ်ခွန်ဇာတိသားများ (ရက်ကန်းပညာဖြင့် မြစ်ကြီးနားတွင် အခြေစိုက် နေထိုင်ကြပါသည်။) အနီးရှိ ရွာများ၊ မိုးကောင်းတစ်နယ်လုံး၊ မိုးညှင်းတစ်နယ်လုံး ဟိုပင်တစ်နယ်လုံးရှိ ယောဂီများပါ။

ဆရာတော်ကြီး ကိုယ်တော်တိုင် အနီးကပ် တရားပြသ စောင့်ရှောက်ပါသည်။ တရားစစ်ဆေးပါသည်။ အသက် (၇၀)ကျော်လာသောအခါ လက်ထောက်တရားစစ် (ဦးပဥ္စင်း)ကို စစ်ဆေးခိုင်းပါသည်။

ဆရာတော်ကြီးက ကျောင်းပေါ်မှာ ရှိနေသော်လည်း ပြောကြားသမျှ၊ ဖြစ်ပျက်သမျှကို သိနေလေ့ရှိပါသည်။ အရေးကြီးလျှင် ချက်ချင်း ကျောင်းပေါ်က ဆင်းလာပြီး ကိုယ်တော်တိုင် စစ်ဆေးပါသည်။ ဉာဏ်စဉ် တရားနာမည့်သူများကို ရွေးချယ်လေ့ရှိပါသည်။

မဟာစည်ဆရာတော်ကြီး၏ အသံသွင်းတိပ်ခွေကို ဖွင့်၍ ဉာဏ်စဉ်နာစေ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဉာဏ်စဉ်တရားဖွင့်တော့မည်ဆိုလျှင် ဆရာတော်ကြီးသည် ထိုင်နေသော ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ် (နေရာထိုင် ခင်းထားသောနေရာ)သို့ ဆင်း၍ တရားနာပါသည်။

ယောဂီများရှေ့က တရားနာခြင်းပါ။ မဟာစည်ဆရာတော်ကြီးကို ရိုသေလေးစားခြင်းပါ။ မြတ်စွာဗုဒ္ဓရှိစဉ်က တရားကျင့်နေကြသော ရဟန်းများက ရှေ့တွင် ဗုဒ္ဓအတွက် နေရာခင်းထားလေ့ရှိသည်ဟူသော စကားကို အမှတ်ရစေပါသည်။

သက်တော်ကြီးလာသောအခါ (၈၀ ကျော်လာသောအခါ) တစ်ဦးတည်း တရားနာနေစဉ်တွင်လည်း ကြမ်းပြင်၌သာ ထိုင်၍ နာနေလေ့ရှိပါ၏။ (ကုလားထိုင်ပေါ် ထိုင်၍ တရားနာသည်ကို မမြင်ဘူးပါ။) မြတ်စွာဘုရားနှင့် မဟာစည်ဆရာတော်ကို အလွန် ရိုသေပါသည်။ (ဖခင်ကြီးကို ရိုသေသကဲ့သို့ ရိုသေလေးစားပါသည်။)

ဆရာတော်ကြီးသည် ဖျာပေါ်၌သာ ကျိန်းပါသည်။ (ခေတ္တခဏ လဲလျောင်း တရားမှတ်ခြင်း ဖြစ်ပါမည်။ ကျိန်းမည့် အချိန်တောင် ရှိမည်မဟုတ်ပါ။) ဆောင်းတွင်း၌ ချည်ကြမ်း အခင်း,ခင်းလေ့ရှိပါသည်။ ခမ်းနားသော အိပ်ရာ အသုံးအဆောင်များ အသုံးမပြုပါ။ (ပျံလွန်တော်မူသည်အထိပါ။)

ကျောက်စိမ်း အလွန်အောင်ကြသောခေတ်မို့ ဒါယိကာ၊ ဒါယိကာမများက လှူနိုင်ကြပါသည်။ သို့သော် ဆရာတော်ကြီးက ကိုယ်တော်တိုင်အတွက် အသုံးမပြုပါ။ သာသနာအတွက်သာ လှူစေပါသည်။

အနှစ်(၄၀)ကျော် အောင်နန်းရိပ်သာ တိုးတက်အောင် စိတ်စိုက်၍ လုပ်ဆောင်ခဲ့ပါသည်။ အောင်မြင်ခဲ့ပါသည်။



အောင်နန်းရိပ်သာ၊ မဟာစည်သာသနာ့ ဗိမာန်တော်၏ ခမ်းနားမှုက (ထိုစဉ်အခါက ဆိုလျှင်) ထည်ဝါလှပါသည်။

သာသနာ့ ဗိမာန်တော်အတွက် အလှူငွေ လှူနေသောအချိန်ကပါ။ စာရေးသူနှင့် သူငယ်ချင်း (အထည်ဆိုင်ပိုင်ရှင်)ကလည်း အလှူငွေ သွားလှူကြပါသည်။ သူငယ်ချင်းက တရုတ်လူမျိုးအစစ်ပါ။ ဖခင်၊ မိခင်နှင့် ခင်ပွန်းသည်က တရုတ်အစစ်များပါ။ သူက ခေတ်ပညာတတ်ပါ။ ဘာသာရေးစာများ အလွန်ဖတ်ပါသည်။ သဒ္ဓါတရားနှင့် ပြည့်သူပါ။ အလှူလည်း ရက်ရောပါသည်။

ဆရာတော်ကြီးအား **"သောတာပန်ဆိုသည်မှာ ဘယ်လိုပါလဲ ဘုရား"** ဟု မေးလျှောက်ပါသည်။ ဆရာတော်ကြီးက...

'သောတာပန်ဆိုတာ ဘယ်လိုလဲ သိချင်ရင် ကိုယ်တိုင်လာပြီး တရားအားထုတ်ကြည့်ပါ'

ဟု မိန့်တော်မူပါသည်။ စာရေးသူကို မိန့်ပါသည်။

**"ဆရာမလေး... သူငယ်ချင်းကို တရားအားထုတ်ဖို့ တိုက်တွန်းပါ"** [ခင်ပွန်းသည်နှင့်အတူ စီးပွားရေးလုံးပန်းနေရသော၊ သားသမီး(၃)ယောက်အတွက် တာဝန်ပိနေသော သူငယ်ချင်းကို မတိုက်တွန်းဖြစ်ပါ။ ခင်ပွန်းသည် ဆုံးပါးသွားသောအခါ၌လည်း သူငယ်ချင်းမှာ တာဝန်ပိနေရှာပါသည်။ မတိုက်တွန်းသာပါ။] သူငယ်ချင်း ခွင့်လွှတ်နိုင်ပါစေ။

ဆရာတော်ကြီးသည် ဉာဏ်အလွန်ထက်မြက်ပါသည်။ စိတ်ထဲက လျှောက်ကြားသမျှကို သိနေပါသည်။ **"ဆရာတော် သက်တော်ရှည်ပါစေ"** ဟု စာရေးသူစိတ်ထဲက မေတ္တာပို့နေ၏။ စာရေးသူကို ကြည့်ပြီး...

'အသက်(၈၀)ကျော်နေတာ တော်ရောပေါ့၊ ဘုရားတောင် (၈၀)ပဲနေတာပါ။ အသက်မရှည်ချင်ပါဘူး'

ဟု ချက်ချင်း မိန့်တော်မူပါသည်။

ဆရာတော်ကြီး၏ ကပ္ပိယများမှ **"ဆရာတော် ဆွမ်းများများ ဘုဉ်းပါစေ"** ဟု စိတ်ထဲက ဆုတောင်းကြပါသည်။ ဆရာတော်ကြီးမှ...

'အသက်ကြီးသူများ ဆွမ်းများများဘုဉ်းရင် အစာမချေနိုင်'

ဟု ချက်ချင်းမိန့်ပါသည်။

ဆရာတော်ကြီးက ဆေးပညာလည်း အလွန် တတ်မြောက်နိုင်နင်းပါသည်။ ဆရာတော်၏ ဆေးများက အစွမ်းထက်ပါသည်။

ငှက်ချဉ် ငှက်ပျောသီးမှည့်ကို ပျားရည်နှင့် စိမ်ထားသော ဆေးရည်များ၏ အစွမ်းက ထက်မြက်ပါသည်။ မစားနိုင်၊ မသောက်နိုင် ယောဂီများအတွက် အစာမလိုသော အားဆေးရည်တစ်မျိုးပါ။

မည်သည့်နေရာ၌ ဖြစ်ပျက်နေသော အကြောင်းကိစ္စကိုပင် သိနေလေ့ ရှိပါသည်။ အခါတစ်ပါး၌ မြစ်ကြီးနားမြို့တွင် စက်ဘီးနှင့် ကားတိုက်သောကိစ္စပေါ်ခဲ့ပါသည်။ စက်ဘီးစီးသူ သေဆုံးသွားခဲ့ပါသည်။ ပြိတ္တာဘဝဖြင့် မစားရ၊ မသောက်ရ နေရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နေစရာကလည်း မရှိပါ။ လူများ သိအောင် ပူးကပ်ပြီး ပြောလေ့ရှိပါသည်။ ကယ်မရသောကိစ္စကြီး ဖြစ်ခဲ့ရပါသည်။

(မေတ္တာရှင်) အောင်နန်းရိပ်သာ ဆရာတော်ကြီးမှာ ထိုပြိတ္တာအား သစ်ပင်ကြီးတွင် နေရာချပေးပြီး ကိုယ်တိုင် အစာကျွေးပေးတော်မူပါသည်။ ထိုဘဝမှ ကျွတ်လွတ်သည်အထိ ကူညီတော်မူခဲ့ပါသည်။

ဆရာတော်ကြီးက တရားဟောရင်း **"ပါတိတ်အမျိုးမျိုးကို စွဲလမ်းနေကြတာနော်။ ပါတိတ်ကို မတပ်မက်ကြနဲ့။ ပြိတ္တာဖြစ်ကြမယ်နော်"**ဟု တရားဟောခဲ့ပါသည်။ (စာရေးသူတို့ထိုင်းမှ အင်ဒိုနီးရှားမှ ပါတိတ်ကို ဝတ်ချင်သောစိတ်များ ငုပ်လျှိုးပျောက်ကွယ်ခဲ့ရပါသည်။) ရှက်စနိုးဖြစ်ခဲ့ရပါသည်။

"ကိုယ့်ကိုယ်ကိုယ် ကြည်ညိုနိုင်အောင် အရိယာဖြစ်သည်အထိ တရားအားထုတ်ကြပါ"

"ဘယ်သူကမှ မ,စတာမဟုတ်၊ ကိုယ့်ကုသိုလ်ကပဲ ကိုယ့်ကို မ,စတာပါ"

'စည်းစိမ်ချမ်းသာနဲ့ ငြိမ်းချမ်းကြနဲ့ လောကကြီးမှာ စည်းစိမ်ရှင်ကြီးဆိုတာ မရှိ၊ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားလောက်၊ ဘယ်သူမှ စည်းစိမ်မကြီးနိုင်ဘူးနော်'

ဟု ဆုံးမလေ့ရှိပါသည်။

အခါတစ်ပါး၌ တရားဟောရင်း ဆုတောင်းပါသည်။ "(ဝိနည်း)မကြိုက်၊ (လောက)လိုက်၊ (ဘုန်းကြီး)မိုက်နှင့် လွဲပါစေ"တဲ့။ (ဆရာတော်ကြီးသည် မြစ်ကြီးနားမြို့ သံဃနာယကအဖွဲ့တွင် ထိုစဉ်က တာဝန်ယူနေပါသည်။) ဉာဏ်အလွန်ထက်၊ သတိအလွန်ကောင်း။ ဘာမဆိုသိသော ဆရာတော်ကြီးအား (အနာဂါမ်အရိယာကြီး)ဟု သတ်မှတ်ခဲ့ကြပါသည်။ (အကြောင်းတိုက်ဆိုင်မှု အမျိုးမျိုးကြောင့်ပါ။)



ဆရာတော်ကြီး၏ အသက်တော် ကြီးလာသော်လည်း တရားပြမှု၊ တရားဟောမှု မလျော့ခဲ့ပါ။ မဟာစည်သာသနာ့ ဗိမာန်တော်ကြီးကိုလည်း ပြီးစီးစေချင်ပါသည်။ ပြီးစီးသွားသည်ကို မြင်ချင်ပါသည်တဲ့။ တစ်ပါးတည်းနေသည့်အချိန်လည်း များလာပြီ။ ညအချိန် အခန်းထဲတွင် မီးမထွန်းပါ။ သို့သော် လင်းနေသည်ကို ကပ္ပိယများမှ မြင်ကြပါသည်။

**(ဆရာတော်ကြီး တရားမှတ်နေစဉ် ကိုယ်အလင်းရောင်များ ထွက်လာခြင်းဖြစ်ပါမည်။ သက်တော်လွန်စွာ မကြီးမီက တစ်ပါးတည်းသာ သီတင်းသုံးပါသည်။ ထိုစဉ်အခါကလည်း အလင်းရောင်ထွက်နေမည်သာ၊ မသိခဲ့ကြ၍သာပါ။)**

တရားပွဲများတွင်လည်း အို-နာ-သေ ဆင်းရဲ အမြဲဟောကြားလာပါပြီ၊ ခန္ဓာဝန်လေးလှကြောင်းလည်း အမြဲဟောကြားနေပါပြီ၊ အာဟာရဖြစ်သော အစာများလည်း ဖြတ်နေပါပြီ၊ တပည့်များက မရိပ်မိကြသေးပါ။ (အရိယာအကြောင်း မသိနိုင်ကြ၍ပါ။)

ပွင့်ထွန်းလာမည့် အရိမေတ္တေယျ ဘုရားအကြောင်း ဟောလာလေ့ရှိ၏။ ဗြဟ္မာကြီးများက ပွင့်လာမည့် ဘုရားကို ဖူးမြော်ရန် ရှိနေကြသည်ကိုလည်း ဟောတော်မူပါသည်။

အနာဂါမ်အရိယာကြီးများ သေဆုံးသောအခါ ဗြဟ္မာဘုံတွင် စံကြကြောင်း ဟောတော်မူပါသည်။ **(အရိမေတ္တေယျ ဘုရားဖူးမြော်ပြီးမှ ရဟန္တာအရိယာအဖြစ် ကူးပြောင်းမည်ဟု ဆိုလိုချင်သည်လား၊ ဗြဟ္မာဘုံ၌ ရဟန္တာအရိယာဖြစ်ပြီးမှ နိဗ္ဗာန်သို့ စံဝင်လိုသည်လား စာရေးသူ အတွေးမပီပါ။)**

ဆရာတော်ကြီးသည် ပျံလွန်မည့်အချိန် ပျံလွန်မည့်နေ့ကိုပင် ကြိုတင်မိန့်နိုင်ပါသည်။ ပျံလွန်တော်မူစဉ်တွင်လည်း ထူးခြားပါသည်။ ပျော့ပျောင်းနေသော ရုပ်ကလာပ်တော်၊ ဝင်းလက်နေသော မျက်နှာတော်က တရားပြသနေသလိုပါ။ ရက်ကြာလေ ထူးခြားလေပါ။ အနီးကပ်သွားလျှင် သင်းပျံ့သော ရနံ့ရပါသည်။

အန္တိမစျာပနချစဉ် မီးလောင်သောအခါ ညှော်နံ့ အနံ့ဆိုးမထွက်ပါ။ မွှေးပျံ့သော ပန်းရနံ့များကသာ နေရာအနှံ့ထွက်ပါသည်။ ဖြူဖွေးသော အလင်းတန်းများက ကောင်းကင်သို့ တစ်ဟုန်ထိုး တက်သွားပါသည်။ မည်းသော မီးခိုးမှိုင်းများမရှိပါ။ ပူလောင်ပြင်းပြသော အထိအတွေ့မရှိပါ။

ဆရာတော်ကြီး လောကလူသားများကို ကယ်တင်ခဲ့ပါပြီ။ ဆရာတော်ကြီး လူ့လောကမှ ထွက်ခွာသွားခဲ့ပါပြီ။ သို့သော် ကြည်မြပီသသော အသံတော်ဖြင့် **"ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည်၊ ဘေးမဲ့မည်သည်..."** အမျှဝေလင်္ကာကို ရွတ်၍ တရားပွဲသိမ်းလေ့ရှိသော ဆရာတော်ကြီးရှိနေဆဲဟု ထင်မြင်နေပါ၏။

ဒေါ်သုမနစိစိ
(B.Sc,H.G.P,Dip.Ed)



www.burmeseclassic.com

# ဥပါဒါန်ကြောင့်

မြင့်မောင်ဖြေ
(ရွှေဘို)



အလောင်းထမ်း

မွေးကောင်းပါသည်။

၂၀၁၃ခုနှစ်၊ မတ်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ (၂၆၄) တွင် နတ်မောက်လှမြင့်သစ် ရေးသားသည့်“**အလောင်းထမ်းမမွေးကောင်းဘူးလား၊ သိသူများမှ ဖော်ပြပေးကြပါရန်**”ဆောင်းပါး ဖတ်ရှုရပါသည်။

**ယင်းဆောင်းပါးတွင် မိဘနှစ်ပါးမှ သားလေးယောက်၊ သမီးတစ်ယောက် မွေးခဲ့သော် အလောင်းထမ်းမွေးသည်ဟုဆိုကြပြီး သမီးမိန်းကလေးမှာ ပျက်စီးပြီး သားလေးယောက်က ထမ်းပို့ရတတ်သည်ဟု ဆိုထားပါသည်။**

ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဆရာနတ်မောက်လှမြင့်သစ်က (၁၁)နှစ်လုံးလုံး လေ့လာခဲ့ပြီး အဖြေ ရေရေရာရာ မသိရသဖြင့် လက်တွေ့သိမြင်ကြုံဖူးသူများ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ပြန်လည် ရေးသားတင်ပြပေးရန် ဖိတ်ခေါ် မေတ္တာရပ်ခံခဲ့ပါသည်။

**တစ်ဖန် ၂၀၁၃ခုနှစ်၊ မေလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ (၃၀)တွင် ညွန့်ဝင်း(နတ်တလင်း) ရေးသားသည့် “အလောင်းထမ်း မွေးခြင်းနှင့် ပတ်သက်၍ သိသမျှ ဖြေလိုက်ပါသည်”** ဆောင်းပါးတွင် ဆောင်းပါးရှင်က သူ တွေ့ကြုံခဲ့ရသော မိသားစုတစ်စု၏ အဖြစ်အပျက်ကို ကိုးကား၍ တင်ပြခဲ့ပါသည်။

ဆရာညွန့်ဝင်း (နတ်တလင်း)က သူ၏ဇာတိကျေးရွာမှသားလေးယောက်နှင့် သမီးတစ်ယောက် မွေးဖွားခဲ့သော မိသားစုတွင် သမီးဖြစ်သူ ဦးစွာ သေဆုံးသွားပုံကို ရေးသားတင်ပြပြီး အလောင်းထမ်းမွေးခြင်းဖြင့် နှမဖြစ်သူ ထိခိုက်နစ်နာရလေသလောဟု ယူဆကာ ဥပဒ်မရောက်စေလိုပါ ရေးသားပေးပို့လိုက်ရသည်ဟု ဆိုထားပါသည်။

စာရေးသူ လက်ရှိ တွေ့ကြုံနေရသည့် သားလေးယောက်နှင့် သမီးတစ်ယောက်မွေးခဲ့သည့် မိသားစုသုံးစုအကြောင်း တင်ပြပေးချင်ပါသည်။

စာရေးသူ၏ မိခင်ကြီး ဒေါ်နွဲ့နွဲ့တို့ မောင်နှမငါးယောက်တွင် မိခင်ကြီး ဒေါ်နွဲ့နွဲ့မှာ အငယ်ဆုံးသမီးဖြစ်ပြီး အစ်ကိုလေးယောက် ရှိပါသည်။

ယခုအခါ မိခင်ကြီး ဒေါ်နွဲ့နွဲ့ တစ်ယောက်သာ အသက်(၈၄)နှစ်အရွယ်အထိ ကျန်းကျန်းမာမာနှင့် သက်ရှိထင်ရှား ရှိလျက်ရှိပြီး အစ်ကိုလေးယောက်မှာ ကွယ်လွန်ကုန်ပြီဖြစ်ပါသည်။

စာရေးသူ၏မိခင်ကြီး ဒေါ်နွဲ့နွဲ့မှ စာရေးသူတို့မောင်နှမငါးဦး မွေးဖွားခဲ့ရာတွင်လည်း အကြီးလေးယောက်မှာ ယောက်ျားလေးများဖြစ်ပြီး အငယ်ဆုံးမှာ နှမမိန်းကလေးတစ်ဦးသာ ပါ,ပါသည်။

စာရေးသူတို့ မောင်နှမငါးယောက်တွင် ယောက်ျားလေးထဲမှ အငယ်ဆုံးဖြစ်သူ ကိုမြတ်ဖော်မှာ လွန်ခဲ့သော သုံးနှစ်ကျော်က ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ကျန်မောင်နှမလေးဦးမှာ ယခုအချိန်တိုင်အောင် ကျန်းမာစွာ မိသားစုကိုယ်စီနှင့် နေထိုင်လျက်ရှိပါသည်။

နှမဖြစ်သူ မော်မော်ခိုင်မှာလည်း ကျန်းမာစွာဖြင့် အိမ်ထောင်တာဝန်များကို ထမ်းဆောင်လျက် ရှိနေသော ဖြစ်ပါ

 (စာမျက်နှာ (၂၃၁) သို့)

www.burmeseclassic.com

# “ပု–ဒိ–အာ” ဂုဏ်တော်နှင့် ပတ်သက်၍

မောင်မြအေး(စ)
(စီးပွားရေး)



၂၀၁၄ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၃၅) စာမျက်နှာ(၁၇၆)တွင် ပါရှိသော ဆရာမောင်သာဆင့်(ရေနံချောင်း)၏ ဘေးရန်ကင်းကွာ ပု–ဒိ–အာ အမည်ပါ ဆောင်းပါးကို ဖတ်ရသဖြင့် ပု–ဒိ–အာဂုဏ်တော်နှင့် ပတ်သက်သော စာရေးသူ၏ ကျင့်စဉ်အတွေ့အကြုံကို ပု–ဒိ–အာ မှုပွားတစ်ရပ်အဖြစ် တင်ပြလိုက်ပါသည်။

စာရေးသူ ကျင့်ဆောင်နေသော ကျင့်စဉ် (ကျင့်စဉ်ဟုပင် ဆိုပါရစေ) တစ်ခုမှာ မြတ်စွာဘုရားရှင်အား ကြေးဖလားကြီးဖြင့် ယမန်နေ့က ကပ်လှူထားသော သောက်တော်ရေကို စွန့်ယူ၍ ခြံတွင်းရှိ သစ်ပင်များအား ပက်ဖျန်းလေ့ရှိပါသည်။

ထို့နောက် ထိုကြေးဖလားကြီးဖြင့် သောက်တော်ရေတစ်ခွက်ကို ပြန်လည်ကပ်လှူလေ့ရှိပါသည်။ ပြီးလျှင် **“အဇ္ဇတဂ္ဂေ ပါဏုပေတံ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ”**အစချီ၍ သရဏဂုံသုံးပါးကို ရွတ်ဆိုပါသည်။

ထို့နောက် ပု–ဒိ–အာဂုဏ်တော်နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရားအား အာရုံပြု၍ ပထမ ညာပါးပြင်မှ စကာ ဒုတိယတွင် နဖူးနှင့် တတိယတွင် ဘယ်ဘက်ပါးတို့အပေါ်၌ **“ပု–ဒိ–အာ”**ဟု လက်ယာ လက်ညှိုးနှင့် ရေးပါသည်။

**ရေးသားပုံမှာ...**

'ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်'

ဟု ရွတ်ဆို၍ ညာဘက်ပါးပြင်ပေါ်တွင် ညာလက်ညှိုးဖြင့်“ပု”ဟု ရေးပါသည်။

ထိုသို့ရေးရာတွင် လက်ညှိုးကို လုံးဝမကြွရပါ။ ပစောက်နှင့် တစ်ချောင်းငင်ကိုလည်း ဆက်ဆွဲရပါသည်။

တစ်ဖန်...

'ဒိဗ္ဗစက္ခု ဉာဏ်တော်'

ဟု ရွတ်ဆိုပြီး နဖူးပြင်တွင်“ဒိ”ကို အောက်မှအထက်သို့ လုံးကြီးတင် ရေးပြီးသည်အထိ ဆက်တိုက် ဆက်ရေးရပါသည်။

**မှတ်ချက်။ ။ နဖူးပြင်တွင် ပြောင်းပြန်ရေးရခြင်း ဖြစ်ပါသည်။ သို့မှသာ ရှေ့တည့်တည့်မှ ကြည့်လျှင် “ဒိ”ဟူသော စာလုံးကို ပုံမှန်ဖတ်၍ ရပါမည်။)**


ထို့နောက်...

'အာသဝက္ခယ ဉာဏ်တော်'

ဟု ရွတ်ဆိုပြီး ဘယ်ဘက်ပါးပြင်ပေါ်တွင် “အာ”ကို ရေးရပါသည်။

“အာ”စာလုံးကို ရေးရာတွင်လည်း လက်မကြွဘဲ အောက်မှ အထက်သို့ ဆက်တိုက် ဆက်ဆွဲရပါသည်။ စာတစ်လုံးစီ၏ ရေးသားပုံကို အောက်တွင် ဖော်ပြပါသည်။

***




ထိုသို့ **“ပု–ဒိ–အာ”**စာသုံးလုံးကို ရေးပြီးလျှင် မြတ်စွာဘုရားရှင်အား...

'ပုဒိအာဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ဦးခေါင်းထက်သို့ ကြွရောက်စံပျော် ကိန်းဝပ်တော်မူပါဘုရား'

ဟု ပင့်ဆောင်ပါသည်။ လက်ယာရံ



www.burmeseclassic.com

www.burmeseclassic.com

**အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး** သည် ဘုရားတပည့်တော်၏ လက်ယာပခုံးပေါ်တွင်လည်းကောင်း...

လက်ဝဲရံ **အရှင်မဟာမောဂ္ဂလာန်** မထေရ်မြတ်ကြီးသည် လက်ဝဲပခုံးပေါ်တွင် လည်းကောင်း...

**အရှင်အာနန္ဒာ** မထေရ်မြတ်ကြီးသည် တပည့်တော်၏ ကျောကုန်းထက်တွင် လည်းကောင်း ကြွရောက် စံပျော်ကိန်းဝပ်တော်မူပါဘုရားဟု ပင့်လျှောက်ပါသည်။

အိမ်မှ ထွက်ခါနီးတိုင်းတွင်လည်း ဘုရားစင်ရှေ့သို့ သွားရောက်ကာ အထက်ပါအတိုင်း ရွတ်ဆိုပူဇော် ပင့်လျှောက်ပြီး ပု–ဒိ–အာကို ပါးနှစ်ဖက်နှင့် နဖူးတွင် ရေးပြီးမှ အိမ်မှထွက်လေ့ရှိပါသည်။

ခရီးဝေးသွားရမည့် အခါတိုင်းတွင်လည်း ကားဦးခေါင်းကို မိမိမျက်နှာသဏ္ဍာန်စိတ်တွင် ရည်မှတ်၍ ပု–ဒိ–အာဂုဏ်တော်ကို ရေးလေ့ရှိပါသည်။

ဤသို့ ပူဇော်သဖြင့် အန္တရာယ် အသွယ်သွယ်နှင့် မကြုံဘူးခဲ့ပါ။ ကြုံရလျှင်လည်း အသေးအဖွဲ့မျှသာ ဖြစ်ပြီး ဘေးမသီရန်မခဘဲ ကျော်လွှားနိုင်ခဲ့သည်ချည်း ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင်လည်း သွားရမည့် ခရီးကို ဘယ်လိုမှ သွားချင်စိတ်မရှိသဖြင့် လိုက်မသွားဘဲ ကျန်ခဲ့သော အခါ ထိုခရီးစဉ်သည် အဆင်မပြေ မချောမွေ့ကြောင်း ပြန်လည် ကြားသိရမြဲဖြစ်ပါသည်။ (ခရီးစဉ် အသေးစိတ်များကို ရေးမပြတော့ပါ) မည်သို့ဆိုစေ အန္တရာယ်ကင်း ဘေးရှင်းသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

**မှတ်ချက်။ ။ သွားမည့်အရပ်ဒေသသို့ အာရုံပြု၍ မေတ္တာပွားခြင်း၏ အကျိုးကျေးဇူးလည်း ပါ,ပါလိမ့်မည်။**

ဤ "ပု–ဒိ–အာ"ဂုဏ်တော် ကျင့်စဉ်ကို စာရေးသူက "ထွင်"၍ ကျင့်ဆောင်ခြင်း မဟုတ်ပါ။ တစ်နေရာရာတွင် ဖတ်မှတ်ဖူး၍ ကျင့်ဆောင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဘယ်အချိန်၊ ဘယ်စာအုပ်တွင် ဖတ်မိခဲ့သည်ကိုတော့ မမှတ်မိနိုင်တော့ပါ။ ကျင့်ဆောင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သောကြောင့်ပါတည်း။

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

**မောင်အေးကြူ(*စီးပွားရေး*)**

**စာမျက်နှာ (၂၂၉)မှ အဆက်**

သည်။

နောက် မိသားစုတစ်စုမှာ စာရေးသူ၏မိတ်ဆွေ ဆရာဦးကျော်ကျော်သန်း မိသားစု ဖြစ်ပါသည်။ ဆရာ ဦးကျော်ကျော်သန်းတို့ မောင်နှမငါးယောက်တွင် အထက်နှစ်ယောက်နှင့် အောက်နှစ်ယောက်မှာ ယောက်ျားလေးများ ဖြစ်ပြီး မိန်းကလေးမှာ အလယ်တွင် မွေးဖွားသူ ဖြစ်ပါသည်။

သူတို့၏ မိသားစုတွင်လည်း မိန်းကလေးဖြစ်သူမှာ ယခုအချိန်တွင် အသက် (၆၀)ကျော် ရှိပြီဖြစ်သော်လည်း ကျန်းမာရေး ကောင်းမွန်လျက်ရှိပြီး အကြီးဆုံး ယောက်ျားလေး နှစ်ယောက်မှာမူ ကွယ်လွန်ကုန်ပြီဖြစ်ပါသည်။

ဆရာညွန့်ဝင်း (နတ်တလင်း) ရေးသားသလို "ရှေးထုံးလည်းမပယ်နှင့်၊ ချေးသုံးလည်း မကြွယ်နှင့်"ဆိုသလို ရှေးလူကြီးများ၏ ဆိုစကားများသည် မှန်သင့်သလောက် မှန်မည်ဖြစ်သော်လည်း ယခု အလောင်းထမ်းမွေးခြင်းနှင့် ပတ်သက်၍ တိုက်ဆိုင်မှုတစ်ခုသာလျှင် မှတ်ယူသင့်ပါသည်။

**သားလေးယောက်နှင့် သမီးတစ်ယောက် မွေးဖွားခဲ့သော အိမ်တိုင်းတွင် သမီးမိန်းကလေးအရင်သေဆုံးပျက် စီးရမည်ဟု တထစ်ချ မမှတ်ယူသင့်ကြောင်းကို** စာရေးသူကိုယ်တိုင် ကြုံတွေ့နေရသော မိသားစုသုံးစု အကြောင်းကို ဖတ်ကြည့်မိလျှင် သဘောပေါက်မည် ထင်ပါသည်။

လူတိုင်းလူတိုင်း၊ မိသားစုတိုင်းတွင် ကံ,ကံ၏အကျိုးကို ခံစားရမည်ဖြစ်သော်လည်း ဥပါဒါန်ကြောင့် ဥပဒ်ရောက်မည်စိုးသောကြောင့် စာရေးသူ၏ ဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

စာရေးသူတင်ပြခဲ့သော မိသားစု သုံးစုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် (၀၉–၄၇၀၆၀၀၁၇)သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း တင်ပြလိုက်ပါသည်။

**မြင့်မောင်ဇော် (*ရွှေဘို*)**

စာပေ
ပို့လို
က...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နန္ဒာရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၄၂၈၄၇



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | အရသာ | စားစွယ် | အရပ် | မိတ်ဖက် | ကူညီသူ | နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အဆုတ် | အဖြူ | ၆ | အစပ် | ဆန် | အနောက်မြောက် | ခွေး၊ ကျား၊ မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား | အသည်း | အစိမ်းနု | ၃ | အချို | ဂျုံ | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| ကျား | အသည်း | အစိမ်းနု | ၃ | အချို | ဂျုံ | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| ယုန် | အစာအိမ် | အညို | ၈ | အချို | ကောက်ညှင်း | အရှေ့မြောက် | မျောက်၊ ကြွက်၊ နဂါး | တနင်္လာသားသမီး | စနေနေ့ |
| နဂါး | နှလုံး | အနီ | ၉ | အခါး | ပြောင်း | တောင် | မြင်း၊ ခွေး၊ ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြွေ | နှလုံး | အနီ | ၉ | အခါး | ပြောင်း | တောင် | မြင်း၊ ခွေး၊ ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | သည်းခြေ | အစိမ်းရင့် | ၄ | အချို | ဂျုံ | အရှေ့တောင် | နဂါး၊ မျောက်၊ ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဆိတ် | အူမ | ရွှေဝါ | ၇ | အစပ် | ဆန် | အနောက် | ကြွက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| မျောက် | အူမ | ရွှေဝါ | ၇ | အစပ် | ဆန် | အနောက် | ကြွက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကြက် | သရက်ရွက် | မြေဝါ | ၂ | အချို | ကောက်ညှင်း | အနောက်တောင် | ဆိတ်၊ ဝက်၊ ယုန် | စနေသားသမီး | တနင်္လာနေ့ |
| ခွေး | ဆီးအိမ် | အပြာ | ၁ | အငန် | ပဲအမျိုးမျိုး | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ဝက် | ကျောက်ကပ် | အပြာ | ၁ | အငန် | ပဲအမျိုးမျိုး | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |

* * *

ဤလတွင် **ကျားနှစ်ဖွား၊ မျောက်နှစ်ဖွား၊ ဝက်နှစ်ဖွားတို့** ကျန်းမာရေး ညံ့ဖျင်းတတ်သည်။ ဤလအတွက် အကြံပေးချက်ဇယားကို ဝက်နှစ်ဖွားတို့အား စံပြု၍ ရှင်းပြပါမည်။

ဝက်နှစ်ဖွားတို့သည် ကျောက်ကပ်နှင့်ပတ်သက်သော ဝေဒနာများ ဂရုစိုက်ပါ။ အပြာရောင်၊ (၁)ဂဏန်းတို့က ကံလာဘ်ပွင့်စေသည်။ ငန်သော အရသာ၊ ပဲအမျိုးမျိုးတို့နှင့် သင့်၏။

မြောက်အရပ် ကံလာဘ်ပွင့်လင်းစေမည်။ ကြွက်နှစ်ဖွား၊ နဂါးနှစ်ဖွား၊ မျောက်နှစ်ဖွားတို့မှ မိတ်ဖက်များ ဖြစ်ကြသည်။



အရေးကိစ္စ တစ်စုံတစ်ရာရှိပါက အင်္ဂါသားသမီးတစ်ဦးက ကူညီပေးနိုင်လိမ့်မည်။ ဗုဒ္ဓဟူးနေ့ နေ့ကောင်းနေ့မြတ် ဖြစ်သည်။

ကျန်နှစ်များ၌ မွေးဖွားသူများလည်း ဤကဲ့သို့ပင် ကောက်ချက်ချကြရန် ဖြစ်သည်။

**အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ**

ဟူကျင်းဇီ (*Hu Jin Zhi*)

www.burmeseclassic.com

www.burmeseclassic.com



မြောင်းမြ မြကြိုင်

# ဗူရှူသေဆုံး ဂျာအေးနှင့်

ကြုံဖူးမှ ယုံခဲ့ကြသူများ (၁)

တလောက အလုပ်ကိစ္စတစ်ခုနဲ့ မြို့ထဲသွားရင်း ဇာတိမြေက အသိတစ်ယောက်နဲ့ လမ်းမှာ အမှတ်မထင် ဆုံဖြစ်ခဲ့တယ်။

ဒါနဲ့ နီးရာလက်ဖက်ရည်ဆိုင် ဝင်ထိုင်ပြီး ကိုယ့်ရပ်ကိုယ့်ရွာအကြောင်း ပြောဆိုရင်းနဲ့ ကိုဂျာအေး ဆုံးသွားတာ လေး၊ငါးနှစ်လောက် ရှိပြီဆိုတာကို သိခဲ့ရတယ်။

ကျွန်တော် အတော်လေး အံ့သြသွားတယ်။ ကိုဂျာအေးနဲ့ ကျွန်တော် သိခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော် ကာလအတွင်း သူ ဖျားတာနာတာ မတွေ့မိသလောက်ကို ကျန်းမာရေး ကောင်းလှတဲ့ ကိုဂျာအေးပါ။

အသက်ငါးဆယ်ကျော်သာ ရှိဦးမယ့် ကိုဂျာအေးအနေနဲ့ နေမယ်ဆို အများကြီး နေလို့ရသေးတဲ့ အရွယ်ပါ။ ဒါပေမယ့် ကိုဂျာအေး တကယ့်ကို သေဆုံးသွားပါပြီ။

ပြောရမယ်ဆို ကိုဂျာအေး ဆုံးသွားတာ မှန်နေပေမယ့် သူရဲ့ ထူးခြားတဲ့ အပြောအဆို အပြုအမူ အနေအထိုင်တွေကတော့ ကျွန်တော့်ရဲ့ အတွေးနယ်ဧရိယာထဲမှာ မဆုံးနိုင်အောင် ရှိနေဆဲပါ။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရဲ့ စာတည်းချုပ်ဖြစ်တဲ့ ဆရာဦးမြကျော်မိုးသိန်းကလဲ မိမိတို့ဒေသက ဆရာတော်ကြီးတွေအကြောင်းနဲ့ ပုဂ္ဂိုလ်ထူးကြီးတွေ အကြောင်းကို ဖော်ပြပေးကြဖို့ကို မကြာခဏ တိုက်တွန်းနေတာ တွေ့ရတယ်။

ဒါမှလဲ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ရှိနေကြတဲ့ စာရှုသူတွေ ကြည်ညိုသဒ္ဒါပွားနိုင်၊ အတုယူကျင့်ကြံအားထုတ်နိုင်ကြမှာကိုး။

ဒါနဲ့ ကျွန်တော်လဲ ကိုဂျာအေး အကြောင်းကို စာတစ်တန် ပေတစ်တန် ဖွဲ့ဖို့ ဆုံးဖြတ်ခဲ့တယ်။

ကျွန်တော်တို့ မြောင်းမြမှာတော့ ကိုဂျာအေးဆိုရင် မသိတဲ့လူ မရှိလောက်ပါဘူး။ အင်း...ပြောရရင် ကျွန်တော်တို့မြို့မှာမှ မဟုတ်ပါဘူး။ ဧရာဝတီတိုင်းဒေသကြီး (၂၆)မြို့နယ်နဲ့ မြောင်းမြခရိုင်(၅)မြို့နယ်က လူတွေပါ သိကြလိမ့်မယ် ထင်တယ်။

ဘာလို့လဲဆိုတော့ ကိုဂျာအေးဆိုတာ ဘယ်နေရာမှ အတည်တကျနေတာမဟုတ်ဘူး။ သူ စိတ်ကျရာနေရာ တံခါးမရှိ ဓားမရှိ သွားလာနေထိုင်

www.burmeseclassic.com

တတ်တဲ့သူပါ။

ထားတော့ ကျွန်တော်တို့မြို့က လူတွေ ပထမဆုံး ကိုဂျာအေးကို သတိထားမိစေတဲ့ အဖြစ်က (၈၈) အရေးအခင်း မဖြစ်ခင် လေး,ငါး,ဆယ် ရက်အလိုလောက်က ဖြစ်မယ်ထင်တယ်။

အဲဒီညက မိုးကလဲ တဖွဲဖွဲရွာနေတယ်။ သက်ကြီးခေါင်းချချိန်လောက် ရှိနေပေမယ့် မြို့ထဲ လမ်းထဲကလူကြီးလူငယ်တွေ ခေါင်းမချနိုင်သေးဘူး။ တိုင်းပြည်အခြေအနေက တစ်နေ့ဆန် တစ်နေ့ကြွက်ချီး(ချေး)ဆိုတော့ ဘယ်လာ စိတ်လက်ချမ်းသာနိုင်မှာတုံး။

အဲဒီအချိန်မှာပဲ...

'ဟေး...ဟေး... တိုင်းပြည်ပျက်တော့မယ် ဟေး... ဟေး... တိုင်းပြည်ပျက်တော့မယ် ကွ။ မနေတတ်ရင်တော့ ရေတတ်သလို ခံသွားရမယ်ကွနော်။ ဟား... ဟား... ဟား... ဟေး'

မြို့လယ်လမ်းအတိုင်း ပြေးရင်းလွှားရင်း အော်ဟစ်သွားတဲ့ အသံကို ကြားကတည်းက ဒါ ဂျာအေးအသံဆိုတာကို ကျွန်တော်တို့ မြို့သူမြို့သားတွေ အကုန်သိတယ်။

**"ဒီအရူးတော့ကွာ၊ နမိတ်မရှိ နမာမရှိ ဖွဟဲ့၊ လွဲပါစေ"**လို့ လူကြီးပိုင်းတွေက ဆုတောင်းကြပေမယ့် လူငယ်ပိုင်းတွေကတော့ "ကျက်သရေ တုံးလိုက်တဲ့ အရူး၊ ခဲနဲ့ ကောက်ထုရ မကောင်းရှိတော့မယ်"လို့ စိတ်ထဲရှိတဲ့ အတိုင်း ကြိမ်းမောင်းမိကြပေမယ့် ကိုယ်ထိလက်ရောက်တော့ ဘာမှ မလုပ်ကြပါဘူး။

ကျွန်တော်တို့ မြို့သူမြို့သားတွေ ကလဲ ဟိုတုန်းကတည်းက ကိုဂျာအေး ကို ကျပ်မပြည့်သူတစ်ယောက်လို့ပဲ ထင်ခဲ့ကြတာကိုး။



မြို့သူမြို့သားတွေအနေနဲ့ ကျီးလန့်စာစား ဖြစ်နေရတဲ့အချိန်မှာ နမိတ်မရှိ နမာမရှိ အော်သွားတဲ့ ကိုဂျာအေးကို နည်းနည်းတော့ ဒေါသဖြစ်မိကြတာ ပေါ့လေ။

ဒါပေမယ့်လဲ ကိုဂျာအေး အော်သွားတာ မမှားဘူးလို့တော့ ဆိုရမှာပဲ။ ဟုတ်တယ် ကိုဂျာအေး အော်ပြောသွားပြီး အများဆုံးကြာ တစ်ပတ်ပေါ့။ (၈၈)အရေးအခင်း ထဖြစ်တာပဲလေ။

ဒါကိုပဲ တချို့က အရူးစကား မှန်တတ်တယ်လို့၊ အရူးက တစ်မူးသာတယ်လို့ ပြောကြသေးတာရယ်။

ဘာပဲဖြစ်ဖြစ် ဒီနောက်ပိုင်းတော့ ကိုဂျာအေး တစ်ခုခု အော်သွားပြီဆို ရပ်ကွက်ထဲကလူတွေ နားစွင့်တတ်လာတယ်။ ဖြစ်နိုင်ခြေကို အနီးစပ်ဆုံး စဉ်းစားကြည့်လာကြတယ်။ တကယ် လဲ ကိုဂျာအေးက ရူးတဲ့လူနဲ့ မတူတဲ့ ထူးတဲ့လူဆန်းတစ်ယောက် ဆိုတာကို တဖြည်းဖြည်း သိလာကြတယ်။

တကယ်လဲ ကိုဂျာအေးက တခြား အရူးတွေလို ညစ်တီးညစ်ပတ် မြုတ်စ မျှင်းတောင်းနေတာ ထိုင်စာ တစ်ခါမှ မရှိပါဘူး။ သူ ကြည့်လိုက်ရင် အရောင် ခပ်နွမ်းနွမ်း သဘော်သားအကျီ လည်ပြတ်နဲ့ ပုဆိုးတိုတိုဝတ်ပြီး ခေတ်ဟောင်းသီချင်းတစ်ပုဒ်ကို မတိုး မကျယ်ညည်းရင်း ဖိနပ်မပါ ခြေဗလာနဲ့ မပြေးရုံတမည် သွားတတ်လာတတ် တာ ကိုက သူ့ရဲ့ မူပိုင်ဟန်လို ဖြစ်နေ တယ်။

တစ်ခါတစ်ရံ အကျီက ဗလာ၊ မုတ်ဆိတ် လက်လေးသစ်နဲ့ တွေ့ရ တတ်ပေမယ့်၊ တစ်ခါတလေတော့လဲ သဘော်သားအကျီ ခပ်လွင်လွင်နဲ့ ကျင်စွယ်ရှင်းရှင်း မြင်ရပြန်ရော။ တစ်ခု ရှိတာက ဘယ်အချိန်ပဲကြည့်ကြည့် သူ့မှာ ဖိနပ်စီးတဲ့အကျင့် မရှိတာပဲ။

ကိုဂျာအေးက မြောင်းမြအပိုင် ဝါးခယ်မဇာတိသားပါ။ ဒါပေမယ့်လဲ အထက်မှာ ပြောခဲ့သလို ဘယ်နေရာ မှာမှ ဖင်ပူအောင် မနေဘူး။ သူ စိတ်ကူးထည့်ရာ၊ ခြေတက်ကျရာ လျှောက်သွားနေတတ်သူပါ။ ဒါကြောင့် မို့လားတော့ မသိဘူး မြို့ရွာ တော်တော် များများက လူတွေက သူ့ကို သိကြ တယ်။ ခင်ကြတယ်။ ပေးကြကမ်းကြ လှူဒါန်းကြတယ်။

ဘယ်မြို့ဘယ်ရွာ ဘယ်ဒေသကို ဘယ်အချိန်ပဲ ရောက်သွားရောက်သွား သူ့အတွက်တော့ နဘယ်ဘေးမရှိ ရေကန်အသင့် ကြာအသင့် ဆိုတာမျိုး ကိုး။ ဒါကလဲ ပြောမယ်ဆို သူက လူ တွေကို ကူညီခဲ့တဲ့ အကြောင်းတရားရဲ့ ရောင်ပြန်ဟပ်မှုတွေပါ။


ဟုတ်တယ်... ကိုဂျာအေးက သူနဲ့ တွေ့ဆုံလာတဲ့ လူတိုင်းကို ကူညီလို့ရ မယ့်ကံသာရှိ ကူညီပေးဖို့ ဝန်မလေး ဘူး။ ဒါနဲ့ပတ်သက်ပြီး သိခဲ့ရတဲ့ ဥပမာ လေးတစ်ခု ပြောပြမယ်။

ကျွန်တော်တို့ မြောင်းမြဈေးကြီး အပြင်တန်းမှာ ရာသီပေါ်သီးနှံတွေ ရောင်းတဲ့ မစမ်းညိုဆိုတဲ့ အမကြီး တစ်ယောက်ရှိတယ်။ သူ့မှာ နို့ဖြတ်လို့ မရသေးတဲ့ အခါလေးသာသာ သား




www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်လဲရှိတယ်။ အဲဒီနေ့ မနက်စောစော မစမ်းညို ဈေးခင်းနေတုန်း...

'အစ်မကြီး ကျွန်တော့်ကို ငွေတစ်ကျပ်လောက် လှူပါ'

ဆိုတဲ့ အသံကို စ,ကြားလိုက်တယ်။

ဒီရက်ထဲမှာ ဈေးကလဲ ရောင်းမကောင်းသလို ရင်ခွင်ထဲက ကလေးကလဲ နေမကောင်းမလို့ တအီအီဖြစ်နေတဲ့ အချိန်နဲ့ စောစောစီးစီး အလှူခံနဲ့ လာတိုးနေတော့ မစမ်းညို စိတ်ထဲကွဲပြီးတိုတော့ တိုသွားတာပေါ့။ ဒါပေမယ့်လဲ အလှူခံကို ကြည့်လိုက်တော့ ဂျာအေးဖြစ်နေတာနဲ့ ဈေးပန်းထဲက ကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်တယ်။

'ကလေးက တပိုင်ပိုင်နဲ့ နေမကောင်းလို့လား အစ်မကြီး'

မထင်မှတ်ဘဲ မေးလာတဲ့ ဂျာအေးရဲ့ အမေးကို မစမ်းညိုက အားကိုးတကြီးနဲ့...

'အေးဟယ် မနေ့ကတည်းက လည်ပင်းမှာ အပူကျိတ်တွေထွက်ပြီး တရှောင်ရှောင် ဖြစ်နေတာ။ ဒီညနေတော့ ဆေးခန်းပြမှ ဖြစ်မယ်ထင်ပါတယ် ဂျာအေးရယ်'

ဆိုတော့...

'မှန်း ကျွန်တော် ကြည့်စမ်းပါ့မယ်'

ကိုဂျာအေးက ပြောပြောဆိုဆိုနဲ့ မစမ်းညိုရင်ခွင်ထဲက ကလေးကို ဆွေ့ခနဲ လှမ်းချီလိုက်ပြီး ကလေးလည်ပင်းက အကျိတ်ဖုတွေကို လက်နဲ့ ပွတ်သပ်စမ်းကြည့်တယ်။ ပြီးတော့...

'ဒါလေးများ အစ်မကြီးရယ် ဘယ်ဆေးခန်းမှ သွားမနေနဲ့တော့ ဒီအကျိတ်တွေ ကျွန်တော်ပဲ ယူသွားလိုက်ပါ့မယ်'

ဆိုပြီး ကလေးလည်ပင်းက အကျိတ်တွေကို လက်နဲ့သပ်ယူပြီး တောင်လွှင့်ပစ် မြောက်လွှင့်ပစ် တကယ့်ကို ဟန်နဲ့ပန်နဲ့လုပ်ပြီး ကမ်းနားလမ်းအတိုင်း မပြေးရုံတမယ် ထွက်သွားတယ်။

မစမ်းညိုခမျာတော့ ယုံရခက် မယုံရခက် ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့တာပေါ့။ တစ်ဖက်မှာ ကိုဂျာအေးကို လူထူးလို့ သတ်မှတ်ပြီး ယုံကြည်တဲ့သူတွေ ရှိသလို တစ်ဖက်မှာလဲ အရူးလို့ သတ်မှတ်တဲ့ လူတွေကလဲ ရှိနေကြသေးတာကိုး။

ဘယ်သူတွေ ဘယ်လိုပဲ သတ်မှတ်သတ်မှတ်ပါ အဲဒီနေ့ကတော့ မစမ်းညို စိတ်ချမ်းသာသွားတယ်။ တစ်နေ့မကုန်ခင်မှာ ကလေးလည်ပင်းက အကျိတ်တွေ ရှင်းရှင်းပျောက်သွားသလို သူလဲ ဈေးရောင်းကောင်းခဲ့တယ်လေ။

'ဒီလိုသာဆိုကွာ မင်းတို့မြို့က ဆရာဝန်တွေ မြက်ခြောက်စားပြီး ရေသောက်ရမယ့်ကိန်းပဲ'

လို့ စောဒကတက်မယ့်သူတွေ များမယ်ထင်တယ်။ ကျွန်တော် ပြောချင်တဲ့ သဘောက ဒီလိုလဲ မဟုတ်ပါဘူး။ ကိုဂျာအေးဆိုတာက ဆေးဆရာ မဟုတ်သလို ဥဖွ ပျောက်စေ ဆရာလဲ မဟုတ်ဘူး။ အထက်မှာ ကျွန်တော်ပြောခဲ့သလို သူနဲ့ အကျိုးဆက်အကြောင်းဆက်ရှိတဲ့ လူမှ သူ ကူညီပေးတာပါ။ ဒီလိုမဟုတ်ဘူးဆိုရင်တော့ ကူညီဖို့ နေနေသာသာ သူ့ကိုတွေ့အောင်ရှာဖို့တောင် လွယ်တဲ့ကိစ္စမဟုတ်ဘူး။

တကယ်ပြောတာပါ။ တချို့ သူ့ကို တွေ့ချင်လို့ဆိုပြီး မြို့အနှံ့ ရွာအနှံ့ ရှာလဲ ထီးဖြူပြီး ဖိနပ်သာ ပါးသွားတယ်။ ကိုဂျာအေး အရိပ်အယောင်တောင် မမြင်ခဲ့ရတဲ့ လူတွေ ဒုနဲ့ဒေး။

အဲ မတွေ့ချင်ပေမယ့်လဲ အကြောင်းဖန်လာရင် မျက်စိရှေ့ ဘွားခနဲ ပေါ်လာတတ်တာမျိုးကိုး။

ကိုဂျာအေးက တောင်းမှ စားရတဲ့ လူမဟုတ်ပါဘူး။ ဒါပေမယ့် သူ ပိုက်ဆံတော့ တောင်းပါတယ်။ သူ တောင်းလို့ရတဲ့ ပိုက်ဆံဟာ သူစားဖို့ သူသုံးဖို့ မဟုတ်ပါဘူး။ ရသမျှ ပိုက်ဆံ ဘုရားလှူတာပါ။

မြောင်းမြမြို့ရဲ့ ကျက်သရေဆောင် စကြာနန္ဒစေတီမှာဆို သူ့နာမည်နဲ့ ကောင်းမှုတွေ တော်တော်များများ ရှိနေပါတယ်။ ဒီလိုပဲ ကိုဂျာအေး ရောက်သမျှ မြို့ရွာတိုင်းက ဘုရားပုထိုးတွေမှာ လှူဒါန်းသမျှ ပြုခဲ့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုဂျာအေးမှာ အကျင့်တစ်ခုရှိတာက လူတိုင်းဆီက ပိုက်ဆံမတောင်းဘူး။ လက်ဝါး မဖြန့်ဘူး။ သူ တောင်းတဲ့ လူတွေကလဲ မပေးတဲ့သူ မရှိသလောက်ပဲ။

အဲ... သူ မတောင်းတဲ့လူက ပေးတဲ့ပိုက်ဆံကျတော့လဲ မယူပြန်ဘူး။ ဒီတော့ သူ မတောင်းဘဲနဲ့ သွားပေးဖို့တော့ မစဉ်းစားနဲ့ ကိုဂျာအေးတို့က တာတာ့ပဲ။

ထူးဆန်းတာက တစ်ခါတလေ ကိုဂျာအေးက ဘယ်သူ့ဆီကမှ ပိုက်ဆံမတောင်းဘဲ ရေအောက်က ပိုင်ရှင်မဲ့ ပိုက်ဆံတွေ ဆင်းယူတတ်ပြန်တယ်။ ဒါတော့ မယုံမရှိနဲ့ဗျ။ ကိုဂျာအေး ရေငုပ်ဘယ်လောက်ကျွမ်းတယ်။ ရေအောက်က ပိုက်ဆံတွေ ဘယ်လို ရှာနိုင်တယ်ဆိုတာ သူ ရောက်ခဲ့တဲ့ မြို့ရွာတိုင်းက လူတွေ သိကြလိမ့်မယ်ထင်တယ်။

ကိုဂျာအေး ရေငုပ်တော်တာနဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုယ်တွေ့လေးတစ်ခု ပြောပြမယ်။ ဒီတုန်းက ကျွန်တော် ရှစ်တန်းလား ကိုးတန်းလား တောင် မမှတ်မိတော့ဘူး။ ထားပါ။ ဒါက အရေးမကြီးဘူး။

ဘမောင်ဆိုတာက ကျွန်တော်နဲ့ အခန်းဖော်သူငယ်ချင်း သူ့အဖေက မြောင်းမြတစ်ဖက်ကမ်း ကွယ်လွယ်ဘက်က ဆန်စက်တစ်ခုမှာ အလုပ်လုပ်တယ်။ တစ်နေ့ ညနေကျောင်းဆင်းချိန်ကျတော့ ဘမောင်က သူ့အဖေ အလုပ် လုပ်တဲ့ ဆန်စက်ကို လိုက်သွားဖို့ အဖော်ခေါ်တာနဲ့ ကျွန်တော်လဲ လိုက်သွားဖြစ်တယ်။

ကျွန်တော်တို့ ကွယ်လွယ်ဘက်ကမ်းကူးတော့ လေးလမ်းကူးတို့ဆိပ်က လှေနဲ့ပဲ ကူးတာပါ။ လူခုနစ်ယောက်ရှစ်ယောက်ရလို့ လှေစ,ထွက်တော့မှ လှေပေါ်မှာ ကိုဂျာအေး ပါတယ်ဆိုတာ သိလိုက်ရတယ်။ မြစ်ပြင်ကို ဖြတ်သန်းတိုက်ခိုက်လာတဲ့ လေနုအေးရဲ့ အရသာကို ခံစားရင်း လှေပေါ်ပါ လူတွေဟာ အတွေးကိုယ်စီ စိတ်ကူးကိုယ်စီနဲ့ပေါ့။

မြောင်းမြဘက်ကမ်းကို ဈေးတက်ရောင်းဟန်တူတဲ့ အဘွားအိုတစ်ယောက်ကတော့ ကြွေရည်သုတ် သံလင်ပန်းထဲက ငွေစက္ကူတချို့နဲ့ အကြွေစေ့ ရောရာတွေကို လှေပေါ်မှာပဲ အရင်းအမြတ် ခွဲခြမ်းစိတ်ဖြာနေတာကို တွေ့ရတယ်။

ဒီအချိန်မှာ ကျွန်တော်တို့ ကူးတို့လှေနဲ့ ခပ်လှမ်းလှမ်း ဖြတ်သန်းခုတ်မောင်းသွားတဲ့ ရောဝတီနှစ်ထပ်သင်္ဘောဆီက လှိုင်းတစ်လုံးက ကျွန်တော်တို့ရဲ့ လှေနံရံကို "ဝုန်း" ခနဲ တစ်ချက် ပြေးဝင်စောင့်မိသွားတယ်။ လှေပေါင်ပေါ်မှာ ထိုင်ရင်း ငွေရေတွက်နေတဲ့ အဘွားအိုခမျာ ဟန်ချက်ပျက်ပြီး ရေထဲပြုတ်ကျသွားတယ်ပဲ ပြောပါတော့။

အဲ... ကံကောင်းတာက အဘွားအိုရေကူးမညံ့ဘူး။ ကံဆိုးတာကတော့ ပြုတ်ကျခါနီး အဘွားအို ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်တဲ့ ကြွေရည်သုတ် လင်ပန်းနဲ့ ငွေစက္ကူအကြွေစေ့ ရောရာတွေကတော့ မြစ်ထဲကျသွားတယ်။

တစ်ကျပ်တန် ငါးကျပ်တန်လို ငွေစက္ကူက ရေပေါ် ပေါ်နေတာဆိုတော့ ပြန်ဆယ်လို့ မရပေမယ့် ငါးမူးစေ့ ကျပ်စေ့လို အကြွေစေ့တွေနဲ့ သံလင်ပန်းကတော့ ရေငုပ်သွားရှာတယ်။

'အမယ်လေး သူတောင်းစားခွက်ပျောက်ကိန်းတော့ ဆိုက်ပါပြီတော်။ ဈေးအရင်းမရှိလို့ သူများဆီက ငွေလေးချေးငှားရောင်းပါတယ်။ လင်ဗန်းရော ပိုက်ဆံတွေပါ မြစ်ထဲကျရတယ်လို့ ငါ့နှယ် သေသာ သေလိုက်ချင်တော့တာပဲ'

အဘွားအို လှေပေါ် ပြန်ရောက်ရောက်ချင်း ပြောလိုက်တဲ့ ညည်းချင်းကို ကိုဂျာအေးက ဟက်ဟက်ပက်ပက် တစ်ချက်ရယ်လိုက်ရင်း...

'ဒီပစ္စည်းလောက်ကလေးနဲ့တော့ မသေလိုက်ပါနဲ့ အမေကြီးရယ်၊ အမေကြီး လင်ဗန်းနဲ့ ပိုက်ဆံကို ကျွန်တော် ပြန်ယူပေးပါမယ်'

အခုခေတ် အနေအထားနဲ့ဆို အကြွေစေ့ ရေထဲကျလို့ ငိုကြီးချက်မဖြစ်နေတဲ့ အဘွားအိုအဖြစ်ဟာ ရယ်စရာ ဖြစ်ကောင်းဖြစ်ပေမယ့် အဲဒီအချိန်တုန်းကတော့ အကြွေစေ့လည်း သူ့တန်ဖိုးနဲ့ သူ့ခရီး ရောက်တဲ့ အချိန်ကိုး။

ကျွန်တော် အပါအဝင် လှေပေါ်က

www.burmeseclassic.com



လူတွေအားလုံး ဘာမှ မပြောနိုင်ခင် လေးမှာပင် ကိုဂျာအေးက ပုဆိုးတိုတို ပြင်ဝတ်ပြီး ရေထဲခုန်ဆင်းပျောက်ကွယ် သွားတယ်။

လှေပေါ်မှာ ကျန်ခဲ့တဲ့ လူတွေက တော့ ဒီအရူး လုပ်ပုံ ဟုတ်မှဟုတ်ပါ့ မလားပေါ့။ မတော်လို့ ရေအောက်မှာ တစ်ခုခုများ ခြေချော်လက်ချော် ဖြစ်သွားရင် သူတို့ကို အမှုပတ်မှာလဲ ကြောက်ရသေးတာကိုး။

ဒါပေမယ့်လဲ ကျွန်တော်တို့ ထင် သလို ဖြစ်မလာခဲ့ပါဘူး။ အထောက် အကူပစ္စည်း မပါဘဲ သာမန်လူတွေ ရေအောက်မှာ တစ်မိနစ် နှစ်မိနစ် နေနိုင်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပေမယ့် ကိုဂျာအေးကတော့ ဆယ်မိနစ်နီးပါးကြာမှ ရေပေါ် ပြန်ပေါ် လာတယ်။

ဒီတော့မှ လှေပေါ်ကလူတွေလဲ ဟင်းခနဲ သက်မချနိုင်ကြတယ်။ အဘွားအိုကျသွားတဲ့ လင်ပန်း ပြန်ပါ လာတဲ့အပြင် သူ့လက်ခုပ်ထဲမှာ တစ်မတ်စေ့၊ ငါးမူးစေ့၊ ကျပ်စေ့ရော ရာ ဆယ့်လေးငါးစေ့လောက်လဲ ပါလာ သေးတယ်။

'ရော့ အမေကြီး အမေကြီး ကျသွား တဲ့ ပစ္စည်းတွေ'

ဆိုတော့ အဘွားအိုက ဝမ်းသာ အယ်လဲနဲ့ မောင်မင်းကြီးသား ကျန်းမာ ချမ်းသာပါစေပေါ့။

ဒီနောက်ပိုင်းတော့ ကျွန်တော်တို့ မြို့က လူတွေ မြစ်ထဲ တစ်ခုခုကျပြီဆို ကိုဂျာအေး ဖြစ်ကုန်တော့တာပဲ။

တချို့က တကယ်အခက်အခဲရှိလို့ ကူညီခိုင်းပေမယ့် တချို့ကျပြန်တော့ မယုံလို့ စမ်းသပ်တာမျိုးကလဲ ရှိနေပြန် ရောဗျ။ ကိုဂျာအေးကလဲ လူတစ်မျိုး။ စိတ်ရလို့ အကြောင်းအပေါင်းသင့်ရင် ဘာမဆို ကူညီတတ်ပေမယ့် စိတ်မရ ရင် လှည့်တောင်ကြည့်တာမျိုး မဟုတ်ဘူး။

ပြောရရင် ကိုဂျာအေးအကြောင်းက ပြောကုန်နိုင်ဖွယ် မရှိဘူး။ ဒီအထဲမှာ ကျွန်တော် မှတ်မိနေတဲ့ အဖြစ်ဆန်း လေးတစ်ခု ပြောပြဦးမယ်။

ကျွန်တော်တို့မြို့မှာလှေ သင်္ဘော တွေ ဆိုက်ကပ်တဲ့ သဲပုံဆိပ်ဆိုတဲ့ နေရာလေးတစ်ခုရှိတယ်။ ဟိုအရင် တုန်းကတော့ အိမ်ဆောက် တိုက် ဆောက်လို့ သဲဝယ်မယ်ဆို ဒီနေရာ လေးမှာပဲ သဲဝယ်လို့ရတယ်။ ဒါကြောင့် မို့လဲ သဲပုံဆိပ်လို့ တွင်နေတာပါ။

ထားပါတော့... အဲဒီနေရာမှာ တစ်ခါတလေ လမ်းခင်းတဲ့ လိပ်သဲ ကျောက်တွေ၊ စကျင်ကျောက်တွေ တင်တဲ့ စီဘီတွဲသင်္ဘောကြီးတွေ ညအိပ်ညနေ ဝင်နားလေ့ရှိတယ်။ အဲဒီ နေ့ကလဲ ပုတောဘက်ကို သွားမယ့် ကျောက်တင်တွဲသင်္ဘောကြီး သဲပုံဆိပ် မှာ ညအိပ်ဝင်နားတယ်။ သင်္ဘောဝမ်း ထဲမှာလဲ လမ်းခင်းကျောက်တွေ အပြည့်နဲ့ပေါ့။

ကျောက်တင်တွဲသင်္ဘောကြီး သဲပုံ ဆိပ်ကို ဘယ်အချိန်လောက်က ရောက်တယ် မသိတော့ဘူး။ ကိုဂျာ အေးက ညနေ နေဝင်ဖျိုးဖျ အချိန် လောက်မှာ သင်္ဘောပေါ် ရောက်သွား ပြီ...

'အမယ်လေး သင်္ဘောကြီးရဲ့ မနက်ဖြန်ဆို ဖို့ကို ထားခဲ့ပြီး နင်ကတော့ ရေအောက်ကို အပြီးသွားတော့မယ်ပေါ့။ ဖို့ကို မသနားရင် တောင် ကျောက်တုံးလေးတွေကို သနား သောအားဖြင့် မသွားပါနဲ့လား သင်္ဘောကြီး ရဲ့ ပြောမရလို့ သွားမယ်ဆိုရင် ငါတော့ လွမ်းနေရတော့မှာပဲ'

ဆိုတော့...

အငိုအပြောလေးနဲ့ ဖြစ်နေတဲ့ ကိုဂျာအေးရဲ့အဖြစ်ကို ဘေးက မသိတဲ့ သူများမြင်ရင် ဆွေမျိုးရင်းချာတစ် ယောက်ယောက်ကို အလွမ်းသယ်နေ သလိုမျိုးဆိုတော့ စီဘီတွဲသင်္ဘောသား တွေလဲ ပထမတော့ ကြောင်တောင် တောင်ဖြစ်ပြီး ပါးစပ်အဟောင်းသားနဲ့ ဘာပြောလို့ ဘာပြောရမှန်းတောင် သတိမရနိုင်ကြဘူး။

နောက်တော့မှ...

'ဟာ ဒီအရူးတော့ နမိတ်မရှိ နမာ မရှိ ဘာတွေ လာပြောနေမှန်း မသိ ဘူး'

ဆိုပြီး သင်္ဘောပေါ်က အတင်း ဆွဲချကြတာပေါ့။

မနက်လင်းတော့ ကျောက်တင် သင်္ဘောလဲ သဲပုံဆိပ်ကမ်းကနေ ခရီး ဆက်သွားတယ်။

ဒီလိုနဲ့ တစ်နေ့သော မနက်ခင်းမှာ လူစိမ်းသုံး,လေးယောက် ကိုဂျာအေး ကို လိုက်ရှာနေတယ်ဆိုတဲ့ သတင်း ဟာ ကမ်းနားလမ်း ဈေးသည်တွေဆီ ကနေ မြို့ပေါ်ရပ်ကွက်လေးထဲကို တစ်မုဟုတ်ချင်း ပျံ့နှံ့လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သူတို့ခါးကြားမှာလဲ တုတ်ဓားလို လက်နက်မျိုးတွေလဲ ပါတယ်ဆိုတော့ ကမ်းနားတစ်ပိုက်က ဈေးသည်တွေအနေနဲ့က ကိုဂျာအေးကို အလုလာကြည့်တာတော့ မဟုတ်ဘူးလို့ တွေးမိကြတယ်။

ဒီသတင်းကို မြောင်းမြစခန်းက တပ်ကြပ်ကြီး ဦးမြင့်ကြည်လား။ ဦးကြည်မြင့်လားတောင် သိပ်မမှတ်မိတော့ဘူး။ ထားပါ... ဦးမြင့်ကြည်ရယ်၊ မဟာမြန်မာ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးမြင့်ကိုရယ်၊ နောက် ဈေးအတွင်းက ဦးစိန်ရွှေ၊ ဦးဝင်းမြင့်နဲ့ ဈေးခေါင်းကြီးအဖွဲ့ ကိုဂျာအေးကို လိုက်ရှာနေတယ်ဆိုတဲ့ လူတွေနဲ့ သွားတွေ့တယ်။

သွားတွေ့တယ် ဆိုတာကလဲ မဖြစ်သင့်တာ မဖြစ်အောင် အကျိုးအကြောင်းမေးဖို့လေ။ ကိုဂျာအေးဆိုတာကလဲ မဟုတ်မဟပ် ပြောတတ်တာ မဟုတ်ဘူး။ ဟုတ်တာ မှန်တာကို ပြောပြီဆိုလဲ တုတ်ထိုးအိုးပေါက် ဘွင်းဘွင်းကြီး ပြောချလိုက်တာ ဆိုတော့ တစ်ခါတလေ နားလည်မှုလွဲတာမျိုးလဲ ရှိတတ်တယ်လေ။

'ဘယ့်နှယ်ဗျာ ဟိုတလောလေးက ကျုပ်တို့ ကျောက်သင်္ဘော သဲပုံဆိပ်မှာ တစ်ညဝင်နားတယ်။ ဒီအရှုးက ဘယ်က ဘယ်လို သင်္ဘောပေါ် ရောက်လာတယ်မသိဘူး။ ကုန်းပေါင်ထိုးပြီး ကမ်းမှာ ကပ်ထားရင်လဲ ထားတော့ အခုဟာက ကျုပ်တို့ သင်္ဘောရေရှူးမယ်လို့ ကမ်းနဲ့ခွာ ကျောက်ချ ရပ်ထားတာတောင် ဘယ်လို တက်လာတယ် မသိဘူး။

တက်လာတော့လဲ ကောင်းကောင်းလာတာမဟုတ်ဘူး။ သင်္ဘောကြီးရဲ့ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ နမိတ်မရှိ နမာမရှိတွေနဲ့ လာပြီး လွှမ်းချင်းချလိုက်တာ ကျုပ်တို့ သင်္ဘော ဒီကထွက်ပြီး နောက်နေ့ ပုသော



ပင်လယ်ဝမှာ မြှုပ်ပါရောလားဗျာ'

ကိုလှစိမ်းက မောသွားဟန်နဲ့ ပြောလက်စ စကားကို ခဏရပ်တယ်။ ပြီးတော့ မျက်နှာအနှံ့မှာ တွဲခိုနေတဲ့ ချွေးစက်တွေကို ပုဆိုးအပေါ်စနဲ့ ဘယ်ပြန်ညာပြန် သုတ်ရင်း...

'လူတွေတောင်' အသေအပျောက် မရှိတာ ကံကောင်း။ ပါးစပ်သရမ်းတဲ့ အရူး တွေ့အောင်ရှာပြီး မှတ်လောက်အောင် ဆုံးမလိုက်ဦးမယ်'

လို့ ပြောရင်းက ဦးမြင့်ကြည်တို့ အဖွဲ့ကို လှမ်းအကဲခတ်နေတယ်။

ဦးမြင့်ကြည်တို့ ရွာခံအဖွဲ့လဲ ဒါမျိုးတော့ ဘယ်လက်ခံလိမ့်မတုန်း။ ဒီတော့...

'ဒါက ဒီလိုရှိတယ် နောင်ကြီးတို့ရဲ့၊ အခု နောင်ကြီးတို့ရှာနေတဲ့ အရူးဆိုတဲ့ လူက တကယ်တော့ အရူးမဟုတ်ပါဘူး။ အင်း နောင်ကြီးတို့ အမြင်မှာတော့ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်။ ကျုပ်တို့လဲ ဟိုတုန်းကတော့ ဒီလိုပဲထင်ခဲ့ကြတာပဲ။

ဒါပေမယ့် နောင်ကြီးတို့ လိုက်ရှာနေတဲ့ ဂျာအေးဟာ တကယ့်ကို လူထူးဆန်းတစ်ယောက်ပါ။ အခုကိစ္စကလဲ သူ့ရဲ့ နိမိတ်မရှိတဲ့ စကားကြောင့်တော့ ဟုတ်မယ်မထင်ပါဘူး။ နောင်ကြီးတို့သိအောင် သတိလာပေးတဲ့ သဘော ဖြစ်ပါလိမ့်မယ်။ ဒါကို နောင်ကြီးတို့အနေနဲ့ သတိမမူမိလို့ ဖြစ်ပါလိမ့်မယ်။

ဂျာအေးအနေနဲ့ နောင်ကြီးတို့ကို ရိုင်းပျတဲ့အပြုအမူ စော်ကားတဲ့ စကားတွေနဲ့ ပြောခဲ့မယ်ဆိုရင် ကျုပ်ကိုယ်တိုင် သူ့ကိုဖမ်းပြီး ထိုက်သင့်သလို အရေးယူဆောင်ရွက်ပေးလို့ ရပါတယ်။ ကျုပ်က ဒီမြို့မစခန်းက ရဲတပ်ကြပ်ကြီး မြင့်ကြည်ပါ'

ဆိုတော့ မျက်စောင်း မထိုးလိုက်ပေမယ့် အမောက်တော့ ထောင်ပြလိုက်တဲ့သဘော သက်ရောက်သွားတာပဲ မဟုတ်လား။ ဒါလဲ တစ်မျိုးတော့ ကောင်းသား။ စီဘီတွဲသင်္ဘောကလူတွေ ကိုယ်ရှိန်တော့ သတ်သွားကြတယ်။ မသတ်လို့လဲ မဖြစ်ဘူးလေ။ သူတို့ ရှေ့ဆက်တိုးပြီး ကိုဂျာအေးကို ရိုက်လား၊ ပုတ်လား လုပ်မယ်ဆိုရင် ရွာခံအဖွဲ့နဲ့က ပွဲကြီးပွဲကောင်း ဖြစ်ကုန်မှာ။

ဟုတ်တယ် အခုလာတဲ့ ဦးမြင့်ကြည်တို့အဖွဲ့ဆိုတာလဲ ကိုဂျာအေးနဲ့က ကျေးဇူးခံ ကျေးဇူးစားတွေလေ။ သူတို့ရဲ့ လူမှုရေး စီးပွားရေးကိစ္စ တော်တော်များများဟာ ကိုဂျာအေး ပယောဂနဲ့ ကင်းကြတာ မဟုတ်ဘူး။

ဒါတောင် ကိုကြွက်ဖြူဆိုတဲ့လူ ပါမလာလို့။ မဟုတ်ရင် ဒီစီဘီတွဲက လူတွေ ဘယ်ချောင်လိမ့်မတုံး။

ကိုကြွက်ဖြူဆိုတာကလဲ အရပ်ကသာ ပုပြတ်ပြတ်နဲ့ စိတ်က ရှည်တယ်လို့ တစ်ခါမှ ရှိတာမဟုတ်ဘူး။ အသားဖြူဖပ်ဖြူရော်နဲ့ အပြင်ပန်းကြည့်ရင်တော့ အေးပုံအေးပါးနဲ့ သွေးကာတော့ အမြဲတမ်း ပူနေတတ်တာကို ထစ်ခနဲဆို ရိုက်ပြီးပုတ်ပြီးသွားပြီဆိုတဲ့ လူစားကိုး။



www.burmeseclassic.com

www.burmeseclassic.com

ကိုဂျာအေးဆိုတာလဲ ကိုကြွက်ဖြူ ရဲ့ ပါတနာပဲလေ။ သူတို့နှစ်ယောက် ရဲ့ ပတ်သက်ဆက်နွယ်မှုကိုလဲ ကြည့်ဦး...

အဲဒီနေ့က ညနေစောင်းလောက်ပဲ ရှိသေးပေမယ့်။ အင်္ကျီချုပ်ထည် ပါးတာမို့ ကိုကြွက်ဖြူ ဆိုင်ကို စောစောပဲ ပိတ်ဖို့ ပြင်ဆင်နေတုန်းမှာ...

'အစ်ကိုလေး ဟိုအင်္ကျီလေး ကျွန်တော့်ကို ပေးပါလား'

အသံကြားကတည်းက ဂျာအေး ဆိုတာကို သိပေမယ့် အခုလို အင်္ကျီ တစ်ခါမှ မတောင်းဘူးတော့ ကိုကြွက်ဖြူအနေနဲ့ နည်းနည်းတော့ အံ့ဩသင့်သွားတယ်။

သူတောင်းတဲ့ အင်္ကျီကလဲ သူများလာအပ်ထားတဲ့ အင်္ကျီတော့ မဟုတ်ဘူး။ ပိတ်စအပိုလေးတွေကို ဟိုစပ်ဒီစပ်နဲ့ ချုပ်ထားတဲ့ သဘော်သား အင်္ကျီလေ။ ဝယ်မယ့်သူ မရှိလဲ ကိုယ့်ဟာကိုယ် ဝတ်မယ်ဆိုပြီး ချုပ်ထားတာ။ အခုတော့ အလှူခံပုဂ္ဂိုလ်က ဆိုင်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီဆိုတော့ အလှူပေးမယ့် ကိုကြွက်ဖြူအနေနဲ့ကလဲ တွန့်ဆုတ် မနေရှာပါဘူး။

'အလုပ်ကတော့ ပါးတယ် ဂျာအေးရေ၊ ဒါပေမယ့်လဲ မင်းက ဝတ်ချင်သပါဆိုတော့ ယူပါကွာ'

ဆိုပြီး ချိတ်ကဖြုတ် ရော့အင့်ဆိုပေးလိုက်တာပဲ။ ကိုဂျာအေးက သူ့ကိုယ်ပေါ်က မူလ အရောင်ပျောက်နေပြီဖြစ်တဲ့ သဘော်သားအင်္ကျီအဟောင်းကို မချွတ်တော့ဘဲ ကိုကြွက်ဖြူပေးတဲ့ အင်္ကျီအသစ်လေး ထပ်စွပ်ဝတ်လိုက်တယ်။ ပြီးတော့ ရယ်ကျဲကျဲမျက်နှာပေးနဲ့...

'ဟဲ...ဟဲ...ငါ့အစ်ကိုလေး ကျန်းမာချမ်းသာပါစေ။ အင်း ဒီနေ့ လဆန်း(၆)ရက်ဆိုတော့ နောက်သုံး,လေးရက်လောက်ဆို ငါ့အစ်ကိုလေး ထမင်းကို မနက်စာနဲ့ညစာ ပေါင်းစားရမယ့်ကိန်းပဲ'

ဆိုတော့ ကိုဂျာအေး ပြောလိုက်တဲ့ စကား မကြာခင်မှာပဲ ကိုကြွက်ဖြူ တစ်ယောက် ဒုက္ခနွံနစ်ရကာပ ဆိုက်တော့မယ့်အတိုင်းဆိုတော့ ကိုကြွက်ဖြူခမျာ ပြုံးပြုံးပျာပျာနဲ့...

'ဟ... ဟ... ဘယ်လိုဖြစ်လို့တုန်း ဂျာအေးရ၊ အလုပ်ပါးတယ် ဆိုပေမယ့် ငါ အခြေအနေ ဒီလောက်တော့ မဆိုးသေးပါဘူးကွာ။ မင်းကတော့ ပြောတော့မယ်'

'အဲ... အဲ... ကျွန်တော်ပြောတာ ဒီသဘော မဟုတ်ပေါင်ဗျာ။ ငါ့အစ်ကိုလေး အင်္ကျီ အများကြီးချုပ်ရတော့ ထမင်းစားချိန်တောင် မရှိတာကို ပြောချင်တာပါဗျာ'

ကိုဂျာအေးက သူ့စကားအရှုပ်ကို သူ ပြန်ရှင်းရင်း လာလမ်းအတိုင်း ခပ်သွက်သွက် ထွက်သွားတယ်။ ဒီအချိန်မှာ လိမ္မော်ရောင် အဆင်းနဲ့ နေလုံးကြီးကလဲ အနောက်ယွန်းယွန်းကို ငုပ်လျှိုးပျောက်ကွယ်စ ပြုနေပြီ။

ကိုကြွက်ဖြူ စိတ်ထဲမှာတော့ ဂျာအေး ပြောတဲ့အတိုင်း ဖြစ်ပါစေဗျာလို့ တောင်းဆုခြွေရင်း ဆိုင်သော့ကို ဂလောက်ခနဲမြည်အောင် ခတ်လိုက်တယ်။

'ဖေကြီးရေ ဖေကြီး ထမင်းက ပြန်စားမှာလား၊ လာပို့ပေးရမလားတဲ့ မေကြီးက မေးခိုင်းလိုက်တယ်'

ကိုကြွက်ဖြူရဲ့သား စွာထောင်ရဲ့ အမေးကို ကိုကြွက်ဖြူ ချက်ချင်း ပြန်မဖြေသေးဘဲ ဒီရက်ထဲမှာမှ သူငှားထားတဲ့ စက်ချုပ်သမားနှစ်ယောက်ရဲ့ ချုပ်လက်စတွေကို တစ်ချက် လှမ်းအကဲခတ်လိုက်တယ်။ သူတစ်ယောက်တည်း ဒိုင်ခံ ညှပ်ပေးနေရတာဆိုတော့ သူ့လက်စကို ခဏနားဖို့ မဖြစ်နိုင်ဘူးဆိုတာကိုလဲ ခန့်မှန်းမိလိုက်တယ်။ ဒါနဲ့...

'အေး... သားရေ ထမင်းလာမပို့နဲ့တော့။ အဖေ ဆာမှ ပြန်လာစားမယ်လို့ သား အမေ့ကို ပြောလိုက်နော်'

ကိုကြွက်ဖြူသား စွာထောင်က "ဟုတ်ကဲ့ ဖေဖေ" ဆိုပြီး ချာခနဲ လှည့်ပြန်သွားတယ်။ ဒီတော့မှ ကိုကြွက်ဖြူလဲ ညှပ်လက်စ ပိတ်အုပ်တွေကို ဆက်ညှပ်ရင်း လွန်ခဲ့တဲ့ လေး,ငါးရက်လောက်က ကိုဂျာအေး ပြောခဲ့တဲ့ ထမင်း မနက်,ည ပေါင်းစားရမယ် ဆိုတဲ့ စကားကို ပြန်ကြားယောင်မိတယ်။

ကိုဂျာအေး ပြောပြီး မကြာခင်ပဲ စက်ရုံတစ်ရုံက ဝန်ထမ်းအင်္ကျီ ဘောင်းဘီ အစုံတစ်ရာကျော် အော်ဒါရလိုက်တာလဲ ကိုဂျာအေး ကျေးဇူးကြောင့်လို့ စိတ်ထဲမှာ အမြဲတမ်း တေးမှတ်နေမိတော့တယ်။

အင်း... ကိုဂျာအေးအကြောင်းတွေကတော့ ပြောမယုံ ကြုံဖူးမှသိ ဆိုတာလို ပြောကုန်နိုင်ဖွယ် မရှိဘူး။

နည်းပညာတွေ ဘယ်လောက် ထွန်းကားတယ်ပဲပြောပြော သိပ္ပံပညာတွေ ဘယ်လို တိုးတက်တယ်ပဲဆိုဆိုပါ ကိုဂျာအေးရဲ့ သဘာဝလွန် အပြုအမူ အပြောအဆိုတွေတော့ ဘယ်ပညာရှင်မှ တိုင်းတာတွက်ချက်လို့ ရမယ်မထင်ပါဘူး။

ဒါပေမယ့်လဲ ကျွန်တော် သိခဲ့မီခဲ့တဲ့ ကိုဂျာအေးရဲ့ ထူးခြားတဲ့ အပြုအမူဖြစ်ရပ်တွေကို တော့ အလျဉ်းသင့်သလို ဖော်ပြပေးပါဦးမယ်။

မြောင်းမြ မြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိပြာ စီရင်နည်း



တစ်ချိန်တွင် ကျွန်ုပ်တို့ပြည်သည် ထူးချွန်သော သူတော်စင်ပုဂ္ဂိုလ်များ ပေါ်ထွက်လာနိုင်သည်။ ထိုသို့ ပေါ်ထွက်လာရာတွင် အထောက်အကူ အဖြစ်ဖြင့် ဤသိဒ္ဓိပြာစီရင်နည်းတစ်ခုကို ကျယ်ပြန့်လှသော လောကီနယ်မြေသို့ တင်ပြလိုက်ရပါသည်။

ဤစီရင်နည်းကို ပဲခူးရိုးပေါ်မှာ ဝိဇ္ဇာကြီးတစ်ဦးထံမှ ရရှိခဲ့ခြင်းပါ။ ဤ ဆရာကြီးအား ဤဆောင်းပါးဖြင့် ရိုသေစွာ ကန်တော့ပါ၏။

## နေရာ

လူဆိတ်ငြိမ် အေးချမ်းလှသော ခြံမြေ/တောတောင်မှာ စီရင်ရပါမည်။ ကိုးပါးသီလထိန်းပြီး၊ ဝတ်ဖြူဝတ်ရပါမည်။

## အကာအကွယ်

- သိမ်ဝင်သပိတ်ချည်လုံးဖြင့် စည်းသုံးတန် သားရပါမည်။ ရေကိုလည်း စည်းပတ်လည်မှာ ဖြန့်ပက်ရပါမည်။

ရေနှင့် အပ်ချည်လုံးကို ၂၄ ပစ္စည်း ပဋ္ဌာန်းတော်ဖြင့် (၃၇)ခေါက် မန်းရပါမည်။ သမ္ဗုဒ္ဓေဂါထာတော်ဖြင့်လည်း (၂၄)ကြိမ် မန်းရပါမည်။

စည်းသုံးတန် သားရပါမည်။ ပထမ အပြင်စည်းနှင့် ဒုတိယစည်းခြားမှာ အလေး၊ အပေါ့သွားရန် ကျင်းငယ်တူးရမည်။

ဒုတိယနှင့် တတိယစည်းခြားမှာ လူအိပ်ရမည်။

တဘိယ အလယ်ဗဟိုစည်း အတွင်း ဆေးစီရင်ရန်နေရာ ဖြစ်သည်။

- ဤစည်းကို ရာဇမတ်ကာ၊ ငှက်ပျောစိုက်၊ ပွဲတစ်ပွဲ စီရင်ရမည်။

## လူ၏ ကျင့်စဉ်

လူမှာ ကိုးပါးသီလထိန်းပြီး ဂုဏ်တော်ပုတီးကို အဓိဋ္ဌာန်ဖြင့် ပွားများနေရမည်။ ခြောက်ခြင်း၊ လှန့်ခြင်းရှိမည်။ မကြောက်နှင့်...

## ဆေးစီရင်ခြင်း

- သံဒယ်အိုးငယ်အတွင်း မိုင်းကိုင်စက္ကူ (၇)ထပ်ခင်းပါ။

စိန်နီမြင်းသွား တစ်ဆယ်ကျပ်သား
ဟင်္သပဒါး တစ်ဆယ်ကျပ်သား
လက်ချားမီးဖောက် တစ်ဆယ်ကျပ်သား

အားလုံး အမှုန့်လုပ်ပြီးထည့်ရမည်။ သံဒယ်ကိုလိုက်၍ ကြွေပန်းကန်ထူထူကို အပေါ်က အုပ်ပါ။ ဘေးပတ်လည်ကို အာသာဝတီပင်(ဝါ) ဟံသာဝတီပင်ကို ထမင်းရည်နှင့် ကြိတ်၊ ပန်းကန် အနားပတ်လည်မံပါ။

- **ဆားနှစ်ကျပ်သား၊ မြေနီကိုးကျပ်ခွဲသား၊ ဒိုးဆန်တစ်ကျပ်လေးပဲသားတို့ကို ထမင်းရည်နှင့် ညက်စွာ ကြိတ်ကြီး ပထမမံထားသော ဆေးအထက်က ထပ်၍ မံပြီး မီးကော် ပြုလုပ်ပါ။**

ယင်းအထက်က ဖက်ဆီတစ်ပိဿာကို မြေအိုးနှင့် ကော်ရသည်အထိ ချက်ပြီးမံပါ။ ရေကော်ဖြစ်သည်။

ယင်းအထက်က သံပရာရည်(၁၀) ကျပ်သားကို ထည့်၍ မီးအေးအေးနှင့် ချက်ပါ။ သံပရာရည်ခန်းလျှင် နှမ်းဆီ (၁၀)ကျပ်သားကို ထည့်၍ ဖယောင်းတိုင်နှစ်တိုင်အားလောက် မီးပေးပါ။

နှမ်းဆီခန်းလျှင် ရေနံချေး(၁၀)ကျပ်သားထည့်၍ မီးတိုင် သုံးတိုင်အားလောက် မီးပေးပါ။ ခန်းလျှင် မီးပြင်းထိုးပါ။ ထိုသို့ သုံးရက်ချက် ရမည်။

သုံးရက်စေ့အောင် လူသည် စည်းအတွင်းမှာပဲနေရမည်။ စားစရာနှင့် ရေကို တစ်ပါတည်း ယူထားရမည်။

သုံးရက်စေ့လျှင် အအေးခံဖွင့် ဆေးသည် ပြာ ဖြူနုနုကျနေသည်ကို တွေ့ရမည်။

ဤပြာသည် သိဒ္ဓိနှင့် ပြည့်စုံသော ပြာပင်ဖြစ်ပါသတည်း။

စီမံသူတိုင်း အောင်မြင်၍ သာသနာ့အကျိုး ဆောင်နိုင်ကြပါစေ။

**မောင်ဖြူ** *(အငြိမ်းစားကျောင်းဆရာ)*

---

**စာရှုသူ သုတေသီနှင့် ပညာရှင်များသို့ ပန်ကြားလွှာ. . .**

**တမူရှင်မှ သိဒ္ဓိနှင့် ပြည့်စုံသောပြာဟု ဆိုပါသည်။ စိတ်ချရသော ပြာဖြစ်ပါပြီလား။ သို့ရာတွင် ဤပြာအသုံးကိုမူ ဖော်ပြမထားပါ။ သို့ဖြစ်၍ ဤသိဒ္ဓိပြာ စီရင်နည်း၊ အပြည့်အစုံသိသူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ အပြည့်အစုံ ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။**

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်း
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ကြည့်ရှုကြသော စာဖတ်ပရိသတ်ကြီးသည် လောကီလောကုတ္တရာဆိုင်ရာ ဗဟုသုတများကို ရရှိကြပါသည်။ ထိုအထဲမှ လူခြောက်ကလေးတွေ အကြောင်းကို ဖတ်ရသည်မှာလည်း စိတ်ဝင်စားစရာပါ။

မျှဝေခံစားစေလို၍ ကျွန်တော်သိသမျှထဲမှ လူခြောက်ကလေးတွေ၏ အကြောင်းအရာ တစိတ်တဒေသကို ရေးသား တင်ပြလိုက်ပါသည်။

လူခြောက်ကလေးများကို မိခင်ကိုယ်ဝန်ဆောင်ရာတွင် သာမန်လူများ (ကလေးများ)ကဲ့သို့ ဝမ်း၌လွယ်ရပြီး ကိုးလလွယ် ဆယ်လအတွင်း ဖွားရပါသည်။ မိခင် ကိုယ်ဝန်ဆောင်ရာတွင် ပထမ ခုနစ်လ၊ ရှစ်လတွင် ဝမ်းဗိုက်ဖောင်းပြီး လရင့်လာသောအခါ ပိန်သွားတတ်ပါသည်။

စလင်း ဦးကျော်

# လူခြောက်ကလေးများအကြောင်း

တစေ့တစောင်း

လူခြောက်ကလေးများ၏ အရုပ်အရှည်မှာ ခြောက်လက်မ ပတ်ဝန်းကျင် ရှိပါသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်စသည်ဖြင့် အင်္ဂါစုံ ပါရှိပါသည်။ ယောကျ်ားကလေး မိန်းမကလေး သိသာအောင် ပါရှိပါသည်။

စကားပြောလိုလျှင် မိခင်အား အိပ်မက်ထဲမှာ စကားပြောတတ်ပါသည်။ လူခြောက်ကလေးများမွေးပြီး နောက်ပိုင်း လုပ်ငန်းကိုင်ငန်းများ အဆင်ပြေလာတတ်ပါသည်။

မိမိတို့ လုပ်ကိုင်သော အရာမှန်သမျှ အောင်မြင်အထမြောက်တတ်ပါသည်။ နှစ်သားအရွယ်ရောက်လာလျှင် မိခင်ကို စိတ်ဆင်းရဲ ငြိုငြင်ခြင်း အဖြစ်မခံပါ။ မိခင် လိုအပ်သော တမ်းတသော ပစ္စည်းများ အိမ်သို့ ရောက်ရှိလာတတ်ပါသည်။

လူခြောက်ကလေးများသည် အသျှ ပေါက် လူပျိုပေါက်အရွယ် (၁၃)နှစ်၊ (၁၄)နှစ် အရွယ်များတွင် သူတို့၏

www.burmeseclassic.com

စွမ်းရည်သတ္တိများ သိသာထင်ရှားလာပါ သည်။ **ဥပမာ** မိခင်က ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်များ လိုအပ်၍ တမ်းတလျှင် နောက်တစ်နေ့၌ အိတ်၊ တောင်း၊ ပုလင်းများထဲသို့ အဆိုပါ ပစ္စည်းများ ရောက်နေတတ်ပါသည်။

သူတို့၏ အိပ်ရာရောက်၊ ခုတင်အောက်၊ အိမ်ရှိ သေတ္တာထဲသို့ ရွှေငွေ ရတနာများပင် ရောက်ရှိနေတတ်ပါသည်။ ထို့ကြောင့် အချို့သော လူခြောက်ကလေးများ၏ မိဘများသည် ဖုံးကွယ်ထားတတ်ကြပါသည်။ အလွန် ရင်းနှီးမှသာ ထုတ်ပြတတ်ကြပါသည်။

လူခြောက်ကလေးများ၏ ညီ၊ အစ်ကို၊ မောင်နှမများကို အင်္ကျီ အဝတ်အစားများ၊ လက်ဝတ်ရတနာများကို ဆင်ပါက သူ့ကိုလည်း ပေးရပါသည်။ သူ၏ အသက်အရွယ်ကို လိုက်ပြီး ဆင်မြန်းသော ပစ္စည်းများကို အကြီးအငယ် ကိုက်ညီအောင် ပြုလုပ်ပေးရပါသည်။

**ဥပမာ** လသားအရွယ်ဖြစ်လျှင် သာမန်လူကလေးများ (လသားများ) ဝတ်သော အဝတ်အစားများကို သူ့အနားတွင် ခေါက်ထားရပါသည်။

လူပျိုလူရွယ် (၁၃)နှစ်၊ (၁၄)နှစ် ရှိလျှင် လူပျိုလူရွယ် ဝတ်သော အဝတ်အစားများကို သူ့အနားတွင် ခေါက်ထားပြီး **"ဒါ မင်းအတွက် ပစ္စည်းတွေ"**ဟု ပြောကာ ထားရပါသည်။

ညီအစ်ကို မောင်နှမများကို အဝတ်အစား လက်ဝတ်ရတနာများ ဝတ်ဆင်စေပြီး သူ့အတွက် မပေးပါက မိခင်အား အိပ်မက်ပေးပြီး ပူဆာတတ်ပါသည်။

ထမင်း၊ ဟင်း၊ ရေ မုန့် စသည့် စားစရာ သောက်စရာများကို သာမန်



လူများကဲ့သို့ နံနက်စာ နေ့လယ်စာ ညစာအဖြစ် ခူးခပ်ပြီး လူခြောက်ကလေးအနားတွင် ထားပြီး...

'မင်းစားဖို့အတွက် ခူးခပ်ထားတယ် စားပါ'

ဟု နှုတ်မှ ပြော၍ ရပါသည်။ လူခြောက်ကလေးများအားပုလင်းကလေးများတွင် ထည့်ထားတတ်ကြပါသည်။

အချို့မှာ ခုတင်ငယ်ငယ်ကလေး ပြုလုပ်ပြီး ခုတင်ပေါ်တွင် မွေ့ရာကလေးခင်းကာ တင်ထားတတ်ကြသည်။ သေတ္တာငယ်ကလေးထဲတွင်လည်း ထည့်ထားကြပါသည်။ အချို့မှာ ထန်းခေါက် ဖာကလေးထဲတွင်လည်း ထည့်ထားတတ်ကြပါသည်။

သူတို့ကို လူစိမ်းများ လာကြည့်လျှင် မကြိုက်ကြပါ။ ပြက်ရယ်ပြောဆိုခြင်းကိုလည်း လုံးဝ မကြိုက်ပါ။ လူခြောက်ကလေးသည် ယောကျ်ားလေး ဖြစ်ပါက ရှင်ပြုချိန်အရွယ်ရောက်လျှင် မိခင်အား...

'သား ယောင်ရှင်လောင်း ဝတ်ချင်ပြီ'

ဟု အိပ်မက်ပေးတတ်ပါသည်။

မိဘသည် ဆင်းရဲ၍ ရှင်ပြုမပေးနိုင်ကြောင်း နေ့၌ သူ့အနားသွား၍ပြောလျှင် မိဘများအိမ်၌ အကြောင်းအမျိုးမျိုးဖြင့် ငွေကြေးများ ရောက်လာတတ်ပါသည်။

အသက်ရှိသော လူခြောက်ကလေး သို့မဟုတ် အစွမ်းထက်သော လူခြောက်ကလေးများသည် သူတို့၏ အသားအရေကို လက်နှင့် တို့ကြည့်ပါက ပျော့စိစိ တွန်းကန်အား ရှိပါသည်။

(**ဥပမာ**–ကျွန်တော်တို့၏ လက်မအရင်းရှိ မို့မောက်နေသော လက်ဖဝါးကို လက်ညှိုးနှင့် ဖိနှိပ်ကြည့်ပါက လက်ဖဝါးသည် ခွက်သွားမည်။ လက်ညှိုးကို နောက်သို့ ဆုတ်လိုက်ပါက ခွက်နေသော လက်ဖဝါးသည် မူလအတိုင်း ပြန်ဖောင်းသကဲ့သို့ ဖြစ်နေရမည်။)

လူခြောက်ကလေးများသည် (၁၆)နှစ်၊ (၁၇)နှစ် စသည်ဖြင့် လူပျိုအရွယ်၊ အပျိုအရွယ် ရောက်လျှင် သူတို့နှင့် ဘဝတူ လူခြောက်ကလေးများ အချင်းချင်း ချစ်ခင်နှစ်သက်ကာ လက်ထပ်ကြပါသည်။

စွမ်းရည်ထက်မြက်သော လူခြောက်ကလေးများသည် ညအခါ လှုပ်ရှားသွားလာသံများ ကြားရပါသည်။ ဥပမာ လမ်းလျှောက်သံ၊ ပုဆိုးခါသံ၊ ဖိနပ်နှစ်ဖက် ရိုက်ခါသံများ ဖြစ်ပါသည်။

စွမ်းရည်ရှိသော အသက်ရှိသော လူခြောက်ကလေး ဟုတ်မဟုတ်ကို သိလိုလျှင် လူခြောက်ကို မှန်ထောင်ကြည့်ပါ။ မှန်ထဲတွင် အရိပ်မထွက်လျှင် လူခြောက်ကလေးသည် အရှင် (သက်ရှိ) ဖြစ်ပါသည်။ မှန်ထဲတွင် အရိပ်ပေါ်ပါက အစွမ်းမထွက်ပါ။

## သူငယ်ချင်း ပြောပြသော လူခြောက်ကလေး

ကျွန်တော်သည် အဆယ်တန်းနှင့် အထက်တန်းပညာသင်များကို စလင်း



www.burmeseclassic.com

www.burmeseclassic.com

မြို့ အခြေခံပညာရေး အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပါသည်။ ဟိုတစ်ချိန်က (အ.ထ.က)အထက်တန်းကျောင်းကြီးဟု ခေါ်ပါသည်။

အလယ်တန်းပညာရပ်များ သင်ကြားစဉ်က နေ့လယ် ထမင်းစားကျောင်းဆင်းလျှင် တပ်မချောင်ရွာ မောင်တင်မြင့်၊ အရာတော်ရွာမှ မောင်သိန်းရွှေ၊ ပေါင်းပင်ဖင်းရပ်ကွက်ထဲမှ မောင်ညွန့်ဝေတို့ ညီအစ်ကိုနှင့် ကျွန်တော် ထမင်းဆုံစားလေ့ရှိပါသည်။

သူငယ်ချင်းတစ်တွေ ငယ်စဉ်က ပျော်ပျော်ပါးပါး ထမင်းဆုံစားခဲ့သည်ကို အခုချိန်ထိ သတိရလျက်ပါ။ တစ်နေ့ ထမင်းစားကျောင်းဆင်း၍ ထမင်းဆုံစားကြမည့်အချိန် မောင်တင်မြင့် ပျောက်ချက်သား ကောင်းနေပါသည်။

နံနက်က ကျောင်းတက်တာ အမှန်ပါ။ အခု ဘယ်ရောက်နေပါလိမ့်။ ကျွန်တော်တို့ သူငယ်ချင်းတွေ ထမင်းစားပြီးမှ သူ ရောက်လာပါသည်။

ကျွန်တော်က...

'ဟေ့ တင်မြင့် မင်း ပျောက်ချက်သား ကောင်းနေလိုက်တာ အခုမှ ပေါ်လာတယ်။ တို့သူငယ်ချင်းတွေ ထမင်းစားခါနီး မင်း မလာလို့ စောင့်နေကြသေးတယ်။ အခုမှ ပေါ်တော်မူ ဘယ်က ရောက်လာသလဲ'

မောင်တင်မြင့်...

'ဒီကနေ့ ငါ ထမင်း မထုပ်ခဲ့ဘူးကွ သူငယ်ချင်းတို့ရ။ မြို့ထဲက ဆွေမျိုးတွေအိမ်သွားပြီး ထမင်းစားခဲ့တာ။ မင်းတို့ကို ဗဟုသုတဖြစ်စရာ ပြောပြရဦးမယ်'

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် မောင်တင်မြင့် ပြောမည့် စကားကို နားထောင်ရန် အာရုံစိုက်နေကြပါသည်။



'ငါ ပြောမှာက လူခြောက်ကလေး အကြောင်းကို ပြောပြမလို့'

'အေး ပြောပါကွ၊ ငါတို့ နားထောင်နေပါတယ်'

'မြို့ထဲက တို့အမျိုးအိမ်မှာ လူခြောက်ကလေးတစ်ယောက် ရှိတယ်ကွ'

'ဘယ်က ရခဲ့တာလဲ'

'လူက မွေးဖွားတာပေါ့'

'မင်း လူခြောက်က အသက်ရှိလို့လား။ ဘယ်လောက်ကြီးသလဲ'

'အသက်ရှိတယ် ပြောတာပဲ။ သူက အိပ်မက်ထဲမှာ စကားပြောတာတဲ့။ အရွယ်အစား အရှည်ကတော့ တို့ သချာ်တွက်တဲ့ ကွန်ပါဘူးထဲက ခြောက်လက်မပေတံလောက် ရှည်တယ်။

ဟိုးအရင်တစ်ခါက အဲဒီလူခြောက်ကလေးရှိတဲ့ ဆွေမျိုးတွေအိမ်ကို အခုလိုပဲ ထမင်းစားသွားတယ်။ ငါကို ထမင်းထည့်ကျွေးတော့ လူခြောက်ကလေးကိုလဲ ထမင်း၊ ဟင်း၊ သောက်ရေခွက်၊ လက်ဆေးခွက်၊ လက်သုတ်ပဝါတွေကို သူ့အနားမှာ ချပေးတယ်။

သူ့အမေက **"သားအတွက် ထမင်းပွဲ ပြင်ထားတယ် စားစား"**လို့ ပြောတယ်။ အဲဒါကို ငါ မြင်လို့ ထမင်းစားနေရင်းက လူခြောက်ကလေးနား သွားမိတယ်။

လူခြောက်ကလေး အနားရောက်ရင်ပဲ...

"ဟေ့ ညီလေး စားဟေ့။ အစ်ကိုလဲ ထမင်းစားနေတာကွ။ စား...စား... မင်းမှာ ပုဆိုး။ အင်္ကျီ၊ ဘောင်းဘီတွေ အထပ်လိုက်ပါလားကွ။ ငါ့ကို တစ်စုံလောက် ပေးကွာ"

လို့ သူ့အတွက် ပေးထားတဲ့ ပုဆိုး အင်္ကျီတွေကို ကြည့်ပြီး ငါ စိတ်ထဲရှိရာ ပေါက်တတ်ကရ ပြောလိုက်တယ်။

ညရောက်တော့ လူခြောက်ကလေးက သူ့အမေကို အိပ်မက်ပေးသတဲ့'

'အိပ်မက် ဘယ်လိုပေးတုံး'

'မေမေ နေ့လယ်က လာတဲ့သူဟာ အလွန်ရိုင်းတယ်။ ဟေ့ ညီလေး စားကွနဲ့ ပြောတယ်။ သူက ကျွန်တော့်ထက် အသက်ငယ်ပါတယ်။ နောက်ကို အဲသလို မပြော ပါစေနဲ့လို့ အိပ်မက် မက်တယ်တဲ့။

ကျွန်တော့် ပုဆိုး၊ အင်္ကျီတွေကိုလဲ သူ့ကို မပေးပါနဲ့လို့လဲ အိပ်မက် မက်တယ်တဲ့။ လူခြောက်ကလေးကို အဝတ်နဲ့ထွေးထားပြီး ဖန်ပုလင်းထဲ ထည့်ထားတယ်။ အဲဒီ ဖန်ပုလင်းကလေးကို ခုတင်ကလေးပေါ် တင်ထားတယ်။

လူခြောက်ကလေးကို မွေးတဲ့ ဆွေမျိုးအဒေါ်တို့လဲ တစ်နေ့တခြား စီးပွားတက်လာတယ်'

သူငယ်ချင်း မောင်တင်မြင့် ပြောပြသည့် လူခြောက်ကလေးတစ်ယောက် အကြောင်း ဖြစ်ပါသည်။

ကျွန်တော်တို့ သူငယ်ချင်းတွေ ကွဲကွာခဲ့သည်မှာ အနှစ်လေးဆယ် ကျော်ခဲ့ပါပြီ။ လူခြောက်ကလေး၏ မိဘတွေလည်း မရှိတော့ပါ။ သူ့အစ်မ မိသားစုကတော့ အခုချိန်ထိ ချမ်းသာကြွယ်ဝလျက် ရှိပါသည်။

လူ့လောကဦ တစ်ခဏသာ

နေခဲ့ရသော လူခြောက်ကလေး

အကြားအမြင် ဗဟုသုတဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ရှိထားဖို့ လိုအပ်ပါတယ်။ အကြောင်းအရာတစ်ခုဟာ ကိုယ်နဲ့ မဆိုင်လို့ အမှတ်တမဲ့ မနေသင့်ပါ။ သိထားပါက လိုအပ်လာရင် ကိုယ့်အတွက် အသုံးချလို့ ရပါတယ်။

ဘဝကို ပြောင်းလဲသွားစေနိုင်ပါတယ်။ လောကီ လောကုတ် အားလုံး တိုးပွားနိုင်ပါတယ်။ ကျွန်တော့်ဇနီးရဲ့ ဒွေးလေး တစ်ဝမ်းကွဲတော်သူ ဒေါ်ထွေးရီမဆိုတာ ရှိပါတယ်။

ကိုလင်းဆိုသူနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ သားဦး ယောကျ်ားကလေး ဖြစ်ပါတယ်။ သားဦးကလေး သုံးနှစ်သားရှိတော့ နောက်ထပ် ကိုယ်ဝန်ရှိပြန်ပါတယ်။

ကိုယ်ဝန် ကိုးလကျော်လို့ ဆယ်လထဲရောက်တဲ့အခါ ထုံးစံအတိုင်း ဗိုက်နာပါတယ်။ လက်သည်ခေါ်ရပါတယ်။ ခြောက်လက်မအရွယ်ခန့်ရှိတဲ့ လူခြောက်ကလေးကို မွေးပါတယ်။ ဗဟုသုတ မရှိတော့ လူခြောက်လေးမှန်း မသိကြပါ။

လူခြောက်ကလေးကို ဖွားပြီး ဒေါ်ထွေးရီမမှာ မွေးလမ်းကြောင်းက သွေးများ အဆက်မပြတ် ဆင်းနေပါတယ်။

သူတို့ရွာက ကိုးမိုင်ခန့် ဝေးပါတယ်။ မြို့နယ်ဆေးရုံကို တက်ရန် စီစဉ်ကြပါတယ်။ မြင်းလှည်းတစ်စီး ငှားရပါတယ်။ အဲဒီအချိန်တုန်းက ထော်လာဂျီ ကားကလေးများ မပေါ်သေးပါ။

မီးဖွားပြီး လူနာ ဒေါ်ထွေးရီမကို မြင်းလှည်းပေါ် တင်ကြတယ်။ မွေးဖွားလို့ရတဲ့ လူခြောက်ကလေးကို အနီးဝတ်နဲ့ ပတ်ထွေးပြီး မြင်းလှည်းပေါ် တင်ယူလာခဲ့တယ်။

ဆေးရုံရောက်တော့ ဆရာမတွေက မွေးဖွားလို့ရတဲ့ ကလေးကို အပြနိုင်းကြတယ်။ လူခြောက်ကလေး ထည့်ထားတဲ့ အနီးဝတ်ကလေးကို ဖြေကြည့်ကြတယ်။ လူခြောက်ကလေးကို မတွေ့ရတော့ပါ။

ဆရာမတွေက လိုအပ်တဲ့ သွေးထိန်းစေတဲ့ ဆေးတွေနဲ့ လူနာအား ကုသကြလို့ သွေးဆင်းခြင်း ပျောက်ကင်းသွားပါတယ်။ နောက်တစ်နေ့ည မှာ လူခြောက်ကလေးက မိခင် ဒေါ်ထွေးရီမကို အိပ်မက်ပေးပါတယ်။

> ‘အမေတို့ကို ချမ်းသာအောင် မ,ဖို့ လာခဲ့ပါတယ်။ ဒါပေမယ့် အမေတို့က ကျွန်တော့်ကို ဂရုမစိုက်ကြဘူး။ မြို့နယ်ဆေးရုံကြီးကို အလာလမ်းမှာ ကျွန်တော် ကျနေခဲ့ပါတယ်။ အမေတို့ ကျွန်တော့်အပေါ် ရက်စက်ကြတယ်’

လို့ လူခြောက်ကလေးက အိပ်မက်ပေးမှ ဒေါ်ထွေးရီမတို့ဟာ မိမိမွေးဖွားတာ လူခြောက်ကလေးမှန်း သိကြပါတယ်။ ဒီလိုဖြစ်ရတာဟာ အကြားအမြင် ဗဟုသုတနည်းလို့ ဖြစ်ရတာ ဖြစ်ပါတယ်။

## အစွမ်းထက်မြက်သော လူခြောက်ကလေး

လွန်ခဲ့သော အနှစ်(၃၀)ကျော်က ကျွန်တော်တို့မြို့မှ တစ်ဆယ့်ငါးမိုင်ခန့် ဝေးကွာသော မြို့ကလေးတစ်မြို့ကို ကျွန်တော် အလည်ရောက်ခဲ့ပါတယ်။ အဲဒီမြို့ကလေးမှာ ကျွန်တော်နဲ့ ညီအစ်ကိုလိုခင်တဲ့ မိတ်ဆွေကြီး တစ်ယောက် ရှိပါတယ်။

ကျွန်တော့်ထက် အသက်ကြီးလို့ အစ်ကိုကြီးလို့ပဲ ခေါ်ပါတယ်။ သူ့နာမည်ကတော့ ဦးသိန်းနိုင်ပါ။ သူ့ဆီရောက်တိုင်း ကျွန်တော့်ကိုခေါ်ပြီး မြို့ကလေးထဲမှာ လည်ပတ်ပါတယ်။

လည်ပတ်တဲ့ နေရာတွေကတော့ သူနဲ့ရင်းနှီးတဲ့ မိတ်ဆွေတွေအိမ် ဖြစ်ပါတယ်။ သူ လိုက်ပို့တဲ့ အိမ်တွေထဲမှာ ဆီစက်၊ ကား၊ စပါး၊ နှမ်း ဂိုဒေါင်များနဲ့ ပြည့်စုံတဲ့ အိမ်တစ်အိမ်ကို ကျွန်တော် သတိထားမိပါတယ်။

အစ်ကိုကြီးက သူ့အိမ်ပြန်ရောက်တော့…

‘ညီလေး ဆီစက်၊ ကား၊ စပါး နှမ်းဂိုဒေါင်တွေရှိတဲ့ အိမ်ကို သတိထားမိလား’

လို့ မေးပါတယ်။

ကျွန်တော်က…

‘ထူးခြားပြီး ပြည့်စုံကြွယ်ဝတာကို ကျွန်တော် သတိထားမိပါတယ်’

‘အဲဒီအိမ်က အိမ်ရှင်မကြီးဟာ လူခြောက်ကလေးမွေးပြီး ချမ်းသာကြွယ်ဝလာတာပဲကွ။ သားသမီးတွေ မွေးဖွားရာမှာ လူခြောက်ကလေး တစ်ယောက် ပါလာတယ်။

လူခြောက်ကလေးက ယောကျ်ားလေးကွ။ အလွန်အစွမ်းထက်တယ်။ အစွမ်းထွက်တယ်ဆိုတာ သူတို့မိသားစုကို ချမ်းသာကြွယ်ဝအောင် လုပ်ဆောင်ပေးတာကို ပြောတာပါ’

‘ဘယ်လို လုပ်ဆောင်ပေးတယ်ဆိုတာကိုလဲ ပြောပါဦး အစ်ကိုကြီး’

‘တစ်ချိန်က အဲဒီအိမ်ရှင်မကြီးရဲ့ စီးပွားရေးဟာ သူလိုကိုယ်လိုပဲ။ သားသမီးတွေများလို့ စီးပွားရေး ပြောပလောက်အောင် မရှိဘူး။ လူခြောက်ကလေးမွေးပြီး မကြာခင် နှစ်များအတွင်းမှာ စီးပွားရေး တိုးတက်လာတယ်။

လယ်လုပ်တာလဲ စပါးတွေ ပိုထွက်လာတယ်။ အရောင်းအဝယ်ပိုင်းမှာ အရောင်းသွက်ပြီး အမြတ်အစွန်းတွေ ပိုရလာတယ်။ လူခြောက်ကလေး အခါ အနားမှာ ငွေကြေးများ ရောက်နေတာ

www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရတယ်။

စပါးပုတ်၊ နှမ်းပုတ်တွေထဲမှာ စပါးနဲ့ နှမ်းတွေ ရောက်နေတာကို တွေ့ရတယ်။ အိမ်က သေတ္တာထဲမှာ ရွှေငွေ ရတနာတွေ ရောက်လာတာကို တွေ့ရတယ်ကွ။

နောက်ဆုံး ကုန်ကုန်ပြောရရင် ဆီ၊ ဆား၊ ငါးပိ၊ ဆန် မရှိလို့ ညည်းမိရင် အိမ်မှာ ရောက်နေတတ်တယ်။ နောက်ပိုင်းမှာ စီးပွားရေး အလင်တည်ပြီး ဆီစက်၊ ကား၊ သီးနှံလှောင်တဲ့ ဂိုဒေါင်တွေ တည်ထောင်နိုင်တော့တာပေါ့။

အဲဒီ လူခြောက်ကလေး (၉)နှစ်သားရှိတော့ သူ့အမေကို အိပ်မက်ပေးတယ်။

"မေမေ ကျွန်တော် သင်္ကန်းဝတ်ချင်ပြီ။ အလှူမင်္ဂလာပွဲ ပြုလုပ်တဲ့အခါ မောင်ရှင်လှည့်ပါ။ စည်စည်ကားကား ပြုလုပ်ချင်ပါတယ်။

ရှင်လောင်းလှည့်ရာမှာ ဇီးတောကျေးရွာက ဦးလူဝရဲ့ မြင်းလား(မြင်းထီး)ကြီးကိုငှားပါ။ အဲဒီမြင်းကြီးကို ကျွန်တော် စီးပါ့မယ်။ ဒိုးပတ်ပိုင်း အကအခုန်တွေကိုပါ ဖိတ်ပါ"

တဲ့။

အိပ်မက် မက်ပြီး မကြာခင် ရက်ပိုင်းအတွင်းမှာ သား ရှင်ပြုမင်္ဂလာပွဲ ပြုလုပ်ဖို့ ရက်သတ်မှတ်ကြတယ်။ ရက်သတ်မှတ်ပြီး နောက်နေ့မှာ မြင်းငှားရန် ဇီးတောကျေးရွာက ဦးလူဝထံ အလှူအိမ်မှ လူတစ်ယောက် လွှတ်လိုက်တယ်။ မြင်းငှားဖို့သွားတဲ့လူ ဦးလူဝအိမ်ဝ ရောက်ရင်ပဲ...

"ဗျို့...ဦးလူဝ ကျွန်တော် လာပါရစေ"

ဦးလူဝက...

"လာပါ လာပါ"

လို့ပြောရင်း အိမ်ပေါ်ရောက်လျှင်...



"ဘာကိစ္စများရှိလို့လဲ မောင်ရင်"

လို့ပြောရာ...

"လူခြောက်ကလေးရဲ့ အမေ (ဒေါ်...)က ရှင်ပြုပွဲမှာ ရှင်လောင်းလှည့်ရန် ဦးလေးရဲ့ မြင်းလားကြီးကို အငှားခိုင်းလိုက်လို့ လာခဲ့တာပါ။ မြင်းလားကြီးပေါ်မှာ လူခြောက်ကလေး တင်ပြီး လှည့်မှာနော"

"မနေ့ကပဲ အဲဒီ(ဒေါ်...) အလှူမှာ မောင်ရှင်လောင်း လှည့်ဖို့အတွက် မြင်းလားကြီးကို ငှားသွားတယ်။ အငှားလာတဲ့သူကတော့ ရုပ်ရည်သန့်သန့် လူငယ်တစ်ဦးပါပဲ။ စက်ဘီးစီးလာတာပါ။

မောင်ရှင်လောင်း လှည့်မယ့်နေ့ကတော့ သူ ပေးသွားတဲ့ နေ့ရက်နဲ့ မောင်ရင် အခုပြောတဲ့ နေ့ရက်ဟာ တစ်ထပ်တည်းပါပဲ"

မြင်းငှားလာသူက...

"ဘယ်သူများ လာငှားပါလိမ့်။ ကျွန်တော် တစ်ယောက်တည်း လွှတ်ထားတာပါ။ ဘာပဲဖြစ်ဖြစ် ဒီအလှူအတွက် လာငှားတာပဲ။ နှစ်ထပ်ရှိတော့ ဦးလေးဦးလူဝ ပိုမှတ်မိသွားတာပေါ့။ ဟဲ...ဟဲ...ကျွန်တော် ပြန်မယ်နော်"

အစ်ကိုကြီး ဦးသိန်းနိုင်မှ...

'ကိုင်း တစ်ရက်ကြိုပြီး မြင်းလားကြီးကို လာငှားတာ ဘယ်သူထင်သလဲ။ မင်း စဉ်းစားသာ ကြည့်ပေတော့။ ရှင်ပြုပွဲကတော့ စည်ကားသလား မမေးနဲ့။ မြင်းလားကြီးပေါ် လူခြောက်ကလေးတင်ပြီး လှည့်တာလေ။

မောင်ရှင်လောင်း ထိန်းသူကထိန်း၊ မြင်းလားကြီးကို ကိုင်ထားသူကကိုင်၊ ရွှေထီးဆောင်းသူက ဆောင်းပေါ့။ တခြား မောင်ရှင်လောင်းကလေးတွေလဲ ပါတယ်ကွ။

ရှိုးတိုက်သူတွေကတိုက်၊ အကအခုန် ဒိုးပတ်ပိုင်းတွေလဲ ပါသကွ။ ရှေ့ဆုံးက နိမ္မာန်ဆော်က ကြေးစည်တီးပြီး၊ ကလေးတွေ ကြီးစဉ်ငယ်လိုက် ကြက်လျှာတိုင်ကလေးတွေ ကိုယ်စီကိုင်ပြီး စီတန်းသွား လှည့်လည်လာလေ။

ကလေးတွေနောက်က ရွာကျက်သရေဆောင် ကွမ်းတောင်ပန်းတောင်ကိုင် အပျိုချောတွေပေါ့ကွာ။ ကန်ဆောင်အိုးရွက်သူတွေ၊ ရှင်လောင်းအမေ အဖေ အို... စုံလို့ပါပဲကွာ။ စည်လိုက်တဲ့ဖြစ်ခြင်း။ တို့မြို့နဲ့ အနီးတစ်ဝိုက် ရွာတွေမှာ လူခြောက်ကလေးရဲ့ သတင်းဟာ ဟိုးလေးတကျော်ကျော်ပါပဲ။

ရှင်လူထွက်တော့ ကိုရင်လူထွက် ငါးပိချက် ဆိုသလိုပဲ။ လူပျိုလုပ်လာတယ်။ ညည အိမ်လည်ထွက်တယ်။ အသွားအပြန် လှေကား ဆင်းသံ တက်သံ ခြေသံတွေ ကြားရတယ်။

အိမ်လည်ပြန်လာပြီဆိုရင် လှေကားရင်းမှာ ခြေသံကြားပြီးနောက် ဖိနပ်ဖုန်ခါသံ ကြားရတယ်။ သူ့အခန်းထဲ ရောက်သံကြားပြီး ပုဆိုး အင်္ကျီ ဖုန်ခါသံကို ကြားရပြန်တယ်'

ကျွန်တော်မှ...

www.burmeseclassic.com

www.burmeseclassic.com

'တော်တော် အံ့သြစရာ ကောင်းတာပဲ'

'ဒါထက် အံ့သြစရာ ရှိသေးတယ်ကွ။ လူပျိုကြီး ကိုလူခြောက်ဟာ တစ်နေ့မှာ သူ့မိခင်ကြီးကို အိပ်မက် ပေးတယ်။

"မေမေ ကျွန်တော့်မှာ ချစ်သူရည်းစား ရှိနေပြီ"

တဲ့။ မနက်မိုးလင်းတော့ သူ့အမေက လူခြောက်ကလေးနားသွားပြီး မေးရှာတယ်။

"သား မင်းရဲ့ ချစ်သူရည်းစားက ဘယ်ကလဲ၊ တို့မြို့ထဲကပဲလား။ သူ့အဖေနဲ့ အမေတွေက ဘယ်လိုခေါ်သလဲ"

လူခြောက်ကလေး အိပ်မက် ပေးပြန်တယ်။

"မေမေ သားရဲ့ ချစ်သူရည်းစားက ဧရာဝတီမြစ်ကြီးရဲ့ အရှေ့ဘက်ကမ်း မကွေးမြို့ရဲ့ အရှေ့နားဆီက (...)ရွာကပါ။ သူ့နာမည်က(...)ပါ။ သားနဲ့ဘဝချင်းတူတဲ့ လူခြောက်မလေးပါ။ သူ့အဖေက (ဦး...)၊ သူ့အမေ (ဒေါ်...)လို့ ခေါ်ပါတယ်။

သားရဲ့ ချစ်သူက သူ့မိဘများကို အိပ်မက်ပေး ပြောပြီးပါပြီ၊ လမ်းဖောက်ပြီးပါပြီ၊ သူ့မိဘများဆီကို လာရောက် တောင်းရမ်းဖို့လဲ အိပ်မက်ပေး ပြောပြီးပါပြီ။ ဒါကြောင့်(...ခု ...လ၊ ...ရက်)မှာ သူတို့ရွာကို အရောက်သွားပြီး တောင်းရမ်းပေးပါ"

လို့ အိပ်မက်ပေးတယ်'

ကျွန်တော်မှ...

'အဲဒီတော့ လူခြောက်ကလေးရဲ့ အမေက သွားတောင်းပေးသလား'

အစ်ကိုကြီးမှ...

'တောင်းပေးတာပေါ့ကွ။ လူခြောက်ကလေး အိပ်မက်ထဲမှာ ပြောတဲ့ ရက်ကို အရောက်သွားကြရတာ။ မြန်မာ့ဓလေ့ထုံးစံအတိုင်း လက်ဖက်အုပ်ကြီးနှစ်အုပ်၊ ခန်းဝင်ပစ္စည်းတွေ၊ ကန်တော့ပွဲတွေနဲ့ သတို့သားအခြွေအရံတွေရော ပေါ့ကွာ။ တပျော်တပါး တဖွဲ့ကြီး သွားကြတာ'

ကျွန်တော်က မယုံမရဲ စိတ်နဲ့...

'သတို့သမီး လူခြောက်မလေးဘက်လဲ အကြောင်းမပြုဘဲ လူခြောက်ကလေးပေးတဲ့ အိပ်မက် ယုံပြီး သွားကြတာ အံ့ရော တကယ်လို့များ အတောင်းလာတာကို သတို့သမီးဘက်က မသိဘူးဆိုရင် အခက်ပဲ'

အစ်ကိုကြီးမှ...

'မင်းခက်နေ သတို့သမီးဘက်ကလဲ သပြေပန်းတွေနဲ့ လက်ကမ်းကြိုဆိုလျက်ပဲ မောင်ရေ။ လူကြီးစုံရာနဲ့ သတို့သမီးအခြွေအရံတွေက ဝတ်ကောင်းစားလှတွေ ဝတ်ထားလို့တဲ့ဗျာ'

'ဗျာ...'

ကျွန်တော် အံ့သြပြီး ထပ်မံ အံ့သြရပြန်ပါတယ်။

'ဗျာမနေနဲ့ မင်းကို ပြောရဦးမယ်။ တို့လူသားတွေ ထိမ်းမြားမင်္ဂလာ ပြုလုပ်ပြီးရင် သျှောင်နောက် ဆံထုံးပါမြဲထုံး ဆိုသလို ယောက်ျားကလေးရဲ့ အိမ်ကို မိန်းကလေး လိုက်ရတယ် မဟုတ်လား'

ကျွန်တော်မှ...

'ဟုတ်တယ် ဒါ ထုံးစံပဲဟာ'

အစ်ကိုကြီးမှ...

'လူခြောက်ကလေးတွေက ဒီလို မဟုတ်ဘူးကွ။ ဆံထုံးနောက် သျှောင်ပါပဲပေါ့။ လူခြောက်မလေးနောက်ကို လူခြောက်ယောက်ျားလေးက လိုက်သွားတယ်။ လိုက်သွားပုံ ပြောပြရဦးမယ်။ မိန်းမတောင်းပြီး နောက်တစ်နေ့မှာ လူခြောက်ကလေးက သူ့အမေကို အိပ်မက်ပေးတယ်။

"မေမေ သားရဲ့ ဇနီးဖြစ်တဲ့(...) လူခြောက်မလေးအိမ်ကို အပြီးအပိုင် လိုက်ပါသွားပါပြီ။ မေမေနဲ့ မောင်နှမသားချင်းတွေကို နှုတ်ဆက်ခဲ့ပါတယ်"

တဲ့'

'တကယ်လိုက်သွားသလား အစ်ကိုကြီး'

'လိုက်သွားဆို ဟိုတုန်းကလိုအိမ်မှာ လူခြောက်ကလေးရဲ့ အရိပ်အခြည်တွေ မကြားမတွေ့ရတော့ဘူး။ အိပ်မက်လဲ မပေးတော့ဘူး။ ရွာလူကြီးတွေ ပြောကြတယ်။ သမီးမိန်းကလေးမွေးလို့ ကြီးလာရင် ငှက်ပျောသီးစားရတယ်တဲ့'

'အဲဒါ ဘာကို ပြောတာတုန်း အစ်ကိုကြီး'

'သမီးကြီးလာလို့ ယောက်ျားတောင်းရင် သတို့သားလေးဘက်က ကန်တော့ပွဲနဲ့ တောင်းရတယ်လေ။ ကန်တော့ပွဲမှာပါတဲ့ ငှက်ပျောသီးကို သတို့သမီး မိဘတွေက စားရတယ်လေ။ အဲဒါကို ပြောတာကွ။

အခု လူခြောက်မလေး ယောက်ျားရတော့ သူ့ရဲ့ မိဘတွေ ငှက်ပျောသီး စားရရုံမကဘူး။ စီးပွားရှာပေးတဲ့ လူခြောက် သတို့သားကလေးတစ်ယောက်ပါ အပိုရလိုက်သေးတယ် မဟုတ်လား'

**မှတ်ချက်** ။ ။ **ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမှာရှိသော မြို့ကလေးတစ်မြို့မှ လူခြောက် (ယောက်ျား)၏ အဖြစ်မှန်ကို ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။ လူအမည်၊ မြို့အမည်တို့ကို ချန်လှပ်ထားတာကိုတော့ နားလည်ခွင့်လွှတ်ကြပါခင်ဗျား။**

*သဏ္ဍာဝါအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ*

**စလင်း ဦးကျော်**

www.burmeseclassic.com

www.burmeseclassic.com

# ရွှေဖြစ်လိုလျှင်

## ဓာတ်သန့်စင်မှု

ကြည်စိုး (မနောမယိဒ္ဓိ)
ဖရောမြေ



အင်္ဂရတ်အကြောင်း မရေးဖြစ်တာ ကြာပြီဖြစ်၍ အင်္ဂရတ်ညီအစ်ကိုများ အတွက် အကျိုးရှိစေမည့် လုပ်ရတ် အကြောင်း၊ ဓာတ်အကဲခတ်ခြင်း အကြောင်း၊ အင်္ဂရတ်ပညာ နိဗ္ဗာနဓာတ် ရရန်အတွက် ဆောင်ရွက်ချက်များ အကြောင်းတို့ကို စာရေးသူ တွေ့ရှိလေ့လာမိသမျှ ထပ်တူရရှိခံစားစေရန် တင်ပြရေးသားလိုက်ရပေသည်။

ယနေ့ အင်္ဂရတ်လောက၌ အင်္ဂရတ်ဝါသနာရှင်အပေါင်းတို့သည် ရှုထောင့်အမျိုးမျိုးဖြင့် လုပ်ကိုင်ကြ ရေးသားကြသည်မှာ ရည်ရွယ်ချက်ချင်း မတူညီကြသော်လည်း ရွှေဖြစ်ငွေဖြစ်နှင့် ထွက်ရပ်ကိုသာ ဦးတည်နေကြသည်ကတော့ အတူပဲ ဖြစ်နေပေသည်။

ထို ရွှေဖြစ်ရန်အတွက်မှာလည်း ဓာတ်ဖမ်း ဓာတ်သတ် ဓာတ်သန့်ရန်နှင့် ဓာတ်တေဇော၊ မီးတေဇောသွင်းရန် အချက်အလက်များပါ ပြည့်စုံပါမှ နိဗ္ဗာနဆိုသည့် ရွှေဓာတ်ကို ရရှိမှာ ဖြစ်ပါသည်။

နိဗ္ဗာနဓာတ် ဖြစ်ရန်အတွက် သောတာပန်ဓာတ် ရရှိဖို့က ပထမ အရေးကြီးဆုံး ဖြစ်ပါသည်။ ဥပမာ သွပ်သေ,သံသေ,ပြဒါးသေ ဓာတ်သုံးပါး သမကြည့်လျှင် ရွှေဖြစ်ရသည် ဟူသော ရေးလုပ်ထုံးလေးကို စမ်းသပ်လုပ်ကိုင်ကြည့်ကြရအောင်။

ဤလုပ်ထုံးလေးနှင့် တကယ်ဖြစ်မည်ဆိုပါက အထက်သို့ တက်လှမ်းဖို့ရန် လမ်းစကောင်း ဖြစ်သည်ကို စာရေးသူ ယုံကြည်ပါသည်။ အင်္ဂရတ်ဝါသနာရှင်များလည်း အကျိုးရှိမှာဆိုတော့ စာရေးသူ တင်ပြရကျိုးနပ်ပြီဟု ဝမ်းသာမိပါသည်။

---

### လုပ်ထုံးလုပ်နည်း

---

အထက်၌ ဖော်ပြခဲ့သော **သွပ်သေ, သံသေ,ပြဒါးသေတို့ကို** မူတည်၍ ရှေးဦးစွာ သွပ်ပြဒါးကိုတွဲ၍ သွပ်ပြင်း, ပြဒါးပြင်း ရအောင်ဖမ်းပါ။

**မူရင်းတည် ဓာတ်သား(ပြဒါး)ကို မူတည်လျှင်** သံ,သွပ်ကို ဓာတ်လုံး၏ တစ်လေးကျွေးပါ။ ဤကဲ့သို့ ပြုလုပ်ပါမှ မှန်ကန်သော မီးတေဇော၊ ဓာတ်တေဇောသွင်းခြင်း ဖြစ်ပါသည်။

**သံ–သွပ်ကို မူတည်လျှင်** သွပ်ပြင်း ပြဒါးပြင်းကို မူးစ ပဲစ ဖြတ်တောက်၍ ကျွေးပါ။

**ဤနေရာ၌ သတိပြုရန်မှာ** ထမင်းချက်သောအခါ ဒါဟတေဇောဖြင့် (မီးပြင်းပြင်း)ဖြင့်ချက်၍ ပါစကတေဇော (မီးအေးအေး)နှပ်မီးဖြင့် ကျက်စေသကဲ့သို့...

**ဥပမာ** ထမင်းနှပ်ရာ၌ မီးများသွားလျှင် တူးခြင်း ချစ်ခြင်း ဖြစ်သကဲ့သို့ မီးနည်းလျှင်လည်း မနပ် ဖြစ်တတ်ပါသည်။

ဓာတ်ထိုးရာ၌လည်း ဤဥပမာကဲ့သို့ပင် ဆင်ခြင် ချင့်ချိန်၍ လုပ်ကိုင်မှသာ မိမိ အလိုရှိသော ဓာတ်ကို ရရှိမည် ဖြစ်ပါသည်။

ထို့ကြောင့် ဤနေရာ၌ ပါစကတေဇောမျိုးရောက်အောင် နှပ်ထိုးလေး ထိုးသွားပါ။ ထိုအခါမှ ဓာတ်လုံးသည် သန့်ရှင်းလာမည်။ ဓာတ်၏ချော်သည် လည်း သန့်ရှင်းလာမည်။ ဓာတ်လုံး ချော်ပေါ် ထိုင်လာမည်။ ဓာတ်လေးပါး ပေါင်းစည်းညီညွတ်စွာ လုံးလာမည်။ ဆက်လက်ထိုးသွားလျှင် အာကာသ ရောက်လာမည်။

ထိုအခါ ဓာတ်ငါးပါး(ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ) ဟူသော ဓာတ်ငါးပါး လုံးလာပြီဟု မှတ်ပါ။ အလွန်ကောင်းသော ဓာတ်လုံး ဖြစ်လျှင် ဖိုတိုက်ထဲတွင် လုံကွဲအက်၍ မှောက်ကျသွားသော်လည်း ကစဥ့်ကလျား မဖြစ်သွားဘဲ စုရုံးတည်ရှိနေမည်။

အာကာသရောက်လျှင် ဓာတ်လုံးမှာ အဆီများ စိမ့်လာမည်။ ယင်းကို နဂါးကျင်ချေး လိုတိုင်းပြီးဖြစ်၏။ ထို ပြာမျိုးသာ သိဒ္ဓိရောက်မည်။

ထိုကဲ့သို့ မဟုတ်ဘဲ ဒါဟတေဇော

www.burmeseclassic.com

ကြောင့် လောင်ကျွမ်းသော ပြာမျိုး။ အံထွက်လာသော နဂါးအန်ဖတ်မျိုးကို ကား လုံးဝ မသုံးသင့်ပေ။

ထိုကဲ့သို့ မဖြစ်စေရန် ဓာတ်လုံး ကျွေးရာ၌ အမှားအမှန် ဝေဖန်ပိုင်းခြား နိုင်ရန် တင်ပြပါဦးမည်။

တေဇောရောက်သောအခါ ဝါယော လည်း ဆိုက်လာမည်။ ယင်းတေဇော နှင့် ဝါယော ပေါင်းစပ်မိလျှင် ပြင်းထန် သော ဒါဟတေဇောကြီးများ ဖြစ်လာ နိုင်သည့်အတွက် ရွှေ အဘယ်မျှ လောက်ပင်ကျွေးကျွေး တစ်ရွေးမကျန် အောင် စားပစ်တတ်သည်။

ပြာများ ချော်များလည်း ထွက်လာ တတ်သည်။ ထိုဓာတ်လုံးမျိုးသည် ဒါဟတေဇော ရောက်လာပြီဟု မှတ် ပါ။

ဒါဟတေဇောသည် လောင်ကျွမ်း သွားသော စားခြင်းမျိုးဖြင့် အငမ်းမရ စားခြင်း၊ ထည့်ပေးသမျှ ဓာတ်မကျန် အောင် စားသောကြောင့် ယင်းကို တိက္ခဝမ်းမီးဟု ဆေးကျမ်းများ၌ ဆို ထားပါသည်။ ဓာတ်ဘီလူးဟူ၍လည်း ကျမ်းများတွင် ပြဆိုထားသေးသည်။

စားတိုင်းမကောင်း အကျိုးမပြု ထွက်သမျှ ပြာချော်တို့သည် လိုရာသို့ မပို့ဆောင်နိုင်ချေ။ ထို့ကြောင့် မိမိ ဓာတ်လုံးကို ပါစကတေဇောပျက်၍ ဒါဟတေဇော ရောက်အောင် မပို့ ဆောင် မထိုးအပ်ပေ။

မိမိဓာတ်လုံးသည် မည်သည့် တေဇောမျိုး ရောက်နေသည်ကို ပြတ်သားစွာ ဆုံးဖြတ်နိုင်ရမည်။ ထိုအချက်ကို ဓာတ်ထိုးသူတိုင်း သိထား ရမည့် အရေးကြီးသော အချက်ပင် ဖြစ်သည်။

ပါစကတေဇော ရောက်သောအခါ ဓာတ်လုံး၏ စားပုံမှာတော့ စားလိုသော



ဓာတ်လက္ခဏာကို ပြသည်။

**ဥပမာ** ချော်သန့်ရှင်းခြင်း၊ ချော်ပေါ် တွင် ဓာတ်လုံးထိုင်ခြင်း၊ ညီညာစွာလုံး ခြင်း၊ ချော်များသည် ကွဲအက်ခြင်း၊ အသံမြည်ခြင်း စသည်တို့ကို တွေ့ရ ပေမည်။

အချို့သော ဓာတ်တို့သည် ဓာတ် ပိုင်ရှင်ကိုပင် အိပ်မက်ပေးသည်အထိ ဖြစ်လာခြင်း၊ တစ်ခါတစ်ရံ တိုက်ရိုက် အိပ်မက်ပေးခြင်း၊ လိုသောအစာ ငှက် သဏ္ဍာန် အိပ်မက်ပေးလျှင် ရွှေအနည်း ငယ် ကျွေးပေးပါ။ ထိုသို့ မကျွေးလျှင် ဓာတ်လုံးထွက်သွားနိုင်သည်။

ဤသည်ကို တချို့က ဝိဇ္ဇာနတ်များ ဆောင်သွားသည်ဟု ဆိုကြသည်။ ထို စကားသည် မဟုတ်ပါ။ တေဇော ဝါယောလွန်၍သာ ထွက်သွားခြင်းသာ ဖြစ်သည်။

ထို့ကြောင့် အစာဆာလျှင် အစာ ကျွေး၊ မကျွေးလျှင် ပါစကတေဇော ပျက်၍ ဒါဟတေဇော ပြန်ရောက်လာ သဖြင့် အပြစ်တေဇော ရောက်ပြီး အဖျက်ဝါယော ရောက်လာသဖြင့် ထို တေဇော ဝါယော ပင့်ဆောင်မှု ကြောင့် ဓာတ်လုံးသည် ထွက်သွားပါ တော့သည်။

ရွှေကျွေးသောအခါ ရွှေကို သတ်၍ ကျွေးနိုင်လျှင် ပို၍ကောင်းသည်။

လွန်စွာ နက်နဲခက်ခဲသော ပညာ ရပ်ဖြစ်သဖြင့် လိမ္မာကျွမ်းကျင်သော သမား(ဆရာ)သည် (တိက္ခ ဝမ်းမီး) ဒါဟ တေဇောလွန်၊ (မန္ဒ ဝမ်းမီး) အာပေါ ပထဝီလွန် ထို မီးနှစ်သွယ်မှ လွတ်ကင်းစေလျက် (သမ ဝမ်းမီး) ပါစကတေဇော အားရှိမရှိကို သွေးတိုး ကို လက်ဖြင့် စမ်းသကဲ့သို့ မိမိဓာတ် ကို အစဉ်တစိုက် အကဲခတ်ကြည့်ရှု လျက်...

**ဥပမာ** တစ်ယောက်တည်းရှိသော သား၊ တစ်လုံးသော မျက်စိရှိသူကဲ့သို့ အမြဲတမ်း ကြောင့်ကြပူပန်သကဲ့သို့ ကြောင့်ကြပူပန် အကဲခတ်လေ့လာ ကြည့်ရှုဆင်ခြင်၍ တစ်ဖက်ဖက်ကို အစွန်းမထင်အောင် သတိပြု ဆောင် ရွက်ပါ။

တစ်ဖက်ဖက်သို့ အစွန်းထင်လျှင် အညစ်အကြေး မစင်သော ဓာတ်မျိုး သာ ဖြစ်နေမည်။ ထိုအခါ တောင်တစ် လုံး ကာဆီးထားသကဲ့သို့ မည်သည့် ကိစ္စကိုမျှ ခရီးမပေါက်။

ထို့ကြောင့် မိမိဓာတ်ကို အညစ် အကြေး ကင်းစင်ပြီး သောတာပန် ဓာတ်အဖြစ်သို့ ရောက်အောင် ပြုလုပ် ၍ နိဗ္ဗာနဓာတ်ဟု ဆိုအပ်သော ရွှေ အဖြစ်သို့ ကူးပြောင်းကြရမည်ဖြစ် ကြောင်း စေတနာကောင်းဖြင့် တင်ပြ ရေးသားလိုက်ရပါသည်။

*လိုရာပြီးမြောက် ခရီးရောက်ကြပါ စေ။*

ကြည်စိုး(မနော်မယိုင်)
ရေးမြေ



www.burmeseclassic.com

www.burmeseclassic.com



ဝေဟင်မှဆန့်သော

# မိုးကြိုးစိမ်းလုံးကြီး

နှင့် ဖြစ်ရပ်ဆန်း

တာသ်ာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)

တစ်နေ့သ၌ စာရေးသူသည် ဟာသ်ာတမြို့၊ ပန်းပဲတန်းရပ်ကွက် အရှည်ကြီး မောင်မြင့်နှင့် သားများ ဖူးခက် လက်ဖက်ရည်ဆိုင်သို့ ဝင်ထိုင်ရင်း စာရေးဖို့ ကုန်ကြမ်းလေး ရလိုရငြား ထိုဆိုင်သို့ အမြဲ လာအားပေးနေကြ ပန်းချီဆရာကြီး ဦးမြသွန့်ဝင်းအား စောင့်ရင်း လက်ဖက်ရည်ချိုဆိမ့် တစ်ခွက် မှာသောက်နေပါသည်။

စာရေးသူကဲ့သို့ ထိုဆိုင်သို့ လာရောက် လက်ဖက်ရည် သောက်သုံးကြသော ပုဂ္ဂိုလ်များမှာလည်း အလွှာစုံလှသလို သူ့ဝိုင်းနှင့်သူ လေထန်နေကြပါသည်။

ထိုစဉ် ပန်းချီဆရာကြီး ဦးမြသွန့်ဝင်း ရောက်လာပါသည်။

'သန်းလှိုင်ကျော် မင်း ရောက်နေတာ ကြာပြီလား'

'သိပ်မကြာသေးပါဘူး ဆရာ' ဟု ပြောရင်း...

'ဗျို့...ကိုမောင်မြင့် ဆရာသောက် နေကျတစ်ခွက်ပေးပါ။ မင်း စာရေးဖို့ ကုန်ကြမ်းအတွက် ငါ လမ်းညွှန်လိုက် ပါ့မယ်။ မင်း အုတ်ကျုတ်တန်းက ဆရာကြီး ဦးသောင်းတင် သိလား။ သူက အငြိမ်းစား ကျောင်းဆရာကြီး။

အဲဒီ ဆရာကြီးဆီသွား မင်းအတွက် ထူးဆန်းတဲ့ ဇာတ်လမ်းတစ်ပုဒ် ပေးလိမ့်မယ်။ မနှစ်က ဖြစ်ပျက်သွားတာ။

www.burmeseclassic.com

အဲဒီဆရာကြီးနေတဲ့ အုတ်ကျွတ်တန်း တစ်ဖက်ကမ်း ရွှေဟင်္သာကျွန်းနားမှာ ဖြစ်သွားတာ။ မင်း အဲဒီကိုသွား သူ့ ပြောပြလိမ့်မယ်'

ဟု ရှည်လျားစွာပြောရင်း လက်ဖက်ရည်တစ်ကျိုက် သောက်ချလိုက် ကော်ဘူးထဲမှ စီးကရက်တစ်လိပ်သောက်ပြီး စာရေးသူနှင့် ထွေရာ လေးပါး ပြောကြရင်း အငြိမ်းစားကျောင်းဆရာကြီး ဦးသောင်းတင် နေထိုင်ရာ အုတ်ကျွတ်တန်းသို့ အပြေးသွားရောက်ရင်း ထို ထူးဆန်းသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်တည်ခဲ့ရပါတော့သည်။



* * *

ဟင်္သာတမြို့ မြစ်တစ်ဖက်ကမ်း အလယ်ခဲကောင် သောင်ကြီးထွန်းပြီး မြေနုကျွန်းကြီး တစ်ကျွန်းပေါ်တွင် ရှာတည်နေကြသော **ရွှေဟင်္သာကျွန်းကြီး**နှင့် မနီးမဝေးနေရာ သူ့အစုနှင့်သူ ကိုင်းကျွန်းလုပ်ငန်းများကိုသာ ဖောက်ချလုပ်ကိုင်နေကြသော မိသားစု အလိုက် တဲငယ်လေးများနှင့် သီးနှံများ စိုက်ပျိုးလုပ်ကိုင်နေကြပါသည်။

ရာသီပေါ် သီးနှံမျိုးစုံ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်၊ ဂေါ်ဖီပန်း၊ ခရမ်း၊ မြေပဲ စသည်တို့ စိုက်ပျိုးကြပါသည်။ ထိုမြေနုကျွန်းပေါ်မှာ ကိုချစ်တီးတို့ မိသားစုလည်း မိမိပိုင်မြေလယ်ပေါ်မှာ သီးနှံများစိုက်ပျိုးရင်း တစ်ဖက်ကလည်း ဧရာဝတီမြစ်နှင့်နီးတော့ ညဘက် မြီးထောင် ကိုင်းထောက်နှင့် တစ်ဖက်တစ်လမ်း ဝင်ငွေရနေပါသည်။

ဇနီးသည်ဖြစ်သူ မိဘမ်းကလည်း ရသည့်ငါးပုစွန် မြို့တက်ရောင်းချသည်။ ဈေးကပြန်လာသည်နှင့် ထမင်းဟင်း ချက်၍ သားငယ်ကိုကျွေးပြီး မြို့၏ ရပ်ကွက် မူလတန်းကျောင်းသို့ (၈)နာရီ လောက်မှာ ကျောင်းသို့ လှေငယ်တစ်စီးဖြင့် နေ့တစ်ရက် ပို့နေရပါသည်။

သီတင်းကျွတ်လကတည်းက စိုက်ပျိုးထားသော သီးနှံများအား ရက်ခြား၍ ခူးဆွတ်ရောင်းချလာခဲ့ရာ မိုးဦးကျဝါဆိုလရောက်ခဲ့ပြီမို့ မိမိတို့ စိုက်ခင်းထဲမှ လက်ကျန်ငရုတ်ပင်မှ ငရုတ်သီးစိမ်း၊ ချဉ်ပေါင်ရွက်၊ ဖရဲသီးပေါက်၊ ဘူးသီးပေါက်အနုလေးများကို မြို့တက် ရောင်းချရင်း ဝါခေါင်လ မရောက်မီလေးမှာ ရသမျှ လက်ကျန်သီးနှံများကို ဆွတ်ခူးနေရပါသည်။

ဝါခေါင်လဆို ထိုကျွန်း ရေလွှမ်းတော့မည်။ နှစ်စဉ် ရေလွှမ်းနေကျ။ ရေမလွှမ်းမီ မြို့ရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့နေရ သည်က နှစ်တိုင်းလိုလို ဖြစ်သည်။

ကိုချစ်တီးတစ်ယောက် ငါးထောင် ကိုင်းထောက်ရင်း အားလပ်သည့်အချိန်မှာ ဈေးလေးကုန်းဘက် ပြေးကုန်ထမ်း လိုက်နှင့် လင်မယားနှစ်ယောက် အလုပ်နှင့်လက်မပြတ်။

တစ်နေ့ သားငယ် ဖိုးထောင် ကျောင်းပိတ်သည့်ရက် မိသားစု လူစုံတုန်း နေ့ခင်း ထမင်းဝိုင်းဖွဲ့စားကြပါသည်။ မိုးကလည်း မရွာဘဲ အုံ့မှိုင်းနေပါသည်။

ကိုချစ်တီး ထမင်းစားရင်း သားငယ် ဖိုးထောင် ထမင်းပန်းကန်ထဲ ငါးတုံး ကလေး ထည့်ပေးနေစဉ် တစ်ပေခန့် လောက်ရှိ မီးလုံးနီနီကြီး တစ်လုံးသည် မိမိတို့တဲအတွင်းသို့ ရုတ်တရက် ဝင်လာပြီး ထမင်းငုံ့စားနေသော သားငယ်လေး ဖိုးထောင်အား မီးလုံးနီနီကြီးမှ ကပ်ဆွဲမ,သွားပြီး တဲပေါက်ဝမှ အပြင် မ,ပြီး ဆွဲခေါ်သွားပါသည်။

ထို ကြောက်မက်အံ့ဩဖွယ် သားငယ်အား မီးလုံးနီနီကြီးမှ ရုတ်တရက် ဆွဲ,မသွားသဖြင့် ကိုချစ်တီးနှင့် ဇနီးဖြစ်သူ မိဘမ်း ကြက်သေသေပြီး ကြောင်ကြည့်နေပါသည်။

တစ်အောင့်အကြာမှာ သတိရပြီး ကိုချစ်တီးမှ...

'ဟ...မိဘမ်း လုပ်ကြပါဦး ငါ့သားလေး ပါသွားပြီ၊ တဲပြင်လိုက်ကြစမ်း'

ကိုချစ်တီးက ပြောရုံရှိသေး မိဘမ်း သားဇောနှင့် တဲပြင် ထပြေးပြီး မီးလုံးကြီးမရှိသွားရာသို့ အော်ရင်း လိုက်သွားပါသည်။

'လုပ်ကြပါဦးတော့၊ ကျွန်မသားလေးကို ကယ်ကြပါဦး၊ မီးလုံးနီကြီး မ,သွားလို့လုပ်ကြပါဦး'

ဖခင်ဖြစ်သူ ကိုချစ်တီးကလည်း ခါးပုဆိုးစလွယ်သိုင်းနှင့် သားနောက် အပြေးလိုက်သည်။

အနီးအနားတဲများမှ မိန်းမ





www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားများ ထိုအသံကြောင့် တဲပြင်ထွက်ကြည့်ကြသည်။ မိုးမရွာ မိုးမခြိမ်းဘဲ ထူးဆန်းသော မီးလုံးနီကြီးတစ်လုံးက မြေပြင်နှင့် အမြင့်(၁၅)ပေလောက် အကွာလေထဲမှာ ကလေးငယ်ကို ကပ်မ,ချည်သွားသည်မှာအသည်းယား ကြောက်မက်ဖွယ် မြင်ကွင်းပင်ဖြစ်သည်။

ထိုစဉ် ကြည့်နေသော သူများသည် ကြက်သေသေပြီး ကြောင်နေကြစဉ် ကလေးမှာ မအော်နိုင်ဘဲ လေထဲ ချိုင်းက မ,သွားသလို ပုံစံနှင့် တရွေ့ရွေ့ ပါသွားပြီး ကိုချစ်တီးတို့၏တဲနှင့် ကိုက် (၁၅၀)အကွာလောက်မှာ ကလေးငယ်အား မြက်တောထဲသို့ ညင်သာစွာ ချထားပြီး ကလေးနောက် ပြေးလိုက်လာသော ကိုချစ်တီးနှင့် မိဘမ်းတို့ရှိရာသို့ တစ်ဖန်မှာ လေထဲမှာ မီးလုံးနီနီကြီး တဖြည်းဖြည်း ရွေ့လာနေပါသည်။

'ဟာ...မိဘမ်းရေ ပြေး...ပြေး လွတ်အောင်ပြေးဟ တို့တဲရောက်အောင် ပြေးဟ'

ကိုချစ်တီး ပါးစပ်ကလည်းပြောရင်း လင်မယားနှစ်ယောက် ကမျောသောပါး မိမိတို့တဲထဲသို့ ပြိုင်တူပြေးဝင်လိုက်ကြပါသည်။ မိဘမ်း ကြောက်လန့်သော အမူအရာနှင့်...

'ကိုချစ်တီး ကျွန်မသားလေး ဘယ်လိုနေလဲ မသိဘူးတော်'

'ဟဲ့ မိဘမ်း နင့်သား မသေလောက်ပါဘူး။ အဲဒါ အသာထား ဟို မီးလုံးကြီးတို့နောက်လိုက် ဟာ...ဟာ...ဟို...ဟာ...တဲထဲဝင်လာပြီ မိဘမ်း ဝပ်...ဝပ် ဘုရား...ဘုရား ကယ်တော်မူပါ'

ကိုချစ်တီးနှင့်မိဘမ်း အလွန်တရာ ကြောက်လန့်ဖွယ် မီးလုံးနီနီရဲရဲကြီးအား မျက်နှာချင်းဆိုင်မကြည့်ရဲဘဲ ဝပ်ချလိုက်သော်လည်း နှစ်ယောက်စလုံး၏ ခန္ဓာကိုယ်ကြီးသည် လုံးဝ လှုပ်မရ စကားပြောမရ တောင့်တောင့်ကြီး ဖြစ်နေပါသည်။

ထိုမီးလုံးနီနီကြီးသည် တဲတစ်တဲလုံး အပေါ်အောက် လူးလာခေါက်တုံ့ ပျံသန်းပြီး ဥရှတိုင် ဝါးဘိုးလုံးတိုင်နား အရောက် ခေါင်မိုးပေါ်သို့ ဝုန်းခနဲ ကြောက်မက်ဖွယ်အသံပြုလျက် လျှပ်စီးလိုင်းများ ရှပ်ယှက်ခတ်လင်းလက်ပြီး ကျယ်လောင်လှသော အသံနှင့် မိုးကြိုးပစ်ချလိုက်ပါသည်။ ထိုမိုးကြိုးပစ်သံကို မြို့ထဲနေ လူများပင် ကြားလိုက်ရသည်။

မိုးကြိုးပစ်သံနှင့်အတူ ကိုချစ်တီးတို့ လင်မယားနှစ်ယောက် ထိုင်လျက် သတိလစ်နေကြပါသည်။ မကြာမီ ကိုချစ်တီးတို့တဲသို့ အဲခြားသော အနီးအနားမှ ကိုင်းလုပ်သားများ ထွက်ပြီး ပြေးလာကြပါသည်။

'ဟာ... ကိုချစ်တီးတို့ လင်မယား ထိုင်ရက် သတိလစ်နေတယ်။ ပိုင်းပြုစုကြပါဦး အသက်ရှူသေးရဲ့လား'

သားငယ် ဖိုးထောင်လေးကိုလည်း ကိုင်းကျွန်းလုပ်သားများက ပွေ့ချီလာကြပါသည်။ ကိုချစ်တီးတို့ လင်မယား နှစ်ယောက်အား တစ်နာရီလောက် ပိုင်းဝန်းပြုစုမှ သတိပြန်ရလာပါသည်။

သတိရရချင်း မိဘမ်းမှ...

'ကျွန်မသားလေးကော ရှာကြပါဦး'

'ဟဲ့ မိဘမ်း နင့်သားက ဒီမှာ ဘာမှ မဖြစ်ဘူး။ အကောင်းပကတိပဲ။ နင်တို့ လင်မယားသာ နေကောင်းအောင်နေကြ'

ကိုချစ်တီးလည်း ထရပ်လိုက်ရာ ရပ်၍မရဘဲ ခြေလက်တွေ သေသလို ဖြစ်သွားပါသည်။ အကြောများလည်း ဆိုင်းသွားသဖြင့်...

'ကျွန်တော့်ကို ဆေးခန်းပို့ပေးကြပါဗျာ။ ကျွန်တော် ခြေတွေလက်တွေ မသယ်နိုင်တော့ဘူး'

ကိုင်းလုပ်သားများမှလည်း...

'ကိုချစ်တီး ခင်ဗျား ဘာမှမပူနဲ့ ကျွန်တော်တို့ မြို့ဆေးခန်းပို့ပေးမယ်။ ကဲဟေ့ စောင်နဲ့ဝါးထမ်းပိုး ပြင်ကြဟေ့'

ထို ထူးဆန်းစွာ မိုးကြိုးပစ်သွားခြင်းကြောင့် ကိုချစ်တီးတစ်ယောက် ဆေးရုံတက် ကုသရသကဲ့သို့ မယားဖြစ်သူ မိဘမ်းခမျာလည်း အကြောက်လွန်ပြီး ဖျားသွားသည်မှာ တစ်ပတ်လောက် ကုလိုက်ရသည်။

ကလေးမှာ ထူးဆန်းစွာ ဘာမှ မဖြစ်ပါ။ သိပ္ပံပညာဖြင့် ခန့်မှန်း၍ မရနိုင်သော အလွန်တရာ ပဟေဠိဆန်သော မီးလုံးနီနီကြီး တစ်လုံးက ဘာမှ အပူခတ်မရှိဘဲ ကလေးငယ်အား ကပ်ဆွဲသွားပြီး ဖြည်းညင်းစွာ လေထဲမှ အောက်သို့ချပြီး တစ်ဖန် အပေါက်အတွင်းသို့ ဝင်သွားပြီး ထူးဆန်းစွာ

www.burmeseclassic.com

ဝါးပိုးတိုင်အား ပစ်ချလိုက်သည်မှာ ဝါးပိုးတိုင် ထက်ခြမ်းကွဲပြီး မည်းတူး သွားပါသည်။

စာရေးသူ ဖတ်ဖူးကြားဖူးသည်မှာ မုန်တိုင်းမလာမီ ဖြစ်လေ့ဖြစ်ထရှိသည့် ပင်လယ်စုန်းဆိုလျှင်လည်း ယင်းမီးလုံး နီကြီး ထိမိသည့် အရာဝတ္ထုများ နီရဲသွားခြင်း၊ မီးစွဲလောင်ခြင်း၊ လေ့သားများ စိတ်ခက်ထန်လာခြင်း၊ တစ်ဦးနှင့် တစ်ဦး လူမှားပြီး ထိုးခုတ်ကြခြင်းများ ဖတ်ဖူးပါသည်။

ယခု မီးလုံးနီးကြီးက ကလေးအား ထိဆွဲသွားခြင်း ဖြစ်သော်လည်း မီးလောင်မြိုက်မသွားခြင်းကပင် အလွန်ထူးဆန်းသော ဖြစ်ရပ်တစ်ခုအနေနှင့် စာရေးသူ ရေးသားတင်ပြလိုက်ပါသည်။

***အရာအားလုံး သည်းခံခြင်း မေတ္တာနှင့် စိတ်ထားဖြင့် အေးမြနိုင်ကြပါစေ***

**ဟသ်ာတ သန်းလှိုင်ကျော်**
**(ရွှေပန်းချီ)**

## စာရှုသူသုတေသီများသို့ ပန်ကြားလွှာ. . .

ဤဆောင်းပါးပါ မီးလုံးကြီးမျိုးနှင့် ဖြစ်ရပ်ဆန်းကို ကြုံတွေ့ဖူးသူများမှ ပြန်လည် ရေးသားပေးပို့ကြပါရန်နှင့် ဤမီးလုံးကြီးပဟေဋ္ဌိကို သိရှိသူ ပညာရှင်များ ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

ဦးကျော်မိုးသိန်း
*တာဝန်ခံချုပ်*
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

# နာနတ်သီးမှည့်

**မချဉ်စေရန် စိုက်ပျိုးနည်း**

တနင်္ဂနွေရုံးပိတ်ရက် နေ့လယ်စာ စားပြီးနောက် အချိုတည်းရန် ဖနီးသည်က နာနတ်သီးမှည့်လှီးပြီး ရေခဲသေတ္တာထဲ ထည့်ထားသည်ကို ထုတ်ယူကျွေးပါသည်။



နာနတ်သီးတစ်စိတ်ကို စားလိုက်ရာ အေးမြပြီး ချိုဆိမ့်လိမ့်မည်ဟု ထင်ရာ အားပါးပါး ချဉ်စုတ်နေပါသည်။

'မအေကြီး မင်း နာနတ်သီးမှည့်က ချဉ်လိုက်တာကွာ၊ တော်ပြီ တော်ပြီ ပြန်ယူ'

'ဩော် ဟုတ်ပါလား ပေး ပေး ချိုအောင် လုပ်ပေးမယ်'

ဟု ဆိုကာ နာနတ်သီးပန်းကန်ကို ပြန်ယူသွားပါသည်။ သကြားဖြူးပေးလိမ့်မည်ဟု ကျွန်တော် တွေးထင်လိုက်ပါသည်။

မကြာမီမှာ ဖနီးသည်မှာ နာနတ်သီးပန်းကန် ပြန်လာပေးသဖြင့် စားကြည့်ရာ ချိုမြနေပါသည်။ သို့သော် သကြားဖြူးထားခြင်း မဟုတ်သည်ကို သိနေရပါသည်။ မနေနိုင်သဖြင့် မေးကြည့်ရာ...

'သကြားဖြူးထားတာ မဟုတ်ဘူး။ ဖအေကြီးရဲ့၊ နာနတ်သီးမှည့် ချဉ်နေရင် သံပရာသီး အရည်ညှစ်ပြီး ဆမ်းစားရတယ်။ သံပရာသီးက ဖော်မစ်အက်ဆစ်က နာနတ်သီးရဲ့ အချဉ်ဓာတ်ကို ချေဖျက်ပြီး ချိုသွားတယ်'

'ဟော'

ဟု ကျွန်တော် အံ့သြသွားပါသည်။ ဖနီးသည်က ဆက်ပြောပြန်သည်။

'နာနတ်သီးမှည့် ချဉ်တာဟာ နာနတ်ပင် စိုက်ပျိုးတုန်းက နွားချေးမြေဩဇာထည့်လို့ချဉ်တာ။ ဒါကြောင့် နာနတ်စိုက်ခင်းမှာ နွားချေးမထည့်ရဘူး သစ်ရွက်ဆွေး မြေဩဇာဆွေး ကျွေးပေး ထည့်ပေးပြီး စိုက်ရတယ်။ ဒီမှ နာနတ်သီးမှည့် မချဉ်ဘဲ ချိုစေတယ်'

'ဩော်...ဩော်'

ဟု ကျွန်တော် ခေါင်းညိတ်ပြီး ဖနီးသည်ထံမှ ကြားသိရသည့် နာနတ်သီး မချဉ်ဘဲ ချိုစေသည့် နည်းစနစ် ချရေးလိုက်မိပါသည်။

**နေမဝင်(နတ်မောက်)**



ခင်ကြည်ပန်း

# ကျေးဇူးရှင် ပရလောကသား

ကျွန်ုပ်တို့၏ လူ့ဘောင်လောကတွင် လူမျိုး၊ ဘာသာမရွေး မိဘနှင့် မိသားစုတို့အား ရိုးသားစွာ ရှာဖွေကျွေးမွေးသောသူ၊ သမ္မာအာဇီဝဖြင့် စီးပွားရှာသောသူ၊ စိတ်ကောင်းစေတနာကောင်းရှိသောသူများကို သူတော်ကောင်းဟု ခေါ်ဝေါ် သတ်မှတ်ကြပါသည်။

**"သူတော်ကောင်း နတ်ကောင်း မ,သည်"** ဟူသော ဆိုရိုးစကားလည်း ရှိခဲ့ပါသည်။ ယခု ကျွန်ုပ်တင်ပြမည့် အကြောင်းအရာမှာ ဟိုးယခင် ရန်ကုန်မြို့ကြီး၌ ဖြစ်ပျက်ခဲ့သော သူတော်ကောင်း ပရလောကသားမ,စသည့် အဖြစ်အပျက်ကလေးပဲ ဖြစ်ပါသည်။

အချိန်ကာလအားဖြင့် **၁၉၃၈ ခုနှစ် ပတ်ဝန်းကျင်** ရန်ကုန်မြို့၏ တရုတ်သချိုင်းတည်ရှိရာ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းမှ (၁၁၂)လမ်း။ ထိုအချိန်ကာလမှာဖြင့် ရန်ကုန်မြို့ကြီး



www.burmeseclassic.com

www.burmeseclassic.com

သည် သစ်ရိပ်ဝါးရိပ်တို့ဖြင့် ညို့ညို့ဆိုင်းဆိုင်းအုံ့အုံ့မှိုင်းမှိုင်း...

မင်္ဂလာတောင်ညွန့် (၁၁၂)လမ်းအတွင်းရှိ အိမ်များမှာလည်း သွပ်မိုးပျဉ်ထောင်အိမ်က တစ်မျိုး။ ကျူထရံကာ ဓနိမိုးတဲများက တစ်ဖုံဖြင့် တိုက်တာ အဆောက်အအုံနည်းလွန်းလှသည့် အချိန်ကာလဖြစ်ပါသည်။

ညဘက်ဆိုလျှင် ဝါကြန့်ကြန့် လျှပ်စစ်မီးလုံးလေးများ ကျိုးတိုးကျဲတဲဖြင့် တိတ်ဆိတ်လျက် ယင်းလမ်းမှာတော့ဖြင့် စီဒန်းနှင့် မရမ်းသီးတို့ အိန္ဒိယလူမျိုး ညီအစ်ကိုနှင့် မိသားစုတို့ နေထိုင်ကြသည်။

စီဒန်းကအသက် (၂၅)နှစ်အရွယ် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး။ ညီငယ်မရမ်းသီးကတော့ အသက်(၂၀)ဝန်းကျင် ခပ်ဝဝကောင်လေး။

သူတို့ညီအစ်ကိုနှစ်ဦး လုပ်ကိုင် စားသောက်ကြသည်က လှည်းဖြင့် ပလာတာ၊ စမူဆာကြော်ရောင်းခြင်း ဖြစ်သည်။

ညနေ(၄)နာရီလောက်မှစ၍ ဆိုင်ထွက်ရန် ပြင်ဆင်ကြပြီး လူစည်ကားရာ တရုတ်သင်္ချိုင်း လမ်းဆုံဘက်သို့ ညီအစ်ကိုနှစ်ယောက် ပလာတာလှည်းလေးတွန်းခဲ့ကြသည်။

စမူဆာကြော်ခြင်း၊ ပလာတာကြော်ခြင်းတို့ကို ညီအစ်ကိုနှစ်ယောက် တက်ညီလက်ညီလုပ်ကြသည်။ ပလာတာမှာ ကြက်ဥပလာတာ၊ ပဲပလာတာ၊ သကြားပလာတာ ဟူ၍(၃)မျိုး ကြော်သည်။ စမူဆာကတော့ အာလူးစမူဆာနှင့် ကြက်သွန်အာလူး စမူဆာဟူ၍ နှစ်မျိုးကြော်သည်။

အရသာရှိ၍ သန့်ရှင်းသည့်အတွက် သူတို့ ပလာတာနှင့် စမူဆာကို လူကြိုက်များကြသည်။ စမူဆာတစ်ခုကို ငွေတစ်မတ်၊ ပလာတာတစ်ချပ်ကို (၅)မူး။ ကြက်ဥပလာတာ သုံးမတ်ဖြင့် ရောင်းကြသည်။

ည(၁၀)နာရီ၊ (၁၁)နာရီတွင် ဆိုင်သိမ်း၍ (၁၁၂)လမ်းရှိ တဲအိမ်လေးဆီသို့ ညီအစ်ကိုနှစ်ယောက် ပြန်ခဲ့ကြသည်။ အိမ်မှာ အမေမုဆိုးမကြီးနှင့် အစ်မအပျိုကြီးတို့က စောင့်မျှော်နေကြသည်။

စီဒန်းက ရသမျှ ပိုက်ဆံအမေကို အပ်ပြီးလျှင် ညီအစ်ကိုနှစ်ယောက် ပစ္စည်းများ သိမ်းဆည်းပြီး အိပ်ရာဝင်ကြသည်။ ဒါက သူတို့မိသားစု၏ နိစ္စဓူဝအလုပ်။

အမေကလည်း သားနှစ်ယောက် ပြန်လာမှသာ စိတ်ချလက်ချ အိပ်ရာဝင်စမြဲ။ စီဒန်းတို့ အဖေ မဆုံးခင်ကတည်းက မိသားစုကို ဒီလိုပဲ ပလာတာရောင်း၍ ရှာကျွေးခဲ့သည်။ စီဒန်းတို့ကလည်း ဖခင်မဆုံးခင်ကတည်းက ဖခင်အမွေကို ရယူပြီးသား။ ဖခင်လက်ရာထက် မလျော့။

အရသာရှိလှသော ပူပူနွေးနွေး စမူဆာ၊ ပလာတာဆိုလျှင် မင်္ဂလာတောင်ညွန့်တစ်ခွင် မသိသူမရှိ။ ရောင်းအားကောင်းသဖြင့် မိသားစု စားဝတ်နေရေးအတွက် အဆင်ပြေလှပါသည်။

ယနေ့ ည(၁၀)နာရီခွဲ စီဒန်းတို့ညီအစ်ကို ဆိုင်သိမ်းဖို့ပြင်ဆင်ကြသည်။ စမူဆာနှင့်ပလာတာက မကုန်သေး။ ကျန်နေသေးသည်။ မတတ်နိုင် ဆောင်းတွင်းမို့ ညဉ့်နက်လာသည်နှင့်အမျှ အအေးဓာတ်က ပိုလာသည်။ လူတွေလည်း အပြင်မထွက်ကြတော့ ဆိုင်ကို စောစောသိမ်းဖြစ်သည်။

လေနုအေးက ဝှေခနဲ တစ်ချက် ဖြတ်တိုက်သွားတော့ စီဒန်းတို့ ကျောထဲ စိမ့်သွားကြသည်။ တရုတ်သင်္ချိုင်းမှ ခွေးတစ်အုပ်က ဆွဲဆွဲငင်ငင် အူလိုက်ကြသေးသည်။

စီဒန်းတို့ညီအစ်ကို ဆိုင်သိမ်းနေကြသည်မို့ ကိုယ့်အာရုံနှင့်ကိုယ် ဘေးဘီကို မကြည့်အားကြပါ။

'ပီလာတာ အကုန်ယူမယ်၊ စမူဆာ အကုန်ယူမယ်'

အနားကပ်၍ ပြောလိုက်သော မဂ္ဂ ကလာ စကားသံကြောင့် စီဒန်းတို့ လန့်သွားကြသကဲ့သို့ ဝမ်းလည်း ဝမ်းသာသွားကြသည်။

လှည့်ကြည့်လိုက်တော့ အပြာရောင် ဖဲသားဝတ်ရုံဖားဖားကြီးနှင့် တရုတ်အမျိုးသား လူကြီးတစ်ယောက် အသက်က (၆၀)ကျော်အရွယ်လောက်တော့ရှိမည် ထင်ပါသည်။

ခေါင်းမှာလည်း ဇာတ်ထဲက ဝန်ကြီးတွေ ဆောင်းတဲ့ ခေါင်းဆောင်း အရှည် အနက်ရောင် အနားကွပ်က ရွှေရောင်တောက်တောက်နှင့်။ ဖဲသားဝတ်ရုံမှာလည်း အနားကွပ်က ရွှေရောင်တောက်တောက်။

ပြဇာတ်ထဲက ထွက်လာတဲ့ ဝန်ကြီးလိုလို ဘာလိုလို။ စီဒန်း ရယ်ချင်စိတ်ကို မြိုသိပ်ကာ ညီငယ်မရမ်းသီးကို လှမ်းကြည့်မိတော့ မရမ်းသီးက ရယ်နှင့်နေပြီ။ စီဒန်းက ပလာတာများ၊ စမူဆာများ စက္ကူအိတ်ထဲထည့်ပြီး လှမ်းပေးလိုက်သည်။

'ဘီလောက်ကျလဲ'

တရုတ်ကြီးက စက္ကူအိတ်ကို လှမ်းယူရင်း မေးသည်။ မရမ်းသီးက ပြုံးစိစိ စပ်ဖြဲဖြဲမျက်နှာဖြင့် တရုတ်ကြီးကို ကြည့်ပြီး (၇)ကျပ်ပါဗျာ ဖြေလိုက်သည်။

တရုတ်ကြီးက စီဒန်းလက်ထဲ ပိုက်ဆံထည့်ပြီး လှည့်ထွက်သွားတော့သည်။ တရုတ်ကြီး လှည့်ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



ဘာ့မှ စီဒန်းတို့ညီအစ်ကို
အားရပါးရ
တားကြတော့သည်။
လက်ထဲမှ ပိုက်ဆံကို
ကြည့်ဖြစ်ကြသေး။
ရယ်မောလို့ ဝမှ
စီဒန်းလက်ထဲက ပိုက်ဆံကို
ကြည့်လိုက်မိသည်။

'ဟာ'

စီဒန်း အလန့်တကြား
အော်လိုက်သည့်အသံကြောင့်
ရေမ်းသီး စီဒန်းနား ပြေးကပ်ကာ
သူ့အစ်ကို လက်ထဲ လှမ်းကြည့်
လိုက်သည်။ စီဒန်း လက်ထဲမှာက
(၁)ကျပ်သားခန့်ရှိသည့် ရွှေဒင်္ဂါး
တစ်ပြား။

စီဒန်းတို့ညီအစ်ကို ဆိုင်ကို အပြီး သတ်သိမ်းလိုက်ပြီး အိမ်ကို အမြန် ပြန်ခဲ့ကြသည်။ ရွှေစစ်၊မစစ် စစ်ဆေးကြရဦးမည်။ အိမ်ရောက်သည်နှင့် မိသားစုအားလုံး ခေါင်းချင်းဆိုင်၍ အဖြစ်အပျက်များ ပြောပြကြသည်။

အမေက ရင်ဘတ်ကို လက်ဖြင့် ဖိထား၍ တအံ့တသြ နားထောင်ရှာသည်။ အဲဒီညက စီဒန်းတို့ အိပ်မပျော်ကြပါ။ အတွေးကိုယ်စီနှင့်...

မိုးလင်းသည်နှင့် တစ်အိမ်ကျော်မှ ပန်းထိမ်ဆရာကြီး ဦးဘမောင်ထံ စီဒန်းတို့ညီအစ်ကို ပြေးခဲ့ကြသည်။ ဆရာကြီးမှ စစ်ဆေးကြည့်သောအခါ ရွှေစစ်စစ် တစ်ကျပ်သားတိတိဖြစ်သည်ကို သိကြရသည်။

စီဒန်းတို့ ပျော်လိုက်ကြသည့်ဖြစ်ချင်း။ အမေ့ဆီ သေသေချာချာ အပ်ခဲ့ပြီး စီဒန်းတို့ ဆိုင်ထွက်ကြပြန်သည်။

အဲဒီနေ့ညကလည်း စီဒန်းတို့ ဆိုင်သိမ်းခါနီးလေ ရင်တွေ ခုန်လာလေ။ လမ်းထိပ်ဘက် ဟိုမျှော်ဒီမျှော် ဂနာမငြိမ် ညည့်သာ နက်လာသည်။ ဘာအရိပ်အယောင်မှမတွေ့။ ပလာတာလေးနှစ်ချပ်က ကျန်နေသည်။

စီဒန်းတို့ ဆိုင်သိမ်းကြသည်။ လက်ကျန် ပလာတာနှစ်ချပ်အား သိမ်းမည်အလုပ် ဖြူဖြူတုတ်တုတ် လက်နှစ်ဖက်က လှမ်းယူလိုက်သည်။ မော့ကြည့်မိတော့ မနေ့ညက ဦးတရုတ်ကြီး။

စီဒန်းတို့ ဝမ်းသာသွားကြသည်။ ဦးတရုတ်ကြီးက ဘာစကားမှ မပြောဘဲ လက်ထဲပိုက်ဆံထည့်ကာ ပလာတာကို ဒီအတိုင်းယူပြီး ဘွားခနဲ ပျောက်ကွယ်သွားတော့သည်။

'ဟင်...ဟာ'

စီဒန်းတို့ လန့်သွားကြသည်။ အခုမှပဲ မြင်လိုက်ပြီး အခုချက်ချင်း ပျောက်ကွယ်သွားသည်။ လက်ထဲမှာက ရွှေဒင်္ဂါးတစ်ပြား။ ဘာပဲဖြစ်ဖြစ် ရွှေဒင်္ဂါးတစ်ပြား ရလိုက်ပြန်သည်။

စီဒန်းတို့ ပျော်သွားကြသည်။ ဆိုင်
ကို အမြန်သိမ်းပြီး
အိမ်ပြန်ခဲ့ကြသည်။
ရွှေဒင်္ဂါးကို ထုံးစံအတိုင်း
အမေ့ကို အပ်လိုက်
သည်။ စီဒန်းတို့ညီအစ်ကို
မအိပ်ကြသေးဘဲ
စကားပြောဖြစ်သည်။
လူစင်စစ်တော့
မဖြစ်နိုင်။ စီဒန်းတို့
ဆိုင်က ပလာတာကို
တရုတ်သရဲ
လာဝယ်စားတာပဲ
ဖြစ်မည်ဟု
ကောက်ချက်ချမိကြသည်။
လူပဲဖြစ်ဖြစ်၊ သရဲပဲ ဖြစ်ဖြစ်
ကျေးဇူးတင်တာတော့ အမှန်ပင်။ အခုပဲ
ရွှေနှစ်ကျပ်သား ပိုင်ဆိုင်ထားပြီ မဟုတ်
ပါလား။

တတိယမြောက်နေ့ ထုံးစံအတိုင်း ဆိုင်ထွက်ကြပြန်သည်။ ည(၁၀)နာရီကျော်လျှင် ဦးတရုတ်ကြီးကို မျှော်မိကြပြန်သည်။ သစ်သားခေါက် ကုလားထိုင်လေးတွေမှာ ထိုင်ရင်း ညီအစ်ကိုနှစ်ယောက်ငြိုင်တူ အိပ်ပျော်သွားကြတော့သည်။

ပလာတာ (၁၀)ခုကျန်နေသည်။ သကြားပလာတာ(၅)ခု၊ ပဲပလာတာ(၅)ခု၊ စမူဆာက (၅)ခု ကျန်နေသေးသည်။ စီဒန်းတို့ မှေးခနဲမှ ခဏလေး အတွင်း အိပ်ပျော်သွားကြတာ ဖြစ်သည်။

မြူတွေ ဆိုင်းနေသည့်အလား ဝေဝေဝါးဝါး ဘယ်နေရာ ဘယ်ဒေသမှန်းလည်းမသိ။ ခံစားမှုက အေးစိမ့်နေသည်။ စူးရှရှ အမွှေးတိုင်ရနံ့များက လှိုင်လှိုင်ထနေသည်။

စီဒန်းတို့ညီအစ်ကို လှောင်အားထစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်ထစ်ချင်း တက်နေကြသည်။ ဘယ်ထိတက်ရဦးမည်မသိ။ ရှေ့မှာက မှုန်မှုန်ဝါးဝါး။ ကွမ်းတစ်ယာ ညက်ခန့်ကြာတော့ ဟင်းလင်းပြင်ကြီးတစ်ခုစီ ရောက်သွားကြသည်။

ဦးတရုတ်ကြီးက ပြုံးပြုံးကြီး ဆီးကြိုနေပါသည်။ စီဒန်းတို့ ဝမ်းသာသွားကြသည်။ ပြန်ပြုံးမိကြသည်။ ဘာစကားမှတော့ မပြောဖြစ်ကြပါ။

ဦးတရုတ်ကြီးက ကတ္တီပါ အနီရောင် ဖုံးအုပ်ထားသော ကုလားထိုင်ပေါ်ကို အမူအရာဖြင့် ထိုင်ခိုင်းသည်။ သူကတော့ စီဒန်းတို့ မော့ကြည့်ရသည့် ကုလားထိုင်အမြင့်ကြီးမှာ ထိုင်ပြီး စီဒန်းဆိုင်က ပလာတာတွေ စားနေသည်။

ဦးတရုတ်ကြီးမျက်နှာက သိသိသာသာ ပြုံးပျော်နေသည်။ စီဒန်းတို့ကသာ ကြောင်တောင်တောင်နှင့် ဦးတရုတ်ကြီးက ပလာတာတွေ ဝအောင်စားပြီး ရေချွေးကြမ်းသောက်သည်။

စီဒန်းတို့က ဟိုကြည့်ဒီကြည့်နှင့် ဘာကိုမှ နားမလည်နိုင်။ ဦးတရုတ်ကြီးက ကုလားထိုင်ပေါ်မှဆင်းပြီး စီဒန်းလက်ထဲကို အနီရောင်အိတ်ရှုံ့လေး လှမ်းပေးလိုက်သည်။ စီဒန်း လှမ်းယူလိုက်ပါသည်။

'စီဒန်း...ထ...ထ၊ မရမ်းသီး...ထလေ'

အမေနှင့် အစ်မ၏ အသံကြားတော့ စီဒန်းတို့ညီအစ်ကိုနှစ်ယောက် ဖျတ်ခနဲနိုးသွားကြတော့သည်။

'နင်တို့ ပြန်မလာလို့ စိတ်ပူပြီး လိုက်လာကြတာ'

အမေက ပြောလိုက်သည်။ အစ်မလက်ထဲမှာတော့ ဖန်မီးအိမ်လေးနှင့်... စီဒန်းတို့ ပလာတာရောင်းတာ နှစ်နှစ်ရှိပြီ။ အခုလို အမှုမဲ့အမှတ်မဲ့ အိပ်ပျော်သွားတာမျိုး တစ်ခါမှ မဖြစ်ခဲ့ဘူးပါ။ အခုတော့ ညီအစ်ကိုနှစ်ယောက်စလုံး ပြိုင်တူ အိပ်ပျော်သွားကြခြင်း ဖြစ်သည်။

'ဘယ်အချိန်ရှိပြီလဲ အမေ'

မရမ်းသီးက အမေ့ကို လှမ်းမေးသည်။

'ကင်းတဲက (၁)ချက်ခေါက်ပြီးပြီ'

'ဒါဆို (၁)နာရီတောင်ကျော်ပြီပေါ့'

စီဒန်းက လန့်ပြီး ပြောလိုက်သည်။ စီဒန်းတစ်စုံတစ်ခုကို သတိရလိုက်ပြီး မရမ်းသီးကို လှမ်းကြည့်မိသည်။ ညီအစ်ကိုနှစ်ယောက် ထိုင်ရာမှ ပြိုင်တူထလိုက်ကြသည်။

ပလာတာဗန်းထဲမှာတော့ လက်ကျန် ပလာတာများ၊ စမူဆာများ မရှိတော့ပါ။ သူတို့အားလုံး တွေ့လိုက်ကြရတာကတော့ အိပ်မက်ထဲမှ အနီရောင် အိတ်ရှုံ့လေးက ပလာတာဗန်းပေါ်မှာ ထင်ထင်ရှားရှား။ စီဒန်းက အိတ်ရှုံ့ကြိုးလေးကို ဖြေပြီး ဖွင့်ကြည့်လိုက်သည်။

အစ်မက ဖန်မီးအိမ်လေး ရှေ့တိုးပေးသည်။ အိတ်ရှုံ့လေး ရှေ့တိုးပေးသည်။ အိတ်ရှုံ့လေးထဲမှာက အရောင်တဝင်းဝင်း ရွှေဒင်္ဂါးပြားများ။ စီဒန်း ပလာတာဗန်းပေါ် သွန်ချလိုက်သည်။ (၁၅)ပြားတိတိ။

စီဒန်း အမြန်ပြန်သိမ်းလိုက်သည်။ စီဒန်းတို့ ဒီည မုန့်လက်ကျန်က ပလာတာ (၁၀)ချပ်၊ စမူဆာ(၅)ခု မဟုတ်ပါလား။ စီဒန်းရော မရမ်းသီးပါ ပြိုင်တူ သဘောပေါက်လိုက်ကြပါသည်။ အမေနှင့်အစ်မကတော့ ပြုံးနေကြသည်။

စီဒန်းတို့မိသားစု ရွှေဒင်္ဂါးပေါင်း (၁၅)ပြား ရလိုက်ကြသည်။ (၁၅)ကျပ်သားတိတိ။ ထိုနေ့မှစ၍ ဦးတရုတ်ကြီးကို မတွေ့ကြရတော့ပါ။ စီဒန်းလည်း ဦးတရုတ်ကြီးပေးခဲ့သော ရွှေဒင်္ဂါးများ ထုခွဲရောင်းချ၍ လက်ဖက်ရည်ဆိုင်ထောင်ပါတော့သည်။

စီဒန်းတို့ လက်ဖက်ရည်ဆိုင်ကို လူသိများ၍ ရောင်းအားကောင်းလှပါသည်။ မကြာမီပင် ညီငယ်မရမ်းသီးက မအူကုန်းဘက်တွင် ဆိုင်ခွဲဖွင့်နိုင်ခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ဝါဆိုသင်္ကန်းကပ်၍ ဦးတရုတ်ကြီးအတွက် ရည်စူးပြီး အလှူဒါနများ ပြုပေးကြသည်။ စီဒန်းတို့ဘဝအား ပြောင်းလဲပေးခဲ့သော ဦးတရုတ်ကြီး ကောင်းရာသုဂတိ လားပါစေဟူ၍သာ စီဒန်းတို့မိသားစု အမြဲထာဝရ ဆုတောင်းမေတ္တာ ပို့ပေးနေမိကြပါတော့သည်။

**၁၉၃၈ ခုနှစ်တွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သော အကြောင်းအရာအား ယခု အသက်(၇၈)နှစ်ရှိပြီဖြစ်သော အဘိုးဦးမြင့်ဦး၏ ပြောပြချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အမည်များ လွှဲထားခြင်းဖြစ်ပါသည်။**

အင်ကြင်းပန်း

www.burmeseclassic.com

www.burmeseclassic.com



ဇော်ချမ်းအောင်
(ရမည်းသင်း)

# သိမှော်ဆောင်သူ တစ်ယောက်

## အကြောင်း

ကျွန်တော့် ဘဝတစ်သက်တာမှာ မှတ်မှတ်ထင်ထင်ရှိခဲ့သည့် အကြောင်း တစ်ခု ရှိပါသည်။ ငယ်ရွယ်စဉ်အခါက တွေ့မြင်သိခဲ့ရသော ယင်းအကြောင်း (ပညာရပ်)တို့သည် ယနေ့အချိန်အခါတွင် ရှိနိုင်ပါသော်လည်း ပျောက်ကွယ်သွားမည်ကို ကျွန်တော့်အနေနှင့် စိုးရိမ်နေမိသည်။

ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ ထူးဆန်းအံ့ဩဖွယ်ရာဖြစ်သော ဂမ္ဘီရ အတတ်ပညာမှာ များစွာမှပင် တန်ဖိုးကြီးမားသလို တန်ဖိုးဖြတ်ရန်ပင် ခက်လှပါသည်။

တတ်ကျွမ်းသော ပညာရှင်များမှ မိမိတို့ တတ်မြောက်ထားသော ပညာများ လက်ဆင့်ကမ်း၍ မြန်မာလူမျိုးတို့၏ ထူးဆန်းသော ဂမ္ဘီရအတတ်ပညာကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်ပြစေချင်လှသည်။

သိပ္ပံပညာရှင်များပင် အံ့ဩမကုန်နိုင် ဖြစ်ကြမည့် မြန်မာတို့၏ ဂမ္ဘီရ အတတ်ပညာကို ဒီနေ့ခေတ်တွင် မြင်တွေ့စေချင်လှသည်။

ငယ်စဉ်က ကျွန်တော် တွေ့မြင်ခဲ့ဖူးသော တကယ်ပင် အံ့ဩဖွယ်ရာ ဂမ္ဘီရအတတ်ပညာမျိုး ယနေ့ခေတ် လူငယ်များ မြင်တွေ့ဖူးသူ ရှားပါးလိမ့်မည်။ ဂမ္ဘီရအတတ်ပညာစွမ်း ရှိသူတွေကလည်း သူတို့၏ပညာကို သိုသိပ်လွန်းတာကြောင့်လည်း ပါလေသည်။

ကျွန်တော် လက်တွေ့ပင် သိမြင်ခဲ့ရသည်များကို ရေးသား တင်ပြပါမည်။

ထိုပုဂ္ဂိုလ်ကြီးအမည်က **ဦးသာအောင်**ဖြစ်သည်။ ဦးသာအောင်က **အသက်အားဖြင့် (၇၀)ကျော်** အသားညိုညို အသက်ကြီးသော်လည်း ကိုယ်ခန္ဓာ တုတ်တုတ်ခိုင်ခိုင်နှင့် ဗလကောင်းသူဖြစ်သည်။ ရှေ့တွင် မြေရေနွေးအိုးလေးနှင့် ရေနွေးပန်းကန်လေးတစ်လုံးချကာ ပြောင်းဖူးဖက် ဆေးလိပ်ကြီး အမြဲပင် ဖွာနေလေ့ရှိသည်မှာ အချိန်တိုင်းပင်။

ဘကြီးသာအောင် လယ်တဲနှင့်


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ လယ်ကျင်းက လယ်နားနီးချင်း ဖြစ်လေသည်။ ကျွန်တော်ငယ်စဉ်က ကျောင်းပိတ်ရက်တွေတိုင်း၌ အဖေ လယ်ထွန်ရာ လိုက်ပါသွားခဲ့သည်။

ကျွန်တော်က (၁၂)နှစ်သားအရွယ်ပဲ ရှိသေးတော့ အဖေက လယ်ထွန်မခိုင်းသေး။ အဖေခိုင်းသည့် တောက်တိုမည်ရ အလုပ်တွေ ပြီးသွားလျှင် ဘကြီးသာအောင်တဲသို့ သွား၍ စကားပြောလေ့ ရှိခဲ့သည်။ ဘကြီးက ကျွန်တော့်ကို အထူးပင် ချစ်ခင်လေသည်။

ဘကြီးက အသက်ကြီးပြီဖြစ်၍ တောင်သူလုပ်ငန်းကိုတော့ မလုပ်တော့။ သူ့သားသမီးတွေ လုပ်ကြသည်။ ဆယ့်နှစ်ရာသီ လယ်တဲမှာပဲ သူတစ်ယောက်တည်း လယ်စောင့်သဘောမျိုး နေလေသည်။

တောင်သူလုပ်ငန်း မလုပ်ကိုင်သော်လည်း ဆေးပညာတတ်ကျွမ်းသူ ဖြစ်၍ တစ်ခါတစ်ရံ ဆေးကုသွားလေ့ရှိသည်။ ရောဂါ များများစားစား ဘကြီးက ကုပေးသူမဟုတ်။ အနာပေါက်တစ်မျိုးမျိုးနှင့် အကြောနှင့် ပတ်သက်သော ရောဂါများကို ဆီမန်းတစ်မျိုးတည်းနှင့် အထူးနိုင်နင်းစွာ ကုသပေးနိုင်သော နာမည်ကျော်ဆရာကြီး ဖြစ်လေသည်။

ကျောင်းပိတ်ရက် တစ်ရက်မှာ အဖေနှင့် လယ်ထွန်လိုက်သွားရင်း အဖေခိုင်းသည့် အလုပ်တွေ လုပ်ပြီးပြီဖြစ်၍ အဖေ့ကို ခွင့်တောင်းကာ ဘကြီးတဲသို့ ကျွန်တော် ရောက်သွားခဲ့သည်။

ကျွန်တော် ရောက်သွားတော့ ထုံးစံအတိုင်း ရေနွေးအိုးရှေ့မှာချ ပြောင်းဖူးဖက်ကြီး ခဲနေသည့် ဘကြီးကို မတွေ့



ရဘဲ မီးဖိုထဲမှာ တရှဲရှဲနှင့် ငါးကြော်နေသော ဘကြီးကို တွေ့လိုက်ရသည်။ ကျွန်တော့်ကိုမြင်တော့...

'လာဟေ့ ကောင်လေး ဘကြီးသားသမီးတွေ လာပို့ထားတဲ့ ငါးတွေကြော်နေတာ။ ဘကြီး ငါးကြော်ကျွေးမယ်။ ခဏစောင့်'

ဟု ပြောရင်း ဒယ်အိုးထဲမှ ငါးကြော်များကို ဖွန်းမပါဘဲ လက်ဖြင့်ပင် တစ်ကောင်ပြီးတစ်ကောင် ပန်းကန်ထဲ ကောက်ထည့်ပြီးနောက် မကြော်ရသေးသည့် ငါးများ ဒယ်အိုးထဲ ထည့်ပြန်သည်။ ပြီးနောက် ဘကြီးက ငါးကြော်တစ်ကောင်ကို ကောက်ယူစားလေသည်။

ဘကြီးစားတာမြင်တော့ ကလေးပီပီ ကျွန်တော်လည်း စားချင်စိတ်ကို ဟန်ဆောင်မထားနိုင်ဘဲ ငါးတစ်ကောင် ယူလိုက်သည်။

'အား ပူလိုက်တာ'

ပြော၍ လက်ထဲမှ ငါးကြော်ကို ပန်းကန်ထဲ ပစ်ချ လက်တခါခါ ဖြစ်နေသော ကျွန်တော့်ကို...

'ပူသေးတယ်လို့ လူလေးကို ဘကြီးပြောဖို့ မေ့သွားတာ။ ခဏရှိမှ စားကွယ့်'

ဟု ဘကြီးက ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့် ပြောလေသည်။ ဘကြီးကတော့ ငါးကြော် အစားမပျက်။

'ကျွန်တော့်ကျတော့ ပူတယ်။ ဘကြီးတော့ မပူဘူးလား'

'ဘကြီးက မပူဘူးကွယ့်။ ဒီပူတာလောက်ကို မပြောနဲ့ ငါ့မြေးရဲ့...ကြည့် ဘကြီးပြမယ်'

ပြောပြောဆိုဆိုနှင့် ဒယ်အိုးတွင်း ဆီပွက်ထဲမှ နစ်နေသည့် ငါးများကို လက်နှင့်နှိုက်၍ ထက်,အောက် လှည့်ပေးနေသည်မှာ ရေခွက်ထဲ လက်နှိုက်နေသကဲ့သို့ပင်။ အချိန်အတော်ကြာ ငါးတွေကို ဆီပွက်ထဲ လှန်လှောပြလေသည်။

'ဘကြီး မပူဘူးလား'

'မပူဘူးကွယ့်။ ပူရင် ဒီလို ဘယ်လုပ်လို့ ရပါ့မလဲ'

'ဘကြီး ဆီပူတာနဲ့ ရေနွေးပူတာ ဘယ်ဟာက ပိုပူလဲ'

'ဆီက ပိုပူတာပေါ့'

'ဘကြီးက ဆီပူတာတော့ မကြောက်ဘဲ ရေနွေးသောက်တာကျတော့ တဖူးဖူး မှုတ်သောက်နေတာ ဘာလို့လဲ'

ဘကြီး သဘောကျစွာ တဟဲဟဲ ရယ်မောရင်း ကျွန်တော့်ခေါင်းကို အတန်ကြာ ပွတ်သပ်နေပြီးမှ...

'ဘကြီးက ဆီမှော်အောင်ထားလို့ မပူတာပေါ့ကွယ်'

ဟု ပြုံးပြုံးကြီး ပြောလေသည်။

'ဆီမှော်အောင်တယ်ဆိုတာ ဘာလဲဟင် ဘကြီး'

'ဘကြီးနားလည်သလို ပြောပြမယ်။ လူလေး နားလည်တဲ့ထိတော့ ဘကြီး မရှင်းပြတတ်ဘူး။ မှော်ပညာဆိုတာ လူတွေရဲ့ အသိဉာဏ်နဲ့ တိုင်းတွာမသိနိုင်တဲ့ ထူးဆန်းနက်နဲတဲ့ အတတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com

မျိုးလို့ ဆိုရမှာပေါ့ကွယ်'

'ဆီမှော်အောင်တော့ ဘာတွေရလဲ ဘကြီး'

'ဆီနဲ့ပတ်သက်တာ ဘကြီးအနေနဲ့ လို သလို အသုံးချလို့ ရတာယ်ကွယ့်။ ဘကြီး ဆေးကုပေးတာ လူလေး သိတယ်နော်။ အနာပေါက်တွေ ကုတော့လဲ ဆီမန်းပဲ။ အကြောနဲ့ ပတ်သက်တာတွေ ဆေးကုပေး တော့လဲ ဆီမန်းနဲ့ပဲ'



'ဘကြီးကို ဒီပညာ ဘယ်သူ သင်ပေးတာလဲဟင် ဘကြီး'

'သင်ထားတာ မဟုတ်ဘူးကွယ့်။ ဘကြီးကို ဆေးဆရာကြီးတစ်ယောက်က ဂါထာ၊ မန္တန်၊ အင်း၊ အိုင်၊ ဆေး အစီအရင်တွေနဲ့ လုပ်ပေးထားတာ။

ပြောရရင် နည်းနည်းတော့ စကား ရှည်မကွယ့်။ ဘကြီး ငယ်ငယ်က လက်ဝှေ့ထိုး သိပ်ဝါသနာပါတာ။ ဘကြီးတို့ငယ်ငယ်က ပွဲလမ်းသဘင် တွေဆို သိပ်ပေါတာ။ လက်ဝှေ့ပွဲတွေလဲ အမြဲပါတယ်။ အဲဒီမှာ ဘကြီးက လက်ဝှေ့ ဝင်ဝင်ထိုးတယ်။ ရှုံးတာပါပဲ ကွယ်။

ဘယ်လောက်ရှုံးရှုံး ဘကြီးက စိတ်ဓာတ်မကျဘူး။ ပွဲတိုင်းရှုံးတဲ့ ဘကြီးက အမြဲ လူရယ်စရာ ဖြစ်နေတာ ပေါ့။ မရှက်ပါဘူး။ ကိုယ့်ဝါသနာနဲ့ ကိုယ့်သတ္တိကို ထုတ်ပြခွင့် ရတာကိုပဲ ဘကြီးက ကျေနပ်နေတာ။

အရပ်တကာ ကတဲ့ ပွဲတွေ လိုက် ပြီး လက်ဝှေ့ အမြဲဝင်ထိုးတဲ့ ဘကြီးကို နယ်တကာက လူစုံသိကြတယ်။ ဘကြီးကိုမြင်ရင် မောင်သာအောင်လို့ မခေါ်ကြတော့ဘဲ သာရှုံးလို့ လူတွေက ခေါ်ကြတဲ့အထိပဲ။

တစ်နေ့မှာပေါ့ကွယ် ဘကြီး နွား ကျောင်းနေတဲ့ နေရာကို လွယ်အိတ် ကြီးတစ်လုံးလွယ်လို့ တောင်ဝှေးကြီး တဒေါက်ဒေါက်နဲ့ အဘိုးအို တစ်ယောက် ရောက်လာတယ်။

"မောင်သာအောင်ရေ မင်းကို လိုက်ရှာနေရတာ မောပဲ့ကွယ်"ဆိုပြီး ပြုံးပြုံးကြီးနဲ့ ရပ်ကြည့်နေတဲ့ အဘိုးအို ကို ဘကြီးက "အဘိုးက ဘယ်ကပါ လဲဗျာ"လို့ ဘကြီးက မေးလိုက်တော့ အဘိုးအိုက ခရီးသွားပါကွယ်။ ပွဲလမ်း သဘင်တွေတိုင်းမှာ လက်ဝှေ့ ဝင်ထိုး တဲ့ နာမည်ကြီးတဲ့ မောင့်ရင်ကို တွေ့ချင် တာနဲ့ တမင်ရှာပြီး လာခဲ့တာပဲလို့ အဘိုးအိုက ပြောတော့...

"ကျွန်တော် လက်ဝှေ့ ဝင်ထိုးပေ မယ့် တစ်ပွဲမှ မနိုင်ခဲ့ပါဘူး"

လို့ ပြောလိုက်တော့...

"အေး...မနိုင်မှန်း သိလျက်နဲ့ ဝင်ပြိုင်ရဲတဲ့ စိတ်ဓာတ်ကို ကြိုက်တာ။ အဲဒါအပြင် မောင်သာအောင်ဆိုတဲ့ နာမည်နဲ့လိုက်အောင် သူများတကာ တွေထက်သာအောင် အဘိုးက ကူညီ ဖို့ လာခဲ့တာ။ ဒီရွာမှာ ပွဲတိုင်း နိုင်စေ ရမယ်လို့ အဘိုးက အာမခံတယ်။ ဘယ်လိုလဲ"

တဲ့။ ဒီတော့ ဘကြီးက "ကျွန်တော့် ကို လက်ဝှေ့ပညာ သင်ပေးမှာလား" လို့မေးတော့ "မဟုတ်ဘူး။ အင်း အစီအရင်တွေနဲ့ ဆေးတွေထိုး ဆေး တွေသောက်ရမယ်"တဲ့။ (၇)ရက် မြောက်တဲ့နေ့မှာ ဆီ(၅)ပိဿာနဲ့ ဒယ်အိုးကြီးတစ်လုံး တောထဲကို ယူ လာနိုင်မလားတဲ့။

ဘကြီးက ယူလာနိုင်ပါတယ်လို့ တာဝန်ယူလိုက်တယ်။ အဲဒီနေ့မှာပဲ အချိန်တွေ, နက္ခတ်တွေ တွက်ချက် အင်းအစီအရင်တွေနဲ့ ဆေးတွေတိုက်၊ စုတ်ဆေးတွေ ထိုးပေါ့ကွယ်။ (၇)ရက် မြောက်တဲ့နေ့မှာ ဆီ(၅)ပိဿာနဲ့ ဒယ်အိုးကြီး ဘကြီးယူလာခဲ့တာ ပေါ့။ အဘိုးအိုဆရာကြီးက ဆီတွေကို မီးဖိုပေါ်မှာ တည်ထားတယ်။

အဘိုးဆရာကြီးက ပွက်ပွက်ဆူနေ တဲ့ မီးဖိုပေါ်က ဆီအိုးကြီးကို ကြည့် ပြီးတော့ **"ကဲ မောင်သာအောင် မင်းကိုယ်ပေါ်မှာ ထိုးထားတဲ့ ဆေး တွေ၊ သောက်ထားတဲ့ အင်းအစီ အရင်တွေ အောင်,မအောင် လက် တွေ့ စမ်းသပ်ကြည့်မယ်"**ဆိုပြီး ပွက်နေတဲ့ ဆီတွေထဲ လက်နှိုက်ခိုင်း တယ်'

'ပွက်နေတဲ့ ဆီအိုးထဲ လက်နှိုက် တော့ ပူမှာပေါ့နော် ဘကြီး'

ဟု ကျွန်တော်က ဝင်မေးလိုက် သည်။ ဘကြီးသာအောင်က ခေါင်းယမ်းပြရင်း ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို မီးညှိဖွာရှိုက်နေသည်။ ပန်းကန်ထဲမှ ငါးကြော်များယူကာ ကောက်စားရင်း ကျွန်တော့်လက်ထဲ ငါးကြော်တွေ ထည့်ပေးပြီး စားခိုင်း သည်။

'ဘကြီး ပြောတာ နားထောင်ရင်း ငါးကြော် စားကွယ့်'

'ဘကြီး ပြောတာတွေ နားထောင် နေရတာ ငါးကြော် စားရထက် ကောင်း နေတာဗျ။ စောစောကပြောတာ ဆက်ပြော ဘကြီး' →



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်တော်က ပြောတော့ ပြုံးပြုံး ကြီး ခေါင်းညိတ်ပြကာ...

'ဘကြီးလဲ ပူမှာပဲလို့ ထင်ထားခဲ့တာ ရေထဲ လက်နှိုက်နေသလိုပဲကွယ့်။ ဘကြီးကို ဆေးဆရာအဘိုးက ပြောပြန်တယ်။ မောင်သာအောင် ထိုင်ဦးကွယ့် ဆိုပြီးတော့ `ပွက်ပွက်ဆူနေတဲ့ ဆီတွေနဲ့ ကုန်သွားတဲ့အထိ ခေါင်းကနေ တစ်ကိုယ်လုံး လောင်းချလိုက်တယ်။ ဒီလောက် ပွက်ပွက်ဆူနေတဲ့ ဆီတွေနဲ့ လောင်းလို့မပူတာ အံ့ဩတာပေါ့။ အဘိုးအို ဆေးဆရာကြီးက...

"မောင်သာအောင် မင်းကိုယ်ပေါ်မှာ စီရင်ထားတဲ့ ဆေးအစီအရင်တွေ အောင်ပြီကွယ့်။ သာအောင်ဆိုတဲ့ နာမည်အတိုင်း လူတကာထက် သာတော့မယ်။ လက်ဝှေ့ပွဲတိုင်းမှာ မင်းနိုင်မယ်။ လက်ဝှေ့ပညာတွေလဲ သူ့အလိုလို ထိုးရင်းနဲ့ တတ်မြောက်လာလိမ့်မယ်။

ဒါပေမယ့် ပွဲ(၉၀)ပွဲပဲ ထိုးပါ့မယ်လို့ ကတိပြုရမယ်။ ပွဲ(၉၀)ပြည့်ရင် လုံးဝ လက်ဝှေ့မထိုးရတော့ဘူး။

မောင်သာအောင်ရဲ့ ကိုယ်ပေါ်မှာ ထိုးထားသောက်ထားတဲ့ ဆေးအစီအရင် တန်ခိုးတွေကြောင့် အကြောနဲ့ ပတ်သက်တဲ့ ရောဂါနဲ့ အနာပေါက်ရောဂါ အဲဒီနှစ်မျိုးကို ကုသပေးရင် သူ မတူနိုင်အောင် ကုသပေးနိုင်တဲ့သူ ဖြစ်လိမ့်မယ်"

လို့ ပြောတယ်'

'ဒါနဲ့ ဘကြီး လက်ဝှေ့ တန်းဝင်ထိုးတာပေါ့နော်'

'အခန့်သင့်ပဲကွယ့်၊ ဘုရားပွဲကလဲ ရှိနေ လက်ဝှေ့ပွဲကလဲ ပါဆိုတော့ ဘကြီးတွက် အဆင်ပြေပေါ့။ ဘကြီး ဝင်ထိုးတော့ ထုံးစံအတိုင်း အစမှာတော့ ဘကြီးပဲ ခံရတာပေါ့။ ခံရတယ်ဆိုပေမယ့် အရင်တုန်းကလို နာကျင်မှု



မရှိတော့ဘူး။

ဘကြီးကိုယ်က ချွေးထွက်ပြီဆိုတာနဲ့ တစ်ဖက်က ထိုးသတ်သူရဲ့ လက်သီးတွေ ဘကြီးကိုယ်ပေါ် ထိလိုက်တိုင်း ချော်ထွက်သွားတယ်။

ရောက်အောင် ပြောရရင်ကွယ် ဘကြီးတစ်ကိုယ်လုံးမှာ ဆီတွေ ထွက်လာသလို ဖြစ်ပြီးတော့ တစ်ဖက်လူရဲ့ ထိုးချက်တွေ ချော်ချော်ထွက်သွားဟာကွက်တွေ ပေါ်လာ၊ အဲဒီဟာကွက်တွေကို အသုံးပြုပြီးတော့ ဘကြီးအနိုင်ယူနိုင်တော့တာပေါ့။

'တစ်ဖက်ကပြိုင်ဘက် ဘယ်လောက်မောမော ဘကြီးမှာ မောဟိုက်မှု ပင်ပန်းမှု ဆိုတာတွေလဲ လုံးဝမရှိဘူး။ ဒီလို ထိုးရင်းထိုးရင်းနဲ့ လက်ဝှေ့ပညာတွေ အလိုလို တတ်လာခဲ့တာကွယ့်'

ဘကြီးသာအောင်က ထိုကဲ့သို့ ပြောပြသည်ကို နားထောင်နေစဉ်မှာပင် အဖေခေါ်သဖြင့် ဘကြီးကို...

'အဖေ ခေါ်နေပြီ။ ကျွန်တော် သွားဦးနော်မယ် ဘကြီး'

ဟု ပြောပြနှုတ်ဆက်ပြီး ပြန်ခဲ့ရလေသည်။

* * *

နောက်တစ်ကြိမ် ဘကြီးသာအောင်တဲ ကျွန်တော် ရောက်သွားချိန်တွင် နွား၊လေး၊ငါး၊ရှစ်ကောင်၊ နွားရိုင်း (မိတ်လိုက်နေသောနွား) တစ်အုပ်ဘကြီးတဲဝိုင်းထဲ လှည့်ပတ်ပြေးနေသည်ကို ဘကြီးက တုတ်နှင့် ခြောက်လှန့်၍ တဲဝိုင်းအပြင်ဘက် မောင်းထုတ်နေသည်ကို တွေ့ရလေသည်။

ထိုအထဲမှ ခိုင်းနွားအရွယ် နွားသိုးကြီးတစ်ကောင်က ဘကြီးကို ဝင်ဝှေ့လေသည်။ ဘကြီးက လက်ထဲက တုတ်နှင့် ဆီးရိုက်သည်။ တုတ်က အခွေးဆိုတော့ တုတ်ကျိုးသွားသည်။ နွားကြီးက နောက်မဆုတ်ဘဲ ပြေးလာဝှေ့သည်ကို ဘကြီးက နွားသိုးကြီး၏ ဂျို(ချို)ကို တစ်ဖက်တစ်ချက် ဖမ်းကိုင်၍ တွန်းလွှတ်လိုက်သည်မှာ ပါးစပ်အဟောင်းသားနှင့် ကျွန်တော် အံ့ဩသွားသည်အထိ ဖြစ်သွားရသည်။

ကျွန်တော် မျှော်လင့်မထားသည့် မြင်ကွင်းက ထူးဆန်း၍ နေပါသည်။ ပြေးဝှေ့လာသည့် နွားသိုးကြီး၏ ဦးချို (ဂျို)ကို ဘကြီးဖမ်းကိုင်၍ တွန်းလွှတ်လိုက်သည်မှာ နွားသိုးကြီး နောက်ပြန်ဖင်ထိုင်လျက် လဲသွားခြင်းမှာ ကိုယ့်မျက်လုံးကိုပင် မယုံနိုင်အောင် ဖြစ်ရသည်။

ခပ်လှမ်းလှမ်းတွင် ရှိနေသော တုတ်ဘကြီးသွားကောက်ချိန်တွင် နွားသိုးကြီးမှာ ယိုင်ထိုးယိုင်ထိုးနှင့်ထ၍ နွားရိုင်းအုပ်နောက် လိုက်သွားလေတော့သည်။ တဲဝိုင်းအတွင်းမှ နွားရိုင်းအုပ်ထွက်သွားတော့မှ တဲထဲဝင်လာသည့် ဘကြီးကို...

'ဘကြီးက အားသိပ်ကောင်းတာပဲ ဒါမျိုး ရုပ်ရှင်ထဲမှာတောင် မကြည့်ဖူး



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ နွားသိုးကြီးထက်တောင် ဘကြီး
က အားကောင်းတာပဲ'

ကျွန်တော့်စကားကြောင့် ဘကြီးက ပြုံးပြုံးကြီးလုပ်ကာ ပြောင်းဖူးဖက်ဆေးလိပ်တိုကြီး မီးညှိနေသည်။ မကြာမကြာ နွားချင်းဖွေ့တာ ကျွန်တော် မြင်တွေ့နေရသည်။

တစ်ကောင်နှင့်တစ်ကောင် မီးကုန်ယမ်းကုန် ဖွေ့တာတောင် တစ်ဖက်နွား ဖင်ထိုင်သွားသည်ထိ ဖွေ့နိုင်သည့်နွား အလွန်ရှားလှသည်။ ဆယ်ပွဲတစ်ပွဲ တွေ့ရခဲလှသည်။

'နွားကြီးကို ဖင်ထိုင်လဲသွားအောင် တွန်းပစ်လိုက်နိုင်တာ ဘကြီးအားကောင်းလို့ပေါ့နော်'

ကျွန်တော့်အမေးကို ဘကြီးက မဖြေသေးဘဲ တရှုန်းရှုန်း လယ်ကွင်းထဲ လှည့်ပတ်ပြေးနေသည့် နွားရိုင်းအုပ်ကို ပြောင်းဖူးဖက်ကြီးဖွာ၍ လှမ်းကြည့်နေရာမှ...

'ဘကြီးအားကောင်းတာထက် ဘကြီးကိုယ်ပေါ်မှာ ထိုးထားတဲ့ဆေးတွေ သောက်ထားတဲ့ဆေးတွေ အင်းတွေက အစွမ်းထက်နေတုန်းမို့ နွားသိုးကြီး ဖင်ထိုင်လဲသွားတဲ့အထိ တွန်းပစ်နိုင်တာပေါ့'

ဘကြီးက သူ့ပေါင်တွင် ထိုးထားသော ထိုးကွင်းမင်ကြောင်များကို ပုတ်၍ ပြောပြလေသည်။

ထိုအကြောင်းတွေကို အိမ်ရောက်တော့ အဖေ့ကို ကျွန်တော် ပြောပြမိသည်။ အဖေက...

'ဦးသာအောင်က ဆီမှော်အောင်ထားတာ သားရဲ့... သူ့ကိုယ်ပေါ်မှာ ထိုးထားတဲ့ဆေးတွေက သိပ်စွမ်းတာ။ နွားသိုးကြီး ဖင်ထိုင်လဲသွားအောင် တွန်းပစ်နိုင်တာ မပြောနဲ့ကွ။

ထွန်ထမ်းပိုးတုံးကို လက်တစ်ဖက်တည်း ကိုင်ပြီးတော့ ဖွေ့ယမ်းတာ လေထဲမှာ ဝီခေါ်နေအောင်ကို ကိုင်ယမ်းနိုင်တာ။ အဖေ လူပျိုတုန်းက မြင်ခဲ့ဖူးတာကွ'

'တကယ် အားကောင်းတာပဲနော် အဖေ'

ဟုပြောရင်း လယ်ထွန်သည့် ထမ်းပိုးတုံးကြီးကို ကျွန်တော် ပြေးမြင်လာမိသည်။ လုံးပတ် (၁)ပေပိုပို အရှည်(၈)ပေပိုပို ရှိသည့် ထွန်ထမ်းပိုးတုံးအား ဝီခေါ်နေအောင် လေထဲ ဖွေ့ယမ်းပြနိုင်ဖို့ နေနေသာသာ လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်မ,မှ ရနိုင်လေသည်။

ငယ်စဉ်အခါက ထိုကဲ့သို့ ထူးဆန်းအံ့ဩဖွယ်ရာ မြန်မာတို့၏ ဂမ္ဘီရ အတတ်ပညာအစွမ်းကို တွေ့မြင်ခဲ့ရဖူးပါသည်။

ဘကြီးသာအောင်ကတော့ လွန်ခဲ့သည့် အနှစ်(၂၀)ကျော် အသက်(၉၀)ကျော်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော်လည်း ကျွန်တော့်မျက်စိထဲ ယနေ့အချိန်ထိ မြင်ယောင်နေဆဲပင်။

**အေးချမ်းအောင်**
*(ရမည်းသင်း)*

# အပူလောင်မှာ

## အမာရွတ်ပျောက်ဖို့ ဆေးတစ်လက်

လွန်ခဲ့သော လေး,ငါးနှစ်ခန့်က စာရေးသူ နေထိုင်ရာ ဗိုလ်ကုန်းရွာ အရှေ့ပိုင်းမှ မအေးချို၏သမီး ဆုလေးနှယ် မြေပဲနုတ်ရင်း ပိုးထိ(မြွေကိုက်)ခံရသည်။

ကိုက်သည့်မြွေမှာ (အရပ်အခေါ်) မြေအာပုပ်ဖြစ်၍ အဆိပ်မပြန့်စေရန် ကုသပြီးသည့်နောက် မြွေကိုက်သော ခြေထောက်တွင် အနာဖြစ်လာသည်။

တစ်နေ့တွင် မြွေကိုက်သည့် ဒဏ်ရာကို ဖန်ဆေးရန် ရေနွေးတည့်ရင်း လက်မောင်းတစ်ဖက် ရေနွေးအပူလောင်ခံရသည်။

ဒဏ်ရာပျောက်ကင်းချိန်တွင် အမာရွတ်မကျန်ဘဲ ပကတိ အရှင်းပျောက်ကင်းသွားသဖြင့် ဆေးနည်းသိလို၍ မအေးချိုအား မေးမြန်းကြည့်မိသည်။

'ဆုလေးနှယ်ရဲ့ ရေနွေးပူလောင်တဲ့ ဒဏ်ရာက အမာရွတ်တောင် မကျန်ဘဲ ရှင်းရှင်းပျောက်သွားတာ အံ့ဩစရာပဲဗျာ။ မဂ္ဂဇင်းထဲ ရေးပို့ရအောင် ဆေးနည်းလေး ပြောပြပါဦး မအေးချိုရဲ့'

မအေးချိုက...

'ဆေးနည်းက လွယ်ပါတယ်။ အမြစ်ပေါင်းတစ်ထောင်လို့ တိုင်းရင်းဆေးဆရာတွေ



တင်စားခေါ်ကြတဲ့ တောထဲက မြွေချေးအခြောက်ကိုရှာ အုန်းဆီနဲ့ဖျော်ပြီး တစ်နေ့ သုံးကြိမ် လိမ်းတယ်လေ။

ဒီဆေးနဲ့ပဲ အရှင်းပျောက်တာပါပဲ။ ဖြစ်စက ခေတ်ပေါ်ဆေးဘူးတွေ ဝယ်လိမ်းပါသေးတယ်။ မထိရောက်ပါဘူး။ ခု ဆေးနည်းလေး ရမှ အဆင်ပြေသွားတယ်'

ဟု ရှင်းပြပါသည်။

ဤဆေးနည်းမှာ မြို့ပြနေသူတို့အတွက် အဆင်မပြေနိုင်သော်လည်း ကျေးလက်နေ ပြည်သူတို့အတွက် အရေးကြုံက သုံးစွဲနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

ဆေးနည်းပြောပြသော မအေးချိုအား ကျေးဇူးအထူး တင်ရှိပါသည်။

**မင်းလွင်မောင်**
*(မန်းချောင်း)*



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြီးရုပ်ဘဝမှ လာခဲ့သူ

ခရီးသည်ဘုတောသိ

မေးခန်း အိပ်ပျော်သွားရာမှ နိုးလာသောအခါ မိမိ စီးနင်းလိုက်ပါလာသည့် ရန်ကုန်–မော်လမြိုင် အဝေးပြေးယာဉ်သည် ဝေါချောင်းတံတားကို ကျော်ဖြတ်နေပြီဖြစ်သည်။

'ဟော...အစ်ကိုကြီး နိုးပြီလား။ လွန်ခဲ့တဲ့ နှစ်,နှစ်လောက်က အဝေးပြေး ကားတစ်စီး ဝေါချောင်းထဲ ဆင်းသွားတာ ကြားမိမယ် ထင်တယ်'

ကားဒရိုင်ဘာ ကိုမွန်ကြီးက မိမိအား လှမ်း၍ နှုတ်ဆက်လိုက်ခြင်းဖြစ်၏။

'အေးကွ ကြားမိပါတယ်။ ခရီးသည်တွေ ဘာမှ မဖြစ်ဘူး။ ဒရိုင်ဘာတစ်ယောက်တည်း ရေနစ်သွားသတဲ့'

'အဲဒါ ကျွန်တော်ပဲလေ'

'ဟော...ဘယ်လိုဖြစ်ရတာလဲ'

'ပြောရရင်တော့ နည်းနည်း ဆက်စပ်ရှင်းပြမှရမယ်။ ဘဲလေးဆိုင်မှာ ထမင်းစားရင်း ပြောကြတာပေါ့'

## ဘုန်းကြီးရုပ်မောင်နှမ

ကျိုက်ထို တိုက်တိအနီးရှိ ဘဲလေးစားသောက်ဆိုင်တွင် မော်တော်ယာဉ်ခေတ္တ အနားပေးစဉ် ကိုမွန်ကြီးက ဤသို့ရှင်းပြသည်။

'ကျွန်တော် အရင်ဘဝက ဘုန်းကြီးရုပ် ဖြစ်ခဲ့တယ်။ ဘီးလင်းမြို့သာတောင်ခါးပန်း တစ်နေရာမှာ နေကြတယ်။ အစ်မကြီးရယ်၊ အစ်မငယ်ရယ်၊ ကျွန်တော်ရယ် သုံးယောက်ရှိတယ်။ ကျွန်တော်တို့ကို အဘိုးက အုပ်ထိန်းပေးပါတယ်။

ဘုန်းကြီးရုပ်ဘဝနဲ့ အနေကြာလာတော့ အစ်မငယ်နဲ့ ကျွန်တော်က လူ့ဘဝမှာ နေကြည့်ချင်တယ်။ အစ်မကြီးက ခွင့်မပြုပေမယ့် အတန်တန် ခွင့်တောင်းလို့ အဘိုးက "သွားကြပါစေ၊ လူ့ဘဝရောက်ရင် မကောင်းမှုဒုစရိုက် အလုပ်ကိုတော့ ရှောင်ကြပါကွယ်" ဆိုပြီး ခွင့်ပေးပါတယ်။ ကျွန်တော်က အရင် ရောက်နှင့်ပြီး အစ်မငယ်က (၁၆)နှစ်ကြာမှ လူ့ဘဝကို ရောက်လာတယ်'

'ဒါတွေကို လူမှန်းသိကတည်းက မှတ်မိတာလား'

'မဟုတ်ဘူး အစ်မငယ်ကတော့ လူမှန်းသိကတည်းက မှတ်မိတယ်။ ကျွန်တော်က အသက်ကြီးလာမှ သိလာတာပါ။ ဒါတွေ နောက်တော့ ကျွန်တော် ရှင်းပြပါမယ်။ ဝေါမှာဖြစ်တဲ့ နေ့က မနက်ပိုင်းကတည်းက အခြေအနေ မဟန်တာ ရိပ်စားမိတယ်။

ကိုယ်အောက်ပိုင်းတစ်ခြမ်း အေးစက်နေပြီး ခေါင်းက ချွေးသီးချွေးပေါက်တွေ ထွက်နေတယ်။ အစားထိုးဖို့လဲ လူမရှိတော့ အဲဒီည မော်လမြိုင်–ရန်ကုန် ခရီးစဉ်ကို ကျွန်တော်ပဲ မောင်းရတယ်။

တပည့်တွေကိုတော့ မှာထားတယ်။ စစ်တောင်းမရောက်ခင် တစ်ခုခုဖြစ်ရင် ဘီးလင်းထမင်းဆိုင်ကို ပြန်ပို့ပါ။ အဲဒီမှာ အရင်ဘဝက ကျွန်တော့်အစ်မငယ် ရှိတယ်လေ။ စစ်တောင်းကျော်သွားရင် သားမယားရှိတဲ့ မြောက်ဥက္ကလာကို ယူသွားပါလို့ သေသေချာချာ မှာထားခဲ့တယ်။

စစ်တောင်းမြစ်ကျော်တော့ အရင်ဘဝက အစ်မကြီး စောင့်နေတယ်လို့ အဘိုးက လာပြောသံ ကြားရတယ်။ ကျွန်တော် စိတ်ထိန်းပြီး မောင်းနေပေမယ့် ဒီအသံက ခဏခဏ ကြားနေရလို့ လှမ်းကြည့်လိုက်တော့ လမ်းဘေး သစ်ပင်နားမှာ ရပ်နေတဲ့ အစ်မကြီးကို မြင်ရတယ်။

ကားခဏရပ်ပြီး ရတနာသုံးပါး အာရုံပြု ရှိခိုးလိုက်တယ်။ နည်းနည်းကြာမှ စိတ်ကို ခိုင်ခိုင်ထားပြီး ကားဆက်မောင်းတယ်။ ဝေါနားရောက်ခါနီးမှာ



အဝေးပြေးယာဉ်မောင်းသမား ကိုမွန်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အဘိုးက **"မင်း ဆင်းလာမလား၊ မလာဘူးဆိုရင် ကားမှန်ရိုက်ခွဲပြီး ငါဝင်လာရမလား"**လို့ ခပ်ထန်ထန် ကလေး မာန်မဲတာနဲ့ ကားပေါ်က ဆင်းလိုက်ရတယ်။

ဆင်းပေမယ့် မြေပြင်ပေါ် ကျမသွားဘူး။ လေထဲမှာ လွင့်နေတယ်။ ဒီအတိုင်းပဲ အဘိုးနဲ့အစ်မကြီးတို့ ခေါ်ရာကို လွင့်မျော၍ ပါသွားတယ်။ ဒါက ကျွန်တော့်ခံစားချက်နော်။

တကယ့်ဖြစ်စဉ်က ကျွန်တော် မောင်းတဲ့ကားကြီး လမ်းပေါ်က ဖယ်ပြီး ချောင်းထဲကို တရွေ့ရွေ့ မောင်းသွားတယ်။ ချောင်းစပ်ရောက်တော့ ရေထဲ ခုန်ချလိုက်သတဲ့။ ဝေါက လူတွေဝိုင်းပြီး ဆယ်ပေးကြလို့ ကုန်းပေါ်ရောက်တော့ အသိမရှိတော့ဘူး။ မျက်လုံး ကြောင်ကြောင်နဲ့ ဘာမှမေးလို့ ခေါ်လို့ မရဘူးတော့ဘူး။ မြောက်ဥက္ကလာအိမ်ကို ပို့ပေးကြတယ်။

အဲဒီမှာ မိဘတွေလဲ ရှိကြလို့ သူတို့က မြောက်ဥက္ကလာကျောင်း ဆရာတော်ဆီ ခေါ်သွားကြတယ်။ ဆရာတော်ရဲ့သဘောထား မသိရလို့ ကျောင်းတွေ ဘွဲ့မည်တွေ မပြောတာပါ။ အစ်ကိုကြီး ဖူးချင်ရင် လိုက်ပို့ပေးနိုင်ပါတယ်။

ဆရာတော်က ဒါ အတိတ် အကြောင်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေ ရှိနေတယ်။ မစိုးရိမ်ပါနဲ့။ သုံး,လေးရက်ကြာရင် ကောင်းသွားမှာပါလို့ မိန့်တော်မူသတဲ့။ အဲဒီရက်ပိုင်းအတွင်း ထမင်းမစား အပေါ့အလေးမသွား အိပ်လဲ မအိပ်ဘူးလို့ ပြန်ပြောပြကြပါတယ်'

'အဲဒီအချိန်မှာ မောင်ရင်က ဘယ်ရောက်သွားလဲ'

'ပထမဆုံး ဘီးလင်း ထမင်းဆိုင်က အစ်မငယ်ကို သွားခေါ်တယ်။ တို့မောင်နှမသုံးယောက် ဘုရားဖူးသွားရအောင်လို့ပြောတော့ ခုတင်မှာ တစ်ဖက်လှည့်ပြီး အိပ်သွားတယ်။ အစ်မကြီးက **"သူ မလိုက်ချင်လို့ နေမှာ၊ တို့ချည်း သွားကြတာပေါ့"**ဆိုပြီး မြင်းသာ တောင်ခါးပန်းကို သွားကြတယ်။

လိုဏ်ဂူကြီးတစ်ခုထဲ ရောက်သွားပြီး အထဲမှာ ရွှေငွေပစ္စည်း အိုးခွက်ပန်းကန်တွေ တွေ့ရတယ်။ ခုတင်သုံးလုံး စီတန်းထားတယ်။ အစ်မကြီးက**"ဒါ ငါ့ခုတင်ပေါ့"**လို့ ပြောတယ်။ ဟိုဘက်က ခုတင်နှစ်လုံးက လူလဲမရှိပါလား မေးတော့...

"အဲဒါ နင်နဲ့အစ်မငယ် ခုတင်တွေလေ။ ခုတင်တွေရော၊ ပစ္စည်းတွေကိုပါ နင်တို့ ကိုယ်တိုင် ထိကိုင်မှရတာ။ တခြားသူတွေ ကိုင်လို့မရဘူး။ မောင်လေးရယ် ငါတို့နဲ့ အတူတူ ပြန်နေပါတော့။ နင်လဲ ထွက်သွားတာ ကြာနေပြီပဲ"

"ဟင့်အင်း ကျွန်တော် မလာချင်သေးဘူး။ လူ့ဘဝမှာ နေဦးမယ်။ အဘိုးမှာသလိုပဲ ဒုစရိုက်အမှုတွေ ကျွန်တော် မလုပ်ပါဘူး။ သမ္မာအာဇီဝ လုပ်ငန်းနဲ့ပဲ နေပါတယ်"

"ဟဲ့...သူ နေချင်နေပါစေ။ အချိန်မကျသေးဘူး။ ပြန်ပို့ပေးလိုက်တော့"

လို့ အဘိုးက ပြောတာနဲ့ ကျွန်တော့်ကို ပြန်ပို့ပေးတယ်။ သတိရလာတော့ မေ့နေတာ သုံးရက်ရှိပြီတဲ့ မိဘတွေ ပြောလို့ သိရတယ်'

'အစ်မငယ်အကြောင်း ပြောပါဦး'

'ဟုတ်ကဲ့ ကျွန်တော်က သံဖြူဇရပ်မြို့နားက နှီးပဒေါ်ဇာတိပါ။ မွန်စာသာ သင်ခဲ့ရလို့ ဗမာစာ မရေးတတ်၊ မဖတ်တတ်ခဲ့ဘူး။ အရွယ်ရောက်ပြီး ကားသမားလောကထဲ ရောက်မှ ဗဟုသုတ အသိအမြင်ကျယ်ခဲ့တယ်။

လွန်ခဲ့တဲ့(၉)နှစ်လောက်က ကုန်တင်ကား မောင်းရင်း ဘီးလင်းထမင်းဆိုင်မှာ ဝင်နားတော့ ကလေးမလေး တစ်ယောက်က **"နင့်ကို စောင့်နေရတာ ကြာပြီ။ ခုမှ ရောက်လာတော့တယ်"**လို့ နှစ်ယောက်တည်းရှိတုန်း လာပြောတယ်။ ဘယ့်နှယ် ကိုယ့်ထက် (၁၆)နှစ်လောက်ငယ်တဲ့ ကလေးက နင်နဲ့ငါနဲ့ ပြောလာလို့ အံ့အားသင့်မိတယ်။

သူ့ကိုကြည့်တော့ ရင်းနှီးနေသလိုပဲ။ နောက်တော့ သူ ရှင်းပြလို့ အရင်ဘဝက မောင်နှမ တော်စပ်ခဲ့တာ ရေးရေးမှတ်မိလာတယ်။ နှစ်ယောက်ရှိမှ မောင်နှမလို ခေါ်ပြောတာပါ။ လူအများကြားမှာတော့ အဖေလို့ခေါ်တယ်။ အဖေနဲ့သမီး ဆက်ဆံရေးပေါ့။ အဲဒီတုန်းက သူက (၁၅)နှစ်လောက် ကျွန်တော်က (၃၀)ကျော်ပြီ။ သားမယားနဲ့ပါ။

နောက်ပိုင်းကျတော့ လက်ရှိဘဝ မိဘတွေလဲ နားလည်သဘောပေါက်ကြပြီး ကျွန်တော်တို့မောင်နှမ ဆက်ဆံရေးကို မတားမြစ်ကြတော့ပါဘူး။ သူနေမကောင်းဖြစ်ရင် ဘယ်ဆေး ဘယ်ဆရာဝန်မှ ပျောက်အောင် မကုနိုင်ဘူး။ သူ့အမေက ကျွန်တော့်ဆီ ဖုန်းဆက်ရတယ်။ **"ဟဲ့ နင့်သမီး ဖျားနေတယ်။ နင်လာကုမှ ရမယ်"**တဲ့။

ရောက်သွားတော့ ဘာမှ မဟုတ်ပါဘူး။ လာမတွေ့တာ ကြာလို့တဲ့။ အရင်ဘဝကတည်းက စိတ်ကောက်ပြီး ကျွန်တော့်အပေါ် အနိုင်ယူနေကျလေ။ ကျွန်တော် သွားတွေ့ပြီး ပြန်လာရင် သူ့အလိုလို နေကောင်းသွားတာပဲ'

'ဝေါချောင်းမှာဖြစ်တဲ့ ကိစ္စမျိုး ထပ်မဖြစ်အောင် ဘယ်လို စဉ်းစားထားလဲ မဖြစ်အောင် တားဆီးလို့ ရသလား'

www.burmeseclassic.com

'ဟုတ်ကဲ့ ဘီးလင်းတောင်ပေါ်က အရင်ဘဝ နေရာဟောင်းကို သွားပြီး နှစ်တိုင်း ကန်ေတော့ ပွဲပေးပါတယ်။ မျက်မြင်မှာတော့ ကျောက်ဆောင်ကြီးတစ်ခုပဲ ရှိတာပေါ့။ ဖူးသလိုလို နေမကောင်းသလိုဖြစ်ပြီး သုံး၊လေးရက် မေ့မျောနေတဲ့အချိန်မှသာ လိုဏ်ဂူထဲ ဝင်နိုင် မြင်နိုင်ပါတယ်'

'အခုနောက်ပိုင်း အခြေအနေက ကော'

'အခုတော့ ဘာမှ မဖြစ်တော့ပါဘူး။ အရင်ဘဝက အဘိုးနဲ့အစ်မကို မေတ္တာပို့အမျှဝေပေးတယ်။ သူတို့အလိုကျ ကန်ေတော့ပွဲလဲ လုပ်ပေးတယ်။ လူ့ဘဝ ရောက်နေတဲ့ အစ်မငယ်ကိုတော့ လူမှုရေး၊ ငွေကြေး၊ ကျန်းမာရေး ကိစ္စအဝဝမှာ အစ်မဆိုတဲ့ သံယောဇဉ်နဲ့ တတ်နိုင်သရွေ့ ကူညီပေးပါတယ်။

ကျွန်တော် ကားသမားဆိုပေမယ့် ဒုစရိုက်အမှု မပြုပါဘူး။ သီလကို အတတ်နိုင်ဆုံး လုံအောင်ထိန်းတယ်။ ပရဟိတအများအကျိုးလဲ ကူညီလုပ်ကိုင်ရင်း လူ့ဘဝ သက်တမ်းစေ့အောင် နေသွားချင်ပါတယ်'

'မောင်ရင့်အနေနဲ့ ဒီလို ပြောပြရတဲ့ အကြောင်းရင်းက...'

'ဪ...မြတ်စွာဘုရား ဟောခဲ့တဲ့ သံသရာကြီးမှာ ဘယ်သူနဲ့မဆို ဆွေမျိုးမတော်စပ်ခဲ့တာ မရှိဘူးတဲ့။ ဘုရားဟောခဲ့တဲ့အတိုင်း ရှေးဘဝ နောက်ဘဝ ရှိတယ်ဆိုတာ အများသိစေချင်လို့ပါ။

အစ်မငယ်နဲ့ ပတ်သက်ပြီး ထူးခြားဖြစ်စဉ်တွေ အများကြီး ရှိပါသေးတယ်။ အစ်ကိုကြီး အားတဲ့တစ်နေ့ ကျွန်တော်ခွင့်ပြုပြီး ဆုံရအောင်။ အစ်မငယ် ဓာတ်ပုံတွေလဲ ယူလာခဲ့မယ်။

ဪ...သတိရလို့ ပြောရဦးမယ်။ အမေက ကျွန်တော့်ကိုယ်ဝန် ဆောင်ခါနီးမှာ အဘိုးအိုတစ်ယောက်ကို အိပ်မက် မက်တယ်။ ယောက်ျားလေး တစ်ယောက်နဲ့ မိန်းကလေး တစ်ယောက်ကို တစ်ဖက်စီ တွဲပြီး အမေ့ဆီလာတယ်။ နင် လိုချင်တယ် ဆိုလို့ ခေါ်လာပေးတာတဲ့။

အမေက ကျွန်မ တစ်ယောက်တည်း လိုချင်တာပါလို့ပြောတော့ ယောက်ျားကလေးကို ကမ်းပေးတယ်။ အိမ်ခြံဝင်းထဲမှာပဲ နောက်နေ့ မိုးလင်းလို့ အဲဒီနေရာသွားကြည့်တော့ နဂါးတစ်ကောင်ခွေနေတဲ့ ပုံစံနဲ့ ရွှေလက်စွပ်တစ်ကွင်း ကောက်ရတယ်တဲ့'

'အဲဒီလက်စွပ် ရှိသေးသလား'

'မရှိတော့ဘူး၊ အသုံးလိုလို့ ရောင်းစားပစ်လိုက်တယ်။ အစ်မကြီးနဲ့ တွေ့တော့ အဲဒါ နင်ပိုင်တဲ့ပစ္စည်းပဲ ကြိုက်သလိုလုပ်ပါလို့ ပြောပါတယ်'

ထိုစဉ် ယာဉ်နောက်လိုက် လူငယ်ကလေးက...

'ဆရာ အချိန်ပြည့်သွားပြီ။ ကားစက်နှိုးလိုက်ရမလား'

ဟူ၍ သတိပေးလာသဖြင့် စကားလက်စသတ်ခဲ့ကြလေသည်။

**ခရီးသည်သုတေသီ**


မြန်မာ့ ဆေးပညာလောကတွင် **သပွတ်ကြီးမြစ်၊ ကေရာဇ်မြစ်၊ ကသစ်မြစ်၊ တီရစ္ဆာန်မြင်းခေါ်ခွာတို့ကို ပေါင်းစပ်လိုက်သောအခါ** အစွမ်းထက်လှသော အစာဖျက်ဆေး၊ အဆိပ်နိုင်ဆေးဖြစ်လာပုံကို လူတိုင်းလိုလို သိရှိကြပါသည်။

ယခု ရေးသားဖော်ပြမည့် ဆေးအမည်များကိုလည်း လူတိုင်းလိုလို သိရှိနေကြသော်လည်း ထိုရုက္ခမူဆေးများကို ပေါင်းစပ်လိုက်သောအခါ ငရဲမီးကိုပင် ရေဖြစ်စေနိုင်သော အစာဖျက်ဆေးဖြစ်ကြောင်း လူတိုင်းအလျှင်းမသိကြပါချေ။

[illegible] အကျော်ဆေး



**လိုအပ်သော ဆေးပင်များမှာ...**

၁။ ဘုမ္မရာဇာပဥ္စင်းပါ။
၂။ ကေရာင်ပဥ္စင်းပါ။
၃။ သက်ရင်းကြီးပဥ္စင်းပါ။
၄။ ဟင်းနုနယ်ပဥ္စင်းပါ။
တို့ ဖြစ်ကြပါသည်။

ယင်းဆေးပင်များကို အလေးချိန် ညီမျှစွာ စုဆောင်း အခြောက်လှန်း ပြာချ၊ ရေစိမ်ပြီး တစ်မည်ချင်း ဆားချက်ရပါသည်။

ရရှိလာသော ဆားများကို အလေးချိန်တူညီစွာ ပေါင်းစပ်လိုက်သောအခါ အစွမ်းထက်လှစွာသော အစာဖျက်ဆေး ရရှိပါတော့သည်။

**ဘုမ္မဝတီ ကိုကိုလေး**

[illegible]

[illegible]

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်းမှူး
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com



ထူးခြားဆန်းကြယ်သည့်
ပရလောကမှ

# အာဂန္တု
# ဦးပဉ္ဇင်း

ဏန္ဒြင်း

## [၁]

လွန်ခဲ့သော (၁၀)နှစ်ဝန်းကျင်က ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။ စာရေးသူတို့ဒေသတွင် သာသနာ့ဘောင်တွင်း ရှင်သာမဏေအဖြစ် သွတ်သွင်းကျင်းပသည့် ရှင်ပြုအလှူ မင်္ဂလာပွဲအခမ်းအနား သုံးမျိုး ရှိပါသည်။

ငွေကြေးချမ်းသာခြင်း၊ ချို့တဲ့ခြင်းနှင့် မသက်ဆိုင်ပါဘဲ ကိုယ်အားသန်ရာသန်ရာဖြင့် မဏ္ဍပ်ကြီးများ၊ ဆိုင်းဝိုင်းအငြိမ့်များနှင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပသည့်ပွဲကို**ရှင်ပြုမင်္ဂလာအလှူပွဲကြီး**ဟု သတ်မှတ်ကြသည်။

နီးစပ်ရာ ဆွေမျိုးသားချင်း အနည်းငယ်ဖြင့် အိုးစည်ဗုံမောင်းလေးတီးကာ ဘုရားကျောင်းကန် သွားရောက်ပြီး ဘုန်းတော်ကြီးရှေ့၌ ပရိက္ခရာရှစ်ပါး စုံညီစွာဖြင့် ဆံချ၍ ရှင်သာမဏေဘဝ သို့ ခံယူခြင်းကို ဒေသအခေါ် **(ရှင်ကြား) မင်္ဂလာပွဲ**ဟု ခေါ်ဆိုပြီး ဆွမ်းချိုင့်တစ်ချိုင့်နှင့် ဘုန်းတော်ကြီးကို ဆွမ်းကပ်၍ ဆံချပြီး သင်္ကန်းရုံခြင်းကို ဒေသအခေါ် **(ရှင်တိတ်)မင်္ဂလာ**ဟု ခေါ်ဆိုသမုတ်ကြသည်။

အမှန်မှာ မောင်ရှင်လောင်းဘဝ ဆင်ယင်ကျင်းပခြင်းကို တစ်ဆင့်ကျော်လိုက်ခြင်းသာ ဖြစ်ပါသည်။ ထိုရှင်ပြုပွဲ ဆင်ယင်ကျင်းပလေ့ရှိရာ အချိန်မှာ စာရေးသူတို့ဒေသ၌ အများအားဖြင့် နှစ်သစ်ကူးသည့် တန်ခူးလ သင်္ကြန်တွင်း၌သာ ပြုလုပ်လေ့ရှိသည်။

စာရေးသူ ဖော်ပြမည့်ဖြစ်ရပ်မှန်မှာ ကိုရင်ပညာဝံသဆိုသည့် သာမဏေတစ်ပါး၏ အမှန်တကယ် ကြုံတွေ့ခဲ့သောဇာတ်လမ်း ဖြစ်ပါသည်။

ရပ်စောက်မြို့နယ်၊ ကြာအင်းရွာနေ အဘ ဦးအေး၊ အမိဒေါ်ဆန်းတို့၏ သားကြီးဖြစ်ပြီး (ရှင်ကြား)မင်္ဂလာဖြင့် သာမဏေဘဝ ရောက်ခဲ့သူဖြစ်သည်။





www.burmeseclassic.com

ရှင်သာမဏေဘဝကို ရပ်စောက် မြို့နယ်နှင့် (၆)မိုင်ခန့်ကွာဝေးသည့် ငှက်ကြီးအန် တောင်တော်ပေါ်တွင် (၇)ရက်သီတင်းသုံးခဲ့ပြီး ဥပဇ္ဈာယ် ဆရာတော်မှာ သက်တော်(၇၀)ခန့်ရှိ ဦးပညာသီရိဖြစ်ပြီး နောက် လှက် ထောက်ဦးပဥ္စင်းတစ်ပါးမှာ ဦးပဥ္စင်းမိုး ဟု သိရပါသည်။



ကိုရင်ပညာဝံသ ရှင်သာမဏေဘဝ ဖြင့် (၃)ရက်မြောက်တွင် ကြုံတွေ့ခဲ့ရ ခြင်းဖြစ်ပြီး၊ ထို ထူးထူးဆန်းဆန်းဖြစ် ရပ်ဆန်းကို စာရေးသူ ကျွန်တော့်ကို ယခုလို ပြန်လည် ပြောပြခဲ့ပါသည်။

[၂]

'ကိုင်း…ဒီညတော့ ကိုရင်တို့ ဦးပဥ္စင်းမိုးဆီ ဘုရားဝတ်တက်ပြီးရင် စာပြန်ရမယ်၊ စာမရရင် ပေးမယ့်အပြစ် ကို သိတယ်နော်'

ဦးပဥ္စင်းထံမှ မိန့်ကြားသံကြားလိုက် တော့ ကိုရင်ပညာဝံသ အနည်းငယ် ထိတ်လန့်ခဲ့ရသည်။

စာမရလျှင် ပြုလုပ်ရမည့်ဒဏ်က ဘုန်းကြီးကျောင်းနှင့် တစ်မိုင်လောက် ဝေးသည့် ကြာအင်းရွာထိပ်ရေတွင်းမှ ဘုရားတောင်ပေါ်အရောက် ရေခပ် ဖြည့်ရမည့်အလုပ် ဖြစ်သည်။

တောင်ပေါ်မှအဆင်းကို ကလေး ပီပီမို့ ကိုရင်ပညာဝံသ မကြောက်။ သို့သော် အပြန်ခရီး အတက်ကြီးကို တော့ ကိုရင်တစ်ယောက် ကြောက် သည်။ အဘယ်ကြောင့်ဆိုသော် မတ် စောက်လွန်းသည့် ကျောက်တောင်ကြီး ဖြစ်နေ၍ ဖြစ်သည်။

ထို့ကြောင့် ကိုရင်ပညာဝံသ ဘုရား စာအုပ်လေးကိုင်ပြီး ကျောင်း၏ မြောက် ဘက်တွင်ရှိသည့် အုတ်စီထားသော ရေလှောင်ကန် အဟောင်းလေးဘက် ထွက်လာခဲ့သည်။ ရေလှောင်ကန် ဟောင်းပေါင်ပေါ် အသာတက်ထိုင်၍ ဦးပဥ္စင်းမိုး မိန့်ကြားထားသည် ရတန သုတ်တော်နှင့် မေတ္တသုတ်တော်ကြီး နှစ်ခုကို အလွတ်ကျက်မှတ် ရွတ်ဆိုရန် ပြင်လိုက်သည်။

လွန်ခဲ့သည့် သုံးရက်မှ စ,ကျက်လာ သည့် ရတနသုတ်ကို အတော်အတန် ကျေညက်နေပြီး မေတ္တသုတ်တော်၏ နောက်ဆုံးအပိုဒ်လောက်သာ အလွတ် ရွတ်ဆိုရန် ကျန်တော့သည်။

ရွတ်ဆိုခါနီးကျမှ ကိုရင်ပညာဝံသ တစ်ယောက် ဘေးပတ်ပတ်လည်ကို စောင်းငဲ့ကြည့်ဖြစ်သည်။ လဆုတ်ရက် မို့ ဝန်းကျင်တစ်ခုလုံး ခပ်မှောင်မှောင် ဖြစ်နေတာကို တွေ့ရသည်။ ရေလှောင် ကန်ဟောင်းနံဘေး ကိုရင့်အနောက် ဘက်မှာ ပိတ်လျက်သား ကုဋီဟောင်း တစ်လုံးကို တွေ့ရပြီး ကြီးမားလှသည့် ခြတောင်ပို့ကြီး ငုံထားသည်ကို တွေ့ လိုက်ရသည်။

ညာဘက်ဘေး၌ သူတော်စင်များ တရားထိုင်ခြင်း၊ အဓိဋ္ဌာန်ပြုကျင့်ခြင်း များ ကျင့်ကြံအားထုတ်၍ သင့်တော် သည့် သစ်ပင်ဝါးပင်ကြီးများက ည အမှောင်အောက်တွင် သရဲသဘက် ကြီးများအလား ထိတ်လန့်စရာ။ ကိုရင်တစ်ယောက် ကြက်သီးများ တောင် ထလာသလားဟု ထင်မိလိုက် သည်။

'အို…ဘာကို ကြောက်ရမှာလဲ၊ အခု ငါ ရွတ်မယ့် ရတနသုတ်ဆိုတာ ကပ်ကြီးသုံးပါး ကို ကျော်နင်းစေနိုင်တယ်လို့ ဆိုထားတယ်။ နောက်ပြီး စုန်း၊ တစ္ဆေ ကဝေယောဂ ဟူသမျှကိုလဲ နိုင်တယ်။

အကြောင်းအမျိုးမျိုးကြောင့် သင်းရဲ့အကျ ရောက်ရင်တို့ အချုပ်ထောင်နှောင်အိမ် အဲဒါတွေမှာ ကျရင်လဲ အမြန်လွတ်စေတယ် နတ်ကောင်းနတ်မြတ်တို့ရဲ့ စောင့်ရှောက်ကြည့်ရှု ခြင်းကိုလဲ ခံရစေတယ်လို့ ဆရာတော်ဘုရား မိန့်ထားတာရှိတယ်။ ဘာကြောက်စရာရှိလဲ'

ဆိုပြီး ဘုရားကို အာရုံပြု၍ ရပြီးသား ရတနသုတ်တော်ကို ဌာန်ကရိုဏ်း ကျကျ ပြန်လည် ရွတ်ဆိုရန် ပြင်ဆင် လိုက်သည်။

[၃]

'ဒီပင်္ကရာ ထွတ်ချာသေဠ်နှင်း တရားမင်း၏ ခြေရင်းတော်၌ ဘုရားဆု ကို တောင်းသည့်ကာလမှ အစပြု၍ မြတ်စွာဘုရား ဖြည့်ဆည်းပူးခဲ့သော ပါရမီ(၁၀)ပါး၊ ဥပပါရမီ(၁၀)၊ ပရမတ္ထ ပါရမီ(၁၀)ပါးအားဖြင့် အမျှ(၃၀)သော ပါရမီတို့ကို လည်းကောင်း၊ စွန့်ခြင်းကြီး ငါးပါးတို့ကို လည်းကောင်း၊ လောက၏ အကျိုးစီးပွား အလို့ငှာကျင့်ခြင်း ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွား အလို့ငှာ ကျင့်ခြင်း၊ ဘုရားဖြစ်ခြင်း အကျိုးငှာကျင့်ခြင်းဟူသော စရိယ သုံးပါးတို့ကို လည်းကောင်း…

နောက်ဆုံးဘဝ၌ အမိဝမ်းတွင် ပဋိသန္ဓေယူတော်မူခြင်း၊ ဖွားမြင်ခြင်း မြတ်သော တောထွက်ခြင်း၊ ပြင်းစွာ သော လုံ့လဖြင့် ကမ္မဋ္ဌာန်းအကျင့်ကို ကျင့်ခြင်း၊ ဗောဓိပလ္လင်၌ မာရ်ငါးပါးကို

www.burmeseclassic.com



အောင်မြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ရရှိခြင်း၊ ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားခြင်းနှင့် ကိုးပါးသော လောကုတ္တရာတရားတို့ကို လည်းကောင်း...

ဤသို့လျှင် မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်အားလုံးတို့ကို လည်းကောင်း။ စိတ်ဖြင့် ဆင်ခြင်၍ ဝေသာလီပြည်၏ မြို့တံတိုင်းသုံးထပ်တို့၏အကြားတို့၌ ညဉ့်သုံးယံကာလပတ်လုံး ပရိတ်ရွတ်ဖတ် အရံအတားပြုခဲ့သော အရှင်အာနန္ဒာမထေရ်မြတ်ကဲ့သို့ (သတ္တဝါတို့အပေါ်) သနားကရုဏာစိတ်ထားလျက် ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ကြပါကုန်စို့'

**"ပဏိဓာနတော ပဋ္ဌာယ၊ တထာဂတဿ ဒသ,ပါရမိယော၊ ဒသ ဥပ,ပါရမိယော"** အစရှိသည့် ရတနသုတ်ကို စတင် ရွတ်ဆိုလိုက်သည်။

ရတနသုတ်တော်ကို ရွတ်ဆိုအပြီး ကိုရင် ဗိုက်ထပ်အောင့်လာသဖြင့် သတိထားကြည့်မိတော့မှ ဝမ်းထဲ၌ အလွန် ဆာလောင်မွတ်သိပ်နေမှန်း သိလိုက်ရသည်။ နေ့ခင်း ဆွမ်းဘုဉ်းပေးချိန်မှာ ခံတွင်းသိပ် မကောင်းသည့်အတွက် ဘုဉ်းပေး၍ အဆင်မပြေခဲ့ပါ။

ညနေစောင်းပြန်တော့ ဦးပဉ္ဇင်းမိုးနှင့်အတူ ကျောင်းအနောက်ဘက်ညောင်ကြတ်ပင်အောက်မှ ထင်းပုံကြီးကို ငါးမန်းလွှဖြင့် ပိုင်းဖြတ်ခဲ့သည့်အချိန်နှင့် ဆာလောင်မှုက ကြာလေပိုပိုတိုးလေ ဖြစ်လာသည်။ ညဉ့်ကလည်း နက်သထက် နက်လာပြီး မေတ္တသုတ်တစ်ပိုဒ်ကလည်း ကျန်သေးသည်။

အရင် အခုလိုအချိန်ဆို သာမဏေယ်တွေမို့ ဘဘုန်းက ထန်းလျက်ခဲနှင့် လက်ဖက်သုပ် သုံးခွင့်ပြုနေကြ။ ယခု ကိုရင်ပညာဝံသက ဤသုတ်တော်တွေ မရရလျှင် ကျောင်းသင်္ခမ်း မပြန်ဘူး ဆိုသည့်စိတ်နှင့် ည(၇)နာရီလောက်ကတည်းက ထွက်လာခဲ့ခြင်းဖြစ်သည်။ ယခု ကိုးနာရီခွဲတော့မည်။

ယခုအချိန် ဘဘုန်းချပေးသည့် သရေစာများလည်း အခြားကိုရင်များ သုံး၍ ကုန်လောက်ပြီ။ အခုမှသွားလည်း ဘာမှကျန်တော့မည် မဟုတ်။ ညဆယ်နာရီ ဘုရားဝတ် မတက်မီ စာအလွတ်ပြန်ရမည်မို့ ကိုရင်ပညာဝံသ စိတ်တိုးတိုးချ လိုက်သည်။ **"ဒီစာမရ ငါမပြန်"**ဟု။

ဗိုက်ထဲမှ ဆာလောင်သည်ကို မေ့ပျောက်ထားပြီး ကိုရင်ပညာဝံသ ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ ကောင်းကင်၌ လက သာလိုက်၊ မ,သာလိုက် ဖြစ်နေသည်။ တိမ်မည်းများက လကို ဖုံးအုပ်ရန် ကြိုးစားနေသည်။

တောင်ပေါ်တွင် ဖြစ်နေသည်မို့ ညဉ့်နက်လေ လေက ကြမ်းလေ ဖြစ်လာသည်။ ပတ်ဝန်းကျင်ကို ခေတ္တခဏ မေ့ထားလိုက်ပြီး ဘုရားစာအုပ်ပေါ် ပါလာသည့် ဓာတ်မီးငယ်ဖြင့် ထိုးလိုက်ကာ မေတ္တသုတ်တော်ကြီးကို စတင်၍ အလွတ်ရရန် ရွတ်ဖတ်လိုက်ပြန်သည်။

'ယဿာနုဘာဝတော ယက္ခာ နေဝ ဒဿေန္တိ ဘီသနံ၊ ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော'

အစရှိသည့် အချုပ်အားဖြင့်လည်း ရန်ကင်းသည်၊ သူတစ်ပါး မကောင်း မကြံနိုင်၊ ဘဝအခြေအနေ ကြီးပွားတိုးတက်စေသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်သည်ပင် မဂ်လာရှိသော မိမိ၏ စိတ်သန္တာန်မှာ ပေါ်လာနိုင်ပေသည်ဟူသည့် အမွှမ်းအတိုင်း ဌာန်ကာသိုဏ်းကျကျ ရွတ်ဆိုလိုက်ပါသည်။

'ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလ,ဝါ ဒဿနေန သမ္ပန္နော၊ ကာမေသု ဝိနေယ ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ'

**'မေတ္တသုတ္တံ နိဋ္ဌိတံ'**

ဟု ကိုရင်ပညာဝံသတစ်ပါး ဖွဲ့ရှိရှိဖြင့် အရကျက် အဆုံးသတ်လိုက်လေသည်။

စာအလွတ်ရပြီး စိတ်လက်ကြည်လင်ပေါ့ပါး လန်းဆန်းသွားသည့် ကိုရင်ပညာဝံသမှာ ဇောစိတ်အဟုန်ကို လျှော့ချလိုက်သည်နှင့် ဝမ်းမီး၏ ဆာလောင်တောက်မှုဘက် အာရုံပြန်ရောက်သွားပါသည်။

ထိုစဉ်မှာပင် ကိုရင်၏ အနောက်ဘက် ကုဋီ၏နံဘေး မလှမ်းမကမ်း၌ ပန်းကန်ပြားတစ်ချပ် လက်မှာ ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လျက် ဦးပဉ္စင်းတစ်ပါးအား လရောင်ကို ကျောပေးလျက် အနေအထားနှင့် တွေ့လိုက်ရသည်။ မထင်မှတ်ဘဲ တွေ့လိုက်တော့ ကိုရင်ပညာဝံသ ထိတ်လန့်သွားသည်။ ပထမ ဦးပဉ္စင်းမိုးဟုပင် ထင်လိုက်သည်။

ကိုရင် ဆာလောက်ပြီ အထင်နှင့် ရောက်လာပြီး တစ်ခုခုစားသုံးရန် လာပေးသည်ဟုသာ အထင်ရှိသည်။ အနီးနားရောက်မှ ဦးပဉ္စင်းမိုး မဟုတ်။ ဘယ်က ဘယ်လို ရောက်လာမှန်း မသိသည့် အာဂန္တုရဟန်းတစ်ပါး ဖြစ်နေသည်ကို ကိုရင်ပညာဝံသ သိလိုက်ရသည်။

အရှေ့ဘက် အာဂန္တုများ လာတည်းခိုတတ်သည့် ကျောင်းဆောင်မှ ရဟန်းတစ်ပါးဖြစ်မည်ဟုသာ တွေးလိုက်ပြီး လက်ကမ်းပေးလာသည့် ပန်းကန်ပြားကို တရိုတသေ ခံယူကာ ဓားဖြင့် အစိတ်စိတ် ခွဲခြမ်းထားသော ပန်းသီးလိုလို၊ ပန်းသစ်တော်သီးလိုလို ကဲ့သို့ ချိုအီမွှေးနေသည့် သစ်သီးစိတ်များကို အားပါးတရ စားသုံးလိုက်သည်။

သုံးနေစဉ်မှာပင်...

'ကိုရင်... တော်တော်ဗိုက်ဆာနေတာကောင်းတယ်၊ ဒါကြောင့် တယ့်တော် အခုလို လာပြီး ချီးမြှောက်တာပါ'

ဆိုသည့်အသံကို ကြားလိုက်ရသည်။ ကိုရင်ပညာဝံသတစ်ယောက် ခေါင်းပင် မဖော်အား။

'ကျေးဇူးကြီးလှပါတယ် ဘုရား'

ဟု ပြန်လျှောက်ရင်း သစ်သီးစားသုံးမပျက်ခဲ့၊ ပန်းကန်တစ်ချပ်လုံး ကုန်ပြီဆိုမှ ပြန်မော့ကြည့်လိုက်တော့ စောစောမှကိုယ်တော် ကုဋီတံခါးကို ဆွဲဖွင့်၍ အတွင်းဝင်သွားသည်ကို ကိုရင်ပညာဝံသ တွေ့လိုက်သည်။

ခေတ္တခဏ စောင့်ဆိုင်းနေသော်လည်း ထွက်မလာသေးသောကြောင့် စာပြန်ရန် ရှိနေသေးသဖြင့် ကိုရင်ပညာဝံသ ကျောင်းသခ်မ်းဆီ ပြန်တက်လာပြီး စောင့်ဆိုင်းနေသည့် ဦးပဉ္စင်းမိုးထံ စာပြန်ကာ ကျိန်းစက်ရန် အိပ်ရာသို့ ဝင်ခဲ့ပါတော့သည်။

[၄]

မနက် အရုဏ်ဆွမ်းကပ်ချိန်ရောက်လို့ ဆွမ်းပွဲပြင်မှ ကိုရင်ပညာဝံသ သတိထားမိလာသည်။ ကျောင်းထိုင်ဆရာတော်ကြီးအတွက် အရုဏ်ဆွမ်းကို သူ၏ ကျောင်းသခ်မ်းလေးဆီ ပို့ဆောင်ပေးရပါသည်။ ဆွမ်းစားဆောင်ပေါ်မှ ကိုရင်သာမဏေတို့၏ နံဘေး စားပွဲဝိုင်းတစ်ခုတွင် ဆွမ်းတစ်ပါးစာ သာပြင်ထားကြောင်း ကိုရင်ပညာဝံသ တွေ့လိုက်ရသည်။ အမှန်မှာ နှစ်ပါးစာ ပြင်ထားရမည်ဖြစ်သည်။

အာဂန္တုအတွက်ဆိုလျှင် ဦးပဉ္စင်းမိုး အတွက် ဘာလို့မပြင်လည်းဟု တွေးနေမိသည်။ ဦးပဉ္စင်းမိုး နေထိုင်မကောင်းဖြစ်တာ မကြားမိ၊ မနေ့ညကလည်း ကိုရင် စာပြန်တော့ အကောင်း။ အခု မနက်၌လည်း ဆွမ်းချက်ဆောင်မှာ စီမံခန့်ခွဲနေသည်ကို မြင်နေရသည်။ ဆွမ်းကန်တော့ပြီး ဆွမ်းဘုဉ်းပေးတော့မှ တစ်ဖက်စားပွဲတွင် ဦးပဉ္စင်းမိုး ဝင်ထိုင်သည်ကို မြင်လိုက်သည်။ ကိုရင်ပညာဝံသ မနေနိုင်သဖြင့် ဦးပဉ္စင်းမိုးအား...

'ဦးပဉ္စင်းမိုး... မနေ့က လာတည်းတဲ့ အာဂန္တုဘုန်းကြီးကော ဘုရား။ သူ ဆွမ်းမသုံးဘူးလား'

ဟု လှမ်း၍ မေးလျှောက်လိုက်သည်။

ဦးပဉ္စင်းမိုးမှ မျက်မှောင်ကြုတ်ကာ...

'ဘယ်ကိုယ်တော်လဲ ကိုရင်၊ ဒီကနေ့အထိ တို့တောင်ပေါ်ကို ဘယ်အာဂန္တုကိုယ်တော်မှ လာမတည်းဘူး'

ဆိုသည့်အဖြေကို ကိုရင်ပညာဝံသ ကြားလိုက်တော့ အံ့အားသင့်စွာဖြင့် ဦးပဉ္စင်းမိုး အနားရောက်သွားကာ မနေ့ညက ဖြစ်ကြောင်းကုန်စင်ကို လျှောက်တင်လိုက်ပါတော့သည်။

'ဟေ...အဲဒါဆို တော်တော်ထူးဆန်းတာပဲ ကိုရင်၊ ကိုရင်ကြုံတွေ့ခဲ့ရတာတွေက ယုံနိုင်စရာပဲ။ ကဲ...လာ...လာ ဦးပဉ္စင်းတို့ အဲဒီ ကုဋီနား သွားကြည့်ရအောင်'

ဆိုပြီး ရေလှောင်အုတ်ကန်ဟောင်း နံဘေးမှ ခြံတောင်ပို့ကြီးတက်နေသော ကုဋီအဟောင်းနား ရောက်ခဲ့ကြသည်။

သေချာကြည့်လိုက်တော့မှ ပိတ်ထားသည့် ကုဋီတံခါးသည် မည်သို့မှ ဖွင့်မရသည့် အနေအထားဖြစ်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြရသည်။ ပတ္တာများမှာ သံချေး အထပ်ထပ် ကိုက်နေသည်။ ခြတောင်ပို့ကြီးမှာလည်း သံတူးရွင်းဖြင့်တူးလျှင် အချိန်အတော်ကြာ တူးရမည့် တောင်ပို့ကြီးဖြစ်ပြီး ခြတောင်ပို့နှင့် လွတ်နေသည့် တံခါးအပေါ်ပိုင်းကနေ ဆွဲဖွင့်ကြည့်ရာ မည်သို့မျှ ဖွင့်လို့မရ။တံခါးရွက်၏ သုံးပုံပုံ နှစ်ပုံခန့် ငုံထားသည့် ခြတောင်ပို့မှာ အင်္ဂတေကိုင်ထားသကဲ့သို့ မြဲမြံခိုင်မာလှသည်။

မရမက ဆွဲလျှင်တော့ ကုဋီတစ်ခုလုံး ပြိုလဲသွားမည်သာ ဖြစ်သည်။ ကုဋီတံခါးကိုတော့ မည်သို့မှ အလွယ်တကူ ဖြင့် ဖွင့်မရနိုင်။ အခြေအနေကို သုံးသပ်ကြပြီး ကျောင်းထိုင်ဆရာတော်ကြီးထံ သွားရောက် လျှောက်တင်ကြပါသည်။ ထိုအခါ ဆရာတော်ကြီးမှ ယခုလို မိန့်မှာကြားပါသည်။

'ဘုန်းကြီး ဒီကျောင်းမှာ သီတင်းသုံးလာတာ (၁၇)နှစ်ဝါရှိပြီ။ ဘယ်ကိုယ်တော်မှ ပျံလွန်တော်မူခဲ့တယ်ဆိုတာလဲ မရှိဘူး။ ကြားလဲ မကြားဖူးဘူး။ အခုအဖြစ်အပျက်က ကိုရင်ပညာဝံသနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ကိစ္စဖြစ်နေတယ်။ ကိုရင်ပညာဝံသက ရတနသုတ်နဲ့ မေတ္တသုတ်ကို ဌာန်ကရိုဏ်းကျကျနဲ့ မြတ်စွာဘုရားရှင်ကို အာရုံပြုပြီး ဆာလောင်တာကို မေ့ပျောက်လို့ အဓိဋ္ဌာန်နဲ့ ကျက်မှတ်ရွတ်ဆိုနေတော့ တောစောင့်နတ်တောင်စောင့်နတ်တွေက မနေနိုင်ကြတော့ဘူးလေ။ အဲဒီမှာ ကိုရင့်ကို လာပြီး ကြည့်ရှုစောင်မသွားကြတာနေမှာ ပေါ့ကွယ်'

ဟု မိန့်ကြားခဲ့ပါသည်။


ကိုရင်ပညာဝံသ၏ ထူးထူးဆန်းဆန်း ဖြစ်ရပ်မှန်ကို သိပြီးနောက် ဆရာတော်ကြီး မိန့်ဆိုခဲ့သည့်အတိုင်း...

'ဘုရားရှင်မွေစက်၊ မိန့်မြွက်သည့်ဒေသနာ၊ မေတ္တသုတ်ဂါထာတော်ကို အခါခါရွတ်ပွားကြမှု၊ နတ်အများချစ်ခင်၊ ချမ်းသာကြောင်းအစဉ်ကို၊ စိတ်ဘဝင်မှတ်သား။ အလေးမြတ်ထားလျက်၊ သူတော်စင် မိတ်အများက၊ မေတ္တသုတ်ပရိတ်တရားကို၊ ရွတ်ပွားသရဇ္ဈာယ် ပူဇော်ကြပါကုန်လော့'

ဟု အစွမ်းထက်လှသော ရတနသုတ်တော်ကြီးနှင့် မေတ္တသုတ်တော်ကြီးများ၏ တန်ခိုးအာနုဘော်ကို စာရေးသူကျွန်တော်နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးများအားလုံး အတူတကွ ရွတ်ဖတ်ပူဇော်ကြစေလိုသော ဆန္ဒမွန်ဖြင့် လေးစားစွာ ရေးသား တင်ပြလိုက်ရပါသည်။

**[ကိုယ်တွေ့ကြုံခဲ့သည့် ဦးဖြိုးဝဏ္ဏကျော်(ပညာဝံသ)မှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံတကာ အန်ဂျီအိုတစ်ခု၌ ရပ်စောက်မြို့နယ် တာဝန်ခံအနေဖြင့် အလုပ်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်လျက်ရှိနေပါကြောင်း။]**

တနိုင်းခ



# ကျွဲနွား

## ပခုံးပေါက်ခြင်းအတွက် ကြက်ဆူဆီနှင့် ဝက်ဆူဆီ

ကျွဲ,နွားများ ပခုံးပေါက်အနာ ဖြစ်ခြင်းမှာ ပခုံးပေါ်တင်သော ထမ်းပိုးတုံး အဆင်မပြေ၍သော်လည်းကောင်း၊ ဘယ်အတိုင်းညာအလှည့်ဆိုသည့်အတိုင်း ဘယ်ဘက်မှနွားနှင့် ညာဘက်မှနွား ဘက်မညီလျှင်သော် လည်းကောင်း အများအားဖြင့် ပခုံးပေါက် အနာဖြစ်ပြီး လုပ်ငန်းခွင်မတွင်ကျယ်ဘဲ များစွာ အနှောင့်အယှက်ဖြစ်ရပါသည်။

ကျွဲ,နွား ပခုံးပေါက်ခြင်းအတွက် ကြက်ဆူဆီနှင့် ဝက်ဆူဆီသည် အလွန် အစွမ်းထက်သောဆေးဖက်ဝင်အဆီများဖြစ်ပါသည်။

**ကြက်ဆူဆီ ဆိုသည်မှာ** ကြက်ဆူပင်မှ ရရှိသော အဆီမဟုတ်ပါ။ **ကြက်သတ္တဝါ၏ ဝမ်းတွင်းအဆူမှ ရရှိသော အဆီစစ်စစ် ဖြစ်ပါသည်။**

ထို့အတူ **ဝက်ဆူဆီ ဆိုသည်မှာ**လည်း **ဝက်၏ ဝမ်းတွင်း အဆူမှ ရရှိသော အဆီစစ်စစ်** ဖြစ်ပါသည်။

လေး,ငါးနှစ်အရွယ်ရှင့် သားပေါက် ကြက်မကြီးများနှင့် သုံး,လေး နှစ်အရွယ် အရိုးရင့် အသားစားဝက်များ၏ ဝမ်းတွင်းတွင် **အဆူပြင် (ဝါ) အဆီပြင်** အတုံးအခဲများ ရရှိနိုင်ပါသည်။

ယင်းအဆူဆီပြင်တို့ကို သံဒယ်အိုးထဲ ထည့်ပြီး မီးဖြင့် အပူပေးချက်လျှင် အရည်ပျော်သွားပြီး ကြက်ဆူဆီစစ်စစ်၊ ဝက်ဆူဆီစစ်စစ်များ ရရှိပြီး အအေးခံ၍ ပုလင်းတွင် ဆောင်ယူထားနိုင်ပါသည်။ မည်မျှကြာသည်ဖြစ်စေ အာနိသင်ပြယ်မသွားပါ။ လက်တွေ့သုံးပြီး ဖြစ်ပါသည်။

ကြက်သားသည့် ဆင်များ၏ ပေါက်ချွန်းဒဏ်ရာကို သိပ်လျှင်ပင် ချက်ချင်းပြန်စေ့ပြီး ပျောက်ကင်းနိုင်စွမ်းပါသည်။ နွားပခုံးပေါက်အနာဒဏ်ရာကိုလည်းကြက်ဆူဆီဖြင့်လိမ်းပေးလိုက်လျှင် အမြန်ပျောက်ကင်းစေပါသည်။

ထို့အတူ ဝက်ဆီ,ဝက်အဆီပြင်သည် မြွေပေါက်သည်ပင်လျှင် မြွေဆိပ် မတိုးနိုင် မပျံ့နိုင်ပါ။ နွားပခုံးပေါက်ကို ဝက်ဆူဆီဖြင့် လိမ်းပေးလျှင် လက်တွေ့ အမြန်ပျောက်ပါသည်။

ကျွဲ,နွားနှင့် မကင်းနိုင်သော မြန်မာ့လယ်ယာမြေမှ တောင်သူဦးကြီးများ ကြက်ဆူဆီ၊ ဝက်ဆူဆီများ ပြုလုပ် ဆောင်ထား အသုံးပြုနိုင်ရန် လက်တွေ့သုံးပြီးဖြစ်၍ တင်ပြရေးသားအပ်ပါသည်။

*တိုးတက် ကြီးပွားကြပါစေ။*

နတ်မောက် မျိုးနော်



www.burmeseclassic.com

www.burmeseclassic.com

ပရလောကသားရဲ့

# ရောင်ပြန်မေတ္တာ

နတ်မြောက်
လှမြင့် သစ်



သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူသည့် လောက သုံးပါးတွင် မေတ္တာစိတ်၊ မေတ္တာလှိုင်း၊ မေတ္တာလက်နက်သည် အသိမ်မွေ့ဆုံး၊ အနူးညံ့ဆုံး၊ အစွမ်းအထက်ဆုံး ဖြစ်သည်ကို လူတိုင်း လူတိုင်း ဘာသာတရားတိုင်းက လက်ခံယုံကြည်ပြီး ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ အောင်ခြင်း ရှစ်ပါးသည် အထင်ရှားဆုံး သိသာမြင်သာ နားလည်စွာ လက်ခံရမည့် သာဓကပင် ဖြစ်ပါသည်။

မေတ္တာစိတ်သည် လူသားအချင်းချင်း မဆိုထားနှင့် နာနာဘာဝ ပရလောကသားကပင် လက်ခံကူညီသည့် ဖြစ်ရပ်မှန်ကို ကျွန်ုပ် တင်ပြပါသည်။ ဖြစ်ရပ်မှန်မှာ ဤသို့တည်း။

(၂-၂-၂၀၀၄)နေ့ နံနက်(၉)နာရီခန့်တွင် ကျွန်ုပ်နှင့် တစ်ရပ်ကွက်တည်းနေ အငြိမ်းစား ကျောင်းဆရာမကြီး ဒေါ်စိုးသိန်း ကျွန်ုပ်အိမ်သို့ ရောက်လာပါသည်။

'မောင်ကျော်စွာထက် ရှိသေးလားဟေ့ ဆရာမ လာချင်လို့'

ကျွန်ုပ် အိမ်ရှေ့ ထွက်လိုက်သော အခါ ဆရာမကြီးကို တွေ့ပါသည်။

'ဩော် ဆရာမကြီး ကြွပါခင်ဗျာ အိမ်ထဲဝင်ပါ။ ထိုင်ပါခင်ဗျ။ သားကြီးက ရွာသွားတယ်ခင်ဗျ။ သူ့အဘိုး နေမကောင်းလို့ သူ့အမေနဲ့ ရွာကို မနေ့ကပဲ သွားကြတယ်။ ဒီနေ့ညနေတော့ ပြန်ရောက်မှာပါ'

'ကိုလှမြင့်နဲ့ စကားပြောရအောင် လာခဲ့တာပါ။ ကိုယ့်တပည့်ဆိုတော့ တပည့်နာမည်ပဲ လှမ်းခေါ်လိုက်တာ။ ကိုလှမြင့်ရေးနေတဲ့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်းတွေ ဆရာမ ဖတ်ရတယ်။ အဲဒါ ဆရာမ သမီး ဂျိုကာရဲ့ အတွေ့အကြုံ ဖြစ်ရပ်မှန်လေး ပြောပြချင်လို့ ကိုလှမြင့်စာရေးဖို့ ကုန်ကြမ်းပေါ့။ ရေးလို့ရရင်လဲ ရေးပေါ့'

'ဟုတ်ကဲ့ ဆရာမကြီး ပြောပြပါ'

ဤသို့ဖြင့် ဆရာမကြီး ဒေါ်စိုးသိန်းမှ သူ၏သမီး မဂျိုကာ(အမည်ရင်း မဟုတ်ပါ။ နေအိမ်တွင် ငယ်စဉ်က ချစ်စနိုးခေါ်ရာမှ တွင်နေသော ငယ်နာမည် ဖြစ်ပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အမည်ရင်း မသိဘဲ ဂျိုကာဟုသာ သိပါသည်။)၏ အတွေ့အကြုံ ဖြစ်ရပ်မှန်ကို ပြောပြသဖြင့် စာစီပြု ရေးခြယ်တင်ပြလိုက်ပါသည်။

* * *

မဂျိုကာ၏ ခင်ပွန်းမှာ (...)ဌာနမှ အရာရှိတစ်ဦးဖြစ်ပြီး မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် တာဝန်ထမ်းဆောင်ရာ မိသားစု အရာရှိဝန်ထမ်း နေအိမ်တွင် နေထိုင်ရပါသည်။ ရေမီး အစုံအလင် ပြည့်စုံသော်လည်း နေအိမ်၏ မြောက်ဘက် ဝါးတစ်ရိုက် နှစ်ရိုက် အကွာတွင် သင်္ချိုင်းမြေ ရှိပါသည်။

အရာရှိဝန်ထမ်း နေအိမ်များနှင့် သင်္ချိုင်းမြေမှာ ကြားထဲတွင် တစ်တော သာသာမြင့်သော ကုန်းမို့မို့ ကုန်းတန်း ရှည်လေးသာ စည်းခြားနေပါသည်။

ထိုဝန်ထမ်းနေအိမ်တွင် နေထိုင်သည့် မိသားစုတိုင်း အခြောက်အလှန့်

www.burmeseclassic.com

ခံရသည်ဟု နာမည်တွင်ခဲ့သည်။

ကြောက်အောင် လန့်အောင် သေားဥပဒ်ဖြစ်အောင် အထိတော့ မဟုတ်ပေ။ သူတို့ရှိကြောင်း သိရုံမျှ ပြသ ခြောက်လှန့်ခြင်းပင်။

မဂျီကာ၏ ခင်ပွန်းဖြစ်သူ အရာရှိမှာ တစ်ခါတစ်ရံ ညဂျူတီကျရာ နေအိမ်တွင် မဂျီကာ တစ်ယောက်တည်းသာ အိပ်ရင်းဂ ျှန်ရစ်ရသည်။

မဂျီကာမှာ ဘုရား၊ တရား၊ သံဃာ၊ အနန္တောအနန္တငါးပါးကို နေ့စဉ် ရှိခိုးဝတ်ပြုပူဇော်ပြီး အိပ်စက်သူဖြစ်သည်။ ဘုရားဝေယျာဝစ္စ ရေချမ်း၊ ပန်း၊ ဆွမ်း၊ ဆီမီးများလည်း မပြတ်ပူဇော်သည်။

ညစဉ် အိပ်စက်သည့် အခါတိုင်းလည်း မအိပ်မီတွင် ရှိခိုးဝတ်ပြုပြီး သတ္တဝါအနန္တကို လေးနက်စွာ မေတ္တာပို့ အမျှဝေပြီးမှ အိပ်သည်။ ကောင်းစွာ အိပ်စက်နိုင်ပြီး ကောင်းစွာနိုးထနိုင်သည်။

ပတ်ဝန်းကျင် အခြားသော နေအိမ်များမှာ မဂျီကာတစ်ယောက်တည်း အိပ်စက်ရဲသည်ကို လည်းကောင်း၊ မည်သည့်အခြောက်အလှန့်မှ မတွေ့ရသည်ကို လည်းကောင်း သိကြရာ များစွာ အံ့သြဘနန်း ဖြစ်ခဲ့ကြသည်။

တစ်ညတွင်...

မဂျီကာမှာ အနည်းငယ်ဖျားပြီး နေထိုင်မကောင်း ဖြစ်နေသည်။ ခင်ပွန်းဖြစ်သူမှာလည်း ညဂျူတီ ကျနေသဖြင့် တစ်ယောက်တည်း ခုတင်ပေါ်တွင် မှေးအိပ်နေသည်။

ညဉ့်ဆယ့်တစ်နာရီခန့်တွင် အိမ်ပေါ်သို့ တက်လာသည့် ခြေသံ ကြားသဖြင့် မျက်စိကို အနည်းငယ် ဖွင့်ထားပြီး အဖျားဒဏ်ကို ခံစားရင်း အိပ်နေရာမှ ကြည့်မိသည်။

ခြေသံသည် လှေကားမှ တစ်ဆင့်



အိမ်ပေါ်ထိ ရောက်လာသည်။ ထို့နောက် မဂျီကာ၏ ခုတင်အနီးထိ ခြေသံ ရောက်လာသည်။

မဂျီကာမှာ ကြောက်ရွံ့စိတ် လုံးဝမရှိ။ သူ့ရင်ထဲမှာ ဘုရား၊ တရား၊ သံဃာ အနန္တငါးပါးသာ ရှိနေသည်။

တစ်ကိုယ်လုံးမှာလည်း မေတ္တာဓာတ်တွေ လွှမ်းခြုံနေသည်။ သတ္တဝါအနန္တ ကျန်းမာချမ်းသာလန်းဖြာပါစေကြောင်း စိတ်မှ အလျဉ်မပြတ် မေတ္တာပို့လျက်ရှိသည်။ ခုတင်အနီး ခြေသံရပ်သွားသဖြင့် သတိဖြင့်ကြည့်လိုက်ရာ...

ခြေထောက်ကြီးတစ်စုံ ခြေဖဝါးမှ ဒူးခေါင်းအထိ အတိုင်းသား မြင်ရပြီး အမွေးကြမ်းကြီးများ ဖုံးအုပ်နေသည်။ ဒူးခေါင်းအထက်ကိုမူ မမြင်ရ။ သာမန်လူတို့၏ ခြေထောက်ထက် လေး,ငါးဆ ကြီးသည်။

ခြေဖဝါးဘေးနှစ်ဖက်နှင့် ခြေဖနောင့်တို့တွင် ရွှံ့ဗွက်အနှစ်များ ပေကျံနေသည်။ မဂျီကာ၏ ခုတင်နံဘေးတွင် ခြေစုံချရပ်နေသည်ကို အတိုင်းသား အရှင်းသား မြင်နေရသည်။

မဂျီကာ မကြောက်ပါ။ မေတ္တာသာ ပို့လွှတ်နေသည်။ လေး,ငါးမိနစ်ခန့် ရပ်နေပြီး ခြေထောက်ကြီးအစုံသည် နောက်သို့ လှည့်သွားပြီး တစ်လှမ်းချင်း ပြန်ထွက်သွားသည်။

အိပ်ခန်းထဲမှ အိမ်ရှေ့ခန်း... ထိုမှ လှေကားအတိုင်း ဆင်းသွားပြန်သွားသည့် ခြေသံကို ထင်ရှားသိသာ ကြားရသည်။ ဖျားနေသော အဖျားအရှိန်နှင့် ဆက်မှိန်းပြီး အိပ်လိုက်ရာ မိုးစင်စင်လင်းခဲ့လေသည်။

နောက်တစ်နေ့ညတွင် မဂျီကာမှာ ပိုမို၍ အဖျားရှိန်တက်နေသည်။ ဖျားသော်လည်း ပြုမြဲ ဘုရားဝတ်ပြုခြင်း၊ မေတ္တာပို့အမျှဝေခြင်းပြုပြီး ခုတင် အိပ်ရာပေါ် ပက်လက်အိပ်နေသည်။

မအိပ်မီ ကက်စက်တွင် ပရိတ်တရားခွေ ထည့်ဖွင့်ပြီး အိပ်ခဲ့သည်။ မေတ္တာပို့ တရားမှတ်ရင်း ပရိတ်တရား နာယူကြားနာရင်း အိပ်စက်ပျော်သွားခဲ့သည်။

မည်သည့်အချိန်တွင် ပရိတ်တရားခွေ ပြီးသွားပြီး ကက်စက်မှ အော်တိုမစ်တစ် အလိုအလျောက် ပိတ်သွားသည်မသိ။

မဂျီကာက နိုးပြီး သတိဝင်လာသည့် အချိန်တွင် လှေကားမှ တက်လာသည့်ခြေသံ၊ အိမ်ရှေ့ခန်းဖြတ်လျှောက်လာသည့်အသံ၊ ထို့နောက် အိပ်ခန်းထဲဝင်လာပြီး သူ၏ ခုတင်ဘေးတင် ခြေသံရပ်သွားပြီး ခြေစုံရပ်နေသည့် ခြေထောက်ကြီးတစ်စုံကို မြင်တွေ့ရလေသည်။

ယမန်နေ့ညက တွေ့မြင်ရသည့် ခြေထောက်ကြီးတစ်စုံပင် ဖြစ်နေသည်ကို ရှင်းလင်းစွာ တွေ့မြင်ရသည်။ လမ်းတွင် ရွှံ့ညွန်ဗွက်တွေ ဖြတ်နင်းလာရဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်ကြီးတွင် ရွံ့ညွန်မည်းမည်းအနစ်များ ပေကျံလျက်။ ဒူးခေါင်းထက်ပိုင်းမှာမူ မည်းမည်းအရိပ်မျှသာ မြင်ရပြီး အကောင်ထည် ရုပ်ကို မမြင်ရ။

သုံး,လေးမိနစ်ခန့် ခုတင်ဘေးတွင် ရပ်နေပြီး **"မကြောက်နဲ့နော်၊ မကြောက်နဲ့ ဘာမှ မကြောက်နဲ့"**ဟု အသံသြသြ ဝါဝါကြီး ကြားရပြီး ခြေထောက်အစုံကြီးမှာ နောက်ပြန်လှည့်ကာ ထွက်သွားလေသည်။

အိပ်ခန်းထဲမှ အိမ်ရှေ့ခန်း ထိုမှ လှေကားအတိုင်း တစ်လှမ်းချင်း ဆင်း၍ ပြန်သွားသည့် ခြေသံကို အပီအပြင် ကြားလိုက်ရလေသည်။ မဂျိုကာလည်း မေတ္တာပို့အိပ်ရင်း တစ်ညတာ ကုန်လွန်ကာ မိုးလင်းခဲ့ပြန်လေသည်။

တတိယညတွင် မဂျိုကာမှာ နေ့လယ်ပိုင်းကာ အဖျားကျ ကျန်းမာသလို ရှိခဲ့သော်လည်း ညဉ့်ပိုင်း ခင်ပွန်းဖြစ်သူ ညဂျူတီ အဆင်းသွားသည့် အချိန်မှစ၍ ဖျားချင်သလိုလို ဖြစ်လာခဲ့သည်။

စောစီးစွာပင် ဘုရားစင်တွင် 'ရေချမ်း, အမွှေးတိုင် ကပ်လှူ၊ ရှိခိုးဝတ်ပြု မေတ္တာပို့ အမျှဝေပြီး ဆေးသောက်၍ အိပ်လိုက်သည်။ ညဆယ်နာရီကျော်ကျော် ဆယ့်တစ်နာရီခန့်တွင် မဂျိုကာမှာ ဆေးအရှိန်ကြောင့်လား မသိ မျက်နှာ၊ လည်ပင်း၊ ခန္ဓာတစ်ကိုယ်လုံးမှ ချွေးများ တပြိုက်ပြိုက်နှင့် စီးကျနေသည်။

မျက်စိမှိတ်ရင်း ချွေးများကို သုတ်ပေးမည့်သူကို တမ်းတမျှော်နေမိသည်။ မကြာမီ မဂျိုကာ၏ ဆန္ဒများ ပြည့်လာသည်။ မဂျိုကာ၏ မျက်နှာ၊ လည်ပင်း၊ လက်မောင်းများမှ ချွေးများကို နူးညံ့သော တဘက်မွေးပွကြီးနှင့် ချွေးသုတ်



ပေးနေသည်ကို ခံယူနေရသည်။

မဂျိုကာမှာ အဖျားရှိန်နှင့် တစ်ချက်တစ်ချက် မျက်လုံးဖွင့်ကြည့်ရာ တဘက်အစိမ်းကြီးကို မြင်တွေ့ရသည်။ ချွေးသုတ်ပေးသူကို မည်သူမည်ဝါဟု မသိမမြင်ရချေ။

မျက်နှာသုတ်တဘက် အစိမ်းရောင်ကြီးကိုသာ အပီအပြင် မြင်ရသည်။ ခန္ဓာတစ်ကိုယ်လုံး ချွေးများ ပြောင်သွားသောအခါ မဂျိုကာမှာ အဖျားကျပြီး ပေါ့ပါးလန်းဆန်းလာသည်။ သတိလည်း ကောင်းစွာရလာသည်။

'မကြောက်နဲ့... မကြောက်နဲ့နော် နင်က ငါတို့ကို မေတ္တာပို့ အမျှဝေနေတော့ ငါတို့မှာ အေးချမ်းနေတာ၊ နင့်မေတ္တာကို ငါတို့ နေ့စဉ် ညစဉ် ခံယူနေကြတာ၊ မကြောက်နဲ့ မကြောက်နဲ့၊ ဘာမှ မစိုးရိမ်နဲ့ မကြောက်နဲ့ မကြောက်နဲ့'

ဟု အပီအပြင် မဂျိုကာ၏အနားနားဝသို့ ကပ်ပြောသံကြားရလေသည်။

နောက်နေ့ နံနက်လင်းသောအခါ မဂျိုကာမှာ လုံးဝ အဖျားပြတ်ပြီး ကောင်းမွန်စွာ ကျန်းမာလန်းဆန်း ပေါ့ပါးနေလေသည်။

ထိုညမှစ၍ မဂျိုကာမှာ လုံးဝ အဖျားကျပြတ် ကျန်းမာလာခဲ့ပြီး ယနေ့အထိ လုံးဝ ဖျားနာခြင်း မရှိတော့ဘဲ ကျန်းမာလန်းဖြာ ဝမ်းသာခဲ့ရလေသည်။

* * *

'အဲဒီအတိုင်းကို မဂျိုကာမှာ ကြုံတွေ့ခဲ့ရတာ'

'ဂျိုကာက လုံးဝ မကြောက်ဘူးနော်'

'မကြောက်ဘူး မောင်လှမြင့်ရဲ့၊ ဆရာမ မေးတယ်။ သမီး မကြောက်ဘူးလားဆိုတော့...

"သမီး လုံးဝ မကြောက်ဘူး။ သမီးမှာ ရတနာသုံးပါးနဲ့ အနန္တငါးပါး အားကိုးစရာ အစစ်ရှိတယ်"

လို့ ပြောတယ်။ ပြီးတော့ သမီးမှာ မေတ္တာစိတ်လှိုင်းတွေ အပြည့်ရှိတယ်တဲ့ကွယ်'

'ဟုတ်တာပေါ့ ဆရာမကြီးရယ် မေတ္တာတရား၊ မေတ္တာစိတ်ဟာ လူသားချင်းမဆိုနဲ့ နာနာဘာဝ ပရလောကသားတွေကတောင် အေးချမ်းစွာ လက်ခံကူညီကြတာ လက်တွေ့ သိရတာပါပဲ။ ကျွန်တော် ဒီအကြောင်း ရေးမယ်နော် ဆရာမကြီး'

'ရေးပါတော်...ရေးပါ...ရေးပါ'

ထို့နောက် ဆရာမကြီး ဒေါ်စိုးသိန်း ပြန်သွားသည့်နောက် ကျွန်ုပ်လည်း ဤစာမူကို မူရင်းမပျက်စေရန် သတိထား၍ **"ရောင်ပြန်မေတ္တာ"**ဟူသည့် ခေါင်းစီးတပ်ကာ ချရေးလိုက်မိပါတော့သည်။

**[ဤစာမူ ဖြစ်မြောက်ရေးအတွက် တကူးတက အိမ်သို့ လာရောက်ပြောပြပေးသော ဆရာမကြီး ဒေါ်စိုးသိန်းကို အထူးငကျေးဇူးတင်ကြောင်း မှတ်တမ်းပြုပါသည်။]**

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

# ရှက်စယ်ကဗုန်း

## နှင့်

## ကိုရင်ကြီး၏အလွမ်း

ချိုးတင့်
(ညောင်လေးပင်)



ဂန္ဓာရီအဘိုးပုသည်
ပဲခူးတိုင်းဒေသကြီး
ဖျည်ပုံကြီးမြို့အနီး
ဒေးစွန်ပါတောင်တော်ကြီး၌
ဂန္ဓာရီအကျင့်စခန်းများကို
နှစ်လ ကြာမြင့်စွာ
တစ်ကိုယ်တော်
ကျင့်ကြံအားထုတ်ခဲ့ရာမှ
ကျန်းမာရေး
ချို့ယွင်းလာသည်။

အာဟာရချို့တဲ့ခြင်း၊
ရာသီဥတု ဆိုးဝါးခြင်း
တို့ကြောင့် အသက်အရွယ်
ထောက်လာသောအခါ
ပဲခူးမြို့ပေါ်သို့
ထွက်ခဲ့သည်။

အဘိုးနှင့် ရင်းနှီး
သော ဘုန်းတော်ကြီး
ဦးစန္ဒိမာ၏
ဘုန်းတော်ကြီး
ကျောင်း ရှိရာ
ဟသ်ာကုန်းဘက်တွင်
ခေတ္တတည်းခို
နေထိုင်ခဲ့သည်။

ဘုန်းတော်ကြီး
ဦးစန္ဒိမာနှင့် ငယ်စဉ်
ကတည်းက
ရင်းနှီးခဲ့သူများ
ဖြစ်သည့် အလျောက်
ဆေးဝါးပညာ၊
ဓာတ်ပညာနှင့်
အဂ္ဂိရတ်ထိုးခြင်းတို့ကို ဆွေးနွေးရင်း
အချိန်ကုန်လွန်ခဲ့သည်မှာ (၆)လခန့်ပင်
ရှိလေပြီ။

ကျောင်း၌ အနေကြာလာသောအခါ
ရဟန်းတော်များ၊ ကိုရင်၊ သာမဏေ
များနှင့် ခင်မင်ခဲ့သည်။ အဘိုးကို ခင်မင်
သော ကိုရင်ကြီးတစ်ပါးရှိသည်။ အသား
မည်းမည်း ပါးစပ်ပြူပြူနှင့် နှာခေါင်းပွပွ
အသက်(၁၈)နှစ်ခန့်ရှိသော ကိုရင်ကြီး
ကို တစ်ကျောင်းလုံးက သူ၏ ဘွဲ့တော်
အရှင်သံဝရဟု မခေါ်ကြဘဲ ကိုရင်ကြီး
အာဗြဲဟု ခေါ်ကြသည်။

သဘောကောင်းသော ကိုရင်ကြီး
သည် စိတ်မဆိုးတတ်ဘဲ ပြုံးပြုံး ပြုံးပြုံး
နှင့် ကျောင်းဝေယျာဝစ္စ ဟူသမျှ မညည်း
မညူ တာဝန်ယူတတ်သည်။

ကိုရင်ကြီးသည် လူ့ဘိုပေါက်အရွယ်
ဖြစ်လာ၍ အဘိုးပုထံတွင် ပီယဆေး
တောင်းလေ့ရှိသည်။ ယခု တင်ပြမည့်
ဓာတ်လမ်းမှာ ကိုရင်ကြီး သံဝရ၏
အလွမ်းဓာတ်လမ်းတစ်ပုဒ်ဟု ဆိုရ

www.burmeseclassic.com

မည်။

*　*　*

ရွက်ခတ်ဂမုန်းနှင့် ကိုရင်ကြီးသံဝရတို့ မမျှော်လင့်ဘဲ ပေါင်းစပ်မိကြသည်။ ရွက်ခတ်ဂမုန်းအကြောင်း အနည်းငယ် တင်ပြပါမည်။ ရွက်ခတ်ဂမုန်းတို့သည် လူတစ်ရပ်သာသာမြင့်သော ပင်ပျော့မျိုးဖြစ်သည်။

လက်မအရွယ်ခန့် အရွက်စိမ်းကလေးများ မျက်နှာချင်းဆိုင်ရှိသည်။ ထိုအပင်များသည် အုပ်စုဖွဲ့၍ ပေါက်နေတတ်ကြသည်။ တစ်ခါတစ်ရံ ပေါက်ရောက်ရာ နေရာဒေသကို စွန့်ခွာ ပျောက်ကွယ်သွားတတ်သည်။

တောင်ကြီးမြို့တွင် **ရွှေဘုန်းပွင့်ဘုရားတောင်** အဘရက္ခန်းစင်တောင် ဆရာတော်ကြီး တည်တော်မူခဲ့သော စေတီတော်)အနီးတစ်ဝိုက်၌ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်လောက်က များပြားထူထပ်စွာ ပေါက်ရောက်ခဲ့ကြောင်းကို အဘရက္ခန်းစင်တောင် ဆရာတော်ကြီး၏ တပည့်ကြီး ဂေါ်ရခါးအမျိုးသားကြီး ဘိုးတော်ဦးဗဟာဒူးက ပြောပြခဲ့ဖူးသည်။

ကျိုက်ထီးရိုး တောင်တော်တစ်ဝိုက်တွင်လည်း ပေါများခဲ့သည်၊ တနင်္သာရီ ဖွဲ့ကပင်၊ ကုလားမတောင်(တောင်တန်းမယ်တော် ကုလားမရုပ်တု)ရှိသော နေရာတစ်ဝိုက်တွင်လည်း ပေါများစွာ ပေါက်ရောက်သည်။

ရွက်ခတ်ပင်သည် အမျိုးအစား(၁၂)မျိုးအထိရှိပြီး ဒေါင်းဂမုန်းအုပ်စုတွင် ပါဝင်ကြောင်း ရှေးစာမှတ်တမ်းများအရ သိရသည်။ ကျွန်ုပ် ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ရဖူးသည်မှာ လွန်ခဲ့သော (၈)နှစ်ခန့်က ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၊ ဘောဂဒါရွာ ဘုန်းတော်ကြီးကျောင်းတွင်ဖြစ်သည်။ ကျွန်ုပ်သည် ဝိပဿနာ(၁၀)ရက်စခန်းပွဲသို့ ဝင်ရောက် တရားအားထုတ်စဉ် ဘုန်းကြီးကျောင်း ခြံဝင်းထဲ၌ ခြံစည်းရိုးပင်များအဖြစ် အလုစိုက်ထားသည်ကို မြင်တွေ့ရခြင်းဖြစ်သည်။

လသာနေသော ဘောဂဒါချောင်းကမ်းနဖူးပေါ်မှ ညကာလများတွင် ကျွန်ုပ်သည် တရားရှုပွားရင်း ကျောင်းဝင်းအတွင်း စင်္ကြံအမှတ်ပြု၍ လမ်းလျှောက်နေခဲ့စဉ် ဤထူးဆန်းသော ဂမ္ဘီရဆန်သည့် ရွက်ခတ်ဂမုန်းကလေးများနှင့် ရင်ဆိုင် တိုးခဲ့ရခြင်းဖြစ်သည်။

ဘောဂဒါ မြစ်ကမ်းနဖူးသည် လရောင်နှင့် ရွှန်းပနေသည်။ မြစ်ပြင်ဘက်မှ လေနုအေးက တသုန်သုန်တိုက်ခတ်နေခဲ့သည်။ ကျောင်းခြံရှေ့ မြေတလင်းသည် နုန်းသဲမြေဖြစ်၍ ဝင်းဝါလှပနေသည်။

ကျောင်းခြံတွင်း ခြံစည်းရိုး၌ တညီတညာတည်း စီတန်းပေါက်နေသော အပင်ကလေးများသည် တစ်ရွက်နှင့်တစ်ရွက် မျက်နှာချင်းဆိုင် လှုပ်ရှားနေသည်ကို အမှတ်မထင် တွေ့ရသည်။

လေတိုက်၍ လှုပ်ရှားယိမ်းထိုးတတ်သော ပုံစံမျိုး မဟုတ်ကြဘဲ မျက်နှာချင်းဆိုင် အရွက်ကလေးများမှာ ပူးလိုက်၊ ခွာလိုက် လှုပ်ရှားနေခြင်းဖြစ်သည်။

ကျွန်ုပ်သည် အံ့ဩစွာ စူးစမ်းလေ့လာလိုစိတ်နှင့် သတိထားကြည့်မိသည်။ ထိုအခါ ရွက်ခတ်ဂမုန်းရွက်ကလေးများသည် သူတို့ဘာမှ မလုပ်သလို ပကတိအတိုင်း ငြိမ်သက်သွားကြသည်။

နောင်တွင် ဤအပင်ကလေးများ၏ သဘာဝကို လေ့လာသိရှိခွင့်ရခဲ့သည်။

ရွက်ခတ်ဂမုန်းတို့၏ သဘာဝမှာ လူကြည့်မခံ လူသိမခံဘဲ လှုပ်ရှားကြသည်။ လူသံပေးလိုက်လျှင် လုံးဝငြိမ်သက်သွားသည်။ သူတို့ကို တိတ်တခိုး ချောင်းမြောင်းလေ့လာမှသာ သူတို့သဘာဝကို သိခွင့်ရသည်။

အရွက်ချင်း ထိခတ်နေသော သဘာဝကြောင့်လည်း ရွက်ခတ်ဂမုန်းဟု ခေါ်ကြခြင်းဖြစ်သည်။ မြန်မာ့ပရဆေးများ ဖော်ရာတွင် ပါဝင်သော ဆေးဖက်ဝင်အပင်မျိုးဖြစ်သည်။ ဂနာမငြိမ် လှုပ်ရှားနေတတ်သော သူတို့သဘာဝကြောင့် **"ဆေးကမြင်းပင်"** ဟဲ့ မြန်မာ့ဆေးပညာရှင်များက ခေါ်ဝေါ်ခဲ့ကြသည်။

ရွက်ခတ်ပင် ဆိုသည့်အတိုင်း လူသူတိတ်ဆိတ်၍ လူတို့ မမြင်ကွယ်ရာတွင် အငြိမ်မနေဘဲ လှုပ်ခတ်နေတတ်သည်။ ဟိတ်ဟု အသံပေးလိုက်ရုံနှင့် လှုပ်ရှားမှု ချက်ချင်းရပ်သွားသည်။

*　*　*

ဂန္ဓာရီအဘိုးပုနှင့် ရွက်ခတ်ဂမုန်းသည် ဆက်စပ်နေခဲ့သည်။ ကျွန်ုပ် ငယ်စဉ်ကာလ ကလေးဘဝတွင် အဘိုးပုနှင့်အတူ နေထိုင်ခဲ့ဖူးသည်။


သက်တော်(၈၀)အရွယ် မုတ်ဆိတ်မွေးဖြူဖြူ ကျင်စွယ်နှုတ်ခမ်းမွေးကလေးများနှင့် ပိတ်ဖြူဝတ် အဘိုးပုသည် ကလေးများကို အလွန် ချစ်ခင်သည်။

ကျွန်ုပ် ငယ်စဉ်ဘဝတွင် ဖခင်ကြီး၏ အထူးဧည့်သည်အဖြစ် မိမိတို့အိမ်သို့ ရောက်လာတတ်သည်။

ဖခင်ကြီးနှင့် အင်္ဂရတ်ထိုးကြသည်။ ဓာတ်လုံးများကို ရေနွေးစိမ်၍ လည်းကောင်း၊ ပျားရည်စိမ်၍ လည်းကောင်း သောက်သုံးကြရင်း တပြုံးပြုံးနှင့် [illegible] ဝိုင်းဖွဲ့နေသည်။

ကျွန်ုပ်လည်း ထိုးစကားဝိုင်းများကို ငေးမောနားထောင်နေခဲ့သည်၊ ထိုစဉ်

www.burmeseclassic.com



က စကားဝိုင်းထဲတွင် ရွှက်ခတ်ဂမုန်း အကြောင်း ပါဝင်ခဲ့သည်။

ထိုစကားဝိုင်းထဲမှ ရွှက်ခတ်ဂမုန်း အကြောင်းသည်ပင် ကိုရင်ကြီးသံဝရ၏ အလွမ်းဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့သည်။

အဘိုးပုသည် ဟသ်ာကုန်းဆရာတော် ဦးစန္ဒိမာထံတွင် နေစဉ်က ရွှက်ခတ်ဂမုန်းနှင့် အစီအမံ ပြုလုပ်ထားသော လက်ကိုင်ပဝါတစ်ထည် ရှိခဲ့သည်။ ရွှက်ခတ်ဂမုန်းကို နက္ခတ်ကြည့်၍ ခူးယူခဲ့သည်။

လိုအပ်သော ဂါထာမန္တန်များ ရွတ်ဆို၍ အစီအရင်ပြုခဲ့သည်။(ကျွန်ုပ်မှာ ထိုစဉ်က ကလေးအရွယ်မျှဖြစ်၍ အဘိုးပု ပြောပြသော အစီအမံများကို ကောင်းစွာ မမှတ်သားနိုင်ခဲ့ပါ။)

ရွှက်ခတ်ဂမုန်းကို စီရင်ပြီးသော် သူ၏ လက်ကိုင်ပဝါအစွန်းတွင်ထုပ်၍ ချည်နှောင်ထားခဲ့သည်။ အဘိုးပုသည် ပိတ်ဖြူစင်ကြယ် ဝတ်ရာတွင် အပေါ်မှ ပိုးသားနှင့် ချုပ်ထားသော တိုက်ပုံအင်္ကျီအဖြူကိုပါ ဝတ်ဆင်လေ့ရှိသည်။

ခေါင်းပေါင်းအဖြူကို ပေါင်းထားရာ အဘိုး၏ ငုံစိစိ ဆံပင်ဖြူဆံထုံးကလေးမှာ ခေါင်းပေါင်းအလယ်တွင် နေရာယူထားတတ်သည်။

သူ၏ ပိုးသားတိုက်ပုံဖြူအိတ်တွင် ရွှက်ခတ်ဂမုန်းလက်ကိုင်ပဝါကို ထည့်ထားခဲ့ရာ တိုက်ပုံအင်္ကျီဝတ်ရင်း သွားလာပြောဆိုသမျှ အဆင်ပြေလှသည်ဟု အဘိုးပုက ပြောပြသည်။

အဘိုးသည် ရွှက်ခတ်ဂမုန်း အစီအရင်ကြောင့် မျက်နှာပွင့်လန်းပြီး မတောင့်မတ လိုတရနေခဲ့သည်။ ချစ်သူခင်သူများ ပေါလှသောကြောင့် ရွှက်ခတ်ဂမုန်း အစီအရင်သည် ပီယဆေးစွမ်း အဆောင်ကောင်း ဖြစ်ခဲ့သည်။

'သီလဖြူစင်ပြီး စိတ်ထားကောင်းရင် ရွှက်ခတ်ဂမုန်းပါဟာ ကောင်းကျိုးအနန္တပေးတယ်ဗျ'

ဟု ကျွန်ုပ်၏ ဖခင်ကြီးကို အဘိုးပု ပြောပြခဲ့သည်။

* * *

တပေါင်း တန်ခူးလများသည် မြန်မာ့ဓလေ့ဘုရားပွဲများ ကျင်းပရာ ရာသီဖြစ်သည်။ ပဲခူးမြို့ ရွှေမော်ဓော ဆံတော်ရှင်စေတီ မြတ်စွာဘုရား၏ ပွဲတော်မှာ မြန်မာနိုင်ငံ ဘုရားပွဲများသမိုင်းတွင် အလွန်ထင်ရှားသည်။ တစ်လကြာမျှ ကျင်းပလေ့ရှိရာ မြို့ရွာအနှံ့အပြားမှ ကြက်ပျံမကျ လူအများ လာရောက်ကြသည်။

ကိုရင်ကြီး သံဝရသည် ဘုရားပွဲသို့ သွားရန် တစ်ကိုယ်တော်ကြိတ်၍ ကြံစည်ထားသည်။ ကိုရင်ဝတ်နှင့် သွားခွင့်ရှိပါသော်လည်း လူပျိုလူငယ် တစ်ဦး ဖြစ်လာ၍ ကိုယ်စွမ်းကိုယ်စ ပြချင်လာသည်။ တစ်နည်းအားဖြင့် စိတ်ကစား လှုပ်ရှားလာခဲ့သည်ဟု ဆိုရမည်။

ကိုရင်ကြီးသည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ညမှောင်ရီပျိုးချိန်တွင် လျှို့ဝှက်စွာ ပုဆိုး အင်္ကျီတို့ကို အကျအန ဝတ်ဆင်သည်။ ရေမွှေးနံ့ကို တစ်ကိုယ်လုံး သင်းထုံအောင် ဆွတ်ဖျန်းလိုက်သည်။ ခေါင်းတုံးကို လုံခြုံအောင် နံပြားဦးထုပ် (ခေါ်) ဦးထုပ်ပြားပြားကလေးကို တစောင်း ဆောင်းကြည့်သည်။

မှန်ထဲ၌ ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် သဘောကျနေသည်။ နံပြားဦးထုပ်ခေါ် ဦးထုပ်ပြားကလေးများမှာ လွန်ခဲ့သော နှစ်(၆၀)ခန့်က အလွန် ခေတ်စားခဲ့သည်။

အကြံအစည်ရှိထားသော ကိုရင်ကြီးသည် အဘိုးပု၏ မာဖလာကို လည်ပင်းတွင် တစ်ပတ်လျှိုပတ်ပြီး အဘိုးပု၏ ပိုးတိုက်ပုံအင်္ကျီကိုပါ အဘိုးပု မသိအောင် ဝတ်ဆင်ခဲ့တော့သည်။

လူငယ်လူရွယ်ဖြစ်၍ ကိုရင်ကြီးသည် ကြည့်ကောင်းရှုကောင်း အသွေးအရောင် ပြောင်းသွားသည်။

ရွှေမော်ဓော ဘုရားကွင်းကြီးသည် လျှပ်စစ်မီးရောင်တို့ ထိန်ထိန်ညီးနေအောင် လင်းလက်နေသည်။ ကြည့်ချင်စရာ ပွဲရုံကြီးများမှာ မင်းသားစုံ ဇာတ်နှင့် တစ်နိုင်ငံလုံး စုရပ်ကြီးဖြစ်၍ ကြိတ်ကြိတ်တိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ရုံများမှာလည်း စက်ခလုပ်နှိပ်ရုပ်လုံးများနှင့် အမျိုးမျိုး စိတ်ကို ဆွဲဆောင်အောင် အစွမ်းကုန် မွမ်းမံထားသည်။ ဘုရားရင်ပြင်ပေါ်တွင် မိမိခြေထောက်ကို မြေနှင့် မထိအောင် ကျပ်ညှပ်နေ၍ လူလှိုင်းကြီးအတွင်း ရွေ့ပါသွားသည်။

ရွှေမော်ဓောဘုရားကြီးကို ကိုင်၍ ဖူးမြော်ရန် မတတ်နိုင်ဘဲ လက်အုပ်ချီ မိုးရုံမျှ ပြုရသည်။ ပြီးသော် အနောက်ဘက်မုခ်ဦးမှ ပွဲခင်းများသို့ လူလှိုင်းတံပိုးကြီးနှင့် လွင့်ပါလာသည်။

လှပချောမောသော မိန်းမပျိုများ ရှိရာသို့ ချဉ်းကပ်ရင်း လိုက်ပါလာမိသည်။ ချိုအီသော မိန်းမပျိုကလေးတို့၏ ရနံ့သည် သူ့ရင်ကို လှိုက်ခုန်စေခဲ့သည်။

နာရီဝက်ခန့်ကြာသော် သူသည် ငြီးစီစီကြီး ဖြစ်လာသဖြင့် လူအုပ်စုအတွင်းမှ ဘေးသို့ဖယ်ထွက်ရန် ကြိုးစားသည်။

သူ၏ နှာဝတွင် အဆင့်မြင့် ရေမွှေးနံ့နှင့် ပန်းသင်းရနံ့ကို ရှူရှိုက်မိသည်။ သူ့ချိုင်းကြားထဲတွင် တစ်စုံတစ်ခု ခိုးလိုးခုလု ဖြစ်နေသလို ခံစားရမိသည်။

အိစက်ညက်ညောသော အတွေ့အထိကြောင့် သူ သတိထားကြည့်မိသည်။ လား...လား... လှပချောမောသော မိန်းမပျို၏ လက်ဖြူဖြူနုနုလက်မောင်းသားကလေးသည် သူ့ချိုင်းကြားထဲမှာပါလား။

မိန်းမပျိုသည် ရွှန်းလဲ့တောက်ပသော ညို့မျက်ဝန်းတစ်စုံနှင့် သူ့ကို ကြည့်နေသည်။ လှလွန်းဆွေ မိဖုရား၏ ကော့ညွှတ်သွယ်သော နှုတ်ခမ်းနှင်းဆီနီပွင့်ချပ်လွှာများ ပွင့်အာလာသည်။

မောင်တဲ့။ ကိုရင်ကြီး သံဝရ



တစ်ဖြစ်လဲ မောင်အာဖြဲ၏ ပါးစပ်ကြီးသည် ပိ၍ပင် ပြသွားသည်။ သူကား ဘာရယ်မသိ ပြုံးရွှင်ရယ်မောကာ နှုတ်ဆက်လိုက်မိသည်။

'ဘာလဲ ညီမ'

သူ့ရင်ထဲမှာ ကုလားနတ် ဝင်ပူးသလို ဒိန်းဒိန်းချင်း လှုပ်ခတ်သည်။

မိန်းမပျိုမှာ အသက်အရွယ် ငယ်နုချောမောသည်။ ခေတ်မီသော ဆင်ယင်ထုံးဖွဲ့မှုနှင့် မချောစရာ ချောစရာ ကေသံဆံလွှ ထုံးနောက်စနှင့် မျက်တောင်ကော့ညွှတ်သေး စုတ်နှင့်ရေးသည့်အလားရှိသည်။

'မောင် သူများတို့ ပွဲမကြည့်တော့ဘူး။ ညီမနောက်ကို လိုက်ခဲ့နော်'

သူအံ့သြသည်။ ဘာရယ်မသိ၊ ခေါင်းညိတ်လိုက်သည်။ ဤသို့ဖြင့် မိန်းမပျို၏ ဦးဆောင်ရာနောက်သို့ မောင်အာဖြဲခေါ် ကိုရင်လူထွက်ကြီး လိုက်ပါသွားသည်။

သွားရင်လာရင်း သူ တွေးမိသည်။ သူသည် ဥစ္စာစောင့်မကလေးနှင့် တွေ့ခဲ့ပြီလား။ ဟင်္သာကုန်း ရွှေမော်ဓော ဘုရားများတွင် ဥစ္စာစောင့်သိုက်နန်းများ ရှိသည်ဟု ပြောသံကြားဖူးသည်။

အို...ဖြစ်ချင်ရာ ဖြစ်စေတော့ သူ့ဘဝတွင် ကြုံတောင့်ကြုံခဲ ဆင်နွဲရမည့် ရွှေလက်တော်တွဲချိတ်လာသော ပျိုမြ ချောနှင့် မခွဲနိုင်တော့ပြီ။

*  *  *

ပဲခူးမြို့ မြို့မရဲစခန်းတစ်ခုလုံး ခေါင်းမီးတောက်သွားသော ဖြစ်စဉ် တစ်ခုနှင့် ကြုံခဲ့သည်။

ထိုခေတ်က ရဲဌာနအုပ်(ယခုခေတ် ရဲစခန်းမှူးကြီး)၏ သမီးချောကလေး ဒေစီသည် ပွဲသွားကြည့်ရာမှ နံနက်ခင်းတိုင် အိမ်ပြန်မလာခဲ့ခြင်းကြောင့်ဖြစ်သည်။

အပျိုဖော် သူငယ်ချင်းများကလည်း ဒေစီတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားသည်ကို သေချာ မပြောပြနိုင်ကြ။ ဤသို့ဖြင့် သမီးသွား တတ်လာတတ်သော နေရာများကို ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြသည်။

ပညာတတ်ရုပ်ချော သမီးကလေး အတွက် စိုးရိမ်သောက ရောက်ကြ သည်။ နောက်ဆုံးတွင်မှ ဒေစီနှင့် ကိုရင်ကြီးလူထွက် မောင်အာဖြဲတို့ကို သမီး၏သူငယ်ချင်းအိမ်တွင် တွေ့ကြ ရသည်။

သမီးကို ပြန်ခေါ်ယူ ထိန်းသိမ်းလိုက် ပြီး ကိုရင်ကြီးလူထွက် မောင်အာဖြဲကို အချုပ်ခန်းထဲ သွင်းထားခဲ့လေသည်။

နံနက်ခင်း (၁၁)နာရီလောက်တွင် ဟင်္သာကုန်း ဘုန်းတော်ကြီးကျောင်း အတွင်းသို့ ရဲသားများ ရောက်လာ သည်။ ထိုအခါမှ ဆရာတော် ဦး... နှင့် အဘိုးပုတို့ ဇာတ်လမ်းကို ... လိုက်ကြရသည်။

အဘိုးပုသည် ဆရာတော်ကြီး...



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပေးချက်အရ ရဲစခန်းသို့ လိုက်ခဲ့ရသည်။ သူဝတ်နေကျ ပိုးတိုက်ပုံအင်္ကျီကလေးကို ဝတ်ဆင်ရန် ပြုသောအခါ မတွေ့ရတော့ပြီ။ လည်ပတ်မာဖလာနှင့်အတူ ပျောက်ဆုံးနေသည်။

ထိုအခါတွင်မှ အဘိုးပုသည် ခေါင်းညိတ်ရင်း ပြဿနာ၏ အဖြေကို ရှာဖွေတွေ့ရှိခဲ့သည်။

ရဲစခန်းသို့ရောက်သော် အချုပ်ခန်းသံတိုင်များကြားမှာ ညှိုးရော်မှိုင်ငေးနေသော ကိုရင်သံဝရ လူထွက် မောင်အာဖြဲကို တွေ့ရလေသည်။

သူသည် အဘိုး၏ ပိုးတိုက်ပုံအင်္ကျီဖြူနှင့် မာဖလာကို လည်တွင် ပတ်ထားသည်။ "ဩော်... ဖြစ်မှဖြစ်ရပလေ မောင်အာဖြဲရယ်"ဟု အဘိုးပု ညည်းတွားမိသည်။

အဘိုးပုသည် ရဲစခန်းနှင့် ညှိနှိုင်း၍ ကိုရင်ကြီး လူထွက်ကို အာမခံပေး၍ အချုပ်မှ ထုတ်ဆောင်ပေးခဲ့သည်။ သူတို့နှစ်ဦး ပဲခူးဈေးကြီးအတွင်း လက်ဖက်ရည်ဝင်သောက်သည်။ အဘိုးပုက သူ၏ တိုက်ပုံအင်္ကျီကို ကိုရင်လူထွက်အား ချွတ်ခိုင်းသည်။ မာဖလာကိုပါ ယူလိုက်သည်။

အနီး၌ တွေ့ရသော အုတ်ခဲကျိုးပိုင်းတစ်ခုကို ကောက်ယူ၍ အင်္ကျီနှင့် လိပ်ကာ မာဖလာနှင့် ခပ်တင်းတင်း ရစ်ပတ်ချည်နှောင်သည်။

လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့ပြီး ကြိုးတံတားကြီးပေါ်သို့ တက်ခဲ့သည်။ ထိုခေတ်က ပဲခူးမြစ်ကို ကြိုးတံတားကြီးနှင့် သွယ်တန်းထားသည်။

'လာလေ့ သွားလေရော'

အဘိုးပုသည် ကြိုးတံတားပေါ်မှ တိုက်ပုံအင်္ကျီထုပ်ကို အရှိန်နှင့် မြစ်အလယ်သို့ လွှင့်ပစ်လိုက်သည်။

ကိုရင်ကြီးလူထွက်မှာ ဘာမှ မပြောနိုင်ဘဲ ကြောင်တိကြောင်တောင်နှင့် ကြည့်နေခဲ့သည်။

* * *

ဘာကြောင့် တိုက်ပုံအင်္ကျီကို လွှင့်ပစ်ရပါသနည်း။ ကျွန်ုပ်သည် အဘိုးပု ပြောပြနေသော ဇာတ်လမ်းကို စိတ်ဝင်စားစွာ နားထောင်နေရာမှ မေးခွန်းမေးရန် စဉ်းစားမိသည်။

လူကြီးဖြစ်သော ကျွန်ုပ်၏ အဖေမှာ သဘောပေါက်သောကြောင့် အေးဆေးစွာ နားထောင်နေသည်။ ကျွန်ုပ်က မေးခွန်းမေးရန် အားယူ၍ အဘိုးဟု ခေါ်လိုက်သည်။

အဘိုးပုက ကျွန်ုပ်ကို ပြုံး၍ ကြည့်ရင်း...

'ငါ့မြေးက မဆိုးဘူးကွ၊ တွေးတတ် စဉ်းစားတတ်တယ်။ ပြီးတော့ သိချင်တာကို စုံစမ်းတတ်တယ်။ လူဆိုတာ တွေးခေါ်မြော်မြင် စဉ်းစားဖို့ လိုတယ်။ ဒါမှ ပညာရှိလို့ ခေါ်နိုင်ပြီး ကြီးပွားတိုးတက်တယ်'

ဟု ပြောသည်။ ပြီးမှ...

'ငါ့မြေး မေးမှာ အဘိုးသိတယ်။ သိချင်တာကို ရှင်းပြပါမယ်။ တိုက်ပုံအင်္ကျီကို ဘာဖြစ်လို့ လွှင့်ပစ်ရတာလဲ မေးမလို့ ဟုတ်လား လူလေး'

'ဟုတ်ပါတယ် အဘိုး'

'ဒီလိုကွ ငါ့မြေးရဲ့ ဒီတိုက်ပုံအင်္ကျီထဲမှာ အဘိုးရဲ့ ရွက်ခတ်ဂမုန်း အစီအရင် လက်ကိုင်ပဝါ ထည့်ထားတယ်လေ။ အဲဒီ ရွက်ခတ်ဂမုန်းက ကိုရင်ကြီးကို ဒုက္ခပေးလိုက်ပြီ။ ရွက်ခတ်ဂမုန်းက အစွမ်းပြတော့ အတွေ့ကို မရှောင်နိုင်ဘဲ အကျိုးပေးတော့တာပေါ့။

ဒီလို မကောင်းကျိုးပြုဖို့ ဦးကျိုးသွားတဲ့ အဆောင်ကို အဘိုး မလိုချင်တော့ဘူးကွယ်။ ပြီးတော့ ကိုရင်ကြီး ဝတ်ထားတဲ့ မသန့်ရှင်းတဲ့ အင်္ကျီကို အဘိုး မဝတ်သင့်တော့ဘူးလေ။

အဲဒါကြောင့် ကောင်းတဲ့လူကို ကောင်းကျိုးပေးပေမယ့်၊ အသုံးမချတတ်တဲ့ လူကို ဆိုးကျိုးပေးတဲ့ ရွက်ခတ်ဂမုန်းပါတဲ့ အဘိုးရဲ့ တိုက်ပုံအင်္ကျီကို ရေထဲမျှောပြီး အဆုံးသတ်လိုက်တာပါပဲကွယ်'

ဟု ရှင်းပြခဲ့လေသည်။

ကျွန်ုပ်သည် ဘုမသိ ဘမသိနှင့် သာသနာ့ဘောင်မှ ဆုံးရှုံးနစ်နာခဲ့ရပြီး ချစ်သူနှင့် ကွေကွင်းခဲ့ရသော ကိုရင်လူထွက်ပြီးကို အာဖြဲကို လူမမြင်ဘူးပဲ သနားနေမိသည်။

ကိုရင်ကြီးမှာ ကျောင်းသို့ရောက်ပြီး များမကြာမီ မိမိ၏ ဇာတိရွာသို့ အချစ်ဝေဒနာကို ရင်မှာပိုက်ပြီး ပြန်သွားခဲ့ကြောင်း သိရသည်။

ရွက်ခတ်ဂမုန်းသည် ကိုရင်ကြီးသံဝရကို သာသနာ့ဝတ်ရုံကို ချွတ်စေရုံသာမက အလွမ်းမင်းသားကြီးဘဝသို့ပါ ပို့ဆောင်ပေးခဲ့ပါလေသည်။

**[ဂန္ဓာရီအဘိုးပု ပြောပြသော ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။]**

*မေတ္တာရည်လျက်...*

**မျိုးတင့်(ညောင်လေးပင်)**

**စာရှုသူ သုတေသီ ဝါသနာရှင်များခင်ဗျား...**

ဤဆောင်းပါးပါ အဘိုးပု၏ ရွက်ခတ်ဂမုန်း အစီအရင်ကို သိရှိသူများမှ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးနိုင်**

**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com



မြစ်ပိုန်း (ပုသိမ်)

# တောလေလား

ပရုလေလား

ဗျကောပုစခန်းမှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းတည်ရှိပြီး ကျောက်ကြီးမြို့နယ်မှ (၃၇) မိုင်ခန့် ဝေးကွာပါသည်။ ကျောက်ကြီးမှ သံဘို၊ နန္ဒင်းတောင်၊ ကပ်ပယ်၊ မူသဲ၊ လားလံနယ်ကြားကြော၊ ဘောစဲနိုစသည့် ရွာပျက်များကို ကျော်ဖြတ်ပြီး သွားရပါသည်။

ဗျကောပုစခန်း ဆိုသည်မှာလည်း (ယခင်) အလယ်ပိုင်းတိုင်း (ယခု) တောင်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းများမှ အလှည့်ကျ စခန်းထိုင် နယ်မြေစိုးမိုးရေး ဆော ရွက်ရသည့်နေရာ ဖြစ်ပါသည်။

ဗျကောပုတွင် စစ်ကြောင်း (၁)နှင့် တပ်ခွဲ (၂)ခွဲ အခြေပြု လှုပ်ရှားပြီ



www.burmeseclassic.com

www.burmeseclassic.com

စစ်ကြောင်း (၂)နှင့် တပ်ခွဲ (၂)ခွဲမှာ ထီးမူခီးစခန်း ပေါ်မူဒဲ စသည်များတွင် အခြေပြုစခန်းထိုင် လှုပ်ရှားတာဝန်ယူကြရပါသည်။

ဖျကောပုစခန်းမှာ ယခင်ရွာဟောင်း အနီမ့်ပိုင်းတွင် လှုပ်ရှားတပ်ခွဲ အခြေပြုပြီး စခန်းတောင်ကုန်းတွင် စစ်ကြောင်း (၁)နှင့် တပ်ခွဲ (၁)ခွဲ အခြေပြု စိုးမိုးထားရှိပါသည်။ ရွာမရှိ လူသူမနီးသည့်စခန်းဖြစ်ပါသည်။ စားရေးသောက်ရေးအတွက် စခန်းတွင် စိုက်ပျိုးထားသည့် အပင်နှင့် အသီးအနှံများသာ ရှိပါသည်။ စုပုံထားသည့် ရိက္ခာစည်သွတ်ဘူး၊ လှုပ်ရှားသွားလာသည့်အခါ ရရှိသည့် ရာသီအလိုက် မျှစ်၊ တညင်းသီး၊ တောင့်ကပ်ပျောများနှင့်သာ ဖြေရှင်းဆောင်ရွက်ရပါသည်။

ဝန်းကျင်တွင်လည်း K.N.U သောင်းကျန်းသူများမှ ပျောက်ကျားအသွင်ဖြင့် ချောင်းပစ်၊ မိုင်းထောင် စသည်များလုပ်ဆောင်လေ့ရှိသည့်အတွက် အနေအထိုင် ကျစ်လျစ်သိုသိပ်စွာ ဆောင်ရွက်ရသည့်အတွက် အစားအသောက်ဆင်းရဲကြပါသည်။

ဖျကောပုရွာဟောင်း ရေဆိပ်မှ ရေကို ရေကင်းချပြီး စခန်းပေါ်သို့ သုံးရေလုံလောက်အောင်သာ ခပ်တင်နိုင်သည့်အတွက် ရေချိုးရန် တစ်ပတ်လျှင် (၁)ကြိမ်မျှ အခွင့်ရေး ရရှိပါသည်။ ဤသည်မှာလည်း တပ်စိတ်အလိုက် အလှည့်ကျ ဆောင်ရွက်ရပါသည်။

ရေဆိပ်တွင် ရေချိုးဆင်းသည့်



စစ်သည်များ ကျင်ငယ်စွန့်သည့်နေရာများ ရှိပါသည်။ ကျင်ငယ်စွန့်သည့် နေရာများတွင် တောတိရစ္ဆာန်များဖြစ်သည့် ချေ၊ ဆိုင်၊ ဆတ် အစရှိသည်တို့ကလည်း ရေသောက်ဆင်းရင်း ကျင်ငယ်ရည်အနံ့ အငန်ဓာတ်ရှိသည့် မြေများအား တူးဖော်စားသောက်ကြရာမှ ဆားကျင်းအဖြစ် ရှိကြပါသည်။

ဆားကျင်းမှာ တချို့ ထွာဆိုင်၊ တချို့ (၃)ထွာဆိုင်ခန့် ကျယ်ပြီး အနက် (၁)တောင်မှ (၁)တောင်ကျော်အထိ ရှိကြပါသည်။ စားနေကျတိရစ္ဆာန်မှာ ထိုဆားကျင်းကို ပုံမှန် လာရောက်စားသောက်လေ့ ရှိပါသည်။ ဆားကျင်းထဲသို့ ခေါင်းထိုးစားနေပါက ပြင်ပသို့ မမြင်နိုင်သလို ပြင်ပအနံ့လည်း တော်ရုံနှင့် မရသည့်အတွက် တောပစ်ရန် အခွင့်အရေးများစွာ ရှိပါသည်။

ထိုအခွင့်အရေးကို အသုံးချရန်အတွက်ကလည်း သဘာဝမြေအနေအထားကြောင့် ညဘက်တွင်သာ ဆောင်ရွက်ခွင့် ရရှိပါသည်။ ထိုရေဆိပ်နှင့် စခန်းကုန်း အောက်ခြေမှာလည်း တိုက်ပွဲတွင် ကျဆုံးသည့် စစ်သည်၊ ဝန်ထမ်း၊ အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ မြှုပ်နှံရာ မြေနေရာ ဖြစ်ပါသည်။

စာရေးသူ မောင်မြည့္ဝန့်တို့ တာဝန်ကျစဉ် ကြုံတွေ့ခဲ့ရပုံကို တင်ပြပါမည်။

သားကောင်အဖြစ် ဆတ်ကြီး (၅)ကောင်အား ညစဉ် ချောင်းမြောင်းစောင့်ကြည့်ရာ ည (၉း၀၀)နာရီနှင့် (၁၂း၀၀)နာရီကြား ပုံမှန်လာနေကျဖြစ်ပြီး မိနစ် (၃၀)ခန့် ဆားကျင်း ပုံမှန်လျက်ပါသည်။ ဆားကျင်း လျက်ပြီးပါက ရေဝအောင်သောက်ပြီး ဖျကောပုလွင်ပြင်အတိုင်း တစ်ဖက်တောင်ကြောသို့ ပြန်တက်လေ့ ရှိပါသည်။ ကိုက် (၅၀)ခန့်အကွာ မြက်တောထဲမှ ထိုင်စောင့်သည်ကို အလေးပင်မထားသည့်အတွက် ဟင်းစားပစ်ခတ်ရန် အကောင်းဆုံးဟု ဆုံးဖြတ်ကြပါသည်။

ပထမအကြိမ် ဝါရင့် ဆရာ့ဆရာကြီး (၅)ဦးအား ရွေးချယ်ပြီး တစ်ညတွင် စောင့်ဆိုင်းပစ်ခတ်စေပါသည်။ သေချာပိုင်နိုင်စွာ ပစ်ခတ်နိုင်ရန်အတွက် လည်းကောင်း၊ ရန်သူနှင့်အရေးကြုံပါက ပစ်အားကောင်းစေရန်အတွက် လည်းကောင်း BA-64 မောင်းပြန်ရိုင်ဖယ်များသာ ရွေးချယ်တပ်ဆင်ပြီး မြေကြီးတွင် (၂)ချောင်းထောက်ထောက်၍ ပစ်ခတ်ရန် ညွှန်ကြားထားသကဲ့သို့ အမှန်တကယ်လည်း (၅)ဦးလုံးမှ ကိုက် (၅၀)အကွာရှိ ဆတ် (၅)ကောင်လုံးအား လရောင်အောက်တွင် အတွဲလိုက် တစ်တောင့်ချင်း စိတ်ကြိုက်ပစ်ခတ်ကြပါသည်။ (၅)ကောင်လုံး မြေပြင်တွင် ဒဏ်ရာချက်ပေါင်းများစွာဖြင့် ဇီဝိန်ကြွေနေသည်ကို မြင်ကြရပါသည်။

နယ်မြေမှာ မငြိမ်သက်သည့်အတွက် ပစ်ခတ်ပြီးနောက် စခန်းကုန်းပေါ်သို့ ပြန်ပေါင်းကြပါသည်။ နံနက်မိုးလင်းမှ လုံခြုံရေးယူပြီး သယ်



www.burmeseclassic.com

www.burmeseclassic.com

ရန် စီစဉ်ခဲ့ကြပါသည်။ နံနက်မိုးသောက်သည်နှင့် မိုင်းရှင်းစစ်သည် ဦးဆောင်ပြီး တပ်စု (၁)စုဖြင့် စေလွှတ်ခဲ့ပါသည်။

ညက တုံးလုံးပက်လက် လဲနေသည့် ဆတ် (၅)ကောင်စလုံး အစအန မတွေ့ရသလို သွေးစက်လည်း မတွေ့ခဲ့ပါ။ ခြေရာမပျက်၊ လက်ရာမပျက် ဆားကျင်းများနှင့် မြက်ခင်းများမှာ ပကတိအသွင်သာ ရှိနေကြပါသည်။ ပစ်ခတ်သည့် နေရာမှ ကျည်ခွံများမှာ ပကတိအတိုင်းသာ။ မပစ်မီ တောတင်ခြင်း စသည်များလည်း ဆောင်ရွက်ခဲ့ကြပါသည်။ တောလေလား၊ ပရလေလား မခွဲခြားနိုင်ပါ။

ဒုတိယအကြိမ် (၂)လကျော်ခန့် အကြာတွင် သားကောင်ခြေရာများ ပြန်လည် တွေ့ရှိလာသဖြင့် ပထမအကြိမ်ကကဲ့သို့ ပစ်ခတ်နိုင်ရေး လေ့လာချောင်းမြောင်း ကြည့်ရှုခြင်းများ (၁၅)ရက်ခန့် ဆောင်ရွက်ကြပါသည်။ ယခုတစ်ကြိမ်တွင် ဆားကျင်းများ ပိုမို နက်ရှိုင်းလာသည့်အတွက် ဆားကျင်းတွင် ပထမ နင်းမိုင်းအား အသက်မသွင်းဘဲ ထည့်ကြည့်ပါသည်။ နင်းမိုင်းအပေါ်မှ ဆားပုံ၊ ဆားအပေါ်မှ အနီးဝန်းကျင်မှ မြက်ခြောက်များ ပါးပါးတင်ထားပါသည်။

ဆတ်ကြီးများမှာ ပထမ (၁)ရက်၊ (၂)ရက် အနံ့ခံပြီး ဆားကျင်းကို မလျက်ဘဲ ရေသောက်ပြီး ပြန်တက်သွားပါသည်။ နောက်ရက်များတွင် ဆားကို အနည်းငယ် လျက်ရာမှ (၁၀)ရက်ခန့်တွင် နင်းမိုင်းကို နင်းမိလျက် ဆားလျက်နေသည့် ပုံသဏ္ဍာန် မြင်တွေ့လာပြီ ဖြစ်သည့်အတွက် ပစ်ခတ်ရန် ရက်ရွေးချယ်ပြီး ပစ်ခတ်



မည့်နေ့တွင် နင်းမိုင်းအား အသက်သွင်းထားပါသည်။ ထိုဘေးတွင်လည်း တိုက်ပွဲတွင် ပေါက်ကွဲမှု မရှိသည့် လက်ပစ်ဗုံး၊ မိုင်းများ ပူး၍ ရနိုင်သလောက် စုထားပါသည်။

ပထမ ပစ်စဉ်ကကဲ့သို့ပင် လသာရက်တွင် ပစ်ခတ်ကြပါသည်။ ဆားကျင်း လာလျက်ရာမှ (၅)မိနစ်ခန့်တွင် ဆားကျင်း (၃)ကျင်းမှ နင်းမိုင်းများ ရှေ့ဆင့်နောက်ဆင့် တန်းစီ ပေါက်ကွဲကြပါသည်။ မိုင်းပေါက်ကွဲသည်နှင့် အဆင်သင့် စောင့်ဆိုင်းနေသည့် တောပစ်အဖွဲ့မှ BA-64မောင်းပြန်ရိုင်ဖယ်ဖြင့် အတွဲလိုက် တစ်တောင့်ချင်း ပစ်ခတ်ကြရာ ဆတ်ကြီး(၃)ကောင် လဲကျကျန်ပြီး (၃)ကောင်မှာ တစ်ဖက်တောင်ကြောသို့ ပြေးဝင် ပျောက်ကွယ်သွားကြပါသည်။

သွားရောက်ကြည့်ရှုရာ ပထမ ပစ်ခတ်စဉ်ထက်ပင် ထိချက်ကောင်းပါသည်။ ဦးခေါင်းဖြင့် နင်းမိုင်းအား ထိုးသွင်းပေါက်ခွဲမှုကြောင့် ထင်ပါရဲ့။ မေးပြုတ်သည့်ကောင်က ပြုတ်၊ ဗိုက်ပွင့်သည့်ကောင်က ပွင့်နှင့် သေချာပေါက်ပါပဲ။ ဒီတစ်ကြိမ်တော့ အပေါ်စခန်းသို့ ပြန်ပူးပေါင်းခြင်းမရှိဘဲ အောက်စခန်းဟောင်း အဆင်ပြေသည့်နေရာတွင် ကင်းပုန်းသဘောမျိုးနှင့် မိုးလင်းသည်အထိ နေရာယူ စောင့်ဆိုင်းခဲ့ကြပါသည်။

နံနက်မိုးသောက်သည်နှင့် စခန်းမှ ဆင်းလာသည့် တပ်စုနှင့် ပူးပေါင်း၍ သားကောင်ရှိရာ သွားရောက်ကြည့်ရှုရာ မေးရိုး(၁) ချောင်းနှင့် နံရိုး (၁) ချောင်းသာ တွေ့ရှိရပြီး အချိန် (၈၀,၁၀၀)လောက်ရှိမည့် ဆတ်ကြီးများမှာ ပျောက်ခြင်းမလှ ပျောက်ခဲ့ရပါသည်။ ထို့နောက် တပ်ရင်းမှူးမှ ပစ်ခွင့် မပေးတော့သည့်အတွက် (၈) လတာ နေထိုင်ခဲ့ကြပြီး အခြားတပ်ရင်းတစ်ရင်းမှ တာဝန်ဝတ္တရားများ လဲလှယ်သည့်အတွက်ကြောင့် တပ်ရင်းသို့ ပြန်နားခဲ့ကြပါသည်။

ဗျကောပုစခန်းမှ ဆတ်ကြီးများမှာ သားကောင်အစစ်မှ ဟုတ်ပါရဲ့လား။ တောလေလား၊ ပရလေလားဆိုတာ ဗျကောပုတွင် တာဝန်ထမ်းဆောင်သည့် စစ်သည်များ ကိုယ်စီအတွေးရှိခဲ့ကြပါသည်။ စာရှုသူများအနေဖြင့် ဗဟုသုတတစ်ခုအဖြစ် သိမှတ်တိုးပွားစေလိုတာရယ်၊ **အလားတူ တာဝန်ထမ်းဆောင်ကြရင်း ကြုံကြိုက်ပါက ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ ရှိပါကလည်း ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်သန်၍ ဖြစ်ရပ်မှန်အား** ရေးဖွဲ့တင်ပြအပ်ပါသည်။

**(ဗျကောပုစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော စစ်သည်များအားလုံးသို့ ဤစာစုဖြင့် ဦးညွှတ်ပါသည်။)**

***စာရှုသူများ သုတအဖုံဖုံကို ကြယ်ဝ[illegible] ကောင်းကျိုးလိုရာအဖြာဖြာ [illegible] ကြောင်း ဆုမွန်တောင်းလျက်..***

***ကောင်းကျိုးလိုရာ ပြည့်ပါစေ။***

မြစံဟိန်း (ပုသိမ်)

www.burmeseclassic.com



ဝတ္ထုတို

အံ့ပွားနှင့်

# [illegible]

တစ်နေ့ မြို့ထဲသို့ ကိစ္စတစ်ခုကြောင့် သွားခဲ့ရာ မြို့တော်ခန်းမဘေးတွင် သူငယ်ချင်းတစ်ယောက်နှင့် ဆုံမိသည်။ သူနှင့် မတွေ့ဆုံဖြစ်သည်မှာ နှစ်ပေါင်း နှစ်ဆယ်ခန့်ရှိပြီဖြစ်၍ နှစ်ယောက်သား နီးရာလက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြသည်။ အကြောင်းအရာမျိုးစုံ ပြောကြသည်။

'မင်းမသေသေးဘူး ဆိုတာတော့ မင်းရေးတဲ့ စာတွေဖတ်နေရလို့ပေါ့။ မိန်းမတွေ၊ ကလေးတွေနဲ့ စားဝတ်နေရေးကြောင့်ရော မင်းလိပ်စာ မသိတာရောမို့ မလာတာ။ မင်း အခုကလေး ဘယ်နှယောက်လဲ ဘယ်သူနဲ့လဲ အေးနဲ့လား၊ မာရီနဲ့လား'

သူငယ်ချင်းက (၇၉)စက်လတ် ပစ်သလို သူကချည်း တရစပ်ပင် ပြောနေ၍ ကျွန်တော်က ပြုံးပြီး နားထောင်နေမိသည်။

'ဟ ငါကချည်း ပြောနေရတယ်။ မင်းကတော့ မင်းအကြောင်း တစ်ခုမှ မပြောဘူး။ ငါ မေးတာဖြေလေ'

'အေးနဲ့လဲ လွဲခဲ့တယ်။ မာရီနဲ့လဲ လမ်းခွဲခဲ့တယ်။ အခုထိ* အထီးကျန် အရှုံးသမားပေါ့ကွာ'

'ဪ'

စောစောက ဒေါသကြီးနေခဲ့ရပုံသော သူငယ်ချင်းမှာ ကျွန်တော့်အဖြေကို ကြားလျှင် စိတ်မကောင်းဖြစ်သွားဟန်နှင့်ငြိမ်သက်သွားသည်။

'သူငယ်ချင်းတွေကို ရည်းစားစာရေးပေး အောင်သွယ်လုပ်ပေး အဖော်လိုက်ပေးနဲ့ အကျိုးဆောင်တဲ့ မင်းမှာ တူသောအကျိုး မပေးတာ အံ့ဩစရာပါလား'

အကြောင်းသိ ငယ်ပေါင်းဖြစ်၍ သူက သက်ပြင်းချရင်း ပြောသည်။

'ဒါတွေက အတိတ်ဘဝက အကျိုးဆက်ဖြစ်မှာပေါ့။ ဒါတွေထားပါတော့ စောစောက အံ့ပွားအကြောင်း ဆက်ပြောကွာ'

ကျွန်တော်က သူ့ကို စကားလမ်းကြောင်း လွှဲပေးလိုက်ရသည်။ အတိတ်က ရင်နာစရာတွေကို မေ့လက်စနှင့် မေ့ထားချင်သည်။

'ဒီလိုကွ မန္တလေးကနေ မင်းတို့နဲ့ခွဲပြီး အင်းတိုင်ကို ရောက်သွားတုန်းက တွေ့ခဲ့တာ'

*  *  *

www.burmeseclassic.com



ထိုစဉ်က အင်းတိုင်မှာ ယခုလို စည်ကားခြင်းမရှိ၊ ရဲမွန်၊ သာယာကုန်း၊ (၈)ရပ်ကွက်တို့မှာလည်း သာမန် ရွာငယ်လေးတွေသာ လှည်းကူးမြို့နှင့် အင်းတကော်တွင်သာ စည်ကားနေခဲ့သည်။

မောင်မောင်တို့က အအောက်အအုံ ဆောက်လုပ်ရေး ဌာနဖြစ်ပြီး နှစ် အကန့်အသတ်နှင့် လုပ်ရခြင်းဖြစ်၍ လုပ်သားအင်အား များပြားသည်။ ယာယီ အိမ်တန်းလျားငယ်လေးတွေ နှင့် ရွာငယ်လေးသဖွယ် ဖြစ်နေသည်။

စားရေးသောက်ရေးကို လှည်းကူး သို့ဖြစ်စေ၊ အင်းတကော်သို့ဖြစ်စေ သွားဝယ်ကာ စုပေါင်းချက်စားကြခြင်း ဖြစ်သည်။

သူ...ဆိုသည်က ကျော်မြင့်ဖြစ် သည်။ တွင်ခုံဌာနမှ ဖြစ်သည်။ အသက် သုံးဆယ့်ငါးနှစ်မျှရှိပြီး အသားညိုညို မျက်လုံးပြူးပြူး အသံကျယ်ကျယ် ပြောတတ်သည်။ သာမန် ကိုယ်ခန္ဓာ တည်ဆောက်မှုသာရှိသည်။ ကျော်မြင့် ကို မသိသူမရှိ။ တစ်စခန်းလုံး သိကြ သည်။ သူနှင့် ရန်ဖြစ်ဖူးကြသူချည်း ပင်။

နေရာတကာ ဝင်စွက်ဖက်သည်။ ဆရာလုပ်သည်။ အနိုင်ကျင့်သည်။ အများနှင့်တစ်ယောက် မတရားလုပ် သော်လည်း သူက စခန်းတာဝန်ခံညီ ဖြစ်နေ၍ ဘာမှ မဖြစ်ပါ။

သူ့တွင် အားကိုးတစ်ခုကလည်း ရှိနေသေးသည်။ ထိုသည်က သူ့တွင် **အံပွားတစ်ချောင်း** ပါရှိနေသဖြင့် တုတ်,ဓား ပြီးသည်ဟု နာမည်ကြီးနေ သည်။

မောင်မောင်တို့ကိုယ်တိုင် ရောက်ပြီ ရက်ပိုင်းအတွင်း အံပွားအစွမ်းကို မျက်မြင်တွေ့လိုက်ရ၍ မကြောက်ဘူး ဆိုသည့်တိုင် နည်းနည်းတော့ လန့် သွားခဲ့ရသည်။ ဇရပ်ကွင်း တာဆုံတွင် ဖြစ်သည်။

အရက်ဆိုင်သို့... မသောက်တတ် သော်လည်း လူကြီးအနေနှင့် ထိန်း သိမ်းရန် လိုက်သွားခဲ့ခြင်းဖြစ်သည်။ သူတို့ရောက်ပြီး မကြာလိုက် ကျော်မြင့် ဝင်လာပြီး ဆိုင်ရှင်နှင့် စကားများတော့ သည်။

'ခင်ဗျား စာရင်းကို ခင်ဗျားရှေ့မှာ ရေးတယ်။ ပေးရင်လဲ ခင်ဗျားရှေ့မှာ ဖျက်တာပဲ'

'အိုး... ဒါက ခင်ဗျား အပြောပဲ ရှိတာ'

'ကဲ ဒါဆိုရင် နောက် သောက်ရင် လက်ငင်းပေးသောက်လေ၊ ပြဿနာ ရှင်းတာပေါ့'

ဆိုင်ရှင်က အသက်ကြီးသူဖြစ်၍ ပြေပြေလည်လည် ပြောသည်။

'ဩော် ခင်ဗျားက ဒီလိုလား၊ ခင်ဗျားက ကျုပ်ကို စိန်ခေါ်တာလား။ ဒီတစ်ဝိုက်မှာ ကျုပ်ကြောက်ရမယ့် ကောင် မရှိဘူး။ ဘယ်ကောင်မှ ဂရုမစိုက်ဘူး သိရဲ့လား'

ကျော်မြင့်က ပတ်ဝန်းကျင်ကိုပါ ထိခိုက်ပြီး လူမိုက်စကား ပြောရင်း ဆိုင်ထဲကို လှည့်ပတ်ကြည့်လိုက်သည်။ သူ့စကားကြောင့် လူငယ်သုံးယောက် ဝိုင်းလှည့်ကြည့်ကြသည်။ ဒါကိုမြင် တော့ ကျော်မြင့်က လူမိုက်ဆန်ဆန် စိန်ခေါ်လိုက်သည်။

'ဘာလဲ မင်းတို့က မကျေနပ်လို့ လား၊ အံပွားကျော်မြင့်ဆိုတာ ငါပဲ ချရဲရင် လာကြလေကွာ'

ကျော်မြင့် စကားအဆုံး ထိုင်နေသူ သုံးယောက်ထဲမှ တစ်ယောက် ရုတ်တရက်ထကာ ကျော်မြင့်ကို ရိုက်လိုက်သည်။ ခွမ်းကနဲ အသံကြား ရမှ ပုလင်းနှင့် ရိုက်လိုက်မှန်း သိရ သည်။

ကျော်မြင့် ဘာမှ မဖြစ်ပါ။ ယိုင်ရုံ သာရှိသည်။ ကျော်မြင့်က လူငယ် တွေဆီကို ပြေးဝင်သွားသည်။

လူငယ်သုံးယောက်မှာ ဒီလို သတ်ပုတ်ပွဲမျိုး လုပ်ဖူးနေကြသလို လူချင်းခွဲပြီး နေရာယူလိုက်သည်။ ကျော်မြင့် ရုတ်တရက် တွေဝေသွား သည်။ ပြီးမှ အနီးဆုံး လူငယ်ဆီသို့ ပြေးကာ ထိုးသည်။ လူငယ်တွေက စနစ်ကျ ရှောင်တိမ်းပေးသည်။

အရှိန်လွန်သွားသော ကျော်မြင့် ဒူးခေါင်းကို ဆောင့်ကန်လိုက်၍ ကျော်မြင့် ဘေးစောင်းလဲသွားသည်။ ထိုအခါမှ လူငယ်သုံးယောက်က ကုလားထိုင်တွေနှင့် ဝိုင်းရိုက်ကြသည်။

ကျော်မြင့် ကုန်းထလာသေးသည်။ လူငယ်သုံးယောက်က ထင်သင့် ရိုက် လိုက်တော့မှ မှောက်လျက် လဲကျသွား သည်။





www.burmeseclassic.com

www.burmeseclassic.com

မြင်ရသည်မှာ ငါးမိနစ်ပင် မကြာလိုက်ပါ။ ပြေးလွှား ရှောင်တိမ်းသွားကြသော လူတွေ ပြန်ရောက်လာကြသည်ထိ တကယ်ကို ခဏလေးပင်။ လူသံတွေ ကြားမှ ကျော်မြင့်ပြန်ထလာသည်။

ကြည့်နေကြသူတွေထဲတွင် သူ့ကို ရိုက်ခဲ့သူတွေ ရှိမရှိ ကြည့်သည်။ မတွေ့သည့်အခါ ယိုင်ထိုးယိုင်ထိုးနှင့် ထွက်သွားတော့သည်။

လူတွေအားလုံး ကိုယ်တိုင် မြင်ခဲ့ရသည်တိုင် မယုံနိုင်သလို တအံ့တသြ ပြောဆိုနေကြသည်။

ကုလားထိုင်သုံးလုံးသာ ကျိုးကြေနေသည်။ ကျော်မြင့်မှာ သွေးလုံးဝ မတွေ့ရ။ ဖူးရောင် ကွဲပြသည်လည်း မရှိပါ။ မွေးရာပါ အံပွားအစွမ်းကို မည်သူမျှ သံသယ မရှိကြတော့။

'မင်းတို့ကိုယ်တိုင် မြင်ခဲ့ရတာဆိုတော့ နောက်ကို သူနဲ့ဆက်ဆံရင် သတိထားကြ၊ တတ်နိုင်သုံး ရှောင်တာကောင်းတယ်'

အုပ်စုခေါင်းဆောင်ဖြစ်သူ ကိုထွန်းဝင်းက မောင်မောင်တို့လူစုကို သတိပေးစကား ပြောခဲ့သည်။

ထို့ကြောင့် မောင်မောင်တို့ကလည်း ကျော်မြင့်နှင့် ဆက်ဆံရတိုင်း သတိထားခဲ့ကြသည်။ သူတို့က သည်နှယ် ဆင်ခြင် နေထိုင်သည်ကိုပင် ကျော်မြင့်က သူ့ကို အားလုံးက ကြောက်နေကြသည်ဟု ယူဆပြီး မောင်မောင်တို့အပေါ် မကြာခဏ အနိုင်ကျင့်တတ်သည်။ သိပ်ပြီး လွန်လာသည်ဖြစ်၍ မောင်မောင်တို့က မခံချင်ကြတော့။

သို့သော် ကိုထွန်းဝင်းက အချိန်မီ ရောက်လာပြီး ထိန်းသိမ်းပေးနေရသည်။ မောင်မောင်တို့ မချင့်မရဲ ဖြစ်နေကြသည်။

'တို့က ရှောင်ပေးလျှော့ပေးကာမှ ဒီကောင်က တော်တော် ကဲလာနေတယ်ကွ'

'သူက အံပွားအားကိုးနဲ့ လူတကာ



အနိုင်ကျင့်နေတာ'

'စောင့်ကြည့်ပါဦးကွာ တစ်နေ့တော့ သူ့ကို နိုင်သူ ပေါ်လာမှာပါကွာ'

မောင်မောင်တို့ တောင့်တမျှော်လင့်နေခဲ့သလို ကျော်မြင့်ကို အနိုင်ယူမည့်သူတစ်ယောက် ပေါ်လာပါတော့သည်။

ပြဿနာအစမှာ လုပ်ငန်းသုံးပစ္စည်းများထားသည့် ဂိုဒေါင်တွင် ညပိုင်းစောင့်ရသည့် လူစာရင်းတွင် တာဝန်ချပြီး လူများကို နောက်ညတွင်ပါ ဆက်လက် တာဝန်ယူရန်ခိုင်းသည့်အတွက်ဖြစ်သည်။

ဒုတိယအင်ဂျင်နီယာနှင့် မင်းခိုင်တို့ စကားအချေအတင် ပြောနေရာ ကျော်မြင့် ရောက်လာသည်။ ထုံးစံအတိုင်း ဆရာကြီးပုံစံမျိုး လုပ်တော့သည်။

'ဘာဖြစ်နေကြတာလဲဗျ ဆူညံဆူညံနဲ့'

'ဟာဗျာ ဒီကောင်သူ့ကို တာဝန်ချတာကို မလုပ်နိုင်ဘူး ပြောနေတယ်'

ဒုအင်ဂျင်နီယာက သူ မတရားခိုင်းသည်ကို ဖုံးကွယ်ပြီး မင်းခိုင်ကိုသာ အပြစ်ပြောနေသည်။ ဒီအခါ ကျော်မြင့်က သူနှင့်မဆိုင် ပြောပိုင်ခွင့်ရှိသူလည်း မဟုတ်တဲ့ မင်းခိုင်ကို ကြိမ်းမောင်းတော့သည်။

'မင်းကို လူကြီးကခိုင်းရင် လုပ်ရမယ်ဆိုတာ နားမလည်ဘူးလား၊ ခိုင်းတာကို မလုပ်ချင်ရင် အလုပ်က ထွက်သွား'

'ခင်ဗျားနဲ့ မဆိုင်ရင် ဝင်မပြောပါနဲ့ ကိုကျော်မြင့်၊ အခုကိစ္စက မတရားလွန်းလို့ ပြောနေတာ'

မင်းခိုင်က အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီး လူကောင်သေးပေမယ့် ကျစ်လျစ်သန်မာသည်။ ကျောင်းနေစဉ်က လက်ဝှေ့ကျော် ကျားဘညီမိး၏ ကျားကလပ်တွင် လက်ဝှေ့သင်ခဲ့သည်။

ဆရာကြီး ဦးပြည်သိမ်းထံတွင်လည်း မြန်မာ့သိုင်းပညာကို ပေါက်မြောက်စွာ သင်ခဲ့သူဖြစ်၍ ကျော်မြင့်ကို ကြောက်စိတ်မရှိ။ နေရာတကာ မတရား လုပ်နေသူဖြစ်၍ ငြိမ်မခံတော့။

'အောင်မာ မင်းလို လက်မလောက် ကောင်ကများ ငါ့ကို ပြန်ပြောရဲတယ်ပေါ့ ကဲကွာ'

ကျော်မြင့်က လူအများရှေ့တွင် ဖြစ်၍ ရှက်ဒေါသ ပေါက်ကွဲပြီး မင်းခိုင်ကို တရကြမ်း ဝင်ထိုးတော့သည်။ ယခင်ကလိုပင် လူတိုင်းအပေါ် အနိုင်ယူနေကျဖြစ်၍ ဒီတစ်ခါလည်း အပိုင်ထင်ပြီး လုပ်ခဲ့သည်။

အမြဲတမ်း လူတိုင်းအပေါ် အနိုင်ကျင့်ခဲ့သမျှ တုံ့ပြန်ချင်စိတ်၊ ဒေါသစိတ်တို့ပေါင်းစုကာ မင်းခိုင်က ထောက်လက်သီး၊ ပင့်လက်သီး၊ ဝိုက်လက်သီးတို့ကို ဆက်ပစ်လွှတ်တော့သည်။

ကျော်မြင့်မှာ "အား" "အင့်" ဆိုသည့်အသံများ ထွက်နေသလို လူမှာလည်း ယိမ်းထိုးနေသည်။

သူတို့အပေါ် ဗိုလ်ကျခဲ့သူ ခံနေချိန်ဆိုတော့ အားရဝမ်းသာ ကြည့်ရှုရင်း မင်းခိုင်ကို အားပေးနေကြသည်။

မင်းခိုင်ကလည်း အားလုံးကို စားလက်စားချေခြင်းဖြစ်၍ ဆက်တိုက်



www.burmeseclassic.com

www.burmeseclassic.com

ထိုးနေရာမှ ဉာဏ်ဖြောင့်လက်သီး တစ်လုံးကို ကိုယ်ခန္ဓာအားပါ ထည့်၍ ပစ်သွင်းလိုက်လေသည်။

ကျော်မြင့် မခံနိုင်တော့ ပက်လက် လန်လဲကျသွားတော့သည်။ ဒေါသ မပြေသေးသော မင်းခိုင်က လဲကျနေသည့် ကျော်မြင့်ကို နောက်ထပ် ဆောင့်ကန်မည်လုပ်စဉ် ကိုထွန်းဝင်းနှင့် မောင်မောင်တို့က ဝင်ရောက်ထိန်းချုပ်လိုက်ရသည်။

'တော်တော့ မင်းခိုင် တော်ကြာ လက်လွန်သွားရင် ပြဿနာကြီးသွားမယ်'

'ဟာ တစ်ခါတည်းရှင်းတာ အေးမယ်။ သူက ကျားနာဖြစ်သွားပြီ။ နောက်တစ်ခါ မလွယ်ဘူး'

'ဒီအတွက် မပူနဲ့ နောက်တစ်ခါ ကဲလာရင် တို့အားလုံး ဝိုင်းချကြမှာပါ'

သူတို့ ပြောနေကြစဉ် ကျော်မြင့်က လည်း ကျရာမှ ထလာသည်။ အလုပ်သမားတွေကလည်း သံတုတ်များ၊ သံအင်ဂလန်ချောင်းများ ကိုင်ကာ စောင့်ကြည့်နေကြသည်။

ထိုအခါမှ ထူးခြားသော အချက်ကို အားလုံး သတိပြုမိကြသည်။ ယင်းအချက်က အဖွဲဖွဲ အနိုင်ယူခဲ့ပြီး ဖူးရောင် ပေါက်ပြဲခြင်း မရှိခဲ့သူ ကျော်မြင့် မျက်နှာမှာ ကွဲပြဲသော ဒဏ်ရာများနှင့် သွေးများ ဖုံးနေကြောင်း မြင်လိုက်ရ၍ ဖြစ်သည်။

ကျော်မြင့်ကိုယ်တိုင်လည်း မျက်နှာတွင် ပေကျံနေသော သွေးများကို ပွတ်သပ်ပြီး သွေးများ ပေကျံနေသည့် လက်နှစ်ဖက်ကို စူးစိုက်ကြည့်နေသည်။

နောက်တစ်ခါ မင်းခိုင်ကို လှမ်းကြည့်နေသည်။ သူ့မျက်နှာက တစ်ခုခုကို တွေးတောဟန် ငေးကြောင်ကြောင် ဖြစ်ရာမှ မင်းခိုင်ဆီသို့ လှမ်းလျှောက်လာသည်။

'ဟေ့လူ တော်တော့ ဒီတစ်ခါ ကျုပ်တို့အားလုံးက ခင်ဗျားကို ဝိုင်းရိုက်ကြမှာနော်'

ကိုထွန်းဝင်း ပြောသည်ကို လှည့်ကြည့်ပြီး ကျော်မြင့်က ခေါင်းညိတ်ပြသည့် လက်ကာပြသည်။

'ကျွန်တော် ဘာမှ မလုပ်ပါဘူး။ သူ့ကို မေးချင်တာရှိလို့'

'ဟေ့ ညီလေး မင်းမှာ ဘာလက်ဖွဲ့ ဘာအဆောင် ရှိသလဲ'

အားလုံး မထင်မှတ်ထားသော အမေးကြောင့် အံ့အားသင့်သွားကြသည်။ မင်းခိုင်က ခေါင်းခါပြသည်။

'ကျွန်တော့်မှာ ဘာအဆောင် လက်ဖွဲ့မှ မရှိဘူး။ ဘာဆေးမှလဲ ထိုးမထားဘူး'

'မဟုတ်သေးပါဘူး မင်းမှာ တစ်ခုခု တော့ ရှိရမယ်'

'ကဲ ဒီမှာကြည့်'

မင်းခိုင်က အင်္ကျီချွတ်ပြသည်။ သူ့ကိုယ်ပေါ်တွင် ဘာမှ မရှိကြောင်း အားလုံးမြင်ကြသည်။ ကျော်မြင့် တွေးရခက်သွားဟန်နှင့်...

'အင်း ဆန်းတော့ အတော်ဆန်းတယ်။ ငါ့ တစ်သက်မှာ ဘယ်သူမှ ငါ့ကို သွေးထွက်အောင် မလုပ်နိုင်ခဲ့တာ၊ မင်းနဲ့ကျမှ သွားနှစ်ချောင်းပါ ကျိုးသွားတယ်။ ဒါနဲ့ မင်း လက်နှစ်ဖက်ကို ပြစမ်းပါဦး'

ပြောရင်း မင်းခိုင် လက်နှစ်ဖက်ကို ဆွဲကိုင်ကြည့်လိုက်သည်။ အတန်ကြာ ကြည့်ပြီးမှ ခေါင်းတညိတ်ညိတ် လုပ်ကာပြောသည်။

'မင်းက ဘယ်ရောဉာဏ်ပါ လက်ပြတ်ဖြစ်နေတာကိုးဟ'

သည်စကားပြောပြီး ထွက်သွားပါတော့သည်။ ကျန်ရစ်ခဲ့ကြသူတွေ အားလုံး ဘာမှ နားမလည်အောင် ဖြစ်ကြရသည်။ ကျော်မြင့်မှာ သူခံလိုက်ရသော ကိစ္စကို မည်သူ့ကိုမှ တိုင်ကြားခြင်း မပြုခဲ့သည်မှာလည်း အံ့ဩစရာ ကောင်းနေသည်။

ပိုပြီး အံ့ဩစရာကောင်းသည်က ကျော်မြင့်မှာ ယခင်က လူတကာ အပေါ် အနိုင်ကျင့် ရန်လိုမှုများ လုံးဝ ပျောက်ကွယ်သွားကာ အေးချမ်းစွာ နေသွားခြင်းဖြစ်သည်။ လုပ်သား အားလုံးနှင့် ခင်ခင်မင်မင် ဆက်ဆံ ပေါင်းသင်းလာခြင်းတို့မှာ ထူးဆန်းလှသည်။

ထိုကဲ့သို့ ပြောင်းလဲသွားခြင်းမှာ သူ အားကိုးသော အံပွားမှာ မင်းခိုင် ထိုးလိုက်စဉ်က ကျိုးပဲ့သွား၍လား သို့တည်းမဟုတ် စခန်းရှိ လူတွေ အားလုံးက သူ အနိုင်ကျင့်မှုကို မကျေနပ်ကာ ဝိုင်းဝန်းတုံ့ပြန်တော့မည့် အန္တရာယ်ကို တွေးကာ သူ့ကိုယ်သူ ပြုပြင်သွားခြင်းလား မသိပေ။

ထို့ထက်ပိုပြီး လူတွေ စဉ်းစား တွေးတော မရသည်မှာ အပွဲပွဲ နွှဲလာခဲ့ သမျှ မင်းခိုင်နှင့်တွေ့မှ အံပွားအစွမ်း မရှိ ဖြစ်ရသည့် အကြောင်းပင်။

မင်းခိုင်တွင် လက်နှစ်ဖက်လုံး တြိဂံ ပုံစံ(လက်ပြတ်)လက္ခဏာ အရေး အကြောင်း ပါရှိ၍ ကျော်မြင့်ကို အနိုင် ရခြင်း ဆိုပါက ဖြစ်နိုင် မဖြစ်နိုင်ဆို သော အတွေးတွေက သူတို့ကို ပုစ္ဆာ တစ်ခုအဖြစ် ရှိနေပါတော့သည်။

**[ဤအဖြစ်အပျက် ဇာတ်လမ်း တွင် ပါဝင်ခဲ့သူအားလုံး အသက်ရှင် လျက်ရှိကြပါသည်။ အချင်းချင်း တွေ့ဆုံမိတိုင်းလည်း ပြန်လည် ပြောဆိုကာ ငြင်းခုံနေကြဆဲပင် ဖြစ် ပါသည်။ ကျွန်တော့် ထင်မြင်ယူဆ ချက်မှာ မင်းခိုင်၏ လက္ခဏာမှာ သာမန်လက္ခဏာ ပညာရပ်သာမက ဂမ္ဘီရပညာနှင့်လည်း ဆက်နွှယ်နေ သည်ဟု ထင်မြင်မိသည်။**

**သို့ဖြစ်ပါ၍ စာဖတ်သူ ပညာရှင် သုတေသီတို့မှ မိမိတို့ လေ့လာ ဆည်းပူးခဲ့သည်တို့ကို ရေးသားပေး ပို့မည်ဆိုပါက ဝမ်းမြောက်ဝမ်းသာ တင်စွာ လက်ခံမည် ဖြစ်ပါသည်။]**

ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ညွှန့်ဝင း
(နတ်တလင်း)

# နှယ်စရှာအလှမ်း
# လမ်းစရှေ့နှင့်

ထူးဆန်းသော အိပ်မက်



ဆရာဦးဝင်းညွှန့် တစ်ယောက် အလယ်တန်းပြဆရာအဖြစ် အ.လ.က (ခွဲ)ကျောင်းကြီးမှာ တာဝန်ထမ်းဆောင်နေရာမှ အထက်တန်းပြရာထူးတိုးမြှင့် ခန့်ထားခြင်း ခံရသည်။

အထက်တန်းပြရာထူးနှင့် နတ်တလင်းနေအိမ်မှ (၉)မိုင်ခန့်ဝေးသော တာပွန်အ.ထ.ကသို့ သွားရောက်တာဝန်ထမ်းဆောင်ရ၏။

တာပွန်မြို့သည် နတ်တလင်းမြို့၏ မြို့ခွဲလေးတစ်ခုဖြစ်ပြီး နတ်တလင်းမြို့၏ အနောက်ဘက်တွင် တည်ရှိသည်။

ဆရာဦးဝင်းညွှန့်သည် (၉)မိုင်ခန့်ဝေးသော ကျောင်းကို နေ့တိုင်း ဆိုင်ကယ်စီး၍ နေ့ချင်းပြန် ကျောင်းတက်သည်။

နတ်တလင်း–တာပွန် လမ်းမကြီးသည် ယခင်ကပုံစံအတိုင်းဆိုလျှင် ဆရာဦးဝင်းညွှန့် နေ့ချင်းပြန်ကျောင်းတက်၍ အဆင်ပြေမည်မဟုတ်။

ယခုမူ တချို့တဝက်ကို ကတ္တရာလမ်းသစ် ခင်းထားပြီး ကျန်လမ်းပိုင်းများကိုလည်း မြေနီကျောက်များ ညီညာစွာ ခင်းထားသဖြင့် သွားလာရေး လွယ်ကူအဆင်ပြေနေသည်။

ဤလမ်းခရီးအကွာဝေးသည် မိန်းမသား ဆရာမများအဖို့သာ နေ့ချင်းပြန်ကျောင်းတက်ရန် အနည်းငယ် ခရီးပြင်းသော်လည်း ဆရာ ဦးဝင်းညွှန့်အဖို့တော့ ယခင် ကျောင်းကြီးကျောင်းတက် မိနစ်(၂၀)ခန့်သာ ပိုစီးရသဖြင့် သိပ်ပင်ပန်းလှသည်မထင်။

တာပွန်နယ်ခံ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများကတော့ ဆရာဦးဝင်းညွှန့်ကို တာပွန်မြို့လေးမှာ တည်းခိုပြီး ကျောင်းတက်ဖို့ ပြောကြသည်။


www.burmeseclassic.com

www.burmeseclassic.com

နေ့တိုင်း သက်သောင့်သက်သာ နားနားနေနေ ကျောင်းတက်နိုင်ရန် အကြံပေးကြခြင်းဖြစ်သည်။

သို့သော် ဆရာဦးဝင်းညွှန့်အဖို့ သူ့အကြောင်း သူသာသိသည်။ မိမိအိမ် မိမိပြန်၍ လွတ်လွတ်လပ်လပ် စာရေးချင်ရေးမည်။ စာဖတ်ချင်စာဖတ်မည်။ တခြားနေရာမှာက ကိုယ့်စိတ်တိုင်းကျ အံဝင်မည်မဟုတ်ဟု တွေးသည်။

နောက်ဆုံးတော့ လုပ်ဖော်ကိုင်ဖက်များက ''အိမ်ကိုလွမ်းလို့ နေ့တိုင်းပြန်ချင်တယ်ဆိုလဲ မတားတော့ပါဘူး'' ဟူသော စကားဖြင့် နောက်ပြောင်ကျီစယ်ကာ ဦးဝင်းညွှန့် စိတ်တိုင်းကျ အလျှော့ပေးလိုက်ကြသည်။

ကျောင်းတက်ရက်တိုင်း ကျောင်းချိန်မီရန် စောစောထဖို့ ဦးဝင်းညွှန့် ဂရုစိုက်ရသည်။ ကျောင်းအုပ်ဆရာကြီးနှင့် လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများက နားလည်ခွင့်လွှတ်ကြသော်လည်း မိမိဘက်က တာဝန်ကျေချင်သည်။

ထို့ကြောင့် ကျောင်းတက်ရမည့်နေ့တိုင်း ဦးဝင်းညွှန့် ဝီရိယထား၍ ပြင်ဆင်ဆောင်ရွက်ရသည်။ အိမ်ထွက်နောက်ကျလျှင် ကျောင်းရောက်နောက်ကျမည်မဟုတ်လား။

ဆိုင်ကယ်လမ်းက အတန်အသင့်ကောင်းသည် ဆိုနိုင်သော်လည်း အနည်းငယ်ကြမ်းသော နေရာလေးများ ရှိသေးသည်။

ဆိုင်ကယ်ဖြင့် ကုန်းကျော်တံတားအသေးလေးများကို သတိထား ဖြတ်ကျော်ရသည်။ ကားဖြတ်ကျော်နိုင်ရန် သစ်သားကန့်လန့်စင်းများ ခင်းထားသဖြင့် သစ်သားပြားတည့်တည့်ဆီသို့ ဆိုင်ကယ်ရှေ့ဘီး တည့်အောင်ချိန်ပြီး



မောင်းရသည်။

အကယ်၍ ဘီးချော်သွားပါက တာလမ်း ပြောင်ပြောင်ပေါ်တွင် တိမ်းမှောက်သွားနိုင်သည်။ လမ်းဘေးတစ်လျှောက် ထိန်သေး၊ ကန်ကလေး၊ နွယ်ခွေ၊ ပွတ်စု၊ ကုန်းသာ၊ ကြို့လေးပင် စသော ရွာများ ရှိသော်လည်း အချို့နေရာများတွင် တစ်ရွာနှင့်တစ်ရွာ အလွန် အလှမ်းဝေး၏။

နံနက်ခင်းမှသည် ညနေ(၅)နာရီလောက်အထိ သွားလာသူများ မပြတ်လတ်သဖြင့် တစ်မျိုးတစ်ဖုံ အားရှိသေးသည်။ တစ်စုံတစ်ရာ အခက်အခဲ ဒုက္ခကြုံတွေ့လျှင် အကူအညီတောင်းရန် လွယ်ကူနိုင်၏။

ညနေ(၃)နာရီ ကျောင်းဆင်းတိုင်း ဦးဝင်းညွှန့်အချိန် သိပ်မဖြုန်းဘဲ အိမ်တန်းပြန်တတ်သည်။

ရာသီဥတုသာယာချိန်၌ ဆိုင်ကယ်မောင်းချိန် သိပ်မကြာသော်လည်း (၉)မိုင်ခန့် ခရီးအတွင်းဝယ် ဆိုင်ကယ်ဟူသည့် စက်တပ်ယာဉ်က အမြဲတမ်း ကောင်းမွန်နေမည်ဟု ပြောမရ။ ဘီးပေါက်ချင် ပေါက်နိုင်သကဲ့သို့ စက်လည်း ချွတ်ယွင်းမှု ဖြစ်နိုင်သည်။

ဤသို့သော အခြင်းအရာများကို ထည့်သွင်းစဉ်းစား၍ အချိန်ရှိတုန်း မြန်မြန်ပြန်ရသည်။ သည်အထဲ အပေါင်းအသင်းများက အိမ်မပြန်စေချင်၍လား၊ တကယ်လက်တွေ့ ထူးခြားဖြစ်ရပ်များကြောင့် စိုးရိမ်၍လား မပြောတတ်။ **နွယ်ခွေရွာအလွန် နတ်စင်အနီး လမ်းကွေ့နှင့် တံတားလေးသည် နာမည်ကြီးသည်ဟု ဆို၏။**

ညနေ မှောင်ရီပျိုးချိန်၌ သရဲခြောက်ခံရတတ်သကဲ့သို့ ထူးဆန်းသည့် မတော်တဆမှုများလည်း ဖြစ်တတ်ကြောင်း တစ်စွန်းတစ်စ သိရပြန်သည်။

သို့သော် အသေးစိတ်ကိုတော့ ဦးဝင်းညွှန့် မေးမကြည့်ဖြစ်ခဲ့ပါ။

တစ်နေ့ညနေတွင် ခါတိုင်းကဲ့သို့ ကျောင်းဆင်းဆင်းချင်း ဦးဝင်းညွှန့် အိမ်တန်းပြန်ခဲ့သော်လည်း မောင်းလာသော ဆိုင်ကယ်က အစိုးမရသော အနတ္တသဘောကို ပြလေပြီ။

နံနက်က အကောင်းကြီးသာ ဆိုင်ကယ်သည် ကုန်းသာနှင့် ပွတ်စုရွာကြား လမ်းမပေါ်တွင် ထိုးရပ်သွားသည်။ ရွာမနီး ဆိုင်မနီး နေရာဖြစ်၍ ဆိုင်ကယ် အချိန်မီ ပြန်ကောင်းရေး စဉ်းစားရသည်။

မတတ်သာသည့်အဆုံး ပါလာသော ဝှလေးများဖြင့် ဟိုလှည့်ဒီလှည့် လုပ်ကြည့်သည်။ စက်နှိုးကြည့်တော့ အဆင်မပြေ။ ပလပ်မှိုင်းကပ်သည် ထင်၍ ဖြုတ်ဆေးကြည့်သည်။ ပြန်တပ်ပြီး စက်နှိုးလိုက်သောအခါ ခဏစက်နိုးပြီး ပြန်ရပ်သွားသည်။

ဆိုင်ကယ် ပြင်ရင်းပြင်ရင်းနှင့် နေရောင်က အတော်ညိုသွားပြီ။ အကူအညီတောင်းရန် လူကြည့်သော်လည်း အသွားအလာ ပြတ်စပြုနေဖြစ်၍ အကူအညီတောင်းရမည့် လူမမြင်။ ဆိုင်ကယ်က ဒီအတိုင်းဆို ဆီလိုင်း

www.burmeseclassic.com

တစ်ခုလုံး ဖြုတ်ခေါးမှ ရမည်ထင်သည်။

ဦးဝင်းညွှန့်၏ ဆိုင်ကယ်သည် ခါတိုင်းလည်း ဆီကြေးပိတ်ဖူး၏။ ယခုလည်း ကြေးများ တောက်လျှောက်ပိတ်နေခြင်း ဖြစ်နိုင်သည်။



အချိန်လင့်လာပြီဖြစ်ရာ လင်းလင်းကျင်းကျင်း ပြန်သွားရချိန်တွင်မည်သို့မျှ မခံစားမိသော်လည်း ယခုလို မှောင်စပျိုးလာချိန်ကား ယောက်ျား ရင့်မကြီးဖြစ်လင့်ကစား ကြောက်စိတ် ဝင်မိသည် အမှန်။

အရေးအကြောင်းဆို လူလူချင်းက တောင်းပန်သင့်တောင်းပန် တောင်းပန်မရလည်း ပြန်ချနိုင်သေးသည်။ ဝိညာဉ်လောကတို့၊ ပရလောကတို့ ဆိုသည်မှာ အခက်သား။ ဘာကိုမှ မြင်ရကြားရသည်မဟုတ်။

လူမနီး သူမနီး အချိန်မတော်ကျမှ ပျက်သည့် ဆိုင်ကယ်ကို ဒေါသဖြစ်ဖြစ်နှင့် တအားကန်နှိုးလိုက်၏။ ပိတ်နေသော ကြေးများ ရုတ်တရက် ပွင့်သွား၍လားမသိ။ မထင်မှတ်ဘဲ ဆိုင်ကယ်စက်နှိုးသွားသည်။

စက်နှိုး ရလျှင်ရချင်း ဆရာဦးဝင်းညွှန့်သည် လမ်းအမှောင်ကို ဆိုင်ကယ်မီးရောင်နှင့် ခွင်းရင်း ခပ်သွက်သွက်မောင်းထွက်ခဲ့သည်။

တာပွန်လမ်းတစ်လျှောက် နတ်တလင်းဘက်မှ မောင်းလာသော ဆိုင်ကယ်တစ်စီးသာ လမ်းမှာ တွေ့ရပြီးနောက် လူသွားလူလာ လုံးဝမတွေ့ရတော့ပေ။

လမ်းဘေးဝဲယာ ဝန်းကျင်တွင် အမှောင်ထုက ကြီးစိုးလာပြီဖြစ်ရာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ၊ လမ်းပေါ်မှာသာ မိမိ ဆိုင်ကယ်မီးရောင်ကြောင့် ရှင်းရှင်းလင်းလင်း မြင်နေရခြင်း ဖြစ်သည်။

ခဏအကြာ နွယ်ခွေရွာထိပ်မရောက်မီ နတ်စင်လမ်းကွေ့လေးသို့ရောက်လာပြီမှန်း ဆရာဦးဝင်းညွှန့်သတိပြုမိသည်။ ထိုနေရာသို့အရောက် ဦးဝင်းညွှန့်စိတ်ထဲတွင် တစ်စုံတစ်ခုသော အတွေးကြောင့်လားမသိ။ ကြက်သီးတဖြန်းဖြန်း ထသွား၏။

စိတ်ထဲ မသန့်သလို တစ်မျိုးကြီးခံစားရပြီး မောင်းလာသော ဆိုင်ကယ်လည်း အနည်းငယ်ခါသွား၏။ ဆိုင်ကယ်ဇက်ကို သတိနှင့်ထိန်းပြီး ဆက်မောင်းခဲ့သော်လည်း ဦးဝင်းညွှန့်စိတ်ထဲတွင် ဝန့်လေးတစ်ခုကြောင့် ဆိုင်ကယ်ဝပ်သွားသလို ထင်လိုက်မိသည်။

ဆိုင်ကယ်လေပေါင်လျော့၍ ဖြစ်မည်ဟုတွေးကာ ဘုရားဂုဏ်တော်ကို ရွတ်ဆိုလျက် အိမ်အရောက် ခပ်မြန်မြန်မောင်းခဲ့သည်။ အိမ်ရောက်၍ ဆိုင်ကယ်လေပေါင် စစ်ကြည့်လိုက်တော့ လေပေါင်အပြည့် ရှိနေလေသည်။

ဆရာဦးဝင်းညွှန့် အမောအပန်းဖြေရေချိုးပြီးတော့မှ စိတ်ထဲ ပေါ့ပါးလန်းဆန်းသွားသည်။ ခဏကြာတော့ ညစာစားပြီး ဒီညတော့ စာရေးစာဖတ်ပင် မလုပ်နိုင်ဘဲ စောစောအိပ်ရာဝင်ကာ အိပ်ပျော်သွားခဲ့သည်။

* * *

ဦးဝင်းညွှန့်ထံ တစ်ခါမျှ မမြင်ဘူးသော လူငယ်တစ်ဦး ဆိုင်ကယ်စီး၍ ရောက်လာ၏။

'ဆရာ ကျွန်တော့်ကို ဝင်ခွင့်ပြုပါခင်ဗျာ'

'ဪ အေး ဝင်ခဲ့လေ'

ဆရာဦးဝင်းညွှန့်က ဝင်ခွင့်ပေးသည်နှင့် လူငယ်က ညှော်ခန်းကုလားထိုင်လွတ်တစ်ခုတွင် ဝင်ထိုင်သည်။ ဦးဝင်းညွှန့်သည် လူငယ်ကို အကဲခတ်သလို အသာကြည့်မိ၏။

'ဘာကိစ္စရှိလို့လဲ ငါ့တူ'

'ကျွန်တော် လမ်းမှာ ဆိုင်ကယ်မှောက်လို့ ရင်ထဲက တအားအောင့်နေတယ်၊ အဲဒါ ဆေးရုံကို လိုက်ပို့ပေးပါလားခင်ဗျာ'

'အို ဟုတ်လား… ဒါနဲ့ မင်း ဘယ်မှာနေလဲ၊ မင်း မိသားစုကို လှမ်းအကြောင်းကြားလို့ မလွယ်ဘူးလား'

ဆရာဦးဝင်းညွှန့်မေးတော့ ခေါင်းခါလျက်…

'ကျွန်တော်က တာပွန်အနီး ရွာတစ်ရွာကပဲ။ မိသားစုကို အကြောင်းကြားဖို့ အချိန်မရှိလို့ပါ။ ကျွန်တော့်ရင်ထဲက တအားအောင့်လာတယ် ဆရာရယ်'

နဂိုကတည်းက ကြင်နာစိတ်စာနာစိတ်ရှိသူ ဆရာဦးဝင်းညွှန့် မနေသာတော့ပါ။ နောက်မှ သူ့မိသားစုထံ မေးစမ်း အကြောင်းကြားပေးမည်။

အသက်က ငယ်ငယ်ရွယ်ရွယ် မိမိ



www.burmeseclassic.com

www.burmeseclassic.com

တပည့်လောက်ဖြစ်၍ သနားစိတ်နှင့်အတူ လူငယ်အား ဆေးရုံလိုက်ပို့ပေးလိုက်သည်။

ဆေးရုံရောက်ရောက်ချင်း အရေးပေါ်လူနာအဖြစ် ဝမ်းဗိုက်ပိုင်းကို ဓာတ်မှန်ရိုက်စစ်ဆေးကာ ဝမ်းဗိုက်ကို မဖြစ်မနေ ခွဲစိတ်လိုက်ရသည်။

ခွဲစိတ်ခန်းအပြင်တွင် ဆရာ ဦးဝင်းညွန့်တစ်ယောက်တည်း ရင်တမမနှင့် စောင့်နေ၏။ သူငယ်လေး အသက်ချမ်းသာရာရပါစေဟု ဆုတောင်းလျက် ရသမျှ ဘုရားစာများကို ရွတ်နေမိသည်။

သုံးနာရီလောက်ကြာတော့ ခွဲစိတ်ခန်းတံခါး ပွင့်လာသည်။ ခွဲစိတ်ဆရာဝန်တစ်ဦး ထွက်လာ၏။

'လူနာအခြေအနေ ဘယ်လိုလဲ ဆရာ'

ဆရာဦးဝင်းညွန့်က သိလိုဇောနှင့် မေးလိုက်သည်။

'ဝမ်းနည်းပါတယ် ခင်ဗျား လူနာက အသည်းတစ်ခုလုံး ပြုတ်ကျနေတဲ့အပြင် ကျောက်ကပ်တစ်လုံးသည် လုံးဝ ရှာမတွေ့ဘူး။ တော်တော် ထူးဆန်းတယ်။ ကြိုးစားမှုကိုတော့ ကျွန်တော်တို့ လက်လျှော့လိုက်ရပါပြီ'

ဆရာဝန်ကပြောပြီး တစ်ဖက်ဆောင်သို့ ကူးသွားသည်။ မကြာမီ ခွဲစိတ်ခန်းအတွင်းမှ တွန်းလှည်းစင်လေး ထွက်လာပါပြီ။

လူနာတင်စင်ပေါ်တွင် အသက်မဲ့နေသော လူငယ်လေး၏ အလောင်းကို ပိတ်ဖြူလွှမ်းခြုံထားသည်။

ဝမ်းနည်းစိတ်နှင့်အတူ ဆရာဦးဝင်းညွန့်သည် ဖုံးထားသော ပိတ်ဖြူကို အသာလှန်ကြည့်လိုက်ရာ လူငယ်၏ မှိတ်နေသော မျက်လုံးအစုံ ပွင့်လာပြီး...



'ကယ်ပါဦး ဆရာရယ်'

ဟု ပါးစပ်မှ အသံထွက်လာသည်။

ဆရာဦးဝင်းညွန့်နောက်သို့ ခြေတစ်လှမ်း တွန့်ခနဲ ဆုတ်မိသွားပြီး မျက်စိကို ယောင်၍ မှိတ်ထားလိုက်သည်။

'ဖေဖေ ဖေဖေ'

သမီးဖြစ်သူ လာနှိုးမှ ဦးဝင်းညွန့် လန့်နိုးသွားသည်။ ပြန်တွေးကြည့်မိတော့ " ဩော်...ငါ အိပ်မက်နေတာပါကလား"ဟု သိလာသည့်တိုင် ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်နေသေးသည်။

*   *   *

နောက်တစ်နေ့ ကျောင်းပြန်တက်ချိန် ဆရာဦးမြင့်သိန်းနှင့် တွေ့ပြီး အစုံအလင် မသိရသေးသော နှယ်ခွေရွာအလွန်လမ်းကွေ့မှ အဖြစ်ဆန်းများကို မေးကြည့်မိ၏။

ထိုလမ်းကွေ့ရောက်တိုင်း စိတ်ထဲ တစ်မျိုးခံစားရကြောင်း ပြောတော့ ဆရာဦးမြင့်သိန်းက...

'အဲဒီနားမှာ ဟိုတလောက ဆိုင်ကယ်မှောက်တဲ့ အကြောင်းဆရာ အကြောင်းစုံ မသိသေးဘူးထင်တယ်'

ဟု စကားဆို၏။

'မသိသေးဘူး။ ပြောပါဦးဆရာ ဘယ်လို ဖြစ်တာလဲ'

'တာပွန်ဘက်က ဆိုင်ကယ်မောင်းလာတဲ့ ကောင်လေးတစ်ယောက် အဲဒီလမ်းကွေ့မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျ မှောက်သွားတယ်တဲ့'

'ဒါနဲ့ ဘာဖြစ်သွားလဲ ဆရာ'

'အပြင်ပန်းဒဏ်ရာ ကြီးကြီးကျယ်ကျယ်တော့ မတွေ့ရဘူးတဲ့ဗျ။ ဆေးရုံရောက်လို့ အရေးပေါ် ခွဲစိတ်ရတော့ အသည်းပြုတ်ကျနေပြီး ကျောက်ကပ်တစ်လုံးလဲ မရှိတော့ဘူးတဲ့'

'ဗျာ'

ဆရာဦးဝင်းညွန့် မျက်လုံးများပြူးကျယ်သွားလောက်အောင်ပင် အလွန်အံ့ဩသွားရသည်။ မိမိအိပ်မက်ထဲတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှင့် တိုက်ဆိုင်လွန်းစွာ တစ်ထပ်တည်းကျနေသောကြောင့်ပင်။

နောက်မှ ဆရာဦးဝင်းညွန့် ပြန်စဉ်းစားကြည့်မိသည်။ လမ်းတွင် ဆိုင်ကယ်စက် ချွတ်ယွင်းခဲ့သော ညနေက နှယ်ခွေရွာထိပ် ရောက်ခါနီး နတ်စင်လမ်းကွေ့ကိုအဖြတ် စိတ်ထဲ မသိုးမသန့် ခံစားရမှု၊ ဆိုင်ကယ်ဖက်ခါသွားပြီး ဝန်လေးကြောင့် ဆိုင်ကယ်ဝဲသွားသကဲ့သို့ ဖြစ်သွားမှုများသည် သွေးရိုးသားရိုးတော့ မဖြစ်နိုင်တော့ဟု သုံးသပ်မိသည်။

အကယ်၍ မကျွတ်လွတ်သေးသော သူတစ်ဦးဦးက လက်ရှိဘဝမှ လွတ်မြောက်လို၍ အိပ်မက်ဖြင့် သတိပေး အကူအညီ တောင်းလိုခဲ့သည် ဆိုပါလျှင်...။

*ဒုက္ခစပ်သိမ်း အေးငြိမ်းချမ်းသာ ပါစေ။*

ညွန့်ဝင်း(နတ်လင်း)



www.burmeseclassic.com

www.burmeseclassic.com

# အရှုစကောင်းသော

ဝရုလောကသား

ဩိလေးငယ်
(လယ်တော်)



၂၀၁၄ ခုနှစ်၊ သကြံန်တွင်းအခါ သမယ ရုံးပိတ်ရက်၌ စာရေးသူမှာ ဒုလ္လဘရဟန်းဝတ်ရန် အတွက် သူငယ်ချင်း ဖြစ်သူ နေထိုင်သော ရှမ်းပြည်နယ် တောင်ပိုင်း ပင်းတယမြို့သို့ သွားရောက်ခဲ့ပါသည်။ ပင်းတယမြို့မှ သူငယ်ချင်း ဖြစ်သူ၏ မိဘများက ရဟန်းဒကာ ခံပေးကြပါသည်။

စာရေးသူတို့ ရဟန်း ဝတ်ကြရာဝယ် စုစုပေါင်း(၃)ဦးဖြစ်ကြပြီး အသက်(၂၁)နှစ်အရွယ် ဝန်းကျင်များ ဖြစ်ကြပါသည်။ ကျန် သူငယ်ချင်း တစ်ဦးမှာလည်း ပင်းတယမြို့ မှပင် ဖြစ်ပါသည်။

ဤသို့လျှင် စာရေးသူတို့မှာ သကြံန် အကြိုနေ့မတိုင်မီ ပထမနေ့၌ ပင်းတယ မြို့ ကန်ဦးကျောင်းတိုက်တွင် ကိုရင် ကြီးဝတ်ကြပြီး ကျောင်း၌ပင် တစ်ည ကျိန်းစက်ကာ သကြံန်အကြိုနေ့ နံနက် (၉း၀၀)နာရီအချိန်၌ ကန်ဦးကျောင်း အတွင်းရှိ သိမ်တော်၌ သိမ်ဝင်ကာ ရဟန်းအဖြစ်သို့ ရောက်ရှိရန် ပဋ္ဌင်း တက်ခဲ့ပါတော့သည်။

ထို့နောက် ပင်းတယမြို့မှ ရှင် ဒါယကာ၊ ဒါယိကာမအိမ်တွင် နေ့ဆွမ်း သုံးဆောင်ပြီး တရားဝင်ရန်အတွက် ပင်းတယမြို့နှင့် နှစ်မိုင်ကျော်ကျော် ဝေးသော မြင်းကျော်တရားရိပ်သာသို့ ကားဖြင့် သွားရောက်ကာ တရားဝင် ရောက် အားထုတ်ခဲ့ပါသည်။

စာရေးသူတို့ တရားလာဝင်သော နေရာမှာ ပင်းတယမြို့နှင့် ခန့်မှန်းခြေ (၂)မိုင်ကျော်ကျော်လောက် ဝေးသော မြင်းကျော်တရားရိပ်သာတွင်ဖြစ်၍ ရိပ် သာမှာ ကုံလုံဆရာတော်ကြီးကျောင်း ၏ တောင်ဘက်စွေစွေတွင် ရှိပါသည်။

တရားရိပ်သာမှာ မဟာစည်နည်း ဝိပဿနာတရားဖြစ်ပြီး လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုတ်လေးပါးဖြင့် သက်သောင့်သက်သာ တရားအား ထုတ်ရပါသည်။ အိပ်နေစဉ် မှတ်၊ ထိုင်ကာမှတ်၊ ရပ်လျက်မှတ်၊ လမ်း လျှောက်၍ မှတ်ခြင်းဖြစ်၏။

တရားကျောင်းများမှာ အဆောင် ပေါင်း (၉၀)ကျော်ရှိပြီး ထိုအဆောင် များမှာလည်း (၁)ဦးဆောင်မှ (၆)ဦး

www.burmeseclassic.com

ဆောင်ထိရှိ၏။

ဆွမ်း၊ ရေ မီးအတွက် အဆင်ပြေလှသည့်အပြင် အဆောင်များမှာလည်း ခြင်လုံဆန်ကာဖြင့် တိုက်ခန်းဆောင်များ ဖြစ်ပါသည်။ တချို့အဆောင်များမှာ ရေချိုးခန်း၊ အိမ်သာတွဲလျက်ဖြစ်၏။

ဆွမ်းအတွက်မူ ဝေယျာဝစ္စကုသိုလ်ရှင်များက ဆွမ်းချိုင့်များဖြင့် လာရောက်ပို့ပေးကြ၏။ တရားကျင့်ဆောင်ရှေ့တွင် အဆောင်နေလူဦးရေ အရေအတွက်ကို ကတ်ပြားလေးဖြင့် ချိတ်ဆွဲထားပေးပြီး လူဦးရေအရေအတွက်အလိုက် ဆွမ်းချိုင့်လာပို့ပေး၏။

ဥပမာ... လူ(၃)ဦးရှိပါက အဆောင်ရှေ့တွင် (၃)ဦးဟု ကတ်ပြားလေးဖြင့် ချိတ်ဆွဲထားပြီး ဆွမ်းချိုင့်(၃)ချိုင့်ကို အပြင်မှ ခုံလေးတွင် လာပို့ပေးထားခြင်းဖြစ်ပါသည်။

ဟင်းများမှာလည်း သက်သတ်လွတ်ဟင်းလျာများဖြစ်၍ အဆင်ပြေလှပါသည်။ တရားစခန်းကို ရှမ်းပြည်နယ်၏ ချမ်းအေးသည့် နတ်တော်၊ ပြာသို၊ တပို့တွဲ (၃)လသာပိတ်၍ ကျန်(၉)လလုံးဖွင့်ထားရာ ရပ်နီးရပ်ဝေးမှ မည်သူမဆို ဝင်ကြေးပေးရန်မလိုဘဲ လာရောက် အားထုတ်နိုင်ကြပါသည်။

ထိုမြင်းကျော်တောင်မှ ကြည့်မည်ဆိုပါက အရှေ့ဘက် တောင်အောက်ချိုင့်လေးတွင် ကုံလုံဆရာတော်ကြီး၏ ဇာတိရွာလေးဖြစ်သည့် ထယ်သွန်းရွာလေးကို တွေ့မြင်ရမည်ဖြစ်သည်။

ထို့ပြင် အဝေးမှ ဘော်ဆိုင်းမြို့လေးကိုလည်း ညအခါ မီးရောင်စုံများဖြင့် လှပစွာ တွေ့မြင်နိုင်ပါသည်။ မြောက်ဘက်၌ ကုံလုံဆရာတော်ကြီး၏ ကျောင်းမှ ရွှေရောင်တောက်တောက်



စေတီကြီးများကို သပ္ပာယ်စွာ ဖူးတွေ့နိုင်ပါသည်။

ထို့ပြင် အနောက်ဘက်၌ ညအခါတွင် ပင်းတယမြို့နှင့် ရွှေဥမင်လိုဏ်ဂူဘုရားမှ ရောင်စုံမီးရောင်များနှင့် တောင်ပေါ်ရွာလေးများမှ မီးရောင်စုံများကိုလည်း လှပစွာ တွေ့မြင်နိုင်ပါသည်။

တရားအားထုတ်ချိန်များကိုမူ အချိန်ပြည့် သတ်မှတ်ပေးထားပြီး ညနေ(၃)နာရီမှ (၅)နာရီထိ ဓမ္မာရုံထိုင် ဆရာတော်မှ တရားပြပေး၏။ ကျန်အချိန်များ၌ မိမိဘာသာ အားထုတ်ယူရပါသည်။

ထိုသို့ တရားအားထုတ်ရာ၌ စာရေးသူမှာ ညဘက် (၁၀)နာရီကျော်ချိန်များ၌ အမြဲလိုလို စင်္ကြံလျှောက် တရားအားထုတ်လေ့ရှိ၏။

မည်သို့ဆိုသော် ထိုအချိန်များ၌ တခြားသော ယောဂီများ အသီးသီး အိပ်ရာဝင်ကုန်ကြပြီ ဖြစ်သည်။ သို့ဖြစ်ပါ၍ လူခြေတိတ်ချိန် ထိုအချိန်များ၌ တရားအားထုတ်၍ လွန်စွာ ကောင်းလှပါသည်။

ဤသို့လျှင် စာရေးသူ တရား အားထုတ်ရာ (၃)ရက်မြောက်ည၌ ဖြစ်ပါသည်။ စာရေးသူမှာ ညစဉ် ပြုနေကျထုံးစံအတိုင်း ည(၁၀)နာရီကျော်ချိန်၌ တခြားသော ယောဂီများသည်လည်း အိပ်စက်ကုန်ကြပြီဖြစ်၍ တစ်ပါးတည်းထ၍ စင်္ကြံလျှောက်ကာ တရားအားထုတ်၏။ စာရေးသူနှင့် တစ်ဆောင်တည်းနေ သူငယ်ချင်းဦးပဥ္စင်းနှစ်ပါးမှာလည်း ကျိန်းစက်နေကြပြီ ဖြစ်၏။

စာရေးသူတစ်ပါးတည်း ပေ(၁၀၀)လောက်ရှည်သော စင်္ကြံလျှောက်လမ်းတွင် အမှတ်တရားဖြင့် စင်္ကြံလျှောက်နေမိသည်။

အေးချမ်းတိတ်ဆိတ်သော ပတ်ဝန်းကျင်ကြောင့် တရားမှတ်၍ အဆင်ပြေလှ၏။ ညအချိန်မှာ တိတ်ဆိတ် ငြိမ်သက်နေပြီး ဘေးပတ်ဝန်းကျင် တောထဲမှ ညငှက်ဆိုးအော်သံများကိုတော့ ကြားနေရပါသည်။

ဤသို့လျှင် အမှတ်တရားဖြင့် စင်္ကြံလျှောက်ရင်း အချိန်မည်မျှကြာသွားသည်မသိ သန်းခေါင်ကျော် အအေးဓာတ်ပင် ဝင်ရောက်လာပြီ၊ ခန့်မှန်းခြေ (၁၂)နာရီကျော်ချိန်လောက်ရှိမည် ထင်၏။

ထို့ကြောင့် အမှတ်တရားကို မပျောက်ပျက်အောင် ကြိုးစားစုစည်း၍ ညအိပ်ရာဝင်ရန်အတွက် အပေါ့အပါး သွားရန် ကုဋီ(အိမ်သာ)သို့ အရင်သွားခဲ့ပါသည်။

ကုဋီသို့ အမှတ်တရားဖြင့် ဖြည်းညင်းစွာ လျှောက်လာခဲ့ပါသည်။ ယောဂီများ၏ ကုဋီမှာ ယောဂီဆောင်များ၏ အနောက်ဘက် တောအစပ်တွင် ရှိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကုဋီ၏အနောက်ဘက်၌ ဘေးပတ်ဝန်းကျင်ကျေးရွာများ၏ တောင်ယာကွက်များ ရှိပါသည်။

ကုဋီ၏ ကျောင်းဝင်းထဲမှ ဘေးပတ်ဝန်းကျင်များတွင်မူ ကျောင်း၏ သရက်ပင်ပျိုများဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိနေ၏။

ကုဋီ၏ အနောက်ဘက် ယာတောများထဲမှ ပင်စိမ်းသီးပင်များ၊ ထင်းရှူးပင်များမှာ ညင်သာစွာ တိုက်ခတ်နေသော လေပြည်နုနုလေးနှင့်အတူ အလိုက်သင့် ယိမ်းနွဲ့နေ၏။

ကုဋီရှေ့သို့ ရောက်သောအခါ စာရေးသူ အသာမျက်လွှာပင့်၍ ကုဋီအား ကြည့်မိသည်။ ကုဋီမှာ စုစုပေါင်း (၄)ခန်းဖြစ်ပြီး ကျားနှစ်ခန်း၊ မနှစ်ခန်း ဖြစ်ပါသည်။

ပျဉ်ထောင်ကုဋီဖြစ်ပြီး ရေနံချေးသုတ်ထားသဖြင့် မည်းနက်နေ၏။ မိုန်ပျပျ လရောင်အောက်တွင် အိမ်သာ (၄)ခန်းတွဲအဆောင်မှာ အရုပ်ကြိုးပြတ် ဆိတ်ငြိမ်လျက်ရှိ၏။

ဤသို့လျှင် တောင်ဘက်တွင်ရှိသော ယောကျ်ားအိမ်သာနှစ်ခန်းမှ အစွန်ခန်း ပိတ်နေသဖြင့် ကျန်တံခါးပွင့်နေသောအခန်းသို့ စာရေးသူ ဝင်လိုက်သည်။

ထို့နောက် အပေါ့အပါးစွန့်ကာ အမှတ်တရားဖြင့် ပြန်လည်ထွက်မည်အပြု ဘေးမှ တံခါးပိတ်နေသည့် ယောကျ်ားလေး အိမ်သာခန်းမှ ကျွီခနဲ တံခါးပွင့်သံကို ကြားလိုက်ရပါသည်။

တခြားယောဂီတစ်ဦး ကုဋီဝင်နေရာမှ ပြီးသည်အထင်ဖြင့် စာရေးသူမှာလည်း ကုဋီ၏တံခါးကို ထိုအသံ၏နောက်တစ်ဆက်တည်း ဖွင့်လိုက်၏။

ထို့နောက် တံခါးဖွင့်သံကြားရာ ဘေးအခန်းသို့ အသာအယာစောင်းငုံ့



ကြည့်ရာ တံခါးပွင့်နေသော်လည်း မည်သူတစ်ဦးတစ်ယောက်မှ ထွက်သွားခြင်း မတွေ့။ လေတိုက်၍ အလိုလိုပွင့် လာသည်ကို ဆိုရသော်ငြားလည်း စာရေးသူလာစဉ်က တံခါးမှာ စိနေအောင်ပိတ်နေပြီး တံခါးမှာလည်း ပျဉ်ချပ်ကြီးများဖြင့် လုပ်ထားသော တံခါးဖြစ်၍ လူအားနှင့်ပင် အတော်ဆွဲဖွင့်ရပါသည်။

လေတိုက်၍ တံခါးပွင့်သည်ဟု ဆိုသော်လည်း ထိုအချိန် လေပြည်နုနုလေးများ ညင်သာစွာ ဖေ့တိုက်နေပါသည်။

ဤသို့လျှင် စာရေးသူမှာလည်း ရှည်ရှည်ဝေးဝေး ဆက်တွေးမနေတော့ဘဲ ရာသီဥတု အနည်းငယ် အေးနေသဖြင့် သင်္ကန်းစတို့ကို ခန္ဓာကိုယ်၌ သိုင်းခြုံတွယ်ပတ်ကာ တစ်လှမ်းခြင်း အမှတ်ဖြင့် ဆက်ထွက်လာခဲ့၏။

မှတ်မှတ်ရရ စာရေးသူ ခြေလှမ်း (၅)လှမ်းမြောက်သော အချိန်၌ အနောက်မှ လူ့လောက်အရွယ် တိရစ္ဆာန်တစ်ကောင်ပုံစံ လိုက်လာသည်ဟု သတိထားမိ၏။

ထိုအကောင်၏ ပုပ်အဲ့အဲ့ ညှီစွေစွေ အနံ့က လေပြည်နုနုလေးများ ဖေ့တိုက်နေသော ပတ်ဝန်းကျင်ကို လွှမ်းခြုံလိုက်၏။

စာရေးသူမှာလည်း အမှတ်တရား ဖြင့် အာရုံစုစည်းထားသော်ငြားလည်း ကြက်သီးဖြန်းဖြန်း ထသွားခဲ့၏။

ထို့နောက် အနောက်မှ တိရစ္ဆာန်တစ်ကောင်ဖြစ်ပါက မိမိအား အန္တရာယ်ပြုမည်ကို စိုးရိမ်လာကာ အနောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ရာတွင် မည်းမည်းသဏ္ဍာန် ကုန်းကုန်းကွကွဖြင့်ဟု ထင်ရသော အရာတစ်ခု ဆတ်ခနဲ ပျောက်ကွယ်သွား၏။ မည်သည့်အရာမှန်း သေသေချာချာပင် မမြင်လိုက်ရပါပေ။

ထို့နောက် ရှေ့သို့ ပြန်လှည့်ကြည့်ချိန်၌ စာရေးသူနှင့် ခပ်လှမ်းလှမ်းမှ လူ လေးဖက်ထောက်ထားသဏ္ဍာန် မသဲကွဲသော မည်းမည်းသဏ္ဍာန်အရာ တစ်ခုကို ထပ်မံ တွေ့ရပြန်ပါသည်။ ထိုအကောင်ရှိနေသည်လား။ မရှိသည်လား သဲသဲကွဲကွဲပင် မြင်ရပါပေ။

ထိုအချိန် စာရေးသူ၏ အမြင်အာရုံမှာ ထူးထူးခြားခြား မှုန်ဝါးလျက်ရှိ၏။ သို့သော် ပတ်ဝန်းကျင်မှ ထိုအကောင်ကြီး၏ ပုပ်အဲ့အဲ့ ညှီစွေစွေအနံ့က ထိုအကောင်ရှိကြောင်းကို သက်သေပြနေပါသည်။

ထိုအကောင်၏ ပုံစံကြည့်ရခြင်းအားဖြင့် ပရလောကသားတစ်ဦးဖြစ်မည်ဖြစ်ပြီး တရားလာအားထုတ်ကာ ကောင်းမှုလုပ်နေသော စာရေးသူ အားရန်ပြုလိုခြင်းတော့ ဟုတ်မည်မထင် အကူအညီတောင်းလိုခြင်းသာ ဖြစ်မည်ဟု စာရေးသူ ယူဆခဲ့၏။

ထို့နောက် စာရေးသူမှလည်း ကြောက်နေသောစိတ်များကို ထိန်းချုပ်၍ မျက်စိစုံမှိတ်ပြီး နှုတ်မှ နှစ်ကိုယ်ကြား အသံထွက်၍ စာရေးသူ ပြုပြုခဲ့သမျှ

www.burmeseclassic.com

ကောင်းမှုကုသိုလ်အစုစုတို့အား ထို အကောင်ကြီး (ပရလောကသား)အား ထပ်တူထပ်မျှ အမျှပေးဝေလိုက်ပါ သည်။

အမျှဝေပြီး စာရေးသူ မျက်စိဖွင့် ကြည့်သောအခါ ထိုပရလောကသား မရှိတော့ပါ။ ပတ်ဝန်းကျင်၌လည်း လပြည့်ခါနီး လမင်းကြီး၏ အလင်း ရောင်ကြောင့် အတော် လင်းလက်နေ ၏။ လေပြည်အေးအေးလေးများ ကလည်း ညင်သာစွာ ဖေ့တိုက်နေဆဲ ပင်။

စောစောက ပုပ်အဲ့အဲ့ ညှီစော်စော် အနံ့မှာလည်း ပျောက်ခြင်းမလှ ပျောက် သွားခဲ့လေပြီ။

ထို့ကြောင့် စာရေးသူမှာလည်း ယောဂီဆောင်သို့ပြန်ကာ အိပ်ရာဝင်၍ စောစောက တွေ့ခဲ့ရသော ပရလောက သားအကြောင်း စဉ်းစားကာ အိပ်စက် လိုက်ပါတော့သည်။

စာရေးသူ နှစ်ခြိုက်စွာ အိပ်မပျော် ခင်စပ်ကြားအချိန်၌ အိပ်မက်,မက်ပါ သည်။ ထိုအိပ်မက်မှာ အပြင်တွင် ဖြစ်နေသည့်အလား ခံစားမိ၏။

အိပ်မက်ထဲတွင် စာရေးသူ ပြိတ္တာဟု ထင်ရသော အမည်သဏ္ဌာန် သဲကွဲ ခြင်းမရှိသည့် သူတစ်ဦးမှာ စာရေးသူ၏ ခြေဖဝါးထိအောင် စာရေးသူအား ဦးချ ကန်တော့ကာ မြင်ကွင်းထဲ အလိုလို ပျောက်ကွယ်သွားပါသည်။

စာရေးသူလည်း အိပ်မက်မှ နိုးလာ ပြီး အသေအချာ စဉ်းစားသုံးသပ် ကြည့်သောအခါ ထိုမကျွတ်မလွတ် သည့် ပရလောကသား ပြိတ္တာဟု ထင် ရသောသူမှာ စာရေးသူ ကုဋီသွားစဉ် စာရေးသူအား အမျှတောင်းခဲ့ကြောင်း ယခု ကျွတ်လွတ်သွား၍ စာရေးသူအား ကျေးဇူးတင်ကာ လာနှုတ်ဆက်သွား ခြင်းဖြစ်မည်ဟု စာရေးသူ သိခဲ့ပါသည်။

ထို့ကြောင့် စာရေးသူ၏ အမျှပေး ဝေမှုကြောင့် ကျွတ်လွတ်သွားခြင်း ကြောင့် စာရေးသူမှာ အတိုင်းမသိ ဝမ်းသာခဲ့ရပါသည်။

ထို့နောက် စာရေးသူ တွေ့ကြုံခဲ့ရ သော ဖြစ်ရပ်အတွက် လွန်စွာ အံ့ဩခဲ့ ပြီး စာရေးသူတို့ ပတ်ဝန်းကျင်၌ ထိုသို့ မကျွတ်လွတ်သေးသည့် ပရလောက သားများ များစွာရှိနေကြောင်း စာရေး သူ ယုံကြည်မိခဲ့ပါသည်။

ထို့ကြောင့် စာရေးသူသည် ထိုနေ့ မှစ၍ ဘုရားဝတ်ပြု အမျှအတန်းပေး ဝေသည့်အခါတိုင်း မြင်အပ်၊ မမြင်အပ် သော ပုဂ္ဂိုလ်သတ္တဝါ ပရလောကသား များအတွက် အမျှအတန်းကို အသံ ကျယ်ကျယ် ပေးဝေနေမိပါတော့ သည်။

***(စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ် ဖြစ် ပါသည်။)***

***စာရှုသူများအား အစဉ်လေးစား လျက်...***

**ညီလေးငယ်(လယ်တော်)**

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ



## အတွက် ရွေးချယ်ပါ ဂဏန်း

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာ လေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများ အား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

**အကြိမ်** ၃၀၉
**အောက်တိုဘာလ** + ၁၀
**ခုနှစ်** ၂၀၁၄
၂၃၃၃ = ၁၁ = ၂

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၂) ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၃၊ ၄၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် ၁၊ ၂၊ ၃၊ ၇ ဂဏန်းများကို သာ ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၃...၁ | ၇...၁ |
| ၁...၂ | ၂...၂ | ၃...၂ | ၇...၂ |
| ၁...၃ | ၂...၃ | ၃...၃ | ၇...၃ |
| ၁...၇ | ၂...၇ | ၃...၇ | ၇...၇ |
| ၁...၈ | ၂...၈ | ၃...၈ | ၇...၈ |

မှတ်ချက်။ ။ (...)ကွင်းအတွင်းတွင် **၁၊ ၂၊ ၈** ဂဏန်းများများပါအောင် ရွေးချယ် ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါ က (၁၀+၂+၀+၁+၄) = ၈ ဂဏန်း ရ သည်။ သို့ဖြစ်၍ "**၈**"ဂဏန်းလည်း အားကောင်းပါသည်။ပစ်ပယ်၍မရပါ။

| စ... ဆုံး | | | | |
|---|---|---|---|---|
| ၁... ၁ | ၂ | ၃ | ၇ | ၈ |
| ၂... ၂ | ၃ | ၇ | ၈ | ၁ |
| ၃... ၃ | ၇ | ၈ | ၁ | ၂ |
| ၇... ၇ | ၈ | ၁ | ၂ | ၃ |



ဤလတွင် **တနင်္လာနှင့် ဗုဒ္ဓဟူး** သားသမီးများ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ တန်ခိုးကြီး ရှေးဟောင်းစေတီတော် တစ်ဆူဆူ၏ ရင်ပြင်တော်ကို (၃)ရက်တိတိ သန့်ရှင်း ရေး လုပ်ပေးပါ။ ပြီးပါက မိမိမွေးနံ အရပ်ထောင့်တွင် ဂုဏ်တော်ကိုးပါးကို (၁၀၈)လုံး ပုတီးကုံးဖြင့် မိမိသက်စေ့ စိပ်ပွားပူဇော်ပေးပါ။

အထက်ပါအတိုင်း ဆောင်ရွက်ပြီးပြီး ပါက အနီးအနားမှ မကျန်းမာသူအတွက် ဆေးဝါး အာဟာရ တတ်နိုင်သမျှ လှူဒါန်း ပေးပါ။ ပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၁၂၃၃၇၈ ✦ ၃၈၈၇၂၁
✦ ၇၃၂၂၈၂

***ထီကံ မွင့်ပါစေ***

**ဆရာရဲထက်(သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com



ဆည်တော်လေး တောစမ်းချောင်းတွင်
ပုဆိုးမပါဘဲ ရေချိုးခဲ့သောကြောင့်

# အပါခေါ်ခံရသော သားအမိနှစ်ဦး

ချို (အမရပူရ)

လွန်ခဲ့သော (၅)နှစ်ခန့်က ကျွန်မနှင့် သူငယ်ချင်း မိတ်ဆွေများသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ တာဝန်ကျောင်းတိုက်တွင် ကထိန်ပွဲသွားပြီးနောက် ရွှေစာရံဘုရားကို သွားရောက်ကြပါသည်။

ရွှေစာရံဘုရားကို ဖူးပြီးအပြန်တွင် ဆည်တော်လေးသို့ ဝင်ကြပါသည်။ ဆည်တော်လေးသည် ပြင်ဦးလွင် အတက်အစ ကျောက်မီးရွာနားတွင် ရှိပါသည်။

အရှေ့ဘက်တွင် တောင်တန်းပြာ စိမ်းစိုနေသော သစ်ပင်များ၊ စီးဆင်းနေသော စမ်းရေအေး ကောင်းကင်ပြင်တို့နှင့် တောင်ခြေ အပန်းဖြေစခန်းငယ်လေးတစ်ခု ဖြစ်ပါသည်။

ဆည်တော်လေး အဝင်ဝတွင် **ဆည်တော်သခင်မနတ်နန်း** ရှိပါသည်။ ကျွန်မတို့အားလုံး သခင်မလေးကို အရိုအသေပန်းများ၊ ပိုက်ဆံများ ဆက်ကြပါသည်။ သခင်မလေးသည် (၁၆)နှစ်အပျိုစင်အရွယ်ဖြစ်ပြီး မျက်နှာလေးမှာ ဝင်းဝါလှပနေပါသည်။

ကျွန်မတို့အားလုံး အမှားရှိပါကလည်း ခွင့်လွှတ်ပါရန် တောင်းပန်ကန်တော့လိုက်ပါသည်။ အပန်းဖြေလာသူများသည် ဆည်တော်ရေတွင် ရေကူးသူများ၊ ရေချိုးသူများ၊ ကားကျွတ်စီးသူများ၊ ဓာတ်ပုံရိုက်သူများ အနေဖြင့် စည်ကားနေပါသည်။

ကျွန်မတို့အားလုံး ရေထဲဆင်း၍ ဓာတ်ပုံများ အမှတ်တရရိုက်ပြီး စားသောက်ဆိုင်သို့ သွားကြပါသည်။

www.burmeseclassic.com

ကျွန်မသည် ရေကစားနေသူများကို ကြည့်ရင်း ကျွန်မငယ်စဉ်က ဆည်တော်သခင်မလေးနှင့် ထင်းခုတ်သွားခဲ့သည့် သားအဖနှစ်ယောက်အကြောင်းကို သတိရလိုက်မိပါသည်။

**လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်**က ကျွန်မတို့အိမ်နှင့် မနီးမဝေးမှ သားအဖနှစ်ယောက်သည် နွားလှည်းဖြင့် ပုသိမ်ကြီးမြို့နယ် ဆည်တော်လေးတောတွင်းသို့ ထင်းခုတ်သွားကြပါသည်။

နံနက်စောစော ဆည်တော်လေးတောတွင်းသို့ ရောက်ရှိသွားပြီး ထင်းများ၊ ဝါးများ ခုတ်ရင်း နေ့လယ်ပိုင်းသို့ ရောက်လာပါသည်။

ထင်းခုတ်နေရာနှင့် မနီးမဝေးတွင် စမ်းချောင်းလေးသည် စီးဆင်းနေပါသည်။ တောတွင်းတွင် သားအဖနှစ်ယောက်သာရှိပြီး မောပန်း၍ ချွေးများလည်း ထွက်နေကြပါသည်။

သားမှ ဖခင်ကို ရေချိုးချင်ကြောင်း ပြောလိုက်ပါသည်။ ရေချိုးရန်အတွက် ပုဆိုးအပိုလည်း ယူမလာခဲ့ကြပါ။ ကိုယ်တွင် ဝတ်လာသော ပုဆိုးသာ ပါလာပါသည်။

တောထဲတွင် သားအဖနှစ်ယောက်သာရှိ၍ အဝတ်မပါဘဲ စမ်းချောင်းရေကို ချိုးလိုက်ကြပါသည်။

စမ်းချောင်းရေကို ချိုးပြီး ဝတ်လာသော အဝတ်များကို ပြန်ဝတ်လိုက်ကြပါသည်၊ သားအဖနှစ်ယောက် ထမင်းစားပြီး ထင်းများ ဆက်ခုတ်လိုက်ကြပါသည်။ ညနေပိုင်းတွင် ပြန်လာခဲ့ပြီး ညမိုးချုပ်မှ အိမ်ပြန်ရောက်ပါသည်။

နောက်တစ်နေ့ နံနက်တွင် သားအဖနှစ်ယောက်လုံး ဖျားနာကြပြီး တိုင်းရင်းဆေးများ တိုက်သော်လည်း မသက်သာပါ။ ညပိုင်းတွင် ကိုယ်အပူချိန်များ တက်လာပြီး သတိလက်လွတ်ဖြစ်နေကြပါသည်။

ညဉ့်သန်းခေါင်လောက်တွင် ဖခင်သည် မပီမသ ကြောက်စရာအသံများဖြင့် ရှန်းကန်အော်ဟစ်နေပါသည်။ နံနက်လင်းသောအခါ ဖခင်သည် သတိလက်လွတ် အော်ဟစ်ရင်း သေဆုံးသွားပါသည်။

ထိုအခါ ဆွေမျိုးများက ချက်ချင်း ဆည်တော်လေးမှ ပြန်လာပြီး သေဆုံးသွားသဖြင့် နတ်မကြိုက်သော အမှားများ လုပ်လာခဲ့သည်ဟု ထင်မြင်ကြပါသည်။

နတ်ကတော်တစ်ဦးထံ သားအဖနှစ်ဦး၏ နေ့နံဖြင့် နတ်မေးကြရာ ထူးဆန်းစွာပင် ထင်ထားသည့်အတိုင်း နတ်ကတော်ကို ဆည်တော်သခင်မလေး ဝင်ပူးပါသည်။

သားအဖနှစ်ယောက်သည် ဆည်တော်သခင်မလေးပိုင် ဆည်တော်တောတွင်း စမ်းချောင်းတွင် ပုဆိုးမပါဘဲ ရေချိုးသဖြင့် သခင်မလေး အရှက်ရခဲ့ပါကြောင်း ပြောပါသည်။

**အသက်ကြီးသော ဖခင်သည် အသိတရားကင်းမဲ့ အရှက်ကင်းမဲ့စွာ ခေါ်ပြလေးအား ပြုလုပ်ခဲ့သဖြင့် အသက်သေသည်အထိ ပြုလုပ်လိုက်ကြောင်း၊ သားငယ်သည် ငယ်ရွယ်သူဖြစ်ပြီး မသိနားမလည်၍ အသက်သေသည်အထိ မလုပ်ရသေးကြောင်း ဝင်ပူးပြောပါသည်။**

သားငယ် အသက်ဆက်ရှင်လိုလျှင် ကန်တော့ပွဲနှင့် တောင်းပန်ရမည်ဖြစ်ကြောင်းပြောပြီး နတ်ကတော်ထံမှ သခင်မလေး ထွက်သွားပါတော့သည်။

ထိုအခါ မိသားစု ဆွေမျိုးများသည် သခင်မလေး ကျေနပ်သည်အထိ လက်ဖက်ပွဲ၊ အုန်း၊ ငှက်ပျောကန်တော့ပွဲ၊ ရေစင်ကြေး၊ သပြေပန်း၊ အမွှေးနံ့သာတိုင်၊ ဖယောင်းတိုင်တို့ဖြင့် သားငယ် အမှားများကို ခွင့်လွှတ်ပါရန် တောင်းပန် ကန်တော့ကြပါသည်။

ထိုသို့ ကန်တော့ပွဲဖြင့် တောင်းပန်ပြီးနောက် သားငယ်သည် လူကောင်းပကတိ ပြန်ဖြစ်လာပါသည်။

သားငယ်ကို မိခင်နှင့် ဆွေမျိုးများက "**ဆည်တော်တောတွင် ထင်းခုတ်ရင်း ဘာတွေလုပ်ခဲ့သလဲ**"ဟု မေးကြပါသည်။

နတ်ကတော် ပြောသည့်အတိုင်း ဆည်တော်လေးစမ်းချောင်းတွင် သားအဖနှစ်ယောက် ပုဆိုးမပါဘဲ ရေချိုးခဲ့ကြောင်း ပြန်ပြောပြပါသည်။

သားငယ်သည် တောတွင်းတွင် မည်သူတစ်ဦးတစ်ယောက်မှ မရှိ၍ အဝတ်မပါဘဲ ချိုးခဲ့သည်ဟု ပြောပါသည်။

ကျွန်မသည် ထင်းခုတ်သမား သားအဖနှစ်ယောက် အကြောင်းကို တွေးရင်း နတ်မကြိုက်သည့် အပြုအမူများကို ပြုပါက အသက်ဆုံးရှုံးနိုင်ကြောင်း သိရှိခဲ့ပါသည်။

တောတောင်များတွင် ရောက်ပါက ဆိုင်ရာနယ်ရှင်များကို မေတ္တာပို့ပြီး သွားလာနေထိုင်ပါက အန္တရာယ်ကင်းနိုင်ပါသည်။ အန္တရာယ်ဖြစ်စေမည့် အပြောအဆို အပြုအမူများကို ရှောင်၍ ချစ်ခင်စောင့်ရှောက်အောင် ရှိသေစွာ ပြုမူနေထိုင်ပါက စောင့်ရှောက်ကြပါသည်။

ယနေ့ပြုခဲ့သော ကထိန်အလှူဒါနများနှင့် ရွှေစာရံဘုရားကြီး လှူခဲ့သော ဒါနများကို ဆည်တော်သခင်မလေးအား အမျှပေးဝေခဲ့ပါသည်။

*အမှန်တကယ်ဖြစ်ရပ် ဖြစ်ပါသည်။*

ချို(အမရပူရ)

www.burmeseclassic.com

www.burmeseclassic.com



ဆရာသန်းဖြေဆောင်
(နဘါဂန်)

သစ်ပင်များတွင် မှီတင်းနေထိုင်ကြသော နတ်များကို ရုက္ခစိုးနတ်ဟူ၍ ခေါ်ကြပါသည်။ ထိုရုက္ခစိုးနတ်များသည် မိမိတို့အား မေတ္တာနှင့် ဆက်ဆံသူ မှန်သမျှကို စောင့်ရှောက် ကူညီတတ်သကဲ့သို့ မိမိတို့၏ အပင်ကို ခုတ်လှဲသူများ၊ မိမိတို့ နေထိုင်ရာ အပင်အောက်တွင် အပေါ့အပါးသွားမိသူများကို နည်းမျိုးစုံဖြင့် ဒုက္ခပေးတတ်ကြပါသည်။

ရုက္ခစိုးနှင့် ပတ်သက်သည့် စာရေးသူ ကိုယ်တွေ့အဖြစ်အပျက်များကို တင်ပြလိုပါသည်။

**မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ စမ်းချောင်းတောရွာ**မှာ စာရေးသူ၏ ဇာတိဒေသ ဖြစ်ပါသည်။ ထိုစမ်းတောရွာကလေးတွင် ကိုအောင်ဝင်းနှင့်မခင်ဌွေးတို့ လင်မယားနှစ်ယောက် ရှိလေသည်၊ ထိုလင်မယား

# သစ်ပင်ကြီးရှင်

သတိယှဉ်

နှစ်ယောက်စလုံးက ဘုရား၊ တရားကို အမြဲမပျက် ဆည်းကပ် ကိုးကွယ်ကြသည်။

သူတို့ နေထိုင်ရာ မြို့ကြီးအတွင်း၌ အလွန်ကြီးမားသော မန်ကျည်းပင်ကြီး တစ်ပင်ရှိလေသည်။ ကိုအောင်ဝင်းတို့ လင်မယားသည် မန်ကျည်းပင်ကြီး၏ ပင်စည်ကို သစ်သားပြားများဖြင့် ကပ်လျက် သံမှိုဖြင့် ရိုက်ကာ နတ်စင်ကလေး တစ်ခု ပြုလုပ်ပေးထားပါသည်။

နံနက်ခင်းနှင့် ညနေချိန်များတွင် သူတို့လင်မယားနှစ်ယောက်စလုံး ရွှေ တော်ကလေးသို့သွားကာ ဆောက် တော်ရေ၊ ဆီမီး၊ ပန်း၊ အလင်းတိုင်နှင့်

www.burmeseclassic.com

မုန့်ပဲသရေစာများကို တင်မြှောက်ပ,သပူဇော်လေ့ရှိသည်။

သူတို့၏ ရည်ရွယ်ချက်များမှာ ထိုမန်ကျည်းပင်ကြီးတွင် နေထိုင်သည့် ရုက္ခစိုးနတ်မင်းကြီးသည် မြတ်စွာဘုရားရှင်ကို ဆီမီးပူဇော်နိုင်ရန် အလင်းတိုင်ပေးခြင်း၊ ဘုရားတင်ရန် သောက်တော်ရေနှင့် မုန့်ပဲသရေစာများ ပေးလှူခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ပေးလှူသောကြောင့်လား မသိပေ။ ကိုအောင်ဝင်းတို့ လင်မယားမှာ စီးပွားရေး အဆင်ပြေလာပြီး ကုန်တင်ကားတစ်စီး ဝယ်နိုင်လာခဲ့သည်။

ထို့နောက် အရောင်းအဝယ်လုပ်ငန်းများ ကောင်းလာသဖြင့် လုပ်ငန်းများ တိုးချဲ့ကာ မိတ္ထီလာမြို့တွင် အိမ်နှင့်ဝိုင်း ဝယ်လိုက်ပြီးနောက် မိတ္ထီလာမြို့သို့ ပြောင်းရွှေ့သွားကြသည်။

စမ်းတော‌ရွာရှိ သူတို့နေထိုင်ခဲ့သော အိမ်နှင့်ဝိုင်းကို သူ၏နှမဖြစ်သူ မဝင်းရီအားပေးခဲ့လေသည်။

မဝင်းရီ၏ယောက်ျား ကိုဘမောင်မှာ အရက်သမားတစ်ယောက်ဖြစ်ပြီး သူတို့တွင် ခုနစ်နှစ်အရွယ် မမြဝင်းဆိုသော သမီးငယ်လေးတစ်ယောက် ရှိလေသည်။

သူတို့သည် ဘုရား၊ တရားမှန်းလည်း မသိ၊ ဘာသာတရားကို လိုက်စားရကောင်းမှန်းလည်း မသိကြပေ။ ကိုဘမောင်မှာ ညနေတိုင်းလိုလို အချိန်ပြည့် မူးရူးကာ ဆဲဆိုနေတတ်သည်။

တစ်နေ့တွင် သူတို့၏သမီး မမြဝင်းမှာ စင်တော် ပြုလုပ်ပေးထားသည့် မန်ကျည်းပင်ကြီးအောက်တွင် အပေါ့သွားမိသဖြင့် သူမ၏ ပါးစပ်တစ်ခြမ်းမှာ ရွဲ့စောင်းနေလေသည်။ ဆေးဆရာများခေါ်၍ ကုသသော်လည်း မပျောက်သဖြင့် နားလည်တတ်ကျွမ်းသူ ဆရာကိုခေါ်၍ မေးရပါသည်။

ထိုဆရာ၏ ပြောပြချက်အရ မိမိတို့ဝိုင်းအတွင်းရှိ မန်ကျည်းပင်စောင့် ရုက္ခစိုးနတ်က သူ၏ အပင်အောက် အပေါ့အပါးသွားသဖြင့် မကျေနပ်၍ ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ သူကျေနပ်အောင် သွားရောက် တောင်းပန်တိုးလျှိုးမှ ထိုဝေဒနာပျောက်လိမ့်မည်ဖြစ်ကြောင်း ပြောပြသဖြင့် ထိုစင်တော်ကလေးသို့ သွားကာ မုန့်ပဲသရေစာများနှင့် တင်မြှောက်ပ,သကာ တောင်းပန်လိုက်သဖြင့် ပါးရွဲ့နေသော ဝေဒနာမှာ ပျောက်ကင်းသွားလေသည်။

ဤအဖြစ်အပျက်ကို မဝင်းရီ၏ယောက်ျားအရက်သမား ကိုဘမောင်က လက်သင့်မခံပေ။ သူက နတ်ကိုယုံကြည်သူ မဟုတ်ပေ။ သူ့သမီးလေး၏ ဝေဒနာ ပျောက်ချိန်တန်၍ ပျောက်သွားသည်ဟု ယူဆသည်။ သူ၏ စိတ်ထဲမှလည်း သူ့သမီးလေးကို ပြုစားထားသည်ဆိုသော ထိုရုက္ခစိုးနတ်အား မကျေနပ်လှပေ။

တစ်နေ့တွင် မဝင်းရီတို့ သားအမိနှစ်ယောက်သည် သူ့အစ်ကိုရှိရာ မိတ္ထီလာသို့ အလည်သွားစဉ် ကိုဘမောင်အား အိမ်စောင့်ထားရစ်ခဲ့လေသည်။

ထိုနေ့ညနေ ကိုဘမောင်မှာ ယခင်နေ့များထက် ‌ရေချိန်ပိုကိုက်လာကာ လမ်းတစ်လျှောက်လုံး ခွေးဟောင်ခံကာ တညံ့ညံ့၊ သူ၏ ဆဲဆိုသံက တညံညံနှင့် သူ၏အိမ်သို့ ပြန်လာခဲ့သည်။

အိမ်သို့ရောက်သောအခါ “ထန်းရည်မူး ကွဲခိုးပေါ်” ဆိုသကဲ့သို့ မကျေနပ်သော စိတ်ခါတ်ခံရှိသဖြင့် ရုက္ခစိုးရှိသည်ဆိုသော မန်ကျည်းပင်ကြီးအောက်သို့ သွားကာ အပေါ့အပါးသွားနေရင်းက ရုက္ခစိုးနတ်အား အမျိုးမျိုးဆဲဆိုကြိမ်းမောင်းပြီးနောက် မောလာသောအခါတွင်မှ အိမ်ပေါ်သို့ တက်၍ အိပ်လေသည်။

ထိုညတွင် ကိုဘမောင်၏ အိမ်ကိုမီးလောင်သည်။ အိမ်နီးချင်းများ သိ၍ ဝိုင်းငြိမ်းကြသောအခါ သူ၏အိမ်ရှိ ပစ္စည်းဥစ္စာ အတော်များများကို မီးကဝါးမျိုသွားခဲ့လေပြီ။ သူကိုယ်တိုင်ပင် လျှင် အိမ်နီးချင်းများ အသိမြန်၍ မီးထဲသို့ ပါမသွားခဲ့ခြင်းပင် ဖြစ်သည်။

ထိုသို့ဖြစ်ပြီး တစ်ပတ်ခန့်အကြာတွင် ကိုဘမောင်၏ဇနီး မဝင်းရီ အိပ်ပျော်နေစဉ် အိပ်မက်,မက်လေသည်။ အိပ်မက်ထဲတွင် ရုက္ခစိုးနတ်မင်းက **သူ့အား မထီမဲ့မြင် ဆဲဆိုကြိမ်းမောင်းသည့်အတွက် မကျေနပ်၍ မီးတင်ရှို့ခြင်းဖြစ်ကြောင်း၊** လူကိုပင် သတ်ပစ်မည်ပြုသော်လည်း ကံကောင်းသွားသဖြင့် မသေခဲ့ကြောင်း ပြောသည်ကို ပြန်ပြောပြသောအခါ ကိုဘမောင်မှာ လွန်စွာ တုန်လှုပ်သွားသည်။

သစ်ပင်များတွင် မိမိတို့ မမြင်မတွေ့နိုင်သော ပုဂ္ဂိုလ်များ နေထိုင်ကြသည်၊ ရုက္ခစိုးနတ်များ ရှိကြသည်ဟု ယုံကြည်လက်ခံမိတော့သည်။ ထိုအချိန်မှစ၍ အရက်ကိုလည်း လုံးဝ မသောက်တော့ဘဲ ဘုရား၊ တရားအလုပ်ကို လုပ်လာခဲ့တော့သည်။

ယခုဆိုလျှင် သူတို့အိမ်ရှေ့ရှိ မန်ကျည်းပင်ကြီးရှိ နတ်စင်ကလေးတွင် သောက်တော်ရေ၊ ပန်း၊ အလင်းတိုင်နှင့် မုန့်ပဲသရေစာများကို အမြဲမပြတ် ဆက်ကပ်ထားသည်ကို တွေ့ရပါကြောင်း တင်ပြလိုက်ရပါသည်။

ဆရာသန်းဆော (နဘဲကန်)



www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းသော လက်ဝါးပိုင်ရှင်နှင့် တွေ့ဆုံခဲ့ရသူ

ဘက်ထရီ ဇော်ဝင်းသောင်း (ဟင်္သာတ)



လူသားတိုင်း၏ လက်တွင် အမျိုးမျိုးသော အကြောင်းအရာကိစ္စတို့ကို ဖော်ပြနေသော လက္ခဏာအမှတ်အသားပေါင်း မြောက်မြားစွာ တည်ရှိလျက် ရှိသည်။ ထင်ရှားသော အမှတ်အသား လက္ခဏာကြီးများမှာ အာယုလမ်းကြောင်း၊ ဉာဏ်လမ်းကြောင်း၊ နှလုံးလမ်းကြောင်း၊ အောင်မြင်ရေးလမ်းကြောင်းနှင့် အခြားလမ်းကြောင်းငယ်ပေါင်း မြောက်မြားစွာသည် လူတို့၏အပေါ်တွင် မူတည်၍ အနည်းအများသာ ကွာခြားပြီး ရှိနေသည်သာ ဖြစ်သည်။

သို့သော် တစ်မူထူး၍ မည်သည့် လက္ခဏာ အမှတ်အသား ဘာတစ်ခုမှ မပါသော လူတစ်ယောက်အကြောင်းကို လက်တွေ့ မြင်သိခဲ့ရသည့် ဒေါ်သန်းသန်းအေးမှ ပြန်လည် ပြောပြသည်ကို အံ့သြစွာဖြင့် နားထောင်နေမိသည်။

သူ တွေ့ကြုံခဲ့ရသည်မှာ လွန်ခဲ့သော **၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက်၊ နံနက်(၃)နာရီ**ဟု သေချာစွာ ရေးမှတ်ထားခဲ့သည် ဆိုသဖြင့် စိတ်ဝင်စားစွာ စာရေးသူမှ ပြည့်စုံကုန်စင်အောင် မေးမြန်းမိသည်။

ဒေါ်သန်းသန်းအေးတို့ မိသားစုမှာ (၇)ယောက် ရှိသည်။ သား(၂)ယောက်နှင့် သမီး(၃)ယောက်တို့တွင် ဒေါ်သန်းသန်းအေးသည် သမီးအကြီးဆုံး ဖြစ်သည်။ ဖခင်မှာ သမဝါယမတွင် ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ဒေါ်သန်းသန်းအေးမှာ မိခင်နှင့်အတူ ကုန်စုံဆိုင်လေး တည်၍ မိသားစု စားဝတ်နေရေး ပြေလည်စေရန် တစ်ဖက်တစ်လမ်းမှ ဈေးရောင်းနေရခြင်း ဖြစ်သည်။

သူတို့ဆိုင်၏ ရှေ့တွင် ကတ္တရာခင်း လမ်းမကြီး ရှိသည်။ လမ်းကြီး၏ တစ်ဖက်တွင် ရှေးဟောင်း **မင်းကျောင်းတော်ကြီးက တည်ရှိနေသည်။** ရှေးဟောင်းကျောင်းကြီး ဖြစ်သဖြင့် စေတီကြီးများ၊ ရုပ်ပွားဆင်းတုတော်ကြီးများနှင့် တန်ဆောင်း ပြာသာဒ်ကြီးငယ်တို့သည် ကျယ်ဝန်းသော ကျောင်းတော်ကြီး၏ ပရိဝုဏ်အတွင်းဝယ် နေရာအနှံ့ အပြားတည်ရှိနေသဖြင့် ဝင်ရောက်မိပါက ပုဂံမြို့ဟောင်းတစ်ခုဟုပင် ဆိုရမလောက် များပြား ပေါကြွယ်လွန်းလှသည်။

ညအခါများတွင် လူနေ တိတ်ဆိတ်သဖြင့် မည်သူမျှ သွားရောက်ခြင်း မပြုကြ။ ညဥ့်နက်သန်းခေါင်ကာလများတွင် စေတီအသွယ်သွယ်တို့၏ ထီးတော်များမှ ဆည်းလည်းသံများမှ လေပြည်လေညင်းနှင့်အတူ လွင့်မျောသာယာစွာ တီးခတ်လျက်ရှိသည်မှာ ကြားရသူတိုင်းတို့၏ စိတ်အစဉ်ငယ်ကို နှစ်သက်ကြည်နူး ပီတိဖုံးကြည်မှာ အမှန်ပင် ဖြစ်သည်။

www.burmeseclassic.com

ဒေါ်သန်းသန်းအေးတို့ ကုန်စုံဆိုင်လေးသည် လမ်းဆုံတွင် ရှိသဖြင့် ဆိုက်ကားဂိတ်နှင့်လည်း အတော်လေးနီးသည့်အတွက်ကြောင့် စောစီးစွာ ခရီးသွားရသူများအတွက် လိုအပ်သော ဆေးလိပ်၊ ကွမ်းယာစသည့် ရောင်းစရာ ပစ္စည်းမျိုးစုံတို့ကို **အုန်းမောင်း မခေါက်ခင်(၂)နာရီ၊ (၃)နာရီမှစ၍ ကြိုတင် ရောင်းနေရသည်။**

တစ်နေ့တွင် ဖြစ်သည်။ ရောင်းနေကျ ဖြစ်သည့်အတိုင်း ခရီးသည်အချို့ (၂)နာရီခွဲလောက်တွင် စျေးဝယ်နေကြသည်။ ထုံးစံဖြစ်နေသည်ဟုပင် ဆိုရမလားမသိ ကွမ်းယာနှင့် ဆေးလိပ်ကိုသာ စောစီးစွာ အရင်စ၍ ရောင်းနေရသည်။

ကွမ်းယာ စားလိုသူများအတွက် ကွမ်းယာနေစဉ် အမျိုးသမီးတစ်ယောက် ရောက်ရှိလာပြီး...

**'ဆေးလိပ်တစ်လိပ် ပေးပါ'**

ဟု ပြောဆို ဝယ်သည်။

ထိုအချိန်က ဟင်္သာတမြို့ပေါ်တွင် မမလေး၊ ဒေါင်းတံဆိပ် ဆေးပေါ့လိပ်မှာ အလွန် နာမည်ကြီးသည်။ အလုံးလည်းကြီး၊ လှလည်း လှသဖြင့် အလှူ၊ မင်္ဂလာ စသည်တို့တွင် သူမပါရင် မပြီးသလောက် ဖြစ်သည်။ စျေးနှုန်းမှာ ဟိုခေတ်က (၂၅)ပြား ဖြစ်သည်။

ဆေးလိပ်ဝယ်သူ အမျိုးသမီးမှာ သူ၏လက်ဝါးကို ဖြန့်ပြီး လက်ဝါးပေါ်တွင် ဒေါင်းတံဆိပ်ပါ ငွေဒင်္ဂါး(၁ ကျပ်) တစ်ကျပ်ဖြင့် ဝယ်နေခြင်း ဖြစ်သည်။ စျေးရောင်းသူမှ ကွမ်းယာနေသည့်အတွက် လက်မအားမချင်း လက်ဝါးကို ဖြန့်ထားသဖြင့် ရောင်းသူမှ ခဏစောင့်ပါဟု ပြောရန် လှည့်ကြည့်ရာ **လက်ဝါးပြင်မှာ အရောင်ထွက်နေသလို ထင်၍ သေချာစွာ ကြည့်လိုက်တော့**



**လက်ဝါးပြင်တစ်ခုလုံးတွင် မည်သည့် လက္ခဏာအရေးအကြောင်း ဘာတစ်ခုမျှမပါဘဲ ပျဉ်ချပ်တစ်ခုကဲ့သို့ ညီညွတ်ပြည့်ဖြိုးသော လက်ဝါးကို အမှတ်မထင် တွေ့လိုက်ရသဖြင့်** သတိထား အကဲခတ်နေမိသည်။

ထိုလက်ဝါးပိုင်ရှင်သည်အသက်အရွယ်အားဖြင့် (၂၀)ကျော် အရွယ်ကောင်းဖြစ်ပြီး အသားအရေမှာ ဝါဝင်း နုပျိုစိုပြည်လျက် အတော်လေး ချောမောပြေပြစ်သည်။ ဆံပင်မှာ နက်မှောင်၍ တောက်ပြောင်နေသည်ဟု ထင်ရပြီး လုံချည်နှင့် အင်္ကျီမှာ ငှက်ပျောညွန့်ရောင် ဖြစ်သည်။

ထွန်းညှိထားသော မှန်မီးအိမ်ဘက်ကို လုံးဝ ကြည့်ရှုခြင်း မရှိဘဲ ဘေးတိုက်အနေအထားဖြင့် ရပ်နေခြင်းသာ ဖြစ်သည်။ လက်ဝါးပိုင်ရှင် အမျိုးသမီးမှာ ဆေးလိပ်ရသည်နှင့် ချက်ချင်းပင် အမှောင်ထုထဲကို ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

ဆိုက်ကားဂိတ်တွင် ရှိနေသော လူအချို့က အမျိုးသမီးတစ်ယောက် ကျောင်းဝင်းအတွင်းရှိ ချမ်းသာကြီး စေတီဘက်ကို ဝင်ရောက်သွားကြောင်း ပြောဆိုကြသည်။ အချိန်အခါမဟုတ် အမျိုးသမီးတစ်ယောက်အနေနှင့် မှောင်မည်းပြီး မည်သူမျှ သွားလာခြင်း မရှိသော နေရာမျိုးကို ဝင်သွားသည့်အတွက် များစွာ အံ့သြနေမိကြသည်။

ဆေးလိပ်ဖိုး ပေးခဲ့သည့် ငွေဒင်္ဂါးတစ်ကျပ်မှာ မွေးလွန်းသည့်အတွက် အခြားသူများပြရန် ဘုရားစင်ပေါ် တင်ထားလိုက်သည်။ ဆိုက်ကားဂိတ်မှ လူအများ၏ တစ်ယောက်တစ်ပေါက် ပြောဆိုနေသောအကြောင်းမှာ စျေးဝယ်သွားသည့် အမျိုးသမီး၏အကြောင်း ဖြစ်မှန်းသိရသဖြင့် ကြက်သီးများပင် ထပြီး ကြောက်စိတ်များ အလိုလို ဝင်လာသဖြင့် သတိရပြီး ဘုရားစင်ပေါ် ထားလိုက်သည့် ငွေဒင်္ဂါးပြားကို ကြည့်လိုက်ရာ မတွေ့ရတော့။ သေချာစွာ တင်ထားသည့် ငွေဒင်္ဂါးဖြစ်သဖြင့် အခက်တွေ့ရသည်။

စိတ်မကျေနပ်စွာ ထပ်မံ ရှာကြည့်ပေမယ့် ဘယ်လိုမှ မတွေ့တော့။ မွေးနေသော ရနံ့ပါ ပျောက်ခြင်းမလှ ကွယ်ပျောက်သွားတော့သည်။

ထို ထူးဆန်းသော အမျိုးသမီးတစ်ယောက်အကြောင်းကို ဒေါ်သန်းသန်းအေးမှ စိတ်ပါလက်ပါ ပြောပြခဲ့သည့်အကြောင်းကို စာရေးသူမှ တင်ပြအပ်ပါသည်။ **လက်တွေ့ လေ့လာလိုသောသူများရှိပါက မင်းကျောင်းတော်ကြီးဝင်းထဲရှိ စေတီများနှင့် တန်ဆောင်းတော် အသီးသီးတွင် ထိုအမျိုးသမီးကို ရှာဖွေ၍ ကြည့်ကြ**ပါရန် အကြံပေးအပ်ပါသည်။

**ဘက်ထရီ မောင်ဆောင်း**
**(ဟင်္သာတ)**





www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်စိန် သည် ညှောင်ပင်သာ ရွာသား လူပေါ်ကြော့ သမား တစ်ယောက်။ ဘယ်အလုပ် ကိုမှ အလေး အနက် သိပ်မထား။ ဘိုကေလေး တသသနှင့် ရွာရိုးကိုးပေါက် လျှောက်လည် နေတတ်သူ။ လည်ရာပြန်စားရေး သမား။ ဒီအခြေ အနေတွေက လူပျို ဘဝက အခြေအနေ တွေရယ်ပါ။ ဟော အချိန်တန် အရွယ်ရောက်လို့ လာပြန်တော့ အိမ်ထောင် ရက်သားကျပြီး သားနှင့်မယားနှင့် ဖြစ်လာသည်။

# ပြောမယုံ ကြုံမှသိ

ဆိုဝေမြိုင် (မွှဲ့မြို့)

လူပျိုဘဝက ပေါ်ကြော့နေခဲ့သော ကိုချစ်စိန်တစ်ယောက် မိသားစု စား ဝတ်နေရေးအတွက် **မုန်းချောင်းထဲ လှေတစ်စင်းနှင့် ငါးရှာဖားရှာ ထွက် ရလေပြီ။** အကုသိုလ်အလုပ်နှင့် အကျိုး ပေးသည်ဟု ဆိုရမည်။ တံငါအလုပ်နှင့် ပင် သူ့မိသားစုကို ကျွေးမွေးထောက်ပံ့ နိုင်ခဲ့သည်။ ကိုချစ်စိန်၏ ပင်ကိုစိတ်ရင်းမှာ

www.burmeseclassic.com

မဆိုးလှသော်လည်း အရာရာတွင် ဗေဒရှုးထိုး၊ တဖောက်ကန်း လုပ်တတ် ဆိုက်က ဘယ်အရာကိုမှ ကြောက်ရွံ့စိတ် နီးသည့်အခ၊ **စုန်း၊ နတ်၊ တစ္ဆေ၊** ခရီးသွားရသူမျှ **စသည်တို့ကိုလည်း** ဆေးလိပ်၊ ကွမ်းယာ**ညီရှိသူ မဟုတ်ပေ။** ပစ္စည်းမျိုးစုံတို့ကို ၂၃ အနောက်ဘက် **မခေါက်ခင်(၂)နာရီ**၊ ငါးပေါင်းဘေးတွင် **ကြိုတင် ရောင်းနေ** ရှိသည်။ ထိုကုက္ကို တစ်နေ့တွင် ဖြစ်ပွားသည် တစ်နှစ်ပတ် ကျ ဖြစ်သည့်အဇ သန်းနေတတ်သည်။

ထို့ကြောင့် **ကုက္ကိုပင်ဝါ**ဟု ခေါ်ဝေါ် သမှုပြုကြလေသည်။ အဘယ်ကြောင့် ထိုသို့ အဝါရောင် သန်းနေသည်ကိုမူ မည်သူမျှ ရှင်းမပြနိုင်ကြပေ။

ရှေးမီနောက်မီ လူကြီးသူများကို မေးကြည့်တော့လည်း ရေရေရာရာ အဖြေမပေးနိုင်ကြပါ။ ထိုသစ်ပင်တွင် နာနာဘာဝကောင်(သရဲကြီး) ရှိသည် ဟု လူပြောများသည်။ မည်သူမျှတော့ နဖူးတွေ့ဒူးတွေ့ မတွေ့ဘူးသေး။

တစ်နေ့...

ထိုတစ်နေ့ကား ညောင်ပင်သာရွာ သား ကိုချစ်စိန်၏ဘဝတွင် ဘယ်သော အခါမှ မေ့မရနိုင်လောက်သောနေ့ ဖြစ် ပေသည်။ ထိုနေ့က ကိုချစ်စိန်သည် ငါးလုပ်ရာမှ အိမ်ပြန်လာခဲ့သောအခါ နေဝင်မိုးချုပ်၍ မှောင်ရီသန်းနေပေပြီ။ ငါးလည်း တစ်ကောင်မှ မရခဲ့ပေ။

သူလည်း စိတ်ပျက်ပျက်ဖြင့် အိမ် အပြန်လမ်းကို ဖြည်းဖြည်းချင်း လှမ်း လာခဲ့သည်။ နံနက်ခင်း သူ အိမ်က ထွက်ခါနီးတွင် နေပူသက်သာစေရန် သူ့ဇနီး ပေးလိုက်သော မျက်နှာသုတ် စောင်တစ်ပတ်နွမ်းကို ခေါင်းတွင် ပတ် လာခဲ့သည်။

မြောင်းပါလမ်းအတိုင်း လျှောက် လာခဲ့ရာ ကုက္ကိုပင်ဝါအနီးသို့ ရောက်



သောအခါ သူ့ရှေ့ ငါးပေခန့်အကွာ လမ်းအလယ်တွင် **မည်းမည်းသဏ္ဌာဝါ ကြီးတစ်ကောင်က ထီးထီးမားမား ကြီး ပိတ်ဆီးထားသည်ကို** အမှတ် မထင် တွေ့လိုက်ရလေသည်။

အမှတ်တမဲ့ဖြစ်၍ ကိုချစ်စိန်၏ ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားလေ သည်။ သို့သော် ဟန်ကိုယ့်ဖို့ ဆိုသည့် အတိုင်း မာန်ကို တင်းလိုက်ကာ...

'ဟေ့ ငါ့ရှေ့ကကောင် ဘာကောင်လဲကွ။ လမ်းဖယ်ပေးစမ်းကွာ။ မဖယ်ပေးရင်တော့ ငါ့အဆိုး မဆိုနဲ့နော်'

မည်းမည်းသဏ္ဌာဝါကြီးကမူ တုတ် တုတ်မျှမလှုပ်ပေ။ ကိုချစ်စိန်၏ စိတ် တွင် ဒေါသခနဲ ဒေါသထွက်လာကာ မည်းမည်းသဏ္ဌာဝါကြီးအား လက်သီး ဖြင့် ပြေး၍ ထိုးလိုက်သည်။

မည်းမည်းသဏ္ဌာဝါကြီး (သရဲကြီး)က လည်း သူ့အား ပြန်လှန်၍ နပန်းလုံး လေတော့သည်။ နှစ်ဦးသား လုံးထွေး သတ်ပုတ်နေကြစဉ် ကိုချစ်စိန်၏ စိတ်ထဲတွင် ဖွဲ့အိတ်ကြီးတစ်အိတ်ကို လက်သီးနှင့် ထိုးရသကဲ့သို့ ခံစားရ လေသည်။

ထိုသို့ လုံးရင်းထွေးရင်းဖြင့် ကိုချစ် စိန်၏ ခေါင်းတွင် ပေါင်းထားသော မျက်နှာသုတ်စောင်မှာ ခေါင်းမှ ပြေကျ သွားရာ သရဲကြီးက ထိုစောင်အား ဆွဲလုလေသည်။ ကိုချစ်စိန်ကလည်း အားကျမခံ ပြန်လုသည်။ ဆွဲရင်းလုရင်း ပင် စောင်မှ ခါးလယ်မှ ပြတ်သွားလေ တော့သည်။

ထိုအခါ ပြတ်သွားသော စောင် တစ်ပိုင်းနှင့်အတူ သရဲကြီးမှာ သူ့ရှေ့ မှ ပျောက်ခြင်းမလှ ပျောက်သွားလေ သည်။ ကိုချစ်လည်း ကျန်သော စောင် တစ်ပိုင်းကို ယူ၍ ရွာသို့ ပြန်ခဲ့သည်။

သူ၏စိတ်တွင် မကြုံဘူးသော အဖြစ်ဆန်းကြောင့် အိပ်မက် မက်သူ တစ်ယောက်လို ဖြစ်နေပေသည်။ ရွာသို့ရောက်၍ လူကြီးများကို ပြောပြရာ အားလုံး ထိတ်လန့်တုန်လှုပ်သွားမိကြ သည်။ သူတို့ကိုယ်တိုင်ပင် ထိုအဖြစ် မျိုး တစ်ခါမှ မကြုံဘူးကြပေ။

နောက်တစ်နေ့ နံနက်တွင် ကိုချစ် စိန်နှင့် ရွာသားလေး၊ ငါးဦးတို့ ကုက္ကို ပင်ဝါအနီးသို့ သွားကြည့်ကြသောအခါ သစ်ပင်ထိပ်များ အလံတစ်ခုသဖွယ် လွှင့်ထူထားသော စောင်တစ်ပိုင်းပြတ် ကို တွေ့မြင်ကြရလေသည်။ သူများ အပြောကို မယုံတတ်ခဲ့သော ကိုချစ်စိန် တစ်ယောက် ကိုယ်တိုင်ကြုံမှပင် ယုံခဲ့ ရပေသည်။

ကိုချစ်စိန်နှင့် ကုက္ကိုပင်ဝါ သရဲတို့ ၏ နပန်းလုံးပွဲ အကြောင်းမှာလည်း ညောင်ပင်သာရွာရှိ ကလေးများ၏ အိပ်ရာဝင် ပုံပြင်တစ်ပုဒ် ဖြစ်ခဲ့ရလေ တော့သည်။

ညီဝေမြိုင်(မှော်ဘီ)

www.burmeseclassic.com

www.burmeseclassic.com



# ရွှေနားစေတီသနိုးမှု

မီးလုံးကြီး

'ပြင်ဦးလွင်ရောက်မှတော့ ငုံ့အိမ်ကို လိုက်ခဲ့ဦး။ ရောက်ဖူးတယ် ရှိရအောင်။ ငါက ကော်ဖီခြံမှာ နေပေမယ့် မိန်းမနဲ့ မြေးတွေရောက်ရင် တည်းဖို့ နေဖို့ရအောင် ရွှေစေတီနားမှာ အိမ်ငှားထားတယ်'

ရန်ကုန်–မန္တလေးသွား အဝေးပြေး ကားလမ်းပေါ်ရောက်မှ ရုတ်တရက်တွေ့ရသော ကိုခင်သိန်းအား နှစ်ပေါင်း နှစ်ဆယ် ကျော်သော်လည်း ပေယ်ရုပ်မပျောက်သည် ကို တွေ့ရသည်။ ရှိရင်းအသက် ငါးဆယ် ကျော်ထက် နုပျိုနေသည့် သူ့ရုပ်သွင်မှာ ဘာသာရေး ကျင့်စဉ်များ၏ အကျိုးဆက် ဖြစ်ကြောင်း နောက်ပိုင်းတွင် သိလာရသည်။

ဇာတိမြေတွင် ဆိုးဖော်တေဖက်များ ဖြစ်၍ ကျွန်တော့်အား ညီငယ်ပမာ ခင်တွယ်သူဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် လင်ကိုယ်မယားနှစ်ယောက် အဝတ် တစ်ထည် ကိုယ်တစ်ခုစီဖြင့် ရန်ကုန်သို့ ထွက်လာကာ ရွှေတိဂုံဘုရား အရှေ့ဘက် မုခ်တွင် ထမင်းဟင်း ရောင်းချ၍ ဘဝသစ် ထူထောင်ခဲ့သည်။

ရဟန်းရှင်လူ စုံလင်စွာ တွေ့ကြုံရသော စိတ်ဓာတ် အမူအကျင့်များအားလုံး ပြောင်းလဲ၍ ဘာသာရေးတွင် စွဲမြဲကိုင်းရှိုင်းစွာ ကျင့်ကြံနိုင်ခဲ့ရာ ထူးခြားသော အတွေ့အကြုံများစွာ ရရှိခဲ့လေသည်။

သူ၏ အတွေ့အကြုံများထဲမှ ညအချိန် မကျွမ်းဝင်သည့် ခရီး၌ ကားဖြင့် သွားလာရပါက ကြုံရလေ့ရှိသည့် ဖြစ်ရပ်တစ်ခုမှာ မှတ်သားဖွယ်ကောင်းလှသည်။

'ပုဂံစွယ်တော်လေးဆူ အဓိဋ္ဌာန်ဝင်ရင်း ပီသားစုကိုလဲ ဘုရားဖူးပို့ချင်တာနဲ့ ချောက်ကနေ ပုဂံမြို့ဟောင်းဆီကို သွားကြတယ်။ မောင်းတာက ငါ့တူအကြီးကောင် မင်း သိပါတယ်။ ညဆိုတော့ ကလေးတွေလဲ အိပ်ငိုက်ပြီး ပါလာတယ်။

ရွှေနားစေတီ မရောက်ခင်ကလေးမှာ ကားရှေ့ ငါးတစ်ရိုက်အကွာလောက် လမ်းအလယ်က မီးလုံးကြီးတစ်ခု တင်းတောင်းလောက်ရှိမယ်။ မြူတွေ ဆူးတောင်ကြသလို ပွလာလိုက် ကျုံ့သွားလိုက်နဲ့။

ဟိုကောင်က ကားအရှိန်လျှော့ပြီး ဦးလေး ဘယ်လိုလုပ်ရမလဲလို့ အလန့်တကြားမေးတယ်။ မရပ်နဲ့ ဖြတ်သာတိုက်ပစ်လိုက် ဆိုတာနဲ့ လီဗာ အဆုံးနင်းပြီး အလယ်တည့်တည့်က ဖြတ်တိုက်လိုက်တယ်။

အနီနဲ့ အဝါကြား မီးပွားကလေးတွေ တစ်စစီ ပြန့်ကြဲသွားတာကို နောက်ကြည့်မှန်ထဲက တွေ့လိုက်ရတယ်။ ညဘက် အချိန်မတော် လူသူမနီးတဲ့ ကားလမ်းပေါ်မှာ ဒီလိုအဖြစ်မျိုး ကြုံရင် ဘယ်တော့မှ မရပ်လေနဲ့။

အတော်များများ ကြုံဖူးတယ်။ သွေးသံရဲရဲနဲ့ ကားလမ်းအလယ်မှာ လဲအိပ်နေတာတွေ၊ မွေးကင်းစ ကလေးတစ်ယောက်တည်း လမ်းအလယ်မှာ လူးလိမ့်နေတာတွေ မတိုက်ချင်ရင် ရှောင်ကွင်းသွား မရှောင်သာရင် ဖြတ်သာတိုက်ပစ်လိုက်။ ကားရပ်လိုက်လို့ကတော့ ကိုယ်ကျိုးနည်းပြီသာ မှတ်ပေတော့၊ ပရလောကပရိယာယ် ဆိုတာ အင်မတန်ရှုပ်ပြီး ဆန်းကြယ်တယ်'

*[ပြင်ဦးလွင်မြို့၊ ရွှေစေတီလမ်းသွယ် (၁)တွင် နေထိုင်၍ ကော်ဖီစီမံကိန်း၊ လုပ်ကိုင်နေသည့် ဦးခင်သိန်း၏ ကိုယ်တွေ့အဖြစ်အပျက်ကလေး ဖြစ်ပါသည်။]*

သံသရာခရီးသည်တစ်ဦး